



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်ဘီး၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်ဘာစဉ်

အမရပူရမြို့၊ မဟာဝိသုဒ္ဓါရာမ ...

ပဋိစ္စသမုပ္ပါဒ် ပြတ်လပ်းကြည့်ရှုရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အစဉ်မပြတ်၊ ဆက်စပ်သည့် ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ အဆက်ဆက်၊ ဖြစ်ပြန်နည်းအလျှော်။ ဗြဟ္မာ-သိကြား၊ ... သည်များ၊ ထင်ရှား၊ ပြုပြင်၊ ... အကြောင်း၊ ရင်း၊ ကြောင့်၊ လူနတ်များ၊ ... ဖြစ်လာရှု၊ မဟုတ်ဟု၊ ဉာဏ်မြင့်ရှုဖြော်။

(...) ... တရား၊ ကိုယ်များ၊ နှင့်၊ သုံးပါး၊ အစ၊ နှစ်ရပ် ... ကာလ ... ဖြင့်၊ ... အရှုတ်ကျက်မှတ်၊ ... သံသရာမှ လွတ်ကြောင်းတည်း။

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

# ကျေးဇူးတော်ရှင်

မဟာထေရ်

**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား**

မိုးကုတ်မြို့ မင်္ဂလာတိုက်၌

ဟောကြား- ဆုံးမတော်မူသော

## ( ဝိပဿနာလုပ်ငန်းစဉ် )

# ဉာဏ်အလုပ်ပေး တရားတော်

( အမှတ်စဉ် - ၂၅ )

Y. A M.(25)

၁၀။ မှန်ကို ဥပမာပြု၍ ဟောတော်မူသော ။ ၃၄၃
၁၁။ ခန္ဓာငါးပါးဟာ မှန်ကြီးနဲ့တူပုံ ။ ၃၇၁
၁၂။ စိတ်၏အလိမ်မိနေကြပုံ ။ ၃၉၇
၁၃။ မာဂဏ္ဍိ ပုဏ္ဏားကြီးအား ခန္ဓာကိုယ် ရောဂါတွေ
ဖေါ်ပြ၍ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း သစ္စာ
လေးပါး ဒေသနာ ။ ၄၁၂
၁၄။ လူမိုက်နဲ့ လူလိမ်မှာ- မဂ္ဂပြဟ္မစရိယအကျင့်ကြောင့်
ကွာခြားပုံ ။ ၄၆၁
၁၅။ အရှုခံတရားရော- အရှုဉာဏ်တရားရော
နှစ်ဘက်စလုံး သက္ကာယပြုတ်ရမည် ။ ၄၉၁
၁၆။ မဂ္ဂပြဟ္မစရိယအကျင့်သည် သာသနာတွင်း
တရား။ ၅၂၁

# စိတ္တာနုပဿနာ ရှုပွားနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ဧည့်သည် ၅ ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးစိတ် တောစိတ် | အတွင်းဧည့်သည် ၆ ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂ ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊ အပြင်ဧည့်သည်ပေါ်လျှင် အပြင်ဧည့်သည်ရှု၊ အတွင်းဧည့်သည် ပေါ်လျှင် အတွင်းဧည့်သည်ကိုရှုပါ၊ မည်သည့်စိတ်ပေါ်ပေါ် ပေါ်တိုင်းပေါ်တိုင်းမလွတ်အောင်ရှုပါ။ဧည့်သည်မပေါ်ပါက အိမ်သည်ကို အမြဲထား၍ရှုပါ။(သတိ)လေကိုထုတ်သောစိတ်နှင့် လေကိုသွင်းသောစိတ် ၎င်းစိတ်နှစ်ခုကို အရင်းခံထား၍ရှုရမည် ဖြစ်ပါသည်။

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် တကာတကာမများအား ရှေ့-နောက်ခွဲတတ်ဘို့အရေးကြီးကြောင်း အထူးသတိပေးတော်မူသည်။

ရှေ့-နောက်ခွဲတတ်ဘို့ဆိုသည်မှာ မိမိအရေးကရှေ့ထားပါ၊ သားရေး,သမီးရေးစီးပွားရေးက နောက်ထားပါဟု ဆိုလိုရင်းဖြစ်သည်။ ဆိုဒိုသည်မှာ လူတရာမှာ တရာလုံးပင် မိမိအရေးထက် သားရေး,သမီးရေး,စီးပွားရေးကို ဦးစားပေးနေကြသည်မှာ မျက်မြင်အတိုင်းပင် ဖြစ်သည်။

ဆရာတော်ကြီးသည် တဖွဖွ ဤမျှ ရှေ့-နောက် ခွဲတတ်ဘို့အကြောင်း သင်ကြားပြသတော်မူနေသည်မှာ အပါယ်ဘေးစိုးရိမ်တော်မူလွန်းလို့ပင် ဖြစ်သည်၊ ကျွန်တော်တို့ တတွေမှာ "မျက်စိကန်း တစ္ဆေမကြောက်" ဆိုသလို အပါယ်ဘေးဆိုးကြီးကို ကြောက်ရမှန်းပင် မသိကြချေ။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် တကာတကာမတွေသဘောကျ အကြိုက်တရား သဒ္ဓါပွားများရုံ, သံဝေဂ ဖြစ်ရုံ

ကလေးမျှ ဟောနေသော တရားမဟုတ်၊ အမှန်ဆိုက်အောင် ဟောပြော၍ ဟောပြောသည့်အတိုင်း ကျင့်ကြံ အားထုတ်မည် ဆိုပါက တမဂ်,တဖိုလ်ကိုပင် သေချာပေါက် ရနိုင်သော တရား များပင် ဖြစ်သည်ဟု နားလည် သဘောပေါက်ကြ စေလိုသည်။

ထပ်မံ၍ ဆရာတော်ဘုရားကြီး၏မေတ္တာတော်,ကရုဏာတော် ကို ရေးသားဘော်ပြလိုပါသေးသည်၊ တကာ တကာမတို့အား အပါယ်ဘေးကို မဆိုထားနှင့်ဦး၊ နောင် စုတိပဋိသန္ဓေ ထပ်မံ ရမည်ပင် စိုးရိမ်တော်မူပြီးလျှင် ထိုစုတိ ပဋိသန္ဓေသို့ ရောက် ကြောင်းတရားကို ပြသတော်မူ၍ စုတိပဋိသန္ဓေ ရောက်ခြင်း၏ အပြစ်များကို များစွာပြသ၍ စုတိပဋိသန္ဓေ ရောက်ကြောင်း မဟုတ်သော တရားတော်ကို တဖန် ပြတော်မူသည်။

ယခု ကျွန်တော်တို့တတွေ လှူကြ, တန်းကြ, ဒါန ပြုကြ၊ ကုသိုလ်တရားများ အားထုတ်ကြသည့်အခါ လူချမ်းသာ, နတ် ချမ်းသာ, ဗြဟ္မာချမ်းသာကို တောင်းတပြီး လှူကြ, တန်းကြ သည် * ။

ဆုအမျိုးမျိုး တောင်းကြသည်၊ ရဟန်းတော်တွေ ရှေ့မှာ တမျိုး, ဘုရားရှေ့မှာတဖုံ, ဒီသား-ဒီသမီး-ဒီခင်ပွန်းနှင့် ဖြစ်လေ ရာဘဝမှာ အတူတူ ခံစား ,စံစားရပါလို၏ ဟူ၍ ဆုတောင်း ကြသည်။

အချို့အချို့သော ဆရာများကလည်း ဆုဆိုတာ တောင်းမှ ရ,တယ်-ဟူ၍ပင် ပြောဟောကြသေးသည်၊ ဘုရားဆု- ပစ္စေက

---

* ခန္ဓာဝန်ကြီးကို ရှံမုန်းပြီး, ငြီးငွေ့ပြီး ဒုက္ခဝဋ်မှ ကျွတ်ရပါ လို၏ဟူ၍ ,ဆုတောင်းကြသူမရှိသလောက်ဟူ၍ ဆိုနိုင်သည်။

ဗုဒ္ဓဆု- အဂ္ဂသာဝက မဟာသာဝကာ ဆုများမှာ တောင်းမှ ရ သည်။ သာမည သောတာပန်-သကဒါဂါမ်-အနာဂါမ်-ရဟန္တာ များမှာ တောင်းနေစရာမလို၊ ကိုယ်တိုင်အားထုတ်ယူလျှင် ရနိုင် သည်။ ၇-နှစ် ၇-လ ၇-ရက်အတွင်း ရနိုင်ကြောင်း မြတ်စွာ ဘုရားသခင် သေသေချာချာ အာမခံနှင့် ဟောတော်မူခဲ့သည်။

စုတိပဋိသန္ဓေရောက်ကြောင်းဆိုသည် သံသရာလည်ကြောင်း တရား၊ ပဋိစ္စသမုပ္ပါဒ်ဆက်သောတရား၊ ကိလေသဝဋ်-ကမ္မဝဋ်- ဝိပါကဝဋ်စသော ဝဋ် ၃-ပါးလည်သော တရားဖြစ်သည်။

စုတိပဋိသန္ဓေ ရောက်ကြောင်း မဟုတ်သော တရား ဆိုသည် သံသရာဖြတ်သောတရား၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်သောတရား၊ ဝဋ် ဖြတ်သောတရား၊ ဒုက္ခသိမ်းသော တရားဖြစ်သည်။

ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်ရ-ရပါလို၏ဟူ၍ မည်မျှပင် ဆု တောင်းသော်လည်း မိမိ ကံဖြတ်တရား မပြုလုပ်မူ၍ သံသရာ ချဲ့ထွင်သည့်တရားတွေကို အားထုတ်နေပါက မည်သည့်အခါမှ ဝဋ်ဘဝတိုတိုနှင့် နိဗ္ဗာန် မျက်မှောက် ပြုနိုင်မည်မဟုတ်ချေ။

သံသရာချဲ့ထွင်သည့်တရားဆိုသည်မှာ တဏှာ-မာန-ဒိဋ္ဌိတရား ၃-မျိုးပင်ဖြစ်သည်။ တဏှာ-မာန-ဒိဋ္ဌိဟူ၍ ဒိဋ္ဌိမှာ နောက်ဆုံး၌ ထားသော်လည်း ၎င်းဒိဋ္ဌိကို အရင် ပါယ်သတ်ရမည် ဖြစ်ရာ အယုတ်သဖြင့် ပညတ်-ပရမတ်ကွဲရန် အရေးကြီးပေသည်။

မိမိကိုယ်ကိုမိမိ ဗုဒ္ဓဘာသာဝင်ဟူ၍ ပြောဆိုဝန်ခံကြသူတိုင်း ပညတ်ဆိုတာ အဘယ်နည်း- ပရမတ်ဆိုတာ အဘယ်နည်းဟု စစ်တန်းထုတ်ရန် သင့်လှပေသည်။

ပညတ် ပရမတ်ကွဲပြီးနောက်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ- ပဋိစ္စသမုပ္ပါဒ်ဆိုသည် အဘယ်နည်းဟူ၍ တဆင့်တဆင့် တက်၍ မိမိကိုယ်ကို စစ်တန်းထုတ်ရန်လိုသည်။

ဤစစ်တန်း အထုတ်မခံနိုင်သေးပါက မိမိဗုဒ္ဓဘာသာဟုပြော ဆို ဝန်ခံသော်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာပင်ဖြစ်၍ အနှစ်မရှိ သော ဗုဒ္ဓဘာသာဟုပင် ဆိုရပေမည်။-

ဤပညတ်ပရမတ်ကွဲမှု၊ ခန္ဓာငါးပါး ရုပ်နာမ်တရားဆိုသည် ဤသို့တည်းဟုသိရှိနားလည်မှု၊ အာယတနဆိုသည် ဤတရားများ တည်းဟု သိမှု ၊ဓာတ်ဆိုသည် ဤသို့တည်းဟု သိရှိနားလည်မှု၊ သစ္စာဆိုသည် ဤတရားတို့တည်းဟုသိမှု၊ ပဋိစ္စသမုပ္ပါဒ်တရား ဆိုသည် ဤသဘောတရားများ တည်းဟု သိမှုနားလည်မှု ရှိရပါ မည်၊ ဤသို့သိနားလည်မှုရှိပါမှ ကလျာဏပုထုဇဉ် သပ္ပုရိသ သူတော်စဉ်ဟူ၍ ခေါ်နိုင်မည်။ သို့မဟုတ် အပေါ့အခေါက် သဘောမျှဖြစ်သော ဗုဒ္ဓဘာသာ အနှစ်မရှိသော ဗုဒ္ဓဘာသာ အဖြစ်၌ပင်ရှိသေးသည်မည်၏။

ဤတရားတွေ့ အဘယ့်ကြောင့် ဤမျှအရေးတကြီး သိရှိနား လည်ရန်လိုအပ်ပါသနည်းဟူမူ ကျွန်တော်တို့တတွေမှာ တသံ သရာလုံးက အထင်မှား, အမှတ်မှား, အသိမှားဟု ဆိုအပ်သော ဝိပ္ပလ္လာသ တရားတွေသည်ကား ဒုဒယ်အလွန့်အလွန် ကြီးမား လျက်ရှိသည်။ ယခုဘော်ပြပါ တရားများ အခြေခံရှိမှသာလျှင် ဤဝိပ္ပလ္လာသ တောင်ကြီးကို ဖြိုနိုင်မည်ဖြစ်သည်။

သညာဝိပ္ပလ္လာသ၊ စိတ္တာဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသဆိုသည်မှာ စာ၌ဆိုသည်မှာသာ ၃-မျိုးဖြစ်ရာ ချုန်းလိုက်ပါက၊ ဒိဋ္ဌိပင်

တရားကိုယ်တလုံးတည်းရရှိသည်။ ထို့ကြောင့် ပဌမအဆင့်အနေဖြင့် ဒိဋ္ဌိကို အရင်ခွာရမည်ဆိုသည်။

ရှေ့နောက်ခွဲတတ်ပါဆိုသည်မှာ မိမိအရေးဖြစ်သော ဒိဋ္ဌိကို အရင်ခွါပါ၊ ဖြုတ်ပါ ဆိုလိုသည်။ ဒိဋ္ဌိခွာမှုမှာလည်း ဉာတပရိညာဖြင့်ဖြုတ်ခြင်း, တီရဏပရိညာဖြင့်ဖြုတ်ခြင်း၊ ပဟာနပရိညာဖြင့်ဖြုတ်ခြင်းဟူ၍ သုံးမျိုးရှိရာ သိမှုဖြင့် ပဌမပါယ်ရမည်။ နောက် ပွားမှုဖြင့်ပါယ်ရမည်။ နောက်ဆုံး အမြစ်ပါပြုတ်အောင် မဂ်ဖြင့်ပါယ်ရမည်ဟူ၍သုံးဆင့်ရှိသည်။

ဒိဋ္ဌိဆိုသည် အမြင်မှား အယူမှားကိုဆိုသည်။ ဒိဋ္ဌိ ၆၂-ပါး ရှိသည့်အနက် သက္ကာယဒိဋ္ဌိ သို့မဟုတ် အတ္တဒိဋ္ဌိကပေါက်ပွား ကြသည်သာဖြစ်သည်။ ၎င်းတို့အနက် သဿတဒိဋ္ဌိတည်းဟူသော ဆက်မှား၊ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ပြတ်မှား၊ အကိရိယ ဒိဋ္ဌိတည်းဟူသော ကုသိုလ်-အကုသိုလ်မရှိ၊ ကောင်းမှု-မကောင်းမှု မရှိဆိုသော အယူမှား။ ဣဿရနိမ္မာန ဒိဋ္ဌိတည်းဟူသော တန်ခိုးရှင်တဦးဦးက လောကကြီးကို ဖန်ဆင်းသည်ဟူသော အယူမှား အဟေတုက ဒိဋ္ဌိတည်းဟူသော အကြောင်းအကျိုးမရှိဟုယုံကြည်သော အယူမှား ၎င်းအဓိကဖြစ်သောအယူမှားမှုများသည် ပဋိစ္စသမုပ္ပါဒ် သဘောတရားကို နားမလည်၍ဖြစ်သည်။ ၎င်းကိုနားလည်မှ သဘောပေါက်မှသာလျှင် ဒိဋ္ဌိတည်းဟူသော အမြင်မှား အသိမှား, အယူမှားတွေ ကင်းစင်နိုင်ပါမည် ပယ်ခွါနိုင်ပါမည်။

၎ပဋိစ္စသမုပ္ပါဒ်သဘောတရားကို အမြန်းဆုံးသဘောပေါက် နားသည်ရန်မှာလည်း ခန္ဓာ ၅-ပါးကိုသိရန်၊ အာယတနဆိုတာ

သိရန်အစရှိသဖြင့် လိုအပ်ပြန်ပါသည်။ လောကုတ္တရာ အခြေခံတရားရှိသော ပုဂ္ဂိုလ်များအတွက် မဆိုလိုပါ။ လောကုတ္တရာ အခြေခံတရားမရှိသော ပုဂ္ဂိုလ်များမှာ ဗုဒ္ဓဘာသာအမည်ခံနေရုံနှင့်မပြီးသေးပါ။ ဩကာသ - ဩကာသ ရှ၍ ဘုရားရှိခိုးတတ်ရုံမျှနှင့် မပြီးသေးပါ။ သင်္ကြန်တွင်း အခါကြီးရက်ကြီးများမှာသက်သတ်လွတ်စားပြီးဥပုသ်စောင့်နေရုံနှင့်မပြီးသေးပါ၊ ခန္ဓာဆိုသည် ဘာလဲဟု သိရန်အလွန်အရေးကြီးပါသည်။ခန္ဓာဆိုသည် ဤအလေးချိန်ပိဿာ၁၃၅-၄၀ရှိတဲ့ဤကိုယ်ကောင်ကြီးဟုများစွာသော ဗုဒ္ဓဘာသာဝင်တို့ ထင်နေကြပါသည်။ ခန္ဓာငါးပါးပြည့်ပြည့်စုံစုံနားမလည်သူ အသက် ၅၀-ကျော် ၆၀-သမား ဒုနဲ့ဒေးရှိနေကြသည်ဆိုလျှင် မှားမည်မထင်ပါ။မသိသေးလျှင်သိအောင်ကြိုးစားကြပါ။ စုံစမ်းမေးမြန်းပါ၊ ဆွေးနွေးပါ။ မရှက်ပါနှင့် ခေတ်ပညာတွေ အဘယ်မျှတတ်နေသော်လည်း သေခါနီးမှာမကယ်နိုင်ပါ၊ စည်းစိမ်ဥစ္စာတွေ ဘယ်မျှပေါများ-ပေါများ သေခါနီးမှာမကယ်နိုင်ပါ၊ ရာထူးဌာနန္တရတွေ ဘယ်လောက်ကြီးကြီး သေခါနီး၌မကယ်နိုင်ပါ။တရားသာကယ်ယူနိုင်မည် ဖြစ်ပါသည်။ ဒိဋ္ဌိပြုတ်မှု ဝိစိကိစ္ဆာပြုတ်မှုဆိုသော တရားများကသာ ကယ်တင်နိုင်မည်ဖြစ်ပါသည်။

ဒိဋ္ဌိပြုတ်သည် ဆိုသည်မှာ ခန္ဓာငါးပါးကို ခန္ဓာငါးပါးလို့ ဟုတ်တိုင်းမှန်စွာ မသိဘဲ၊ မမြင်ဘဲ၊ မယူဘဲ၊ ငါ၊ ငါ့သား၊ ငါ့မယားဟု အထင်မှား၊ အသိမှား၊ အယူမှားကို ပယ်ခွါ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း။ ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟူ၍ ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်ပညာ အသိတရား၊ ဝင်းအသိတရား မိမိ

သန္တနီမှာ ပေါ်ပေါက်ခြင်းကို ဆိုသည်။ သေခါနီး၌ ၎င်းဉာဏ် အသိတရားပညာများရနိုင်ဘို့ အလွန့်အလွန် အရေးကြီးသည်။ ၎င်း ဉာဏ်, ပညာ, အသိတရားသည် သေခါနီး၌အလွန့်အလွန် အဘိုးတန်သည်။ ၎င်းကို ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်, ပညာ, အသိတရားဟူ၍ခေါ်သည်။

သေခါနီး ၎င်းဉာဏ်ရဘို့မှာ မသေခင်က၊ ကျန်းမာစဉ်အာ မဂ္ဂဗြဟ္မစရိယအလုပ်(ဝါ) ဝိပဿနာအလုပ်ကို လုပ်ဘို့အင်မတန် အရေးကြီးသည်။ ၎င်းအသိတရား မလေ့ကျင့် မပွားများပါက သေခါနီး၌ ရဘို့မလွယ်ကူချေ။ တကြိမ်ထပ်၍ ပြောပြလိုပါသေးသည်။ ဝိပဿနာလုပ်သည်ဆိုသည်မှာလည်း၊ ဝင်လေ·ထွက်လေကို မှတ်နေရတဲ့အလုပ်မဟုတ်ပါ။ နှာသီးဖျား- ရင်ဝစသော ပညတ်တရားများပေါ်၌ ရှုမှတ်နေရသည်မဟုတ်ပါ။ (သမာဓိထူထောင်ခါစကို မဆိုလို) မိမိခန္ဓာငါးပါးအပေါ်၌ တပါးပါးကို၊ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားမျှသာဟူ၍ ဉာဏ်ဖြင့် ရှုပွားနေရခြင်း(ဝါ) ခန္ဓာအရှိကို ဉာဏ်အသိဖြင့် ရှုခြင်း, ပွားခြင်း ဖြစ်သည်။ ခန္ဓာအရှိဆိုသည်မှာ ဖြစ်ပြီးပျက်သွားသည်မှ လွဲ၍ ဘာမှမရှိ၊ ပေါ်လာပြီးလျှင် ပျောက်ပျက်သွားသည်သာ ဖြစ်သည်။ ၎င်းကိုစောင့်ပြီး အကဲခတ်ရမည့်အလုပ်ပင် ဖြစ်သည်။

ထိုခန္ဓာငါးပါးကို သတိပဋ္ဌာန်နှင့်တဖန် ဝေဘန်လိုက်သော် ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာဟူ၍ သတိပဋ္ဌာန် ၄-မျိုးရှိရာ ရုပ်ကြိုက် ရုပ်ဖြစ်ပျက်ရှု ဝေဒနာကြိုက် ဝေဒနာဖြစ်ပျက်ရှု, စိတ်ကြိုက် စိတ်ဖြစ်ပျက်ရှု,

နောက်ဆုံး သစ္စာဆိုက်အောင်ရှုပါက ဓမ္မာနုပဿနာ အကျုံး ဝင်သွားသည်သာဖြစ်ရာ။ ဗုဒ္ဓဘာသာဖြစ်ပါလျက် ဗုဒ္ဓဘာသာ ဟူ၍ ဝန်ခံနေပါလျက် ဝိပဿနာအလုပ် တခါမှမလုပ်ဘူးသေး ဆိုပါက အမြန်ဆုံး ယုံကြည် စိတ်ချလောက်သော ဆရာသမား ထံမှ နည်းနာခံ၍ အားထုတ်တော်မူကြပါဟု တိုက်တွန်းနှိုး ဆော်လိုက်ရပါသည်။

မှတ်ချက်။ ။သတိပဋ္ဌာန်(၃)မျိုးရှိရာ (၁)ဝင်လေ· ထွက် လေကိုမှတ်ခြင်း။ ထိုင်တယ်,ရပ်တယ်,အိပ်တယ် ဟုမှတ်ခြင်းမျှသည် သတိပဋ္ဌာန်ဟု ခေါ်သည်။

( ၂ ) ထိုင်လိုသောစိတ်, ထလိုသောစိတ်, ရပ်လိုသော စိတ်, လေကိုထုတ်သောစိတ်, လေကိုရှူသောစိတ်, မြင်စိတ်, ကြားစိတ်, နံစိတ်စသည် ပေါ်လဲပေါ်သည်။ ပေါ်ပြီးပျက်လဲ ပျက်သည်ဟု ဖြစ်ပြီးပျက်တဲ့ ဓမ္မသဘောလို သတိပဋ္ဌာနဘာဝနာ သို့မဟုတ် ဝိပဿနာ, သို့မဟုတ် အနိစ္စနုပဿနာခေါ်သည်။

( ၃ ) ဖြစ်ပျက်တွေ ဆုံးသွားတာသည်( ဝါ ) ဒုက္ခဆုံး တာသည် သတိပဋ္ဌာနဂါမိနီ ပဋိပဒါခေါ်သည်။

ဦးသံဒိုင် ( ဉက္ကဋ္ဌ )

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။

အမှတ် ၃၃- ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ပညတ်နဲ့ ပရမတ်ခွဲဘို့ တရားနာကြသည်၊
အရေးကြီးတာ အယင်လုပ်ပြီးမှ ပျော်ယင် ပျော်ကြပါ၊
ရှင်ခေမက ဝတ္ထု

# ည အလုပ်ပေး တရားတော်

( ၂၂ - ၅ - ၆၂ )   ( ၂၃ - ၅ - ၆၂ )

တကာတကာမတွေ တရားနာကြတယ်ဆိုတဲ့ဥစ္စာ ဘာဖြစ်လို့နာကြသတုံးမေးလို့ ရှိယင်ဖြင့် ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိလို့ နာကြတာဘဲလို့ မှတ်လိုက်စမ်းပါနော်... (မှန်ပါ) ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိလို့ နာကြတာဘဲလို့ ဦးအောင်ဇံဝေ မှတ်ထားလိုက်စမ်းပါ...(မှန်ပါ)။

ဘာဖြစ်လို့ မသိသတုံးလို့ မေးတဲ့အခါကျတော့ အမေမိဘ သင်လွှတ်လိုက်တာက နင့်-အဖေ, နင့်-အမေ,နင့်ကိုယ်,နင့်သား, နင့်သမီး,နင့်မြေး,နင့်မြစ် အစရှိသည်နဲ့ အမေမိဘများက တတ်သလောက် သင်လွှတ်လိုက်တော့ အဲဒီ ပညတ်ကြီးက ပညတ်ဆိုတာ သူတို့က ခေါ်ဝေါ်သမုတ်ထားတာ...(မှန်ပါ)။

အဲဒီ ပညတ်ကြီးက ဖုံးလွှမ်းပြီးသကာလ နေတော့ ဦးမြ တော်လှန်ရေးက မလာနိုင်တော့ဘူး၊ ဒါတွေ ဖယ်နိုင်သေးရဲ့လား… (မဖယ်နိုင်ပါဘုရား) တရားမနာယင် ဘယ့်နှယ်တုံး… (မဖယ်နိုင်ပါဘုရား) မဖယ်နိုင်ပါဘူးဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)

အဲဒါကြောင့် တရားနာကြတယ် ဆိုတဲ့ ဥစ္စာ ပညတ်နဲ့ ပရမတ်ခွဲဘို့ နာကြတာဘဲလို့ မှတ်လိုက်စမ်းပါနော်….(မှန်ပါ)။

ခင်ဗျားတို့မှာ ပရမတ်က မနှိပ်စက်ဘူး၊ ပညတ်ကနှိပ်စက်နေတယ်။ ခင်ဗျားတို့မှာ ဘယ်သူကနှိပ်စက်သတုံး….(ပညတ်က နှိပ်စက်ပါတယ်) ပညတ်က နှိပ်စက်နေတယ်လို့ မှတ်လိုက်စမ်းပါနော်… (မှန်ပါဘုရား)။

သားဆိုလို့ရှိယင်ဖြင့် အမေမိဘက ခင်ရချိရဲ့ ကြောင့်ကြ ရချိရဲ့ စိုးရိမ်ရချိရဲ့ ဆိုတော့ သားဟာ တကယ်ရှိသလား-အားလုံး သမုတ်ထားလို့ ခေါ်ကြဘာသား…. (သမုတ်ထားလို့ပါဘုရား)။

သို့သော်လဲ အမေလုပ်တဲ့ပုဂ္ဂိုလ်, ညီမသားချင်း လုပ်တဲ့ ပုဂ္ဂိုလ်များက တကယ်ထင်ပြီး သကာလ ဦးမြရေ· တကယ့်ကိုဘဲ မျက်ရည်ကြီးငယ်ကျ စိုးရိမ်သောက ဗျာပါဒဖြစ်၊ ဒီလို မနေကြပေဘူးလား….(နေပါတယ်ဘုရား)။

ဒီလိုနေတော့ ဒါ ဘယ်သူနှိပ်စက်တယ် ဆိုကြမလဲ(ပညတ် နှိပ်စက်ပါတယ်) အဲဒီတော့ တရားမနာလို့ရှိယင် ဒီ နှိပ်စက်လုံးဟာ ဓောင်မြင့်တို့မောင်အောင်ချိတို့ တော်လှန်နိုင်ပါမလား (မတော်လှန်နိုင်ပါဘုရား)။

မတော်လှန်နိုင်တော့ကို အမှန်ရှိ ပျောက်ပြီး သကာလ သူမျှားပြောသံကြားရှိနဲ့ ကိုယ့်မှာ နှိပ်စက်နေတာ၊ သဘောကျ ပလား....(ကျပါပြီဘုရား)။

အမှန်ရှိက ဘယ့်နှယ်ဖြစ်သွားသတုံး....(ပျောက်သွားပါတယ် ဘုရား) ပျောက်သွားတယ်၊ သူမျှားပြောသံကြားတွေက ကိုယ့် မှာ နှိပ်စက်နေတယ်....(မှန်ပါ့)။

သူမျှား သမုတ်ထားတာကြီးက နှိပ်စက်နေတယ်၊ သားရယ်, သမီးရယ်, ခင်ပွန်းမရယ်,မြေးရယ်,မြစ်ရယ်ဆိုတာတွေက သူမျှား ပြောသံကြားတွေက တခါတည်း နှိပ်စက်နေတာကို ကိုယ့် အသိက မထိုးဖေါက်နိုင်တော့ ဦးအောင်ဇေယျတို့, ဦးမြတို့ ဒုက္ခရောက်တော့တာဘဲ...(ရောက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ပြောလိုက်စမ်းပါဦးမယ် တကာတကာမတို့ ဘယ်သူဟာ ရင်ထု,ကြမ်းခုန်ပြီးသကာလ ဘယ်သူ မြေလူးနေ တယ်ဆိုတဲ့ဥစ္စာ ဦးမြ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ၊ပညတ်ကြောင့် လား- ပရမတ်ကြောင့်လား ... ( ပညတ်ကြောင့်ပါဘုရား ) ပညတ်ကလဲ သူကိုယ်တိုင် တတ်ထားတာလား- သူမျှားပါးစပ်က လာတာ လမ်းဆုံးနေတာလား.... (သူမျှားပါးစပ်က လာတာ ပါဘုရား)သူမျှားပါးစပ်ကလာတာ လမ်းဆုံးပြီးသကာလ နေ တော့တယ်ဆိုတာ မပေါ်လာသေးဘူးလား.... ( ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ပညတ်နဲ့ ပရမတ် မကွဲလို့ရှိယင်ဖြင့် ငိုပွဲနဲ့ ရင်ထု မွဲ့ဘဲ နေကြမှာဘဲလို့ ဘုန်းကြီးကဘဲ ရှေ့နေအဖြစ်နဲ့ ပြော

လိုက်ပါတယ်၊ တကာတကာမတွေ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် သူများပြောသံကြားပါးစပ်ကို သူများပါးစပ် လမ်းဆုံးပြီးသကာလ မနေပါနဲ့ဆိုတာ ဘုရားက သစ္စာသံယုတ်မှာ သေသေချာချာ ဟောတာ၊ ခင်ဗျားတို့မှာ အခု သူများပြောသံကြားပါးစပ် လမ်းဆုံးနေတာနဲ့ဘဲ သားရယ်၊သမီးရယ်၊ ဆွေရယ်၊ မျိုးရယ်ဆိုပြီးသကာလ ပူပင်သောက ဗျာပါဒတွေနဲ့ နေကြ၊ ထိုင်ကြတာသည်....တဲ့ ဩော်....ဒို့မှာ မပြင်နိုင်လို့ အရုပ်ဆိုးရတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်.... ( မပြင်နိုင်လို့ အရုပ်ဆိုးရပါတယ် ဘုရား) ဦးမြ ဒါဟာ ဆရာသမားမှ မကူယင် ရပါ့မလား.... (မရပါဘုရား) မရတော့ဘူး....တဲ့ ဒီဥစ္စာ အမြဲ နှိပ်စက်နေမှာဘဲ....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် မိမိနဲ့ မဆိုင်ဘူး၊ ဘယ်သူ ဘာဖြစ်တယ် မိမိနဲ့ မဆိုင်ဘူး၊ ဘယ်သူ ဘာဖြစ်ထယ် မိမိနဲ့ မဆိုင်ဘူးဆိုတာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အခုတော့ဖြင့် ဆိုင်ချည့်နေတာဘဲ၊ ဦးအောင်ဇံဝေ ဘာပြုလို့ ဆိုင်ချည့်နေတာတုံး.... ( ပညတ်နှိပ်စက်လို့ပါဘုရား ) ပညတ်နှိပ်စက်တာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဘယ်သူ နှိပ်စက်နေတာတုံး.... ( ပညတ်နှိပ်စက်နေတာပါ ဘုရား) ပညတ်နှိပ်စက်နေတော့ ဩော်....ဒီတကာတကာမတွေ

ဒါဖြင့် တသံသရာလုံးမှာ ပညတ်ကိုသာ ပဓါနထားခဲ့တဲ့အတွက် ပရမတ်မတွေ့ခဲ့တဲ့အတွက် လူတယောက် တယောက်၏ မျက်ရည်မှာ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်လို့ ဘုရားဟောတာ ဦးမြကြီးက ငြင်းချင်သေးသလား....(မငြင်းချင်ပါဘုရား) ဘာနှိပ်စက်နေတာတုံး.... ( ပညတ် နှိပ်စက်နေတာပါဘုရား ) ရှင်းကြရဲ့လား ...(မှန်ပါ့)။

သမီးရယ်လို့ ပညတ်လိုက်ယင် မျက်ရည်ကျရချေရဲ့- ခင်ရချေရဲ့-မင်ရချေရဲ့၊ သားကလေးရယ်လို့ တခါတည်း သူများပါးစပ်က ပြောထားတဲ့ပညတ်ကို ကိုယ်က အဟုတ်ယူလိုက်ပြီဆိုမှဖြင့်လဲ ပူရချေရဲ့-ဆွေးရချေရဲ့-ချစ်ရချေရဲ့ စိုးရိမ်ရချေရဲ့ ချစ်ရချေရဲ့-ထောက်ပံ့ရချေရဲ့ဆိုတာ မလာဘူးလား- (လာပါ-တယ်ဘုရား)။

တော်တော်ကြာ ဒါကလေးတွေက ဖေါက်ပြန်ပျက်စီးပြီးနာတယ်, ကြင်တယ်, ကိုက်တယ်, ခဲတယ်, နာပွဲတွေ, သေပွဲတွေ တွေ့တဲ့အခါကျတော့ ဦးမြကြီး မျက်ရည်ကြီးငယ်ကျလာတာဘဲ... (ကျပါတယ်ဘုရား) ဒါ—ဘယ်သူ့ကြောင့် ကျတာတုံး— ( ပညတ်ကြောင့်ပါဘုရား ) ပညတ်ကြောင့် ကျတယ်ဆိုတာ နောက်က တကာတကာမတွေ့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပညတ်မကျော်နိုင်သ၍ ကာလတတ်လုံးခုနင်က ပြောခဲ့တဲ့ ငိုပွဲ, အပါယ်ကျပွဲ သူတို့နဲ့ပတ်သက်ပြီး ဆုံးနိုင်ပါ့မလား ...(မဆုံးနိုင်ပါဘုရား)။

ကဲ...ဒါဖြင့် ရှင်းကြပါစို့....တဲ့ ပညတ်ဟာ ဩဇာ....အခေါ သာရှိ၍ တကယ်မရှိလို့ မှတ်လိုက်....(မှန်ပါ့)။

ပညတ်ဟာ-(အခေါ်သာရှိ၍ တကယ်မရှိပါဘုရား) ပရမတ် ကတော့ တကယ် ရှိသည်ဖြစ်သောကြောင့် တကယ်ကို ကြည့်လို့ ရတယ်နော်....(မှန်ပါ့) ပညတ်ကတော့ အထင်သာရှိသည် ဖြစ် သောကြောင့် ကိုင်တွယ်လို့ မရဘူး....(မှန်ပါ့) ရသေးရဲ့လား.... (မရပါဘုရား)။

ကိုင်း.... ဒါဖြင့် ပညတ်၊ ပရမတ်ဟာလဲ ဦးအောင်ဇံဝေ အရေးကြီးတယ်ဆိုတာ ပေါ်လာပလား.... ( ပေါ်လာပါပြီ ) အရေးကြီးတယ်နော်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေကို ဘုန်းကြီးက ဉာဏ်မျက် လုံး တပ်ပေးရတော့မယ်.... (မှန်ပါ့) ဦးမြ ဘုန်းကြီး ဘာလုပ် ရမှာပါလိမ့်.... (ဉာဏ်မျက်လုံး တပ်ပေးရမှာပါဘုရား) ဉာဏ် မျက်လုံးတပ်ပေးရမယ်...၊ ဒီ-ဉာဏ်မျက်လုံး မတပ်သ၍ကာလ ပတ်လုံးဟာဖြင့် ခုနင်က ဒုက္ခပွဲတွေဟာ ကိုယ့်ပွဲချည့် မဖြစ်ပေ ဘူးလား.... ( ဖြစ်ပါတယ်ဘုရား ) ဖြစ်မှာဘဲဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပြောကြပါစို့တဲ့၊ ဝတ္ထုတခုထုတ်လိုက်မယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်က ထုတ်လိုက်မယ် တကာတကာမတွေ အလုပ်ပါသွားအောင်....(မှန်ပါ့ဘုရား)။

ဘယ်လို အလုပ်ပါသွားရမလဲလို့ မေးလို့ရှိယင် ဖြင့် ပရမတ်ကို ကြည့်တတ်တဲ့ အလုပ်ပါမှ နေရာကျမယ်နော် .... (မှန်ပါ့ဘုရား)။

တရားဟောတဲ့ ပုဂ္ဂိုလ်က အနာဂါမ်လို့ မှတ်လိုက်စမ်းပါ- တရားနာတဲ့ ရဟန်းခြောက်ဆယ်က ပုထုဇဉ်တွေ .... (မှန်ပါ့ ဘုရား)။

တရားဟောတဲ့ ပုဂ္ဂိုလ်က....( အနာဂါမ်ပါဘုရား )တရား နာမည့် ရဟန်းကြီးခြောက်ဆယ်က.... (ပုထုဇဉ်ပါဘုရား)တရား ဟောမည့် ပုဂ္ဂိုလ်က ရှင်ခေမကလို့ခေါ်သည်၊ အနာဂါမ် တည်ပြီးသား သူက... (မှန်ပါဘုရား)။

ရဟန်းကြီးခြောက်ဆယ်က ကောသမ္ဗီပြည်မှာ နေတယ်၊ ရှင်ခေမက· က ဘောထဲမှာသွားပြီး သကာလ ဇရီးပင်တွေ ပေါ်တဲ့ နေရာ ဇရီးတောကျောင်း သွားနေတယ်လို့ မှတ်ထား လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

သို့သော်လဲ ရှင်ခေမက သီတင်းက အင်မတန် မွေးတယ်၊ သူသာ ဟောရလို့ရှိယင် သောတာပန်တည်ထိုက်တဲ့ ပုဂ္ဂိုလ် သောတာပန်တည်လို့, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ် ထိုက်တဲ့ ပုဂ္ဂိုလ်တွေဆိုလို့ရှိယင်လဲ သူသာဟောရလို့ရှိယင်ဖြင့် ဖြစ်သွားတာဘဲ ဆိုတော့ တကာတကာမတွေ မှတ်လိုက်စမ်း အတော်အားကိုးထိုက်တဲ့ ကိုယ်တော်ဘဲ...(မှန်ပါ့) မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်) အတော် အားကိုးထိုက်တဲ့ ကိုယ်တော် ဘဲလို့ ဦးအောင်ဇံဝေ ဆိုနိုင်ပလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ ... ဒါနဲ့ သူကလဲ ဇ ီးတောကျောင်းမှာ တနေ့သဵ ကျတော့ နေမကောင်းဘဲဖြစ်နေတယ်၊ကောသမ္ဗီပြည်မှာနေတဲ့ ရဟန်းကြီး ခြောက်ဆယ်ကလဲ သူ့တရားနာချင်တာ လွန်လို့ သို့သော်လဲ မမာဘူးလို့ သတင်းကြားတယ်၊ မမာဘူးလို့ သတင်းကြားတော့ စုံစမ်းရေးအတွက် ဒါသကဆိုတဲ့ ရဟန်း တပါးကို လွှတ်လိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါသက ရ ဇ ီးတောကျောင်းမှာ ရှင်ခေမကရှိတယ်ကွာ- သွားမေးစမ်းပါကွ၊ မာတယ်,မမာတယ် သွားစမ်းပါဦး ဆိုလို့ ရှိယင်ဖြင့်သွားမေးလိုက်တယ်....(မှန်ပါ့ဘုရား)။

သွားမေးလိုက်တော့ အရှင်ဘုရား-ရဟန်းကြီးခြောက်ဆယ်က အရှင်ဘုရား နေကောင်းသလား- နေမကောင်းဘူးလား လို့ အမေးခိုင်းလိုက်ပါတယ်ဘုရား ဆိုတော့ ဟာ .... ငါ့ရှင်- ငါ နေမကောင်းဘူးကွာ၊ ရောဂါက ရှေ့တိုးနေတယ်၊ နောက်ကို မဆုတ်ဘူးကွ၊ နေလို့တော့ မကောင်းဘူးဟေ့....။

ရှင်ခေမကက ပြောလိုက်တဲ့အခါကျတော့ ဒါသက- ကပြန် သွားတယ်၊ ပြန်သွားတဲ့အခါ ရဟန်းကြီးခြောက်ဆယ် သွား ပြောလိုက်တယ်၊ ဟေ့....ဘယ့်နှယ်တုံးဟေ့- စကားဘယ်လိုရခဲ့ သတုံးဆိုတော့ နေမကောင်းဘူးတဲ့ ဘုရား၊ ရောဂါဝေဒနာ ရှေ့တိုးတက်နေတယ်လို့ ပြောလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

မင်းနဲ့ကော စကားပြောခဲ့ရသေးသလား- ပြောခဲ့ရပါတယ် ဘုရား- ဆိုတော့ ဩော် .... သိပ်နေမကောင်းတာ မဟုတ်ဘူး ဆိုတာ ရဟန်းကြီးခြောက်ဆယ်က အကဲခတ်တယ် .... (မှန်ပါ့ ဘုရား)။

တရားက အင်မတန် နာချင်နေတယ်နော်.... (မှန်ပါ့ဘုရား) ရဟန်းကြီးခြောက်ဆယ်က တရားအင်မတန် နာချင်နေတယ်၊ ဒါနဲ့ သွားချေဦးကွာ- ခန္ဓာကိုယ်ကို ငါ- ငါ့ဥစ္စာများ စွဲသေးသလားလို့ သွားမေးချေစမ်းကွာ တခေါက်ဆိုပြီး လွှတ်လိုက်ပြန်တော့ ဒါသက ဦးမြသွားရပြန်တာပေါ့ဗျာ (မှန်ပါ့ဘုရား)။

သွားရပြန်တဲ့ အခါကျတော့ ဟော့- လာပြန်ပလားကွ၊ လာပြန်ပါပြီဘုရာ့၊ ဘာများ အမေးခိုင်းလိုက် သတုံးကွ- ရဟန်းကြီးခြောက်ဆယ်က၊ အရှင်ဘုရား- ငါ့ ငါ့ဥစ္စာများစွဲပါသေးသလား ခန္ဓာကိုယ်ကြီးကို ဝေဒနာရောက်တဲ့ အခါ ငါ့,ငါ့ဥစ္စာများ စွဲပါသေးသလားတဲ့။

အို-- ငါ-ငါ့ဥစ္စာတော့ ငါ့ခန္ဓာကြီး မစွဲပါဘူးကွာ .... တဲ့၊ အနာဂါမ်ကိုးဗျ စွဲစရာရှိသေးရဲ့လား .... ( မရှိပါဘုရား ) ငါ-ငါ့ဥစ္စာလို့ မစွဲပါဘူးတဲ့။

ဒါနဲ့ ဒါသက,က ဒီစကားရတာနဲ့ ပြန်သွားတယ်၊ ပြန်သွားပြီး ရဟန်းကြီးခြောက်ဆယ်နဲ့တွေ့တော့ ဘယ့်နှယ်ပြောလိုက်သတုံးဟေ့၊ ခန္ဓာကိုယ်တော့ မမာတာအမှန်ဘဲ၊ သို့သော် ငါ့,ငါ့ဥစ္စာတော့ သူ့ခန္ဓာကို မစွဲဘူးလို့ပြောပါတယ်၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ငါ့, ငါ့ဥစ္စာတော့....(မစွဲပါဘုရား) ငါနာနေတယ်-ငါ့ဥစ္စာတွေ နာနေတယ် ဒီလိုတော့ မစွဲပါဘူးတဲ့ .... (မှန်ပါ့ဘုရား)။

ဒါနဲ့ သွားပါဦးကွာ ဒါသကဆိုပြီး ဦးအောင်ဇံဝေ ခိုင်းပြန်တယ် ဆက်ပြီး....(မှန်ပါ့) ဒီခန္ဓာကိုယ်ကို ငါ- ငါ့ဥစ္စာလို့

မစွဲလို့ရှိယင် အရှင်ဘုရား ရဟန္တာဖြစ်ပလားလို့ သွားမေးစမ်း ကွာတဲ့ ဆိုပြီး ရဟန်းကြီးခြောက်ဆယ်က လွှတ်လိုက်ပြန်တယ်၊ ရဟန်းကြီးခြောက်ဆယ်ကလွှတ်လိုက်တဲ့အခါ သွားရပြန်တာဘဲ၊ သွားရပြန်တော့ အရှင်ဘုရား တပည့်တော် ဒါသကကို အမေး ခိုင်းလို့ လာရပြန်ပါတယ် ဘုရားတဲ့...(မှန်ပါ)။

အေး.... ဘယ်လိုများ အမေးခိုင်းသတုံးကွ၊ အရှင်ဘုရားက ခုနင်ကပြောလိုက်တော့ ခန္ဓာကိုယ်ကို ဘယ်လိုပင်ဝေဒနာရောက် ငြားသော်လဲ ငါနာတယ်, ငါ့ဥစ္စာတွေ နာတယ်ဆိုတာတော့ မယူဘူးလို့ပြောတော့ ရဟန်းကြီးခြောက်ဆယ်က အမေးခိုင်း လိုက်ပါတယ်ဘုရား....၊ ဒါဖြင့် ရဟန္တာဖြစ်ပလားလို့ အမေး ခိုင်းလိုက်ပါတယ်....(မှန်ပါ)။

ဟိုက ရဟန္တာဖြစ်ပလားလို့ အမေးခိုင်းလိုက်တော့ ရဟန္တာ တော့မဖြစ်သေးဘူးကွာ၊ သို့သော်လဲ "ပဥ္စသု ဥပါဒါနက္ခန္ဓေသု အသ္မိတိ အဓိဂတံ အယမဟမသ္မိတိ နစ သမနုပဿာမိ"။

ဒါကလေး သူပါဠိနဲ့ဖြေလိုက်တယ် ကွာတဲ့၊ ငါ- ငါ့ဥစ္စာ တော့မထင်ပါဘူး၊ သို့သော်လဲ ငါယောင်ယောင်ကလေးတော့ ရှိသေးတယ်၊ ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

ငါ- ငါ့ဥစ္စာတော့....(မစွဲပါဘုရား)သို့သော်.... (ငါယောင် ယောင်တော့ ရှိပါသေးတယ်) ငါယောင်ယောင်ကလေး ရှိပါ သေးတယ်ဆိုတာက အားလုံး တကာတကာမတွေ မှတ်လိုက် တာပေါ့နော် မာန ငါနဲ့တကွာ ငါကျန်တယ်လို့ ပြောလိုက် တာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာကျန်နေသတုံး(မာနငါနဲ့ * တဏှာငါ ကျန်နေပါတယ် ဘုရား) သူက အနာဂါမ်ဆိုတော့ ဒါကို အကုန်မပယ်နိုင်သေး ဘဲကိုးဗျ၊ မာနကိုလဲ အကုန်မပယ်နိုင်သေးဘူး၊ မာနကလဲကျန် သေးတာဘဲ တဏှာကလဲ ကျန်သေးတယ် မဟုတ်လား·(မှန်ပါ ဘုရား)။

မာနငါနဲ့ တဏှာငါ ကျန်သေးတယ်လို့ မြန်မာလိုတော့ ဒါဘဲရတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါ· ငါ့ဥစ္စာတော့ သူ·မစွဲပါဘူးတဲ့၊ ရဟန္တာလဲ မဟုတ်ပါ ဘူးတဲ့၊ သို့သော်လဲတဲ့ သူ့ခန္ဓာငါးပါးကို သူ·ငါယောင်ယောင် ထင်တာကလေးတော့ ရှိနေသေးတယ် တဲ့... (မှန်ပါ)။

တကာတကာမတို့ ဘာတဲ့တုံး ... (ငါယောင်ယောင်ထင်တာ ကလေးတော့ ရှိနေပါတယ်ဘုရား)။

ငါယောင်ယောင် ထင်တာကလေးတော့ ရှိနေသေးတယ်တဲ့၊ အဲဒီတော့ ဒီ တကာတကာမတွေက အကဲခတ်ရမယ်၊ ဒုက္ခချုပ် သွားလို့ သောတာပန် တည်ပြီးသော်လဲ ငါဆိုတဲ့ မာနငါရှိ သေးတယ် မှတ်လိုက်တာပေါ့နော် ... (မှန်ပါ) တဏှာလဲရှိသေး တယ်လို့ဘဲ မှတ်လိုက်တာပေါ့ .. (မှန်ပါ)။

ဦးမြမှတ်ထိုက်သလား(မှတ်ထိုက်ပါတယ်ဘုရား)မပယ်သေးဘဲ ကိုးဗျ၊ မပယ်သေးတော့ တကာ တကာမတွေ တဏှာနဲ့ ဘာ ကျန်နေသတုံး.... (မာနကျန်ပါတယ်ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဘာကျန်နေလို့တုံး .... ( တဏှာနဲ့မာန ကျန်နေပါတယ် ဘုရား)တဏှာနဲ့မာန ကျန်နေတယ်လို့ သူဖြေလိုက်တယ်။

---

* အနာဂါမ်တို့မည်သည် ဘဝတဏှာကျန်ရှိနေသေးသည်။

ဒါနဲ့ ငါ့ရဟန္တာလဲ မဖြစ်သေးဘူးကွ ဒါသကာ့ရ၊ သို့သော် လဲ ခန္ဓာငါးပါးအပေါင်းအစုကြီးကို ငါယောင်ယောင်တော့ ထင်နေတာကလေးလဲ ရှိသေးတယ် ဆိုတော့ သူ့ဟာက ဦးအောင်ဇံဝေက ရှင်းမနေဘူးလား .... (ရှင်းပါတယ်) ခန္ဓာငါးပါး အပေါင်းကို ငါယောင်ယောင်တော့ ထင်နေသေးတာဘဲတဲ့။

ဒါနဲ့ ဒီလိုပြောလိုက်တော့ ဒါသကာ့က ပြန်သွားတယ်။ ဒါသက ပြန်သွားပြန်တော့ ဟော့....ဘယ့်နှယ်တုံးဟေ့ ဒါသက ပြန်လာပလား....၊ ပြန်လာပါပြီဘုရား၊ ဘယ်လိုများပြောလိုက်သတုံးကွ ရှင်ခေမကာ့က၊ ခန္ဓာငါးပါးကို ငါ-ငါ့ဥစ္စာလို့တော့ မစွဲပါဘူးတဲ့၊ သို့သော် ခန္ဓာငါးပါး အပေါင်းအပေါ်မှာတော့ ငါယောင်ယောင် ငါထင်သလိုလိုတော့ ရှိသေးသကွလို့ ဖြေလိုက်ပါတယ်ဘုရား။ ရဟန္တာလဲမဟုတ်သေးဘူးတဲ့၊ ငါယောင်ယောင် ခန္ဓာငါးပါးအပေါင်းကို ငါယောင်ယောင်တော့ရှိနေသေးတယ်၊ တဲ့၊ အဖြေတည့်မနေဘူးလား....(တည့်ပါတယ်) ဘာကျန်နေလို့ ပါလိမ့်....(တဏှာနဲ့မာန ကျန်နေပါတယ်) တဏှာနဲ့မာန ကျန်နေတယ်ဆိုတာ သေသေချာချာမှတ်ပါ။

ဒါနဲ့ ရဟန်းကြီးခြောက်ဆယ်က ဒါသကာ့ သွားဦးကွာ၊ တရားနာချင်တာကိုးဗျ....(မှန်ပါ)။

တရားနာချင်တယ်၊ သွားပါဦးကွဆိုတော့ ဘယ်လိုမေးရမှာတုံးဘုရာ့ ရုပ်ကို ငါယောင်ယောင်ထင်တာလား၊ ဝေဒနာကို ငါယောင်ယောင် ထင်တာလား ခန္ဓာငါးပါးကို ဘယ်ဟာကို ငါယောင်ယောင် ထင်နေတာတုံးလို့....(မှန်ပါ)။

ဣမေသု ပဉ္စသု ခန္ဓေသု= ဤခန္ဓာငါးပါးတို့၌၊ အသို့တိ= အသို့ဆိုတဲ့ ငါယောင်ယောင်သည်၊ အဓိဂတံ= ထင်နေပါသေး၏၊ အယံ= ဤခန္ဓာငါးပါးကို၊ အဟံအသ္မိတိ= ငါတကယ်ဖြစ်၏ဟူ၍တော့၊ နသမနုပဿာမိ= မရှုပါဘူးတဲ့၊ ဒါ ခေမကကြ ပြောလိုက်တဲ့စကားလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ)။

ခန္ဓာငါးပါးကို ငါယောင်ယောင်တော့ ကျန်နေသေးတယ်တဲ့၊ တကယ်ငါဖြစ်တယ်လို့တော့ မယူတော့ပါဘူးတဲ့၊ သဘောပါကြပလား....(ပါ·ပါပြီဘုရား)။

ခန္ဓာငါးပါးကို ငါယောင်ယောင်တော့.... (ထင်ပါတယ်) တကယ်ငါဖြစ်တယ်လို့တော့.... (မယူပါဘုရား)။

တကယ် ငါဖြစ်တယ်လို့ မယူတော့ပါဘူးတဲ့၊ ဒါဆိုတော့ ဦးမြတို့ နားကြီးကြီးနဲ့ထောင်ရမှာပေါ့ ဟင်.... (မှန်ပါ) နားသေးသေးနဲ့ ထောင်လို့ရပါမလား.... ( မရပါဘုရား ) မရဘူးတဲ့....။

အဲဒီတော့ ဒီတကာ တကာမတွေ မှတ်ရမှာက ဩော်....ဒုက္ခချုပ်တာကို မြင်ပြီးပြောသော်လဲ ငါ့ ဘာမှတ်လို့တုံး ငါ့ခင်လုံးတွေရှိသေးတယ်၊ ငါ မခွဲနိုင်သေးဘူးဆိုတာတွေဟာ ဒါ.... ရှိထိုက်တယ်သာမှတ်ရမယ်.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား)။

သို့သော် တကာတကာမတွေ အဲဒီ အခုပြောတဲ့ ငါယောင်ယောင်ထင်တာရယ် ငါခင်သေးတယ်ဆိုတာတွေဟာ အပါယ်တော့မကျဘူး....( မှန်ပါ ) သဘောကျပလား.... ( ကျပါပြီဘုရား)။

ဘာဖြစ်လို့မကျသတုံးလို့ မေးတဲ့အခါကျတော့ တကယ်ဒီ ငါဟုတ်၏လို့ ရုပ်-နာမ်ကို တကယ်ငါထင်နေတဲ့ ငါ- ငါ့ဥစ္စာ ဆိုတာကလေး ဒိဋ္ဌိကပြုတ်သွားတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရုပ်နာမ်ကို တကယ် ငါ-ငါ့ဥစ္စာထင်နေတဲ့ နှစ်လုံးကတော့ (ပြုတ်ထွက်သွားပါတယ်) ပြုတ်ထွက်သွားတဲ့အတွက် ခုနင်က ပြောခဲ့တဲ့ မာနငါနဲ့တဏှာငါ ကျန်နေပြွးသော်လဲ ဘုန်းကြီးတို့ တကာ တကာမတွေမှာ စိုးရိမ်စရာမရှိဘူးလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ပေါ်ပလား....(ပေါ်သွားပါပြီဘုရား)။

စိုးရိမ်စရာရှိသလား... (မရှိပါဘုရား) ဘာ့ကြောင့်မရှိသတုံး မေးတဲ့အခါကျတော့ အပါယ်ကျစေတတ်တဲ့မာနနဲ့ အပါယ်ကျ စေတတ်တဲ့ တဏှာဟာ ဒိဋ္ဌိပြုတ်ကတည်းက ပါသွားတယ်.... ( မှန်ပါ့ ) ရှင်းကြပလား....(ရှင်-ပါပြီဘုရား)။

အပါယ်ကျစေတတ်တဲ့မာနနဲ့ အပါယ်ကျစေတတ်တဲ့ တဏှာ ဟာ ဒိဋ္ဌိပြုတ်ကတည်းက တွဲပြီး ပြုတ်သွားတယ်.... ( မှန်ပါ့ ) သဘောပါပလား... (ပါ-ပါပြီဘုရား) ခုနင်က ငါ.... ငါ့ဥစ္စာ မထင်ကတည်းက ဘာတုံး... (ပါသွားပါတယ်ဘုရား) ပါသွားပြီ (မှန်ပါ့)။

အပါယ်ကျစေတတ်တဲ့ ငါးယောင်ယောင်ထင်မှု အပါယ်ကျ စေတတ်တဲ့ခင်မှု ဒီနှစ်ခုဟာ ဦးမြဲ ဘာပြုတ်ကတည်းက ရောပါ သွားသတုံး....(ဒိဋ္ဌိပြုတ်ကတည်းက ပါသွားပါတယ်ဘုရား) ဒိဋ္ဌိ

ပြုတ်ကတည်းက ရောပါသွားပြီဆိုတာ တကာ တကာမတွေ မှတ်ဘို့မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

ဒါ....ဘုန်းကြီးက ဟောနေတာလား၊ ရှင်ခေမကက ဟော နေတာလား(ရှင်ခေမကက ဟောနေတာပါဘုရား) ရှင်ခေမက အနာဂါမ်က ဟောနေတာ၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒီတရားကို အသာကလေးထားလိုက်ပါဦး....တဲ့၊ ဒီဥစ္စာ ရဟန္တာဖြစ်အောင် ဟောမှာတဲ၊ ရှင်ခေမကက သေသေချာချာ ဟောမှာတဲ....၊ သို့သော်လဲ ဘုန်းကြီးတို့ တကာတကာမတွေမှာ ငါ• ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ ခန္ဓာငါးပါးကိုတော့ဖြင့် လက်ရှိခန္ဓာကြီးပေါ့ လေ....(မှန်ပါ့) ငါ့ငါ့ဥစ္စာ ဖြုတ်ထားဘို့ ဒီနှစ်ခုအရေးကြီး တယ်....(မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ ဘာအရေးကြီးပါလိမ့်....(ငါ့ ငါ့ဥစ္စာဖြုတ် ထားဘို့ အရေးကြီးပါတယ်ဘုရား)။

ငါ့ ငါ့ဥစ္စာဆိုတာနှစ်ခု ဖြုတ်ထားဘို့ အလွန်အရေးကြီး တယ်ဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ပါ.... ငါယောင်ယောင် ကျန်နေတဲ့ဥစ္စာ ငါခင်နေတဲ့ တဏှာမျိုး ကျန်ချင်ကျန်ပါစေတဲ့ ကိစ္စမရှိဘူး အပါယ်သေးပါး လွတ် သွားပြီ၊ ငါ့ငါ့ဥစ္စာ ဖြုတ်ဘို့က အရေးကြီးပါတယ်....(မှန်ပါ့ ဘုရား)။

တကာတကာမတို့ ဘာအရေးကြီးပါလိမ့်.... (ငါ့ ငါ့ဥစ္စာ ပြုတ်ဘို့အရေးကြီးပါတယ်ဘုရား) ကဲ....ဦးမြ အရေးကြီးတာကို အယင်ဟောပြီဗျ....(မှန်ပါ့) မဆောရပေဘူးလား... (ဆောသင့် ပါတယ်ဘုရား)။

အဲဒီတော့ အဲဒီ ငါ့ငါးဥစ္စာကဲတော့ ဘုန်းကြီးရှင်းရှင်းဘဲ ပြောပါမယ်တဲ့၊ ဒီငါ့ငါးဥစ္စာရှိသ၍ ကာလပတ်လုံးတော့ဖြင့် ရွှေဘုရားကြီးတည်တည်၊ ရွှေကျောင်းကြီးဆောက်ဆောက် ဦးမြ အပါယ်တံခါးပိတ်ပြီလို့ ဆိုလို့ ရနိုင်ရဲ့လား…( မရနိုင်ပါ ) တကာတကာမတို့ ရပါ့မလား …. ( မရပါဘုရား ) အဲဒီတော့ လိုသေးတယ်ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပလား …. (ရှင်းပါပြီ ဘုရား)။

သြော် …. ဒါဖြင့် တကာတကာမတို့ ငါ့ ငါးဥစ္စာကလေး ဖြုတ်ဘို့ကိုလဲ ဆရာဘုန်းကြီးက အခုရင်းနှီးတဲ့ တကာတကာမ တွေ အသံသွင်းရင်း တရားပြောပြီးသား ဖြစ်နေတယ်(မှန်ပါ) တရားဟောတာ အများစုကို ဟောတာမဟုတ်သေးပါဘူး၊အသံ သွင်းနေတာ….(မှန်ပါ့ဘုရား)။

ကိုင်း….တကာတကာမတို့ ဒီငါ့ ငါးဥစ္စာကလေး ဖြုတ်ဘို့ ရာကို ဘုန်းကြီးက အရေးအကြီးဆုံး ပြောသာခြင်း သည် ဦးမြရေ စိုးရိမ်လို့ပြောတယ်လို့ ဆိုတာဖြင့် ပေါ်သွားပြီ…. (ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား…. (ပေါ်သွား ပါပြီဘုရား)။

စိုးရိမ်လို့ ပြောတယ်တဲ့၊ ငါ့ ငါးဥစ္စာ မပြုတ်သေးလို့ ရှိယင်ဖြင့် ရွှေဘုရားကြီးတည်, ရွှေကျောင်းကြီး ဆောက်ငြား သော်လဲ တကာတကာမတို့ အပါယ်ဘေးက မလွတ်သေးဘူး (မှန်ပါ)မောင်အောင်ချီ မှတ်မိပလား….(မှတ်မိပါပြီဘုရား)။

ဘာ့ကြောင့်တုံးလို့ ဦးမြက ခင်ဗျားက လူကြီးဖြစ်နေလို့ မေးပါနော် …. (မှန်ပါ) ငရဲမျိုးစေ့က ဝမ်းထဲမှာ အနုသယ

သဘောနဲ့ ကိန်းလျက်ပါတယ်.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား ။

ငရဲမျိုးစေ့က အနုသယသဘောနဲ့ .... (ကိန်းလျက် ပါ-ပါတယ်ဘုရား) ဝမ်းထဲမှာ ကိန်းလျက် အောင်းလျက်ပါတယ်ဆိုတာ သေချာကြပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ ငရဲမျိုးစေ့ကို အယင်ထုတ်ပစ်လိုက်လို့ရှိယင် ခင်ဗျားတို့ ပျော်ချင်သလို ပျော်နိုင်တယ်,နေချင်သလို့ နေနိုင်တယ်လို့ ဘုန်းကြီး တာဝန်ခံတယ်... ( မှန်ပါဘုရား)။

ဝိသာခါတို့ ပျော်လိုက်တဲ့ဖြစ်ခြင်း, အနာထပိဏ်တို့ ပျော်လိုက်တဲ့ဖြစ်ခြင်း ဘုံစဉ်တွေရှောက်စံပြီး ပျော်တာဘဲ.... (မှန်ပါ) ဘာဖြစ်လို့ ရဲရဲတင်း ပျော်ပါလိမ့်မတုံးလို့ ဦးအောင်ဇေယျကမေးလို့ရှိယင် ငရဲမျိုးစေ့ပြုတ်လို့ပျော်တာ .... (မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပျော်ချိန်နဲ့ ငရဲမျိုးစေ့ထုတ်ချိန်ကို ဘယ်သူ ရှေ့ထားရမလဲ .... ( ငရဲမျိုးစေ့ထုတ်ချိန်ကို ရှေ့ထား ရပါမယ်ဘုရား)။

နောက် မပျော်ရဘူးလို့ ပြောတာမှမဟုတ်ဘဲ .... (မှန်ပါ) ပျော်ရပါတယ်၊ သား,လင်,ခင်ပွန်းနဲ့ နေနိုင်ပါတယ်၊ အားလုံးနေနိုင်ပါတယ်၊ ဥယျာဉ်,ဗိမာန် ပဒေသာပင်တွေနဲ့ ပျော်လို့ ရွှင်လို့, အကုန်နေနိုင်ကြပါတယ်....။

သို့သော်လဲ စိတ်မချရတဲ့ နေနည်းကို စိတ်ချပြီးမှ နေနည်းကလေး ပြောင်းလိုက်ဘို့ကောင်းတယ်...(မှန်ပါဘုရား)။

တကာ တကာမတွေ ဒါအရေးကြီးလို့ ပြောတဲ့စကားဆို တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

စိတ်မချ, လက်မချပျော်ရတာနဲ့ စိတ်ချ,လက်ချပျော်ရတာ ဟာ ဦးမြဆုံးဖြတ်ချက်ချ ဘယ်ဟာကောင်းသတုံး.... ( စိတ်ချ လက်ချ ပျော်ရတာ ကောင်းပါတယ်ဘုရား)။

စိတ်ချ လက်ချ ပျော်ရတာ ကောင်းတယ်ဆိုတာ တကာ တကာမတွေ လေးလေးစားစားမှတ်ပါ.... (မှန်ပါ့) မမှတ်ထိုက် ဘူးလား....(မှတ်ထိုက်ပါတယ်ဘုရား)။

အခုတော့ဖြင့် အရေးကြုံလာတယ်၊ ကိုယ်ကလဲ ဗုဒ္ဓဘာသာ ဖြစ်နေတယ်၊ ဪ... ငါလွန်သွားပြီ ငါ့မှာတော့ အပါယ်ကျ ဦးမှာဘဲဆိုတာကလေးက စိတ်ထဲပါပါနေရတယ် .... (မှန်ပါ့) မပါဘူးလား....(ပါရပါတယ်ဘုရား)။

ပါနေတော့ ကိုယ့်ဟာကိုယ်လဲ ပစ္စုပ္ပန်မှာ အတ္တာနုဝါဒဘေး ဆိုတဲ့ ကိုယ့်စိတ်ကလဲ ကိုယ့်ကိုဘေးသင့်အောင် လုပ်နေတယ်....၊ သံသရာဘေးကလဲ မလွတ်သေးဘူး၊ ကိုယ့်စွပ်စွဲတဲ့ ဘေးကကော ရှိရဲ့၊ ကိုယ့်ကိုယ်-ကိုယ် စွပ်စွဲတဲ့ဘေးကလေ .... ( ရှိပါတယ် ဘုရား) ရှိနေတယ်၊ ငါတော့ မှားသွားပြီဟေ့၊ မှားသွားတာ အပါယ်ရောက်ဦးတော့မှာဘဲဆိုတဲ့ ကိုယ့်ကိုယ် စွပ်စွဲတဲ့ဘေးကလဲ မလွတ်သေး...(မှန်ပါ့) ရှင်းပသွား....(ရှင်းပါပြီဘုရား)။

အပါယ်ဘေးကကော...(မလွတ်သေးပါဘုရား) မလွတ်သေး ဘူး၊ ကိုယ့်စိတ်မချမ်းသာမှုကလဲ မလွတ်သေး၊ အပါယ်ကျဘို့ အရေးကလဲ မလွတ်သေးဆိုတော့ ဘုန်းကြီးတို့ တကာ တကာမ

တွေကို ဟာ....စိတ်ချရမှ ပျော်ပါဟာ၊ မပျော်နဲ့လို့ ဆရာဘုန်းကြီးက ဟောသလား.... (မဟောပါဘုရား) မဟောပါဘူးတဲ့၊ စိတ်ချပြီးတော့ ပျော်တာပေါ့....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အိမ်မှာ ငါးမူးမှမရှိဘဲနဲ့ တကျပ်ဘိုးလောက် ပျော်ချင်နေလို့ရှိယင် အပြန်တော့ စားစရာမရှိပေဘူး....(မှန်ပါ့) ဒီအပျော်မျိုးတော့ ကောင်းပါ့မလား...(မကောင်းပါဘုရား) မကောင်းပါဘူးတဲ့၊ အိမ်မှာ ငါးမူးမှမရှိဘဲနဲ့ တကျပ်ဘိုး ပျော်လိုက်ဘယ်ဆိုလို့ရှိယင်ဖြင့် အပြန်ထမင်းဝတ်ဘို့မှတပါး ဘာမှမရှိဘူး...၊ မောင်မြင့် ဒီအပျော်မျိုး တော်ပါ့မသား ... (မတော်ပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီအရေးသည်ကားလို့ ဆိုယင်ဖြင့် အိမ်မှာတပုံကြီးရှိနေယင် ဘာမှကိစ္စမရှိဘူး၊ ဒါလောက်နဲ့ အရေးမကြီးဘူးဆိုယင်တော့ တရာဘိုး ပျော်ပျော်, တထောင်ဘိုး ပျော်ပျော် ဦးမြအရေးကြီးသေးသလား....(မကြီးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှေ့နောက်ကလေးသာခွဲတော့ဆိုတာကို ပြန်ပြောလိုက်တယ်.... ( မှန်ပါ့ဘုရား)။

ဘာမှာသတုံး....(ရှေ့နောက်ခွဲပါဘုရား) ရှေ့နောက်ခွဲလိုက်ပါဆိုတာကလေးဘဲ သတိပေးလိုက်ပါတယ်၊ ငါ-ငါ့ဉစ္စာပြုတ်မှုကို ရှေ့ထားပြီး ပျော်မှုနောက်ထားလိုက်ပါ...(မှန်ပါ့ဘုရား)။

မောင်ဇေဝ ဘာသတိပေးသတုံး.... ( ငါ-ငါ့ဉစ္စာပြုတ်မှုကို ရှေ့ထားရပါမယ်ဘုရား) ပျော်မှုကို... ( နောက်ထားရပါမယ်ဘုရား)။

သူ- ပြုတ်ပြီးလို့ ပျော်ရတော့ကို အိမ်မှာ တပုံကြီးရှိလို့ တထောင်ဖြုန်းပြီး ပျော်တာ ဘာအရေးကြီးသတုံး... (မကြီးပါ ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင်တော့ကွာတဲ့ ငါဘုရားသခင် ကိုယ်တော် မြတ်ကြီး ဟောပါမယ်တဲ့။

မဓုဝ မညတိ ဗာလော၊ ယာဝပါပံ နပစ္စတိ၊
ယဒါစ ပစ္စတိပါပံ၊ ဗာလောဒုက္ခံ နိဂစ္ဆတိ။

ဓမ္မပဒပါဠိတော်မှာနော်.... ( မှန်ပါ့ ) လောကီဥပမာ ငါ ဘုရားဟောမယ်ကွာ...တဲ့၊ ထက်လှစွာသော သင်ခုန်းသွားကို မောင်အောင်ချိက ပျားရည်ကလေးသုတ်ထားနော်.... (မှန်ပါ့) ပျားရည် အရသာကလေးကို နှစ်သက်တာနဲ့ သွားလျက်လို့ ရှိယင် လျှာပြတ်မှာနဲ့ ပျားရည်အရသာနဲ့ ကာမိရဲ့လား (မကာ မိပါဘုရား) မကာမိဘူးဆိုတာ သေချာပလား.... (သေချာပါပြီ ဘုရား)။

ဒီမှာလဲ ထိုနည်းအတူပါဘဲတဲ့ ဘုန်းကြီးတို့ တကာတကာမ တွေမှာ အခုပျော်နေတဲ့ဥစ္စာက အပါယ်နဲ့ စာလိုက်လို့ရှိယင်ဖြင့် ပျားရည်ချိုတာနဲ့ သင်ခုန်းရှတာနဲ့လောက် ကွာခြားသွားမယ်.... (မှန်ပါ့)။

ဗာလော=သူမိုက်သည်၊ မဓုဝ=ပျားသကာကဲ့သို့၊ မညတိ= အောက်မေ့၏၊ ပျားသကာ ချိုတာကလေးလောက်သာ သူ-

အောက်မေ့နေတော့ သင်ခုန်းပြတ်မှာ သူမသိသလိုဖြစ်နေတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ယာဝပါပံနပစ္စတိ... တဲ့၊ ယာဝ=အကြင်မျှလောက်၊ ပါပံ= သူပြုထားတဲ့ ပျားရည် လျက်ထားတာ ကလေးက၊ နပစ္စတိ= အကျိုးမပေးသေးဘူး၊ တခါအကျိုးပေးလာတော့ မခံနိုင်တော့ ဘူးဟေ့-တဲ့....(မှန်ပါ့)ရှင်းပလား- (ရှင်းပါပြီဘုရား)အခုတော့ ချိုသယောင်ယောင်၊ သို့သော် လျှာပြတ်သလောက် ခရီးပေါက် ကဲ့လား....(မပေါက်ပါဘုရား)။

အဲ.... အခု ပျော်နေတာကတော့ ပျားရည် ခါးသွားပေါ့ တင်ပြီးသကာလ လျက်သလောက်သာ ပျော်တာပါကွာ-တဲ့၊ ချိုတာက နည်းနည်း လျှာပြတ် သွားတာက များများ ဖြစ်နေ တယ်... (မှန်ပါ့)။

ဒါ.... ငါ- ငါ့ဉစ္စာ မပြုတ်တာနဲ့ ပျားရည်လျက်တဲ့ သူနဲ့ ဥပမာတူတယ်ဆိုတာ ဘုရားက ဦးမြ ဟောလိုက်တယ်....(မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ပြင်ကြဦးဆိုတာကို သတိမပေးထိုက် ဘူးလား....(ပေးထိုက်ပါတယ်ဘုရား) ပေးထိုက်တယ်တဲ့ ဒီစီးပွား ရေးပင်လယ်ထဲ မျောမနေပါနဲ့ ပြောလိုက်တာပါဘဲ.... (မှန်ပါ့ ဘုရား)။

နောက်က တကာ တကာမတွေ ဘာပြောတာတုံး....(စီးပွား ရေးပင်လယ်ထဲ မျောမနေပါနဲ့ ဘုရား)။

မျောမနေနဲ့ ဆိုတာ ဦးမြတို့လိုလူကြီးတွေ, ဦးအောင်ဇံဝေ တို့လိုလူကြီးတွေကျတော့ ဒါပြောရမယ်... (မှန်ပါ့) မဟုတ်ဘူး

လား.... ( မှန်ပါ့ ) စီးပွားရေးက ပျားသကာအပြားကလေး လောက်ရှိတာအကုသိုလ်က ခုနင်က ဓါးရှတာလောက် ကြီး ကျယ်နေတာ....(မှန်ပါ့) မကြီးကျယ်ဘူးလား.... ( ကြီးကျယ် ပါတယ်ဘုရား)။

အဲဒါကြောင့်....တဲ့ လူကြီးတွေမှာလဲ ဒီအတိုင်း, လူငယ် တွေမှာလဲ ဒီပုံအတိုင်း အကဲခတ်လို့ရှိယင်ဖြင့် အတော်ဆိုးဝါး သွားမယ်ဆိုတဲ့အဓိပ္ပါယ်ဟာ ကြောက်စရာ သိပ်ကောင်းပါတယ် နော်....(ကောင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ငါ့ငါ့ဥစ္စာ ပြုတ်တဲ့ အရေးဟာဖြင့် ဆရာ ကောင်းက လမ်းပြရတယ်၊ သူပြုတ်သွားလို့ရှိယင် စိတ်အေး, လက်အေး ပျော်ဇတော့.... ( မှန်ပါ့ ) မပျော်နဲ့ဟောတာလား၊ သူပြုတ်သွားမှ ရဲရဲတင်းတင်း ပျော်လို့ခိုင်းတာလား....(သူပြုတ် သွားမှ ရဲရဲတင်တင်း ပျော်လို့ခိုင်းတာပါဘုရား)။

သူပြုတ်သွားမှ ရဲရဲတင်းတင်းပျော်ပါလို့ဆိုတဲ့ဥစ္စာကို တကာ တကာတကာမတို့ သတိပေးတာဟာ ခင်ဗျားတို့ကို အတင်း အဓမ္မ ဝါးနဲ့ညှပ်ပြီးဟောတဲ့တရားမဟုတ်ဘူး၊ ရွှေနောက် အခွဲ ခိုင်းတာ သက်သက်ပါ.... (မှန်ပါ့) သဘောပါပလား.... (ပါ- ပါပြီဘုရား)။

ဘာတဲ့တုံး-(ရွှေနောက် အခွဲခိုင်းတာပါဘုရား) ရွှေနောက် အခွဲခိုင်းတာသက်သက်၊ ဝါးနဲ့ညှပ်ပြီးသကာလ တခါတည်း ဟာ....ခင်ဗျားတို့ ဒါ-မလုပ်ရဘူးလို့ ဒီလိုပြောတာမဟုတ်ဘူး- (မှန်ပါ့) ရွှေနောက်ကလေး ပြန်လိုက်ပါတော့ဆိုတော့ ဒါ....

ဝန်လေးစရာအလုပ်လား...၊ တာဝန်ခံစရာ အလုပ်လား ဆိုတာ ဦးအောင်ဇဝေ အကဲခတ်စမ်း-(တာဝန်ခံစရာအလုပ်ပါဘုရား) တာဝန် ခံစရာအလုပ်ဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကောင်းပြီ....ဒါဖြင့် ရှေ့နောက်တွင် ဒီအရေး နောက်ကျ နေလို့ရှိယင် မောင်ဇဝ အမှားကြီးမှားမယ်.... (မှန်ပါ့) ငါ-ငါ့ဥစ္စာပုဂ္ဂိုလ်တွဲအရေး နောက်ကျနေလို့ ရှိယင်ဖြင့် လုပ်သ၍ တခါတည်း အပါယ်ချည်းသွားတာဘဲ.... (မှန်ပါ့)။

ဒီ နှစ်ခုပြုတ်ပြီး သွားမှ လုပ်သ၍ ဟာ .... အပါယ်ကို မရောက်ဘော့ဘူး...(မှန်ပါ့) ဆိုတော့ ဦးမြ အားကိုးလောက် တယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား) အားကိုးလောက် တယ်ဆိုတာ ဦးနေဖူး ပေါ်ရဲ့လား...( ပေါ်ပါတယ်ဘုရား ) အဲ....သေသေချာချာမှတ်၊ ခင်ဗျားတို့ နံပါတ်ပြောင်းပြန် ဖြစ် သွားဦးမယ်...(မှန်ပါ့)။

နောက်က တကာတကာမတွေ့ကော နားလည်ရဲ့လား.... (လည်ပါတယ်ဘုရား) ခင်ဗျားတို့က အခု ရှေ့နောက် ကိုယ် ကိုယ်တိုင် လွဲနေတာတွေကော သိကြပလား.... (သိပါပြီဘုရား) ရှေ့နောက် ကိုယ်ကိုယ်တိုင် လွဲနေတယ် ဆိုတာတော့ ဦးမြ ဘုန်းကြီး အထူးပြောစရာမလိုဘူးနော်.... (မှန်ပါ့ဘုရား)။

ကိုင်း... ဒါဖြင့် ပြောကြပါစို့...တဲ့ ဒီဥစ္စာ တကာတကာ မတွေ့ ငါ-ငါ့ဥစ္စာ ပုဂ္ဂိုလ်ဘို့ဆိုတာ ဆရာကောင်းနဲ့ ကပ်လိုက် လို့ရှိယင် အားလုံး နောက်က တကာတကာမတွေ့ မှတ်လိုက်

စမ်းပါ အလွယ်ကလေးနဲ့ ပြုတ်တယ်.... (မှန်ပါ) ငါမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူးကလေးသိတို့ တလုံးဘဲ—(မှန်ပါ့)။

ဒါ— သိပ်ခက်တဲ့ အလုပ်မဟုတ်ပါဘူး—၊ မယုံလို့ ရှိယင် ဘုန်းကြီး ရှင်းရှင်းပြောပါ့မယ်၊ တကယ့် သူတော်ကောင်းကြီး တွေကျတော့ ကွာ.... သောတာပန်တည်ဘို့ လက်ဖျစ် တတွက် တောင် မကြာပါဘူး၊ ဒီလိုတောင် ဟောတာဗျ....(မှန်ပါ့) ဒီလို တောင် ဟောကြတယ်....၊ ငါ- ငါ့ဥစ္စာ ပြုတ်ယင် ပြီးတာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါ- ငါ့ဥစ္စာ ဉာဏ်ကသာ ပြုတ်ပစေ အသိနဲ့ မပြုတ်စေနဲ့၊ အသိနဲ့ ပြုတ်တာတော့ မပိုင်သေးဘူးပေါ့ကွာ....(မှန်ပါ့ဘုရား) ဉာဏ်ထဲမှာ တကယ်ပြုတ်သွားယင် အဲဒါ သောတာပန်တည်ပါ တယ်ဆိုတာ နောက်က တကာတကာမတွေလဲ သေဇသချာချာ မှတ်ပါ....(မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးကဘဲ ဟောတယ်လို့ မယူဘဲနဲ့ ငါ....ငါ့ဥစ္စာပြုတ်ဘို့အရေးကို ဘုရားက ဘယ်လောက် မြန်မြန် အလိုရှိတယ်ဆိုတာ ရင်ဝကို သူများက လှံနဲ့ ထိုးလိုက်တယ်၊ ဦးမြ အဝေးကြီး လှံကို လှမ်းရှောင်တယ်....၊ ကိုယ့်ဆီလာတာ မြင်ယင် ဦးမြ ဖြေးဖြေးရှောင်မလား....တဲ့၊ အသက်ကြီးငြား သော်လဲ သွက်နိုင်သမျှသွက်ပြီး ရှောင်မလား— ( သွက်သွက် ရှောင်မှာပါဘုရား) သွက်သွက်ရှောင်မယ်နော်....(မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံး ဆိုလို့ရှိယင် သေမည့်ဘေးကိုး၊ မဆိုထိုက်ဘူး လား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီမှာ ဦးခေါင်း မီးလောင်တယ် ဆိုလို့ရှိယင်လဲ တကာ တကာမတွေ သူများဆေးလိပ်မီးပွားကလေး ကိုယ့်ခေါင်းပေါ် လွင့်လာလို့ ကိုယ့်ခေါင်းပေါ်လဲ ဆီနဲ့ ဗဆလင်တွေနဲ့ဆိုယင် လောင်ချင် လောင်ပစ်လိုက်မှာ....(မှန်ပါ့) ဒါ.... မြန်မြန် ငြိမ်း မှာလား၊ နှေးနှေး ငြိမ်းမှာလားဆိုယင် ဒီ့ထက်မြန်တဲ့ အလုပ် ရှိကြပါဦးမလား — (မရှိပါဘုရား)။

အဲဒါထက် ငါတော့ မြန်စေချင်တာဘဲကွာ....တဲ့၊ ငါ-ငါ့ ဥစ္စာ ဖြုတ်တဲ့နည်းကို....(မှန်ပါ့) ကဲ ပေါ်ပလား....(ပေါ်ပါ ပြီဘုရား)။

ငါ-ငါ့ဥစ္စာဖြုတ်တဲ့နည်းကို ရင်ဝလှံနဲ့ထိုးလိုက်တာ ရှောင် တာမြန်သလို၊ ဦးခေါင်းမီးလောင်တာ မြန်မြန် ပွတ်ချေတာ မြန်သလို ဒီ့ထက်တောင် မြန်စေချင်သေးတယ်ကွာ တဲ့၊ ဒါကြာ သံယုတ်ပါဠိတော်ခနော်.... ( မှန်ပါ ) သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားကလဲ အမြန်ဖြုတ်ခိုင်းတာ ဦးမြကြီးက ရိပ်မိ ပါရော့မယ်၊ ငရဲမျိုးစေ့ကို မြန်မြန်ထုတ်ပစ်ပါ ပြောတာ — (မှန်ပါ့ဘုရား)။

ဘာပြောတာတုံး .... (ငရဲမျိုးစေ့ကို မြန်မြန်ထုတ်ပစ်ပါ ပြောတာပါဘုရား) အဲဒီတော့ ငရဲမျိုးစေ့တွေတော့ မြန်မြန် မဖြုတ်ဘဲနဲ့ ငရဲမျိုးစေ့တွေချည့် မျိုးနေလို့ရှိယင် ဘယ်ကောင်း တော့မတုံးကွ၊ ကောင်းနိုင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

မရှိတော့ဘူးဆိုတော့ ဒါကလေးဟာ ငါ့သမီးကလေးဘဲ၊ ဒါကလေးဟာ ငါ့သားကလေးဘဲ၊ ငါ့ညီမလေးဘဲ ဆိုလို့

ရှိယင် အပြောတွင်လားလို့ မေးတဲ့အခါ ကိုယ့်ညီမဖြင့် ကိုယ်ခင်ရမှာဘဲ....(မှန်ပါ့ဘုရား)။

ကိုယ့်သမီးဖြင့် ကိုယ်ပူရမှာဘဲ၊ ကိုယ့်သားဖြင့် ကိုယ်ချစ်ရမှာဘဲဆိုတော့ ကိုယ့်သားလို့ ထင်လိုက်လို့ ချစ်ရမှာဘဲဆိုတဲ့ တဏှာက နောက်ကလိုက်တာဘဲ....( မှန်ပါ ) ကိုယ့်သားဆိုတဲ့ ဒိဋ္ဌိက ရှေ့သွားလို့ ချစ်ရမှာဘဲဆိုတဲ့ တဏှာက နောက်ကလိုက်တာ...(မှန်ပါ) သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ_ဒါဖြင့် ဒိဋ္ဌိနဲ့ တဏှာ ဘယ်သူက ရှေ့သွားသတုံး .... ( ဒိဋ္ဌိကရှေ့သွားပါတယ်ဘုရား )ကဲ.... ဒါဖြင့် ဒိဋ္ဌိပြုတ်တော့ တဏှာချည့် အပါယ်မရောက်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ)ဒိဋ္ဌိပြုတ်တော့ တဏှာက အပါယ်ပို့သေးရဲ့လား.... (မပို့ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိနဲ့ တဏှာ ဘယ်ဟာအယင်သတ်ကြမယ် .... (ဒိဋ္ဌိအယင်သတ်ရပါမယ်ဘုရား)ကဲ_ဦးမြ ရှင်းသွားပြီ_ (ရှင်းပါပြီဘုရား)။

ရှင်းသွားတော့ တကာတကာမတွေ ဝတ္ထုအသာထားပြီး သကာလ ခြေဘ်....ဆရာဘုန်းကြီးက ရှေ့ထားရမည့်အရေးကို ရှေ့ထားပါ ဆိုတာကလေးကို ရှေ့ထားနည်းကလေးကိုပြပေးတော့မယ်လို့ မောင်မြင့် မှတ်ရမယ်_(မှန်ပါ့ဘုရား)။

ဘာပြမလဲ....(ရှေ့ထားနည်းပြပါမယ်ဘုရား)ရှေ့ထားနည်းပြပေးမယ်နော်....(မှန်ပါ) ဘာ့ကြောင့်တုံး ဆိုတော့ ဘုန်းကြီးမပြလို့ရှိယင် ခင်ဗျားတို့ ဘယ်အခြေအနေရောက်သွားမတုံးလို့ မေးတဲ့အခါကျတော့ ဘုရားကလဲ သူတို့ ဒီလိုဖြုတ်ဘို့ဟာ ရင်ဝ

လှ နဲ့ထိုးလိုက်တဲ့အခါ မြန်မြန်ရှောင်သလို ဦးခေါင်းမီးလောင်တဲ့အခါ တပြာကရာ ပွတ်ခြေသလို ဒီ့ထက်မြန်မြန်ကလေးလုပ်ပါ ဆိုတော့ ဘုန်းကြီးက ဗီဟာကို အဟော နောက်ကျနေမယ်၊ ခင်ဗျားတို့ကလဲ မသိလို့ မသိသလိုနေမယ် ဆိုလို့ရှိယင် ဒါ ဆရာပြစ်သင့်ပါတယ်....(မှန်ပါ) မသင့်ဘူးလား....(သင့်ပါတယ် ဘုရား)။

ဆရာဆိုတာ မကောင်းရာပယ်- ကောင်းရာညွှန်ကြားရမှာကိုး (မှန်ပါ) ဒါ ဆရာ့တာဝန်....( မှန်ပါ ) ခင်ဗျားတို့တာဝန်က ဘာတုံး- ညွှန်ကြားတဲ့အတိုင်း မလိုက်မှ ခင်ဗျားတို့အပေါ် အပြစ်ရောက်တာကိုး... (မှန်ပါဘုရား)။

အဲဒီတော့ ဒီတရားကို ဦးမြတို့၊ ဦးအောင်ဇံဝေတို့ကဘဲ အကဲခတ်တာပေါ့၊ အယင်ဟောရမည့် တရားလား- နောက်ဟော ရမည့်တရားလား.... (အယင်ဟောရမည့် တရားပါဘုရား) ပေါ် ကြပလား တကာတကာမတို့....(ပေါ်ပါပြီဘုရား)။

ဒီတရား အယင်ဟောရမှာလား- နောက်မှ ဟောရမှာပါ ဘုရား) မဟောယင် ဆရာ့ဝတ္တရားပျက်- မပျက်(ပျက်ပါတယ် ဘုရား) မလိုက်နာယင် ဘယ်သူပျက်သတုံး ... (တပည့်ဝတ္တရား ပျက်ပါတယ်ဘုရား)။

မလိုက်နာယင် တပည့်ဝတ္တရားပျက်တယ်၊အဟောနှေးနေယင် ဆရာ့ဝတ္တရားပျက်တယ်ဆိုတာ ကျေနပ်ပလား... (ကျေနပ်ပါပြီ ဘုရား)။

အဲဒါကြောင့် ဆရာ့ဝတ်တော့ အပျက်အပျက်မခံနိုင်ပါဘူး ဆိုတာကိုလဲ တရားဟောတယ်ဆိုတာ သနားလို့ ဟောတာ

ဖြစ်လေသောကြောင့် ဦးမြ ဒါအယင်ပြောတော့မှာဘဲနော် .... (မှန်ပါ) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား) အယင် ပြောလိမ့်မယ်ဆိုတာ တကာတကာမတွေ မှတ်လိုက်ပါ- (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဘုန်းကြီး သင်ထားပါတယ်၊ နေ့လည်ကဘဲ ဦးမြတို့ စာနဲ့ရေးလိုက်တယ်၊ ဦးနေဖူးကြီးလဲ စာရေးပေးလိုက်တယ်-နော်... (မှန်ပါ)။

စိတ်ကလေးတွေ ရေးပေးလိုက်တယ်၊ မြင်တယ်၊ မြင်စိတ်ကလေးကို ကြည့်ပါ... တဲ့၊ မြင်စိတ်ကလေးဟာ ဘာတုံးဆိုတာ ကြည့်ပေးပါဆိုတော့ မြင်တဲ့စိတ်ကလေးကို ဦးမြက ကြည့်လိုက် ဦးနေဖူးက ကြည့်လိုက်၊ ကြည့်တဲ့စိတ်လာယင် မြင်စိတ်ရှိ့မရှိ.... (မရှိပါဘုရား)။

ဘယ်နှယ်ကြောင့် မရှိပါလိမ့်မတုံးမေးတော့ ငါလဲ မဟုတ်လို့, ငါ့ဥစ္စာလဲ မဟုတ်လို့ တားလို့မရဘူးဘုရာ့၊ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ငါကော....(မဟုတ်ပါဘုရား) ငါ့ဥစ္စာကော.... (မဟုတ်ပါဘုရား) ငါလဲ မဟုတ်, ငါ့ဥစ္စာလဲ မဟုတ်လို့ တားမရဘူးဆိုတော့ ဩော်....ကြည့်လိုက်တော့ မရှိတာကလေး တွေ့လိုက်လို့ရှိယင် ငါ-ငါ့ဥစ္စာ မဟုတ်တာ သေချာသွားတယ်.... (မှန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ငါ—ငါ့ဥစ္စာဖြုတ်ချင်လို့ရှိယင်ဖြင့် ဘုန်းကြီးရေးပေးတဲ့ ဆဲ့နှစ်ချက်ကို လှည့်ကြည့်နေလို့ ရှိယင်

ဒါ-ဘာလုပ်နေတာတုံးမေးတော့ အပါယ်ငရဲမျိုးစေ့ကို ခင်ဗျား တို့ နှင်ထုတ်နေတာဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဘာနှင်ထုတ်တာပါလိမ့်... (အပါယ်ငရဲမျိုးစေ့ကို နှင်ထုတ် တာပါဘုရား)။

အပါယ်ငရဲမျိုးစေ့ကို နှင်ထုတ်နေတယ်ဆိုတော့ နောက်က ဟိုလူငယ်တွေ မောင်အောင်ချို့တို့ လူစု၊ မောင်မြင့်တို့ လူစု သြော်...ဒါကလေးဟာ အလွယ်သားဘဲ၊ သူ့အယင်ထုတ်လိုက် ယင် ဒို့ .... ဘာကြာမတုံးဆိုပြီး အယင်သာ ထုတ်ပစ်လိုက်.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါ... ခဲယဉ်းတဲ့အလုပ်လားတဲ့၊ ကြည့်တတ်လို့ရှိယင်ဖြင့် မရှိ တာ သိမှာဘဲ....(မှန်ပါ)။

ကဲ... မြင်တဲ့စိတ်ကလေး ပေါ်လာပြီ၊ မီးမြင်မြင်၊ ဘာမြင်မြင် မြင်တဲ့စိတ်ကလေးဟာ မျက်လုံးထဲ ပေါ်မှာဘဲ... ( မှန်ပါ ) ပေါ်တာကလေးကို ဦးမြကြီး သူ့သဘောကို ဆုံးအောင်ကြည့် စမ်း၊ နောက်ကနေ ဉာဏ်နဲ့ ကြည့်လိုက်စမ်းဆိုတော့ ဘာတွေ့ရ မယ်ထင်သတုံး ခင်ဗျားတို့.... (ဖြစ်တာနဲ့ ပျက်တာ တွေ့မှာပါ ဘုရား)ဖြစ်တာနဲ့ပျက်တာကို တွေ့တော့ ဖြစ်တာကိုလဲ ခင်ဗျား တားလို့ ရသလား.... ( မရပါဘုရား ) ပျက်တာကိုကော.... (တားလို့မရပါဘုရား) ဒါဖြင့် ငါ၊ ငါ့ဥစ္စာမဟုတ်လို့ပေါ့ဗျ (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် .... ( ငါ၊ ငါ့ဥစ္စာ မဟုတ်လို့ပါ ဘုရား) ငါဖြစ်လို့ရှိယင် ငါ့သဘောအတိုင်း သူတည်တံ့နေရ

မယ်....(မှန်ပါ့) ငါ့ဥစ္စာဖြစ်လို့ရှိယင် ကိုယ်သိမ်းပိုက်ထားလို့ ရရမယ်....(မှန်ပါ့)ဒီလို ရရဲ့လား....(မရပါဘုရား)။

မရတော့ ဒီတချက်မြင်လိုက်လို့ရှိယင်ဘဲ ဩော်-ငါ့,ငါ့ဥစ္စာ မဟုတ်ကြောင်းကို သိပြီ၊ ဒါ ကိုယ့်ခန္ဓာဘဲ၊ ဒါ ဝိညာဏက္ခန္ဓာ ခေါ်တယ်....(မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာကို ငါ့,ငါ့ဥစ္စာ မဟုတ်ကြောင်း သိတာပေါ့... (မှန်ပါ့ဘုရား)။

ကဲ... မောင်အောင်ချိ ခဲယဉ်းသလား.... (မခဲယဉ်းပါဘုရား) မောင်မြင့်တို့ ခဲယဉ်းသလား....(မခဲယဉ်းပါဘုရား) ကြိုးစားလုပ်လိုက်ပါ၊ ဒါကလေးကို ရှေ့ထားပြီးတော့ ( မှန်ပါ့ဘုရား )။

နောက်က တကာတကာမတွေ ဘာတဲ့တုံး... (ကြိုးစားလုပ်ရပါမယ်ဘုရား) ဆင်ခြေမလဲနဲ့နော်၊ ဆင်ခြေလဲလို့ရှိယင် ငရဲမျိုးစေ့ ကြီးပွားပရစေဦးဆိုတာနဲ့ ဦးမြ .. ( အတူတူပါဘုရား ) အတူတူဘဲ ဦးအောင်ဇံဝေရ .. (မှန်ပါ့ဘုရား)။

ငရဲမျိုးစေ့ ကြီးပွားလေလေ ငရဲသက်ရှည်လေလေဆိုတော့ ငရဲဆိုတာ အပြောသာ ငရဲနော်· တကယ်ရောက်သွားတဲ့ အခါကျလို့ရှိယင်ဖြင့် ရောက်သည်နဲ့ တပြိုင်နက်တည်း အင်မတန် ရဲရဲတောက်တဲ့ သံပြားအပူကြီး အပေါ်မှာ ငရဲသားတွေက ဆွဲလှဲ့တာဗျ....(မှန်ပါ့)သဘောကျပလား....( ကျပါပြီဘုရား )။

ဆွဲလှဲ့ပြီးတော့မှ လက်တွေဘာတွေ တခါတည်း အင်မတန် ပူလှတဲ့ ရဲရဲတောက်သံပူကြီးတွေနဲ့ အောက်သံပြားနဲ့ သူနဲ့ တခါတည်း ကျုပ်တို့ သံမှိုတေသလို တေတာဗျ .... ( မှန်ပါ့ ) ခံနိုင်ရည်ရှိပါ့မလား....(မရှိပါဘုရား)။

ဒါငရဲအိုးထဲ မချောင် ဖြစ်ရဘဲ့အဖြစ်၊ရောက်သွားဘဲ့ပုဂ္ဂိုလ်မှာ (မှန်ပါ့) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) ခြေနော

လက်ရော အကုန် ဗိုက်ပါ ဖေါက်တေလိုက်တာဘဲ .... (မှန်ပါ ဘုရား)။

တကာတကာမတို့ ဒီကနေ တွေးကြည့်ယင်ဘဲ ကြက်သိမ်းထေ စရာကြီးပါ....( မှန်ပါ ) ဒါက ဒီပြင်ငရဲတွေကို စီရင်ချက်ချ ပြီးတော့ ဒီပြင်ငရဲတွေ မပို့သေးပါဘူး၊ ကျင်ကြီးငရဲကြီးများ ပို့လိုက်တယ်ဆိုယင်ဖြင့် အပ်သွားလောက်ရှိတဲ့ ပိုးကောင်တွေ ကျင်ကြီးပိုးတွေက တခါတည်း ရိုးတွင်းချဉ်ဆီဖေါက်စားတာဗျ အသားတွေ အကုန်ဖေါက်ပြီး ရိုးတွင်းချဉ်ဆီ အကုန်စုပ်ယူတာ၊ ခံနိုင်ရည်ရှိပါ့မလား....(မရှိပါဘုရား)။

အဲဒါတွေကလဲ တတွင်းလုံး ပြည့်နေတဲ့အထဲ ပစ်ချလိုက်တာ ဆိုတော့ မောင်ဇာဝ ခံနိုင်ရည်ရှိပါ့မလား- မရှိဘူးကွ....(မှန်ပါ) မောင်မြင့်ကော....( မရှိပါဘုရား ) နောက်က တကာ တကာမ တွေ.... (မရှိပါဘုရား)။

အဲဒါ့ကြောင့် ငရဲ ဘာကိစ္စရှိသတုံးလို့များ သွားပြီး လုပ် မနေနဲ့နော်....၊ သွားပြီး လုပ်မနေကြနဲ့ အပျော်စကား ပြော မနေနဲ့....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) မွေးတနေ့ သေတနေ့တွေ လုပ်မနေနဲ့...၊ တကယ်တမ်း ချလိုက်တဲ့ အခါ မခံနိုင်ဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

ဒီငရဲမဖြုတ်လို့ ပြိတ္တာဘုံကြီးများဖြစ်တဲ့ အခါကျတော့ ဦးမြ ကြောက်စရာ ကောင်းလိုက်တာ ပြိတ္တာ ဖြစ်နေတာ.... (မှန်ပါဘုရား) လူကတော့ အတောင်သေးဆယ်လောက်ရှိတယ်၊ ဂင်္ဂါမြစ်နားမှာ သွားဖြစ်တယ်၊ ပါးစပ်ပေါက်ကတော့ အပ် ဖျားကလေးလောက်ပါတယ်၊ လုံးပတ်ကလဲ သစ်တုံးကြီးလောက် ဘဲ ရှိတယ်။

မနက် ရဟန်းတွေ ဆွမ်းခံသွားတော့ ဒါကြီး တွေ့တယ်၊ တကာကြီး ဘာလုပ်မလို့တုံး ဒီအနားမှာဆိုတော့ တပည့်တော် ရေသောက်ချင်လွန်းလို့ဘုရား....တဲ့၊ ဟိုမှာ မြစ်ကြီးဗျ၊ ခင်ဗျား မမြင်ဘူးလားလို့မေးတော့ အရှင်ဘုရား.... တပည့်တော် ဆင်း သွားယင် ဖုတ်တထောင်းထောင်းထတယ်လို့ လျှောက်တယ်။

ကိုင်း....ဒါ....ပြတ္တာရှိသေးတယ်....(မှန်ပါ့) သူဆင်းသွားယင် ဘာတဲ့တုံး-(ဖုတ်တထောင်းထောင်းထပါတယ်ဘုရား) ဒီအထဲက အကုန်ဘေးရှဲပြီးတော့မှ ကြားထဲ ဖုတ်တထောင်းထောင်းထတာ ကြီး မြေပေါ်လာတာဘဲ၊ သဘောကျကြပလား.... (ကျပါပြီ ဘုရား)။

ဒါနဲ့ တပည့်တော် ဒီလိုမြစ်ကြီးမြင်ပါရဲ့ဘုရာ့ မသောက် ရဘူးပြောတာ၊ ဒါနဲ့ တပည့်တော်လှဲအိပ်နေလိုက်တယ်။
ဒါဖြင့် တကာကြီး ခင်ဗျား ပက်သက်လှန်နေဆိုပြီး ရဟန်း လေးဆယ် မနက်ခြောက်နာရီလာက်က သပိတ်တွေနဲ့ ရေ လောင်းကြတာ သူ့ပါးစပ်ကလေးထဲ ၇-နာရီလောက်ရှိတော့ ရဟန်းတွေကလဲ ဆွမ်းခံချိန်ရောက်လာတော့ ခင်ဗျားသက်သာရာ ရပလား နည်းနည်းများစိုပလားတဲ့ ပါးစပ်ထဲပေါ့သေ-(မှန်ပါ့ ဘုရား)။

အရှင်ဘုရား.... ရှင်းရှင်းဘဲ တပည့်တော်သစ္စာဆိုပရစေ၊ အရှင် ဘုရားတို့ အခု ရဟန်းလေးဆယ် တနာရီခန့် လောင်းတယ်၊ တပည့်တော်ပါးစပ်ထဲကို ရေလောင်းကြတယ်၊ အပ်ဖျားကလေး လောက်ဝင်လို့ရှိယင် တပည့်တော် ဒီ-ပြိတ္တာဘဝမှလွတ်ရပါလို၏

ဒီအတိုင်း ပြောတာဘဲ .... ( မှန်ပါ ) အကျိုးပေးကျတော့ ခံနိုင်ပါ့မလား ကဲ...(မခံနိုင်ပါဘုရား)။

အဲဒီတော့ ငရဲ ဘာကိုစွရှိသတုံးလို့ များ သွားမလုပ်နဲ့ဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

အဲဒါယောက် ဆိုးဝါးပါတယ်၊ အဲဒါ မျိုးစေ့ကလေး မပျောက်လို့ သွားဖြစ်ရတာ....(မှန်ပါ)။

ဦးမြ ငါ-ငါ့ဥစ္စာကလေး မပြုတ်လို့.... (မှန်ပါ) သဘော ကျကြပလား.... (ကျပါပြီဘုရား) ဘာတဲ့တုံး.... (ငါ-ငါ့ဥစ္စာ မပြုတ်လို့ပါဘုရား)။

ငါ-ငါ့ဥစ္စာ မပြုတ်ဘော့ကိုတဲ့ ဒီ-အပါယ်သွားကျတယ်၊ ငါ့- ဘယ်လိုမှတ်လို့တုံး ဆိုတော့ အကုသိုလ်လုပ်ဖြစ်ခလား မလုပ်ဖြစ်သေးဘူးလား....(လုပ်ဖြစ်ပါတယ်ဘုရား)။

ငါ့ ဘယ်လိုအချိုးအစားမှတ်လို့တုံး ငါ-ဘယ်လိုအောက်ကျ နောက်ကျမှတ်လို့တုံး၊ ငါ့ ပစ္စည်းမဲ့လူတန်းစား မှတ်လို့လား ကျောမဲ့မှတ်လို့လား....၊ သူကလာတဲ့ ရန်ဖြစ်တာတွေ...(မှန်ပါ ဘုရား)။

ရန်ဖြစ်တာဟူသ၍, ကြွားတာ-မော်တာဟူသ၍ ဘယ်ကလာ တာတုံး...(ဒိဋ္ဌိကလာတာပါဘုရား) ဒီ-ငါကလာတာချည့်ဘဲ.... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့ ဟုတ်-မဟုတ် ဦးမြတို့ ဆုံးဖြတ်ချက်ချ စမ်း....(ဟုတ်ပါတယ်ဘုရား) ရှင်းကြပလား....(မှန်ပါ)။

ဒါဖြင့် ဒါကလေးကို အခုမြင်စိတ်ကလေးကို တကာတကာမ တွေ့ကို ရေးပေးထားတယ် ဘုန်းကြီးက၊ ဒါကလေးရှိ·မရှိကြည့် ရုံပါဘဲဆိုတော့ ဦးမြကြည့်ဘို့ ခက်သလား .... ( မခက်ပါ ဘုရား)

နောက်ကနေ ဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့ သူကတော့ မြင်မှာဘဲ ရှေးဦးစွာ၊ ဒီ မြင်စိတ်ကလေး ရှိ-မရှိ နောက်ကနေ ကြည့်လိုတ်တဲ့အခါကျတော့ မျက်လုံးထဲ ဉာဏ်လှည့်လိုက်တယ်၊ ဝမ်းထဲကဉာဏ်က မျက်လုံးဘက်လှည့်လိုက်တယ်၊ ဘာတွေ့မယ် ထင်ကြသလဲ.... (ပျက်သွားပါတယ်ဘုရား) မရှိတာဘဲတွေ့မယ်၊ ဖြစ်ပျက်သွားတာဘဲသူ့မှာ၊ ဖြစ်ပျက်သွားတော့ သူ့မှာရှိသေး ရဲ့လား....(မရှိပါဘုရား) ဒီတော့ မရှိတဲ့အနိစ္စကလေး သူ·မမြင် ပေဘူးလား....(မြင်ပါတယ်ဘုရား)။

အနိစ္စသည်ကားလို့ဆိုယင် ဖြစ်ပြီး မရှိတာကို ခေါ်တော့ ဩော်... ငါမဟုတ်လို့ မရှိဘဲဖြစ်သွားတာဘဲ၊ ငါ့ဥစ္စာမဟုတ်လို့ ပျောက်ပျက်သွားတာဘဲဆိုတာကလေး ဉာဏ်က အထူးလိုက်ဘို့ လိုသေးသလား.... ( မလိုပါဘုရား ) မောင်ဇဝိဝရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကလေးဟာ ငါ·ငါ့ဥစ္စာဟုတ်နေလို့ရှိယင် ကိုယ်ခန္ဓာဘဲ၊ ကိုယ့်ခန္ဓာ ဖြစ်ခဲ့လို့ရှိယင်ဖြင့် ငါ·ငါ့ဥစ္စာ ဆိုလို့ရမှာပေါ့၊ အခုတော့ ရှုရင်းမတ္တနဲ့ဘဲ ဦးအောင်ဇံဝေ ပျောက်ယွက်သွား တယ်....(မှန်ပါ့) ဒါဖြင့် ငါ·ငါ့ဥစ္စာ ဟုတ်·မဟုတ်....(မဟုတ်ပါ ဘုရား)။

အဲဒီလို မဟုတ်မှန်းသိသိ သွားယင် ဒိဋ္ဌိပြုတ်တာဘဲ၊ ငရဲမျိုးစေ့ပြုတ်တာဘဲ.... (မှန်ပါ့) တကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မဟုတ်မှန်းသိယင်.... ( ဒိဋ္ဌိပြုတ်ပါတယ်ဘုရား )နောက်က တကာတကာမတွေ....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

မပျော်နဲ့ဆိုသလား· ရှေ့နောက်ခွဲဆိုသလား....(ရှေ့နောက်ခွဲဆိုပါတယ်ဘုရား)။

ကိုယ်လုပ်ဘို့ရာက အရေးကြီးတယ်ဆိုတာ မှတ်ထားရမယ်နော်...(မှန်ပါ့) ဝတ္ထုတွေ အခု ခေမက ထုတ်မှာပါဘဲ၊ရဟန္တာဖြစ်သည်တိုင်အောင် ထုတ်မှာဘဲ၊ ထုတ်ယင် တုတ်ငြားသော်လဲ ဒါ သူများအလုပ်စဉ်၊ ကိုယ်·ကိုယ်တိုင် အတုခိုးပြီးလုပ်ဘို့ရာက တော့ ရှေ့ပိုင်းမှာ ဆရာသမားပြောတာကို သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဥပမာ အခုစိတ်ရှုနေကြတယ်၊ ဝေဒနာရှုနေကြတယ်ဆိုတော့ တပည့်တော်တို့ ဘယ်တော့ ဒီရှုဘို့စခန်းပြီးမှာတုံးဆိုတဲ့ မေးခွန်းလာတယ်နော်.... (မှန်ပါ့) ဘယ်တော့ပြီးမှာတုံးလို့ ဦးမြတို့ မေးဘို့ရာ အကြောင်းရှိတယ်နော်.... ( မှန်ပါ့ဘုရား)။

မေးဘို့ရာ အကြောင်းရှိတော့ ဦးအောင်ဇံဝေကြီးက စိတ္တံ အနိစ္စသညီလို့ ဒီစိတ်ကလေးတခုကို ပြော် .. ဒါကလေးဟာဖြင့် အနိစ္စလို့ဘဲလို့ တခါတည်းမှတ်မိအောင် မှတ်ပါဘဲ့နော်.... (မှန်ပါ့)။

ပေါ်လာတဲ့တရားကလေးကို နောက်ကနေကြည့်တဲ့အခါကျ တော့ ဒါကလေးဟာ စိတ်မဟုတ်ပါဘူး...၊ ကိုယ်တွေ့တာဖြင့် အနိစ္စပါဘဲလို့ ဆိုလို့ရှိယင် ဒါ- မဂ်ဉာဏ်- ဖိုလ်ဉာဏ်နီးပြီလို့ အောက်မေ့လိုက်....(မှန်ပါ့)။

ဦးမြ စိတ်တွေ့နေယင် မဟုတ်သေးဘူးနော်... (မှန်ပါ့)ဘာ တွေမှတုံး....(အနိစ္စတွေ့မှပါဘုရား)အနိစ္စဆိုတဲ့ အပျက်တွေမှလို့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

အနိစ္စာနုပဿီတဲ့ အနိစ္စလို့ကို ရှုပြီး အနိစ္စလို့ကို မှတ်ဖြစ် အောင်မှတ်လိုက်စမ်းပါတဲ့....(မှန်ပါ့)။

ရှေးဦးစွာ အနိစ္စဘဲရှုပြီးတော့ အနိစ္စဘဲ ဒီဥစ္စာကလေးကို မှတ်ဖြစ်အောင်မှတ်ပါ၊ စိတ်လို့မှတ်မနေကြနဲ့ ဝေဒနာလို့မှတ် မနေကြနဲ့နော်...(မှန်ပါ့) ဒါက တခဏနဲ့ နိဗ္ဗာန်ရအောင်လို့ ပြောနေတဲ့တရားလို့ သေသေချာချာမှတ်ကြပါဦးနော်·(မှန်ပါ့ ဘုရား)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးက စိတ်အရှုခိုင်းပြီး စိတ်ပယ်နေ ပါလိမ့်မလဲလို့ ဦးမြတို့ မေးဘို့မလိုဘူးလား.... ( လိုပါတယ် ဘုရား)။

လိုတယ်နော်၊ လိုတော့ကို ခင်ဗျားတို့ရှုတဲ့ဉာဏ်ထဲမှာ ရှုတဲ့ ဉာဏ်ကလဲ စိတ်ဖြစ်နေသောကြောင့် ပြိုင်နိုင်ပါ့မလား....(မပြိုင် နိုင်ပါဘုရား) ရှေ့သွားက ချုပ်မသွားပေဘူးလား... ( ချုပ် သွားပါတယ်ဘုရား) ချုပ်သွားတော့ စိတ်တွေ့သလား မရှိတာ တွေ့သလား အမှန်ပြောကြစမ်းပါ.... ( မရှိတာတွေ့ပါတယ် ဘုရား)။

မရှိတာတွေကတည်းက ဦးအောင်ဇံဝေတို့, ဦးမြတို့လူကြီးတွေက စဉ်းစားတာပေါ့၊ ဩော်....စိတ်အရှုခိုင်းပေမဲ့ စိတ်မရှိမှုကို သိဘို့အရေးကြီးတာပါကလားလို့ ဉာဏ်ပြောင်းပစ်ကြပါ. (မှန်ပါ့)။

စိတ်မရှိမှုကို....(ဉာဏ်ပြောင်းပစ်ရပါမယ်ဘုရား) သိဘို့အရေးကြီးတယ်ဆိုတာကို အားထုတ်မည့် လူတွေလဲ သေသေချာချာ တဲကြရပါလိမ့်မယ်နော်... (မှန်ပါ့)

စိတ်တော့ အရှုခိုင်းတာဘဲ၊ နောက်က တကာတကာမတွေက ဘာအရှုခိုင်းပါလိမ့်....(စိတ်အရှုခိုင်းပါတယ်ဘုရား)။

စိတ်အရှုခိုင်းပေမဲ့ ပဌမတွေတာက ဥပမာမယ် နားထဲမှာဖြစ်တဲ့စိတ်၊ အဲဒါလာယင် ရှုပါဆိုတော့ ဝမ်းထဲက မနောထဲကနေ ရှုရမှာဖြစ်နေတော့ ဒီစိတ်နဲ့ ဒီစိတ်ကလဲ ပြိုင်ဖြစ်ရဲ့လား၊ အရှုခံတဲ့စိတ်နဲ့ ရှုတဲ့စိတ်ကလဲ ပြိုင်ဖြစ်နိုင်ရဲ့လား....(မဖြစ်နိုင်ပါဘုရား) မရှိတာကို ထောက်လိုက်တော့ကို ဩော်.... မရှိတာကို ရှုတဲ့ဉာဏ်က တွေ့မှာဘဲလို့ သေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ဘာတွေ့မယ်ထင်သတုံး.... ( မရှိတာကို တွေ့ပါမယ်ဘုရား ) ဒါဖြင့် ဦးအောင်ဇံဝေတို့, ဦးမြတို့ အကဲခတ်စမ်း၊ စိတ် အရှုခိုင်းငြားသော်လဲ တပည့်တော်တို့ ဘာတွေ့မှ အမှန်ရောက်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘာတွေ့မှတုံး.... (မရှိတာတွေ့မှပါဘုရား)မရှိတာတွေ့မှ အမှန်ရောက်တယ်ဆိုတာ ဒီနေ့ တရားပွဲမှာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အားလုံး ရှုတဲ့ပုဂ္ဂိုလ်တွေနော် မရှိတာတွေဘို့ အရေးကြီးပါတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

စိတ်ဆဲ့နှစ်မျိုး ပေးထားပြောသော်လဲ ဦးအောင်ဇေဝေတို့ ဘာတွေဘို့ အရေးကြီးသတုံး.... (မရှိတာတွေဘို့ အရေးကြီးပါတယ်ဘုရား) ဦးမြကြီး ဘာတွေဘို့ အရေးကြီးသတုံး....(မရှိတာတွေဘို့ အရေးကြီးပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ရှိတာတွေနေသေးယင် လိုရင်းလမ်းမှန်သို့ မရောက်သေးဘူးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဦးမြ ရှိတာတွေနေသေးယင်.... ( လမ်းမှန် မရောက်သေးပါဘုရား) ရှိတာတွေနေသေးယင် မပြိုင်နိုင်တာ, ပြိုင်မဖြစ်နိုင်တာ ပြိုင်ဖြစ်တဲ့အခိပ္ပါယ်ရောက်တယ်....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဥဒယဗ္ဗယဉာဏ်ဆိုတာ ဘာတုံးဘုရား·လို့ စောဒကတက် မေးကြလို့ရှိယင် ဩော်.... ဒီနေရာဖြစ်ပြီး ဒီနေရာ ပျက်သွားသကိုးလို့ ဉာဏ်ရောက်တာကို ဆိုတာပါ....(မှန်ပါ့ဘုရား) သူ့ကို တကယ် မြင်လိုက်တာကတော့ မရှိတာသိတာပါဘဲ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတွေကြသတုံး....(မရှိတာတွေကြပါတယ်ဘုရား) မရှိတာတွေတာပါဘဲလို့ မှတ်လိုက်စမ်းပါ။

အနိစ္စသညီ၊ ဒါ·မရှိတာကလေးဟာ အနိစ္စလို့သာမှတ်လိုက်၊ အနိစ္စာနုပဿီ....တဲ့ အနိစ္စလို့ဘဲ ခင်ဗျားတို့က သိပေး၊ အနိစ္စလို့မှတ်,အနိစ္စလို့သိ· တလုံးတည်းကိုနော်....(မှန်ပါ့)။

မောင်အောင်ချိတို့ မောင်မြင့်တို့က အရေးကြီးတယ်ကွ လုပ်မည့်လူတွေ.... (မှန်ပါ) အနိစ္စလို့သာ ရှေးဦးစွာမှတ်လိုက်၊ မရှိတာကလေးဟာ အနိစ္စလို့ဘဲမှတ်· အနိစ္စလို့ဘဲ သိလိုက်တော့ (မှန်ပါ)။

သတတံ....တဲ့၊ ဒါကလေးဟာ အမြဲတွေ့ဘဲ အရေးကြီးတယ်ဟေ့.... (မှန်ပါ) သတတံ=အမြဲ၊ သမိတံ=မပြတ်တဲ့၊ မပြတ်အောင် တွေ့နေဘို့ အရေးကြီးတယ်....တဲ့။

အညေဟိ အသမ္ဘိန္နံ....တဲ့၊ ဒါကလေး ပြောချင်လို့ ဦးမြ ဒီစကား စလာတယ်နော်....(မှန်ပါ) အညေဟိ=တပါးသော တရားတို့နဲ့၊အသမ္ဘိန္နံ=မရောဘူးတဲ့၊ ဒီအပျက်ကလေးနဲ့ မင်းတို့ ရှုနေဘဲ့တရားကလေး ကြားထဲမှာ ဘာမှ မရောစေနဲ့တဲ့၊ ကြားမခိုစေနဲ့လို့ ဆိုလိုက်ပါတယ်....(မှန်ပါ)။

အညေဟိ= တပါးသောတရားတို့နှင့်၊ အသမ္ဘိန္နံ= မရောစေနဲ့....တဲ့၊ အနိစ္စလို့ သိ· အနိစ္စလို့ မှတ်· အနိစ္စလို့ ရှုနေတဲ့ အထဲမှာ တပါးသော တရားကလေး မောင်မြင့် ကြားမဝင်စေနဲ့တဲ့နော်....(မှန်ပါ)။

တပါးသောတရားဆိုတာ လောဘကလေး ကြားမဝင်စေနဲ့၊ ဒေါသကလေး ကြားမဝင်စေနဲ့....၊ တခြားသော စိတ်ကလေး ကြားမဝင်စေနဲ့ဆိုတာ ဦးအောင်ဇံဝေတို့က မှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

သတတံ=အမြဲ၊ သမိတံ= မပြတ်၊ အသမ္ဘိန္နံ= တပါးသောစိတ်နှင့် မရောမူ၍၊ (ဝါ) တပါးသောစိတ် မခြားမူ၍တဲ့၊

စေတသာ အဓိမုစ္စမာနော...တဲ့၊ စေတသာ = ခင်ဗျားတို့ရှိတဲ့ စိတ်နဲ့....၊ အဓိမုစ္စမာနော = နှလုံးသွင်းလျက်၊ ဒါကလေးဘဲ ဒါ.... အနိစ္စမှတပါး ဘာမှ မဟုတ်ဘူး၊ အနိစ္စအစစ်ဘဲလို့သာ နှလုံးသွင်းနေပါတဲ့ ပေါ်တိုင်း ပေါ်တိုင်း ကြားလဲ မခြားစေနဲ့ (မှန်ပါ့)။

ဒီလိုဆိုလို့ရှိယင်ဖြင့် ပညာယ ပရိယောဂါဟမာနော....တဲ့၊ ပညာကလေးနဲ့ လဲ ဟုတ်သားဘဲ၊ မရှိတာကလေး တွေ့လိုက်တာဘဲ၊ စိတ်အရှုခိုင်းတာ၊ ဘုန်းကြီးကတော့ စိတ်အရှုခိုင်းတာ၊ ဘုရားကလဲ စိတ္တာနုပဿနာလို့ ဟောတော်မူတယ်၊ ကိုယ်ရှုတော့ မရှိတာဘဲ တွေ့တယ်လို့ ရှုတဲ့ပုဂ္ဂိုလ်တွေက ဒီအတိုင်းတွေ့ကြလို့ ရှိယင်ဖြင့် ဦးအောင်ဇေဝ နည်းလမ်းမှန်ကျပြီလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) နည်းမှန်လမ်းမှန်ကျပြီလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ....(မှန်ပါ့)။

ဒီလိုမျိုး ရှုယင်ဘုရား တပည့်တော်တို့ ဘယ်တော့ အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပတ္တိမဂ်ရမှာတုံးဆိုတဲ့မေးခွန်း ထုတ်လို့ရှိယင်ဖြင့် "ဒိဋ္ဌေဝ ဓမ္မေ" တဲ့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဒီပါဠိဆက်လာတာဘဲ၊ အခုကို ရပါတယ်ကွတဲ့၊ တပါးသော တရားသာ ကြားမခိုစေပါနဲ့။

ဦးမြကြီး ဘာတဲ့တုံး—(အခုကိုရပါတယ်ဘုရား) အခုရတယ်၊ ဘယ်သူမခိုမှတုံး—( တပါးသောတရား ကြားမခိုမှပါဘုရား ) အနိစ္စနဲ့ ရှုတဲ့ဉာဏ်နဲ့ ကြားထဲမှာ မောင်မြင့် တပါးသောတရား ကြားမခိုစေနဲ့တဲ့....(မှန်ပါ့) ရိပ်မိပလား....( ရိပ်မိပါပြီ )မောင်အောင်ချိကော.... (ရိပ်မိပါပြီဘုရား)။

ဝင်ယင် ကြာမှာစိုးလို့ ဘုရားက .... ( မှန်ပါ ) ဦးမြကြီး ကြားခိုယင်.... (ကြာမှာစိုးလို့ပါဘုရား)။

ကြာမှာစိုးလို့ဆိုတော့ "ပညာယ ပရိယောဂါဟ မာနော" (မှန်ပါ) "ယော အာသဝါနံ ခယာ"ကွတဲ့၊ အိုဒီပုဂ္ဂိုလ်ဟာ အာသဝကုန်ပါတယ်ကွတဲ့ ဆိုတော့ ဒိဋ္ဌာသဝ အယင်ကုန်မှာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

"ဒိဋ္ဌေဝဓမ္မေတဲ့" ငါဘုရားကွာတဲ့ သဗ္ဗညုတဉာဏ်နဲ့ အမှန်အစစ်ကို ပြောနေပါတယ်၊ ဒိဋ္ဌဓမ္မရမှာပါ၊ မင်းတို့ ဘာမှ သံသယမရှိပါနဲ့၊ ကေန်တကယ်ကို ရမှာ အခုဘဲ ရမှာပါဘဲလို့ ရဲဝံ့စွာ ဘုရားတာဝန်ခံတာ ဒီပါဠိတော်ဘဲ....(မှန်ပါဘုရား)။

အဲဒီတော့ ဒီပါဠိတော်မှာ အခုဘုရားနာနေတဲ့ ပုဂ္ဂိုလ်တွေ အရေးအကြီးဆုံး အချက်ကို ဘုန်းကြီး ပြောရလို့ ရှိယင် ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ဘို့ရာဟာ ဦးမြ အရေးအကြီးဆုံးဘဲ.... (မှန်ပါ) ကြားထဲမှာ ခြားဘို့လိုသေးသလား- မလိုဘူးလား .... (မလိုပါဘုရား)မခြားယင် ဒီတနာရီအတွင်းမှာဘဲဦးအောင်ဇံဝေ ရနိုင်တယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့ ကြာနေတယ်ဆိုတဲ့ ဥစ္စာက ဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ အနိစ္စနဲ့ မဂ္ဂနဲ့ဟာ ကိုက်တဲ့အခါလဲ ကိုက်တယ်၊ မကိုက်တဲ့ အခါလဲ တခြားသောစိတ်က ကြားဝင်ခိုနေတယ်၊ ရှုတဲ့ဉာဏ်က နောက်ကျနေတယ်....( မှန်ပါ ) အဲဒီလိုဆိုလို့ရှိယင် တာဝန်မခံနိုင်ဘူး၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာနော်....(မှန်ပါ) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒီနေ့ ထိုင် လို့ မကောင်းပါ ဘူး ဘုရား ဆိုတဲ့ဥစ္စာ ဦးမြ ရိပ်မိပလား....(ရိပ်မိပါပြီ) ကိလေသာ ကြားခိုတာ .... (မှန်ပါ့ ဘုရား)။

ဦးအောင်ဇေ၀ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး (ကြားခိုတာပါဘုရား) ကြားခိုတာ ဘယ်သူတုံး- ကိလေသာ ပေါ့ဗျာ....(မှန်ပါ့) လောဘခို့, ဒေါသခို့, မောဟခို၊ တနည်းအားဖြင့်လဲ ခင်ဗျားတို့ ဣဿာခို့,မစ္ဆရိယခို့,မာနခို့, သောကခို့, ပရိဒေဝတွေခိုလို့ ရှိယင်လဲ ဒါဒီနေ့တော့ ဒိဋ္ဌသဝဟာ ကျန်နေမှာဘဲ၊ ဦးမြ မကျန်ပေဘူးလား... (ကျန်ပါတယ်ဘုရား)။

ဒါဖြင့် ကျကျနန မှတ်စမ်းပါတဲ့၊ရီကော်ဒါထဲမှာလဲ ဒါဘယ် ရောက်ရောက် သိရအောင်လို့၊ အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်ဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး .... (အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်ဘို့ အရေးကြီးပါတယ် ဘုရား) အနိစ္စဆိုတာက ရှေ့က ပျောက်ပျက်သွားတာ(မှန်ပါ့) မဂ္ဂဆိုတာက ပျောက်ပျက်တယ်လို့ သိလိုက်တာ .... (မှန်ပါ့ ဘုရား)။

ပျောက်ပျက် သွားပြီဟေ့- ပျောက်ပျက်သွားပြီ ဟေ့လို့ သိလိုက်တာက ဘာပါလိမ့်....( မဂ္ဂပါဘုရား ) ပျောက်ပျက် သွားတာက... (အနိစ္စပါဘုရား)။

အဲ-ပျောက်ပျက်သွားတာက အနိစ္စ၊ပျောက်ပျက်သွားပြီလို့ သိလိုက်တာက....( မဂ္ဂပါဘုရား ) ဆိုတော့ ဟိုက ပျောက်ပျက် တာနဲ့ ဒီသိတာနဲ့ ကြားထဲမှာ ဘာမှမရောလို့ရှိယင် တနာရီ

အတွင်းဘဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်ပါတယ်.... (မှန်ပါ့ဘုရား) ဒီလိုချည့် ဆက်သွားပါ....(မှန်ပါ့ဘုရား)။

"သတတံ သမိတံ" သတတံ=အမြဲ၊ သမိတံ=မပြတ်၊ အဗ္ဗောကိဏ္ဏံ=တပါးသောတရား မရောမူ၍၊ အညေဟိအသမ္ဘိဿံ-လို့ အဋ္ဌကထာဆရာဖွင့်သောကြောင့် တပါးသောစိတ် မရောဘဲနဲ့ ခင်ဗျားတို့ ကြိုးစားကြမယ် ဆိုယင်တော့ တနာရီ အတွင်းဖြင့် အရောကို မခံဘူးကွ၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ မျက်လုံးက ဖြစ်ပျက်လာလဲ ဖြစ်ပျက်နဲ့ ဉာဏ်မဂ်နဲ့ ကိုက်အောင်လုပ်မယ်၊ အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်အောင်လုပ်မယ်၊ နားပေါ်လို့ ရှိယင်လဲ နားကဟာနဲ့ မဂ္ဂနဲ့ ကိုက်အောင် လုပ်ရမယ်၊ ရှူစိတ်,ရှိုက်စိတ်ကို ရှုနေလို့ ရှိယင်လဲ ရှူစိတ်,ရှိုက်စိတ် အပျက်နဲ့ မဂ်နဲ့ကိုက်အောင် လုပ်မယ်ဆိုယင် ဦးအောင်ဇေယျ ဒီတနာရီအတွင်းမှာ ခင်ဗျားတို့ အဓိဋ္ဌာန်လုပ်ကြည့်ပါ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ တုံးဆိုလို့ ရှိယင် အညေဟိ အသမ္ဘိဿံ တပါးသောတရားမရောလို့ရှိယင် ဒိဋ္ဌေဝဓမ္မေဘဲ အခုခဏချင်းဘဲရမယ်ကွတဲ့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော် .... ဒါဖြင့် ဆရာကောင်း, သမားကောင်းမတွေ့တဲ့ ပုဂ္ဂိုလ်များ ဖြေးဖြေးရမှာဘဲဆိုတဲ့ အသွားဟာ အတော်မှားတယ်၊ ဒီပါဠိတော်တွေ မတွေ့လို့ဖြစ်နေတာ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ သြော် —— အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်လို့ရှိယင်ဖြင့် သောမာတို့စတဲ့ အမျိုးသမီးတွေဟာ အနိစ္စနဲ့

မဂ္ဂနဲ့ ကိုက်တာဟာ နဂိုရ်ကလဲ ဆရာသမားဆီ နည်းယူထားပြီး အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်သွားတော့ မီးဖိုချောင်ထဲမှာ ဟင်းရွက်တွေ ဘာတွေ ကြော်ရင်း ခပ်ရင်းနဲ့ တောင် ဦးမြ ရသွားတယ် .... (မှန်ပါဘုရား)။

ဘာဖြစ်လို့ ရပါလိမ့်.... ( အနိစ္စနဲ့ မဂ္ဂ ကိုက်လို့ပါဘုရား ) ကြားကိလေသာ မခြားလို့....(မှန်ပါ) ဦးအောင်ဇေဝေတို့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် "သော အာသဝါနံ ခယာ၊ သော=ထိုအနိစ္စနဲ့ မဂ္ဂနဲ့ မပြတ်ကိုက်သွားသောပုဂ္ဂိုလ်သည်၊ အာသဝါနံ= အာသဝတို့၏၊ ခယာ=ကုန်ခြင်းကြောင့်၊ ဒိဋ္ဌေဝဓမ္မေ = ယခုခဏ္ဍ ဆိုတော့ မောင်အောင်ချိတို့၊ မောင်မြင့်တို့က သြော်.... ဒို့.... နက်ဖြန် ဒါ ကိုက်အောင်၊ ည ဒါကိုက်အောင် လုပ်မယ်ဆိုယင် သိပ်အကျိုးတန်သွားမှာဘဲ... (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဦးမြတို့ကော ဒါ ကိုက်အောင်လုပ်ရမယ်....(မှန်ပါ) ဒါ-ကိုက်အောင်လုပ်ရမယ်၊ ဦးအောင်ဇေဝေ....(မှန်ပါ) ဘာလုပ်ရ မတုံး....(ကိုက်အောင်လုပ်ရပါမယ်ဘုရား) အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်အောင်လုပ်ရမယ်....(မှန်ပါ) ကြားထဲမှာ... (ကိလေသာ ကြား မခိုရပါဘုရား)။

ကြားမခိုရအောင် အထူး ဂရုစိုက်ပေး.... ( မှန်ပါ ) ဒါ... အလုပ်သက်မရှည်ရအောင်ပေါ့ဗျာ.... ( မှန်ပါ ) နို့မဟုတ်လို့

ရှိယင်ဖြင့် အလုပ်သက်တွေ ရှည်နေလို့ရှိယင်လဲ ခင်ဗျားတို့မှာ နစ်နာသွားလိမ့်မယ်ဆိုတဲ့ဥစ္စာ မှတ်လိုက်ပါ....(မှန်ပါ)။

အလုပ်သက်ရှည်သွားတော့ ဘာဖြစ်လို့ နစ်နာမှာတုံးလို့ မေးတော့ တကာတကာမတွေ ခန္ဓာကိုယ်ကြီးက စိတ်မချရဘူး (မှန်ပါ)။

ဦးမြ ခန္ဓာကိုယ်က ဘာတဲ့-(စိတ်မချရပါဘုရား)ဘယ်စိတ်ချ ရမတုံး....တဲ့၊ သူသည် ပဋိသန္ဓေနေပြီးတဲ့နေ့ကစ,ပြီးသကာလ သင်းချိုင်းပြေးနေတာ ရပ်မှ မရပ်ဘဲ—(မှန်ပါ) ရပ်ကဲ့လား.... (မရပ်ပါဘုရား)။

ဘယ်ပြေးနေသလဲ.... ( သင်းချိုင်းပြေးနေပါတယ်ဘုရား ) သင်းချိုင်းပြေးနေတယ်—၊ ရပ်မှ မရပ်ဘဲလို့ ခင်ဗျားတို့က တကယ်တမ်းသိပြီဆိုမှဖြင့် သူ သင်းချိုင်းရောက်သွားလို့ ရှိယင် ဖြင့် ဒီတခါတွင် သေမှာမဟုတ်ဘူး၊ အဖန်ဖန်သေမည့်ကိစ္စတွေ အများကြီးရှိခနတယ်ဆိုပြီး သကာလ ဒီ တကာတကာမတွေက အင်း—သူ သင်းချိုင်းမရောက်ခင် ကိုယ် အနိစ္စနဲ့ မဂ္ဂကိုက်ပြီး အပါယ်လေးပါးတံခါးပိတ်တဲ့ ဒိဋ္ဌိပြုတ်အောင် လုပ်လိုက်မယ်၊ မဂ္ဂနဲ့ကိုက်သွားယင် ဒိဋ္ဌိပြုတ်သွားတာ.... (မှန်ပါ) အဲ.... ဒိဋ္ဌိ ပြုတ်လိုက်လို့ရှိယင်ဖြင့် အသေက မဦးခင် မဂ်ဉာဏ်က ဦးသွား တယ်လို့ တကာတကာမတွေက ဆုံးဖြတ်ချက်ချ—(မှန်ပါ)။

ဘယ်လိုမှတ်ကြမလဲ-(အသေကမဦးခင် မဂ်ဉာဏ်က ဦးသွား ပါတယ်ဘုရား) မဂ်ဉာဏ်က ဦးသွားတယ်ဆိုတော့ ကိုယ်လို

ချင်တဲ့ပန်းတိုင် ရောက်ပလား.... (ရောက်ပါပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ ခင်ဗျားတို့ တိုက်လဲ တိုက်တွန်းရတယ် ဦးအောင်ဇံဝေရ တရားလဲဟောရသေးတယ်၊ လွယ်တာမဟုတ်ဘူး ....(မှန်ပါ့)။

တိုက်တွန်းရတာလဲ နောက်ကတခါ တွန်းပေးနေရသေးတယ် (မှန်ပါ့) ဟ....လုပ်ပါဟ....၊ ဟ....လုပ်ပါဟဆိုတာလဲ တွန်းလဲပေးရသေးတယ် လုပ်နည်းလဲ ပေးရသေးတယ်ဆိုတော့ တရားဟောတဲ့ ဘုန်းကြီးက မလွယ်ဘူး၊ လွယ်ပါမလား....(မလွယ်ပါဘုရား)။

ဒီ-တွန်းမပေးပြန်လို့ရှိယင်လဲ သူတို့ကမရွေ့ဘူး လုပ်နည်းမပေးပြန်လို့ရှိယင်လဲ မလုပ်တတ်ဘူးဆိုတော့ ခက်လိုက်တာ ရွေ့ဘို့ရာကတမျိုး, လုပ်တတ်ဘို့ရာကတမျိုးဆိုတော့ အတော်ကလေးကိုဘဲ အရေးကြီးတယ်၊ တရားဟောတဲ့ ဘုန်းကြီးက ဒီတရားဟောတတ်ရုံနဲ့ ဦးမြ မပြီးသေးဘူးဗျ-(မှန်ပါ့)တိုက်တွန်းနည်းကိုလဲ ပြောဦးမှ....(မှန်ပါ့)။

တိုက်တွန်းတဲ့ အခါလဲ ဘာ့ကြောင့် တွန်းရတယ် ဆိုတဲ့ အကြောင်းကိုလဲ လုံလောက်အောင် ပြောဦးမှ....(မှန်ပါ့)။

အခုတော့ ပြောပြီးပါပြီတဲ့၊ အသေက ခန္ဓာကိုယ်ကြီးက အသေဆီသွားနေတော့ အသေက ဦးပြီးသွားလို့ ဉာဏ်က အပါယ်လေးပါးတံခါးပိတ်တဲ့ အနိစ္စနဲ့ မဂ္ဂနဲ့ကိုက်တဲ့ မဂ်ဉာဏ်

ကလေးမရလိုက်ဘဲနဲ့ ဆိုလို့ရှိယင်ဖြင့် နောက် ဒီဆရာနဲ့လဲ မတွေ့ ဒီ-သာသနာတော်နဲ့လဲမတွေ့၊ သွားပြီဗျ .... (မှန်ပါ့) ဘယ်လိုကယ်မတုံး....၊ ကယ်စရာအကွက် မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ—တဲ့ ကျောက်ခဲရေကျ ဖြစ်သွားပြီတဲ့....(မှန်ပါ့) ကျောက်ခဲရေထဲကျ တော့ ဘာဘူ ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)။

အဲဒီလိုဖြစ်သွားမယ်တဲ့၊ အသေကဦးလို့ ဉာဏ်ကမဦးရှိယင် ကျောက်ခဲရေကျဖြစ်သွားမယ်၊ အောက်သံသရာသာ လှည့်နေ တော့မှာကိုး.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... ( ရှင်းပါပြီ ဘုရား)။

ဘာတဲ့တုံး....( အောက်သံသရာသာ လှည့်နေမှာပါဘုရား ) အောက်သံသရာဘဲ လှည့်နေတော့မယ်ဆိုတော့ ဘုရားမှန်းလဲ မသိ, တရားမှန်းလဲမသိ, သံဃာမှန်းလဲမသိ, ရုပ် နာမ်မှန်းလဲ မသိဘူး၊ ဦးမြ, ဦးအောင်ဇံဝေတို့ ဒီလို လှည့်နေလို့ရှိယင် ကမ္မဿကတဉာဏ်တောင် ရှိသေးရဲ့လား မေးလိုက်ပါတယ်.... (မရှိပါဘုရား)။

ကမ္မဿကတ ဉာဏ်မရှိတော့ ဒီ့ပြင်ဉာဏ်ဆိုတာ ဘယ်နှယ် နေတော့မလဲ.... (ဒီ့ပြင်ဉာဏ်လဲ မရပါဘုရား) ဒီ့ပြင်ဉာဏ်လဲ လုံးဝမရနိုင်ဘူးဆိုတော့ သံသရာ့သစ်ငုတ်ဖြစ်တယ်၊ ဘယ်ဘုရား လာလာ သစ်ငုတ်ဘဲတဲ့.... (မှန်ပါ့)ရှင်းပလား.... ( ရှင်းပါပြီ ဘုရား)။

သစ်ငုတ်ဆိုတာက သူ့နား ဘုရားရောက်လို့ကော သူသိရဲ့လား....(မသိပါဘုရား) သူမျှားခလုတ်တိုက်သွားလို့ သူ-သိရဲ့လား...(မသိပါဘုရား) သူမျှားမီးရှို့ဘော့ကော.... (မသိပါဘုရား)။

အဲ-မင်းတို့ ဒီတခါကျော်သွားလို့ရှိယင်တဲ့ သံသရာ့သစ်ငုတ် ဖြစ်မယ်ဆိုတာ ကေန်မှတ်ပါ...(မှန်ပါ)။

ဘာဘူ ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား) သိပ် ကြောက်စရာ ကောင်းတယ်ဆိုတာ နောက်စားတကာတကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အမြင်ကလေးနဲ့လောက်ဖြင့် ကိုယ့်ဟာကိုယ်ဘာမှ အသုံးမကျသေးဘူးဆိုတာကို ဆုံးဖြတ်ချက်ချပါ-(မှန်ပါဘုရား)။

ခင်ဗျားတို့ အမြင်ကလေးကလဲ စီးပွားရေးကလေးက မလိုလောက်သေးလို့ဆိုတဲ့ အမြင်ကလေးပေါ့ဗျာ...(မှန်ပါ)။

သားသမီးကလေးတွေက စိတ်မချလောက် သေးလို့ ဆိုတဲ့ အမြင်တိုကလေးတွေဟာ သံသရာ့သစ်ငုတ်ကို စိတ်ကူးတဲ့အလုပ်ဘဲလို့ ဆုံးဖြတ်ချက်ချယင် လွဲပါ့မလား....(မလွဲပါဘုရား)။

အဲဒါကြောင့် ကြပ်ကြပ်သတိထားတကာတကာမတွေသံသရာ့သစ်ငုတ်ကိုဖြစ်သွားလို့ရှိယင်ဖြင့် သွားပြီ...တဲ့၊ ဘယ်မှာ ဘုရားပွင့်လဲ သူက ငုရဲနေတာဘဲ၊ သံသရာ့သစ်ငုတ်ကိုးဗျ.... (မှန်ပါဘုရား)။

ဘုရားပွင့်လဲ သူက တိရစ္ဆာန်ဘုံဖြစ်ချင်ဖြစ်နေတာ၊ ဘုရားတ သူ့ဟာသူ ပွင့်နေတာဗျ၊ သူက တိရစ္ဆာန်ဖြစ်နေတာ၊ ဦးအောင် ဇံဝေရဲ့ ဘာဆိုင်သေးသတုံး-(ဘာမှ မဆိုင်ပါဘုရား) ဘာမှ မဆိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ကောင်းပြီ... တိရစ္ဆာန်ဆိုတာက နေမကောင်းလဲ ကိုယ့်ဟာ ကိုယ် မြေကြီးပေါ်လူးပြီး သေလိုက်ရုံဘဲရှိတယ်၊ ဘယ်သူဆေး ပေးလို့၊ ဘယ်သူက ကူညီလို့၊ ဘယ်သူက ထူပေးမတုံး... ဦးအောင်ဇံဝေ-( မရှိပါဘုရား ) သေပွဲဝင်ရုံမှတပါး ဘာရှိ သေးသတုံး-(ဘာမှ မရှိပါဘုရား)။

ကဲ...သေပွဲဝင်တာ သေပေစေတော့၊ သေတော့ ဘယ်စိတ်နဲ့ သေသတုံးလို့ မေးတဲ့အခါကျတော့ သူ့ခန္ဓာကြီး မစွန့်ချင်တဲ့ တဏှာ၊ ဒိဋ္ဌိနဲ့ သေသွားတယ်...၊ အပါယ်ဘဲ ပြန်ရောက်တယ်၊ တိရစ္ဆာန်ကနေပြီး အပါယ်ငရဲပြန်ရောက်သွားတယ်၊ မဆိုးဝါး ဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဦးမြကြီးတို့ ဦးအောင်ဇံဝေတို့ အသက်တိုင်းနေယင် မှီရုံကလေးရှိတာ... (မှန်ပါ)။

ဘယ့်နှယ်ဆိုမလဲ...(မှီရုံကလေးရှိပါတယ်ဘုရား) မှီရုံကလေး ရှိတယ်ဆိုတာ နောက်က တကာတကာမတွေ့ကော သေချာကြ ပလား...(သေချာပါပြီဘုရား)။

ခင်ဗျားတို့ လဲမည့် ဆင်ခြေများ မသုံးကြလိုက်စမ်းပါနဲ့ ဆို တာကို သေသေချာချာသတိထားပါတယ်...(မှန်ပါ) ခင်ဗျားတို့ လဲတဲ့ ဆင်ခြေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကြာလေ အချုပ် ဆိုးလေဘဲ....(မှန်ပါ)။

ကိုင်း....ဒါဖြင့် မနေ့တတရား ပြန်စ,ကြပါစို့၊ ဒါက တိုက်တွန်းပြီး လုပ်နည်းပြတယ်လို့ မှတ်လိုက်တာပေါ့.... (မှန်ပါဘုရား)။

ဒါဖြင့်.... တကာတကာမတို့ ဇီးတောကျောင်းမှာ နေတဲ့ ရှင်ခေမကက အနာဂါမ်တည်ပြီးသားပါ...၊ကောသမ္ဗီပြည်မှာ နေတဲ့ ရဟန်းပေါင်း ခြောက်ဆယ်ဟာ ပုထုဇန် ရဟန်းတွေပါ။

ရှင်ခေမက,ကတရားဟော နာမည်ရဖြစ်သောကြောင့်သူဟောယင် ကျွတ်ဘမ်းဝင်တာချည့် များသောကြောင့် ရှင်ခေမကရဲ့ တရားကိုလဲ ရဟန်းကြီးခြောက်ဆယ်က နာချင်တယ်၊ နာချင်ပင် နာချင်ငြားသော်လဲ.... မမာဘူး ဆိုတာလဲ သတင်းကြားတော့ ဦးအောင်ဇေဝ ပင့်ဘို့ရာလဲ ခဲယဉ်းတယ်.... ( ခဲယဉ်းပါတယ် ဘုရား)။

သူ့ကို ကိုယ်တိုင်သွားပြီး နာမည်ဆိုပြန်တော့လဲ ဇီးတော ကျောင်းဆိုတာ တခန်းကျောင်းကလေးဖြစ်နေတော့ နေစရာ, ထိုင်စရာမရှိဘူး....( မှန်ပါ ) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

ပင့်ရမှာက ရှင်ခေမက,က ဘာဖြစ်နေသလဲ·(နေမကောင်းပါ ဘုရား) သွားရမှာက သူ့ကျောင်းက ဆန့်ရဲ့လား...(မဆန့်ပါ ဘုရား)။

အဲဒါကြောင့် ရဟန်းကြီးခြောက်ဆယ်က ဒါသက သွားချေ စမ်းကွာ ရှင်ခေမက,ဆီကို၊ ဒို့-တရားနာချင်တယ်၊ နေကောင်း သလား-မကောင်းသလားလို့ သွားမေးချေသို့ ပဌမ ၁ နံပါတ် အခေါက် ခိုင်းလိုက်ပါတယ်....(မှန်ပါ)။

ဒါနဲ့ ဒါသကဆိုတဲ့ ရဟန်းက သွားလိုက်တယ်၊ ရဟန်းကြီး ခြောက်ဆယ်က အမေးလွှတ်လိုက်ပါတယ်ဘုရား၊ အရှင်ဘုရား နေကောင်းသလား-မကောင်းဘူးလားလို့၊ဟာ-နေသိပ်မကောင်း သေးဘူးကွာ ရဟန်းကြီးခြောက်ဆယ်ကို လျှောက်လိုက်ပါဆိုလို့ ပြန်သွားတယ်။

အဲဒီတွင် တခေါက်ပြန်ပြီးတော့ မေးတယ်၊ နေမကောင်း တာသည်ကား ငါက နေမကောင်းတာလား-သူကနေမကောင်း တာလား သွားကွာ မေးချေပါဦးဆိုတဲ့သဘောနဲ့ အမေး ခိုင်း လိုက်တဲ့အခါကျတော့ အရှင်ဘုရား နေမကောင်းတာသည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ငါ-ငါ့ဥစ္စာ ရုပ်နာမ်ပေါ်မျှား ထားသေး သလား....တဲ့၊ နေ မကောင်းတာကို တချို့က ငါနာတယ်၊ သူနာတယ်က ရှိသေးတာကိုးဗျ....(မှန်ပါ)။

အရှင်ဘုရား....ငါ-ငါ့ဥစ္စာရယ်လို့ ခန္ဓာပေါ်မျှားထားသေး သလားလို့မေးလိုက်တယ်၊ အို....ငါ-ငါ့ဥစ္စာတော့ မထားပါ ဘူးကွာ... တဲ့....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သွားပြောချေကွာ ရဟန်းကြီး ခြောက်ဆယ်ကို ငါ- ငါ့ဥစ္စာတော့ ပြုတ်ပြီးသွားပါလို့ သွားလျှောက်ချေကွာ ဆိုတော့ သူ သောတာပန်တည်ပြီးပြီ၊ သကဒါဂါမ်တည်ပြီးပြီ၊ အနာဂါမ်တည်ပြီးပြီလို့ ပြောလိုက်တာဘဲ.... (မှန်ပါ) ရှင်းကြ ပလား ... (ရှင်းပါပြီဘုရား)။

ငါ....ငါ့ဥစ္စာ ပြုတ်လို့ရှိယင် သောတာပန် တည်တယ်လို့ မောင်မြင့်တို့, မောင်အောင်ချီတို့ ဆုံးဖြတ်ချက်ချကွာ.... (မှန်ပါ ဘုရား)။

ငါ-ငါ့ဥစ္စာပြုတ်သွားယင် သောဘာပန်တည်ပြီလို့ ဆုံးဖြတ်ချက်ချ-(မှန်ပါ)။

ရှေ့တွင် ပျက်တာကလေးမြင်ပြီး ရှေ့တွင် ပျောက်တာကလေးသာ မြင်ပေ့စေ၊ ဪ… ဒီဥစ္စာကလေး ငါ- ငါ့ဥစ္စာ ဟုတ်တာ အသေအချာဘဲ၊ ငါ့စိတ်လို့သာ ထင်နေရတယ်၊ သူများကတော့ ငါ့စိတ်လို့ ငါမြင်တယ်လို့ထင်တယ်၊ ဒီမြင်တဲ့စိတ်ကလေးကိုဘဲ ငါမြင်တယ်လို့ ထင်တဲ့ ဥစ္စာကလေးကိုဘဲ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပေါ်ပြီး ပျောက်ထွက်သွားတော့ကို ဘားလို့ ဆီးလို့ရကြရဲ့လား….(မရပါဘုရား)။

မရတာ ထောက်လိုက်တော့ကို ဒါ… ငါ- ငါ့ဥစ္စာလို့ ဆိုကြမလား….(မဆိုနိုင်ပါဘုရား)။

အဲဒီလို တခါ စိတ်ကလေးတခု ငါ….ငါ့ဥစ္စာ မဟုတ်ဘူး ငါ-ငါ့ဥစ္စာမဟုတ်ဘူး ဒါကလေးဟာ တကာ တကာမတွေ့က စိုက်ပြီးသကာလ ပေါ်လာတဲ့စိတ်ကလေး ငါ-ငါ့ဥစ္စာ မဟုတ်ဘူး ခန္ဓာကလေး သက်သက်ဘဲ၊ ဒုက္ခကလေး သက်သက်ဘဲ၊ အနတ္တကလေး သက်သက်ဘဲလို့ကိုခလေသာ မခြားဘဲနဲ့ မြင်နေအောင်သာ ကြည့်နေစမ်းပါ၊ ငါ- ငါ့ဥစ္စာ ဖျပ်ဆို ပြုတ်လိုက်ယင် အပါယ်လေးပါး တံခါးပိတ်သွားတာဘဲ…. ( မှန်ပါ ) ရှင်းပလား… (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါ-ရှုရင်း ပြုတ်ရမှာနော်….၊ ဒီအတိုင်းပြုတ်လို့ တော့မရဘူးနော်….(မှန်ပါ)။

အဲ....စာသမားပြုတ်နဲ့ ဉီးမြ ရပါ့မလား .... (မရပါဘုရား) မရဘူးတဲ့၊ ပွားများပြီးပြုတ်မှဆိုတာ မှတ်လိုက်ကြစမ်းပါ.... (မှန်ပါ့)။

ဘယ် လို မှတ် ကြ မယ် .... (ပွားများပြီး ပြုတ်မှရပါမယ် ဘုရား)။

အေး....ပွားများပြီးပြုတ်ရမယ်၊ ပွားများပြီးပြုတ်တာတောင် မှ သစ္စာသိပြီး ပြုတ်မှတဲ့....(မှန်ပါ့)။

ဒါကလေးဟာ ပျောက်ပျက်သွားတာ အနိစ္စဒုက္ခသစ္စာဘဲဟာ (မှန်ပါ့) အနိစ္စလဲဟုတ်တယ်၊ ဒုက္ခသစ္စာကော....(ဟုတ်ပါတယ် ဘုရား)။

အဲဒီလို ဉာဏ်ထဲမှာ ရှင်းသွားအောင် ပြုတ်လိုက်လို့ ရှိယင် တော့ဖြင့် အပါယ်လေးပါး တံခါးပိတ်ပြီ။

ဒါ့ကြောင့် မနေ့က ပြောသလိုဘဲ ဒီလိုပြုတ်ပြီးတဲ့ပုဂ္ဂိုလ်မှ ပျော်မှု, သားသမီးများ လုပ်ကျွေးမှုသားပါဆိုတဲ့ဥစ္စာ ပြောရ တယ်နော်....(မှန်ပါ့) ကိုယ့်အတွက် စိတ်ချရပြီးတော့မှ သူများ အတွက်လုပ်တာပေါ့.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါ တယ်ဘုရား)။

အခုတော့ ကိုယ့်အတွက်ကလဲ စိတ်မချရသေးဘူး၊ သူများ အတွက် လုပ်နေရသေးတယ်ဆိုတော့ ကိုယ့်လဲ အနာမပျောက် သေးဘူး၊ သူများအနာလဲ ကုချင်သေးတယ်ဆိုတော့ ယုံကြည် စရာကောရှိရဲ့လား.... (မရှိပါဘုရား) အလကားဆေးသမားနဲ့ တူနေတယ်နော်....(မှန်ပါ့)။

ကဲ...ဒါဖြင့် ရှင်းလောက်ပါပြီတဲ့၊ဒါနဲ့ ရှင်ခေမက,က ပြော လိုက်တာနဲ့ ငါ·ငါ့ဥစ္စာတော့ မဟုတ်ပါဘူးလို့ ပြောလိုက်တာနဲ့ ဒါသက ပြန်ပြီးတော့ ရဟန်းကြီးတွေပြောတဲ့အခါ အရှင် ဘုရားတဲ့ နာတော့ နာတာဘဲ,ကျင်တော့ ကျင်တာဘဲ၊ခန္ဓာကိုယ် ဖျားတာ,နာတာတော့ဟုတ်ပါရဲ့၊သို့သော်လဲ ခန္ဓာကိုယ်ဘကိုယ် လုံးမှာ ငါ ·ငါ့ဥစ္စာ အဖြစ်တော့ဖြင့် မစွဲပါဘူးလို့ လျှောက် လိုက်ပါတယ်ဘုရာ့။

ဒါသက လာဦးကွာတဲ့ ရဟန်းကြီးတွေက၊ သွားမေးချေဦး ကွာ၊ ငါ·ငါ့ဥစ္စာမဟုတ်လို့ ရှိသင် အရှင်ဘုရား ရဟန္တာသသား လို့ သွားမေးချေဦးတဲ့ ခိုင်းပြန်ပြီနော်...(မှန်ပါ)ဦးအောင်ဇံဝေ ခိုင်းပြန်ပြီတခေါက်၊ သုံးခေါက်ရှိသွားပြီနော် .... (မှန်ပါ)။

ဒါနဲ့ ရှင်ခေမကဆီ သွားပြန်တယ်၊ ဟာ.... မင်း· လာပြန် ပလားလို့မေးတော့ လာပြန်ပြီလို့လျှောက်တယ်.... ( မှန်ပါ ဘုရား)။

အရှင်ဘုရားကို အမေးခိုင်ပြန်တယ်ဘုရား၊ အရှင်ဘုရားက ငါ·ငါ့ဥစ္စာတော့ စွဲလမ်းမှု မရှိဘူးလို့ ပြောလိုက်တဲ့အတွက် ငါ·ငါ့ဥစ္စာမရှိလို့ရှိယင် အရှင်ဘုရား ရဟန္တာ ဖြစ်ပလားလို့ အမေးခိုင်းပါတယ်....တဲ့....(မှန်ပါ)။

ဘာဆိုင်သတုံးဦးမြရဲ့ အနာဂါမ်ရှိသေးတာဘဲနော်(မှန်ပါ) ရဟန္တာဖြစ်ပလားလို့ ကိုယ်တော်ကြီးတွေက အမေးခိုင်းလိုက်တာ တရားနာချင်လို့ အမေးခိုင်းလိုက်တာနော်....(မှန်ပါ)။

ဘယ်လိုကြောင့် အမေးခိုင်းသတုံး.... ( တရားနာချင်လို့ပါ ဘုရား)။

တရားနာချင်လို့ သူ-ဘယ်လိုဟောမတုံးဟ၊ ဒီ- ဟောသံကို ကြည့်ပြီးတော့ သူတို့ အားထုတ်မလို့.... (မှန်ပါ)။

အဲဒီခေတ့ ဒီ-တရားပွဲမှာတ ကာ တကာ မတွေဒီကိုယ်တော်ကြီး များကို ရှင်ခေမကကက ဆက်ဟောနေတာ ခန္ဓာကြည့်ဟောနေ တယ်လို့ ဆုံးဖြတ်ချက်ချလိုက်စမ်း....(မှန်ပါ)။

ရဟန်းကြီးခြောက်ဆယ်ကလဲ သူပြောသ၍ ရှင်ခေမက ဖြေ လွှတ်လိုက်တာတွေကို ခန္ဓာကြည့်ပြီး သူတို့ ရှုရင်းမတ္တာနဲ့ နေကြ တာဘဲလို့မှတ်လိုက်ပါ.... (မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အဟောသမားကလဲ ခန္ဓာကြည့်ပြီးဟောတယ်နော်.... (မှန်ပါ) တရားနာသမားတွေကကော.... (ခန္ဓာကြည့်ပြီးနာပါ တယ်ဘုရား) ခန္ဓာကြည့်ပြီး နာနေကြတယ်လို့ ဆုံးဖြတ်ချက်ချ ထားပါ....(မှန်ပါ)။

ဒါနဲ့ဘဲကွာတဲ့ ဒါသက ဒီလိုမှတ်သွားကွာတဲ့၊ ငါ့-ငါ့ဉစ္စာလဲ မယူပါဘူး၊ ရဟန္တာတော့ မဟုတ်သေးဘူး၊ မဟုတ်ပေမဲ့လဲ အခု ငါဖျားတဲ့အချိန်မှာတော့ဖြင့် ဒီ-ခန္ဓာငါးပါးကို

ပဉ္စသု ဥပါဒါနက္ခန္ဓေသု အသ္မိတိအဓိဂတံ၊
အယမဟ မသ္မိတိ နစ သမနုပဿာမိ၊

ဒါသကတဲ့.... ငါ- စင်စစ်အမှန်ကိုပြောရလို့ရှိယင် ခန္ဓာငါး တို့၌၊ အသ္မိတိ=ငါယောင်ယောင်ဟူ၍၊ အဓိဂတံ= ထင်နေပါ သေးတယ်ကွာတဲ့၊ ခန္ဓာငါးပါးအပေါင်းတို့ကို ငါရယ်လို့ ထင် နေသေးတယ်တဲ့၊ အယံ= ဤခန္ဓာငါးပါးသည်၊ အဟံအသ္မိတိ=

ငါတကယ်ဖြစ်၏ဟူ၍ကား၊ နစသမနုပဿာမိ=ရှုလဲမရှုပါဘူးတဲ့၊ ဒီလိုတော့ မယူတော့ပါဘူးတဲ့၊ ငါတကယ်ဖြစ်တယ်လို့တော့ မယူပါဘူးတဲ့ ငါတကယ်ဖြစ်တယ်လို့တော့ မယူပါဘူးတဲ့...၊ ငါသယောင်ယောင်တော့ ထင်သေးတယ်ကွတဲ့... (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ငါတကယ်ဖြစ်တယ်လို့တော့....(မထင်ပါဘုရား) မယူတော့ဘူးနော်....(မှန်ပါ့) ငါယောင်ယောင်တော့ဖြင့်...(ထင်ပါသေးတယ်ဘုရား) ခန္ဓာအပေါင်းကို.... (မှန်ပါ့) သဘောပါပလား.... (ပါ·ပါပြီဘုရား)။

ခန္ဓာငါးပါးကို ငါဖြစ်တယ်လို့တော့ ယူသေးသလား.... (မယူပါဘုရား) ငါယောင်ယောင်တော့· (ထင်နေပါသေးတယ်ဘုရား) ခန္ဓာငါးပါးအပေါင်းကို ငါယောင်ယောင်တော့ထင်နေသေးတယ်ဆိုတဲ့ဥစ္စာ ဒီမှာ ဦးအောင်ဇေယျတို့, ဦးမြတို့ကအဖြေထွက်သွားပြီဗျနော်....(မှန်ပါ့)။

သူဟာ အနာဂါမ်သာ တည်ပါသေးတယ်၊ ရဟန္တာမဟုတ်သေးပါဘူး၊ မာနကျန်ပါတယ်, တဏှာကျန်ပါတယ်ပြောလိုက်တာ...(မှန်ပါ့)။

တကာတကာမတို့ ဘာကျန်တာတုံး....(မာနနဲ့တဏှာကျန်ပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌိသာပယ်သွားတာကိုးဗျ.... (မှန်ပါ့)နောက်ဏတကာတဏာမတွေ ဘာသာပယ်သတုံး.... (ဒိဋ္ဌိသာပယ်ပါတယ်ဘုရား) မာနနဲ့တဏှာက....(ကျန်ပါသေးတယ်ဘုရား)။

အဲ...ပပဉ္စတရားသုံးပါးမှာ ဘယ်နှစ်ပါးပယ်သတုံး...(တပါး ပယ်ပါတယ်ဘုရား) ဦးမြ ဘယ်နှစ်ပါးပယ်သတုံး....(တပါးပယ် ပါတယ်ဘုရား) တပါးဘဲနော်....၊ ဒိဋ္ဌိပပဉ္စကိုဘာတုံး....(ပယ်ပါ တယ်ဘုရား) တဏှာနဲ့ မာန ပပဉ္စတော့... (ကျန်ပါသေးတယ် ဘုရား) မပယ်သေးဘူး။

သို့သော် ဒီတကာတကာမတွေကို ဘုန်းကြီးက ရှင်းပြောလို တာက ဒိဋ္ဌိပပဉ္စတော့ အမြစ်နဲ့တကွပယ်ပြီးပြီ သောတာပတ္တိ မဂ်ကနော်(မှန်ပါ)တဏှာပပဉ္စနဲ့ မာနပပဉ္စဟာလဲတဲ့ လေးပိုင်း တပိုင်းပယ်ပြီးပြီလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

တကာတကာမတို့ ဘယ်လိုမှတ်မယ်...(လေးပိုင်းတပိုင်း ပယ် ပြီးပါပြီဘုရား)။

လေးပိုင်းတပိုင်း ပယ်ပြီးပြီလို့မှတ်လိုက်တဲ့ အခါကျတော့ ဖြေ်.... လေးပိုင်းတပိုင်းဆိုတာ ဘာပါလိမ့်မတုံးလို့ မသိဘဲ နေမှာစိုးလို့ တဏှာနဲ့မာနကို ၄-ပုံ့ပုံပြီးတော့ အပါယ်ကျစေ တတ်တဲ့ အပုံကို ပယ်ပြီးပြီးလို့မှတ်လိုက်... (မှန်ပါ)။

ဦးမြ ဘယ်လိုမှတ်မယ်...(အပါယ်ကျစေတတ်တဲ့ တပုံကိုပယ် ပြီးပါပြီဘုရား) ကျန်တဲ့သုံးပုံကျန်တယ်.... (မှန်ပါ) မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒါဖြင့် ဒိဋ္ဌိတွင်ပယ်သလား မာန, တဏှာပါပယ် သလား မေးလို့ရှိယင်လဲ ဒိဋ္ဌိကို စင်းလုံးချော ပယ်လိုက်တယ်၊ မာန,တဏှာကို လေးပိုင်းတပိုင်းပယ်လိုက်တယ်....(မှန်ပါ)ရှင်းကြ ပလား...(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိကို....(စင်းလုံးချော ပယ်ပါတယ်ဘုရား)မာနနဲ့တဏှာကို (လေးပိုင်းတပိုင်း ပယ်ပါတယ်ဘုရား) လေးပိုင်းတပိုင်းပယ်လိုက်တယ်ဆိုတော့ လေးပိုင်းတပိုင်းဟာ ဘယ်သူတုံး မေးလို့ရှိယင် ဦးအောင်ဇေယျဝေက ဘယ့်နှယ်ဖြေမတုံး....(အပါယ်ကျစေတတ်တဲ့တပိုင်းပါဘုရား) အပါယ်ကျစေတတ်တဲ့အပိုင်းကို ပယ်ချလိုက်တယ်... (မှန်ပါ) ဒီ·ပျော်မဲ့ ပါးမဲ့ အပိုင်းကို ချန်ထားလိုက်တယ်၊ အဲဒါတော့ မပယ်နိုင်သေးဘူးကွတဲ့...(မှန်ပါ)။

ဒါကြောင့် မနေ့က ပြောခဲ့တာနဲ့ ဦးမြ ကိုက်ကဲ့လား...(ကိုက်ပါတယ်ဘုရား) အပျော်ကိုမပျော်ရဘူးလို့ ဟောတာလားအပါယ်စိတ်ချရမှ ပျော်လို့ခိုင်းတာလား... (အပါယ်စိတ်ချရမှပျော်လို့ခိုင်းတာပါဘုရား)ကဲ.... အခု ပါဠိတော်နဲ့တော ရှင်းမနေဘူးလား...(ရှင်းနေပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်တဲ့ပုဂ္ဂိုလ်မှာ ပယ်ပြီးသားပါတဲ့၊ အပါယ် မကျစေတတ်တဲ့ တဏှာတွေတော့ ရှိတာပေါ့တဲ့၊ မာနတွေလဲ ရှိတာပေါ့၊ ကိစ္စမရှိဘူး၊ အဲဒီတော့ ဘယ်လိုပျော်ပျော်, ဘယ်လိုမာနထောင်ထောင် ဒါတွေဟာ အပါယ်ကျစေတတ်တဲ့ အကြောင်းမရှိဘူး ဆိုတော့ ဦးအောင်ဇေယျဝေမသေချာသေးဘူးလား....(သေချာပါတယ်ဘုရား)ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါနဲ့ ဒါသက ပြန်သွားတယ်၊ သူဟာ ခန္ဓာငါးပါးငါသယောင်ယောင်တော့ထင်ပါသေးတယ်ကွာ၊တကယ်ငါတော့ မယူပါဘူးဆိုတဲ့ စကားကလေး ယူပြီးတော့ ဒါသကရဟန်းကြီးတွေဆီ ပြန်သွားတယ်။

ပြန်သွားတော့ ရဟန်းကြီးတွေကရှုကြတာပေါ့လေ၊ဘယ့်နှယ် ပြောသတုံးကွ၊ ခန္ဓာငါးပါး အပေါင်းကိုတော့ ငါသယောင် ယောင် ထင်သေးတယ်လို့တော့ ပြောပါတယ်ဘုရား၊ တကယ် ငါဖြစ်ပြီးလို့တော့ သူမယူဘူးလို့ ပြောပါတယ်ဘုရားဆိုတော့ သူတို့လဲ ရှုကြ,ပွားကြပေါ့လေနော်....(မှန်ပါ့ဘုရား)။

ရဟန်းကြီးတွေဘဲ ခန္ဓာရှုနေကြတာဘဲ၊ သို့သော်လဲ တရား နာချင်တဲ့စိတ်က ပြင်းပြနေတော့ ဦးအောင်ဇေဝ အမေးခိုင်း ပြန်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါသက လာဦးကွာ- မင်း ပင်ပန်းတယ်လဲ မအောက်မေ့နဲ့ သွားမေးစမ်းပါဦး၊ ရုပ်တရားကို ငါယောင်ယောင် ထင်တာ လား- ရုပ်မှတပါးကို ငါယောင်ယောင် ထင်တာလား၊ ဒါကို သွားမေးပေးစမ်းပါ၊ ဝေဒနာကိုငါယောင်ယောင် ထင်တာလား ဝေဒနာမှ တပါးကို ငါယောင်ယောင်ထင်တာလားကွ- အကုန် စေ့အောင် အမေးခိုင်းတာပေါ့ဗျာ- ခန္ဓာငါးပါးစလုံး(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ဒါသကက သွားရပြန်တယ်၊ ဟေ့ မင်းဘာလို့ လာပြန်သတုံးကွတဲ့၊ ဒီလို ဒီလိုဘဲဘုရာ့ အမေးခိုင်းပြန်တယ် ရဟန်းကြီးခြောက်ဆယ်က၊ ရုပ်တရားကို ငါယောင်ယောင်ထင် တာလား ရုပ်မှတပါးကို ငါယောင်ယောင် ထင်တာလား- ဝေဒနာမှ တပါးကို ငါယောင်ယောင် ထင်တာလား၊ စိတ်ကို ငါယောင်ယောင် ထင်တာလား- စိတ်မှတပါးကို ငါယောင် ယောင် ထင်တာလားလို့ မေးပါတယ်ဘုရား)။

ကွာ .... မင်းပြန်ရ· သွားရန် တနေ့ထဲ မင်းလေးခေါက်ရှိတော့မယ်၊ ကဲကွာ ငါလိုက်ပါတော့မယ်ဆိုပြီး တောင်ဝှေးသာယူခဲ့ဟေ့ဆိုပြီး သကာလ သူ့တောင်ဝှေး အယူခိုင်းပြီး တောင်ဝှေးထောက်ပြီးတော့ ရဟန်းကြီးခြောက်ဆယ်ရှိရာ ကောသမ္ဗီပြည် လိုက်လာတယ်၊ လိုက်လာတော့ ရဟန်းကြီးခြောက်ဆယ်နဲ့ ဦးမြ တွေ့ပြီနော်...(မှန်ပါ) ဦးအောင်ဇေဝ တွေ့ကြတယ်နော် (မှန်ပါဘုရား)။

ရဟန်းကြီး ခြောက်ဆယ်နဲ့ တွေ့ကြတဲ့အခါ ရဟန်းကြီးခြောက်ဆယ်က တခါတည်း ဆီးပြီးမေးတာဘဲ၊ အရှင်ဘုရားဒါသက ့ကို ပြောလိုက်တဲ့ စကားထဲမှာ ရုပ်ကိုငါယောင်ယောင်ထင်တာလား·ရုပ်မှတပါးကို ငါယောင်ယောင် ထင်တာလားလို့ မေးတော့ တပည့်တော်ဘုရား လျှောက်ပါရစေတဲ့၊အရှင်ဘုရားများကိုဆိုပြီး ဥပမာနဲ့ လျှောက်တယ်...(မှန်ပါဘုရား)။

အရှင်ဘုရား ပဒုမ္မာကြာပွင့် တခု ယူခဲ့ပါဘုရားတဲ့၊ အဲဒီကြာပွင့်ကလေးကို အရှင်ဘုရားတို့ မှတ်ထားပါတဲ့၊ ဒီကြာပွင့်ဟာနမ်းကြည့်လိုက်ယင် မွှေးပါတယ်၊ ဝတ်ဆံက မွှေးတာလား· အရွက်က မွှေးတာလား· အရိုးက မွှေးတာလားလို့ မေးလို့ရှိယင် အရှင်ဘုရားတို့ မှန်မှန်ကန်ကန် ဖြေမယ်ဆိုယင် တပွင့်လုံးက မွှေးတာလို့ ဖြေရမှာဘဲတဲ့၊ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဝတ်ဆံချည့် မွှေးတာကော ဟုတ်ကဲ့လား .... (မဟုတ်ပါဘုရား) အချပ်ကလေးတွေက မွှေးတာကော (မဟုတ်ပါဘုရား)

ဒါဖြင့် အရိုးတမ္ဘေးတာကော.... (မဟုတ်ပါဘုရား) တပွင့်လုံးက ဘာတုံး....(မွှေးတာပါဘုရား)။

အဲ.... မှန်မှန်ဖြေယင် တပွင့်လုံးက မွှေးတယ် ဆိုသလိုဘဲတဲ့ တပည့်တော်ဟာ ငါယောင်ယောင် တင်တယ်ဆိုတာ ခန္ဓာ ငါးပါးအပေါင်းကို ငါယောင်ယောင် ထင်နေတာပါ၊ သဘော ကျပလား....(ကျပါပြီ) တခုစီ ငါထင်တာမဟုတ်ပါဘူးတဲ့ .... (မှန်ပါဘုရား)။

ဘာတဲ့တုံး.... ( တခုစီ ငါထင်တာ မဟုတ်ပါဘုရား ) ခန္ဓာ ငါးပါးအပေါင်းကို....(ငါထင်တာပါဘုရား) ငါယောင်ယောင် ထင်တာနော်....(မှန်ပါ) တကယ်ငါစစ်ကော ဟုတ်ကဲ့လား .... မဟုတ်ပါဘုရား)။

ငါယောင်ယောင် ထင်တာ ဆိုတော့ ဖြေပုံ ကလေးကော ဦးအောင်ဇံဝေ မကောင်းဘူးလား .... ( ကောင်းပါတယ် ဘုရား )။

ဒါ ဝတ်ဆံ၏ အနံ့ ဆိုကြမလား- အရိုး၏အနံ့ ဆိုကြမလား- အရွက်၏ အနံ့ ဆိုကြမလားဆိုတော့ အမှန်အကန် ပြောမယ် ဆိုယင်ဖြင့် ကြာပွင့်တပွင့်လုံး၏ အနံ့ လို့ ဆိုရမှာဘဲ .... (မှန်ပါ ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ် ငါးပါးစလုံးကို ငါယောင်ယောင် ထင်တာပါတဲ့၊ တခုတခုစီကျတော့ သူမထင်ဘူးတဲ့ .... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အနာဂါမ် တည်ပြီးတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်လိုထင်လေ့ရှိ ပါလိမ့်.... ( အပေါင်းကို ငါယောင်ယောင်ထင်တာပါဘုရား )

အပေါင်းကိုတော့ ငါယောင်ယောင် ထင်ပါတယ်၊ရှင်းကြပလား (ရှင်းပါပြီဘုရား) တခု တခုစီကျတော့... ( မထင်ပါဘုရား ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော် ... ဒါဖြင့် အပေါင်းကိုတော့ ငါယောင်ယောင် ထင်တယ်၊ တခုတခုစီကျတော့ ငါမထင်တော့ပါဘူး ဆိုတော့ ဒိဋ္ဌိက တခုတခုစီပေါ်မှာ အကုန်ပြုတ်ပြီးသွားဗျ... ( မှန်ပါ ) အပေါင်းပေါ်မှာ မာနကျန်တာ, တဏှာကျန်တာလို့ ဦးအောင် ဇေ၀ မှတ်လိုက်စမ်းပါ....( မှန်ပါ )ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် သူကဆက်ပြီးတော့ ဟောပြန်တယ်၊ အရှင်ဘုရားတို့တဲ့ ယခုအပေါင်းအပေါ်မှာ ငါကျန်တယ်ဆိုတာ အရှင်ဘုရားတို့ ရိပ်မိပါပြီတဲ့၊ရိပ်မိတော့ကို ဒီဥစ္စာကို ဒီအနံ့ဟာ အခု တဏှာနံ့, မာနနံ့တော့ ခန္ဓာငါးပါးမှာ ရှိမနေဘူးလား- ( ရှိနေပါတယ်ဘုရား ) ရှိနေတော့ ဒီလိုလုပ်ရတယ်ဘုရာ့တဲ့၊ တကာတကာမတို့ လုပ်ပုံကိုဟောပြန်တယ်... (မှန်ပါဘုရား)။

ဒီအနံ့ကြောင့် ဒီအနံ့ဆိုတာ တဏှာနံ့, တဏှာနဲ့ထင်နေတဲ့ အနံ့, မာနနံ့ထင်နေတဲ့ ငါယောင်ယောင် အနံ့တွေပေါ့ဗျာ နော်....(မှန်ပါဘုရား)။

ဘာပါလိမ့်....(ငါယောင်ယောင် အနံ့တွေဆိုတာ သေချာ ကြပလား....(သေချာပါပြီဘုရား)။

အဲဒါ ဒီလိုလုပ်ပါဘုရားတဲ့-အရှင်ဘုရားတို့ ဒီခန္ဓာငါးပါးကို တခါတည်း ဖြစ်ပျက်သာပြန်ရှုပါ၊ ဟောပြန်တယ် .... (မှန်ပါ ဘုရား)။

တကာတကာမတို့ ဘာဟောသလဲ... (ဖြစ်ပျက်လို့ ပြန်ရှုရ မယ်ဘုရား) အဲဒါဘဲ ပြန်ရှုပါ တဲ့၊ "ဣတိ ရူပံ- ဣတိ ရူပဿ သမုဒယော- ဣတိ ရူပဿ အတ္ထင်္ဂမော"၊ ဒါကလေးဟာ ဖြစ် တာဘဲ၊ ဒါကလေးဟာ ပျက်တာဘဲ...၊ ဣတိ ဝေဒနာ- ဣတိ ဝေဒနာယ သမုဒယော-ဣတိ ဝေဒနာယ အတ္တင်္ဂမော၊ ဒီလိုအရှင် ဘုရားတို့ ရှုပါတဲ့၊ ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ခုနင်က နဂိုရ်က ကပ်နေတဲ့ အနုသယ,သဘောနဲ့ကပ်နေတဲ့ တဏှာ,မာန ဟာ ဖြစ်ပျက်မြင်- ဖြစ်ပျက်မုန်းလို့ရှိယင် ဖြစ်ပျက် စတုတ္ထ ဆုံးသွားပြန်လို့ရှိယင် သူတို့ ငါးယောင်ယောင် ထင်တာတွေ သွားရောဘုရ....တဲ့....(မှန်ပါ) သဘောကျပလား....(ကျပါပြီ ဘုရား)။

စတုတ္ထမင်္ဂကျယင်.... (ငါယောင်ယောင်ထင်တာတွေ သွား ပါပြီဘုရား) ငါယောင်ယောင်ထင်တဲ့ မာနနဲ့တဏှာ.... (ကုန် ပါပြီဘုရား) ကုန်သွားပြီ။

အဲဒီတော့ကို တပည့်တော် ဥပမာကလေးနဲ့ အရှင်ဘုရား များ လျှောက်ပါမယ်.. တဲ့၊ လူတယောက်ကဘုရားတဲ့၊ အဝတ် နွမ်းတခုကို ဒိုဘီခဝါကို ပေးလိုက်ပါတယ်၊ ဒါ...ရှင်ခေမက,က ပြောတာ၊ ဒိုဘီခဝါကို ပေးလိုက်ပါတယ်တဲ့၊ ဒိုဘီအလုပ်, လုပ် စားတဲ့လူ -ခဝါဖွပ်စားတဲ့လူ ပေးလိုက်ပါတယ်တဲ့။

ထိုကဲ့သို့ ပေးသိုက်တဲ့အခါ သူတို့ မြင်ချေးရေတွေ,ဆပ်ပြာ ရေတွေနဲ့တော့ သူတို့ ဖွတ်ကြ,လျှော်ကြမှာဘဲတဲ့၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဖြူတော့ သွားမှာဘဲ...တဲ့၊ ကိုယ်လိုချင်တဲ့ အဖြူ ရောက် အောင် ပေးလိုက်တော့ ဖြူတော့ ဖြူသွားမှာဘဲ၊ ရောပင် ရောက်ပြားသော်လဲ မြင်းခြေးနံ့တို့ ခုနင်က ဆပ်ပြာနံ့တို့က တော့ ပါလာသိမ့်မယ်....(မှန်ပါ)။

အဝတ်ကတော့ ဖြူရဲ့၊ ဆပ်ပြာနံ့တော့ .... (ပါ-ပါတယ် ဘုရား)။

အဲဒီတော့ကို အိမ်မှာရှိတဲ့ အမွှေးအကြိုင်ထည့်တဲ့ သေတ္တာထဲ သူပေးတဲ့ ဒိုဘီက ဖွူအောင်ဖွပ်ထားတာကို ပြန်ပေးတဲ့အခါ သေတ္တာထဲထည့်လိုက်တာပေါ့တဲ့၊ သေတ္တာထဲ ထည့်လိုက်တော့ အနံ့ဘယ့်နှယ်နေသတုံး.... ( ပျောက်ပါတယ်ဘုရား ) မွှေးကြိုင် နေတဲ့ သေတ္တာထဲထည့် လိုက်တာကိုး၊ မပျောက်ဘူးလား .... (ပျောက်ပါတယ်ဘုရား)။

ဒီလိုဘဲဘုရားတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နေတုန်းက ဒိုဘီပေးရတဲ့ အဝတ်နဲ့တူနေတယ်တဲ့ ... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘာနဲ့တူနေသလဲ .... (ဒိုဘီ ပေးရတဲ့အဝတ်နဲ့တူပါတယ်ဘုရား)။

ဒိုဘီပေးရတဲ့ အဝတ်နဲ့တူနေတယ်တဲ့၊ ဖွူပြားသော်လဲ အနံ့ ရှိနေသေးတယ်....(မှန်ပါ) သဘောကျပလား(ကျပါပြီဘုရား)။

ဒိုဘီပေးထားတော့ ပေးထားတာဘဲ....တဲ့၊ အောက်မင်္ဂတွေနဲ့ ဖွပ်လျှော်ထားတာပေါ့ဗျာ.... (မှန်ပါ) သို့သော် အနံ့က ဘယ့် နှယ်နေသလဲ... (ရှိပါသေးတယ်ဘုရား)။

အောက်မဂ် သုံးမဂ်နဲ့ ဖွပ်လျှော်ထားပါတယ်....တဲ့၊သို့သော် အနံ့က ရှိတယ်၊ ဒီအနံ့က မာနနံ့-တဏှာနံ့....(မှန်ပါ) ပေါ် လာပလား....(ပေါ်လာပါပြီဘုရား)။

အဲဒါ အရဟတ္တ မဂ်တည်းဟူသော ခုနင်က ဖြစ်ပျက်တွေ ပြန်အားထုတ်လို့ ဆုံးတဲ့ဆိုတဲ့ အရှင်ဘုရားတို့ ဒီသေတ္တာထဲ ထည့်မှ ရမယ်တဲ့၊ ဒါမှ ဒီအနံ့တွေ မပျောက်မယ်တဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နောက်ဆုံးမဂ်ကျမှ အနံ့ပျောက်မယ်လို့ပြောလိုက်တာဘဲ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုဟောပါလိမ့် ... (နောက်ဆုံးမဂ်ကျမှ အနံ့ပျောက်မှာပါဘုရား) နောက်ဆုံးမဂ်ကျမှ အနံ့တွေ အကုန်ပျောက်မယ်လို့ ဟောလိုက်တော့ နောက်ဆုံးမဂ်ဟာတဲ့ အမွှေးအကြိုင်ထည့်ထားတဲ့ သေတ္တာနဲ့တူတယ်....(မှန်ပါ့) အယင်သုံးမဂ်ကတော့ ဖြူဖွေးအောင်တင် ဖွပ်ထားတဲ့ အဝတ်နဲ့တူတယ် (မှန်ပါ့)။

အယင် သုံးမဂ်ကတော့.... ( ဖြူဖွေးအောင်သာ ဖွပ်ထားတဲ့ အဝတ်နဲ့ တူပါတယ်ဘုရား ) ဖြူဖွေးအောင်သာ ဖွပ်ထားတဲ့ အဝတ်နဲ့တူပါတယ်....တဲ့၊ ချေးညှော်တော့ မရှိဘူး....၊ အနံ့ မပျောက်ဘူး...(မှန်ပါ့)။

ချေးညှော်တော့... (မပျောက်ပါတယ်ဘုရား) အနံ့ကတော့ (မပျောက်ပါဘုရား) အနံ့တော့ ကျန်နေတယ်...တဲ့၊ တကာတကာမတို့ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အနံ့ရှိတဲ့ပုဂ္ဂိုလ်ကော ကောင်းပါသလားလို့ မေးတဲ့အခါကျတော့ ဦးမြကတဲ ဖြေပါ.... ( မကောင်းပါဘုရား)။

မကောင်းဘူး၊ အနံ့ရှိနေတော့ ဖြူသာ ဖြူတယ်ဟေ့.... နံ့စော်လိုက်တာဆိုယင်ကော... (မကောင်းပါဘုရား) မကောင်းသေးဘူးဆိုတော့ စတုတ္ထမြောက် သောတ္တာထဲ ထည့်သင့်မထည့်သင့်.... (ထည့်သင့်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး.... (အနံ့ပျောက်အောင်လို့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ... ဘုန်းကြီး ထင်ရှားအောင် တကာ တကာမတွေကို လုံလောက်အောင် ပြောပါမယ်၊ ရှင်အာနန္ဒာဟာ သောတာပန်တည်ပြီးသားနော်....(မှန်ပါ)။

ပဌမ သံဃာယနာတင်တော့မယ်ဆိုတော့ ရှင်အာနန္ဒာ ဝင်သွားတော့ ဒို့အထဲက္ခာ ပြင်းထန်တဲ့အနံ့ထွက်လာတဲ့ ပုဂ္ဂိုလ် တယောက် ပါနေတယ်ကွ ပြောကြတယ်...(မှန်ပါ) မပြောဘူးလား. (ပြောပါတယ်ဘုရား) ဒါ... ဘယ်သူ့ကို ပြောတာတုံး ( ရှင်အာနန္ဒာကို ပြောတာပါဘုရား ) သောတာပန် ဆိုတော့ ခုနင်က အနံ့ရှိတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါပါတယ်ဘုရား)။

ဒို့အထဲ ကိလေသာနံ့ရှိတဲ့ ပုဂ္ဂိုလ်တပါး ပါနေတယ်ကွ.... ဆိုတော့ ရှင်အာနန္ဒာ စူးစောင်းပြောတာ....၊ ဒီ့ပြင်ဟာက ရဟန္တာချည့်ဘဲ အနံ့မရှိဘူး- သံဃာငါးရာ အစည်းအဝေးမှာ.... (မှန်ပါဘုရား) သူတပါးဝင်သွားယင်ဘဲ ဟိုက ကဲ့ရဲ့ကြတယ်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဩော်... ဒါဖြင့် သောတာပန်၊သကဒါဂါမ်၊အနာဂါမ် တည်ပြီးသားတောင် အနံ့ ကျန်နေတယ်၊ အဝတ် ဖြူပြေားသော်လဲ

နော်....(မှန်ပါ) ခန္ဓာဖြူပြောသော်လဲ အနံ့က... (ကျန်နေပါတယ်ဘုရား)။

တကယ့် ပုထုဇန်ဆိုလို့ရှိယင်ဖြင့် ဒါကြောင့် လူနံ့ကို နတ်တွေက မခံနိုင်ဘူး...(မှန်ပါဘုရား) တန်ခိုးကြီးတဲ့ နတ်ဟူသ၍ ဆင်းမလာတဲ့ဘူး၊တယူဇနာက နံတယ်....(မှန်ပါ)ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

တယူဇနာက...(နံပါတယ်ဘုရား) ဒါ-ဘာတုံးဆိုဘာတော့ ဦးအောင်ဇေ၀ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ အညစ်အကြေးတွေပေါ့ဗျာ.... (မှန်ပါဘုရား)။

တကာတကာမတွေ ကောင်းသေးရဲ့လားတဲ့... (မကောင်းပါဘုရား) နတ်တွေကတောင် ဆင်းမလာနိုင်ဘူး...တဲ့ ဒီအနံ့တွေ ကြောက်လွန်းလို့....၊ တယူဇနာကနေ နံပါတယ်ဆိုတာ ဆဲ့သုံးမိုင်ကနေ နံတာ၊ ဦးမြကဲ ဒီက နေတယ် ဟိုမှာ ဆဲ့သုံးမိုင်အထက်ကနေတဲ့သူတွေက...(နံပါတယ်ဘုရား) တကာတကာမတွေ သဘောပါပလား.... ( ပါပါပြီဘုရား ) ကဲ... ဒါဖြင့် ရှင်အာနန္ဒာပြောတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ရှင်ခေမက,က ဟောလိုက်တာက ဖြစ်ပျက် ပြန်အားထုတ်ပြီးသကာလ အရဟတ္တမဂ်ဆိုတဲ့ စတုတ္ထသေတ္တာထဲထည့်မှ ဒီအနံ့ပျောက်မယ်တဲ့၊ ပေါ်ပလား.... ( ပေါ်ပါပြီ ) စတုတ္ထမဂ်ရမှပေါ့လေ....(မှန်ပါ)။

နို့မဟုတ်လို့ သောတာပန်,သကဒါဂါမ်,အနာဂါမ်သောက်ဆိုယင် ဖြူသာဖြူ၍ အနံ့မပျောက်....(မှန်ပါ)။

ဘယ်လို ဆိုကြမယ်… ( ဖြူသာဖြူ၍ အနံ့ မပျောက်ပါ ဘုရား) ဖြူသာ ဖြူပါတယ်….တဲ့ တကာတကာမတို့ အနံ့ မပျောက်ပါဘူး… တဲ့၊ ရှင်းပလား…(ရှင်းပါပြီဘုရား)။

ဒါဖြင့်…. အရှင်ဘုရားတို့ ဒီလိုလုပ်ပါဆိုတော့ ရဟန်းကြီး ခြောက်ဆယ်ကလဲ အလုပ်လုပ်ပါတယ်နော်၊ သူလဲ ခန္ဓာကြည့် ပြီး အလုပ်လုပ်တာဘဲ သူလဲ အနာဂါမ်ကိုး….၊ သူကလဲ ခန္ဓာ ကြည့်ပြီး ခုနင်က သူဟောတဲ့အတိုင်းဘဲ လုပ်တာဘဲ၊ " ဣတိ ရူပံ ဣတိရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော " ဒါ ကလေးဟာ ဖြစ်ပျက်ဘဲ ရုပ်ဖြစ်ပျက်ဘဲ၊ ဝေဒနာဖြင့် ဝေဒနာ ဖြစ်ပျက်ဘဲလို့ ဟောရင်း ရှုရင်းနဲ့ သူလဲ ရဟန္တာဖြစ်တာဘဲ… (မှန်ပါ) ရိပ်မိ လား … (ရိပ်မိပါပြီဘုရား)။

ဒါ…ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် နာရီကလေးနာလို့လား၊ ရှုလို့လား…(ရှုလို့ပါဘုရား) ဟိုက တော့ ဟောရုံကလေး ဟောလို့လား, ရှုလို့လား (ရှုလို့ပါ ဘုရား)။

အဲဒါ သံယုတ်ပါဠိတော်ကြီးမှာ ဦးအောင်ဇေယျတို့ဦးမြတို့ သေသေချာချာ လာတာဘဲ (မှန်ပါ) သဘောကျပလား…. (ကျသွားပါပြီဘုရား)။

ဒါဖြင့် ဟောတဲ့ပုဂ္ဂိုလ်လဲ ခန္ဓာကိုယ်ကြည့် ဟောပေါ့ဗျား နာတဲ့ ပုဂ္ဂိုလ်ကလဲ…(ခန္ဓာကိုယ်ကြည့်နာရပါမယ်ဘုရား) ခန္ဓာ ကိုယ်ကြည့်ပြီးနာ၊ အလုပ်, လုပ်ရင်းနာပါ နောက်ကိုနော်….

အလုပ်,လုပ်ရင်းနာ၍ ဟောတဲ့ပုဂ္ဂိုလ်ကလဲ အလုပ်,လုပ်ရင်း ဟောကြမယ်ဆိုလို့ရှိယင်ဖြင့် နှစ်ဦး နှစ်ဝ ကျေးဇူးရှိတယ်ဆိုတဲ့ စကားဟာ သေချာသွားပြီ....(သေချာသွားပါပြီဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့.

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

အာစယဂါမိနောဓမ္မာနှင့် အပစယဂါမိနောဓမ္မာ တရားများ

# ည အလုပ်ပေး တရားတော်

( ၂၆ - ၅ - ၆၈ )

“အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာ” လို့ ဦးမြ နှစ်ခုမှတ်ရမယ်၊ ဒါ-- ဓမ္မသင်္ဂဏီပါဠိတော်လို့ မှတ်ပါ။

“အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာ” ဘုရား တဆူဘဆူပွင့်မှ တခါဟောတာ....(မှန်ပါ)။

“ အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာ ” တဲ့ မှတ်မိကြပလား....( မှတ်မိပါပြီဘုရား ) ဘာတဲ့တုံး ဦးအောင်ဇံဝေ(အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာပါဘုရား) နောက်က တကာတကာမတွေ ရွတ်စမ်း ဒီဥစ္စာ ဘာတဲ့တုံး.... (အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာပါဘုရား)။

အာယစယဂါမိနော=စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော၊ ဓမ္မာ=တရားတို့သည်၊ အပစယဂါမိနော= စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်ကုန်သော၊ ဓမ္မာ = တရားတို့

သည်၊ တရားနှစ်မျိုးရှိတယ်လို့ ဦးမြကြီး မှတ်ထားလိုက်စမ်းပါ (မှန်ပါ)။

စတိပဋ္ဌာနရောက်ကြောင်း တရားတမျိုး, စတိပဋ္ဌာနသို့ မရောက်တဲ့တရားတမျိုး၊ ဘယ်နှစ်မျိုးရှိသွားသတုံး—(နှစ်မျိုးပါ ဘုရား) မှတ်ထားပါ—၊ မှတ်ထားပါ။

အာစယဂါမိနေ့ဓမ္မာ ဆိုတဲ့ ၁-နံပါတ်က စတိပဋ္ဌာနသို့ ရောက်ကြောင်းတရားတဲ့၊ အာစယဂါမိနောဓမ္မာ ဆိုတာက စတိပဋ္ဌာနသို့ ရောက်ကြောင်းမဟုတ်တဲ့တရား။ ဘယ်နှစ်မျိုးပါ လိမ့်—(နှစ်မျိုးပါဘုရား) ဦးမြ ဘယ်နှစ်မျိုးရှိသတုံး—(နှစ်မျိုး ပါဘုရား)။

ကြြော်— ဒါ ဘာပါလိမ့်မတုံးမေးတော့မှ ဓမ္မဂ်ဏီပါဠိတော် လို့ ကိုပေါ်ကြီး မှတ်ထားပါ .... (မှန်ပါ) စတိပဋ္ဌာနသို့ ရောက်ကြောင်းတရားတမျိုး၊ စတိပဋ္ဌာနသို့ ရောက်ကြောင်း မဟုတ်တဲ့တရားတမျိုး ဘယ်နှစ်မျိုးရှိကြသတုံး.... ( နှစ်မျိုးပါ ဘုရား)။

ဒါ သေသေချာချာမှတ်ထားပါ၊ ဒါ တကာရင်း, ဆရာရင်း တွေပြောနေတဲ့တရားလို့လဲမှတ်ထားပါ၊ ဖျမ်းမျှကြေး,သဘော ကျရုံကလေး, သဒ္ဓါတရား ဖြစ်ရုံကလေး ပြောနေတဲ့တရားလို့ ဦးမြကြီးက ဒီလိုမှတ်မနေနဲ့ဦး— (မှန်ပါ)။

သဒ္ဓါတရားပွားအောင် ပြောတဲ့တရားကတမျိုး, အမှန်ဆိုက် အောင်ပြောတဲ့တရားကတမျိုး၊ တရားဘယ်နှစ်မျိုး ရှိသတုံး.... (နှစ်မျိုးပါဘုရား)။

တချို့ တကာတကာမတွေ ကြိုက်နေကြတာက အို....တရားနာလိုက်ရတာ သဒ္ဓါကိုပွားတယ်...တဲ့၊ ဟာ....မဟုတ်သေးဘူးဟ၊ ဦးမြ မဟုတ်သေးဘူးလို့ စွဲချက်တင်လိုက်တယ်....(မှန်ပါ) ဒါက သဒ္ဓါတရားပွားတို့ မဟုတ်ပါဘူး။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရားဆိုတာက ဥပမာ နတ်ရွာရောက်ကြောင်းတရားကို ဘုန်းကြီးက ဟောလိုက်မယ် ကိုပေါ်ရဲ့...(မှန်ပါ)၊

ဟာ....လှူချင်တန်းချင်တဲ့လူတွေ တခါတည်းပြည့်ပုံလာမှာဘဲ သူ စုတိပဋိသန္ဓေ ရောက်မှာကိုးဗျ .... (မှန်ပါ) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီလို သဒ္ဓါပွားတဲ့တရားတမျိုး, ပညာများတဲ့တရားတမျိုး အဲဒီနှစ်မျိုးမှာ အခုဟာက ပညာများတဲ့တရားမျိုး.... (မှန်ပါ) သဒ္ဓါတရားပွားတဲ့ တရားက စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား(မှန်ပါဘုရား)။

ပညာများတဲ့တရားက စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား.... (မှန်ပါ) ဒေါ်အုန်းမေကြီးတို့ တရားကိုက နှစ်မျိုးပါလား....(မှန်ပါ)။

ကဲ.... ဦးအောင်ဇေယျ တရားနာဘို့ မလွယ်ဘူး .... (မှန်ပါ) လွယ်သေးရဲ့လား....(မလွယ်ပါဘုရား)။

သေသေ ချာချာ တကာ တကာမတွေ မှတ်ပါ မောင်အောင်ချိတို့လူစုတွေနော်.... (မှန်ပါ) စုတိပဋိသန္ဓေရောက်စေတတ်တဲ့ တရားက တမျိုး၊ စုတိပဋိသန္ဓေ မရောက်စေတတ်တဲ့ တရားကတမျိုး၊ ဦးမြ ဘယ်နှစ်မျိုးတုံး.... (နှစ်မျိုးပါဘုရား)။

ဒါ- ဓမ္မဘင်္ဂီပါဠိတော်မှာ သေသေချာချာ ဟောထား တယ်၊ ဘယ်မှာဟောထားသတုံး.... ( ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောထားပါတယ်ဘုရား) ဘယ်သူဟောသတုံးမေးတော့ ကိုယ် တော်တိုင်ဟောတာပေါ့... (မှန်ပါ)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားကို ခင်ဗျားတို့ ကြိုက်နေကြမယ်ဆိုယင်ဖြင့် စုတိဒုက္ခသစ္စာ၊ ပဋိသန္ဓေကကော— (ဒုက္ခသစ္စာပါဘုရား)။

အဲဒီရောက်ကြောင်းတရားဆိုယင် ခင်ဗျားတို့ ဒါတွေကြိုက် နေကြမယ်ဆိုယင်ဖြင့် ဒုက္ခသစ္စာကို ကြိုက်နေကြတာ—(မှန်ပါ) ဆိုထိုက်ပလား.. (ဆိုထိုက်ပါတယ်ဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားကို ကြိုက် ပါမှ နိဗ္ဗာန်ကြိုက်တဲ့တရား....(မှန်ပါ)။

တကာတကာမတွေ မခြားနားသေးဘူးလား (ခြားနားပါ တယ်ဘုရား) ကြော်.... တော်တော်ခက်နေပါကလား၊ ဒို့မှာ တရားနာရပေမဲ့လဲ ဒို့ကလဲ ဘာမှပြင်ဆင်ထားတာ မဟုတ်ဘူး၊ ထည့်ပေးတာယူလာတဲ့ ဈေးဝယ်နဲ့တူနေမှာကြောက်ရသေးတယ်- (မှန်ပါ)။

ဟိုက အစိတ်သားထည့်ပေးလိုက်တယ် ဒါ- အစိတ်ထင်ပြီး ယူသွားတာဘဲ၊ ခုနစ်ဆယ်ငါးကျပ်သား ထည့်ပေးလိုက်လဲ... (ယူသွားပါတယ်ဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားကိုမှ တကာတကာမ တွေက သဘောကျချင်ကျနေတာဘဲ....(မှန်ပါ) ဦးမြ မခက်ဘူး လား...(ခက်ပါတယ်ဘုရား)ဦးအောင်ဇေဝေ....(ဒီအတိုင်းပါဘဲ ဘုရား)။

ဒါဖြင့် ဒီနေ့ည တကာတကာမတွေ ထူးထူးခြားခြား သိရတော့မယ်ဆိုတဲ့အဓိပ္ပါယ် ရှင်းရောပေါ့....(ရှင်းပါပြီဘုရား)။

အာစယဂါမိနောဓမ္မာ ဆိုတာက စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား၊အပစယဂါမိနောဓမ္မာ ဆိုတာက စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရား၊ ကဲ .. မင်းတို့ ဘယ်ဟာကြိုက်ကြသတုံး....(အပစယဂါမိနောကြိုက်ပါတယ်ဘုရား) ဒါဘဲကြိုးကဲ့ရမယ်၊ နောက်ကတကာတကာမတွေ ဘာကြိုက်ရမယ်...(အပစယဂါမိနော ကြိုက်ပါတယ်ဘုရား)စုတိပဋိသန္ဓေသို့ရောက်ကြောင်းမဟုတ်တဲ့တရားကို ကြိုက်ရမယ်....(မှန်ပါ)။

နို့မဟုတ် ဘုရားက ဦးအောင်ဇေယျ နှစ်မျိုးထားပြီး ဟောနေစရာမလိုပါဘူး.... (မလိုပါဘုရား) ဦးမြ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ တခုကိုဖြင့်ပယ်၊ တခုကိုဖြင့်ဆောင်းဒီလိုဟောတဲ့တရားလို့ မှတ်ကြစမ်းပါ....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ဘာလူလို့ ဘာဖြစ်တယ်၊ လူ့စည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားရတယ်ဆိုတာ စုတိပဋိသန္ဓေရောက်-မရောက် ...(ရောက်ပါတယ်ဘုရား) ဒါဖြင့် စုတိပဋိသန္ဓေရောက်ကြောင်းတရား သူက.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပစယဂါမိနောက နိဗ္ဗာန်သို့ ရောက်ကြောင်း တရား....ရှင်းပလား....(ရှင်းပါပြီ) စုတိပဋိသန္ဓေပါသေးလား....(မပါ-ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သိအောင်, ရှင်းအောင်, လင်းအောင် ပြောကြပါစို့ ဆိုတော့ အာစယဂါမိနေ့ာဓမ္မာက ဒုက္ခ ဖြစ်ကြောင်းတရား...(မှန်ပါ) အပစယဂါမိနေ့ာဓမ္မာက ဒုက္ခချုပ်ကြောင်းတရား.... (မှန်ပါ) မကွာဘူးလား.... ( ကွာပါတယ်ဘုရား)။

တကာတကာမတို့ တရားသားမဖေါ်သေးပါဘူး၊ ခြေ ... တရားနှစ်မျိုးရှိတယ်လို့ မှတ်ထားလိုက်စမ်းပါ .... ( မှန်ပါ ) တရားသားမဖေါ်ရသေးပါဘူး၊ တရားနှစ်မျိုး ရှိတယ်ဆိုတာကို ကိုပေါ်တို့ သိနှင့်ဘို့အရေးကြီးပါတယ်....(မှန်ပါ)။

စုတိပဋိသန္ဓေသို့ရောက်ကြောင်းတမျိုး၊ နိဗ္ဗာန်ရောက်ကြောင်းတမျိုး၊ ဘယ်နှစ်မျိုးရှိကြသဘုံး .. (နှစ်မျိုးပါဘုရား) နှစ်မျိုးရှိတယ်လို့ မောင်အောင်ချိတို့ မောင်မြင့်တို့ မှတ်စမ်းပါကွာ.... (မှန်ပါ)။

အဲဒီတော့ကို ဒီတကာတကာမတွေ တရားကို မနာတတ်တော့ဘူး၊ ဆရာကလဲ ခပ်ဖျင်းဖျင်း, လမ်းကလဲမပြတတ်ဆိုလို့ ရှိယင် ကျောင်းဆောက်ယင် ဘုံ ပေါက်၊ ဘုံပေါက် သွားနေမယ်၊ ဟင်- ဟိုသွားပြီး ပဋိသန္ဓေနေဦးမယ် ပြောတာဘဲ .... (မှန်ပါ) ဟိုသွားသေဦးမယ်ကော.... (ပြောပါတယ်ဘုရား)။

ဒါ ဘာတရားခေါ်ကြမည်-စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား....(မှန်ပါ) ဦးမြကြီး ရှင်းပလား ...(ရှင်းပါပြီဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရားဆိုတဲ့ ဥစ္စာလဲရှိတယ်၊ အဲဒီတော့ ဒုက္ခရောက်တဲ့တရား, ဒုက္ခလွတ်တဲ့တရား၊ ဘယ်နှစ်မျိုးရှိကြသလဲ....(နှစ်မျိုးပါဘုရား)။

ဒုက္ခရောက်တဲ့ တရား ဒုက္ခလွတ်တဲ့တရားဆိုတော့ ဒါ ဗိန္နေ ညမှာ ပြောြ်—အတော်အရေးကြီးပါလား ဆိုတာကို ခင်ဗျားတို့ သေသေချာချာ မှတ်ကြည့်စမ်းပါ—(မှန်ပါ့ဘုရား)။

"အာစယ ဂါမိနော့ဓမ္မာ"ဆိုတာကဒီလိုကွတဲ့၊အုတ်များဟာ အုတ်တိုက်တည်တယ်ဆိုတော့ တချပ်ပေါ် တချပ်ဆင့် တချပ် ပေါ် တချပ်ဆင့်တည်ရတယ်၊ မတည်ကြရဘူးလား....(တည်ကြ ရပါတယ်ဘုရား) အဲ... စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရား ကတော့ တခန္ဓာပေါ် တခန္ဓာဆင့်ပြီး အလောင်းထပ်တဲ့တရား ကွတဲ့... (မှန်ပါ့ဘုရား)။

ဟာ... ဦးမြ သွားပြီ....( မှန်ပါ့ ) မသွားသေးဘူးလား .... (သွားပါပြီဘုရား)ဘာထပ်တဲ့ တရားတုံး .... (အလောင်းထပ်တဲ့ တရားပါဘုရား)။

အံမာလေး .... နာအောင်ပြောတော့ ဒီရောက်လာတယ် .... (မှန်ပါ့) တလောင်းပေါ် တလောင်းထပ်တဲ့တရား တလောင်း ပေါ် တလောင်းထပ်တဲ့တရားကို အာစယဂါမိနော ဓမ္မာ .... (မှန်ပါ့)ရှင်းပလား—(ရှင်းပါပြီဘုရား)။

ကိုပေါ်ရေ .... ဟောရမည့် ဘုန်းကြီးကိုက ခင်ဗျားတို့ကို အတော်ပြင်ရလိမ့်မယ် ဆိုတဲ့ဥစ္စာ ရင်လေးစရာ ပြောနေတဲ့ အဂိုပ္ပါယ်မျိုး မောင်အောင်ချိတို့ ရောက်သွားတယ်.... (မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)ဦးမြ သေသေချာချာ ရောက်နေပြီ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အလောင်းသိမ်းတဲ့ တရား, အလောင်း ထပ်တဲ့တရား ဘယ်နှစ်မျိုးတုံး....( နှစ်မျိုးပါဘုရား ) အာစယ

ဂါမိနော ဓမ္မာဆိုတာက ဘာတဲ့ ... (အလောင်းထပ်ဘဲ့တရားပါ ဘုရား)တလောင်းပေါ် တလောင်းထပ်မြှုပ်တယ် .... (မှန်ပါ ဘုရား)။

ဦးမြကြီး တလောင်းပေါ် တလောင်း(ထပ်ပြီးမြှုပ်ပါတယ် ဘုရား) ထပ်မြှုပ်တဲ့ တရားကို ဘယ်တရား ခေါ်ကြမလဲ .... (အာစယဂါမိနော ဓမ္မာပါဘုရား)။

အလောင်းသိမ်းတဲ့ တရားတော့"အပစယဂါမိနော ဓမ္မာ"တဲ့ ခြားနားလိုက်တာ ဟင်....(မှန်ပါဘုရား)။

အလောင်းသိမ်းတဲ့ တရားကျတော့ .... (အပစယဂါမိနော ဓမ္မာပါဘုရား) အပစယ ဂါမိနောဓမ္မာလို့ ဟောထားတော့ ကြောင့် ... ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ တယ်လဲကရုဏာ တော် ကြီးပါကလား· အလောင်း ထပ်မှာတော့ဖြင့် စိုးရိမ် ရှာတယ်၊ အလောင်းသိမ်းလို့ ရှိယင်လဲ သွဝမ်းမြောက်တော် မူတယ်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အလောင်းထပ်မှာတော့.... ( စိုးရိမ်ပါတယ်ဘုရား )စိုးရိမ် ရှာတယ်နော်-(မှန်ပါ) အလောင်းသိမ်းမှာကျတော့....(ဝမ်းသာ ပါတယ်ဘုရား)ဒါဖြင့် ဘုရားဝမ်းသာတဲ့တရား, ဘုရားနည်းပြတဲ့ တရားလို့ နှစ်မျိုးမှတ်ကြ (မှန်ပါဘုရား)။

ဦးမြ နှစ်မျိုးမှတ်စမ်း....( မှန်ပါ ) ဘုရားနည်းပြတဲ့ တရား တမျိုး၊ ဒီလမ်းလိုက်ယင် ဒီလိုဖြစ်လိမ့်မယ် ပြောတာကတော့ ဒါန,သီလတွေနဲ့ နိဗ္ဗာန်မပါဘဲနဲ့ လှူခဲ့ တန်းခဲ့လို့ရှိယင် အဲဒါ အလောင်းထပ်တယ်ကွ၊ သဘောကျလား .... (မှန်ပါဘုရား)။

ဒါန, သီလတွေ ဒုက္ခမမြင်ဘဲနဲ့ လှူကြ,ပေးကြ, ကမ်းကြလို့ ရှိယင် အလောင်းထပ်တယ်ကွ ဆိုတာလဲဘုရားဟောမှသိရမှာဘဲ

(မှန်ပါ)ဟာ.... သစ္စာသိပြီး လုပ်လို့ရှိယင်လဲ အလောင်းသိမ်းတယ်ကွဆိုတာလဲ သူပြောမှ သိရမှာဘဲ....(မှန်ပါဘုရား)။

အဲဒီတော့ သူပြောတာက သူမကြိုက်တဲ့တရားတမျိုး၊ သူကြိုက်တဲ့ တရားတမျိုးလို့ဆိုတာ တကာတကာမတွေ ကြိုက်နေတာက သူမကြိုက်တဲ့ တရားကြိုက်နေတာ .... (မှန်ပါဘုရား) သူကြိုက်တဲ့တရားကိုတော့...(မကြိုက်ပါဘုရား)။

မကြိုက်ဘူးဆိုတော့ ဘုရား၏ စိတ်ထားကိုလဲ မဝေဘန်တဲ့ အခိပ္ပါယ်ရောက်တယ်....( မှန်ပါ ) ရမ်းနာဘဲအဓိပ္ပါယ်ကော.... (ရောက်ပါတယ်ဘုရား)။

ပယ်ရမည့် တရားကိုတော့ မင်းတို့က သိမ်းတယ်၊ သိမ်းရမည့် တရားကိုတော့ ပယ်တယ်....( မှန်ပါ ) ဆိုတော့ ဈေးဝယ်မတတ်သလို ဖြစ်နေတယ်....( မှန်ပါ )ဦးမြ ဘယ့်နှယ်ဖြစ်နေသတုံး .... (ဈေးဝယ်မတတ်သလို ဖြစ်နေပါတယ်ဘုရား)။

တကာတကာမတွေ ဘယ်လောက် အရေးကြီးတယ်ဆိုတာ တရားချီးကတည်းက ခင်ဗျားတို့ သိလောက်ပါပြီ၊ မသိသေးဘူးလား ... (သိပါပြီ) အလောင်းထပ်တဲ့ တရားဟာ ဘုရားကြိုက်တဲ့တရားလား- ဘုရားပယ်တဲ့တရားလား....(ဘုရားပယ်တဲ့ တရားပါဘုရား)။

ဟာ....ခင်ဗျားတို့က ဘုရားပယ်တဲ့တရားကိုတော့.... (ကြိုက်ပါတယ်ဘုရား)ဘုရားစက်ဆုပ်တော်မူတဲ့ တရားကိုတော့ လူစည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားရပါလို၏နဲ့ ဘုရားရှေ့သွားပြီး ကန့်လန့်လုပ်လိုက်ဦးမကွ၊ ဘာတဲ့တုံး ဦးမြရ- မပြောတတ်ပါဘုရား အရှုံးထနေကြတာ၊ မောင်အောင်ချိတို့, မောင်မြင့်တို့ကော သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဘုရားရှေ့သွားပြီ ကိုယ်က အကြိမ်ကြိမ်ခံစားပြီး၍ ဆိုတော့ မောင်မြင့် အလောင်း မထပ်ဘူးလား- ထပ်မလား .... (ထပ်သွားတာပါဘုရား) အကြိမ်ကြိမ်ခံစားယင် အကြိမ်ကြိမ် သေမှာဘဲ... (မှန်ပါဘုရား)။

ဒါဖြင့် အလောင်းထပ်တဲ့တရားဟာ ဘုရားစက်ဆုပ်တော်မူတဲ့ တရားလား- ဝမ်းမြောက်တော်မူတဲ့ တရားလား (စက်ဆုပ်တော်မူတဲ့တရားပါဘုရား)အဲ .... အရှင်ဘုရား စက်ဆုပ်တာကို ဘယည့်တော်တို့ကို ဆုပေးစမ်းပါဘုရား ပြည့်အောင်.... (မှန်ပါ) ဘယ်နှယ် လုပ်တာတုံး ဦးမြရဲ့ ရှင်းစမ်းပါဦး ခင်ဗျားဟာ (ကန့်လန့်လုပ်တာပါဘုရား) ဦးအောင်ဇံကြီးကော ရှင်းတတ်ပလား.... (အရှုံးထ,တာပါဘုရား) တရှုံးထတာ၊ အဲ....ခင်ဗျားတို့ တည့်ပြီ။

အရှုံးထ,တယ်ဆိုတာ ဦးမြကမှတ်လိုက်မမှားဘူးဗျ၊ဝိပ္ပလ္လာသကြောင့် တောင်းတာကိုး .... (မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)ဝိပ္ပလ္လာသဆိုတာ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသဆိုတော့ အရှုံးဘဲမဟုတ်လား...(မှန်ပါဘုရား)။

အဲဒါ ဘုရားရှေ့သွားပြီး အရှုံးထတာလို့ မှတ်လိုက်စမ်းပါ- (မှန်ပါ) မောင်အောင်ချိ ဘယ့်နှယ်မှတ်မလဲ.... ( ဘုရားရှေ့သွားပြီး အရှုံးထနေပါတယ်ဘုရား)။

ဟာ.... မင်းတို့ဟာမင်းတို့ အိမ်နောက်ဖေးသွားပြီး အရှုံးထယင် ဘာကိစ္စရှိသတုံးကွ...(မှန်ပါ) ဦးမြကြီးဟင်...(မှန်ပါ) ပန်းတွေနဲ့ တကယ့်ကြည်ညိုဘွယ်ရှိတဲ့ ကိုယ်တော်ကြီးရှေ့မှာ

သွားပြီး မောင်မြင့်တို့က အရှုးထယင် တော်ပါမလား....(မတော်ပါဘုရား ) အရှုး- အရှုးနေရာ မနေဘူးလို့ ပြောရမှာလား မပြောရဘူးလား....(ပြောရမှာပါဘုရား)။

နောက်က ဘကာတကာမတွေ အရှုး- အရှုး နေရာမှာ နေမှ သင့်တယ်နော် .... ( မှန်ပါ ) အခုဟာ ဘယ်မှာတုံး အရှုးတာ ညွှန်ခန်းလာရှုးလို့ တော်ပါမလား.... (မတော်ပါဘုရား)။

ဒါ ဘုန်းကြီးက စကားကြီးတာလား ဦးအောင်ဇေဝရ ခင်ဗျားတို့ရှုးချက်က သန်တာလား.... ( ရှုးချက်က သန်တာပါ ဘုရား)။

ရှုးချက်သန်တယ်...၊ အံမာလေး .. ဦးမြရေ ဒီလိုဆရာသမား ကောင်းနဲ့ မတွေ့လို့ရှိယင် အာစယဂါမိနော့မမှာကြိုက်တဲ့ လူတွေဟဲ ခင်ဗျားတို့ ရာခိုင်နှုန်းတွက်ကြည့်စမ်း အများကြီး ရှိလိမ့်မယ်ထင်တယ်....(ရှိပါတယ်ဘုရား)။

အပစယဂါမိနော့မမှာကြိုက်တဲ့လူက အတော် နည်းလိမ့်မယ် လို့ဆိုယင် လွဲပါမလား....(မလွဲပါဘုရား)။

ဘုရားစက်ဆုပ်ဘဲ့ တရားကြိုက်တဲ့လူနဲ့ ဘုရားနှစ်သက်တဲ့ တရားကြိုက်တဲ့လူနဲ့ တရားတပွဲလုံး ဆုံးဖြတ်ချက်ချစမ်း ဘယ် သူကများပါမတုံး .... ( ဘုရားစက်ဆုပ်တဲ့ တရားကြိုက်တဲ့လူက များပါတယ်ဘုရား)။

အင်း...ဒါဖြင့် တရားမနာတတ်သေးဘူးဆိုရမှာလား ဦးမြ၊ နာတတ်ပြီလို့ ဆိုရမှာလား... (မနာတတ်သေးဘူးလို့ ဆိုရမှာပါ ဘုရား)။

ကဲ... တရားနာဘို့ မောင်မြင့် ဘယ်လောက်ခဲယဉ်းတယ် ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

သေသေချာချာ တွေးမှကွ....(မှန်ပါ) နိဗ္ဗာန်မရမီစပ်ကြား ဒီသား, ဒီသမီး, ဒီမြေး, ဒီမြစ်နဲ့ အတူတူသေ၊ သူက အတူတူ နေတာမြင်တာကိုးကွ၊ အတူတူသေမှ သည့်တော့ဘဲ.... (မှန်ပါ ဘုရား)။

အတူတူနေယင်တော့.... (အတူတူသေရမှာပါဘုရား)အတူတူ သေရမှာဘဲ၊ အတူတူပူရမှာဘဲ၊ အတူတူဆွေးရမှာဘဲ၊ ဦးမြဟုတ် ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အဲဒါ အတူတူနေတလုံးဖုံးလိုက်တာနဲ့ အတူတူသေပျောက် သွားတယ်....(မှန်ပါ) မဆိုးဝါးဘူးလား.... ( ဆိုးဝါးပါတယ် ဘုရား) ပေါ်ကြပလား နောက်က တကာတကာမတွေ....(ပေါ် ပါပြီဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့ အရှုး-အရှုးနေရာနဲ့ ရှုးပါလို့ ဆရာဘုန်းကြီးကပြောတာ ဦးမြ စကားကြီးသလား....(မကြီးပါ ဘုရား) အရှုး-အရှုးနေရာနဲ့ နောက်ဖေးချောင် သွားရှုးပါ၊ ဟုတ်လား....(မှန်ပါ)။

ပန်းတွေတင်ထားတဲ့ ဘုရားရှေ့မှာ ကြည်ညိုဘွယ်ဆောင် ထားတဲ့ဘုရားရှေ့မှာ သွားပြီးသကာလ လက်အုပ်ချီရှုး- ရှုးတာ ကတော့ ဦးမြ ဆိုးတယ်....(မှန်ပါ မသင့်မလျော်ပါဘုရား) မသင့် မလျော်ဘူးဆိုတာ ရိပ်မိပသလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် အာစယဂါမိနောမမွာဆိုတာစုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား နော်.... (မှန်ပါ) အပစဂါမိနောမမွာ ဆိုတာက စုတိပဋိသန္ဓေကိုဖျက်ချပြီး သကာလ နိဗ္ဗာန်သို့ ရောက် ကြောင်းတရား၊ ရှင်းကြပသလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အာစယဂါမိနေ့ာဓမ္မာ ဘာပါလိမ့်မတုံး လို့ မေးတဲ့အခါကျတော့ အကုသိုလ်စိတ်တွေလဲ အာစယဂါ မိနေ့ာဓမ္မာဘဲ... (မှန်ပါ့)ဘုံဘဝတောင်းတလုပ်တဲ့ ကုသိုလ်တွေ ဟူသရျလဲ....(အာစယဂါမိနေ့ာဓမ္မာပါဘုရား) စုတိပဋိသန္ဓေဘဲ ပြန်ရတယ်....(မှန်ပါ့)။

မောင်မြင့် စုတိ ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါဘုရား ) ပဋိသန္ဓေကော....( ဒုက္ခသစ္စာပါဘုရား )ဒါဖြင့် မင်းတို့လုပ်တဲ့ ကုသိုလ်တွေ ဘုံဘဝလိုချင်ကြလို့ရှိယင်ဖြင့် ဒုက္ခပေးပါလို့ သွားတောင်းတာ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လိုတုံး.... (ဒုက္ခပေးပါ လို့ သွားတောင်းတာပါဘုရား)။

ဒုက္ခပေးပါလို့ သွားတောင်းတော့ ဟိုဒင်းလို ဖြစ်နေပြီထင် တယ် ဦးမြရ ပုဏ္ဏားမိုက်လို ဟင်.... (မှန်ပါ့) သူ့မှာ နွားက တကောင်တည်းရှိတာနဲ့ ရှင်ဘုရင်ဆီ သွားတောင်းဘယ်၊ နွား တကောင် သွားတောင်းတယ်၊ ရှင်ဘုရင်ဆီကျဘော့ ကြောက် တာ့လန့်တာနဲ့ အရှင်မင်းကြီး အကျွန်ုပ်မှာ နွားတကောင် ရှိတယ်၊ အဲဒါ သိမ်းတော်မူပါဘဲ့၊ ဝကျသွားတာပေါ့ကွ၊ မကျ သေးဘူးလား.... ကျသလား....(ကျပါတယ်ဘုရား)။

နဂိုရ်က နွားတကောင်ရှိဘာကိုး၊ အဘေ- ရှင်ဘုရင့်ဆီသွား ဘောင်း တကောင်ရလို့ရှိယင် တစုံဖြစ်မယ်၊ တစုံရှိယင် ခိုင်းလို့ စေလို့၊ ထွန်လို့၊ထယ်လို့၊ ဖြစ်မယ်လို့ဆိုပြီး သူ့သားက လွှတ် လိုက်တာ၊ ဟိုကျတော့ အရှင်မင်းကြီး အကျွန်ုပ်မှာ နွား

တကောင်ရှိတယ်၊တကောင်သိမ်းတော်မူပါဆိုတော့ ဘယ်မှာတုံးကွ အရင်းဆုံးနေပြီ— ( မှန်ပါ ) ဦးမြ ဘယ့်နှယ်နေသတုံး.... (အရင်းရှုံးပါတယ်ဘုရား)။

ဒီမှာလဲ စုတိပဋိသန္ဓေပြန်တောင်းလို့ရှိယင် ဘယ့်နှယ်ဆိုကြမတုံး....(အရင်းရှုံးပါတယ်ဘုရား)။

ဒုက္ခရှိလျက်နဲ့ ဘာတောင်းတာတုံး .... (ဒုက္ခတောင်းတာပါဘုရား) ဒါဖြင့် ဒုက္ခရှိလျက်နဲ့ ဒုက္ခတောင်းတော့ကို ဒီဒုက္ခမကျေနပ်လို့ ဟိုဒုက္ခကို တချက်ရိုက်တဲ့ဥစ္စာ ၊မကျေနပ်လို့ နှစ်ချက်ရိုက်သတ်ပါဆိုတာနဲ့ကော.... (အတူတူပါဘုရား)။

ဦးမြ ဒါငြင်းချင်သေးသလား ခင်ဗျားတို့ .... ( ငြင်းစရာမလိုပါဘုရား) ငြင်းစရာမလိုပါဘူးဆိုတာ နောက်က တကာတကာမတွေ ကျေနပ်ပသား.... (ကျေနပ်ပါပြီဘုရား)။

ကဲ.... မောင်အောင်ချိတို့ မောင်မြင့်တို့ မဆိုးဘူးလားကွာ (ဆိုးပါတယ်ဘုရား)ဒါကြောင့် တကယ်တမ်းသိတဲ့ဆရာသမားကို ကိုသောင်ကြီး ရှာထိုက် မရှာတိုက်.... (ရှာထိုက်ပါတယ်ဘုရား) ဦးအောင်ဇံဝေ....(ရှာထိုက်ပါတယ်ဘုရား) မရှာယင် သွားပြီ.... (မှန်ပါ) မရှာယင်သွားပြီဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အေး. ဒါကြောင့် ဦးမြတို့ ဒီလာပြီးကြုံတဲ့ဥစ္စာ ခင်ဗျားအင်မတန်ကြီးကျယ်တဲ့ အကြုံကြီးဘဲဆိုယင်ကော လွဲပါမလား- (မလွဲပါဘုရား)။

ကိုင်း... ပြောကြပါစို့....၊ ကုသိုလ်စိတ်ရယ်၊ အကုသိုလ်စိတ်ရယ်, ကုသိုလ်စိတ်ပေမဲ့ ခင်ဗျားတို့ပြုတဲ့ ဘုံဘဝတောင်းတာဘဲ

ကုသိုလ်စိတ်,မကောင်းတဲ့အကုသိုလ်စိတ်ဒါနှစ်ခုဟာမောဝ်မြင့်က မှတ်လိုက်စမ်း စုတိပဋိသန္ဓေသို့ ရောက်ကြောင်းချည့်မှတ်လိုက်.... (မှန်ပါ့)။

ဘုံဘဝတောင်းတတဲ့ကုသိုလ်တွေဟူသ၍ဘာရောက်ကြောင်းတုံး....(ဘုံဘဝရောက်ကြောင်းပါဘုရား) စုတိပဋိသန္ဓေထည့်ပါ (စုတိပဋိသန္ဓေသို့ရောက်ကြောင်းပါဘုရား)။

စုတိပဋိသန္ဓေ ရောက်ကြောင်းဆိုတော့ စုတိဒုက္ခသစ္စာ, ပဋိသန္ဓေဒုက္ခသစ္စာဆိုတော့ ဒုက္ခရောက်ကြောင်း.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပစယဂါမိနောဓမ္မာ ဆိုတာကတော့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားဆိုတော့ ဘယ်ဟာကိုခင်ဗျားတို့ ကိုးကွယ်ထိုက်, ဆည်းကပ်ထိုက်, လုပ်ထိုက်တယ်ဆိုတာပေါ်လာတယ်....(မှန်ပါ) ဘယ်ဟာပေါ်လာသတုံး.... (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားပါဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရားကို ကိုးကွယ်ဆည်းကပ် သိမ်းပိုက်ပါ....(မှန်ပါ) ဘာဘူ သေသေချာချာမှတ်နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပြောပြီတဲ့ မင်းတို့လုပ်နေတဲ့ မဂ်စိတ်တွေကတော့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရား(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မင်းတို့လုပ်နေတဲ့ အကုသိုလ်နဲ့ ဘုံတွေ, ဘဝတွေလိုချင်တဲ့ ကုသိုလ်တွေကတော့ ဘာတဲ့...(စုတိပဋိသန္ဓေသို့ရောက်ကြောင်း တရားပါဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်တဲ့ တရားလို့ဆိုတော့ ဩော် တရားသွားပေါ်လာပြီ ဦးမြရေ....(မှန်ပါ)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့၊ ဒါဖြင့် အုတ်တိုက်တည်နေတဲ့ တရားကတော့ ဆင့်ဆင့်- ဆင့်ဆင့်ပြီး တည်သွားတယ်နော်... (မှန်ပါ)အုတ်တိုက်ဖျက်ချတဲ့တရားလဲရှိတယ် အုတ်တိုက်တည်တဲ့ တရားလဲရှိတယ်.... (မှန်ပါ)။

အာစယဂါမိနေ့ာခမ္မာဆိုတာ အုတ်တွေ တချပ် တချပ် စီစီသွားသလို အသေပေါ် အသေထပ်တဲ့တရားက အာစယဂါမိတရား၊ အသေကို ရုပ်သိမ်းတဲ့တရားက အပစယဂါမိတရား....၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရား တပည့်တော်တို့ အာစယဂါမိတော့မကြိုက်ပါဘုရား၊ အပစယဂါမိတရားသာ ကြိုက်ပါတော့တယ် ဆိုတော့ မြန်မာလို မင်းတို့မှတ်စရာက စုတိပဋိသန္ဓေရောက်ကြောင်းတရားတော့ မကြိုက်ဘူးဖြစ်မှာဘဲ.... (မှန်ပါ) ဟုတ်သလား.... (မှန်ပါဘုရား)။

စုတိပဋိသန္ဓေသိမ်းပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတော့.... (ကြိုက်ပါတယ်ဘုရား) ဒါကလေးဟာ လိုရင်းပါဘဲ ဦးမြတို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါ-ဘယ့်နှယ်လုပ်ရမှာတုံးတပည့်တော်တို့ ဒါဖြင့်ဘုရားစုတိပဋိသန္ဓေသို့ရောက်ကြောင်းတရားတော့မှုပေါက်နေပြီဘုရာ့၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) သားနဲ့

မယားနဲ့၊ အရောင်းနဲ့၊ အဝယ်နဲ့ဟာ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတွေပေါ့ဗျာ.... (မှန်ပါ) မဟုတ်ဘူးလား.... (မှန်ပါ ဘုရား)။

မသိခင်တုန်းက လှူဒါန်းပေးကမ်း တာတွေလဲ ဦးမြကြီး ဆုံးဖြတ်ချက်ချစမ်း-(စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါဘုရား) ဦးအောင်ဇံဝေ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ရောက်ကြောင်းတရားဘော့ ခင်ဗျားတို့က မှုပေါက်နေပြီဆိုတော့ အုတ်တိုက်တော့တည်သားကြပြီ၊ အလောင်းချင်း ထပ်ဟဲ့ အုတ်တိုက်တော့ - (မှန်ပါ) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အလောင်းသိမ်းတဲ့ အလုပ်ဘော့ မလုပ် တတ် သေးဘူးဆိုလို့ရှိယင်ဖြင့် ထပ်လို့ဘဲ ဆုံးနိုင်စရာ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ဒေါ်အုန်းမေကြီး မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဘယ်အလုပ်နဲ့ တပည့်တော်တို့ ဘယ်လိုလုပ်မှ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရားဖြစ်ရမှာလဲ—၊ မောင်မြင့်တို့ မေးဘို့လိုတယ်...(မှန်ပါ) မလိုဘူးလား....(လိုပါတယ်ဘုရား)။

အခု အရှင်ဘုရားဟောထားတာလဲ တပည့်တော်တို့ ရှင်းပြီဘုရား၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း တရားလဲ သိပြီဘုရား၊ အကုသိုလ်လုပ်နေတာလဲ အပါယ် စုတိ၊ အပါယ် ပဋိသန္ဓေတွေ ဒုက္ခတွေ ရောက်တော့မှာဘဲဆိုတာ သိပြီဘုရား၊ မသိခင်တုန်းက

ပေါ်များချင်လို့, နောက်ဘဝ ကောင်းစားချင်လို့ လှူတဲ့ အလှူတွေလဲ တပည့်တော်တို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဆိုတာ မောင်အောင်ချို သိပလား... (မှန်ပါ့) ဒါဖြင့် အမှားဟာဖြင့် ကျွံခဲ့ပြီ၊ ဦးမြ ပြင်ဘို့ လိုတော့တာဘဲ....(မှန်ပါ့)။

အမှားကတော့...(ကျွံခဲ့ပါပြီဘုရား) ပြင်ဘို့ဘဲ.... (လိုပါတယ်ဘုရား) လိုတော့တယ်ဆိုတာဖြင့် ဒါ.... သေသေချာချာ မှတ်ပေတော့ နော်....(မှန်ပါ့)။

ဒါဖြင့် ပြင်ပုံ, ပြင်နည်းဘဲဘုရား အမိန့်ရှိပါတော့ တပည့်တော်တို့ မှားချက်ကဖြင့် ပြင်းထန်လှချီရဲ့....၊ မှားတာလဲ ခုနင်က အရှင်ဘုရားပြောလို့ ရိပ်မိပါပြီ၊ တချို့ဟာ ဘုရားရှေ့ သွားမှားတယ်၊ တချို့ဟာကော ထာကလေးနဲ့မှားတယ်၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)တချို့က ကျောက်ကုန်သည်ဆိုတော့ ထာကလေးနဲ့မှားနေတယ်၊ ဟင်....(မှန်ပါ့) ရလိုမှုတွေနဲ့ ဝယ်ချမ်းစစ်ဆေးကြ,လုပ်ကြ၊ ဒါ....စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဟုတ်ပါရဲ့လား... (ဟုတ်ပါတယ်ဘုရား)။

တချို့ကျတော့လဲ ထာကလေးနဲ့မမှားဘူး မောင်မြင့်,ရ၊ ဘုရားရှေ့သွားမှားတာလဲ ရှိသေးတယ်....(မှန်ပါ့) မရှိဘူးလား (ရှိပါတယ်ဘုရား)။

ဘုရားရှေ့သွားပြီး ဒီသား, ဒီသမီး, ဒီမြေး,ဒီမြစ်နဲ့ ဒီပန်းလှူရတဲ့အတွက် ဘယ်အခါကာလမှ မခွဲဘဲနဲ့ နေပရစေ· ရောက်ရာ ဘဝမှာဆိုတော့ သွားပြီကွာ....စုတိ ပဋိသန္ဓေနဲ့သွားပြီ၊ မပါသေးဘူးလား....(ပါ·ပါတယ်ဘုရား)။

ဒါ....ကိုယ်ပါနေတဲ့ပါးစပ်ထဲကဟာကို ငါ-ဘာလုပ်နေတယ်လို့ကို မသိဘူး....(မှန်ပါ့) ဦးမြကြီး ကိုယ့်ပါးစပ်ကို ကိုယ်သိသေးရဲ့လား....(မသိပါဘုရား)။

အံမာလေး...ကြောက်စရာကြီးပါလား၊ ခေါင်းဖြူဖြူနဲ့ အသက်ကြီးတဲ့ တကာတကာမတွေလဲ ကြပ်ကြပ် သတိထားစမ်းပါ၊ မှားချက်ပြင်းထန်လွန်းလို့ ဆိုတဲ့ဥစ္စာ တော်တော် ရှင်းရှင်းဘဲ အခုပြောထားပြီ နာရီဝက်ရှိသွားပြီနော်.... (မှန်ပါ့) ဒါလဲ ရှင်းရှင်းကို ပြောနေတာ။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့- စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းတရားတော့ မှုပေါက်နေလို့ တပည့်တော်တို့ကို ရောက်ကြောင်းတရား မဟုတ်တာကို ပြောပါတော့၊ ဒါဘဲ မင်းတို့တောင်းပန်ဘို့ရှိတယ်....(မှန်ပါ)။

စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရားကို ပြောပါတော့ ဆိုတော့မှ ဦးမြ့ရေ ပြောပြီနော်....(မှန်ပါ့) ပြောတော့မှ ဒါ....ဘယ်ကလာတာတုံးဆိုတော့ ဓမ္မသင်္ဂဏိက လာတယ်နော် အခုပြောခဲ့တဲ့ ပါဠိတော်ဟာ....(မှန်ပါ့) ဓမ္မသင်္ဂဏိနဲ့ သံယုတ်နဲ့ တွဲဟောရမယ်....(မှန်ပါ့)။

ဦးနေဖူး....ဓမ္မသင်္ဂဏိနဲ့ သံယုတ်နဲ့တွဲဟောရမယ်....(မှန်ပါ့) သဠာယတနသံယုတ်ကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းကွာ....စုတိ ပဋိသန္ဓေသို့ရောက်ကြောင်းတရား မဖြစ်ချင်လို့ရှိယင် လွယ်ပါတယ်ကွာ၊ တခါမှ မမြင်ဘူးတဲ့၊ ရှေးကလဲ မမြင်ဘူး-ဘူး၊ အခုလဲ မမြင်ဘူး-ဘူး။

ရှေးကလဲ မမြင်ဘူးဘူးနော် တခုသော ပစ္စည်း.... (မှန်ပါ) အခုကော မြင်ဆဲကော.... (မဟုတ်ပါဘုရား) မြင်ဆဲလဲ မဟုတ်ဘူး.... ( မှန်ပါ ) ရှေးကလဲ မမြင်ဘူးဘူး၊ အခုလဲ မြင်ဆဲလဲ မဟုတ်ဘူးဆိုတော့ အဲဒီ ပစ္စည်းတခုကို ကျုပ် ရချင်တယ်လို့ ဘယ်သူပြောမလဲတဲ့....(ဘယ်သူမှ မပြောပါဘုရား)။

ရှေးကလဲ မမြင်ဘူးဘူး၊ အခုကော.... ( မြင်ဆဲ မဟုတ်ပါဘုရား) အခုလဲ မမြင်ရသေးဘူး၊ သဘောကျပလား....(ကျပါပြီဘုရား) အဲဒါ ကျုပ်ကြည့်ချင်လိုက်တာလို့ ဘယ်သူပြောမတုံး (ဘယ်သူမှ မပြောပါဘုရား)။

ကြည့်ချင်လိုက်တာဆိုတော့ ဦးအောင်ဇေယျက တွေးလိုက်၊ ကြည့်ချင်လိုက်တာဆိုတဲ့ ဥစ္စာသည် တဏှာသံ ထွက်တယ်.... (မှန်ပါ) မဟုတ်ဘူးလား... (မှန်ပါ)။

အခုတော့ ရှေးကလဲ မမြင်ဘူးဘူး၊ အခုလဲ မြင်ဆဲ မဟုတ်ဘူးဆိုတော့ ကြည့်ချင်လိုက်တာဆိုတဲ့ စကားဟာ မောင်မြင့်လာမလား-မလာဘူးလား.... (မလာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မလာဘူးနော်.... (မှန်ပါ) ဒါဖြင့် တွေ့ချင်တဲ့တဏှာ, မြင်ချင်တဲ့တဏှာ, ကြားချင်တဲ့တဏှာ လာပါ့မလား... (မလာပါဘုရား) ဘာဖြစ်လို့တုံး- ရှေးကလဲ မမြင်ဘူး မကြားဘူးလို့ မစားဘူးလို့.... (မှန်ပါဘုရား) အခုလဲ မြင်ဆဲ,ကြားဆဲဆိုတာ မရှိလို့....(မှန်ပါ)။

အဲဒီ ပစ္စည်းမျိုးကို ရချင်လိုက်တာ...လို့ ပြောတဲ့ပုဂ္ဂိုလ် ဒီအထဲ တယောက်မှ ပါမှာမဟုတ်ဘူး-(မပါပါဘုရား)ပါသေး

ရဲ့လား....(မပါ-ပါဘုရား) ဦးမြ ရှင်းပြီ၊ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ရှေးကလဲ မမြင်ဘူး, မတွေ့ဘူး, မကြားဘူးတာ၊ အခု မြင်-ကြား-တွေ့ ဆိုတာ မောင်မြင့် လက်ရှိလဲ မဟုတ်ဘူး....(မှန်ပါ့) အဲဒီပစ္စည်းမျိုးကို ကျုပ်ရချင်လိုက်တာလို့ ရချင်တဲ့တဏှာ လာရဲ့လား- မလာဘူးလား.... ( မလာပါဘုရား ) မလာယင် ဥပါဒါန်ကော... ( မလာပါဘုရား ) ဥပါဒါန်မလာလို့ ရှိယင် အားထုတ်တဲ့ကံကော ....(မလာပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဦးမြ တရားသား နည်းနည်း ပေါ်လာတယ်၊ တရားသား နည်းနည်းပေါ်လာတယ်...(မှန်ပါ့)။

တကာ တကာမတို့.... အဘိဓမ္မာ တရားကို ဟော ရတော့ ဦးအောင်ဇံဝေ မလွယ်ဘူးနော်....(မလွယ်ပါဘုရား) မလွယ်ဘူး သေသေချာချာ ဉာဏ်နားနဲ့ ထောင်မှ ခင်ဗျားတို့ အမှားကို အကုန်ပြင်နေတာ ဖြစ်နေသောကြောင့် ဉာဏ်နားနဲ့ ကြီးကြီး ကျယ်ကျယ်ကိုထောင်မှ သူကကိုက်မှာ ....(မှန်ပါ့ဘုရား)။

မောင်အောင်ချို ဉာဏ်နားနဲ့ ကြီးကြီးကျယ်ကျယ် ထောင်နော်....(မှန်ပါ့) ဝမ်းသာစရာ မပါဘူး၊ ဒုက္ခသိမ်းတာဘဲဟော မှာဘဲ...(မှန်ပါ့ဘုရား)။

ဝမ်းသာစရာ့တော့ မပါ-ပါဘူး၊ ဒုက္ခသိမ်းစရာတော့ ... ( ဟောမှာပါဘုရား ) ဒုက္ခသိမ်းကတော့ ပါမယ်.... (မှန်ပါ့ ဘုရား)။

ကဲ....ဒါဖြင့် ရှေးက မမြင်ဘူး- မကြားဘူးတဲ့ပစ္စည်း၊ ယခုလဲ မြင်ကြားစားဆိုတာ အခုလဲ မရှိပါဘူး၊ အဲဒီပစ္စည်းမျိုးကို အား

လုံးတရားတပွဲလုံးက မြင်ချင်တယ်,ကြားချင်တယ်, စားချင်တယ်, တွေ့ချင်တယ်လို့ လာမလား....(မလာပါဘုရား) ဘာ့ကြောင့်တုံး ဆိုတော့ ရှေးကလဲ မမြင်,မကြား,မတွေ့၊ အခုလဲမြင်ဆဲ,တွေ့ဆဲ, ကြားဆဲ, ဦးမြဲ ဟုတ်ပါရဲ့လား....( မဟုတ်ပါဘုရား )သဘော ပါပလား....(ပါ·ပါပြီဘုရား)။

အဲဒီတော့ တဏှာလာသေးရဲ့လား.... ( မလာပါဘုရား ) တဏှာမလာယင် .... ( ဥပါဒါန် မလာပါဘုရား ) ဥပါဒါန် မလာယင်....(ကံ,မလာပါဘုရား)။

ဒါဖြင့် ကံလာယင် ဟိုဘက် ပဋိသန္ဓေပေါ်မယ်၊ ပဋိသန္ဓေ ပေါ်ယင် မောင်မြင့် စုတိကော... (ပေါ်မှာပါဘုရား) ပဋိသန္ဓေ နေယင် သေရမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားဟာ အခု ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောလိုက်တော့မှ တဏှာ, ဥပါဒါန်လဲ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း၊ ကံလဲရောက်ကြောင်း....( မှန်ပါ့ ) ပေါ်ပလား....(ပေါ်သွားပါပြီဘုရား)။

တဏှာ, ဥပါဒါန်လဲ... (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါ ဘုရား)ကံကော... (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါဘုရား)။

ဩော်.... စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား အခုပဋိစ္စ သမုပ္ပါဒ်နဲ့ သေသေချာချာ ထောက်ပြလိုက်တော့မှ ဦးမြရေ ပိုရှင်းတယ်... (မှန်ပါ့ဘုရား)။

ဘယ်ကံတုံးဘုရာ့၊ အို· ဘယ်ကံရယ်လို့ မဟောပါဘူး၊ ကံ ဟူသရွှေဟာ ဒီလိုပါဘဲ....( မှန်ပါ့ ) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဘယ်ကံရယ်လို့ ဘုန်းကြီးကကုသိုလ်ကံ၊ အကုသိုလ်ကံရယ်လို့ မဟောတော့ပါဘူး မောင်မြင့်ရ.... ( မှန်ပါ ) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းချည့် မှတ်လိုက်ပါ....( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါ တကာတကာမတွေက ဆင်ခြေလဲပြီး သကာလ ကျုပ်တော့ ကံကောင်းကလေး လုပ်နေတယ်လို့ အံမာလေး.... ဆင်ခြေလဲမနေနဲ့ စုဘိတော့ လာဦးမှာဘဲ ပဋိသန္ဓေကော .... (လာမှာပါဘုရား)။

ဒါ့ကြောင့် နေ့လည်က မောင်မြင့်တို့၊ မောင်အောင်ချိုတို့ ကံပြတ်အရေးကြီးတယ်ဆိုတာ ခင်ဗျားတို့ အရေးတကြီး မပြော ထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) ကံမပြတ်ယင် နိဗ္ဗာန် ရောက်ပါ့မလား....(မရောက်ပါဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ စုတိပဋိသန္ဓေသို့ ရောက် ကြောင်းတရား တွေ့ပြီနော်.... (မှန်ပါ) တဏှာ၊ ဥပါဒါန်ဟာ ဘာတရားပါလိမ့် .... (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားပါ ဘုရား)ကံတရားကော ဘယ့်နှယ်ဆိုကြမလဲ .... (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားပါဘုရား)။

ကမ္မဘဝပစ္စယာ ဇာတိကိုး ဘုန်းကြီးက ဆောင်ဟောနေ တာလား ဦးမြကြီးတို့၊ ဦးအောင်ဇေယျတို့.... (မဟုတ်ပါဘုရား) ဓမ္မနိယာမလား....(ဓမ္မနိယာမပါဘုရား)။

ဓမ္မနိယာမအတိုင်းဟောနေတာဖြစ်တော့ကို ဟာ-ဘုန်းကြီးက စကားတတ်လို့ဘဲ တကာတကာမတွေကို အမျိုးမျိုးဟောနေ

တယ်လို့ ဒီလိုမဆိုနဲ့တော့....(မှန်ပါ) ကမ္မဘဝပစ္စယာ ဇာတိဘဲ (မှန်ပါ)ဇာတိပစ္စယာ ဇရာမရဏဆိုတော့ ဟိုဘက်က အသေလဲ ပါလာတာဘဲ....( မှန်ပါ )မပါသေးဘူးလား .... (ပါ-ပါတယ် ဘုရား)ပါတော့ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား လက်သည် တွေ့ပြီ...(မှန်ပါ) တဏှာ, ဥပါဒါန်ရယ်, ကံရယ်.... ( မှန်ပါ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာတွေ့သလဲ....(တဏှာ,ဥပါဒါန်နဲ့ ကံတွေ့ပါတယ်ဘုရား) တဏှာ,ဥပါဒါန်ရယ် ကံရယ်....(မှန်ပါ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

တိုတိုပြောတော့ တဏှာ, ဥပါဒါန်ဖြစ်တဲ့ တရားနှစ်ခုရယ်-ကံတခုရယ်ဆိုတော့ ကိလေသဝဋ္ဋ်နဲ့ ကမ္မဝဋ္ဋ်ဆိုရုံပါဘဲ (မှန်ပါ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘယ်ကံတုံးလို့မောင်အောင်ချိတို့မေးယင် ဘယ့်နှယ်ဆိုပါ့မယ်... (အပါယ်ချတဲ့ကံပါဘုရား)ဘယ်ကံဖြစ်ဖြစ် ဒီကံကကောင်းတယ်၊ ဒီကံက မကောင်းဘူး၊မကောင်းတဲ့ကံကလဲ စုတိပဋိသန္ဓေတော့ ပေးတာဘဲ....(မှန်ပါ)ကောင်းတဲ့ကံကကော (စုတိပဋိသန္ဓေ ပေးတာပါဘဲဘုရား။

ဒါဖြင့် ဒုက္ခသစ္စာနဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့ ဒုက္ခ ပေးတာချည့်ဘဲ....(မှန်ပါ) ဆိုနိုင်ကြာလား ... (ဆိုနိုင်ပါတယ် ဘုရား)။

အဲ….ဆိုနိုင်ကြတော့ကိုတဲ့ ဒါ အာစယာဂါမိနေ့ာဓမ္မာ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားဆိုတာ သူဘဲ-(မှန်ပါ့ဘုရား) ပေါ်ကြပလား – (ပေါ်ပါပြီဘုရား)။

မောင်မြင့်တို့ ရှင်းပလားကွ…. (ရှင်းပါပြီဘုရား) ကိုင်း…. ဒါဖြင့် စုတိပဋိသန္ဓေသို့ရောက်ကြောင်းတရားဆိုတဲ့ဥစ္စာ အခုရှင်းသွားတော့ စုတိပဋိသန္ဓေသို့ရောက်ကြောင်းတရား မဟုတ်တာကတော့ တကာ တကာမတို့ ခင်ဗျားတို့ စိတ်ကလေးကို ခင်ဗျားတို့ ရှေးကကော မြင်ဘူးရဲ့လားလို့မေးယင် ဘယ့်နှယ်ပြောကြမလဲ….( မမြင်ဘူးပါဘုရား ) အခုလဲ မြင်ဆဲလားလို့ မေးလို့ရှိယင်… (မမြင်ပါဘုရား)။

သို့သော်… ဆရာဘုန်းကြီးက အခု ဆဲ့နှစ်ခု နည်းပေးထားတယ်၊ ဘစိတ်ကလေးစီ ပေါ်နေတာ…. (မှန်ပါ့) မပေါ်ဘူးလား….(ပေါ်ပါတယ်ဘုရား)။

ဦးမြ ဘယ်နှစ်ခုပေးထားသတုံး- (ဆဲ့နှစ်ခုပေးထားပါတယ်ဘုရား) အဲဒါ ရှေးက မြင်ဘူးရဲ့လားမေးယင် ဘယ့်နှယ်ဖြေကြမလဲ….( မမြင်ဘူးပါဘုရား ) ယခုလဲ မြင်ဆဲလားမေးယင် (မဟုတ်ပါဘုရား)။

အဲဒါကလေးကို ဆရာဘုန်းကြီးက ကွာ.. လာတဲ့ အခါကျလို့ရှိယင်ဖြင့် သူတို့သဘောကို လမ်းဆုံးလိုက်ကြည့်စမ်းပါ….၊ ဒီ-ဆဲ့နှစ်ခု၏သဘောကို လမ်းဆုံး လိုက်ကြည့်စမ်းပါလို့ ဆရာဘုန်းကြီးက ဟောတယ်၊လမ်းဆုံးလိုက်ကြည့်တော့ မောင်အောင်

ချီတို့မောင်မြင့်တို့က ဘာသွားတွေ့သတုံး....(အပျက်တွေ့ပါတယ် ဘုရား)မရှိတာဘဲ တွေ့တယ်....( မှန်ပါ )ဟင် .... ဖြစ်ပြီးပျက်တဲ့ မရှိတာဘဲတွေ့တယ်...(မှန်ပါဘုရား)။

ရှိတာတွေ့သလား- မရှိတာတွေ့သလား .... (မရှိတာတွေ့ပါ တယ်ဘုရား) ဩော် .... အဲဒီမရှိတာကလေးကို မင်းတို့က စား ချင်တယ်၊သောက်ချင်တယ်၊ ဝတ်ချင်တယ်လို့ ပါသေးသလား- (မပါ-ပါဘုရား)မရှိတာကလေး ကြည့်ရတော့ စိတ်ပျက်တယ် လို့ကော လာသေးသလား...(မလာပါဘုရား)။

ဒါဖြင့် မရှိတာကလေး မြင်လိုက်တဲ့ ပုဂ္ဂိုလ်ဟာတဲ့ တဏှာ၊ ဥပါဒါန်လဲ မောင်မြင့် လာသေးသလား....( မလာပါဘုရား ) စိတ်ပျက်တဲ့ ဒေါသ၊သောကကော ... ( မလာပါဘုရား ) မသိ၊ မှုမြင်တဲ့ အဝိဇ္ဇာကော....(မလာပါဘုရား)။

ဒါဖြင့် သူ့ကို ရှေးကလဲ မမြင်ဘူး၊အခုလဲ မြင်ဆဲမဟုတ်ဘူး နော်....(မှန်ပါ)အခုလဲ မြင်ဆဲမဟုတ်တဲ့ တရားကို ဘုန်းကြီးက အကြည့်ခိုင်းလိုက်တော့ကို သူ့ကိုမြင်လဲမမြင်ရဘူး၊ ဖြစ်ပေါ် သွားတာလဲ အမှန်သား၊ ပျက်သွားတာလဲ အမှန်သား၊ ကြည့် လိုက်တော့လဲ မရှိတာဘဲတွေ့တယ်....(မှန်ပါဘုရား)။

ဘယ့်နှယ်တုံး ကြည့်လိုက်တော့ ဘာတွေ့သတုံး....(မရှိတာဘဲ တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး...ဆိုတော့ မြင်ဆဲလဲ မဟုတ်ဘူးဆိုတော့ ဒီအမြင်ခံတဲ့စိတ်နဲ့ မြင်တဲ့စိတ်နဲ့ ပြိုင်နိုင်ပါ့မလား.... (မပြိုင်နိုင် ပါဘုရား)၊

ဒါကြောင့် မြင်ဆဲလဲ မဟုတ်ဘူး ..(မှန်ပါ) ရှေးက မြင်ဘူးရဲ့လားဆိုတော့ အို....ချုပ်သွားတာကြီး ခင်ဗျားတို့က မြင်ပါတယ်ဆိုတော့ အပုံပြောတာပေါ့.... ( မှန်ပါ ) ရှေးကတော့ မြင်ဘူးကြရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဒီတရားကို ရှုလိုက်တဲ့ပုဂ္ဂိုလ်များကျတော့ မြင်ဘူးလဲ မဟုတ်, မြင်ဆဲလဲ မဟုတ်သောကြောင့် ခင်ဗျားတို့မှာ ခြောက်-မရှိတာဘဲ သိလိုက်တယ်ဆိုတော့ တဏှာ, ဥပါဒါန် လာသေးရဲ့လား .. (မလာပါဘုရား)။

မလာလို့ ရှိယင်ဖြင့် ဝိဇ္ဇာလာမယ်.... (မှန်ပါ) မဆိုနိုင်ဘူးလား.... ( ဆိုနိုင်ပါတယ်ဘုရား ) မဂ်ပညာလာတယ် ဦးမြကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ရှေးကတော့ မြင်ဘူးတာကို သူရှုတာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) မြင်ဆဲရှုတာကော.... ( မဟုတ်ပါဘုရား ) မြင်ဆဲလဲ နှစ်ခုမပြိုင်နိုင်ဘူး၊ ပြိုင်နိုင်ကြရဲ့လား.... (မပြိုင်နိုင်ပါဘုရား) မပြိုင်နိုင်တော့ သူ-မရှိတာဘဲသိလိုက်တယ်.... (မှန်ပါ)။

ဒါကြောင့် မင်းတို့ ညှ ရှာတဲ့အခါ မရှိတာ သိယင်တော်ပြီ.... (မှန်ပါ) မျက်သုံးစိတ်ကလေးပေါ်သွားတာ မရှိတာသိရမယ် နားထဲပေါ်သွားယင်.... (မရှိတာသိရပါမယ်ဘုရား)။

မရှိတာသိလိုက်လို့ ရှိယင်ဖြင့် မရှိတာသိတဲ့ပုဂ္ဂိုလ်ဟာ ဒီ-မရှိတာကလေးကို လိုချင်တယ်၊ ရချင်တယ် လာသေးရဲ့လား.... (မလာပါဘုရား) မလာယင် တဏှာဥပါဒါန်ချုပ်တယ် (မှန်ပါ) တဏှာဥပါဒါန်ချုပ်ယင် ကံချုပ်တယ်....(မှန်ပါ)။

ဒီမရှိတာကလေးကိုပင်လျှင် ကျုပ် စိတ်ပျက်လိုက်တာ၊ မရှိ-မရှိနေတဲ့ဥစ္စာကလေး စိတ်ပျက်လိုက်တာလို့ကော လာသေးရဲ့လား...(မလာပါဘုရား) ဒါဖြင့် ဒေါသ,သောကဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကော လာသေးရဲ့လား....(မလာပါဘုရား)။

မရှိတာကလေးကို ကျုပ်ဖြင့် မှန်မှန်သိပြီလို့ဆိုသဖြင့် မသိတာလား....သိတာလား...(သိတာပါဘုရား) သိတာဖြင့် ဝိဇ္ဇာဘဲ (မှန်ပါ့) အဝိဇ္ဇာချုပ်ပြီ ... (မှန်ပါ့) မချုပ်သေးဘူးလား... (ချုပ်သွားပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ကို ပေးထားတဲ့တရားဟာ စုတိပဋိသန္ဓေကို ဖျက်ချနေတဲ့တရားပါလား ... (မှန်ပါ့) စုတိပဋိသန္ဓေရောက်ကြောင်းဖြစ်တဲ့ တဏှာ ဥပါဒါန်ကော လာသေးရဲ့လား..., (မလာပါဘုရား)ကံကော...(မလာပါဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေ ရောက်ကြောင်း ဖြစ်တဲ့ ခန္ဓာကိုယ် အလောင်းထပ်တဲ့ တရားတွေကို ကျုပ်တို့က ဖယ်ထုတ်နေတာ..., (မှန်ပါ့)။

ဘာပါလိမ့်...(ခန္ဓာကိုယ်အလောင်းထပ်တဲ့ တရားတွေ ဖယ်ထုတ်နေပါတယ်ဘုရား) ခန္ဓာကိုယ်အလောင်းထပ်တဲ့ တရားကို ဖယ်ထုတ်နေတဲ့ တရားဆိုတော့ နိဗ္ဗာန် ရောက်ကြောင်း တရားဟုတ်-မဟုတ်...(ဟုတ်ပါတယ်ဘုရား)။

ဦးနေဖူးကြီး တွေ့ပြီဒါဖြင့်၊ မတွေ့သေးဘူးလား... (တွေ့ပါပြီဘုရား) ဦးမြကြီး ကောင်း-မကောင်း မတွေ့သေးဘူးလား... (တွေ့ပါပြီဘုရား)။

တကာတကာမတို့ ဒါက သံယုတ်ပါဠိတော် ကြည့်ပြောနေတယ်၊ ဟို ပါဠိတော်နှစ်ခုက မမွှသင်္ဂဏီပါဠိတော်... (မှန်ပါ) အခု ဥပမာနဲ့တကွပြတာက သံယုတ်ပါဠိတော်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် မောင်မြင့်တို့ မောင်အောင်ချိတို့က အားထုတ်နေဆဲပုဂ္ဂိုလ်တွေမို့ ကြားစိတ်ကလေးပေါ်တယ်၊ ရှေးကဒီစိတ်မျိုး ဒီနေရာမှာ ပေါ်ဘူးရဲ့လား.... (မပေါ်ဘူးပါဘုရား)။

အခုလဲ မင်းတို့ရှုနေတော့ပေါ်ဆဲ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) မရှိတာ သိလိုက်တာဘဲရှိတယ်...(မှန်ပါ)။

အဲဒီမရှိတာကလေးကို မင်းတို့က သာယာသေးသလား.... (မသာယာပါဘုရား) ပြစ်မှားသေးသလား... ( မပြစ်မှားပါဘုရား)။

ဟာ....ဒါဖြင့် မင်းတို့ သာယာယင်လဲ တဏှာ့ဥပါဒါန်နဲ့ကံဆိုတဲ့ စုတိပဋိသန္ဓေ ဆောက်ကြောင်း တရား လာမယ်ဟော့.... (မှန်ပါ)ဆိုနိုင်မလား....(ဆိုနိုင်ပါတယ်ဘုရား)။

မသာယာလို့ရှိယင် စိတ်ပျက်လို့ ရှိယင်လဲ ပြစ်မှားလို့ရှိယင်လဲ ဒေါသ့သောက့ပရိဒေဝလာမယ်ဟော့... ( မှန်ပါ ) စုတိပဋိသန္ဓေဆောက်ကြောင်းဘဲ လာဦးမယ်.... (မှန်ပါ)ဦးမြကြီး မလာဘူးလား....(လာပါတယ်ဘုရား)။

အခု ခင်ဗျားတို့က မရှိတာသိ မရှိတာသိ မရှိတာသိဆိုတော့ မောင်အောင်ချိတို့က အင်း....စုတိပဋိသန္ဓေသို့ ဆောက်ကြောင်း တရား လာသေးရဲ့လား....(မလာပါဘုရား)။

သေသေချာချာ မှတ်ပါနော်....၊ စတိပဋ္ဌာနသို့ ရောက်ကြောင်းတရား လာသေးရဲ့လား... (မလာပါဘုရား) မလာလို့ ရှိယင်ဖြင့် အလောင်းတွေရုပ်သိမ်းတဲ့ တရားဆိုယင် ဦးအောင်ဇံဝေကြွေင်းချင်သေးသလား (မကြွင်းချင်ပါဘုရား) နောက်လာမည့် အလောင်းတွေကိုဘာတုံး(ရုပ်သိမ်းပါတယ်ဘုရား) အကုန်ရုပ်သိမ်းတယ်... (မှန်ပါ)။

ဒါဖြင့် အသုဘဇာတ်, မသာဇာတ်ကို သိမ်းတဲ့တရား.... ( မှန်ပါ ) မင်းတို့လုပ်နေတဲ့တရားဟာ ဘာတရားပါလိမ့်... (အသုဘဇာတ်, မသာဇာတ်သိမ်းတဲ့ တရားပါဘုရား)။

ခင်ဗျားတို့တခါတခါ ညည်းကြတယ် မြို့ထဲ·ရွာထဲမှာ တကာတကာမတွေက မသာတိတ်စာတွေက လာလိုက်တာ စိတ်မျှားပျက်ပါပေါ့၊ မလာဘူးသား....(လာပါတယ်ဘုရား)။

မသာတိတ်စာတွေက မနည်းပါဘူး ဟိုကလာ ဒီကလာနဲ့ စိတ်မျှားပျက်ပါပေါ့ဆိုတော့ မသာဆိုယင် စိတ်ကိုပျက်နေတာ (မှန်ပါ) စိတ်ပျက်ပေမဲ့ မသာမသိမ်းတတ်ဘူး သူ.... ( မှန်ပါ ဘုရား)။

ကိုယ့်မသာသိမ်းတတ်လို့ရှိယင် သူမျှားမသာလိုက်ဘို့လိုသေးသလား....(မလိုပါဘုရား) အခုတော့ ကိုယ့်မသာမသိမ်းတတ်တာနဲ့ သူမျှားမသာတွေကျမှ ခင်ဗျားတို့ စိတ်ပျက်နေရတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မောင်မြင့် ဘာမသာအယင်သိမ်းရမှာတုံး.... (ကိုယ့်မသာအယင်သိမ်းရမှာပါဘုရား) ကိုယ့်မသာ အယင်သိမ်းရမယ်ဆိုတော့ ကိုယ့်ခန္ဓာကိုယ်ကြီးက အသုဘကိုး.... (မှန်ပါ)။

နောက်က တကာတကာမတွေ ဘယ်သူ့မသာအယင်သိမ်းရမတုံး… (ကိုယ့်မသာအယင်သိမ်းရပါမယ်ဘုရား)။

ကိုယ့်မသာ ကိုယ့်အသုဘကြီးကို အယင် သိမ်းမှသာလျှင် မောင်အောင်ချီ ဒီ့ပြင် အသုဘတွေ သိမ်းပြီးသားဖြစ်မှာကိုး…. (မှန်ပါ)။

ကိုယ့်အသုဘမရှိလို့ရှိယင်ဖြင့် ခင်ဗျားတို့လိုက်နေကတည်းက ဩော်…. သူ့အသုဘ မလိုက်လို့ရှိယင် ကိုယ့်ကိစ္စရှိ ဘယ့်နှယ် လုပ်မတုံး၊ ဟာ….လှည့်လာတာဘဲ….(မှန်ပါ) ဦးမြဘယ့်နှယ်တုံး မလှည့်ဘူးလား- လှည့်သလား….(လှည့်ပါတယ်ဘုရား)။

ဩော်…. ဒါ့ကြောင့် မသာပို့တယ်ဆိုတာ ရိပ်မိပြီ တကာ တကာမတို့၊ ရိပ်မိကြပလား….(မှန်ပါဘုရား) မသာပို့တာများ ခင်ဗျားတို့ ခုမှရိပ်မိတယ်ထင်တယ်….(မှန်ပါ)။

ကိုယ့်မသာရှိနေတော့ တကာတကာမတွေက ဒါကလေး တော့ သွားလိုက်ဦးမှကောင်းတယ်၊ မလာဘူးလား…. (လာပါ တယ်ဘုရား) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ စပ်နေကြတယ်…၊ နောင် ကိုယ့်အခရေးကြုံတော့လဲ ဒါမှ ဝိုင်းဖေါ်ရမှာပေါ့(မှန်ပါ ဘုရား)။

ဟာ…. ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ဟာ လက် ဖက်ကမ်းသလိုဖြစ်နေပြီ၊သူ့လက်လာသလို့ ကိုယ့်လက်လာအောင် လုပ်နေကြတာဘဲ….(မှန်ပါ) မဆိုနိုင်ဘူးလား….(ဆိုနိုင်ပါတယ် ဘုရား)။

ဒါကိုပင်လျှင် တကာတကာမတွေကို စုတိပဋိသန္ဓေသို့ရောက် ကြောင်း မောင်မြင့်ထပ်လုပ်နေမယ်ဆိုလို့ရှိယင် ဟိုမသာကြောင့်

စိတ်ပျက်၊ကိုယ့်မသာမလာမှာစိုးလို့ စိုးရိမ်၊ ဒါနဲ့ အချိန်ကုန်နေမှာဘဲ... (မှန်ပါ့ဘုရား)။

ဟိုမသာအတွက်လဲ သွားရပါများတော့ စိတ်ပျက်တယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) သို့သော် ကိုယ့်မသာအတွက်ကလဲ စိုးရိမ်တယ်၊ကိုယ့်မသာလဲ လူမစည့်သူမစည်ဖြစ်မှာလဲ ဦးမြဂိုးရိမ်သေးတာကိုးဗျ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ဇာတ်ထုပ်ကြီးကဖြင့် ကြောက်စရာ ဇာတ်ထုပ်ကြီးပါလား....၊ မျက်စိကလည်လိုက်တာ လွန်နေပြီ... (မှန်ပါ့)မလည်ဘူးလား...(လည်ပါတယ်ဘုရား) ရှင်းကြရဲ့လား နောက်က တကာတကာမတွေ (ရှင်းပါတယ်ဘုရား)။

ပြောကတည်းက ခင်ဗျားတို့ဟာက သူ့လက်လာမှ ကိုယ့်လက်လာတော့မပေါ့၊ ဟော့....မောင်မြင့် ဒီအပြောမျိုး မရှိဘူးလားကွာ....(ရှိပါတယ်ဘုရား)။

သူ့လက်လာမှ ကိုယ့်လက်လာမှာတဲ့၊ သူ့မသာပို့မှ ကိုယ့်မသာပို့မှာဆိုတဲ့စကားနဲ့ ဘာထူးသေးသတုံး... ( မထူးပါဘုရား)။

ဒါဖြင့် ကိုယ့်မသာသိမ်းလိုက်၊ သူများမသာအတွက် စိတ်ပျက်စရာ....(မလိုပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူများမသာ မသေပါစေနဲ့ဆုတောင်းလို့မဖြစ်ဘူး- (မှန်ပါ့) ကိုယ်မသေရအောင် လုပ်တဲ့အလုပ်သာ အခရေးကြီးတယ်....(မှန်ပါ့)။

ဦးမြ တရားသားပေါ်လာပြီ ဟင်... (မှန်ပါ့) တရားသားပေါ်လာပြီတကာတကာမတို့၊ သူများမသာတွေ လိုက်ပို့နေရ

တာ စိတ်ပျက်နေရတာ ခင်ဗျားတို့ အပိုဘဲ....(မှန်ပါ့) ကိုယ့်မသာ မသိမ်းတတ်သ၍ ပို့နေရမှာဘဲ...(မှန်ပါ့)။

ဘယ့်နှယ်တုံး.... (ကိုယ့်မသာ မသိမ်းတတ်သ၍ ပို့နေရမှာပါဘဲဘုရား)။

အံမာလေး.... ဘုန်းကြီး အတော်ပြောတယ်လို့ ကိုပေါ်ကလဲ အောက်မေ့ချင် အောက်မေ့နေဦးမှာ၊ ခင်ဗျားတို့ လွဲနေလို့ ပေါ်ပြောနေရတာ....(မှန်ပါ့)။

ဟော.... ဒို့အရပ်က လူတွေ ဒီလိုနေလို့ မဖြစ်ဘူးဟေ့....၊ ဒို့အရပ်ကိစ္စရှိတော့ ခက်လိမ့်မယ်ဆိုတာ မသာပြောနေတာ သူ့ဟာက....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာပြောနေကြတာတုံး.... (မသာပြောနေကြတာပါဘုရား) ဒို့အရပ်ကိစ္စရှိတော့ မခက်ဘူးလားကွာ၊ အစရှိသည်နဲ့ ဦးမြရေ-ဒါဘဲဗျ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရွာထဲ အသင်း အပင်းကလေးတွေ ဖွဲ့ကြတာလဲ ဘာ့ကြောင့်ပါလိမ့်.... (မသာကြောင့်ပါဘုရား) အံမာလေး.... ကြောက်စရာကြီးပါလား...။

ဒါဖြင့် ဒီရွာထဲမသာမရှိချင်ဘူးလို့ ဆိုလို့ ရှိယင်တော့ဖြင့် ခင်ဗျားတို့ ကိုယ့်မသာရှိနေယင် အသင်းအပင်းဖွဲ့နေရဦးမှာဘဲ ဟင်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့ဆိုတော့ သူများမသာကို စိတ်ပျက်ချင်လို့ရှိယင်ဖြင့် စိတ်ပျက်တာ ဇာတ်သိမ်းချင်ယင် ကိုယ့်မသာသိမ်း....(မှန်ပါ့)။

ဘာတဲ့တုံး....(ကိုယ့်မသာ အယင်သိမ်းရမှာပါဘုရား)သူများ မသာ စိတ်ပျက်ယင် မောင်မြင့် ဘာလုပ်မတုံးကွ...(ကိုယ့်မသာ သိမ်းရမှာပါဘုရား) ကိုယ့်အသုဘကြီး သိမ်းလိုက်.... (မှန်ပါ) ဦးမြ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သိမ်းနည်းဟာ....တဲ့ မင်းတို့သန္တာန်မှာ ဒီစိတ်ကလေးတွေ ဘယ်စိတ်ပေါ်ပေါ် ဆဲ့နှစ်ချက်ရှိပါတယ်၊ အဲဒီ ဆဲ့နှစ်ချက်ဟာ ရှေးကလဲ မမြင်ဘူးဘူး၊ မြင်ဘူးကြရဲ့လား.... (မမြင်ဘူးပါဘုရား)။

အခုကော မြင်ဆဲ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)အဲဒါကလေးသာ ရှုနေလို့ရှိယင် သာယာတဲ့တဏှာမလာဘူးကွ....တဲ့-(မှန်ပါ) ပြစ်မှားတဲ့ဒေါသ...(မလာပါဘုရား) မိုက်မဲတဲ့အဝိဇ္ဇာ (မလာပါဘုရား)။

ဒါဖြင့် ဒို့လုပ်နေတဲ့အလုပ်ဟာ မသာသိမ်းတဲ့အလုပ်ပါလား (မှန်ပါ) ဘယ်သူ့မသာ သိမ်းတာတုံး.... (ကိုယ့်မသာ သိမ်းတဲ့အလုပ်ပါဘုရား)။

ကိုယ့်မသာသိမ်းတဲ့တနေ့ကျလို့ရှိယင် သူများ မသာကော အဘိတ်ခံရသေးရဲ့လား....(မခံရပါဘုရား) အသင်းအဖွဲ့ကိုကော (မလိုပါဘုရား) မလိုတော့ဘူးဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါ...ဘယ်မှာ ဟောသလဲလို့ ဦးမြကြီး မေးတော့မှ သံယုတ်ပါဠိတော်မှာ ဟောတယ်နော်....(မှန်ပါ)။

ခင်ဗျားတို့ ကြားတော့ ကြားဘူးတယ်တဲ့၊ ဒါ... မာလုကျပုတ္တ ဟောနေတာ.... (မှန်ပါဘုရား) ရိပ်မိကြပလား...(မှန်ပါဘုရား)။

မာလုကျပုတ္တဆိုတာက အသက် (၇၀) လောက်ရှိမှ ဘုရားဆီ တရားတောင်းတာ သက်န်းဝတ်ပြီးတော့.... (မှန်ပါ) မာလုကျ ပုတ္တက အရှင်ဘုရား.... တပည့်တော်ကို တိုတို တရားကလေး သနားစမ်းပါ၊ အသက်က ကြီးပြီဘုရာ့- တိုတိုတရားမှကိုက်မယ်၊ အသက်နဲ့တရားနဲ့ ဟာ တရားရှည်ကြီး ဆိုလို့ရှိယင်လဲ တပည့် တော်တို့ ဘာမှ ကျင့်နိုင်မှာ မဟုတ်ဘူး-အခုသက စောမှာဘဲတဲ့။

မင်းက အသက်လဲကြီးသေးတယ် တရားတိုလဲ တောင်းသေး တယ်ဆိုတော့ လူငယ်တွေအတွက် ဘယ်လို စကား ပြောရ မှာတုံးကွ...ဘုရားကတောင် လှောင်သေးတယ်....(မှန်ပါ)။

အသက်လဲကြီးသေးတယ်၊ တရားတိုလဲ တောင်းတယ်ဆိုလို့ ရှိယင်ဖြင့်....တဲ့ လူငယ်တွေကျတော့ ငါ-ဘယ့်နှယ်လုပ် ဖြေရ မှာတုံး၊ ဘယ်လိုလုပ်ပြောရမှာတုံး....တဲ့။

အို....အရှင်ဘုရား၊ တပည့်တော် အိုလဲအိုလို့ တပည့်တော် ရှိတဲ့ တပည့်တော်ခန္ဓာနဲ့ တပည့်တော် ချိန်တောင်းတာဘဲ....၊ သို့သော်....တပည့်တော် ရအောင်အားထုတ်မယ်ဆိုတော့ကွာ-တဲ့ ရှေးကလဲ မမြင်ဘူးဘူး၊ အခုလဲ မြင်ဆဲမဟုတ်တာကို မင်းသည် ကားလို့ဆိုယင် သာယာ,ပြစ်မှားလာရဲ့လားလို့ မေးတာဘဲ.... ( မှန်ပါ) ဦးမြ ဖြေစမ်း၊ သာယာ,ပြစ်မှား ဘယ့်နှယ်တုံး.... (မရှိပါဘုရား)။

သာယာတာက လောဘနေဘ်.... ( မှန်ပါ ) ပဋိစ္စသမုပ္ပါဒ် အလည်က စ,တယ်၊ ပြစ်မှားတာက ဒေါသ ပဋိစ္စသမုပ္ပါဒ် အဆုံးက စ,တယ်၊ မသိတာက အဝိဇ္ဇာ၊ ပဋိစ္စသမုပ္ပါဒ် အစက

စ,တယ်....(မှန်ပါ) ဒီတော့ သာယာ, ဖြစ်မှား, မသိတာ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့်... မင်းတို့ အခုပေါ်နေတဲ့ စိတ်ကလေးကို မင်းတို့ ရှုလိုက်လို့ရှိယင်ဖြင့် ရှေးကလဲ ဒီစိတ်ဟာ မပေါ်ဘူးဘူး၊ စိတ်ဆိုတာ ဒီတခါပေါ်ပြီး နောက် ဘယ်တော့မှ ဒီစိတ်မလာတော့ဘူး၊ လာသေးရဲ့လား.... (မလာပါဘုရား) ဒါဖြင့် ရှေးကလဲ ဘယ့်နှယ်တုံး....(မလာပါဘုရား)။

"မနံ ဒိသွာ" ဆိုတဲ့အတိုင်းဘဲ ဒါ- ပါဠိတော်မှာလဲ ရှိပါတယ်၊ ဒီ- မာလုကျပုတ္တသုတ်မှာ၊ " သတိမုဋ္ဌ ပေယံ နိမိတ္တံ မနသိကရောတော " လို့ ဆိုထားတာပါဘဲ... တဲ့၊ ဒါကြောင့် " ဝိဝဋ္ဋစေတော ဝေဒေတိ " တဲ့၊ မင်းတို့ မဂ်နဲ့သာ ခံစားပါကွာ... တဲ့၊ ဖြစ်ပျက်နဲ့မဂ်သာ ခံစားပါ....တဲ့၊ တဏှာနဲ့ မခံစားပါနဲ့တဲ့...(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ကို ဘာနဲ့ခံစားရမလဲ....(မဂ်နဲ့ခံစားရပါမယ်ဘုရား) မဂ်နဲ့ခံစားလဲ ဝေဒနာပါတာကိုးဗျ... (မှန်ပါ) ဝေဒနာ စိတ်တခု ယုတ်ကိုးဆယ်မှာ ယှဉ်တယ်ဆိုတော့ မဂ်မှာဝေဒနာပါတယ်။

အဲဒီတော့ ဖြစ်ပျက်မြင်တဲ့မဂ်နဲ့သာ ခံစားပြီး နေကြလို့ ရှိယင်ကွာ... တဲ့ အလောင်းထပ်တဲ့ဇာတ်ကို အကုန် သိမ်းပါတယ်... တဲ့၊ ဒါ-မာလုကျပုတ္တ ဟောနေတာ။

မဂ်ဖြစ်လို့ရှိယင် ဟိုဘဝများစွာက မိုက်ခဲ့တာတွေ အကျိုးမပေးရတာတွေကော...(မကျန်ပါဘုရား) ယခု ယယ်စဉ်ကာလ

မသိမလိမ်မာလို့ မိုက်ထားတာတွေကော.... (မကျန်ပါဘုရား) ဒီမင်္ဂလာသေးယင် မိုက်လတ္တံ့တွေကော- (မကျန်ပါဘုရား)။

အဲဒါကြောင့် မင်္ဂသည်ကား…လို့ ဆိုလို့ရှိယင် မင်းတို့ သေသေချာချာ အားကိုးထိုက်တဲ့ တရားဘဲဆိုတာ ယနေ့ညဆုံးဖြတ်ချက်ချ.... ( မှန်ပါ ) ချထိုက်ပလား… (ချထိုက်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု…သာဓု…သာဓု…

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

ပဋ္ဌာနုန္တရိယကံထက် မိတ္တာဒိဋ္ဌိကံက
အပြစ်ပိုကြီး၍ ကြောက်စရာကောင်းပုံ (၁)

# ညအလုပ်ပေးတရားတော်

( ၂၇ - ၅ - ၆၈ )

ဒီ တကာတကာမတွေမှာ ဘယ်ဟာ အပြစ်ကြီးသတုံး၊ဒို့ ဗုဒ္ဓဘာသာမှာ အပြစ်အကြီးဆုံးအလုပ် ဘယ်ဟာပါလိမ့်မလဲလို့ မေးလို့ရှိယင် ပြောကြမှာဘဲ၊ အမိသတ်တဲ့ကံ, အဘသတ်တဲ့ကံ, ရဟန္တာသတ်တဲ့ကံ, ဘုရားကို သွေးစိမ်းတည်အောင် လုပ်တဲ့ကံ, သံဃာသင်းခွဲတဲ့ကံ, ပဋ္ဌာနန္တရိယကံပေါ့ ဒါကိုတော့ လူတိုင်း သိပြီးသကာလ နေကြတယ်၊ ဩော်... ဒီကံဟာဖြင့် ပုံမိပြီဆိုမှဖြင့် ဘယ်နည်းနဲ့မှ မလွတ်တော့ဘူး ငရဲကျမှာဘဲ၊ ဒါလောက်တော့ ဦးအောင်ဇေ၀တို့လဲ သိသွားတယ်နော် ...( မှန်ပါ )မဟုတ်ဘူး ကွတဲ့၊ ဘုရားက၊ သူ့ထက်ကြီးတာရှိသေးတယ်။

တကာတကာမတို့ ဘာတဲ့တုံး....(သူထက်ကြီးတာ ရှိပါသေး တယ်ဘုရား) သူ့ထက်ကြီးတာ ရှိသေးတယ်ဆိုတာ သေသေ ချာချာမှတ်ရမယ်နော် _ (မှန်ပါဘုရား)။

သူ့ထက်ကြီးတာ ရှိသေးတယ်ဆိုတဲ့ ဥစ္စာက ဘာတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးရှိတယ်....( မှန်ပါ ) ခန္ဓာငါးပါးကို ငါထင်နေတဲ့အလုပ်၊ ဘယ်တော့မှလဲ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ရှိယင် မပြုတ်တော့ဘဲ ငါထင်နေတဲ့ မိစ္ဆာဒိဋ္ဌိ၊ အဲဒီ မိစ္ဆာဒိဋ္ဌိလောက်ကြီးတာ ငါဘုရားသဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါမှာ မမြင်ဘူးကွဲ့ .... ( မှန်ပါ )ဆိုတော့ ပဉ္စာနန္တရိယကံထက် ကြီးတာကို သေသေချာချာဟောတယ်နော်....(မှန်ပါဘုရား)။

ပါဠိတော်ကို မှတ်လို့ရှိယင် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတယ်၊ မြတ်စွာဘုရားဟာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဝေဘန်လိုက်ပါတယ်၊ ကံတွေထဲမှာ ဘယ်ကံဟာ အပြစ်အကြီးဆုံးပါလိမ့်မတုံးဆိုတော့ ပဉ္စာနန္တရိယကံကိုလဲ တွေ့တယ်၊ မိစ္ဆာဒိဋ္ဌိလဲတွေ့တယ်၊ အဲဒီတော့ မိစ္ဆာဒိဋ္ဌိက အပြစ်အကြီးဆုံး ဖြစ်ပြီးသကာလ နေတာကို သဗ္ဗညုတဉာဏ်ချိန်ခွင်နဲ့ချိန်လိုက်တဲ့ အခါကျတော့ သူ့ကိုဘဲလာတွေ့တယ်ဆိုတော့ တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ရုပ်ဘရားငါထင်၊ စားသောက်ကောင်းတဲ့ ဝေဒနာငါထင်၊မြင်တဲ့ စိတ်ကလေးကို ဝိညာဏက္ခန္ဓာကလေးကို ငါမြင်တယ်လို့ထင်၊ ငါလှုတယ်လို့ထင်၊ စေတနာအလုပ်ကို ငါလှုတယ်လို့ ထင်နေတယ်၊ အဲဒီသက္ကာယဒိဋ္ဌိ သူဟာ မိစ္ဆာဒိဋ္ဌိအပါအဝင်ဘဲ၊ အဲဒါဟာ အပြစ်အကြီးဆုံးဘဲဟော့တဲ့ ဆိုတော့ ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်ဟာက ပိုကြီးသတုံး- (မိစ္ဆာဒိဋ္ဌိကကြီးပါတယ်ဘုရား ပဉ္စာနန္တရိယကံထက် မိစ္ဆာဒိဋ္ဌိက ပိုကြီးတယ်.... (မှန်ပါ) မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့....

နာဟံဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယံ ဧဝံမဟာသာဝဇ္ဇံ၊ ယထယိဒံ ဘိက္ခဝေမိစ္ဆာဒိဋ္ဌိ၊
မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ။

ဘုရားက ဟောလိုက်တယ်၊ ဒါကို နားမလည်ပါဘူး တကာတကာမတွေ ဘုန်းကြီး ရှင်းပြောပါမယ်၊ ငါဟာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကွာ....တဲ့၊ အလုံးစုံခဝဘန်ပြီး သကာလ ကြည့်ပါတယ်၊ ကံတွေထဲမှာ ဒီ့ပြင် အကုသိုလ်ကံတွေ နွားသတ်၊ ဖါးသတ်ဆိုတဲ့ ကံတွေဟာ မကြီးပါဘူး၊ ပဉ္စာနန္တရိယကံဆိုတဲ့ အမိသတ်တဲ့ကံ, အဘသတ်တဲ့ကံ, ရဟန္တာသတ်တဲ့ကံ, ဘုရားသွေးစိမ်းတည်အောင် လုပ်တဲ့ကံ,သံဃာသင်းခွဲတဲ့ကံ,ဒီငါးပါးကို အကြီးဆုံးထားကြတယ် မဟုတ်ဘူးကွတဲ့၊ မိစ္ဆာဒိဋ္ဌိကကြီးတာကွ...တဲ့။

ဦးမြ ဘယ်သူက ကြီးသတဲ့တုံး.... (မိစ္ဆာဒိဋ္ဌိကကြီးပါတယ် ဘုရား)မိစ္ဆာဒိဋ္ဌိက ကြီးတာလို့ သေသေချာချာမှတ်ပါ(မှန်ပါ ဘုရား)။

ကိုင်း .... တကာတကာမတို့ ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်သူက ကြီးသတဲ့တုံး....( မိစ္ဆာဒိဋ္ဌိက ကြီးပါတယ်ဘုရား ) မိစ္ဆာဒိဋ္ဌိကကြီးတယ်လို့မှတ်ထားလိုက်စမ်းပါ ..(မှန်ပါဘုရား)။

ဘာဖြစ်လို့ မိစ္ဆာဒိဋ္ဌိကကြီးရပါသိမ့်မလဲလို့ တကာတကာမတွေက မေးတဲ့အခါကျတော့ ပဉ္စာနန္တရိယကံက နက်ဖြန်ကမ္ဘာ ပျက်မယ်၊ ယနေ့ ကံငါးပါး တပါးပါး ကျူးလွန်ထားတယ်

ဆိုယင် တရက်သာ အဝီစိကျပြီး လွတ်ထွက်ပြေးတယ်၊ ကမ္ဘာ ပျက်သွားလို့ — (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူက ဒီငါ့ကိုယ့်ငါ့ဟာထင်နေတဲ့ ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာလို့ ထင်နေတဲ့ အသွားက နက်ဖြန်ကမ္ဘာပျက် ဒီအထင် ကြီးက မပြုတ်ဘဲနေလို့ရှိယင် ဒီစကြာဝဠာရဲ ရှိတော့တာ မဟုတ်လို့ တခြားခြားသာ ကြာဝဠာသွားခံရတယ် .... (မှန်ပါ ဘုရား)။ *

ဒါဖြင့် ဘယ်သူက မြဲသတုံး....(မိစ္ဆာဒိဋ္ဌိကမြဲပါတယ်ဘုရား) ပဋ္ဌာနန္တရိယကံကမြဲပါတယ်၊ သို့သော် နက်ဖြန် ကမ္ဘာပျက်မယ် ဆိုတော့ လွတ်သွားတယ်— ( မှန်ပါ ) တရက်ခံပြီးလွတ်တယ်.... (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားက "နာဟံဘိက္ခဝေ ဧကဓမ္မံ သမနုပဿာမိ" ဘိက္ခဝေ=ရဟန်းတို့၊ အဟံ= ငါဘုရားသည်၊ အညံ= တပါးသော၊ ဧကဓမ္မံ = တခုသောတရားမျှကိုလည်း၊ နသမနုပဿာမိ=ငါမမြင်ဘူးတဲ့၊ ဣဒ =ဤအပြစ်ကြီးတယ်ဟူသည်၊ ယထာ=အဘယ်သည်တို့နည်းဟူမူကား၊ မိစ္ဆာဒိဋ္ဌိ= မိစ္ဆာဒိဋ္ဌိဘဲ.... (မှန်ပါဘုရား)။

ဘိက္ခဝေ= ရဟန်းတို့၊ ဝဇ္ဇာနိ = အပြစ်တို့သည်၊ မိစ္ဆာဒိဋ္ဌိ ပရမာနိ =ငါ့ကိုယ့်ငါ့ဟာထင်တဲ့ မိစ္ဆာဒိဋ္ဌိကခေါင်က ဖုံးပြီး

---

* အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, ဆိုသည့် နိယတမိစ္ဆာဒိဋ္ဌိသုံးပါးမှာ သက္ကာယဒိဋ္ဌိလျှင်အကြောင်း ရင်းခံလျက်ရှိသည်။ သို့ဖြစ်၍ အကြောင်းရင်းသက္ကာယကို တင်စား၍ ဆိုသည်။

အကြီးဆုံးသော အပြစ်ကြီးပါပေတည်း တဲ့၊ ဘုရားသေသေ ချာချာဟောတယ်....( မှန်ပါဘုရား ) ကိုယ်တော်တိုင်ဟောတဲ့ ပါဠိတော်လို့ သေသေချာချာ မှတ်ကြ...( မှန်ပါ ) ရှင်းကြ ပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဥ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်ဟာကိုကြောက်စရာ ကောင်းသတုံး ... (မိစ္ဆာဒိဋ္ဌိက ပိုကြောက်စရာကောင်းပါတယ် ဘုရား)။

မိစ္ဆာဒိဋ္ဌိ ပိုကြောက်စရာကောင်းတယ်လို့ ဆိုတော့ ဒီအထဲမှာ တရားထူး တရားမြတ်တွေ မနာရသေးတဲ့ပုဂ္ဂိုလ်တွေ ရှိကြလို့ ရှိယင် ဩော်....ငါတို့ မိစ္ဆာဒိဋ္ဌိပါကလားလို့ မှတ်လိုက်စမ်းပါ- (မှန်ပါဘုရား)။

ဘယ်မှာ ဒီခန္ဓာကိုယ်ကြီးကို ရုပ်တရားကြီးကိုလဲ ငါ့လက်, ငါ့ခြေ ဒါ တကယ်ထင်နေလို့ရှိယင် အပြောတင် ထင်တာ မဟုတ်ဘူး၊ စိတ်ထဲက စွဲစွဲမြဲမြဲ ထင်နေလို့ရှိယင် ဒါ မိစ္ဆာဒိဋ္ဌိ ဘဲ....(မှန်ပါ) ဦးအောင်ဇံဝေ ကျေနပ်ပလား....(ကျေနပ်ပါပြီ ဘုရား) ဦးမြတော.... (ကျေနပ်ပါပြီဘုရား)။

မျက်လုံးကိုဘဲ ငါထင်နေကြမယ်၊ မြင်စိတ်ကလေးကိုဘဲ ငါ- ထင်နေကြမယ်- ဒါ ဘာဆိုကြမလဲ.... (မိစ္ဆာဒိဋ္ဌိပါဘုရား)မိစ္ဆာ ဒိဋ္ဌိဆိုတော့ ဩော်.... ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မိစ္ဆာ ဒိဋ္ဌိတွေပါလား၊ နာမည်က ဗုဒ္ဓဘာသာဖြစ်ပေမဲ့ အယူက မိစ္ဆာ ဒိဋ္ဌိ မစင်သေးပါကလားလို့ ဆုံးဖြတ်ချက်ချပါ .... ( မှန်ပါ ဘုရား)။

နာမည်က.... (ဗုဒ္ဓဘာသာပါဘုရား) ယူထားတဲ့ အယူက....(မိစ္ဆာဒိဋ္ဌိမစင်သေးပါဘုရား) မိစ္ဆာဒိဋ္ဌိမစင်သေးတော့ အခုလို ဆရာကောင်း·သမားကောင်းကမှဒါကို ခွဲကာ,ရှင်းကာ,လင်းကာ မပေးတော့ဘူးဆိုလို့ရှိယင် ခင်ဗျားတို့သည် မိစ္ဆာဒိဋ္ဌိနဲ့ဘဲသေပွဲဝင်ရမယ်...(မှန်ပါ)။

မိစ္ဆာဒိဋ္ဌိနဲ့ သေပွဲဝင်လို့ရှိယင်ဖြင့် သူများ ကမ္ဘာပျက်လဲ တခြားသောကမ္ဘာသွားပြီးခံနေရုံဘဲ၊ဒီကမ္ဘာမှ မြေရော,လေရော ရေရော အောက်မှာ မရှိတော့ဘူးထား၊ ငရဲအိုး, ငရဲထိန်းတွေလဲ မရှိတော့ဘူးထား ဟိုဘက်ကမ္ဘာသွားပြီး ခံရုံဘဲဆိုတော့ ဒီ့ပြင် ကံထက်ဒီမိစ္ဆာဒိဋ္ဌိကံ အရေးကြီးတယ်ဆိုတာ ယနေ့ည ရှင်းရှင်း လင်းလင်းပြောပါမယ်...(မှန်ပါ)။

ပဉ္စာနန္တရိယကံဟာ အင်မတန်ကြီးတယ်လို့ အောက်မေ့ကြ တယ်၊ မြေမျိုတယ်လို့တောင် ပြောနေကြတယ်၊ မြေမျိုတာ ဘာမှအရေးမကြီးဘူး၊ မိစ္ဆာဒိဋ္ဌိက အဝီစိလဲ ကျသေးတယ် ကြားထဲ လွတ်ရက်မပါလို့ သူက သာဆိုးတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဉ္စာနန္တရိယက ကြားထဲမှာ လွတ်ရက်ရှိတယ် .... (မှန်ပါ) မိစ္ဆာဒိဋ္ဌိက ..(လွတ်ရက်မရှိပါဘုရား)။ *

အဲဒီတော့ ခင်ဗျားတို့ ရောင်းကာ,ဝယ်ကာနဲ့ ဟို-ဦးမြကြီး တို့က ဘာလုပ်-ညာလုပ်နဲ့နေပြီး ဒါတော့ အရေးတကြီး ငရဲ

---

* ကမ္ဘာပျက်မည်ဆိုလျှင် လွတ်ရက်,လျော့ရက်မျိုးကို ဆိုလိုသည်။

မျိုးဒစ္စကိုတော့ အရေးတကြီးဖြုတ်တာ မဟုတ်ဘူးလို့ ဆရာဘုန်းကြီးက ပြောနေတယ်၊ မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) ပြောထိုက်တယ်ဆိုဘာ ဦးအောင်ဇေယျ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေက စီးပွားရေးဆိုတာ ခွေးတောင် ရှာစားနေတာဘဲ၊ ခွေးလဲခွေးစီးပွားရေးရှိတာဘဲ၊ မနက်ရှာတဲ့ ကိစ္စဟာ မရှိဘူးလား....( ရှိပါတယ်ဘုရား ) ရှိတာပါဘဲ....တဲ့၊ ဒါက မအားလို့ဘုရား...၊ အဝိစိကျမှာကြီးတော့ အခုအရှင်ဘုရားပြောလို့သိပါပြီ၊ကျချင်ကျပစေတော့ ရှာစားရတဲ့ အလုပ်ကလဲ မလွယ်ဘူးဘုရာ့-ဆိုလို့ရှိယင်လဲ ဒီခန္ဓာကိုယ်ကြီး ကျွေးပြီးသကာလမှ အပါယ်သွားမလို့ လုပ်နေတာဟေ့.... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ.... ( ဒီခန္ဓာကိုယ်ကြီး ကျွေးပြီးတော့ အပါယ်သွားမလို့ လုပ်နေကြတာပါဘုရား) အပါယ်သွားမလို့ လုပ်နေတာ။

ကျွေးပြီး နွားကျွေးတယ်ဆိုဘာ ခိုင်းဘို့ကျွေးတာ၊ ကိုယ့်စီးပွားရေးလဲပါတယ်၊ ခင်ဗျားတို့ဟာက ကျွေးပြီးတော့ ကိုယ့်စီးပွားရေးမပါဘူး....(မှန်ပါ့)။

နွားကျွေးကြတယ် ဆိုဘာက ကိုယ့်စီးပွားရေး ပါ-မပါ... (ပါ-ပါတယ်ဘုရား) သူ့ကို နှစ်ကျပ်ရယင် တကျပ်ဘိုး ကျွေးမယ်ကွာ၊ တကျပ်ဘိုး ဒို့စားမယ်ကွာ..၊ ဒီလိုစားလို့ရတယ်၊ မင်းတို့စီးပွားရေးက မိစ္ဆာဒိဋ္ဌိသာ မဖြုတ်ဘော့ဘူးဆိုလို့ရှိယင် ဒီခန္ဓာကြီးဘည်းဟူသော နွားကို ကျွေးလဲကျွေး၊ကျွေးပြီးတော့မှ

ဒီခန္ဓာတည်းဟူသော နွားနဲ့ အပါယ်သွားဆိုတော့ အမြတ်ပါသေးရဲ့လား...(မပါပါဘုရား) ဦးမြ-အရေးကြီးပုံ ပေါ်ပလား (ပေါ်ပါပြီဘုရား) ဘာဘူတို့ ပေါ်ပလား...(ပေါ်ပါပြီဘုရား) သေသေချာချာမှတ်ကြပါ။

ကိုင်း....တကာတကာမတို့ ဘုရားက "နာဟံ ဘိက္ခဝေ အညံ့ ဧကဓမ္မမ္ပိ သမနုပဿာမိ "၊ တပါးသောတရားကို ငါ မမြင်ဘူး...ကွ....တဲ့၊ အပြစ်အကြီးဆုံးတွေ့ ငါ-ရှောက်ရှာလိုက်တာ၊ ပဉ္စာနန္တရိယကံဟာ အပြစ်ကြီးတယ်လို့ထင်ငြားသော်လဲ မိစ္ဆာဒိဋ္ဌိလောက် မကြီးဘူး.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဦးမြ ဘယ်သူအကြီးဆုံးလဲ... ( မိစ္ဆာဒိဋ္ဌိက အကြီးဆုံးပါဘုရား) မိစ္ဆာဒိဋ္ဌိဆိုတာ ငါ့သား,ငါ့မယား,ငါ့ပစ္စည်း,ငါ့ဥစ္စာလို့ တကယ်ထင်တာဆိုတာပါ...(မှန်ပါ) ပြောနေတာထင်တာမဟုတ်ပါဘူး၊ ပြောနေတာ ထင်တာမဟုတ်ပါဘူး၊ တကယ်ထင်တာကို ဆိုနေတာပေါ့နော်.... (မှန်ပါ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ-တကာတကာမတွေမှာ အရေးမကြီးရမှာကြီး၊ ကြီးရမှာမကြီးဖြစ်နေတော့ အရွယ်ကြီးသလောက် အဘိုးတန်ကြပလားမေးယင် ဦးအောင်ဇေဝေ အဖြေထွက်စမ်း... (အဘိုးမတန်သေးပါဘုရား) ဦးမြကြီးကော.... ထွက်နိုင် ရဲ့ လား.... (ထွက်နိုင်ပါတယ်ဘုရား) အရွယ် ကြီးသလောက် အဘိုးမတန်သေးဘူးဆိုတဲ့ အဓိပ္ပါယ် သေသေချာချာ သေချာပါတယ်... ( မှန်ပါ ) မောင်သိန်းတို့ သေချာပလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် အခု ဆရာသမားက ပြောတာလား-ဘုရားက အကြီးဆုံး အပြစ်လို့ ပြောတာလား.... (ဘုရားက အပြစ်အကြီးဆုံးလို့ ပြောတာပါဘုရား)။

သဗ္ဗညုတဉာဏ်နဲ့ အကုန် ရှောက်ရှာတယ်....၊ ရှာတော့ ငါ့သား, ငါ့သမီး, ငါ့မြေး, ငါ့မြစ်, ငါ့ကိုယ်လို့ အဲဒီ အထင်ကြီးဟာ အပြောတင် မဟုတ်ဘဲနဲ့ တကယ်ထင်ပြီးသကာလနေတဲ့ သက္ကာယဒိဋ္ဌိ....၊ သက္ကာယဒိဋ္ဌိကြောင့် ဖြစ်လာရတဲ့ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟာ မိစ္ဆာဒိဋ္ဌိရဲ့ ရေသောက်မြစ်လို့ ဦးမြကြီးကလဲ မှတ်လိုက်ပါဦး— ( မှန်ပါ ) ဦးနေဖူး သေသေချာချာမှတ်.... (မှန်ပါ)။

" ဒွါ သဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ "။

သက္ကာယဒိဋ္ဌိက အရင်းပြုပြီး ကြီးလာတာကွ—တဲ့၊ သက္ကာယဒိဋ္ဌိက ကြီးထွားလာလို့ မိစ္ဆာဒိဋ္ဌိ ဖြစ်တာကွဆိုတော့ သူဘဲ အရင်းမကျဘူးလား — (ကျပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးကလဲ အခု အသံသွင်းနေတယ် ရန်ကုန်ပို့ဘို့ကို၊ ဒါ—အခု ခင်ဗျားတို့က လာနာနေကြတယ်၊ နာတော့လဲ အခု ထိုက်တန်သလောက် ပြောဆိုနေရတယ်၊ တရားဟောတာမဟုတ်ဘူး၊ အသံသွင်းနေတာ၊ ဒါ... ချောင်းမြောင်းပြီး လာနာနေလို့ လူများနေတာ....(မှန်ပါ)။

ကဲ—ဒါဖြင့် သနားကရုဏာရှိတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ အသံသွင်းရင်းဘဲ အခ်ပ္ပါယ်တွေ အမျိုးမျိုးပြောရတော့ ဩော်....

ငါတို့လုပ်နေတဲ့ဥစ္စာဟာ ဝက်အသားတိုးအောင်လို့ လုပ်နေတာနဲ့ တူလိုက်တာ....(မှန်ပါ့)။

ဦးမြ ဘာတဲ့တုံး.... ( ဝက်အသားတိုးအောင် လုပ်နေတာနဲ့ တူပါတယ်ဘုရား) ဝက်အသားတိုးအောင်လုပ်တယ်၊ ဝက်အသားတိုးအောင်လို့ ဝက်ဟာ အစာစားနေတယ်၊ အသားတိုးလာတဲ့ အခါမှာ သူ အယင်သေရရှာတယ်...(မှန်ပါ့) ဝဋ်တုန်းသတ်မှ အချိန်စီးတာကိုးဗျ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ရှာကျွေးနေတာ မိစ္ဆာဒိဋ္ဌိ မပြုတ်လို့ ရှိယင်ဖြင့် ငရဲလှ်ချက်မိဘို့ ဝက်အသားတိုးအောင် လုပ်နေတာနဲ့ တူနေတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

လုပ်မစားချင်အောင်ပြောတာ မဟုတ်ပါဘူး၊ အနိမ့်အမြင့်ချိန်တာပါ.... ( မှန်ပါ့ ) မောင်မြင့် အနိမ့်အမြင့်ချိန်တာပါ၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဦးမြ လုပ်မစားချင်အောင် ပြောတာလား၊ အနိမ့်အမြင့်ချိန်တာလား.... (အနိမ့်အမြင့် ချိန်တာပါဘုရား) အနိမ့်အမြင့်ချိန်တာ၊ လုပ်မစားနဲ့လို့ ဗီဆရာဘုန်းကြီးက မဟောပါဘူး၊ သို့သော်လဲ ရှေ့နောက်ခွဲပေးဆိုတဲ့ ဟို-အမရပူရတုန်းက ဟောသလိုပေါ့ဗျာ... (မှန်ပါ့)။

ရှေ့နောက်ကလေးခွဲပေး၊ သူ့ကို အယင်ပြုတ်လိုက်ကွာ၊ ပြုတ်ပြီးတော့မှ မင်းတို့ သားရေး၊သမီးရေး၊စီးပွားရေးလုပ်တာ ပေါ့ကွာဆိုတော့ ခုနင်က လှ်ချက်မိမှာကို သိမ်းပြီးတော့မှ

ကိုယ်က လွတ်လပ်ရေးရတဲ့အခါကျတော့မှ ကျွေးချင်သလိုကျွေး-မွေးချင်သလိုမွေးဆိုတော့ အပြစ်မရှိတော့ဘူး....(မှန်ပါ)ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဝိသာခါတို့များ ကျွေးလိုက်တာ သူ့ခင်ပွန်းသည်၊ဘာနည်းမလဲ၊ သို့သော်....မိစ္ဆာဒိဋ္ဌိက ဖြုတ်ပြီးသားဖြစ်နေတော့ ဦးမြအပါယ်ကျသေးရဲ့လား....(မကျပါဘုရား)။

သိကြားမင်းကြီးကြည့်ပါလား-သောင်းပေါင်းများစွာ နတ်သမီးတွေနဲ့ နေကြ၊ထိုင်ကြ၊ပျော်ကြ၊ရှင်ကြတာပါတဲ၊ အပါယ်ကျသေးသလား....(မကျပါဘုရား)။

အဲဒါ ဘာ့ကြောင့်တုံး....ဆိုတော့ မိစ္ဆာဒိဋ္ဌိ ပြုတ်သွားလို့ ရှေ့နောက် မှန်သွားလို့....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာမှန်သွားတာတုံး.... (ရှေ့နောက် မှန်သွားတာပါဘုရား) ရှေ့နောက် မှန်သွားတယ်ဆိုတော့ ခင်ဗျားတို့ အခုဟောတာ ဘုန်းကြီးက ဟောတာလား-ဘုရားက ရှေ့နောက်ခွဲ ဟောတာလား....(ဘုရားက ရှေ့နောက်ခွဲဟောတာပါဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ပေတေတေ လုပ်နေလို့ရှိယင်ဖြင့် ဩော် .. ကိုယ့်အကျိုးယုတ်ဘို့ ပေဘာမှတပါး ဘာမှအဖြေထွက်စရာမရှိဘူး... (မှန်ပါ)။

မောင်အောင်ချိတို့ ပေတေတေလုပ်နေယင်လေ... (မှန်ပါ) နောက်မှလုပ်မဟေ့၊ နောက်မှလုပ်မဟာ၊ အရေးတော့ကြီးတယ် အရေးကြီးတာ နောက်မှလုပ်မယ်ဆိုတော့ ဝဋ်ကျလိုက်တာကွာ....

အရေးကြီးတာ နောက်မှလုပ်မယ်ဆိုတော့ ဦးမြ ကံကောင်းရဲ့ လား...(မကောင်းပါဘုရား)။

ခင်ဗျား ဘယ်ဘက်က ရောက်နေသတုံး....၊ အရေးကြီးတာ နောက်မှလုပ်မည့်ဘက်က ရောက်နေတာပေါ့လေ ဦးမြကြီးကလဲ (မှန်ပါ့)။

ခင်ဗျားတော့ သေသေချာချာပြင်လိုက်လို့ ဟိုအမရပူရက ကတည်းက သေသေချာချာပြောပြီးပြီနော်.... (မှန်ပါ့)။

ဦးအောင်ဇေဝ ကိစ္စမရှိတော့ဘူး ခင်ဗျားအတွက်က စိုးရိမ် စရာမရှိဘူး၊ ဖြစ်ပျက်တွေ့ သေသေချာချာတွေ့ပြီးပြီ၊ ဒီအထဲမှာ ငါမပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပြီးပြီးမဟုတ်လား... (မှန်ပါ့ ဘုရား)။

ဒါတွေဟာ အနိစ္စတဲ့, ရုပ်နာမ်တွေတဲ့ ငါ-ငါ့ဥစ္စာလို့မရှိ ဘူးဆိုတာ... (မှန်ပါ့) အဲဒီလိုဆိုလို့ရှိယင် ဒါ ခင်ဗျား ရှေ့ နောက်တည့်သွားပြီ....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီ-မိစ္ဆာဒိဋ္ဌိအရေးကြီးပုံပေါ် ကြပလား...(ပေါ်ပါပြီဘုရား) မိစ္ဆာဒိဋ္ဌိအစ သက္ကာယဒိဋ္ဌိက.... (မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိအစ (သက္ကာယဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိကလို့ မှတ်လိုက်စမ်းပါနော်.... (မှန်ပါ့) သက္ကာယဒိဋ္ဌိက ကြီးထွားလာ တာလို့ တကာတကာမတွေမှတ်ပါ....(မှန်ပါ့)။

ဒါ့ကြောင့်ဘုန်းကြီးက ခင်ဗျားတို့ကိုပြောရတယ်၊ဒီ-မိုးကုတ် တကာတကာမတွေအားလုံး အရင်းအချာတွေဖြစ်နေတော့၊မင်း-

တိုက်ကြီးတွေ၊ တိုက်တာကြီးတွေနဲ့ မော်တော်ကား သိန်းကိုး သောင်းတန် ဝယ်စီးတာကို ငါကြည့်ညိုပါတယ်က ဝမ်းသာပါ တယ်၊ ဒို့လဲ စီးရတာပါဘဲ မင်းတို့မှာရှိတယ်ဆိုယင်၊ သို့သော် ရှေ့နောက်က လွဲနေတော့ ငါ သဘောမကျသေးဘူးဟေ့....၊ ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား) မင်းတို့ ဟာက နက်ဖြန် အဝိစိကျရမှာ ယနေ့ပြုံးနေတာနဲ့တူလွန်းလို့- (မှန်ပါ)။

ဦးမြ ဘယ့်နှယ်တုံး၊ နက်ဖြန် အဝိစိကျရမှာ.... (ယနေ့ပြုံး နေတာနဲ့တူပါတယ်ဘုရား) ပြုံးနေတော့ မသိပြုံး, အရူးပြုံး ဖြစ်နေလို့ ပြင်ပေးပါတယ်ဆိုတာကော ယနေ့တရားမှာသဘော ကျပလား.... (ကျပါပြီဘုရား) ရှင်းကြပြီနော်.... ( ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ပဋ္ဌာနန္တရိယကံနဲ့ ဦးအောင်ဇံဝေ ဘယ်သူက အပြစ် ကြီးသတုံး.... (မိစ္ဆာဒိဋ္ဌိကံက ကြီးပါတယ်ဘုရား) အဲ .. ငါ့ကိုယ် ငါ့ဟာထင်နေတာက အကြီးဆုံးဘဲ...(မှန်ပါ)။

ငါ့ကိုယ်- ငါ့ဟာ ထင်နေတာက အကြီးဆုံးဘဲ ဆိုတော့ ဒါကြောင့် ဘုရားကဟောလိုက်တယ်၊ဒိမိစ္ဆာဒိဋ္ဌိရှိလျက်နဲ့လှူဒါန်း ပေးကမ်းနေတဲ့ ပုဂ္ဂိုလ်များကွာ ကုသိုလ်မရဘူးတော့ ငါမဟော ပါဘူးတဲ့ နိဗ္ဗာန်မရဘူးတော့ ဟောရလိမ့်မယ်တဲ့....၊ ဒါကလေး မှတ်လိုက်စမ်းပါ...(မှန်ပါ)။

ကုသိုလ်မရဘူးလို့တော့ မဟောဘူး၊ နိဗ္ဗာန်မရဘူးလို့တော့ ဟောလိမ့်မယ်.... (မှန်ပါဘုရား) ရှင်းပလား .... ( ရှင်းပါပြီ ဘုရား)။

ကုသိုလ်မရဘူးလို့တော့....(မဟောပါဘုရား) နိဗ္ဗာန်မရဘူးလို့တော့...(ဟောပါတယ်ဘုရား) ခြော်.... တော်တော်အရေးကြီးပါကလား....၊ နိဗ္ဗာန်ကန့်ကွက်တာပါကလား... ( မှန်ပါဘုရား)။

ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကို...(ကန့်ကွက်ပါတယ်ဘုရား) ကန့်ကွက်တာဘဲဆိုတာ ပေါ်လာကြပလား...(ပေါ်လာပါပြီဘုရား)ဦးမြဒီစကား အရေးမကြီးဘူးလား... (ကြီးပါတယ်ဘုရား) ဒီစကားသိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား.... ( ပေါ်ပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိရှိလျက်နဲ့...၊ မိစ္ဆာဒိဋ္ဌိရှိလျက်ဆိုတော့ သစ္စာမမြင်ဘူး၊ ဖြစ်ပျက်တွေမမြင်ဘူး၊ ဖြစ်ပျက်မြင်ယင် သစ္စာမြင်တာဘဲ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကိုး....(မှန်ပါ)။

အဲဒီရှိလျက်နဲ့ လှူဒါန်းပေးကမ်းပြီးသကာလ နေကြလို့ရှိယင် ကုသိုလ်ရပါတယ်, နတ်ရွာသုဂတိရောက်ပါတယ်, နိဗ္ဗာန်မရောက်ဘူး....။

ဘာ့ကြောင့်တုံးလို့ ဦးမြ သူများမေးယင် ပြောတတ်ပလား သက္ကာယဒိဋ္ဌိခံနေတယ် .... ( မှန်ပါ ) ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားပါတယ်တဲ့ ဓမ္မဟာဒယဝိဘင်းဆိုတာမှာ၊ ဝိဘင်းပါဠိတော်ဆိုတာ ကြားဘူးကြတယ်မဟုတ်လား.... ( ကြားဘူးပါတယ်ဘုရား ) အဲဒီမှာ သေသေချာချာဟောထားတယ်။

ပုညတေဇေန= မင်းတို့ပြုတဲ့ ကုသိုလ်ရှိန်စော် အာနုဘော်သည်၊ ဥက္ခိတ္တာ=ပစ်လွှတ်၍ တင်လိုက်သည်ရှိသော်၊ ကာမရူပ

ဂတိ=ကာမဘုံ၊ရူပဘုံသို့ ရောက်သွားတယ်တဲ့ မင်းတို့ကုသိုလ်တွေ...(မှန်ပါ)။

ဒါတွင်မကသေးဘူးကွတဲ့၊ဘဝဂ္ဂတမ္ပိ=ဟို-နေဝသညာ နာသညာယတနဘုံတောင် ရောက်ပါတယ်တဲ့၊ ပုန=တဖန်၊ဒုဂ္ဂတိ=အပါယ်ဌာနဒုဂ္ဂတိဘဝသို့၊ အာယန္တိ=ပြန်ကျမယ်ကွတဲ့၊ ဒါ-ခမ္မဟာဒယဝိဘင်းပါဠိတော်လို့ သေသေချာချာ မှတ်စမ်းပါ... (မှန်ပါ)။

ကဲ...ဒါ ဘယ်သူက ချလိုက်တယ်ဆိုတာ မောင်အောင်ချိတို့ပေါ်ရောပေါ့...(မှန်ပါ) ဘယ်သူကဆွဲချလိုက်တာတုံး.... (မိစ္ဆာဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိပေါ့ကွာ အတူတူပေါ့-(မှန်ပါ)။

သူတို့က ဆွဲချလိုက်တာ တကာတကာမတို့၊ ခင်ဗျားတို့ပြုတဲ့ ကုသိုလ်တွေ နိဗ္ဗာန်မရောက်ကြောင်းကို ပါဠိတော်ကသက်သေခံပစ်လိုက်တယ်....(မှန်ပါ)ဦးမြ ပါဠိတော်က သက်သေခံပစ်လိုက်တယ်....(မှန်ပါ) ဦးအောင်ဇေဝ ရိပ်မိပလား.... ( ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးက ရှင်းရှင်းလင်းလင်း ပြောတော့ ခင်ဗျားတို့ပြုတဲ့ ဒိဋ္ဌိမပြုတ်ဘဲနဲ့ လုပ်တဲ့ ကုသိုလ်တွေဟာ ကုသိုလ်ရတယ် နတ်ရွာသုဂတိရောက်တယ်, ဗြဟ္မာ့ပြည်ကျအောင်ရောက်နိုင်တယ်, ဗြဟ္မာ့ပြည်ရောက်ကြောင်းလုပ်ယင်၊ သို့သော် ဒုဂ္ဂတိပြန်ရောက် ဦးမယ်၊ အပါယ် လေးပါး ပြန်ရောက် ဦးမယ်ပေါ့ မောင်မြင့်တို့...(မှန်ပါ)။

ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့ မင်းတို့အဖြေထွက်နိုင်ကြရဲ့လား .... (တွက်နိုင်ပါတယ်ဘုရား) ဘာထွက်ကြမယ်.... (သက္ကာယဒိဋ္ဌိမပြုတ်သို့ပါဘုရား) မိစ္ဆာဒိဋ္ဌိ မပြုတ်တဲ့အတွက် ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေမှာ ခြောင်.... ရှေ့နောက်မခွဲယင် မဖြစ်တဲ့အလုပ်ကို ဆရာသမားက ယနေ့ည အသံသွင်းတရား ပြောနေပါသားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဘာအယင်ဖြုတ်ရမလဲ.... ( မိစ္ဆာဒိဋ္ဌိ အယင်ဖြုတ်ရပါမယ်ဘုရား) အဲ....ငါ့ကိုယ် ငါ့ဟာမဟုတ်ဘူးလို့ ဉာဏ်ကသိထားရမယ်....(မှန်ပါ)။

သိပေမဲ့လဲ ဒီအာလောင်းကြီးကိုသိရမယ်လို့ ဆရာဘုန်းကြီးက မဆိုလို၊ ဒီခန္ဓာထဲမှာ အစိတ်အစိတ်ကလေးတွေ ပေါ်လာလို့ ဝေဒနာက္ခန္ဓာ ခြောင်.... ဒါလဲ အနိစ္စပါကလားလို့ ဉာဏ်နဲ့မြင်လိုက်ရမယ်....(မှန်ပါ)။

စိတ်ကလေးပေါ်လာလဲဒါလဲအနိစ္စပါလား၊ဝိညာဏက္ခန္ဓာလဲ အနိစ္စပါလား၊ ရုပ်ကလေးပေါ်လာပြန်ကော .... ( အနိစ္စပါဘုရား) စေတနာကလေး ပေါ်လာပြန်ကော .... ( အနိစ္စပါဘုရား)။

ဒီလိုသိပြီးသကာလ ခြောင်....အနိစ္စတွေသာရှိတာဘဲ ဖြစ်ပျက်တွေသာရှိတာဘဲ၊ ဘယ်မှာသာလျှင် ငါ့ကိုယ်ငါ့ဟာလို့ ရှိမတုံး၊ အနိစ္စတွေစုနေတာပါကလား ....၊အဲဒါသိပြီးမှ ခင်ဗျားတို့ ဉာဏ

ပရိညာနဲ့ပြုတ်ပြီးတော့မှ ဦးမြတို့ တန်ဆောင်း ဆောက်ချင့် ဆောက်ပေါ့ဗျာ၊ ဘုရားတည်တည်၊ ဦးအောင်ဇံဝေတို့ ဟင် (မှန်ပါ့)ရွှေတိဂုံကို ရွှေပြားကပ်ကပ်ပေါ့ဗျာ အရေးမကြီးတော့ ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အပြောနဲ့ပြီးမှာလား အမြင်ပါဦးမှလား....(အမြင် ပါဦးမှပါဘုရား) အဲဒါကြောင့် မင်းတို့ ဝိပဿနာ အယင်လုပ် စမ်းပါဆိုတဲ့ဥစ္စာ မင်းတို့က ထမင်းလောက် အရေးမကြီးဘဲနဲ့ ဖြစ်နေတော့ ဆရာဘုန်းကြီးက အပြောကြပ်တယ်လို့ ဦးအောင် ဇံဝေတို့ ဦးမြတို့ဆိုချင်ဆိုရဘော့မှာဘဲ (မှန်ပါ့) ကဲ....ဒါဖြင့် ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တည့်တော်မှာ ဒိဋ္ဌိမိစ္ဆာဒိဋ္ဌိ အယင် ဖြုတ်ဘို့ အရေးဟာ ၁- နံပါတ်အရေး၊ လှူမှု တန်းမှု ပေးမှု ကမ်းမှုအရေးဟာ ၂-နံပါတ်အရေးလို့ ၁-နဲ့ ၂- ပြောင်းလိုက်.... (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိဖြုတ်ဘို့အရေးက...(၁-နံပါတ်အရေးပါဘုရား) လှူမှု တန်းမှု ပေးမှု ကမ်းမှုအရေးက.... (၂-နံပါတ် အရေးပါ ဘုရား)။

အဲဒီတော့ အခု တကာတကာမတွေ လုပ်နေတာကတော့ ဦးအောင်ဇံဝေ ရှေ့နောက်တည့်ရဲ့လား.... (မတည့်ပါဘုရား) ဘယ်သူက ရှေ့ကျသလဲ....(၂- ကရှေ့ကျပါတယ်ဘုရား) ၂-က ရှေ့ကျပြီး ၁-ကနောက်ကျနေတယ်... (မှန်ပါ့ဘုရား)။

၁- နောက်ကျနေတော့ ခုနင်ကပါဋ္ဌိတော်ထဲ ဝင်သွားတယ် (မှန်ပါ့) နတ်ရွာသုဂတိ ဖြုတ်သွားပြည် ရောက်ခြားသော်လဲ မမှ

ဟဒယဝိဘင်း ပါဠိတော်က အပါယ်ကျတယ်ကွတဲ့၊ နတ်ပြည်တော့ရောက်မှာဘဲ၊ အဲဒီကပြီးယင် အပါယ်ကျဦးမှာဘဲ ဆိုတော့ ဒီမိစ္ဆာဒိဋ္ဌိက ဆွဲချလိုက်တာ(မှန်ပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးမြ ဘာလဲ့နေတာတုံး....(ရှေ့နောက်လဲ့နေတာပါဘုရား) ရှေ့ နောက် လဲ့နေတာဆိုတာ တဘာတကာမတွေ့ကောင်းကောင်းကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

အဲဒါ ဒီကရှေ့မှာဖြင့် ခင်ဗျားတို့ ဆရာသမားကအရေးကြီးပြောတာလား- ဘုရားက အရေးကြီး ပြောတာလား- (ဘုရားကအရေးကြီးပြောပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဂျပန်မိုက်, မိုက်နေလို့ မဖြစ်ဘူး၊ ဟိုက'အတွမ်းမိတ်'ချမယ်၊လက်နက်ချလိုက်လို့ပြောတာ သူတို့က အယုံအကြည်မရှိဘဲကိုးဗျ...( မှန်ပါ ) မရှိတော့ သိန်းပေါင်းများစွာ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒီမှာလဲ ဘုရားက ဟောတာက မင်းတို့သက္ကာယဒိဋ္ဌိ မပြုတ်လို့ရှိယင်ဖြင့် ငရဲဟာ ကိုယ်ပိုင်ပစ္စည်း လို့ ပြောထားတာဟုတ်တန်မထင်ပါဘူးတော့ လုပ်မနေနဲ့၊ ဂျပန်တွေလို အကုန်သေကုန်လိမ့်ဦးမယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ ဘုရားဟောပါဠိကို သေသေချာချာ ပြောနေပါတယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ အလုံးစုံသိတော်မူတဲ့ မြတ်စွာဘုရားက ပြောတာကို ဟုတ်မထင်ပါဘူးလို့ မလာပါနဲ့၊မဟုတ်ဘူးလား....(မှန်ပါဘုရား)။

'အတ္တမ်းမိတ်' ချလို့ရှိယင် ဆယ်မိုင်ပတ်လည်အတွင်း အကုန်သေပါလိမ့်မယ်ဆိုတာ ဟိုမှာလုပ်တဲ့သူက သိပြီးသားဖြစ်နေတာ ဟုတ်တန် မထင်ပါဘူးဆိုတော့ သေပွဲဝင်ချင်လို့သာ မှတ်ပေတော့....(မှန်ပါ) ဒီ့ပြင် ဘာပြောစရာရှိသေးသတုံး — (မရှိပါဘုရား)အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဦးမြ သက္ကာယဒိဋ္ဌိနဲ့ 'အတ္တမ်းမိတ်' ဘယ်ဟာကသာကြောက်စရာကောင်းသတုံး.... (သက္ကာယဒိဋ္ဌိက ကြောက်စရာကောင်းပါတယ်ဘုရား) သက္ကာယဒိဋ္ဌိက ပိုပြီးကြောက်စရာ ကောင်းတယ်ဆိုတာ သူကမှ မိစ္ဆာဒိဋ္ဌိအစုံပွားလာတာ....(မှန်ပါဘုရား)။

ကြည့်လေ — "ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ"တဲ့၊ ဒွါသဋ္ဌိ ဒိဋ္ဌိယော = ခြောက်ဆဲ့နှစ်ပါးကုန်သော ဒိဋ္ဌိတို့သည်၊ ဥပ္ပဇ္ဇမာနာ = ဖြစ်ပေါ်လာကုန်သည်ရှိသော်၊ သက္ကာယဒိဋ္ဌိပမုခေနေဝ = သက္ကာယဒိဋ္ဌိကအကြီးအမှူးပြု၍သာလျှင်(ဝါ) သက္ကာယဒိဋ္ဌိရှိမှသာလျှင်၊ ဥပ္ပဇ္ဇန္တိ = ဖြစ်ကုန်၏၊ ကဲ...မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိဟာ ဘယ်သူရှိမှ ဖြစ်မှာတုံး.... ( သက္ကာယဒိဋ္ဌိရှိမှဖြစ်မှာပါဘုရား ) သက္ကာယဒိဋ္ဌိရှိမှဖြစ်တယ်ဆိုတော့ သူက ကြီးပွားလာတာဆိုတာကော မသေချာသေးဘူးလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် အိုကြီး အိုမမှ ဦးအောင်ဇေဝတို့က ဦးမြကြီးတို့က သက္ကာဒိဋ္ဌိဖြုတ်တဲ့ အလုပ်ကို မလုပ်ဘဲနဲ့ သက္ကာယဒိဋ္ဌိခိုင်းတဲ့ အလုပ်လုပ်လို့ရှိယင် ငါးပါး မှောက်ပါလိမ့်မယ် ....

(မှန်ပါ့)မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အားလုံးတကာတကာမတွေ အရေးကြီးတာ ကြီးသလို မှတ်ရမယ်....(မှန်ပါ့) အရေးကြီးတာကို....(ကြီးသလိုမှတ်ရပါမယ်ဘုရား) ဟုတ်တန် မထင်ပါဘူးဆိုချင်သေးသလား....(မဆိုချင်ပါဘုရား) ဆိုချင်ယင် ဂျပန်သေ- သေလိမ့်ဦးမယ်... (မှန်ပါ့)ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီသက္ကာယဒိဋ္ဌိဟာဘုရား တယ်ဆိုးပါလား၊ အရှင်ဘုရားက ဘုရားဟောတာကြီးကို ချဲ့ထွင်ပြီး သကာလ ပြောလိုက်တော့ တော်တော် အရေးကြီးပါလားဘုရား၊ ပဋ္ဌာနန္တရိယကံထက် အရေးကြီးပါသေးကလား၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီ သက္ကာယဒိဋ္ဌိက ဘယ်ကလာတာတုံးဘုရာ့ဆိုတော့ ဒါမေးခွန်းထွက်လာတယ်....(ထွက်လာပါတယ်ဘုရား) ဒီသက္ကာယဒိဋ္ဌိဟာ ဘယ်ကလာတာတုံးဘုရာ့၊ တပည့်တော်တို့ကို ရှင်းပေးပါဦးလို့ ဦးမြ တောင်းပန်ရတော့မယ်....( မှန်ပါ့ ) သက္ကာယဒိဋ္ဌိဟာ ဘယ်ကလာတာတုံး ဆိုတာ မောင်အောင်ချို တို့က ဘုန်းကြီးကို တောင်းပန်ရမယ်....(မှန်ပါ့ဘုရား)။

ဘုန်းကြီး တောင်းပန်တော့ကို ဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာတွေကို အကုန်လိုလို မွှေနှောက်ပြီး ရှာထားတော့ ဘုရားလက်ထက်က ဝစ္ဆဂုတ်တော့

မယ် တကာတကာမတို့ သက္ကာယဒိဋ္ဌိ ဘယ်က လာတယ်ဆိုတာ ပေါ်လိမ့်မယ်နော်....(မှန်ပါ)။

အနာထပိဏ် သူဌေးကြီးဟာ တကာ တကာမတို့ ဘုရားကျောင်းတော်ကို နေ့လယ် ဆဲ့နှစ်နာရီလောက် သွားတယ်၊ သွားတော့ သူ ကျောင်းတော်မရောက်ခင် သတိထားလိုက်တယ်၊ ဩော်....ငါ့ကို အင်မတန် စိတ်နှလုံးကို ရွှင်ပြုံးအောင် ဟောနိုင်တဲ့ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့လဲ ဒီအချိန်မှာ ဆွမ်းဘုဉ်းပေးပြီး နေ့သန့်စင် နည်းနည်း ဣရိယာပုထ်ကလေး မျှတအောင် ကျိန်းစက်တဲ့အချိန်ဘဲ၊ ဘုရားကလဲ ဒီအချိန် ကျိန်းစက်တဲ့အချိန်ဘဲ...၊ ဒီအချိန်တော့ ကျောင်းထဲသွားလို့ မဖြစ်သေးပါဘူးဆိုပြီး ဘုရားကျောင်းတော်အနီးမှာ တိတ္ထိကျောင်း တကျောင်းရှိတယ်နော်....(မှန်ပါ့)။

အဲဒီ တိတ္ထိတွေဆီကို သူက ခြေဦးလှည့်လိုက်တယ်၊ ခြေဦးလှည့်လိုက်တော့ တိတ္ထိတွေက မြင်တယ်၊ ဟော့.... ဂေါတမ၏ သာဝက တယောက်လာတယ်ကွ ငြိမ်ငြိမ်နေကြကွ၊ အသံတွေ မကျယ်ကြနဲ့ကွ၊ ဆိတ်ဆိတ်နေကြကွ၊ ဂေါတမ၏ တပည့်တွေက ဆိတ်ဆိတ်နေမှ ကြိုက်တာဆိုပြီး တိတ္ထိ ခေါင်းဆောင်ကြီးက ပြောလိုက်တဲ့အခါ အကုန်ဆိတ်ဆိတ်နေပြီ အဲဒီတိတ္ထိတောထဲမှာဘဲ ဦးအောင်ဇေဝေ ဝင်ထိုင်လိုက်တယ်....(မှန်ပါ့ဘုရား)။

ထိုင်လိုက်တော့ တိတ္ထိတွေက အလ္လာပ သလ္လာပ ပြောပြီး သကာလ တကာကြီး ကျုပ်တို့ မေးစမ်းပရစေတဲ့၊မေးတာခပေါ့ ဆိုတော့ ဘုရားအယူကိုပြောစမ်းပါ၊ ဒါမေးတာဘဲ။

ဦးမြ ဘယ့်နှယ်မေးလိုက်သလဲ .... (ဘုရားအယူ ပြောစမ်းပါတဲ့ပါဘုရား) ဘုရားအယူပြောစမ်းပါလို့ မေးလိုက်ပါတယ်။

အရှင်ဘုရားတို့-ဘုရားအယူဟာ အများကြီးဘဲ တပည့်တော် ဘယ်ကုန်အောင်သိနိုင်ပါ့မလဲ- ဖြေလိုက်တယ်နော်... ( မှန်ပါ့ ) ဘုရားအယူတွေဟာ အင်မတန် များပါတယ်ဘုရားတဲ့၊ သူယူထားတာ အကျင့်, သိက္ခာ, သီလ, သမာဓိ, ပညာ အယူတွေဟာ နည်းတာတွေ မဟုတ်တော့ တပည့်တော် ဘုရားအယူကိုအကုန်မသိပါဘူးတဲ့၊ ဖြေလိုက်တယ်နော်...(မှန်ပါ့ဘုရား)။

ဒီတွင် တိတ္ထိတွေကမကျေနပ်ဘူး၊ဒါဖြင့်ဘုရား၏ တပည့်သားရဟန်းတွေအယူကို ပြောဦးတကာကြီးတဲ့၊ ဟာ.... ကိုယ်တော်တို့မေးတာ့,စမ်းတာလဲ ရဟန်းတွေမှာလဲ သူတို့မှာ နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်သော သိက္ခာပုဒ်တွေနဲ့ သီလ, သမာဓိ ပညာတွေနဲ့ ပညာစခန်းဆိုလဲ အင်မတန် ကျယ်ဝန်းတော့ သူတို့အယူလဲ တပည့်တော် အကုန်ဘယ်သိမတုံး၊ ဒါကြောင့် သူတို့အယူလဲ အကုန်မသိဘူးလို့ ဖြေလိုက်တယ်....(မှန်ပါ့)။

ဦးမြ ဘယ်နှစ်ခုရှိသွားပလဲ(နှစ်ခုရှိသွားပါပြီ)ဘုရားအယူလဲ သူတို့အကုန်မသိဘူးပေါ့သော.... (မှန်ပါ့) ရဟန်းတွေအယူလဲ.... (မသိပါဘုရား) အကုန်မသိဘူးဆိုပြီး သကာလ ဖြေလိုက်တယ်။

ဒါနဲ့ တိတ္ထိတွေက မောင်မြင့် မကျေနပ်ဘူးကွ၊ ခင်ဗျားအယူပြောဦးတဲ့၊ လာပြန်တာဘဲ။

ဦးမြ ဘယ်သူ့အယူမေးသတုံး...(ခင်ဗျားအယူမေးပါတယ်ဘုရား)ခင်ဗျားအယူ ပြောဦးဆိုတော့ သူက သောတာပန်နော်၊

သောတာပန်တည်ပြီးပြီ၊ ဘုရားနဲ့တွေ့ တွေ့ခြင်းတည်တဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) သောတာပန်အလုပ် လုပ်ပြီးသား ဒိဋ္ဌိပြုတ်ပြီးသား၊ သူကပြောမှာ ဒိဋ္ဌိကိုအခု....(မှန်ပါ့)

ဒိဋ္ဌိဘယ်ကလာတယ်ဆိုတာ သူပြောမယ်၊ပြီးတော့မှဘုရားက ထောက်ခံချက်ပေးမှ ဒီဝတ္ထုဟာ၊ ဒသကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်လို့ သေသေချာချာမှတ်၊ ကို ဒိဋ္ဌိသုတ်တဲ့ သုတ်နာမည်က တော့....(မှန်ပါ့)။

ကဲ....ဒါနဲ့ တကာကြီး ခင်ဗျားအယူ ပြောဦး၊ အို တပည့်တော် အယူပြောဘို့ ဝန်မလေးပါဘူး၊ သူကဒိဋ္ဌိပြုတ်ပြီးသားဘဲ (မှန်ပါ့)။

တပည့်တော်အယူပြောဘို့ ဘာမှ ဝန်လေးစရာမရှိပါဘူးတဲ့၊ တပည့်တော်က တခွန်းတည်းနဲ့ပြီးပါတယ်၊ သို့သော် တိတ္ထိများ ယူတဲ့အယူကို ပြောစမ်းပါတဲ့၊ သူများဆီ စကားတောင်းလိုက်တယ်....(မှန်ပါ့)။

သူ့အယူကို ပြောပါမယ်တဲ့၊ အရှင်ဘုရားတို့ တိတ္ထိတွေယူထားတဲ့ အယူကို ပြောပါဦးဆိုတော့ ဒါဖြင့် ကျုပ်တို့ပြောမယ်တဲ့ ပေါ်ထွက်လာတယ်နော်....(မှန်ပါ့)။

ကျုပ်တို့က ရုပ်နာမ်ကြီးဟာ မြဲတယ်လို့ ယူတယ်တဲ့၊ သူကမှတ်ထားတယ်၊ ရုပ်နာမ်ကြီးမြဲတယ်လို့ ယူတယ် အရှင်ဘုရားအယူကဒါကိုး၊ နောက်တခါ တိတ္ထိတယောက်က ဝင်လာပြန်တယ်၊ရုပ်နာမ်မွေတွေဟာပြတ်သွားပြန်တယ်လို့ ယူတယ်၊ အခုဘဝဆုံးပြီး နောက်ဘာမှမဖြစ်ဘူးလို့ ယူတယ်၊ဥစ္ဆေဒဒိဋ္ဌိကို သူ့ပြောပြန်တယ်... (မှန်ပါ့)။

တချို့ကလဲ ရုပ်နာမ်လောကဟာ အန္တဝါ အဆုံးရှိတယ်၊ တချို့ကလဲ အဆုံးမရှိဘူး၊ နောက်ဆုံးပိတ်ပြောတော့ သတ္တဝါ သေသည်၏ အခြားမဲ့မှာ မဖြစ်ဘူးလို့ကျုပ်တို့ကယူတယ်၊အနာ ထပိဏ်သူဌေးကြီးကလဲ မှတ်လျက်ဘဲနော်....(မှန်ပါ)။

သတ္တဝါသေသည်၏အခြားမဲ့မှာမဖြစ်တော့ဘူးလို့ယူတယ်၊ တချို့ကဖြစ်တယ်လို့ယူတယ်၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိချည့် ပြောနေကြတာဘဲ....(မှန်ပါ)။

ဒါတွေကိုတော့ မရှင်းပါရစေနဲ့တော့နော် လိုရင်းကိုပြော ချင်လို့....(မှန်ပါ)။

သတ္တဝါသေသည်၏ အခြားမဲ့၌ ဖြစ်ချီတလှည့်, မဖြစ်ချီ တလှည့်ကလဲဖြစ်တယ်၊ ကျုပ်တို့အယူဒါဘဲ၊ ကိုယ့်အယူ ကိုယ် ပြောလိုက်ကြတာ တခါတည်း ဆယ်ယောက်ဝင်ပြောလိုက်တယ် ဦးမြ တိတ္ထိအယူချည့်ပြောတာဘဲနော် (မှန်ပါ)။

ကဲ.... ဒါနဲ့ တိတ္ထိတွေက ဆယ်ယောက်လောက် ပြောပြီး တော့ ကျုပ်တို့အယူပြောပြီးပြီ၊ ခင်ဗျားအယူ ပြောပါဦး....၊ ခင်ဗျားပြောမယ်လို့ ပြောထားတယ်တဲ့၊ အနာထပိဏ်သူဌေး ကြီးကို သူတို့ပြောကြတာပေါ့ကွာ - (မှန်ပါ)။

ခင်ဗျားအယူ ပြောစမ်းပါဆိုတော့ နေဦးတဲ့၊ တပည့်တော် အယူ နောက်ထားပါဦး၊ အရှင်ဘုရားတို့အယူ တပည့်တော်ရှင်း ပေးဦးမယ်တဲ့။

တကာတကာမတို့ ဒီစကားဟာ ဒီတပွဲလုံးဟာ အဘိုးတန်တဲ့ စကားဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

တိတ္ထိတို့ အခုယူထားတာ ဒသဝတ္ထုက အန္တဒိဋ္ဌိခေါ်တယ်၊ ဆယ်ပါးပေါ့ဗျာ....( မှန်ပါ ) ဆယ်ပါးကို အခုဆယ်ယောက် စေ့အောင် ပြောသွားတာကိုး....(မှန်ပါ)။

အဲဒီ သူတို့ပြောတဲ့အယူကို မှတ်လိုက်လို့ရှိယင် သဿတ ဥစ္ဆေဒနဲ့ အမရာဝိက္ခေပချည့်ဘဲလို့ မှတ်လိုက်စမ်းပါ .. (မှန်ပါ) ပြောတော့ ဆယ်ယောက်ပြောတာကိုပေါင်းလိုက်ယင် ဒီသုံးခုဘဲ ရှိတယ်....(မှန်ပါ)။

ရုပ်နာမ်ကို ခိုင်တယ်ယူတာရယ်၊ ရုပ်နာမ်ကို နောက်ဘဝမှ မဖြစ်ဘူးယူတာရယ်၊ ရုပ်နာမ်ဘဝမှ မဖြစ်ဘူးယူတော့ ရုပ်နာမ် ကွယ်မသွားဘူးလား....(ကွယ်သွားပါတယ်ဘုရား)။

ရုပ်နာမ် ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ် ဆိုတော့ အမရာဝိက္ခေပ သွားဖြစ်နေတယ်.... (မှန်ပါ) အချို့ ရုပ်နာမ်ဖြစ်တယ်၊ အချို့ရုပ်နာမ်မဖြစ်ဘူး၊ ဒီလိုနေလို့ရှိယင်လဲ ဦးမြဲ တည့်သေးရဲ့လား....(မတည့်ပါဘုရား)။

အဲဒီကဲ့သို့ ဖြေကြတော့ တကာကြီး နောက်ဆုံးပိတ်ခင်ဗျား အယူကိုပြောမယ်လို့ပြောတယ်၊ အဲဒါ ပြောစမ်းပါဦး၊ အို... တပည့်တော်အယူ မပြောချင်လို့မဟုတ်ဘူး၊ ကိုယ်တော်တို့အယူ ကို တပည့်တော်ရှင်းပေးဦးမယ်။

ကိုယ်တော်တို့ဟာဘဲ့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ဝေဒနာ ကြည့်· ကြည့်, ရုပ်ကြည့်ကြည့် ခန္ဓာငါးပါးကို သေသေ ချာချာ ကြည့်လို့ရှိယင် သူဟာ သစ္စာတရား၊ သစ္စာဆိုတာ ပြုပြင်လို့ ပေါ်လာတဲ့တရား(မှန်ပါ)။

ရုပ်နာမ်ဟာ ပြုပြင်လို့ ပေါ်လာတဲ့တရား .... ( မှန်ပါ ) မပြုပြင်ဘဲနဲ့ ပေါ်လာတဲ့တရား ဟုတ်ကဲ့လား .... (မဟုတ်ပါ ဘုရား)။

မင်းတို့ကြည့်ပါလား၊ ကံမျှားမကောင်းဘူးဆိုတော့ ကံက ပြုပြင်ပေးတယ်လို့ ပြောတာ(မှန်ပါ)ဘယ့်နှယ်တုံး နင်တို့ရုပ်တွေ ညှိုးလှချည်လားဆိုတော့ အို· စိတ်မကောင်းဘူးဆိုတော့ စိတ်က ပြုပြင်ထားတာ....(မှန်ပါ) အကြောင်းမရှိဘူးလား... (ရှိပါတယ် ဘုရား)။

ဘယ့်နှယ်တုံး ပိန်လှချည်လားလို့ ဆရာဘုန်းကြီးကမေးယင် အို·စားမကောင်းဘူးဆိုတော့ အာဟာရကပြုပြင်ပေးထားတဲ့ရုပ် (မှန်ပါ) အကြောင်းရှိဘာချည့်ဘဲ မနေဘူးလား....(နေပါတယ် ဘုရား)။

ဘယ့်နှယ်တုံး နွေအခါကြီးမှာ ခင်ဗျားတို့ ကြည့်ရတာရုပ် တွေက ချောက်လို့ပါလား အို ဥတုက အင်မတန်ကြမ်းတယ် ဆိုတော့ ဥတုကြောင့်ဖြစ်တဲ့ရုပ်က သေချာနေတယ်....(မှန်ပါ) မသေချာဘူးလား .. (သေချာပါတယ်ဘုရား)။

အဲဒီတော့ကို အရှင်ဘုရားတို့ တိတ္ထိတွေဟာတဲ့ ဒိခန္ဓာကိုယ် ကြီးကို မြဲတယ်လို့ယူတယ်၊ တချို့ကလဲ ပြတ်တယ်လို့ယူတယ်၊ တချို့က မပြတ်တပြတ်နေတယ်လို့ယူတော့ အရှင်ဘုရားတို့ဟာ သင်္ခတတရားကိုလဲ အရှင်ဘုရားတို့မသိဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သင်္ခတတရားကို မသိဘူးတဲ့၊ မသိတော့ သင်္ခတတရားဖြင့်လဲ ပြုပြင်လို့ပေါ်လာတဲ့တရားပြုပြင်မှုသိမ်းယင် ပျက်တယ်ဆိုတာလဲ အရှင်ဘုရားတို့ မသိဘူးတဲ့....(မှန်ပါ)။

မှန်ရောဲ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား) ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ ပြုပြင်မှုမရှိတော့.... (ပျက်သွားပါတယ် ဘုရား)။

ဒါဖြင့် ပြုပြင်တုန်းကပေါ်လာတာက အဖြစ်ပေါ့· (မှန်ပါ့) ပြုပြင်မှုသိမ်းတော့....(ပျက်သွားပါတယ်ဘုရား) ဒါဖြင့် မင်းတို့ သန္တာန်မှာ ဖြစ်ပျက်ဘဲရှိတယ်.. (မှန်ပါ့)။

တကိုယ်လုံးမှာ ဘာရှိသလဲ (ဖြစ်ပျက်ဘဲ ရှိပါတယ်ဘုရား) ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိတယ်....(မှန်ပါ့) ဝေဒနာ ကြည့်လိုက်ပြန် ကော... (ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိပါတယ်ဘုရား)စိတ်ကြည့်လိုက်ပြန် ကော.. (ဖြစ်မှုနဲ့ ပျက်မှုပါဘဲဘုရား)။

အဲဒါတွေ့ရှိလျက်သားနဲ့ အရှင်ဘုရားတို့က ဒီဟာတွေတော့ နားမလည်ဘူး၊ အနိစ္စတရား သင်္ခတ တရား, ပဋိစ္စသမုပ္ပါဒ် တရား အကြောင်းကြောင့်ဖြစ်တာတွေ ဒါတွေကို အရှင်ဘုရား တို့က ဒိဋ္ဌိသုံးမျိုးယူထားတယ်တဲ့၊သဿတ,ဥစ္ဆေဒ,အဓိစ္စသမုပ္ပန္န ဆိုတဲ့ ဒိဋ္ဌိသုံးမျိုးယူထားတာ အရှင်ဘုရားတို့ နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်နေတာတဲ့၊ ပေါ်လာပြီ တကာတကာမတို့.... (ပေါ်လာ ပါပြီဘုရား)။

ဒိဋ္ဌိ ဘယ်နှယ်ကြောင့်ဖြစ်သတုံး.... (နှလုံးသွင်းမှားလို့ပါ ဘုရား) ၁ နံပါတ် အရှင်ဘုရားတို့ နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ် ပါတယ်တဲ့၊ ၂-နံပါတ်ကတော့ သူများဟောတဲ့တရားကို တရား နာမှားလို့ ဖြစ်ပါတယ်တဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း နှစ်ကြောင်း၊ ကိုယ့်ကိုယ်တိုင် နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ခြင်းအကြောင်း....(မှန်ပါ့) ဒါ-နှုတ်လုပ်ရမယ် နှုတ် တကာတကာမတွေ....(မှန်ပါ့)။

ကိုယ့်ကိုယ်တိုင် နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ခြင်းတကြောင်း၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား) တရားနာမှားလို့-(ဒိဋ္ဌိဖြစ်ခြင်း တကြောင်း ) ဘယ်နှစ်ကြောင်းရှိသလဲ.... ( နှစ်ကြောင်းပါ ဘုရား)။

ဒါကို ဒီနေ့ည ဘုန်းကြီး တော်တော်ရှင်းရမယ်တဲ့- ရှင်းပေး ရမယ်၊ ဦးမြ... တော်တော်ရှင်းရမယ်နော်....(မှန်ပါ့) ဦးနေဖူး ကြီး သေသေချာချာမှက်ပါ၊ ဘာဘူ သေသေချာချာမှတ်.... (မှတ်ပါတယ်ဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ကြောင်းပါလိမ့်.... (နှစ် ကြောင်းပါဘုရား) ၁-နံပါတ်က ဘာတဲ့.... (နှလုံးသွင်းမှားလို့ ပါဘုရား)။

သြော်... ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါ ဖြစ်ပြီးပျက်နေတာ အနိစ္စ နိစ္စလို့ထင်တာနဲ့ နှလုံးသွင်းက မှားသွားပြီ.... (မှန်ပါ့) မမှားဘူးလား....(မှားပါတယ်ဘုရား)။

အနိစ္စကို နိစ္စ...လို့ နှလုံးသွင်း မှားလိုက်တာ တခါတည်း ခိုင်တယ်ဆိုတဲ့ သဿတဘက်ကို ဦးအောင်ဇံဝေ မပြေးဘူးလား (ပြေးပါတယ်ဘုရား) ဒါ-ဘယ့်နှယ်ကြောင့်တုံး.... (နှလုံးသွင်း မှားလို့ပါဘုရား)။

နှလုံးသွင်းမှားလို့၊ သြော်.... ဒါ... ပွိုင့်ကလေး တခုဘဲ၊ ဒါကလေးဟာ အရေးကြီးပါလားဆိုတာ နှလုံးသွင်းမှန်အောင်

ဆရာဘုန်းကြီးက ပြောပေးဘို့ရာနဲ့ နှလုံးသွင်း ကိုယ့်ဟာကိုယ် မှန်ဘို့ကို မောင်မြင့်တို့က ဩော်.... ငါ့-နှလုံးသွင်းမှန်လာပြီ ဆိုတာ ဖြစ်ပျက်တွေ့မှ နှလုံးသွင်းမှန်လာတာ.... (မှန်ပါ့)ဖြစ်ပျက် မတွေ့သေးတဲ့ ပုဂ္ဂိုလ်များမှာဖြင့်.... ( နှလုံးသွင်း မမှန်သေးပါဘုရား)။

အလှူကြီးတွေလှူ- မဏ္ဍာပ်ကြီးတွေထိုး၊ဘာလုပ်နေနေ နှလုံးသွင်းက မမှန်သေးဘူး.... (မှန်ပါ့) ဖြစ်ပျက် မတွေ့သေးယင် နှလုံးသွင်းမှန်ပလား .... (မမှန်သေးပါဘုရား) ဦးမြ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ၁-နံပါတ်မှာ နှလုံးသွင်းမှားလို့ အရှင်ဘုရားတို့ ပြောတဲ့ ဒီအယူဆယ်မျိုးဟာ ဒိဋ္ဌိဖြစ်တာ.... (မှန်ပါ့) ဒါ— သောတာပန်က စွဲချက်တင်လိုက်တာနော်....(မှန်ပါ့)။

ဘယ်သူက စွဲချက်တင်ဘာတုံး.... ( သောတာပန်က စွဲချက်တင်တာပါဘုရား) အနာထပိဏ်သူဌေးကြီးဆိုတော့ သောတာပန်က တည်ပြီးသား၊ သူက စွဲချက်တင်လိုက်တာ.... ( မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒိဋ္ဌိဟာ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်.... (နှလုံးသွင်းမှားလို့ပါဘုရား) အနိစ္စတရားကို နိစ္စထင်နေတာ ကိုးဗျ....(မှန်ပါ့) မမှားသေးဘူးလား.... (မှားပါတယ်ဘုရား) ဒုက္ခတရားကို သုခထင်နေယင်....(မှားပါတယ်ဘုရား) အနတ္တကို အတ္တထင်နေယင်....(မှားပါတယ်ဘုရား) အသုဘကို သုဘ ထင်နေယင်....(မှားပါတယ်ဘုရား) အဲ....နှလုံးသွင်းမှားက လေးမျိုး ရှိတယ်—(မှန်ပါ့)။

ဦးမြ ဘယ်နှစ်မျိုးပါလိမ့်....(လေးမျိုးပါဘုရား) ဦးအောင်ဇံဝေ....(လေးမျိုးရှိပါတယ်ဘုရား) လေးမျိုးရှိပါတယ်နော်.... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် နှလုံးသွင်းမှားလို့လဲ အရှင်ဘုရားတို့ ဒိဋ္ဌိဖြစ်တာတဲ့.... (မှန်ပါ့) ၂-နံပါတ်ပြောပြီ တကာတကာမတို့ ဒါ- အရေးတကြီး မှတ်လိုက်စမ်းပါ၊ တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

၂-နံပါတ်က ဘာတဲ့.... (တရားနာမှားလို့ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်တယ်ဆိုတာ နောက်က တကာတကာမတွေ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် ဦးမြတို့ ခင်ဗျားတို့ ဦးအောင်ဇံဝေတို့ ရှင်းတော့မယ်နော်....(မှန်ပါ့) တရားနာမှားလို့ ဒိဋ္ဌိဖြစ်တယ်ဆိုတော့ အို....မင်းလုပ်လို့ရှိယင် မင်းဘဲနတ်ဖြစ်မှာပေါ့ကွ.... ဘယ်သူဖြစ်စရာရှိသေးသတုံး.. တဲ့....(မှန်ပါ့)။

ဦးမြ ဒီစာရေး မှန်သလား- မှားသလား.... ( မှားပါတယ်ဘုရား)။

မင်းလုပ်ယင် မင်းဘဲ နတ်ဖြစ်မှာပေါ့ကွ....တဲ့၊ တကာတကာမတို့ သူက ကမ္မဿကတဉာဏ်လောက် ဟောထားတာကိုး.... (မှန်ပါ့) ကမ္မဿကတဉာဏ်ကလေး ဟောထားတာ ဦးမြရဲ့.... (မှန်ပါ့) သစ္စဉာဏ်ပါရဲ့လား....(မပါ-ပါဘုရား)။

မပါတော့ ဒီဥစ္စာ မင်းလုပ်ယင် မင်းဖြစ်တာပေါ့၊ မင်းသွားရမှာပေါ့၊ အဲဒီနေရာမှာ မင်းနေရမှာပေါ့....၊ ဟောတဲ့လူက

ဟောပြီ....(မှန်ပါ) မဟောသေးဘူးလား.... (ဟောပါပြီဘုရား) ဘာဒိဋ္ဌိ သူဟောနေသတုံးမေးယင်.... (သဿတဒိဋ္ဌိဟောပါတယ် ဘုရား)။

ဒီလိုဟောတော့ တကာတကာမတွေကလဲ စာအုပ်က ရေး လို့ဖြစ်စေ· လူကြီးသူမက ပေးလို့ဖြစ်စေ ယုံကောမယုံကြဘူး လား....(ယုံပါတယ်ဘုရား)။

ဩြော်.. ငါလုပ်မှ ငါရတာဘဲ၊ ဘယ့်နှယ်တုံး....(မှားပါ တယ်ဘုရား) ဦးမြ ငါ-လုပ်မှ ငါရတာဘဲဆိုတဲ့ အသွား မလာ ဘူးလား· လာသလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဦးအောင်ဇံဝေ ဒါ ဘယ့်နှယ်ကြောင့် ဒီအယူကြီး ယူလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဦးမြက အဖြေထွက်လိုက်....(တရားနာမှားလို့ပါဘုရား) တရားနာ မှား လို့၊ မမှားသေးဘူးလား.... (မှားပါတယ်ဘုရား) ဘယ်လိုမှား သတုံးဆိုတော့ ကမ္မဿကတဉာဏ်သာဟော၍ လက္ခဏာရေး သုံးပါး ဉာဏ်မဟောဘူး.... (မှန်ပါ) ဟောသေးရဲ့လား.... (မဟောပါဘုရား) သစ္စဉာဏ်ကော.... (မဟောပါဘုရား)။

ဒါဖြင့် သစ္စဉာဏ်နဲ့ လက္ခဏာဉာဏ်ကိုမှ လက္ခဏာရေးသုံးပါး ဖြစ်ပျက်ကိုမှ မဟောဘဲနေလို့ရှိယင် ဒီ· သဿတဒိဋ္ဌိ ပြုတ်ဘို့ ဘယ့်နှယ်နေသလဲ....(မပြုတ်နိုင်ပါဘုရား)။

ဒါဖြင့် တရားနာမှားလို့လဲ သဿတဒိဋ္ဌိဖြစ်တယ် (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားနာမှားလို့... (သဿတဒိဋ္ဌိဖြစ်ပါတယ်ဘုရား) အင်း.... ဒီတကာတကာမတွေ ကံကောင်းသေးတယ်နော်....၊ မောင်မြင့်

ဦးမြ ဘယ်နှစ်မျိုးပါလိမ့်—(လေးမျိုးပါဘုရား) ဦးအောင်ဇံဝေ....(လေးမျိုးရှိပါတယ်ဘုရား) လေးမျိုးရှိပါတယ်နော်.... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် နှလုံးသွင်းမှားလို့လဲ အရှင်ဘုရားတို့ ဒိဋ္ဌိဖြစ်တာတဲ့.... (မှန်ပါ့) ၂-နံပါတ်ပြောပြီ တကာတကာမတို့ ဒါ- အရေးတကြီး မှတ်လိုက်စမ်းပါ၊ တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

၂-နံပါတ်က ဘာတဲ့.... (တရားနာမှားလို့ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်တယ်ဆိုတာ နောက်က တကာတကာမတွေ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် ဦးမြတို့ ခင်ဗျားတို့ ဦးအောင်ဇံဝေတို့ ရှင်းတော့မယ်နော်....(မှန်ပါ့) တရားနာမှားလို့ ဒိဋ္ဌိဖြစ်တယ်ဆိုတော့ အို....မင်းလုပ်လို့ရှိယင် မင်းဘဲနတ်ဖြစ်မှာပေါ့ကွ— ဘယ်သူဖြစ်စရာရှိသေးသတုံး— တဲ့....(မှန်ပါ့)။

ဦးမြ ဒီစာရေး မှန်သလား- မှားသလား.... ( မှားပါတယ်ဘုရား)။

မင်းလုပ်ယင် မင်းဘဲ နတ်ဖြစ်မှာပေါ့ကွ....တဲ့၊ တကာတကာမတို့ သူက ကမ္မဿကတဉာဏ်လောက် ဟောထားတာကိုး.... (မှန်ပါ့) ကမ္မဿကတဉာဏ်ကလေး ဟောထားတာ ဦးမြရဲ့— (မှန်ပါ့) သစ္စဉာဏ်ပါရဲ့လား....(မပါ·ပါဘုရား)။

မပါတော့ ဒီဥစ္စာ မင်းလုပ်ယင် မင်းဖြစ်တာပေါ့၊ မင်းသွားရမှာပေါ့၊ အဲဒီနေရာမှာ မင်းနေရမှာပေါ့....၊ ဟောတဲ့လူက

ဟောပြီ....(မှန်ပါ) မဟောသေးဘူးလား.... (ဟောပါပြီဘုရား) ဘာဒိဋ္ဌိ သူဟောနေသတုံးမေးယင်.... (သဿတဒိဋ္ဌိဟောပါတယ် ဘုရား)။

ဒီလိုဟောတော့ တကာတကာမတွေကလဲ စာအုပ်က ရေးလို့ဖြစ်စေ· လူကြီးသူမက ပေးလို့ဖြစ်စေ ယုံကောမယုံကြဘူးလား....(ယုံပါတယ်ဘုရား)။

ဩော်... ငါလုပ်မှ ငါရတာဘဲ၊ ဘယ့်နှယ်တုံး....(မှားပါတယ်ဘုရား) ဦးမြ ငါ-လုပ်မှ ငါရတာဘဲဆိုတဲ့ အသွား မလာဘူးလား- လာသလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဦးအောင်ဇံဝေ ဒါ ဘယ့်နှယ်ကြောင့် ဒီအယူကြီးယူလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဦးမြက အဖြေထွက်လိုက်....(တရားနာမှားလို့ပါဘုရား) တရားနာ မှားလို့၊ မမှားသေးဘူးလား.... (မှားပါတယ်ဘုရား) ဘယ်လိုမှားသတုံးဆိုတော့ ကမ္မဿကတဉာဏ်သာဟော၍ လက္ခဏာရေးသုံးပါး ဉာဏ်မဟောဘူး.... (မှန်ပါ) ဟောသေးရဲ့လား.... (မဟောပါဘုရား) သစ္စဉာဏ်ကော.... (မဟောပါဘုရား)။

ဒါဖြင့် သစ္စဉာဏ်နဲ့ လက္ခဏာဉာဏ်ကိုမှ လက္ခဏာရေးသုံးပါး ဖြစ်ပျက်ကိုမှ မဟောဘဲနေလို့ရှိယင် ဒီ· သဿတဒိဋ္ဌိ ပြုတ်ဘို့ ဘယ့်နှယ်နေသလဲ....(မပြုတ်နိုင်ပါဘုရား)။

ဒါဖြင့် တရားနာမှားလို့လဲ သဿတဒိဋ္ဌိဖြစ်တယ် (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားနာမှားလို့... (သဿတဒိဋ္ဌိဖြစ်ပါတယ်ဘုရား) အင်း.... ဒီတကာတကာမတွေ ကံကောင်းသေးတယ်နော်....၊ မောင်မြင့်

ကံကောင်းသေးတယ်လို့ ဟောတယ်လို့ ဟောတယ်....(မှန်ပါ) ဘာဖြစ်လို့တုံးဆိုလို့ရှိယင် ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆုံးမနေတဲ့စကားထဲမှာ နင်လုပ်ချင်လုပ် နင်မလုပ်ချင်နေ၊ ကုသိုလ်ရေးဘဲ နင်မလုပ် နင်မရမှာပေါ့၊ အမေမိဘကလဲ ဦးမြ ပြောဘူးရဲ့သား....(ပြောဘူးပါတယ်ဘုရား)။

အင်း... ခင်ဗျားတို့ ဘာဒိဋ္ဌိနဲ့ ပြောလိုက်တာတုံး....(သဿတဒိဋ္ဌိနဲ့ ပြောလိုက်တာပါဘုရား) ကိုယ်ကိုယ်တိုင်ကလဲ ဒီအယူရှိ,မရှိ.. (ရှိပါတယ်ဘုရား)။

ဟာ....ဒါဖြင့် တရားနာမှားတာနဲ့ သွားပြီ သဿတဒိဋ္ဌိ....(မှန်ပါ) ကုသိုလ်မရဘူးလား.... ( ရပါတယ်ဘုရား ) နိဗ္ဗာန်ရမလား....(မရပါဘုရား)။

ဒါကို ဒီအထဲကို သေသေချာချာသွင်းရမယ်.... ( မှန်ပါ ) မောင်အောင်ချို အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် တရားနာမမှားဘို့ အရေးဟာလဲ တကာတကာမတို့ ဟောဒီ ဦးအောင်ဇံဝေတို့လို အသက်ကြီးတွေ, ကိုပေါ်တို့လို ဦးအောင်မြတ်တို့လို ပုဂ္ဂိုလ်တွေ တော်တော်အရေးကြီးပါလား ဆိုတာ ယနေ့ မပေါ်သေးဘူးလား....(ပေါ်သွားပါပြီဘုရား)။

တော်တော် အရေးကြီးတယ်နော်...(မှန်ပါ) ဒါဖြင့် ဒါ ဘုရားဘခင်ကိုယ်တော်မြတ်ကြီး အကြိမ်ပေါင်း(၁၇၉၂) ကြိမ် ဆရာရှာကွ, မှာတော်မူတာများ ကျေကျေနပ်နပ် သဘောကျဘို့ ကောင်းတယ်....(မှန်ပါဘုရား)။

ဘယ်နှယ်တုံး.... ( ဆရာရှာခိုင်းပါတယ်ဘုရား ) ဟုတ်တိုင်း မှန်စွာကို မင်းတို့ဒိဋ္ဌိခွာပြီး ပြောတတ်တဲ့ဆရာကို ရှာစမ်းပါကွ

ဆိုပြီး ဘုရားက ၄၅-ဝါတည်းနေသွားတာ၁၇၉၂-ကြိမ်တိုင်တိုင် မှာတယ်ဆိုတော့ သာမညအရေးကြီးတဲ့စကားလား(အများကြီး အရေးကြီးပါတယ်ဘုရား) အလွန်အရေးကြီးတဲ့ စကားဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက်ဟာ အင်မတန်သနားစရာ ကောင်းတယ်ဆိုတာ ပေါ်လာတယ်....(မှန်ပါ့)ဦးမြ မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)။

ဒီ ကမ္မဿကတ ဉာဏ်လောက်သာ ဟောထားမယ်ဆိုယင် သက္ကာယဒိဋ္ဌိက ပြုတ်ကို မပြုတ်ဘူး....(မှန်ပါ့)ပြုတ်ပါ့မလား.... (မပြုတ်ပါဘုရား)။

ကွာ....မင်းဆောက်ထားတဲ့ ကျောင်း, မင်းဆောက်ထားတဲ့ တန်ဆောင်း တွေကြောင့် အခုလောက်ရှိ နတ်ပြည်မှာ ဘုံ ပေါက်ပြီး မင်းသေယင် စိတ်ချရပြီကွာ၊ မင်းသွားရမှာကွ၊ မင်းဘဲရမှာဘဲတဲ့၊ မင်းသွားပြီး ခံစားရဦးမှာဆိုတော့ သွားရ ဦးမှာ သူ့ဟာက....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီက သွားနိုင်တဲ့ ရုပ်နာမ်များပါရဲ့လား.... ( မပါပါ ) မပါတာကိုပင်လျှင် သဿတဒိဋ္ဌိနဲ့ ဦးမြကြီး တခါတည်းသွား တယ်- အဓိပ္ပါယ်ကော မလာဘူးလား.... (လာပါတယ်ဘုရား) ဘာဒိဋ္ဌိပါလိမ့်....(သဿတဒိဋ္ဌိပါဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတွေ အင်မတန်မှ ဆရာကောင်း လိုပါလား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ နဖူးပေါ်လက်တင်ပြီးစေ့စေ့ တွေးတော့မှ ခြော်....ဒို့ကလဲ သူများပါးစပ် လမ်းဆုံးနေတာနဲ့

ခက်ပါသေးရဲ့ဆိုပြီး ကျူကျူချ ငိုဘို့ကောင်းတယ်....(မှန်ပါ) ငိုဘို့မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ခက်ပါသေးရဲ့၊ ကိုယ်ကလဲ ဘာမှမသိ၊ သူများပါးစပ်လဲ လမ်းဆုံးနေပြန်တယ်ဆိုတော့ ဦးမြ ဘယ့်နှယ်နေသလဲ.... (ကျူကျူချငိုဘို့ ကောင်းပါတယ်ဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ကဲ... သစ္စာသံယုတ်ကို ဦးမြ ထည့်လိုက်ဦးမယ်နော် (မှန်ပါ) သစ္စာသံယုတ်မှာ မြန်မာလိုဘဲပြောပါမယ်၊ မင်းတို့ သူများပါးစပ် လမ်းဆုံးနေကြတယ်၊ ဆရာကောင်းဆီမှာ လမ်းဆုံးနေလို့ရှိယင် မင်းတို့ ကျောက်တိုင်မဖြစ်ဘဲနဲ့ ဝါဂွမ်းဖြစ်မယ် ကွာတဲ့၊ ဟောပြီ သစ္စာသံယုတ်မှာ....(မှန်ပါ)။

ဘာတဲ့တုံး....(ကျောက်တိုင်မဖြစ်ဘဲနဲ့ ဝါဂွမ်းဖြစ်လိမ့်မယ်တဲ့ ဘုရား)ဝါဂွမ်းဆိုတာ ဟိုဘက် ဒါနသန်တဲ့ဆရာက ဟောလိုက်လို့ရှိယင်လဲ ဒါနဘက် ယိုင်သွားတာဘဲ.... (မှန်ပါဘုရား)။

သီလသန်တဲ့ဆရာက ဟောလိုက်ပြန်တော့.... (သီလဘက်ယိုင်သွားပါတယ်ဘုရား ) ခုနင်က မိစ္ဆာဒိဋ္ဌိဟောတော့လဲ မိစ္ဆာဒိဋ္ဌိဘက် ယိုင်သွားတာဘဲ... (မှန်ပါဘုရား)။

သူများမှုတ်သလို လွင့်သွားတဲ့ ခန္ဓာကိုယ်ကိုးဗျ ....(မှန်ပါ) ဒါဖြင့် ဝါဂွမ်းနဲ့ တူမတူ.... (တူပါတယ်) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ သူများပါးစပ်ဆိုတာ ခုနင်က တရားနာမှားတာ ဒါကိုဆိုတာဘဲ....(မှန်ပါ)သူများပါးစပ် လမ်းဆုံးတယ်ဆိုတာ ဘာတုံး....(တရားနာမှားတာဆိုတာပါဘုရား)။

အဲဒီတော့ သစ္စာသံယုတ်မှာ ကျောက်တိုင်ဖြစ်အောင် မင်းတို့ လုပ်ပါတဲ့၊ ဝါဂွမ်းအဖြစ်နဲ့ မင်းတို့ နေလို့ရှိယင်ဖြင့် သံသရာ ခရီးမှာ မင်းတို့သည်ကား....လို့ဆိုယင်ဖြင့် လွင့်ချင်သလို လွင့် တော့မယ်လို့ သေသေချာချာ ဟောတာဘဲ....( မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက် မသိသေးတဲ့ ပုဂ္ဂိုလ်အတွက်မှာ ဘယ်လို စဉ်းစားကြမယ် (ဝါဂွမ်းဖြစ်နေပါတယ်ဘုရား) ဝါဂွမ်းဘဲနော် (မှန်ပါ့ဘုရား)။

ဝါဂွမ်းဆိုတော့ ဒီကလေတိုက်လိုက်တယ်ကွာ.... ဟိုဘက်မှာ နွားကျင်ကြီး, လူကျင်ကြီးထဲလဲ မကျဘူးလား· ကျမလား.... (ကျပါမယ်ဘုရား) တခါ....ဟိုကနေ အောက်လေက ပင့်လိုက် ပြန်တဲ့အခါ ဟို·မီးပုံထဲကော....(ကျပါတယ်ဘုရား)။

ဦးမြ ဝါဂွမ်းနေရာ မြဲရဲ့လား.... ( မမြဲပါဘုရား ) အဲဒါ ဘာကြောင့်တုံး... လို့မေးတော့ ဖြစ်ပျက်ဒုက္ခသစ္စာကို မသိလို့ (မှန်ပါ့) ဘယ်လောက်နစ်နာသတုံး.... (နစ်နာပါတယ်ဘုရား)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)အဲဒီ ဒုက္ခသစ္စာ သိထားတော့ အင်း.. ဒုက္ခသစ္စာသိတဲ့ ဒုက္ခဖြင့် ဒုက္ခဆုံးမှ နိဗ္ဗာန်ဆိုတာဟုတ်တာဘဲ၊ ဒါရှိနေယင် နိဗ္ဗာန်မဟုတ်သေးဘူး.... (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ သစ္စာသိထားတဲ့ ပုဂ္ဂိုလ်ကျတော့ သူများက မင်း....ခံစားရလိမ့်ဦးမယ်ဆို အို.... မင်း·မရှိပါဘူး.... ဒုက္ခသစ္စာ ရှိတာဘဲ၊ အဖြေကထွက်လာပြီ....(မှန်ပါ့) မထွက်သေးဘူးလား (ထွက်ပါပြီဘုရား)။

သူကောင်ရှိရဲ့လား....(မရှိပါဘုရား)အပြောသာ သူရှိတာပါ၊ တကယ်ရှိတာကတော့.... (ဒုက္ခသစ္စာရှိတာပါ) ဖြစ်ပျက် ဒုက္ခ သစ္စာဘဲရှိတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မောင်မြင့်တို့ ဒီတရားထူး၊ တရားမြတ်ကို မောင် အောင်ချိတို့ မနာရတော့ဘူး၊ မပူရတော့ဘူး၊ ဒီအလုပ်မှာ ဉာဏ်မတည့်မိဘူးဆိုယင် ဦးမြ ခုနင်က အကြီးဆုံးဒိဋ္ဌိက ဘယ်လို ထွက်သွားမလဲ ခန္ဓာထဲက....(မထွက်နိုင်ပါဘုရား)။

မထွက်နိုင်လို့ရှိယင် အကြီးဆုံးအပြစ်သင့်မည့် ဥစ္စာတွေဟာ ဒီဟာနားမလည်တဲ့ပုဂ္ဂိုလ်တွေဘဲ...(မှန်ပါ့)ပဉ္စာနန္တရိယကံထက် ကြီးတဲ့အပြစ်ကို သင့်နေတာ....(မှန်ပါ့) ဘယ်လောက် ကြောက် စရာကောင်းသတုံး....(ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲဒီတော့.... ခင်ဗျားတို့က ကျောက်တွင်းကလေး တူးလို့ ကျောက်ကလေးရလို့ ဈေးကောင်းကလေးမိလို့ ပြုံးများ နေ လိုက်သေးတယ်၊ ဟိုနက်ဖြန် အဝီစိသွားမှာကိုတော့ သိမှ မသိဘဲ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ-ခင်ဗျားတို့ ကျောက်ကို အဘိုးမတန်ဘူးလို့ ဘုန်းကြီး က လေးကီမျက်လုံး နားမလည်လို့မဟုတ်ပါဘူး၊ ခင်ဗျားတို့က အတန်ကြီးထင်ပြီးသကာလ တကယ့်တန်တာကို မသုံးဘဲနေလို့ ပြောနေတာပါ....(မှန်ပါ့)။

တကယ့် အရေးကြီးတဲ့အလုပ်ကို မသုံးဘဲ မလုပ်ဘဲနေတော့ ယနေ့ ထောပတ်ထမင်း၊ ဒန်ပေါက်ထမင်းစားပြီး နက်ဖြန် အဝီစိ သွားမှာကို ထောပတ်ထမင်း၊ ဒန်ပေါက်ထမင်းလောက် မခင်ဘဲ

ဖြစ်နေလို့ ဒါလောက်ဟောနေတာပါ...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်ခြင်းဆိုတဲ့ဥစ္စာသည် ကမ္မဿကတဉာဏ်လောက်နဲ့ မရသေးဘူး.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ကောင်းတာလုပ်ယင် ကောင်းကျိုးပေးတယ်ဆိုတာကလေးလောက်နဲ့ မရသေးဘူး၊ သဘောကျပလား .. (ကျပါပြီဘုရား)။

ကောင်းတာလုပ် ကောင်းကျိုးပေးတယ် ဆိုတာနဲ့.... (မရသေးပါဘုရား) မရသေးဘူး၊ လိုသေးတယ်ဆိုတဲ့ဥစ္စာကို ဘာ့ကြောင့် လိုသတုံးဆိုတော့ အို....ဖြစ်ပျက်ဒုက္ခသစ္စာ ခန္ဓာထဲမှာ ဖြစ်မှုနဲ့ပျက်မှု အနိစ္စခန္ဓာကိုယ်၊ "သဗ္ဗေသင်္ခါရာ အနိစ္စာ၊သဗ္ဗေသင်္ခါရာဒုက္ခာ၊သဗ္ဗေဓမ္မာ အနတ္တာ"တွေကို ဉာဏ်ထဲမှာ မရောက်သေးသ၍ ကာလပတ်လုံးဖြင့် ငါကလဲ မပြုတ်တော့ မိစ္ဆာဒိဋ္ဌိက ရှိလျက်ဘဲ.... (မှန်ပါ့ဘုရား) မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

အင်း....ငါတော့ ကြိုးစားလုပ်ရမှာဘဲ....၊ ဒါမှ ငါ့နောက်ပါမှာကိုး၊ ငါတော့ ရှေ့က သွားတော့မယ်ပေါ့လေ၊ သူက နောက်က လိုက်ဦးမယ်....(မှန်ပါ့)။

ဘယ့်နှယ်တုံး ဦးမြ ဒီလိုဘဲ ယူတော့မလား.... ( မှန်ပါ့ ) ငါက ဘာတုံး....(ရှေ့က သွားမယ်) လှူဒါန်း၊ပေးကမ်းတာက ငါ့နောက်လိုက်မယ်....(မလိုက်ပါဘုရား)။

ဟာ... အခုတော့ ပါးပြီပေါ့ ခင်ဗျားက၊ ဟင်.... (မှန်ပါ့)

နဂိုရှိက ဒီဥစ္စာ ငါလုပ် ငါ့နောက် လိုက်မှာပေါ့၊ ဒီအယူ့ယူထားတာ....(မှန်ပါ့)။

ငါကလဲ ရှေ့က ပြေးမယ်....၊ နောက်ကလဲ ပြုလုပ်ထားတာတွေက ငါ့နောက်လိုက်ဦးမယ်ဆိုတော့ ဘုရားမဟောဘူးလား-လို့မေးတော့ ဦးအောင်ဇေဝေရဲ့ ဟောဘယ်–(မှန်ပါ့ဘုရား) ဆောင်ဟောထားတာ....၊ မင်းတို့ နားလည်မှု ပြောထားတာ တကယ်မယူပါနဲ့ ပြောထားတာ.... ( မှန်ပါ့ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) နိယျတ္တဒေသနာတဲ့ ဦးမြ....(မှန်ပါ့)။

ဘာဒေသနာတဲ့တုံး....( နိယျတ္တဒေသနာပါဘုရား ) ဒီလိုမှ မဟောယင် နားလည်မှာမဟုတ်လို့ ဟောချလိုက်တာ....(မှန်ပါ့ဘုရား) စင်စစ်တော့ ဘယ်ဟာမှ မလိုက်ဘူး၊ ဒီအကြောင်းချုပ်ပြီးတော့ ဟို-အကျိုးပေါ်တာဘဲရှိတယ်၊ ဒီဘက်က ဘယ်သူမှ မလိုက်ဘူး....(မှန်ပါ့)။

ဒီဘက်က ရုပ်နာမ်က ဘယ့်နှယ်တုံး.... (မလိုက်ပါဘုရား) နို့မဟုတ် ရုပ်နာမ်ချင်းဆက်နေယင် သဿတဖြစ်ဦးမှာပေါ့.... (မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒီက နာမ်ရုပ်က ဒီမှာ လှူဒါန်း, ပေးကမ်းတဲ့ ရုပ်နာမ်က ဒီတွင် ချုပ်ခဲ့တယ်၊ ဟိုမှာ ရုပ်နာမ်က အလားတူပေါ်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်မရသေးယင် ဦးမြ ဘာတဲ့ ဟိုမှာ ဘာပေါ်မှာတုံး ( အလားတူ ရုပ်နာမ် ပေါ်ပါတယ်ဘုရား ) ရှင်းပလား....

(ရှင်းပါပြီဘုရား) ဒီက ရုပ်နာမ် တတို တစ လိုက်သေးရဲ့လား• (မလိုက်ပါဘုရား) သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကလဲ ခင်ဗျားတို့ အပြောသေချာလို့ မဖြစ်ဘူး....၊ ဩော်-ဒီနေရာကလေး ယားတဲ့ဝေဒနာကလေးဟာ မောင်အောင်ချီ ဒီနေရာမှာဘဲ ချုပ်တာဘဲ.... (မှန်ပါ့) ဘယ်ကို လိုက်သေးသတုံး (ဘယ်မှ မလိုက်ပါဘုရား)ဟိုနေရာ ယားပြန်တော့ကော (ဟိုနေရာတွင် ချုပ်ပါတယ်ဘုရား)။

ဟိုနေရာယားတဲ့အခါ ဟိုနေရာတွင် ချုပ်တာဘဲ....(မှန်ပါ့) ဒါ....ခန္ဓာတွေမဟုတ်လား- ဝေဒနာက္ခန္ဓာတွေ မဟုတ်လား.... (မှန်ပါ့) လိုက်နိုင်ရဲ့လား....(မလိုက်နိုင်ပါဘုရား)။

သိတဲ့စိတ်ကလေးဟာကော သိပြီးချုပ်သွားတာဘဲ မဟုတ်လား....(မှန်ပါ့) စိတ်ဟာ ဝိညာဏက္ခန္ဓာမဟုတ်လား- (မှန်ပါ့) ဒီခန္ဓာ ဘယ်လိုက်မတုံး.... ( ဘယ်မှ မလိုက်ပါဘုရား ) ဘယ်မှ မလိုက်ဘူးဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါလောက်ဆိုတော့ တရားနာမှားလို့လဲ ဘာဖြစ်တာသလဲ....(ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာတရားထဲတောင် အောက်တန်း တရားဆိုလို့ရှိယင် ဦးမြ ဘာဖြစ်နိုင်သတုံး.... ( ဒိဋ္ဌိမပြုတ်ပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီ့ပြင် မိစ္ဆာဒိဋ္ဌိတွေ ဟောတဲ့ တရားဆိုတာတော့ ဘုန်းကြီးတို့က ထည့်ကိုမထည့်တော့ဘူး... (မှန်ပါ့) ဒါ-ဒိဋ္ဌိအစစ်တွေဘဲ! မဆိုနိုင်ဘူးသား....(ဆိုနိုင်ပါတယ်ဘုရား)။

ဇုဒ္ဒဘာသာတောင်မှ ကမ္ဘာကတဉာဏ်ဟာ ဒိဋ္ဌိမခွါနိုင်ဘူးလို့ ပဏ္ဍာသမှာ သေသေချာချာလာတယ်— (မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အင်မတန် အရေးမကြီးဘူးလား.... ( ကြီးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ကြောင်းပါလိမ့် (နှစ်ကြောင်းပါဘုရား)ဘာပါလိမ့်....(နှလုံးသွင်းမှားနှင့် တရားနာမှားမှုပါဘုရား)။

ကိုင်း....အခုတော့ဖြင့် ဆရာသမားကလဲ မမှားဘူးဟောနေတာ....၊ မင်းတို့ကလဲ နှလုံးသွင်းမမှားလို့ ဖြစ်ပျက်တွေ့ကြပြီဆိုတော့ ဩဇ-ငါတို့ ကံကြီးတော့ဖြင့် ကုန်ပြီဟေ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အပါယ်ကျမည့်ကံကြီးတွေကတော့.... (ကုန်ပါတယ်ဘုရား) ဒါဖြင့် ဦးမြ အတော်အားကိုးထိုက်ဘယ်....(မှန်ပါ့) ဘယ့်နှယ်တုံး ဦးအောင်ဇံဝေ—(အားကိုးထိုက်ပါတယ်ဘုရား) အင်မတန်အားကိုးထိုက်တယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခုနင်က ပြောခဲ့တဲ့ အကြီးဆုံးဒိဋ္ဌိ ဘယ်ကလာတယ်ဆိုတဲ့အကြောင်းကလေးတော့ ပေါ်သွားပြီ....(မှန်ပါ့) ဘယ်နှစ်ကြောင်းပါလိမ့်....(နှစ်ကြောင်းပါဘုရား)။

နှစ်ကြောင်းကို ဦးမြ ဖြေစမ်းပါ၊ ဘာတုံး.... ( နှလုံးသွင်းမှားလို့တကြောင်း တရားနာမှားလို့ တကြောင်းပါဘုရား )

ဒီနှစ်ကြောင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် တရားနာတာက မှားတယ်ထားဦးတော့ ခန္ဓာက သက်သေခံတာကို လုံလောက်အောင်ကြည့်ပါ...(မှန်ပါ)ခန္ဓာက ဟိုနေရာမှာ ရှရှ,ရှရှနဲ့ ပျက်စီးလိုက်၊ ဒီနေရာယားတာ ပေါ်လာတာ ပျက်စီးလိုက်၊ ရုပ်က ပျက်စီးလိုက်, ဝေဒနာက ပျက်စီးလိုက်, စိတ်က ပျက်စီးလိုက်ဆိုတော့ ဒါတွေ ဘယ်သူပျက်စီးနေတာတုံးမေးတော့ မောင်အောင်ချို ရှုလို့ရှိယင် မောင်အောင်ချို ခန္ဓာပျက်စီးနေတာ.... (မှန်ပါ) လှည့်နှ ရှုလို့ရှိယင်.... (လှည့်နှ ခန္ဓာ ပျက်စီးပါတယ်ဘုရား) မောင်မြင့် ရှုယင်.... ( မောင်မြင့် ခန္ဓာပျက်စီးပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာ ဘာမက်စရာရှိသတုံးကွ၊ မဟုတ်ဘူးလား....(မှန်ပါ) မင်းလုပ်-မင်းရမှာဘဲဆိုတော့ ဒီခန္ဓာ ဟိုကို သွားသေးသလား .. (မသွားပါဘုရား)။

မသွားတာကိုပင် သွားတဲ့ အမိပ္ပါယ်မျိုးနဲ့ တချို့ ဦးမြ အယူမရှိဘူးလား-ရှိသလား....(ရှိပါတယ်ဘုရား)။

ရှိတယ်တဲ့၊ ဟိုတနေ့ကပြောခဲ့တဲ့ မချုပ်နိုင်သေးဘူး ဝိညာဏ်ကလေးဟာ သွားစရာ တွယ်စရာ မရှိသေးလို့ဆိုတော့ ဒါ.... ဝိညာဏက္ခန္ဓာ သွားတာပြောနေတာ...(မှန်ပါ)။

ဦးမြ ဘာဒိဋ္ဌိဖြစ်သတုံး....(သဿတဒိဋ္ဌိပါဘုရား) ဦးအောင်ဇံဝေ... (သဿတဒိဋ္ဌိပါဘုရား) ကဲ.... ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ငါ့ဉစ္စာ ထင်နေတာ ပိုကြောက်ပါ—(မှန်ပါ့) ခန္ဓာကိုယ်ကြီးကို ငါ့ကိုယ်,ငါ့ဟာ,ငါ့ဉစ္စာ ဖြစ်တယ်ဆိုတာကိုကြောက်ပါ။

ဘာဖြစ်လို့ တုံးဆိုလို့ ရှိယင် ဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါမှာ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ဘိက္ခဝေ=ရဟန်းတို့၊ အဟံ=ငါဘုရားသည်၊ အညံ=တပါးသော၊ ဧကဓမ္မမ္ပိ= တခုသောတရားကိုမျှလည်း၊ နသမနုပဿာမိ=ကြီးကျယ်တယ်လို့ မမြင်ဘူးတဲ့၊ ဧတံ= ဤကြီးကျယ်သောတရားဟူသည်၊ ယထာ=အဘယ်နည်းဟူမူကား၊မိစ္ဆာဒိဋ္ဌိ= ငါ-ငါ့ဉစ္စာ ခိုင်တယ်, မြဲတယ်ထင်တဲ့ ဒိဋ္ဌိတည်း၊ ဘိက္ခဝေ= ရဟန်းတို့၊ ဝဇ္ဇာနိ=အပြစ်တို့သည်၊ မိစ္ဆာဒိဋ္ဌိပရမာနံ=မိစ္ဆာဒိဋ္ဌိက ခေါင်ကဖုံး၍ အကြီးဆုံးသော အပြစ်ကြီးဖြစ်ပါပေသတည်း.... လို့ ကိုယ်တော်တိုင်ဟောတယ်....(မှန်ပါ့)။

ဒါဖြင့် ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်ဟာကိုကြောက်ရမလဲ....(မိစ္ဆာဒိဋ္ဌိကို ကြောက်ရပါမယ်ဘုရား)။

ပဉ္စာနန္တရိယကံက နက်ဖြန် ကမ္ဘာပျက်မယ်၊ ယနေ့ ပဉ္စာနန္တရိယကံကို ကျူးလွန်ထားလိုက်တယ်၊ သဘက်ခါလွတ်တာဘဲ မိစ္ဆာဒိဋ္ဌိလောက် အရေးမကြီးဘူးလို့ သေသေချာချာမှတ်ပါ နော်....(မှန်ပါ့)။

နိယတမိစ္ဆာဒိဋ္ဌိက ဒီကမ္ဘာပျက်ယင် ဟိုတမ္ဘာကိုရွှေ့ပြီးခံရတယ်လို့ မောင်နိုင်မှတ်ရမယ်....(မှန်ပါ့) ဒါဖြင့် ဘယ်သူကကြီး ပါလိမ့်.... (နိယတမိစ္ဆာဒိဋ္ဌိက ကြီးပါတယ်ဘုရား)။

အဲဒီတော့ဒီအထဲဘုန်းကြီးတို့ တကာတကာမတွေ သာသနာတွင်းမို့ ကြီးကြီး ကျယ်ကျယ် စကား ပြောလိုက်ပါတယ်၊

သာသနာပဆိုယင် ဘယ်သူမှပြောမည့်သူရှိမှာ မဟုတ်ပါဘူး.... (မှန်ပါ့)။

ငါကိုယ်, ငါ့ဟာ, ငါ့ဥစ္စာထင်နေတာ ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး ယားတာကလေးလဲ ငါယားတယ်လို့ ထင်တော့ ဝေဒနာကို ငါလုပ်တာဘဲ၊ ဝေဒနာက္ခန္ဓာဆိုတဲ့ ခန္ဓာကြီးကို ငါ လုပ်တာဘဲ... (မှန်ပါ့)။

ကျုပ် ဒေါသဖြစ်လိုက်တာ ဆိုလို့ရှိယင်လဲ ဒေါသစိတ် ကလေးကို ကျုပ် ငါလုပ်လိုက်တာဘဲ၊ ဦးမြ မဆိုးဝါးဘူးသား (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာနဲ့ငါနဲ့ ရောမနေဘူးလား....(ရောနေပါတယ် ဘုရား) ခန္ဓာနဲ့ ငါနဲ့ ရောနေတော့ ဒါ-သမ္မာဒိဋ္ဌိလား,မိစ္ဆာဒိဋ္ဌိ လား....(မိစ္ဆာဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဒီ-တကာတကာမတွေ မိစ္ဆာဒိဋ္ဌိပိုပြီးအရေးကြီးတယ် ဆိုတဲ့ဥစ္စာ ပဥ္စာနန္တရိယကံထက် အရေးကြီးတယ်ဆိုတာ ပေါ် သွားဆေပေါ့....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒီဟာကို ဖြုတ်မိအောင်ဖြုတ်ပါလို့ ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

ဖြုတ်တော့ ဒီအတိုင်းဖြုတ်လို့ရမလားလို့ မေးတဲ့အခါကျ တော့ မောင်အောင်ချိတို့ မှတ်ရမယ်နော်....(မှန်ပါ့)ခန္ဓာကိုယ်ထဲ ပေါ်လာတဲ့အခုစိတ်အရှုခိုင်းထားတယ်ဘုန်းကြီးက၊ကဲ· ဝေဒနာ ကြိုက်လို့ရှိယင်လဲ ဝေဒနာရှုကြလို့ ခိုင်းထားတယ်၊ အဲဒီ့

ဝေဒနာကလေးကို ကြည့်.... ဒါ ဝေဒနာက္ခန္ဓာ သက်သက်ဘဲ၊ အနိစ္စသက်သက်ဘဲလို့ ဉာဏ်ကမြင်မှသာလျှင် မိစ္ဆာဒိဋ္ဌိက ပြုတ်ထွက်သွားတယ်.... (မှန်ပါ့) နို့မဟုတ်ယင် မပြုတ်ဘူးဆိုတာ အသေအချာမှတ်ပါ....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင်ဖြင့် အလှူပေးနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူ တုံးဖော့၊ ဒါ မပြုတ်ဘဲနဲ့ ဉာဏ်ထဲမှာ ဒါ တလုံးတပါဒမှမမြင် ဘဲနဲ့ဆို အို.... မိစ္ဆာဒိဋ္ဌိ အလှူပေးနေတယ် မောင်မြင့် ဆိုသာ ဆို... (မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိက အလှူပေးနေတယ် ဦးမြ ဆိုနိုင်-မဆိုနိုင်....(ဆိုနိုင် ပါတယ်ဘုရား) ဘာကြောင့်တုံးဆိုတော့ သူ့မိစ္ဆာဒိဋ္ဌိမှ မပြုတ် သေးဘဲကိုး....(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျောင်းတကာ မိစ္ဆာဒိဋ္ဌိ ကျောင်းအမမိစ္ဆာဒိဋ္ဌိတွေ ရှိ-မရှိ ဦးအောင်ဇံဝေအကဲခတ်စမ်း.... (ရှိပါတယ်ဘုရား) ဒါဖြင့် ဦးမြရေ ဆရာကောင်း သမားကောင်း မတွေ့လို့ရှိယင်ဖြင့် မောင်နိုင်တို့ သွားရောပေါ့ကွာ....(မှန်ပါ့)။

ကိုယ့်ဟာကိုယ် ကျောင်းတကာ, ကျောင်းအမသာအခေါ်ခံ နေတာမိစ္ဆာဒိဋ္ဌိဖြစ်နေတာ သိမှမသိဘဲ(မှန်ပါ့)ဦးမြ စကားကြီး သလားတဲ့ မှန်သလား အကဲခတ်စမ်း .... (မှန်ပါတယ်ဘုရား) မှန်တယ်ဆိုတာ သေသေချာချာ မှတ်ပါ ခင်ဗျားတို့နော်.... (မှန်ပါ့)။

ဒါ သေသေချာချာ ရှင်းရှင်းလင်းလင်းမှတ်ပါ ခန္ဓာထဲမှာ ဖြင့် ယားတာကလေး ပေါ်လာလို့ရှိယင် ဝေဒနာဘဲဆိုတာ

မှတ်ထားကြပါ၊ ငါနဲ့မရောစေနဲ့, ငါက အခုပါးစပ်ထဲက လုပ်တဲ့ငါ၊ ရှိတာက ဝေဒနာ....(မှန်ပါ့)။

ရှိတာက ဘာပါလိမ့်....(ဝေဒနာပါဘုရား) အဲဒီထဲမှာ ငါ· ယားတယ်လို့သွားပြီးသကာလ အပြောသာပြောတာပါ၊အထင် မရောက်လိုက်ပါနဲ့ဆိုတာ သတိပေးပါတယ် ... (မှန်ပါ့)။

အပြောတော့ဖြင့် ပြောနိုင်ပါတယ်၊သမုတိသစ္စာကပြောတာ အထင်ကတော့ ဒါကလေးပေါ်တာ၊ ပျောက်သွား ပြန်လဲ ဝေဒနာကလေး အနိစ္စရောက်တာ၊ ဘယ်သူအနိစ္စတုံးလို့မေးလို့ ရှိယင်ဖြင့် ခန္ဓာအနိစ္စ ရောက်တာ ပေါင်းပြော လိုက်တော့.... (မှန်ပါ့)။

ပေါင်းပြောလိုက်တော့— (ခန္ဓာ အနိစ္စ ရောက်သွားတာပါ ဘုရား) ခန္ဓာအနိစ္စ ရောက်တာလို့ တကာတကာမတွေက မှတ် ထားလိုက်တာပေါ့။

ဩော်....ဒါဖြင့် ဝေဒနာတောင် အနိစ္စဆိုယင် ဝေဒနာနဲ့ တွဲနေတဲ့ စိတ်ဟာကော ဦးမြကြီး ဘယ့်နှယ်ဆိုမတုံး.... (အနိစ္စ ပါဘုရား) တွဲလျက်နေကြတာကိုး....( မှန်ပါ့ ) သညာကော— (အနိစ္စပါဘုရား) သူက ရုပ်ပေါ်မှာမှီပြီး ဖြစ်ရတော့ ဒီရုပ်က ကော....(အနိစ္စပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးစလုံးဟာ အနိစ္စဘဲမှတ်ထားလို့ အနိစ္စ ဘဲသိ, အနိစ္စလို့ မြင်လို့ရှိယင်ဖြင့် ဒီတကာတကာမတွေမှာ မိစ္ဆာဒိဋ္ဌိပြုတ်ပါတယ်....( မှန်ပါ့ )ရှင်းပြီနော် .... ( ရှင်းပါပြီ ) ဒါမသိဘဲနဲ့ စေတနာကို ငါလုပ်ပြီး ငါ့အလှူလုပ်နေလို့ရှိယင် ဦးမြ သွားပြီ....(မှန်ပါ့ဘုရား)။

စေတနာကို ငါလုပ်တဲ့ အလှူကော မရှိဘူးလား....(ရှိပါတယ် ဘုရား)အဲဒီ စေတနာကို ငါလုပ်လို့ရှိယင် ငါ့အလှူဆိုတော့ အလှူ့ရှင်ဟာ ဘာဖြစ်သွားသတုံး.... (မိစ္ဆာဒိဋ္ဌိဖြစ်သွားပါတယ် ဘုရား) မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ်ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါက တော်တော့ ဆရာသမားနဲ့ဆိုယင် မောင်နိုင်ခဲ့လို့ ရမှာမဟုတ်ပါဘူး....( မှန်ပါ့ ) တနည်းခဲ့ပေးတဲ့ လူရှိပြန်လဲ ဉာဏ်က ဒီလိုရှုဦးကွဆိုတာမှ ရှုလို့မတွေ့သေးလို့ ရှိယင်လဲ မိစ္ဆာဒိဋ္ဌိက မဖြုံသေးဘူးလို့ ဦးအောင်ဇေယျတို့မှတ်ရမယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ "ဝေဒနံ အတ္တတော သမနုပဿတိ" ဝေဒနံ=ဝေဒနာကို၊ အတ္တတော=ငါဟူ၍၊ သမနုပဿတိ=ရှု၏၊ "အယံဝုစ္စတိ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ"တဲ့၊ ကဲ....မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ယားတဲ့ ဝေဒနာကလေးကို ငါယားတယ်လို့ ထင်လိုက်လို့ ရှိယင် ဘာဆိုကြပါ့မယ်.... ( မိစ္ဆာဒိဋ္ဌိပါဘုရား ) ငါအလှူသာ ပေးနေတာကွ ငါ့မှာအယားက ထနေသေးတယ် ဆိုလို့ရှိယင် ဘယ့်နှယ်ဆိုမတုံး....( မိစ္ဆာဒိဋ္ဌိပါဘုရား ) မိစ္ဆာဒိဋ္ဌိဖြစ်နေတယ်၊ ဒါလွယ်ပါ့မလား....(မလွယ်ပါဘုရား)။

အဲဒီတော့ ဝိပဿနာလုပ်ပြီးသား ပုဂ္ဂိုလ်ကျတော့ အပြော သာရှိတော့တယ်၊ အထင်ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒီလိုပုဂ္ဂိုလ်ကျတော့ အရေးမကြီးတော့ပါဘူးတဲ့၊ ဒါ ပါဠိ တော်တွေကလဲ ရှိပြီးသားဖြစ်နေလို့ ဦးမြတို့ကို ရဲရဲတင်းတင်းဘဲ

ဆုံးဖြတ်ချက်ချပေးလိုက်တယ်....(မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ပဋ္ဌာနန္တရိယကံထက် မိစ္ဆာဒိဋ္ဌိအပြစ်ကြီးတယ်ဆိုတာ မောင်နိုင်တို့ ရိပ်မိပါပြီ.... (ရိပ်မိပါပြီဘုရား)။

ရိပ်မိတော့ကို မိစ္ဆာဒိဋ္ဌိ ဘယ်နှယ်ကြောင့် အပြစ်ကြီးသတုံးလို့ မေးတော့ ပဋ္ဌာနန္တရိယကံ ထိုက်သွားတဲ့၊ အဇာတသတ်တို့ ဒေဝဒတ်တို့ အဇာတသတ်က အဖ သတ်လိုက်လို့ ပဋ္ဌာနန္တရိယကံထိုက်သွားတယ်၊ ငရဲက တက်လာသည်နဲ့ တပြိုင်နက်တည်း ပစ္စေကဗုဒ္ဓါဖြစ်မယ်၊✻ ဒိဋ္ဌိက ပြုတ်ပြီးသားဖြစ်နေတယ် (မှန်ပါ)။

မောင်နိုင်.... ပဋ္ဌာနန္တရိယကံကြောင့် ကျခြားသော်လဲ တက်လာယင် ဒိဋ္ဌိက ပြုတ်ပြီးသားဖြစ်နေတယ်.... ( မှန်ပါဘုရား ) သူ ပစ္စေကဗုဒ္ဓါဖြစ်မယ်....(မှန်ပါ) ဒေဝဒတ်တက်လာလို့ ရှိယင် ပစ္စေကဗုဒ္ဓါဖြစ်မယ်၊ ဒီငရဲက ကျွတ်လို့ ရှိယင်... (မှန်ပါ) မိစ္ဆာဒိဋ္ဌိသာ ရှိနေယင် ဘယ်နှယ်တုံး....(မကျွတ်နိုင်ပါဘုရား)။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိနဲ့ ပဋ္ဌာနန္တရိယကံဟာ အားလုံး တကာတကာမတွေ့ ဘယ်ဟာ ကြောက်စရာကောင်းသတုံး....(မိစ္ဆာဒိဋ္ဌိက ကြောက်စရာကောင်းပါတယ်ဘုရား)။

မိစ္ဆာဒိဋ္ဌိကလဲ အခုလို ဖြစ်ပျက်မမြင်တဲ့ပုဂ္ဂိုလ်များမှာ ကဲ... ဦးအောင်ဇေဝတို့ ဦးမြဘိုဘဲ ဆုံးဖြတ်ချက် ချကြည့်တာပေါ့ မိစ္ဆာဒိဋ္ဌိရှိမှာဘဲ....(ရှိပါတယ်ဘုရား) ရှိနေတယ်ဆိုတာ သေချာကြပလား... (သေချာပါပြီဘုရား)။

---

* ဉာတပရိညာနှင့် ဒိဋ္ဌိပြုတ်သည်ကိုဆိုသည်။

ဒါဖြင့် ဒီ မိစ္ဆာဒိဋ္ဌိကို ပြောပါတော့မယ်တဲ့ မိစ္ဆာဒိဋ္ဌိဟာ အကြောင်းမရှိဘဲနဲ့ မလာပါဘူး၊ မိစ္ဆာဒိဋ္ဌိဟာ အကြောင်းရှိလို့ လာတာ...(မှန်ပါ)။

မိစ္ဆာဒိဋ္ဌိဟာ အလိုလိုပေါ်တဲ့တရားလား.... အကြောင်းရှိတဲ့ တရားလား....(အကြောင်းရှိတဲ့တရားပါဘုရား)။

အဲ....အကြောင်းရှိတဲ့တရားဆိုတာ ယနေ့ ရှင်းရှင်း လင်း လင်း တကာတကာမတွေ အနာထပိဏ်သူဌေးကြီးက ဖြေကြားပုံ ဘုရားကထောက်ခံချက်ပေးပုံ ဒါတွေကိုယနေ့ရှင်းပြတော့မယ်ဆို တာ အောက်မေ့လိုက်ပါတော့၊ မနေ့က တဝက်ဟောထားလို့ ရှေ့ပိုင်းမှာ ခပ်ကျဲကျဲသွားမယ်၊ နောက်ပိုင်းကျမှ စိပ်မယ်.... (မှန်ပါ)။

ကဲ....ဒါဖြင့် ဒီတကာတကာမတွေ၌ မိစ္ဆာဒိဋ္ဌိ ဘယ်က လာ တယ်ဆိုတာ သိရအောင် ဝတ္ထုကလေးတခု ထုတ်လိမ့်မယ်လို့ ဦးအောင်ဇေဝတို့ မှတ်လိုက်တာပေါ့....(မှန်ပါ)။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားသီတင်းသုံး နေတယ်၊ မွန်းတည့် ၁၂-နာရီလောက်မှာ အနာထပိဏ် သူဌေး ကြီးက ကျောင်းသွားနေကျ ဖြစ်လို့ သွားတယ်၊ ခါတိုင်းထက် နည်းနည်းစောနေတာနဲ့ ဘုရားလဲ ဒီအချိန် ခဏတဖြုတ် ကျိန်း စက်တဲ့အချိန်၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့လဲ ကျိန်း စက်တဲ့အချိန်၊ တပါးသော ပုဂ္ဂိုလ်တွေကလဲ ကျိန်းစက်တဲ့အချိန် ငါ ကျောင်းထဲဝင်လို့ မတော်သေးပါဘူး ဆိုပြီး သကာလ

မောင်နိုင် ကျောင်းနားမှာရှိတဲ့ တိတ္ထိကျောင်းမှာ ခဏဝင်ပြီး နားပါတယ်.... (မှန်ပါ့) တိတ္ထိကျောင်းမှာ ခဏဝင်ပြီးနားပါ တယ်လို့မှတ်လိုက်ပါ။

နားတော့ တိတ္ထိတွေက တိရစ္ဆာနကထာတွေ * ပြော နေတယ် ဦးမြကြီးရ....( မှန်ပါ့ဘုရား ) တိရစ္ဆာနကထာ ဆိုတာ မခွဲတော့ပါဘူး၊ သားရေး, သမီးရေး, စီးပွားရေးလို စကား မျိုးတွေ ပြောနေတယ်ဆိုကြပါစို့....။

အဲဒီလို ပြောနေတော့ တိတ္ထိခေါင်းဆောင်ကြီးက ဟော့- ဂေါတမ၏ တပည့်သား လူထဲကပေမဲ့ လူချွန်ကွ၊ သောတာပန် ဆိုတာ တည်ပြီးသားတဲ့၊ ဆိတ်ဆိတ်နေကြကွ၊ ဆိတ်ဆိတ်နေ တာကို ဂေါတမလဲကြိုက်တယ်၊ ဂေါတမ၏ တပည့်သားလဲ ကြိုက်တယ်ဆိုပြီး အမိန့်ပေးလိုက်တာနဲ့ ဆိတ်ဆိတ်နေကြတယ်။

ဆိတ်ဆိတ်နေတုန်းဘဲ အနာထပိဏ်သူဌေးကြီးက တိုင်စရာ ရှိတဲ့ နေရာဝင်ထိုင်တယ်၊ ထိုင်တော့ တိတ္ထိတွေကလာကြပါတယ်၊ လာပြီးသကာလ တကာကြီးလာတာ ကောင်းတယ်, ဝမ်းသာ တယ် အစရှိသည်နဲ့ အလ္လာပ သလ္လာပ စကားတွေ ပြောပြီး သကာလ တကာကြီးကို ကျုပ်တို့မေးချင်တယ်၊ တကာကြီး ဂေါတမဘုရား ဘယ်အယူရှိသတုံးတဲ့၊ မေးပြီ ၁-နံပါတ်နော်.... (မှန်ပါ့ဘုရား)။

---

* မဂ်ဖိုလ်နှင့်မဆိုင်၊ မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သောစကား မျိုးကို တိရစ္ဆာနကထာဟု ခေါ်သည်။

တကာကြီး ကိုးကွယ်ဆည်းကပ်နေတဲ့ ဂေါတမ ဘယ်အယူရှိသတုံး၊ ဟာ အရှင်ဘုရားတို့ မြတ်စွာဘုရားအယူတွေက အများကြီးဘုရား တပည့်တော် ဘယ်သိမလဲ။

ကဲ.... ရှိပါစေဗျာ ဂေါတမဘုရား၏အယူ မသိလို့ရှိယင် ဂေါတမဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန်းတွေ ဘယ်အယူရှိတယ်ဆိုတာ ကျုပ်တို့ကို ပြောစမ်းပါတဲ့။

ရဟန်းတွေလဲဘုရား ၂၂၇· သွယ်သော သိက္ခာပုဒ်တွေနဲ့ သမထ ဝိပဿနာတွေနဲ့ အများကြီးဘုရာ့၊ အဲဒီတော့ ဒါလဲ တပည့်တော် အကုန်မသိနိုင်ဘူး....။

ကဲ.... ရှိပါစေဗျာ ခင်ဗျား မသိလို့ရှိယင် ခင်ဗျားအယူကို ပြောရမယ်၊ မောင်နိုင် မေးပြီ.... (မှန်ပါ့) ခင်ဗျား ဘယ်အယူရှိတယ်ဆိုတာ ပြောရမယ်ဆိုတော့ တပည့်တော်အယူကို ပြောဘို့ ဝန်မလေးပါဘူးတဲ့၊ သူက သောတာပန် တည်ပြီးသားကိုးဗျ.... (မှန်ပါ့)။

အဲဒီတော့ ယနေ့သောတာပန်က ဟောတဲ့တရားကို တကာ တကာမတွေ ကြားရလိမ့်မယ်၊ မှတ်ရလိမ့်မယ် .... ( မှန်ပါ့ ဘုရား)။

ဘယ်သူက ဟောတာကြားရမှာတုံး....(သောတာပန်ကဟော တာကြားရမှာပါဘုရား)သောတာပန်ကဟောတဲ့တရားကိုကြား ရလိမ့်မယ်လို့ သေသေချာချာမှတ်ထားပါ....(မှန်ပါ့)။

ဒါနဲ့ တပည့်တော်ပြောဘို့ ဝန်မလေးပါဘူးတဲ့၊ သို့သော် အရှင်တိတ္ထိတွေ ယူတဲ့အယူကို တပည့်တော် အသင်ကြားချင်

ပါတယ်၊ ကြားပြီးယင် တပည့်တော်အယူကို နောက်ဆုံးပိတ် ပြောမယ်ဆိုတော့ တိတ္ထိတွေက ရုပ်နာမ်ဓမ္မသည် မြဲတယ်၊ သဿတော လောကောနဲ့ သူပြောလိုက်တယ် .... (မှန်ပါ ဘုရား)။

တခါ တယောက်က လာပြန်တယ်၊ ရုပ်နာမ်ဓမ္မသည် မမြဲ ဘူးတဲ့ ပြတ်သွားတာဘဲ မောင်နိုင် ဥစ္ဆေဒတွေ ပြောတယ်.... (မှန်ပါ) သဿတ ဥစ္ဆေဒတွေမပြောကြဘူးလား(ပြောပါတယ် ဘုရား)။

ရုပ်နာမ်ဓမ္မ မြဲသည်လည်းမဟုတ်- မမြဲသည်လည်းမဟုတ် တဲ့၊ အမရာင်္ကေ္ခပဒိဋ္ဌိတွေ ပြောပြန်ပြီ....(မှန်ပါ) သတ္တဝါ သေယင် မဖြစ်ဘူး ဥစ္ဆေဒဒိဋ္ဌိပြောတာဘဲ.... (မှန်ပါ)။

သတ္တဝါမှ မရှိဘဲ ဖြစ်စရာဘယ်ရှိမလဲ.... (မှန်ပါ) သတ္တဝါ သေယင် ဖြစ်သေးတယ်၊ မြဲသေးတယ်၊ သ ဿ တ ဒိဋ္ဌိဘဲ ပြောတာဘဲ၊ သတ္တဝါနဲ့ပြောယင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မှတ် ပါနော်....(မှန်ပါ)။

သတ္တဝါသေယင် ဖြစ်ချည်တလှည့်, မဖြစ်ချည်တလှည့်ဆိုတာ လဲ ရှိသေးတယ်....(မှန်ပါဘုရား) "ဧကစ္စ သဿတဒိဋ္ဌိ အမရာ ဝိက္ခေပ ဒိဋ္ဌိ" ဘွဲ့ ဖြေလိုက်တော့ ဆယ်မျိုး စေ့သွားပြီလို့ ပြောလိုက်ပါတော့၊ ဒါတွေ မခွဲတော့ပါဘူး ကိုပေါ်....(မှန်ပါ ဘုရား)။

ဒီတွင်မှ ကျုပ်တို့အယူတွေ အသီးသီး ကျုပ်တို့ အခု ဆယ် မျိုးတောင် ပြောပြီးပြီ၊ ခင်ဗျားအယူ ပြောပေတော့တဲ့၊တကာ

တကာမတို့ ဒါမှတ်ရမယ်၊ ခင်ဗျားအယူပြောပါတဲ့ တကာ တကာမတို့နော်....(မှန်ပါ့)။

ဒီပုဂ္ဂိုလ်ဟာ သောတာပန်မဟုတ်လား .... (မှန်ပါ့) သော တာပန်အယူကိုပြောလိမ့်မယ်၊ တပည့်တော်အယူကို မပြောမိတဲ့ အရှင်တိတ္ထိတို့ကို စွဲချက်တင်လိုက်ဦးမယ်တဲ့....(မှန်ပါ့)ဦးအောင် ဇံဝေ သူတို့ဘဲ စွဲချက်တင်ဦးမယ်တဲ့နော်.... (မှန်ပါ့)။

အရှင်တိတ္ထိတို့ဟာတဲ့ ခန္ဓာငါးပါးရှိတယ်တဲ့၊ ခန္ဓာငါးပါး ဟာ အနိစ္စတရားဘဲ၊ ၎င်းအနိစ္စတရားဟာ ဒုက္ခတရား....၊ အဲဒီ ဒုက္ခတရားကို အရှင်တိတ္ထိတို့က ငြိတွယ်နေတယ်၊ စွဲလမ်းနေတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တကို တဏှာဥပါဒါန်နဲ့စွဲသမ်းနေတာဘဲ....၊ ဒါ့ကြောင့် အရှင်တိတ္ထိတို့ဟာ မှားတယ်....(မှန်ပါ့)။

အနိစ္စ,ဒုက္ခ,အနတ္တကို တဏှာ,ဥပါဒါန်နဲ့ စွဲဘို့လိုသေးသလား (မလိုပါဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တကို ဘာနဲ့စွဲနေသတဲ့လဲ .... (တဏှာ၊ ဥပါဒါန်နဲ့စွဲနေပါတယ်ဘုရား)တဏှာ,ဥပါဒန်နဲ့ စွဲနေတဲ့အယူကို အရှင်တိတ္ထိတို့ ယူတယ်တဲ့။

ဒီအယူကိုလဲ အရှင်ဘုရားတို့ ဘာကြောင့် ယူတယ်ဆိုတာ အကြောင်းပြလိုက်ဦးမယ်တဲ့ ဆိုတော့ အရှင်တိတ္ထိတို့နှလုံးသွင်း မှားလို့ ယူတဲ့ အယူ အနိစ္စကို နိစ္စလို့ နှလုံးသွင်းလိုက်လို့ .... (မှန်ပါ့) ဒုက္ခကို....( သုခလို့နှလုံးသွင်းလိုက်လို့ပါဘုရား ) အနတ္တကို (အတ္တလို့နှလုံးသွင်းလိုက်လို့ပါဘုရား)အသုဘကို.... (သုဘလို့နှလုံးသွင်းလိုက်လို့ပါဘုရား)။

အရှင်ဘုရားတို့ ၁-နံပါတ်မှာနှလုံးသွင်းမှားလို့ အခုပြောခဲ့တဲ့ သဿတ, ဉစ္ဆေဒတွေ ယူတာဘဲတဲ့ ... (မှန်ပါ့ဘုရား)။

တနည်း တရားနာမှားလို့ အရှင်ဘုရားတို့ ယူတာဘဲတဲ့... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းနှစ်ပါးလို့ တကာ တကာမတွေ လေးလေးစားစား မှတ်လိုက်စမ်းပါ....( မှန်ပါ့ ) နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်တယ်၊ အတိုကောက်ရေးရမယ်၊တရား နာမှားလို့ ...(ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) ကိုသောင် သိပ်ကြောက် စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဖြေစမ်း ဘာတဲ့တုံး .... (နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) တရားနာမှားလို့လဲ (ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

အဲ-ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းဟာ နှစ်ပါးတဲ့၊ အရှင်ဘုရားတို့ ဒီနှစ်ခုကြောင့် အခု သဿတအယူတွေ, ဉစ္ဆေဒအယူတွေ ယူနေ တာတဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာ့ကြောင့်တဲ့တုံး.... (နှလုံးသွင်းမှားလို့, တရားနာမှားလို့ ပါဘုရား)။

စာလိုတော့ ပရတောဃောသ= သူတပါးအသံ ကြားရလို့ ဆိုတော့ တရားဆိုတာပါဘဲ ...(မှန်ပါ့) ဒီတော့ မောင်မြင့်တို့ ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက ခေါင်းဆောင်လုပ်ပြီးတော့ ဆုံးမနေတာ ဩြော်.... တရားနာ

ပေမဲ့လဲ နာတတ်ဦးမှကိုး...(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တရားနာပေမဲ့လဲ....(နာတတ်ဦးမှပါဘုရား) နာတတ်ဦးမှဘဲ ဆိုတဲ့အဓိပ္ပါယ် မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ တရားနာပေမဲ့ နာတတ်ဦးမှဆိုတော့ မနာတတ်ယင် ဦးမြကြီး ဒိဋ္ဌိဖြစ်ဦးမှာ.... (မှန်ပါ) မနာတတ်ယင် ဒိဋ္ဌိဖြစ်ဦးမယ် တကာတကာမတို့၊ ဘာဒိဋ္ဌိဖြစ်ဦးမလဲလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့် မင်းသေလို့ရှိယင်ဖြင့် မင်းရောက်ရာမှာ မင်းပစ္စည်းတွေနဲ့ မင်းစားရုံဘဲ...(မှန်ပါဘုရား)။

ဟော....မင်းသေလို့ရှိယင်တဲ့ မင်းရောက်ရာမှာ ဟုတ်လား.... (မှန်ပါ) မင်းပြုထားတဲ့ အထုပ်တွေဟာ ဖြေစားဘို့ပေါ့ကွာ၊ ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

ဦးမြကြီး စဉ်းစားစမ်း၊ မင်းသေလို့ရှိယင် မင်းရောက်ရာမှာ ဆိုတော့- မင်းသွားတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား)။

မင်းအထုပ် မင်းဖြေစားရတာပေါ့ ဆိုတော့ အထုပ်ကလဲ ထမ်းသွားရတဲ့ အဓိပ္ပါယ်ပါတယ် .... (မှန်ပါ) မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

ဒီဒိဋ္ဌိရှိနေတဲ့ဉစ္စာ တကာတကာမတို့ နိဗ္ဗာန်ရောက်ပါ့မလား ( မရောက်ပါဘုရား )။

ကဲ.... ဒါနတရားလောက်ကို နာရလို့ရှိယင် တကာတကာ မတို့ ဒိဋ္ဌိပြုတ်-မပြုတ်.... (မပြုတ်ပါဘုရား) ဦးမြကြီး စဉ်းစား စမ်း....(မပြုတ်ပါဘုရား) မပြုတ်ဘူး....တဲ့။

မပြုတ်တော့ ဒီအယူကိုဘဲ သေသည်တိုင်အောင်ဘဲ ကိုယ့်ဆရာကလဲ ဒါပြောတယ်၊ ဒါနဲ့ဘဲ သေသွားတော့ကို နတ်ရွာသုဂတိရောက်၊ သူ့အထုပ် သူဖြေစားတော့ စားရပါရဲ့၊ နိဗ္ဗာန်တော့ မရတော့ဘူး… (မှန်ပါ့)မရနိုင်တော့ဘူး၊ မောင်အောင်ချိဘယ့်နှယ်တုံး… (မရနိုင်ပါဘုရား) ဘာခံနေပါလိမ့်… (သဿတဒိဋ္ဌိခံနေပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိခံနေပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိခံတယ်ဆိုလိုက်ပါတော့…(မှန်ပါ့)။

ဘာခံနေကြသလဲ…. (မိစ္ဆာဒိဋ္ဌိခံနေပါတယ်ဘုရား) ဒီအယူဟာ တကာတကာမတွေ ခင်ဗျားတို့အထဲမှာကိုဘဲ အခု တရားမျိုး မနာရသေးလို့ ဘုန်းကြီးပြောတဲ့ တရားကို ရှင်းရှင်းလင်းလင်း နားမလည်သေးလို့ရှိယင် ဒီအယူဟာ ရှေးက ရှိတယ်…. (မှန်ပါ့) ကိုပေါ် မရှိဘူးလား… (ရှိပါတယ်ဘုရား)။

မင်းလုပ်‧မင်းရမှာပေါ့ကွာ၊ မင်းပစ္စည်း ဘယ်သွားမတုံးကွ၊ မင်းနောက် လိုက်မှာပေါ့ဆိုတော့ မင်းက ရှေ့ကသွားတာ….၊ အထုပ်က နောက်က လိုက်မယ်…၊ ဒီအခိုပွါယ် မယူဘူးလားတရားနာတဲ့ပုဂ္ဂိုလ်က…(ယူပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားနာမှားတာနဲ့ သူဘာဒိဋ္ဌိဖြစ်သတုံး‧(သဿတဒိဋ္ဌိဖြစ်ပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိ,သဿတဒိဋ္ဌိ ဦးမြဲ သေချာပြီ‧သေချာပြီ… (မှန်ပါ့)။

ကဲ— တကာ တကာမတွေ ခင်ဗျားတို့ ပြုတဲ့ ကုသိုလ်ဟာ ဒီအတိုင်းဘဲ ပြုကြလို့ ရှိယင်ဖြင့် ကုသိုလ်ရတယ် မောင်နိုင်မှတ်လိုက်….(မှန်ပါ) နိဗ္ဗာန်မရဘူး….(မရပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး နောက်ဏ တကာတကာမတွေ....(ကုသိုလ်တော့ ရပါတယ်ဘုရား၊ နိဗ္ဗာန်မရပါ) ဘာခံနေသတုံး...(သဿတဒိဋ္ဌိ ခံနေပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိ၊ သဿတဒိဋ္ဌိ မခံဘူးလား....(ခံပါတယ်ဘုရား) ဦးမြရေ...ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက သူ- ကမ္မဿကတဉာဏ်လောက် ဟောပြီး သကာလ ထား၊တာလဲ တမျိုး တနည်းအားဖြင့်လဲ ဘုရားက ဆောင်ဟောထားတဲ့တရား... (မှန်ပါ) သူက တိုက်ရိုက်ယူပြီးသကာလ ဆရာလုပ်တဲ့ပုဂ္ဂိုလ်က ဟောလိုက်တော့ နောက်က ပုဂ္ဂိုလ်တွေ အကုန်ယောင် မကုန်ဘူးလား....(ယောင်ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ဆောင်ဟောတဲ့တရားကို တိုက်ရိုက်ယူပြီး ပြောလိုက်တဲ့အတွက် မမှားဘူးလား- မှားသလား...(မှားပါတယ်ဘုရား)။

ဒါ့ကြောင့် တရားဟောမယ်ကြံလို့ရှိယင် နိယျတ္ထဒေသနာကို ဟောထားလို့ရှိယင် ကိုယ်က နီတတ္ထ တိုက်ရိုက်ယူလိုက်လို့ ရှိယင် ဘုရားက ဒီလိုမှ မဟောလို့ရှိယင် နားလည်မှာ မဟုတ်လို့ဟောရတာ၊စင်စစ်တော့ ဒီက ရုပ်နာမ်မလိုက်ဘူး၊လိုက်သေးရဲ့လား... (မလိုက်ပါဘုရား) အဲ....မလိုက်တာကို အလိုက်လုပ်ဟောတာသည် နားလည်အောင်လို့ ဆောင်ဟောထားတာ.... (မှန်ပါ)။

မောင်မြင့် ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား) ဒီက လိုက်နိုင်ပါ့မလား.... (မလိုက်နိုင်ပါဘုရား) ဒီမှာရှိတဲ့ရုပ်နာမ် ကိုယ်တိုင် ရှုကြည့်- မောင်အောင်ချို....၊ ဒီနေရာဖြစ် ဒီနေရာကကို ရွှေ့နိုင်ရဲ့လား...(မရွှေ့နိုင်ပါဘုရား) ကဲ...လိုက်စရာရှိရဲ့လား

(မရှိပါဘုရား) လိုက်ယင် ဘာဒိဋ္ဌိဖြစ်မလဲ.... (သဿတဒိဋ္ဌိ ဖြစ်ပါမယ်ဘုရား)။

ကဲ—မလိုက်နိုင်တာကြီးကို လိုက်တယ်လို့ ဓမ္မပဒမှာ ဟောထားချက်ရှိပါတယ်၊ အဲဒါများ မင်းတို့ကို ဆောင်ပြီးသကာလ ဟောထားတာကွ—တဲ့၊ မင်းတို့နားလည်မှုကြောင့်၊ စင်စစ်တော့ဖြင့် ဒီအတိုင်းသာ မှတ်ပါ....တဲ့၊ ဒီမှာဖြစ်တဲ့ ရုပ်နာမ်သည် ဒီနေရာက ဘယ်နေရာမှ မရွှေ့ဘဲနဲ့ ဒီတွင် ချုပ်သွားတာဘဲကွ ဟိုမှာ အသစ်သာ ထပ်ပြီးပေါ်တာဘဲ....(မှန်ပါ့) ရှင်းပလား—၊ (ရှင်းပါပြီဘုရား)လိုက်တာပါသေးရဲ့လား—(မပါ-ပါဘုရား)။

ဦးမြ ရှင်းပလား....(မှန်ပါ့) အလားတူပေါ်တာသာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒီမှာ ရုပ်နာမ်နဲ့လုပ်လို့ ဒီရုပ်နာမ်ကတော့ ဘာမှ မလိုက်ဘူး ဟိုမှာ ရုပ်နာမ်တခုပေါ်တာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား—(ရှင်းပါပြီဘုရား)။

အဲဒါ-ဘယ်ပါဠိတော်က လာသတုံးလို့မေးတော့မှ "အနန္တရနိရုဒ္ဓါ စိတ္တ စေကသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော" ပဋ္ဌာန်းပါဠိတော်-(မှန်ပါ့) အနန္တရဆိုတာ ရှေးစိတ်ချုပ်ပြီးမှ နောက်စိတ်ပေါ်တာ-(မှန်ပါ့ဘုရား)။

ရှေးစိတ် ချုပ်ပြီးမှ.... ( နောက်စိတ် ပေါ်တာပါဘုရား ) အဲဒီတော့ နောက်စိတ်ဟာ ရှေ့စိတ်နဲ့ တော့ မတူဘူးလား၊ စိတ်ဘဲ မဟုတ်လား....(မှန်ပါ့)။

သို့သော်.... အယင် ချုပ်သွားနှင့်တဲ့ စိတ် ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ဒါဖြင့် အလားတူပေါ်တာပေါ့....(မှန်ပါ့) ဦးမြ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဘာပေါ်တာပါလိမ့်.... ( အလားတူပေါ်တာပါဘုရား) ဒီကလိုက်တာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) နို့မဟုတ်ယင် အနန္တရနိရုဒ္ဓါ=အခြားမဲ့ဖြစ်၍ ချုပ်လေကုန်ပြီးသောလို့ကို ဟောဘို့ရာ လိုသေးသလား(မလိုပါဘုရား)ချုပ်ပါတယ်လို့ဟောထားတာ ဘုရားက....(မှန်ပါ့)။

အဲဒါက တိုက်ရိုက်ဟောတဲ့ဒေသနာ.... (မှန်ပါ့) တိုက်ရိုက်ဟောတဲ့ဒေသနာကို အမှန်ယူ၍ ဆောင်ဟောတဲ့ ဒေသနာက သဒ္ဓါဖြစ်အောင် ဟောထားတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆောင်ဟောတဲ့ဒေသနာ....(သဒ္ဓါဖြစ်အောင်ဟောထားတာပါဘုရား) သဒ္ဓါပွားအောင်လို့ ဟောထားတာ.... ( မှန်ပါ့ဘုရား)။

တိုက်ရိုက်ဟောတဲ့ဒေသနာကျတော့ အနန္တရ နိရုဒ္ဓါ= ယခုဖြစ်သွားသောတရားသည် ယခုချုပ်ကုန်သော၊ ယခုဖြစ်၍ ယခုချုပ်ဘဲတဲ့၊ စိတ္တစေတသိကာတဲ့= စိတ်စေတသိက် အကုန်ချုပ်တာဘဲ....(မှန်ပါ့)။

ပဋ္ဌာန်ပစ္စည်းခန်း= မိမိနဲ့ အလားတူဖြစ်၍ ပေါ်ကုန်သော...တဲ့၊ နောက် ပေါ်လာတာက အလားတူ ပေါ်လာတာ၊ ဒီက ဟာ တတော့ ချုပ်လျက်ဘဲတဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရှေ့တရားက...(ချုပ်လျက်ပါဘုရား) နောက် ဆက် ပေါ်လာတာက.... (အလားတူပေါ်တာပါဘုရား) အလားတူပေါ်တာတဲ့၊ ဒီကလိုက်တာ ဟုတ်ကဲ့လား...(မဟုတ်ပါဘုရား) အဲဒီတော့ မင်းသွားရာ လိုက်လိမ့်မယ်ဆိုတာနဲ့တော့ ကန့်လန့်ကြီးဖြစ်နေတယ်....(မှန်ပါ့)။

ဒါလဲ ခန္ဓာနှစ်ခုကို ပြတာဘဲ....(မှန်ပါ့) ရှေ့ချုပ်သွားတဲ့ ခန္ဓာ, နောက်ပေါ်လာတဲ့ခန္ဓာ ခန္ဓာပြတာဘဲ...(မှန်ပါ့) ဦးမြရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်"အနန္တရနိဒ္ဒေသ၌ စိတ္တ စေတသိကာ ဓမ္မာ ပဋ္ဌုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော" ဆိုတာ အနန္တရနိဒ္ဒေသ ရှေးဖြစ်၍ ချုပ်လေကုန်ပြီးသော၊မင်းတို့ လူတုန်းတန်းတုန်းက စေတနာတွေ အကုန်ချုပ်သွားတာဘဲ၊ ရုပ်ရော နာမ်ရောချုပ်တာ·(မှန်ပါ့ဘုရား)သဘောကျပလား...(ကျပါပြီဘုရား)။

စိတ္တစေတသိကာတဲ့ စိတ်စေတသိတ်တွေအကုန်ချုပ်ပါတယ်တဲ့ ပဋ္ဌုပ္ပန္နာနံ=အလားတူဖြစ်၍ ပေါ်ကုန်သောတဲ့၊ ဟိုဘက်သွား၊ ပေါ်တာကဘာတဲ့တုံး...(အလားတူပေါ်တာပါဘုရား) စေတသိ ဓမ္မာနံ = ထိုအလားတူဖြစ်၍ ပေါ်ကုန်သော တရားတို့အား အနန္တရပစ္စယေန = အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယောဥပကာရကော= ကျေးဇူးပြုသည်၊ ဟောတိ = ဖြစ်၏ဆိုတော့ ဒါကနိတတ္တဒေသနာ....(မှန်ပါ့)။

ဒါ ခွဲသိရမယ်...(မှန်ပါ့) ခွဲမသိဘဲနဲ့ ခင်ဗျားတို့ ဒီအတိုင်းလမ်းဆုံးနေကြမယ်ဆိုယင် ကိုပေါ်သွားပေါ့(မှန်ပါ့)ခင်ဗျားတို့ နဂိုရ်က ဒီအတိုင်း လမ်းဆုံးနေတာဘဲ....(မှန်ပါ့)။

ဦးမြတို့ကော....(ဒီအတိုင်း လမ်းဆုံးနေပါတယ်ဘုရား) အခု ဆုံးသေးရဲ့လား....(မဆုံးတော့ပါဘုရား) ဒါဖြင့် ခင်ဗျား ဒိဋ္ဌိ ပယ်ပြီ....(မှန်ပါ့) ဒိဋ္ဌိပယ်သွားပြီ မောင်အောင်ချို ပယ်ပလား ကွ....(ပယ်ပါပြီဘုရား)။

ဒီက နာမ်ရုပ်ဟာ ဘယ်လိုက်သေးသတုံး....(မလိုက်တော့ပါ ဘုရား) နို့ ဟိုမှာ နာမ်ရုပ်တခု နိဗ္ဗာန် မရသေးယင်ပေါ်တော့ ကော....(အလားတူပါဘုရား) အလားတူပေါ်တယ်၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဒီက ကျေးဇူးပြုချက်တော့ ကင်းရဲ့လား.... ( မကင်းပါ ဘုရား)လိုက်တော့ မလိုက်ဘူး ကျေးဇူးတော့ပြုတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လိုက်တော့....(မလိုက်ပါဘုရား) ကျေးဇူးတော့.... ( ပြုပါ တယ်ဘုရား) ပြုတယ်တဲ့ လောကီ ဥပမာ ပြောမယ်ဆိုလို့ရှိယင် ဖယောင်းတိုင် တတိုင်ကို ဦးမြကြီး မီးထွန်းလိုက်စမ်းနော်.... (မှန်ပါ့)။

မီးတွေ တောက်နေတယ်ဆိုကြပါစို့၊ မောင်နိုင်က ညှိလိုက် တော့ မီးတိုင် တတိုင် ဟိုဘက်ပွားလိုက်တော့ မရောက်ဘူးလား ကွာ....(ရောက်သွားပါတယ်ဘုရား)။

ဒီက မီးလိုက်သွားယင်လဲ ဒီမှာငြိမ်းရမယ်....(မှန်ပါ့)ဟိုမှာလဲ မီးတပွင့်တော့ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)ပေါ်ပေမဲ့ ဒီက မီးကလိုက်သလားလို့မေးယင် လိုက်ယင်ငြိမ်းရမယ် (မှန်ပါ့ ဘုရား)။

လိုက်ယင် ငြိမ်းရမယ်ဆိုကတည်းက ပြောဲ့ သူ- အကြောင်း အကျိုးမကင်းလို့ သူနဲ့အလားတူပေါ်တာကိုး ဆိုတာကော— (ထင်ရှားပါတယ်ဘုရား)ဦးမြ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အကြောင်းအကျိုးတော့ ဆက်တယ်...(မှန်ပါ့)ဒီစာ တော့...(မလိုက်ပါဘုရား) လိုက်ယင် ပဋ္ဌမမီးတိုင်ပါ ငြိမ်းရမယ် (မှန်ပါ့)။

ဟာ.... ဒီမီးတိုင်ဟာ လိုက်သွားပဟော့ဆိုလို့ရှိယင်ဖြင့် ငြိမ်း ရမယ်....(မှန်ပါ့) မေခင်နိုင် ငြိမ်းရမှာဘဲဆိုတာ မသေချာဘူး လား....(သေချာပါတယ်ဘုရား)။

ဟိုမှာလဲ ဒီလိုဘဲပေါ်တယ်ဆိုတော့ ဒီမီးတိုင်၏သတ္တိလဲမကင်း ဒီမီးတိုင်ကလဲမလိုက်.... (မှန်ပါ့) ဒီလိုယူပါ၊ ရှင်းကြပလား— (ရှင်းပါပြီဘုရား)။

ဒီမီးတိုင်ကလဲ....(မလိုက်ပါဘုရား) ဒီမီးတိုင်သတ္တိလဲ(မကင်း ပါဘုရား) ဒီမှာလဲ ခင်ဗျားတို့ ဟိုဘဝ နောက်ရုပ်နာမ်ပေါ် တယ်ဆိုတာ ဒီက အကြောင်းအကျိုးသတ္တိလဲ မကင်းပါဘူး— (မှန်ပါ့) အထည်လဲမလိုက်ပါဘူး...(မှန်ပါ့)ပေါ်ပလား(ပေါ် ပါပြီဘုရား)။

ဒီလိုဆိုတော့ ဘာဒိဋ္ဌိပြုတ်သွားသတုံး.... ( သဿတဒိဋ္ဌိပါ ဘုရား) သဿတဒိဋ္ဌိမပြုတ်ဘူးလား .... (ပြုတ်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိကော....(ပြုတ်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိလဲပြုတ်တယ် မလိုက်ဘူးယူမှ ဥစ္ဆေဒဒိဋ္ဌိ....(မှန်ပါ့)။

ဟိုမှာ မီးက လင်းလျက်ဖြစ်နေတယ်၊ အဲဒီတော့ ဥစ္စာဒေ ကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)သဿတဒိဋ္ဌိဆိုတာ ဒီမှာတွင် ခိုင်နေတယ်၊ ဘယ်မှမရွေ့ဘူးကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

သူ ဒီနေရာတွင်ချုပ်တာဘဲ၊ ဖယောင်းတိုင်ကုန်ယင် သူသေ မှာဘဲ၊ ဟိုမှာကျန်နေမှာဘဲ... (မှန်ပါ့)မကျန်ဘူးလား....(ကျန်ပါ တယ်ဘုရား)။

ဒါဖြင့် သဿတနဲ့ ဥစ္စာဒေကို ဖယောင်းတိုင်နှစ်တိုင်ကူးတာနဲ့ ရှင်းပြလိုက်သဖြင့် ဦးအောင်ဇံဝေတို့ ဦးမြကြီးတို့ မရှင်းသေးဘူး လား....(ရှင်းသွားပါပြီဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ခုနင်က ဘယ့်နှယ်ကြောင့် ဘုန်းကြီး ဒီတရားကို ဒီဥပမာနဲ့ပြပြီး ဟောရပါလိမ့်မတုံးဆိုတော့ ခုနင်တော တရားနာလဲ့ထားတဲ့ တကာတကာမတွေက ငါ့နောက် အကုန် လိုက်မယ်လို့ ထင်နေလို့....(မှန်ပါ့)။

ငါလဲသွားမယ်လို့ အစိပ္ပါယ်ရတယ် (မှန်ပါ့)ငါ့နောက်လဲ အကုန်လိုက်မယ်လို့ .... (အစိပ္ပါယ်ရပါတယ်ဘုရား) ဒီအတိုင်း ယူထားတဲ့ အစိပ္ပါယ်က ဦးအောင်ဇံဝေ ရှင်းမနေဘူးလား.... (ရှင်းနေပါတယ်ဘုရား)။

အဲဒီဟာ အယူမှန်ဘဲလား- အယူမှားဘဲလား.... (အယူမှား ပါဘုရား) အဲဒီအယူမှားက ဘယ်သူ့ကြောင့် မှားတာတုံးမေး တော့....(နှလုံးသွင်းမှားကြောင့်ပါဘုရား)မဆိုင်ဘူး နှလုံးသွင်းနဲ့

( မှန်ပါ ) ဒါက နှလုံးသွင်းနဲ့မဆိုင်ဘူး....၊ ဦးမြစဉ်းစားစမ်း ဘာ့ကြောင့်မှားတာတုံး....(တရားနာမှားလို့ပါဘုရား)။

ခေါင်းဆောင်က မှားတာကိုးဗျ၊ ခေါင်းဆောင် တရားဟောတဲ့လူက မှားထားတာနဲ့ ခင်ဗျားတို့ မှားချက်ပြင်းထန်နေတာ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

နဂိုရှိတုန်းက မေးတုန်းက ဘာမှမပါခဲ့ဘူးဗျ .... (မှန်ပါ့) ဒီတရားနာမိတာနဲ့ ဘဲ ဟာ....ဟုတ်တယ်ဟေ့၊ ငါလုပ်မှဘဲ ငါ သွားရာ ငါ့နောက်ပါအောင်တော့။

ဟော....ဒီအသံဟာ တရားမနာခင်က ထွက်တဲ့အသံလား၊ တရားနာပြီးမှ ထွက်တဲ့အသံလား... (တရားနာပြီးမှထွက်တဲ့အသံပါဘုရား) ဟာ.... တရားနာမှားတာ... (မှန်ပါ့) ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါ ဘုန်းကြီးက ပြောတာလား အနာတပိဏ်သူဌေးကြီးက ပြောတာလား.... (အနာတပိဏ်သူဌေးကြီးက ပြောတာပါဘုရား)။

အယင် ခင်ဗျားတို့ ယူထားတဲ့ဥစ္စာက နှလုံးသွင်းမှား၍ သော်လည်းကောင်း၊ တချက်....(မှန်ပါ့) တရားနာမှား၍သော်လည်းကောင်း၊ ဗိဒိဋ္ဌိကိုယူထားတာ.... (မှန်ပါ့)ဆိုတော့ တန်းမနေဘူးလား... (တန်းနေပါတယ်ဘုရား) အင်မတန်မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီ တကာတကာမတွေ အထူးတလည်ပါရမီရှိပါပေတယ်လို့ ဦးမြ ချီးမွမ်းတော့....(မှန်ပါ့)ဒီလိုဆရာ

ကောင်း၊သမားကောင်း မတွေ့ယင် မောင်နိုင် မင်းလဲ ဒီအတိုင်း သွားတော့မှာဘဲ... (မှန်ပါ့) မသွားပေဘူးလား... (သွားပါ တယ်ဘုရား)။

ဟော့.... ငါလုပ် ငါ့ချမ္မာပေါ့၊ မင်းတို့တအိမ်လုံး ဘာမှ မလုပ်ချင်နေကြ၊ ဒါ-ငါ့နောက်ပါမှာ၊ ငါလုပ်မှ ငါရမှာ၊ထင် ကော မထင်ဘူးလား... (ထင်ပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် မောင်နိုင်မှာ ဒိဋ္ဌိသံကြီးထွက်နေပါ လိမ့်မတုံးလို့ မေးလို့ရှိယင်တော့ တရားနာထားပြီ... (မှန်ပါ့) တရားနာထားပြီ။

နောက်ကတကာတကာမတွေ... (တရားနာထားပါပြီဘုရား) တရားနာထားပြီ ဘာတရားနာထားသတုံးဆိုတော့ နေယျတ္ထ ဒေ သနာနာထားတယ် (မှန်ပါ့) နီတတ္ထ=တိုက်ရိုက်ဟောတာကို သူ- နားမလည်တော့ဘူး....(မှန်ပါ့) တိုက်ရိုက်ဟောတာကမလိုက်ဘူး ဟော့တဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား) မလိုက်ဘူးကွ၊ အလားတူပေါ်တာဘဲ ရှိတယ်ကွနော်....(မှန်ပါ့)။

မင်းသွားရာ မလိုက်ဘူးကွ အလားတူပေါ်တာဘဲ ရှိတယ်ကွ ဆိုတာ တိုက်ရိုက်ဟောတာ .... (မှန်ပါ့) လိုက်တယ်ဆိုတာက ဆောင်ဟောတာ....(မှန်ပါဘုရား) ရှင်းပလား.... ( ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဒီနှစ်ချက်မှ ကောင်း ကောင်းမှန်မှန် မရှင်းတော့ပါဘူး ဆိုယင်ဖြင့် နိဗ္ဗာန်မရတဲ့ အလူတွေနဲ့ဘဲ သေကြမှာဘဲ....(မှန်ပါဘုရား)။

ဗုဒ္ဓဘာသာတွေတောင်မှ ဦးမြ ဆုံးဖြတ်ချက်ချ၊ ဘယ်အလူ တွေများမယ်ထင်သတုံး...(သက္ကာယဒိဋ္ဌိအလူတွေပါဘုရား)မိစ္ဆာ ဒိဋ္ဌိအလူတွေကို လူကြမ်းမှာများတယ်... (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ စကားကြမ်းတော့ကို နိဗ္ဗာန်မရတဲ့ အလူတွေကို လူကြတော့မှာဘဲ...( မှန်ပါ့ )ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့် မောင်နိုင် နိဗ္ဗာန်မရတဲ့ အလူတွေလူပါ လိမ့်မတုံးဆိုတော့ သုဂတိတော့လဲ ရောက်သေးတာကိုး .... (မှန်ပါ့)နိဗ္ဗာန်ကို ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး ဆိုတော့ သူ့မှာ ဒိဋ္ဌိက မပြုတ်လို့....(မှန်ပါ့ဘုရား)။

ဦးမြ ဘယ့်နှယ်တုံး...( ဒိဋ္ဌိက မပြုတ်လို့ပါဘုရား )မပြုတ် တော့ ဒိဋ္ဌိဆိုတာ ဘာတားတာတုံး မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန် တားတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဆိုတာ ဘာတားပါလိမ့်....(မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန် တားပါတယ်ဘုရား) ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့တကာတကာမ တွေ ယနေ့ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ခုနင်ကပြောတဲ့ စကားကလေးကို သေသေချာချာမှတ်ပါ- (မှန်ပါ့)အရှင်ဘုရားတို့ တရားနာမှားလို့ ဒိဋ္ဌိဖြစ်ပါလိမ့်မယ်တဲ့၊ အရှင်ဘုရားတို့ယူတဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟာ တရားနာ မှားလို့ ဖြစ်တာတဲ့၊ အနာထပိဏ်သူဌေးကြီးက စွဲချက်တင်နေ တယ်...(မှန်ပါ့ဘုရား)။

ဦးအောင်ဇေဝ တင်ပြီနော်....(မှန်ပါ) ဘယ်သူက တင်တာတုံး.... ( အနာထပိဏ်သူဌေးကြီးက တင်တာပါဘုရား )သူက ဘာတုံးဗျ...( သောတာပန်ပါဘုရား ) သူကတော့ ဒိဋ္ဌိတွေ ပြုတ်ပြီးသားဗျ.... ( မှန်ပါ ) ဒိဋ္ဌိအကြောင်းလဲ သိပြီးသားဖြစ်နေတယ်၊ သူကိုယ်တိုင်ကတော့ ပြုတ်ပြီးသားနော်၊ ဘုရားနဲ့တွေ့လျှင်တွေ့ခြင်း သောတာပန်တည်တဲ့ ပုဂ္ဂိုလ်ကိုးဗျ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်ခြင်းဆိုတာ အခု ကုသိုလ်နေရာဟောတာ.... (မှန်ပါဘုရား) အကုသိုလ် နေရာကျတော့ ငါလုပ်, ငါခံရမှာဘဲလာတာဘဲ.... (မှန်ပါဘုရား)။

ဘယ့်နှယ်တုံး... (ငါလုပ်, ငါခံရမှာပါဘုရား)ဒီ ငါဘဲသွားခံရမည့် အဓိပ္ပါယ်ပေါ့....(မှန်ပါ) မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား) ဘာဒိဋ္ဌိနဲ့ ပြောပါလိမ့်.... (သဿတဒိဋ္ဌိနဲ့ပြောပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဉစ္စာလဲ ခုနင်ကဟာနဲ့ တယ်ထူးတာမဟုတ်ဘူး... (မှန်ပါ) ကိုယ်လုပ်လို့ ကိုယ်ရတယ်, ဟုတ်လား၊ ကိုယ်မလုပ်· ကိုယ်မရရုံပေါ့ အစရှိသည်နဲ့ လာတာနဲ့ ဘာထူးသေးသတုံး .... (မထူးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဒိဋ္ဌိဟာဖြင့် ယနေ့ဘုန်းကြီးက ဟောတာလား- အနာထပိဏ် သောတာပန်ကြီးက ဟောနေတာလား- တရားနာမှားလို့ ဒိဋ္ဌိဆိုတာ (အနာထပိဏ်သောတာ

ပန်က ဟောတာပါ) တရားတလဲ ဟောပါလိမ့်မယ် တော်တော်ကြာကျတော့…(မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့အတွက် အင်မတန် သနားလို့ ဒီတရားကိုဟောပေးနေတာမောင်အောင်ချို မင်းသေသေချာချာ သိပလား….(သိပါပြီဘုရား)။

ဦးမြ နားကြီးကြီးနဲ့ထောင်မှ အဘိုးကဘန်မှန်းသိတယ်နော် (မှန်ပါ) နားသေးသေးနဲ့ထောင်လို့ရှိယင် ဘယ့်နှယ်ပြောနေပါလိမ့်မတုံးလို့ ထင်တတ်တယ်၊ ဒို့သိဘူးတာနဲ့ တခြားစီလို့ ဆင်တတ်တယ်၊ ဒို့သိဘူးတာက နေယျတ္တနာထားတာ….(မှန်ပါဘုရား)။

ဆောင်ဟောထားတာကို နာထားတာ…(မှန်ပါ) တိုက်ရိုက်ဖြစ်စဉ်ကိုက် ဟောထားတာ ဟုတ်ပါရဲ့လား(မဟုတ်ပါဘုရား) ရှင်းကြပလား….(ရှင်းပါပြီဘုရား)။

အဲဒါ ဦးအောင်ဇေဝတို့လဲ ကြီးပြီ၊ဦးမြတို့လဲကြီးပြီ၊ကိုပေါ်တို့လဲ ကြီးကုန်ပြီ…(မှန်ပါ) နောက်ကို ဒီလိုနှစ်ခုခွဲပြီး ဟောပေးမည့်သူ မရှိလို့ရှိယင် မောင်နိုင် ခက်သေးတယ်ကွ …. (ခက်ပါတယ်ဘုရား)မခက်ဘူးလား….(ခက်ပါတယ်ဘုရား)။

နှစ်ခုမှ ခွဲပြီးတော့ ပြတတ်တဲ့ဆရာနဲ့ မတွေ့တော့ဘူးဆိုယင် ခင်ဗျားတို့ လူသ၍, ပေးသ၍,ကမ်းသ၍ဟာဖြင့် ဒုက္ခသစ္စာသာရ၍ နိရောဓသစ္စာမရ…(မှန်ပါ) ဦးမြ ပေါ်ပလား…(ပေါ်ပါပြီဘုရား)။

ဒုက္ခသစ္စာတော့ …. ( ရပါတယ်ဘုရား ) ဒုက္ခသစ္စာတော့ လူ့ဒုက္ခသစ္စာ, နတ်ဒုက္ခသစ္စာ, ဗြဟ္မာဒုက္ခသစ္စာတော့ ရမှာဘဲ….

(မှန်ပါ) ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကျတော့....( မရပါဘုရား )မရဘူး ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ ရှင်းတော့မှ ဦးမြရေ ဒီဟာ အရေးကြီးတယ်....(မှန်ပါဘုရား)။

ဘယ့်နှယ်တုံး...(ဒီဟာတွေ အရေးကြီးပါတယ်) မပေါ်လာ သေးဘူးလား....(ပေါ်လာပါပြီဘုရား)။

အခုတော့ မင်းတို့ ဘယ်ဘဲသွားတရားနာနေနေ ကြော်... ဒီဟာက လူသွားရာ အရိပ်ပါသလို လိုက်တာဘဲလို့ ဟောတော့ ဟောတာဘဲ၊ ဟောပေမဲ့လဲ ဒါက ဘုရားက သတ္တဝါတွေ နားလည်မှုကြည့်ဟောတာ...(မှန်ပါ)စင်စစ်တော့ မလိုက်ပါဘူး အကြောင်းနဲ့ အကျိုးတော့ ဆက်မှာပေါ့လေ.... (မှန်ပါ) ဒီလို ယူတတ်ပြီ အခုတော့....(မှန်ပါ) ဝေဘန်တတ်ပြီမဟုတ်လား.... (ဝေဘန်တတ်ပါပြီဘုရား)။

ဒီလို ဝေဘန်တတ်တော့ ဒါ ဒိဋ္ဌိပြုတ်လို့ ဝေဘန်တတ်တာ (မှန်ပါ) ဒိဋ္ဌိမပြုတ်ယင်....( မဝေဘန်တတ်ပါဘုရား )မဝေဘန် တတ်ဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကလဲ ဒီနေ့မှစပြီး ဝေဘန်တတ်ပြီ သုံးရတာကိုးဗျ .... (မှန်ပါ) ရှေးက ဒီလိုနှစ်ခု ဝေဘန်ပါ့မယ်လို့- အို .... နာရတာ ကောင်းတာဘဲ၊ ဝေဘန်တာလား- ကောင်းတယ်လို့ ပြောနေ တာလား....(ကောင်းတယ်လို့ ပြောနေတာပါဘုရား)။

ဟာ...သွားပြီ အဲဒါ....(မှန်ပါ) သွားပြီ- သွားပြီကိုပေါ်... (မှန်ပါ)မောင်နိုင် ဘယ်လောက်ကြောက်စရာ ကောင်းသတုံး- (ကောင်းပါတယ်ဘုရား)ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အေး … ဒါကြောင့် ဒီအရေးကလဲ ပဋ္ဌာနန္တရိယကံထက် ကြီးလေးသေးတယ်လို့ ပြောလိုက်တယ်…. (မှန်ပါ) စကားကြီး သလား မောင်နိုင်….(မကြီးပါဘုရား)။

ပဋ္ဌာနန္တရိယကံထက် သူပြုတ်တို့ရာ အရေးကြီးတယ်တဲ့ — (မှန်ပါ) ပဋ္ဌာနန္တရိယကံက လွတ်ရက်, ကျွတ်ရက်ရှိသေးတယ်၊ သူက လွတ်ရက်,ကျွတ်ရက်….(မရှိပါဘုရား) ဒါဖြင့် မောင်မြင့် သူ့ကို ပိုခကြောက်ပေါ့(မှန်ပါဘုရား)။

ကဲ— ဒါဖြင့် အခုတော့ဖြင့် ဆရာခကောင်းတပည့်တွေ ဖြစ် နေတဲ့အတွက် ဩော်….ဒို့ သွားရာ အရိပ်ပါတယ်၊ နွားသွားရာကို နောက်က လှည်းဘီးပါတယ်ဆိုတဲ့ဥစ္စာ ဆောင်ဟောဘာကိုး…. (မှန်ပါ) ရှင်းပလား…. (ရှင်းပါပြီဘုရား) တကယ်တော့ဖြင့် တခုနဲ့တခုဟာ အကြောင်းအကျိုးသာ ဆက်တယ် မလိုက်ဘူး…. (မှန်ပါ)။

ဦးမြ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ….(အကြောင်းအကျိုးသာ ဆက်ပါတယ်ဘုရား၊ မလိုက်ပါဘုရား) မလိုက်ဘူး ဆိုတော့ ကိုက်မနေဘူးလား….(ကိုက်နေပါတယ်ဘုရား)။

မလိုက်မှလဲ ခင်ဗျားတို့ သဿတပြုတ်မယ်…(မှန်ပါဘုရား) အကြောင်းအကျိုးဆက်မှလဲ ဥစ္ဆေဒပြုတ်မယ်…(မှန်ပါ) ဒါ…. သေသေချာချာမှတ်…(မှန်ပါ)။

မလိုက်ဘူးဆိုမှ ဘာပြုတ်သတုံး… ( သဿတပြုတ်ပါတယ် ဘုရား) အကြောင်းအကျိုးဆက်တယ်ဆိုမှ… ( ဥစ္ဆေဒပြုတ်ပါ တယ်ဘုရား)။

ဒါကလေးဟာ ဘယ်လောက်အရေးကြီးတဲ့ စကားနှစ်လုံး ဆိုတာ ကိုသော်ကြီး ဘယ်လောက် ပေါ်လာပလဲကဲ...(ပေါ် လာပါပြီဘုရား) ဒါ တော်တော်အရေးကြီးတယ် ဦးမြရဲ့....(မှန်ပါ)။

ကိုင်း....တကာဘကာမတွေ ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းနှစ်ပါးရှိတော့ ခင်ဗျားတို့နှလုံးသွင်းလဲ မလွဲပါစေနဲ့....(မှန်ပါ) တရားနာလဲ မမှားပါစေနဲ့....(မှန်ပါ) ဒီနှစ်ခုလုံးလောက်ယင် ဒိဋ္ဌိလွတ်ပါတယ်၊ နိဗ္ဗာန်ရောက်ပါတယ်- (မှန်ပါ)။

ဒီနှစ်ခုကို ခင်ဗျားတို့ နှလုံးသွင်းလဲ မှားမယ်ဆိုလဲ ဒိဋ္ဌိဖြစ် မှာဘဲ.... (မှန်ပါ) အနိစ္စကို နိစ္စထင်တော့ နိစ္စဒိဋ္ဌိဖြစ်မှာဘဲ.... (မှန်ပါ)။

ဒုက္ခကို သုခထင်တော့လဲ မှားတဲ့မိစ္ဆာဒိဋ္ဌိ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) အနတ္တကို အတ္တ= ခိုင်တယ်, မြဲဘယ်ထင် လိုက်ပြန်တော့လဲ.... ( ဒိဋ္ဌိဖြစ်ပါတယ်ဘုရား ) အဲဒါကတော့ ဦးမြကြီး တရားနာမှားလို့....(မှန်ပါ) ရှင်းပသား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ပါး ပါလိမ့်.... (နှစ်ပါးပါဘုရား) ဘယ်သူ- ဘယ်သူပါလိမ့်....(နှလုံးသွင်းမှားနဲ့ တရားနာမှားမှုပါဘုရား) ဒါ ရှင်းသွားပြီ....(မှန်ပါ)။

တော်တော် အရေးကြီးတယ် ဆိုဘာကိုဖြင့် ခင်ဗျားတို့ဖြင့် မပြောတတ်ဘူး၊ အမြင်ကျယ်ကျယ်နဲ့ မြတ်စွာဘုရားသခင်ဟော

တာတွေကိုကြည့်တဲ့ ဆရာဘုန်းကြီးကဖြင့် ဩော်... ဒါမှမသိယင် ဒီဘကာာတကာမတွေ သွားပေါ့ဟ.... (မှန်ပါ) ဆိုနိုင်ပလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဦးမြ ဆိုနိုင်- မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား)ဆိုနိုင်တယ်တဲ့ ဒီဥစ္စာ အင်မတန်အရေးကြီးတဲ့ တရားဆိုဘာ ခင်ဗျားတို့မှတ်ဖြစ်အောင် မှတ်လိုက်စမ်းပါ... (မှန်ပါ)။

နေယျတ္ထဒေသနာ မောင်နိုင်၊ နိတတ္ထဒေသနာတို့တွင် ဘယ်ဟာ အမှန်ယူရမလဲ....(နိတတ္ထဒေသနာ အမှန်ယူရပါမယ်ဘုရား) နေယျတ္ထကို ပြင်ပြီးတော့ နိတတ္ထဘက်ဆွဲယူရမယ်(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆောင်ဟောထားတဲ့ဘကို တကယ်ဖြစ်စဉ်ကို ကိုယ်ကယူရမယ် (မှန်ပါ)ဆောင်ဟောထားတာကို ဆောင်ထားတဲ့အတိုင်း ယူလို့ ရှိယင်ဖြင့် ဥပမာကို အဟုတ်ထင်ပြီးသကာလ ဥပမေယျကို မရောက်ဘဲဖြစ်ပါလိမ့်မယ်...(မှန်ပါ)မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် နောက်ဆုံး တကာတကာမတွေ ခင်ဗျားတို့ ဝမ်းမြောက်ကြပလား....(ဝမ်းမြောက်ပါပြီဘုရား)ဩော်... ငါတို့သည် သမ္မာဒိဋ္ဌိဘက်ကို ဒီနေ့ည နာရတာဖြင့် သက်ရောက်ပါပြီ ဆိုတော့ ဘာလှူလှူ, ဘာတန်းတန်း ခင်ဗျားတို့က ဝိပဿနာ ဉာဏ်လုပ်ပြီးသား ပုဂ္ဂိုလ်က မမှားတော့ဘူး .... (မှန်ပါ)ဦးမြ မှားသေးသလား....(မမှားပါဘုရား)။

ဝိပဿနာဉာဏ်လုပ်ပြီးသား ပုဂ္ဂိုလ်က ခန္ဓာကိုယ်ကြီးကြည့်လိုက် ဖြစ်ပျက်ရှိတာဘဲ၊ နောက်ရမည့်ခန္ဓာကိုယ်လဲ အကြောင်းညီညွတ်လို့ အကြောင်းအကျိုးဆက်ပေါ်မည့်ဥစ္စာလဲ ဖြစ်ပျက်ရှိမှာဘဲဆိုတာ မလာသေးဘူးလား....(လာပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်ကို ဖြစ်ပျက်မှန်းသိတဲ့ ပုဂ္ဂိုလ်ကဖြင့်လှုလိုက်ပေမဲ့လဲ ဟိုဖြစ်ပျက်တော့ မရချင်ပါဘူး ဆိုကတည်းကိုက ဖြစ်ပျက်သင်္ခါရသိမ်းတဲ့ နေရာကို သူ-ညွှတ်ပြီ... (မှန်ပါ့) သင်္ခါရက ဖြစ်ပျက်ကိုး.... (မှန်ပါ့) သင်္ခါရသိမ်းတဲ့နေရာ သူမညွှတ်ပေဘူးလား....(ညွှတ်ပါတယ်ဘုရား)။

အဲဒီညွှတ်မှုလဲ ဒါက နိဗ္ဗာန်ရောက်တဲ့ ဒါနဖြစ်မယ်(မှန်ပါ့) နို့မဟုတ်ယင်....(နိဗ္ဗာန်မရောက်ပါဘုရား)။

ဒါဖြင့် ဦးမြကြီးတို့က နက်ဖြန်သွားမှာ့ဖြစ်လို့ သေသေချာချာမှတ်လိုက်စမ်း၊ အခုစကားကလေး အထူးပြောလိမ့်မယ်နော်... (မှန်ပါ့)။

ဒါနဟာ ဝိပဿနာမခြံရံလို့ရှိယင် အယုတ်ဒါန၊ အဋ္ဌကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်လို့မှတ်ပါ....(မှန်ပါ့)ဝိပဿနာ မသိသေးတဲ့ပုဂ္ဂိုလ် လှုတဲ့ဒါနဆိုတာ အယုတ်ဒါနချည့်ဘဲ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဝိပဿနာရှုထားတဲ့ ပုဂ္ဂိုလ်ကတော့ ဝိပဿနာခြံရံတဲ့ ဒါနကတော့ မောင်နိုင်ရေ ဖြစ်ပျက်လဲ သူမြင်တာဘဲ-(မှန်ပါ့)နောင်လဲဘာရမယ်ထင်သတုံး.... (ဖြစ်ပျက်ရမှာပါဘုရား) နိဗ္ဗာန်မရသေးယင် ဖြစ်ပျက်ရမယ်...(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)အခင်း ဒီဒုက္ခသစ္စာပြီး ဟိုဒုက္ခသစ္စာတော့ မလိုချင်တဲ့လူအတွက် လာမှာ မဟုတ်တော့ဘူး... (မှန်ပါ) လာဦးမလား.... (မလာပါဘုရား)။

အဲဒါကို ဝိပဿနာခြံရှိပြီးလူတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဖြစ်ပျက်ပြီး ဟိုဖြစ်ပျက်လာမှာကို မလိုချင်ဘဲနဲ့ ဖြစ်ပျက်ချုပ်ငြိမ်းရာကို ရည်မှန်းပြီးရော့- နိဗ္ဗာနပစ္စယော ဆိုပြီးလှူလိုက်တယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါနဟာ ဝိပဿနာခြံရှိတဲ့ ဒါနမှ အမြတ်ဆုံးကွလို့ ဘုရားက သေသေချာချာဟောလိုက်တယ်.. (မှန်ပါ) ဦးမြကြီး ဒါ-အဋ္ဌကထာနိပါတ် အင်္ဂုတ္တိုရ်လို့မှတ်လိုက်....(မှန်ပါ)နားလည်ကြပလား....(နားလည်ပါပြီဘုရား)။

ပြန်ပြီး တခေါက်ပြောလိုက်ပါဦးမယ်၊ ခင်ဗျားတို့က နေ့စဉ်လိုဘဲ ဆွမ်းလောင်း၊ ဆွမ်းကျွေး လုပ်နေကြတော့ကို ဖြစ်ပျက်သိပြီးသား ပုဂ္ဂိုလ်ကတော့ အခုချက်ပြုတ်နေတဲ့ ခန္ဓာကိုယ်ကြီးဟာလဲ ဖြစ်ပျက်ဘဲ... (မှန်ပါ) ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါ ဘုရား) အကယ်၍ နတ်ပြည်၊ဗြဟ္မာ့ပြည် အကျိုးပေးလိမ့်မယ်လို့ ဆိုပြန်တော့လဲ ဘာရမယ်လို့ထင်ကြသလဲ.... (ဒုက္ခသစ္စာဘဲ ရမှာပါဘုရား)။

ဖြစ်ပျက်ဒုက္ခသစ္စာဘဲ ရလိမ့်မယ်ထင်တဲ့ ပုဂ္ဂိုလ် ကျတော့ ကိုင်း... နတ်ပြည် ရ,ရပါလို၏ ဗြဟ္မာ့ပြည် ရ,ရပါလို၏တောင်း ဦးမလား- မတောင်းဘူးလား.... ( မတောင်းပါဘုရား )ဘာ ကြောင့်တုံး ဝိပဿနာကို သူ-ခြံရှိထားလို့.... (မှန်ပါ) အလုပ်

လုပ်ရင်း ခန္ဓာကို ဉာဏ်မြင်ထားလို့.... (မှန်ပါ့) ရှင်းပလား— (ရှင်းပါပြီဘုရား)။

အလုပ်- လုပ်ရင်း....(ခန္ဓာကို ဉာဏ်မြင်ထားပါတယ်ဘုရား) အဲဒီခန္ဓာကို ဉာဏ်မြင်ထားတဲ့ ဒါနဖြစ်လေသောကြောင့် ဟို-ခန္ဓာကိုမလိုချင်တဲ့ ဒါနဖြစ်သွားတယ်....(မှန်ပါ့)ဝိပဿနာခြံရံလိုက်လို့....(မှန်ပါ့)။

ဒါနလုပ်ရင်း ဝိပဿနာနဲ့ ခန္ဓာလှည့်လိုက်တဲ့အတွက် မောင်အောင်ချိတို့, မောင်မြင့်တို့ ဟိုဘက်မှာ ဒီလိုဖြစ်ပျက်ရချင်သေးသလား....(မရချင်ပါဘုရား)။

မရချင်တော့ လှူလဲလှူတယ်.... (မှန်ပါ့) ဖြစ်ပျက်ဒုက္ခသစ္စာ မရချင်လို့ လှူတယ်ဆိုတော့ ဒုက္ခချုပ်ရာနိဗ္ဗာန်ကို ရချင်တဲ့ အဓိပ္ပါယ် သေချာသွားတယ်....(မှန်ပါ့)။

ဒါဖြင့် ဒါနရှစ်မျိုးရှိတဲ့အနက်က နောက်ဆုံးပိတ် ဒါနလို့ ဦးမြကြီး မှတ်လိုက်နော်... (မှန်ပါ့) ဒါနမှာ ရှစ်မျိုးဟောထားသည့်အနက်က ဒီဒါနမှသာလျှင် နိဗ္ဗာန်ရောက်တယ်၊ ကျန်တာတွေ မရောက်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်မှတ်လိုက်...(မှန်ပါ့)။

ကျန်တာ ဝိပဿနာ မခြံရံဘူး.... (မှန်ပါ့) ခြံရံသေးရဲ့လား-( မခြံရံပါဘုရား ) မခြံရံတော့ လူ့နတ်ပြဟ္မာ သတ္တဝါကို လိုချင်လာတာဘဲ.... (မှန်ပါ့) လိုချင်လာတော့ နိဗ္ဗာန် ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ထည့်တော့ ထည့်ပါရဲ့ အဆုံးစွန်သောဘဝ၌၊ ဆုံးမှာလဲ မဟုတ်ပါဘူး....(မှန်ပါ့) ဆုံးစဆုကော... (မရှိပါဘုရား) လူ့

နတ်, ပြဟ္မာ ဖြစ်ကတည်းက ဟိုမှာ လူ, နတ်, ပြဟ္မာအဖြစ်နဲ့ ဖေါက်ဦးမှာတွေက နည်းသလား...(မနည်းပါဘုရား)။

အဲဒီဖေါက်နေကတည်းက ဦးမြကြီး ရှေ့ဆက်ပြီး နိဗ္ဗာန် အဆုံးစွန်သောဘဝ ဆုံးစရာမြင်သေးရဲ့လား....(မမြင်ပါဘုရား) အဲဒါတွေ သေသေချာချာမှတ်ပါ ဦးနေဖူးကလဲ နော်... (မှန်ပါ) မှတ်တယ် မဟုတ်လား....(မှတ်ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတို့ ဒီနေ့ ဒါနကို ထည့်ပြီး တိုးပေးလိုက်တယ်၊ ဦးမြကြီး ကိုယ့်ဟာကိုယ်ပြီးလို့ ရေစက် ချယင်လဲ ဝိပဿနာမခြံရံယင် လုပ်ကိုမလုပ်နဲ့ဦး၊ ရက်ဆိုင်းထား လိုက်နော်....(မှန်ပါဘုရား) ဝိပဿနာခြံရံလို့ ခန္ဓာဉာဏ်မြင်ပြီး သကာလမှ ခင်ဗျား တန်ဆောင်းရေစက်ချချင်ချ၊ ဒီအတိုင်း ဆိုယင် ချိတ်သာထားလိုက်ဦး...(မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် အနာထပိဏ်သူဌေးကြီးက ဖြေတယ်၊ အရှင်တိတ္ထိတို့ အခုယူတဲ့ အယူဆယ်မျိုးဟာ အယူဆယ်မျိုးသာ ဆိုတယ် ဒိဋ္ဌိကတော့ လေးမျိုးတည်းရယ် သူ့ဟာက၊ သဿတ ဒိဋ္ဌိနဲ့ သူမေးတယ် တိတ္ထိတွေကနော်....(မှန်ပါ) ဥစ္ဆေဒဒိဋ္ဌိနဲ့— ( မေးပါတယ်ဘုရား ) တစိတ်တဒေသ ဒိဋ္ဌိနဲ့မေးတယ် * ၊ "အမရာ ဝိက္ခေပ ဒိဋ္ဌိနဲ့ မေးတယ်၊ လေးမျိုးတည်းနဲ့ မေးရတာ (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

* ကေစ္စသဿတဒိဋ္ဌိကို ဆိုခြင်းဖြစ်သည်။

အဲဒါ-လေးမျိုး အရှင်တို့တွေ့တို့ဖြစ်ခြင်းဟာဖြင့် နှလုံးသွင်းမှားလို့, တရားနာမှားလို့ ဖြစ်တာပါဘုရား....တဲ့၊ ဒါ....နေရာမကျပါဘူး....တဲ့။

ဒါဖြင့် တကာကြီး အယူရှင်းပေတော့....တဲ့၊ အကျွန်ုပ်အယူကတော့ဘုရား.... ဥပမာ ဝေဒနာကလေး ခန္ဓာကိုယ်ထဲပေါ်ပါတယ်၊ ဝေဒနာကလေးဟာ 'ဖျပ်'ဆို အာရုံနဲ့တိုက်ဆိုင်တဲ့အခါ ဒေါမနဿကလေး ဖြစ်လိုက်ပါတယ်တဲ့၊ ဒေါမနဿဝေဒနာဖြစ်တယ်ထားလိုက်တော့....(မှန်ပါ့) ဒါကလေး'ဖျပ်'ဆို မပျောက်ဘူးလား....(ပျောက်သွားပါတယ်ဘုရား) ဒါကလေးဟာ အနိစ္စဘဲ၊ ပျောက်သွားတာကလေးဟာ အနိစ္စဘဲတဲ့။

ပျောက်သွားတာကလေးကို တခါ- ဒုက္ခ ဆိုယင်ကော လွဲသလား.... (မလွဲပါဘုရား) ပျောက်သွားတာ ဒုက္ခသစ္စာကိုးဗျ-(မှန်ပါ့)။

ပျောက်သွားတာလဲ အနိစ္စ၊ ပျောက်သွားတာလဲ ဒုက္ခဘဲဆိုတော့ အဲဒီဒုက္ခဖြစ်နေတော့ တပည့်တော် ဒီဥစ္စာကို "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ" ငါ့ကိုယ်,ငါ့ဟာ ငါ့ဥစ္စာ မလုပ်ဘူးဘုရား၊ ဒီအယူကိုယူတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကျွန်ုပ်ကတော့ဖြင့် ဘယ်ခန္ဓာ ကြည့်လိုက် ကြည့်လိုက်-အနိစ္စတရား,ဒုက္ခတရား၊ ဒီဒုက္ခတရားဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ယူပါတယ်....(မှန်ပါ့)မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

တဏှာနဲ့ကော ယူသေးရဲ့လား.... (မယူပါဘုရား) မာနနဲ့ကော....(မယူပါဘုရား) ဒိဋ္ဌိနဲ့ကော....(မယူပါဘုရား)။

အဲ.... ပျောက်သွားတဲ့တရားကို မင်းတို့ ရှုလို့ရှိယင် ဒါကလေးဟာ ဩော်.... ငါ့ကိုယ်မဟုတ်လို့ပျောက်တာဘဲ ငါ့ဟာမဟုတ်လို့ ပျောက်တာဘဲ၊ ငါ့ဉစ္စာမဟုတ်လို့ ပျောက်တာဘဲ ရှုလိုက်ရဲဘဲ...(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဦးမြပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါက ဘယ်သူ့အယူပါလိမ့်ဗျာ.... (အနာဂထပိဏ်သူဌေးကြီး အယူပါဘုရား) အနာထပိဏ်သူဌေးက ဘာပါလိမ့်.... (သောတာပန်ပါဘုရား) အဲ.... သောတာပန် ယူတာတဲ့...( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သောတာပန်အယူသည်ကားလို့ဆိုယင် ဒီတရားကလေးဟာ အနိစ္စဘဲ၊ ဥပမာ ရုပ်ကလေး ပေါ်လာတယ်၊ ပူတဲ့ရုပ်ကလေး ပေါ်လာတယ် တေဇောရုပ်ကလေး၊ ဒါကလေးဟာ တော်တော်ကြာ ခဏရှိ ပျောက်သွားတာဘဲ၊ အဲဒါ ပျောက်သွားတာဘဲတဲ့၊ ပျောက်သွားခြင်းကြောင့် ဒုက္ခဘဲ...တဲ့၊ အဲဒါကလေး တပည့်တော်က ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာ မဟုတ်ကြောင်း ကောင်းကောင်း သိတယ်....တဲ့၊ ဒီလိုသိထားတဲ့အယူဟာ အကျွန်ုပ်အယူပါ....တဲ့.... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ - ဒါဖြင့် တကာ တကာမတွေ ဒီအယူ ခင်ဗျားတို့ ရှိပလား - ( မရှိသေးပါဘုရား ) ရှိအောင် လုပ်ရမယ်နော်.... (မှန်ပါ)။

ဖြစ်ပျက်မြင်လိုက်တော့ ဖြစ်ပျက်ဟာ ငါ့ဟာလား-(မဟုတ်ပါဘုရား) ငါ့ကိုယ်လား....(မဟုတ်ပါဘုရား)အဲဒီလို ခြောက်... ဒါ- ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ပါလားလို့ ကြည့်ကြည့်ပေးစမ်းပါ....(မှန်ပါ)။

သို့သော်... ဖြစ်ပျက်တလုံး မြင်လိုက်ယင် ပြီးတာပါဘဲ....၊ တဏှာဟာ ဒိဋ္ဌိသိမ်းတာဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်လိုက်ကတည်းက ငါ့ကိုယ်မဟုတ်တာလဲ ပါသွားပြီ....(မှန်ပါ) ငါ့ဟာ မဟုတ်တာကော....(ပါသွားပါပြီဘုရား) ငါ့ဥစ္စာမဟုတ်တာကော.... (ပါသွားပြီဘုရား) အဲ...ဖြစ်ပျက်မြင်လိုက်ကတည်းက ပါသွားပြီ... (မှန်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်တလုံးဟာ ဦးခအောင်ဇေယျ ဘယ်လောက်အရေးကြီးသတုံး... (ကြီးပါတယ်ဘုရား) သေတာပန်အလုပ်တဲ့(မှန်ပါဘုရား) အကျွန်ုပ်တို့ အယူဟာ ဒါဘဲ....တဲ့...(မှန်ပါဘုရား)။

ဒါနဲ့ တိတ္ထိတွေက နားမှ မလည်ဘဲကိုးဗျ၊ စကားတုံ့ပြန်ချေတာပေါ့....(မှန်ပါဘုရား) ခင်ဗျားလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုတဏှာ၊ ဥပါဒါန်နဲ့ စွဲနေတာဘဲတဲ့၊ သူတို့က ဒီလိုချေလိုက်တယ်(မှန်ပါ)။

မစွဲဘူးတဲ့ အကျွန်ုပ် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးယူထားတာတဲ့...(မှန်ပါ) ငါ့ကိုယ်မဟုတ်ဘူးဆိုတော့ တဏှာ

ပါသေးရဲ့လား....(မပါ-ပါဘုရား) ငါ့ဥစ္စာမဟုတ်ဘူးဆိုတော့ကော—(မပါ-ပါဘုရား) ငါမဟုတ်ဆိုတော့ကော.... (မပါ-ပါဘုရား) မပါ-ပါဘူး....တဲ့၊ တပည့်တော် အထဲမှာ မပါ-ပါဘူးတဲ့၊ သူတို့က မတတ်လို့ ပြောတာကိုးဗျ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သူတို့ကပြန်ပြီး တကာကြီးလဲ အနိစ္စ- ဒုက္ခ- အနတ္တကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလုပ်နေတာဘဲတဲ့၊ သူတို့ကို ခုနင်က ပြောထားတာကိုး ဦးမြရဲ့....(မှန်ပါ့)ဒါကြောင့် သူတို့ လက်စားချေတာ....(မှန်ပါ့ဘုရား)။

အရှင်တိတ္ထိတို့ဟာတဲ့ ဒီ သစ္စာတရားတွေ, ဖြစ်ပျက်တရားတွေကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလုပ်နေတဲ့ အတွက် အရှင်တိတ္ထိတို့ ဒိဋ္ဌိဖြစ်နေတာတဲ့၊ ဒါ သူတို့ကို အနာထပိဏ်သူဌေးက ပြောထားပြီးပြီ—( မှန်ပါ့ ) သဘောကျပလား .... (ကျပါပြီဘုရား)။

အနိစ္စတရားကို သူတို့က ခိုင်ဘယ့်မြဲတယ်ယူတော့ ငါ့ကိုယ်, ငါ့ဟာ ယူမနေဘူးလား—(ယူပါတယ်ဘုရား)။

အဲဒါ....အရှင်တိတ္ထိတို့ အယူက တရားနာမှားတာနဲ့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ အနိစ္စတရား- ဒုက္ခတရားတွေကို ယူထားတာလို့ အနာထပိဏ်သူဌေးက တိတ္ထိတွေကို စွဲချက်တင်လိုက်ပြီ—(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဒါရှုဖြစ်အောင်ရှုပါ၊ မရှုလို့ရှိယင် ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ ထင်ချင်ထင်ဦးမယ်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက် မမြင်သေးတဲ့ပုဂ္ဂိုလ် မောင်အောင်ချိတ္တို့ မောင်မြင့်တို့ ဘယ်နှယ်ထင်သတုံး ... (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ထင်ပါတယ်ဘုရား)။

ထင်မှာဘဲ၊ ဒါ ငါ့ကိုယ်ကွ၊ ဒါ ငါ့ဟာကွ၊ ဒါငါ့ဥစ္စာကွ၊ ထင်- မထင်....(ထင်ပါတယ်ဘုရား)။

ထင်နေသေးသ၍ ကာလပတ်လုံးဖြင့် သူပြုတဲ့ ဒါန, သူပြုတဲ့ သီလ, သူပြုတဲ့သမထ ဦးမြ သွားပြီ.... ( မှန်ပါ့ )သုဂတိသာ ရောက်၍ နိဗ္ဗာန်မရောက်လို့ မှတ်လိုက်(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား) သုဂတိတော့.... ( ရောက်ပါတယ်ဘုရား ) နိဗ္ဗာန်တော့....(မရောက်ပါ) ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ မနေ့က ပြောတဲ့ အတိုင်းဘဲ ပြန်မှတ်လိုက်တာပေါ့၊ ဝိပဿနာရှေ့ထားပြီး ဒါန နောက်ထားယင် ခင်ဗျားတို့ မမှားဘူးနော်....(မှန်ပါ့) ဦးမြ— (မမှားပါဘုရား) နို့မဟုတ်ယင်.... ( မှားပါတယ်ဘုရား )မှား ရမယ်ဆိုတဲ့အဓိပ္ပါယ်.... ( မှန်ပါ့ ) မရှင်းကြသေးဘူးလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာကလဲ ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်ရောက်မှရမှာ .... (မှန်ပါ့)ဒီ့ပြင်နေရာ ဉာဏ်ရောက်လို့တော့ ဦးမြ(မရပါဘုရား) ခန္ဓာကိုယ်ပေါ် ဉာဏ်ရောက်မှ ခန္ဓာငါးပါးကပြောမှ ဝိပဿနာ ဖြစ်မှာကိုး—(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးက ကျုပ်ဟာ ခန္ဓာငါးပါးပါ၊ ဒီခန္ဓာငါးပါး ကိုလဲ ခန္ဓာတော့ ငါးပါးဘဲ၊ သို့သော်လဲ အနိစ္စခန္ဓာပါ, ဒုက္ခ

ခန္ဓာပါ, အနတ္တခန္ဓာပါလို့ သူက ပြောမှ....(မှန်ပါ) ကိုယ့်ဉာဏ်ကလဲ ယုံလိုက်ဦးမှ....(မှန်ပါ) ရှင်းပလား....( ရှင်းပါပြီဘုရား ) ခန္ဓာကပြော- ကိုယ့်ဉာဏ်ကယုံမှသာလျှင် ဒိဋ္ဌိပြုတ်တယ်(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာကပြော....(ကိုယ့်ဉာဏ်ကယုံမှပါ) ကိုယ့်ဉာဏ်က အဓိမောက္ခနဲ့ ဆုံးဖြတ်ချက်ချမှ ဒိဋ္ဌိပြုတ်တယ်(မှန်ပါ)နို့မဟုတ်ယင် ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

အဲဒီတော့ တကာတကာမတွေ အတွက်ဟာ အင်မတန်သနားလှန်းလို့ ပြောနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာဖြင့် ဦးခအောင်ဇံဝေ ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား နို့မဟုတ် လုပ်သရွေ့အမှားကိုး....(မှန်ပါဘုရား)။

ခုနင်က ပြောခဲ့တယ်မဟုတ်လား-ကျောင်းတကာ ဒိဋ္ဌိပါကွ, ကျောင်းအမ ဒိဋ္ဌိပါကွ၊ ဦးမြ မကြီးဘူးဆိုမလား- ကြီးသေးသလား....(ကြီးပါတယ်ဘုရား)။

ဘယ်လှူတန်းနေတာ ဒိဋ္ဌိဟုတ်ရမတုံးတဲ့....(မှန်ပါ) အထဲမှာရှိတဲ့ ဒိဋ္ဌိကိုမှ မသိဘဲ .... (မှန်ပါ) ငါ့ကိုယ်, ငါ့ဟာ, ငါ့ဉစ္စာအထင်က ပျောက်ကဲ့လား.... (မပျောက်ပါဘုရား)မပျောက်လို့ရှိယင် ဒိဋ္ဌိဘဲ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် အနာထပိဏ်သူဌေးကြီးက ပြောပြန်တယ်၊ အရှင်တိတ္ထိတို့က အခု လက်စားချေတယ် တဲ့၊ တကာကြီးလဲ အနိစ္စ, ဒုက္ခ, အနတ္တကို တဏှာနဲ့ စွဲနေတာဘဲ ဥပါဒါန်နဲ့စွဲနေ

တာဘဲဆိုပြီး လက်စားချေတယ်၊ မဟုတ်ဘူးတဲ့- အကျွန်ုပ်တို့ ပြောတာ အရှင်တိတ္ထိတို့ နားထောင်ကြည့်ဦးတဲ့။

တခုသော ဝေဒနာကလေးဖြစ်တယ်၊ ခန္ဓာငါးပါးထဲက တပါးပါးပေါ့ကွာ မင်းတို့မှတ်လိုက်တာပေါ့....(မှန်ပါ့) အဲဒါ ကလေးဟာ အနိစ္စတရား၊ ဒီအနိစ္စတရားကလေးဟာ ပျောက် ပျက်သွားတော့ ဒုက္ခရောက်သွားတယ်လို့ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

အဲ·ဒုက္ခရောက်သွားတဲ့ တရားဟာ ငါ့ကိုယ်မဟုတ်ဘူးဆိုတာ မသေချာဘူးလား(သေချာပါတယ်ဘုရား)ငါ့ဟာကော(မဟုတ် ပါဘုရား)ငါ့ဥစ္စာကော....(မဟုတ်ပါဘုရား)။

ဒါဖြင့် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူး ဆိုတဲ့ဥစ္စာ အကျွန်ုပ်မှာ တဏှာ, မာန, ဒိဋ္ဌိ ကုန်နေတာတဲ့- ကုန်ပြီး ရှုတာတဲ့...(မှန်ပါ့ဘုရား)။

ဦးနေဖူး ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား) ပျက်တဲ့တရား ကလေးဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ တပည့် တော် ယူပါတယ်တဲ့၊ အရှင်တိတ္ထိတို့ သေသေချာချာသာ မှတ် ကြပေတော့တဲ့- ဒီ့ထက် ယထာဘူတ ကျတဲ့တရား မရှိဘူးတဲ့.... (မှန်ပါ့)ဟောပြီ အနုထပိဏ်သူဌေးက.... (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးဟာ ဖြစ်ပြီး ပျက်တာဘဲ၊ ပျက်တာလဲဒုက္ခဘဲ၊ အဲဒီဒုက္ခကို "နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ" ဆိုတဲ့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ မြန်မာလို ပြန်လိုက် တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ မြန်မာလိုပြန်လိုက်တဲ့ အဓိပ္ပါယ်မှတပါး- အရှင်တိတ္ထိတို့ သေသေချာချာမှတ်ဘာမှမရှိဘူး၊ ဒါ ယထာဘူတအကျဆုံး၊ ဒီ့ထက်လွန်ပြီး ရှုစရာနိဗ္ဗာန်ရောက်ကြောင်းမရှိဘူးလို့ မှတ်လိုက်....(မှန်ပါ့) ပေါ်ကြသလား....(ပေါ်ပါပြီဘုရား)။

ဒီ့ထက်လွန်ပြီးတော့ကို(နိဗ္ဗာန်ရောက်ကြောင်းမရှိပါဘုရား) မရှိဘူးတဲ့၊ ဒါ လမ်းဆုံးဘဲတဲ့၊ဒါ ယထာဘူတ အကျဆုံးဆိုတာ သေသတာပန်က ပြောတာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်က ပြောတာလား-မတည်သေးတဲ့ပုဂ္ဂိုလ်ကပြောတာလား (တည်ပြီးသားပုဂ္ဂိုလ်ကပြောတာပါဘုရား)ဒါဖြင့် သူများပြောလား-ကိုယ်တွေ့လား....(ကိုယ်တွေ့ပါဘုရား)။

ဒါနဲ့ဘဲ တိတ္ထိတွေသဲ အကုန် ကြံမှိုင်တွေးဆပြီး ဘယ်နည်းမှ အဖြေမထုတ်နိုင်တော့ဘူး၊ ဒါနဲ့ အနာထပိဏ် သူဌေးကြီးကလဲ ဘုရားကျိန်းစက်ရာက နိုးချိန်ရောက်ပါပြီဆိုပြီး ထ, သွားတယ်၊ ထ,သွားပြီးသကာလ ဘုရားနဲ့တွေ့တဲ့အခါကျတော့ တကာကြီး ဘယ်က လာသတုံး၊ ဒီကိုလာတာ စောသေးတာနဲ့ ဘုရာ တိတ္ထိကျောင်းခဏ ဝင်နေခဲ့ရပါတယ်၊ ဘာတွေများ ပြောရဆိုရသတုံး၊ ဘုရားကတော့ သိပြီးသားပေါ့လေ .... (မှန်ပါ့ဘုရား)။

တိတ္ထိတွေနဲ့ဘုရာ့ ပြောရပါတယ်၊ သူတို့ ယူ တာ တွေ က သဿတ,ဥစ္ဆေဒ, ဧကစ္စသဿတ, အမရာဝိက္ခေပဆိုတဲ့ လေးမျိုးဒိဋ္ဌိချည့်ဘဲယူထားတာဘုရား.... (မှန်ပါ့ဘုရား)။

အဲဒါနဲ့ အရှင်တိတ္ထိတို့ အယူတွေဟာ နှလုံးသွင်းမှားလို့ တရားနာမှားလို့ ဤနှစ်ခုကြောင့် ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ, ခန္ဓာကိုယ်ကို အရှင်တိတ္ထိတို့က တကော ဥပါဒါန်နဲ့ စွဲလမ်းနေခြင်းကြောင့် မှားပါတယ်လို့ ပြောလို့ သူတို့မှိုင်ပြီး ကျန်ရစ်ကြတယ်ဘုရား....။

ဘုရားက သာဓု သာဓု ခေါ်တော်မူတယ်၊ အသက်ခြောက် ဆယ် ခုနစ်ဆယ်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ ဟုတ်သော နည်းလမ်းနဲ့ အယူမဖြောင့်သေးတဲ့ပုဂ္ဂိုလ်များ ဖြောင့်ပေးဘို့ရာ ငါတိုက်တွန်း တယ်ကွာတဲ့ ဘုရားက...(မှန်ပါ) ရိပ်မိပလား .... ( ရိပ်မိပါပြီ ဘုရား)။

အသက်ဘယ်လောက်ကြီးကြီး ကိုယ်တတ်တဲ့ပညာနဲ့ အယူမှန် ကလေးရဘို့ရာ ငါတိုက် တွန်းတယ်....တဲ့၊ဒီလိုမှ မတိုက်တွန်းလို့ ရှိယင်ဖြင့် ခုနင်ကပြောတဲ့ ကျောင်းတကာ မိစ္ဆာဒိဋ္ဌိ,ကျောင်းအမ မိစ္ဆာဒိဋ္ဌိ ဒါတွေ ဖြစ်တော့မှာဘဲ....တဲ့၊ မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား) ဘယ်လောက်များ ကြောက်စရာ ကောင်း တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အို ... တချို့ ဘုန်းကြီးများကျတော့ ဦးအောင်ဇေဝတို့ ဦးမြတို့ အကုန်တွေ့ရတာပေါ့....၊ ဝမ်းသာလိုက်တာ ဘုရား.... တပည့်တော် ဒီအထုပ်ကြီး ထုပ်လိုက်ရတော့တဲ့၊ အံမာ.... သေ သေချာချာပြောတာ မောင်နိုင်....(မှန်ပါ)။

ဒီအထုပ်ကြီး ထုပ်လိုက်ရတာ တပည့်တော်ဖြင့် ဝမ်းသာလိုက် တာ တပည့်တော်ဖြင့် သွားလေ ရာရာ မပူတော့ဘူး....တဲ့၊

အင်း....သဿတဒိဋ္ဌိက သွားပြီ၊ သွားလေရာရာ....တဲ့၊ မသွားဘူးလား...သွားသလား.... ( သွားပါတယ်ဘုရား ) သွားယင်ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

အခုမှ ရင်အေး သွားပေတော့တယ်....တဲ့...၊ ဒိဋ္ဌိရောက်မှအေးတာကိုး.... ( မှန်ပါဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာလာမှ အေးတာတုံး.... (ဒိဋ္ဌိလာမှ အေးတာပါဘုရား) အင်း.... သူကတော့ ဒိဋ္ဌိရောက်မှန်း မသိရှာဘူး.... ( မှန်ပါဘုရား)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကကွာ....တဲ့ အသက်ခြောက်ဆယ်, ခုနစ်ဆယ်ပင် ရှိငြားသော်လဲ တရားသောနည်းလမ်းနဲ့ တွေ့ဖြင့် အယူကို ဖြောင့်ပေးဘို့ ဝတ္တရားဟာဖြင့် ငယ်တာ, ကြီးတာ မရွေးကြနဲ့ ဖြောင့်ပေးကြပါ....တဲ့၊ သေသေချာချာဘုရားဟောတယ်....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါနဲ့ အနာထပိဏ်သူဌေးကြီးလဲ ပြန်သွားရော ရဟန်းတွေကို ဒါတွေ ခေါ်ဟောတာဘဲ၊ ရဟန်းတို့....အသက်ခြောက်ဆယ်, ခုနစ်ဆယ် ရှိချင်ရှိပါစေ၊ တရားသောနည်းနဲ့, မှန်ကန်သောနည်းနဲ့ ဒိဋ္ဌိဖြုတ်တဲ့အရေးကို ဖြုတ်ဖြစ်အောင် ဖြုတ်ပေးကြပါ။

နို့မဟုတ်လို့ရှိယင် ကျောင်းတကာဒီဠွ, ဘုရားတကာဒီဠွ ဒါတွေဖြစ်မှာ စိုးရိမ်လွန်းလို့ သေသေချာချာ ဖေါ်ပြောတာဘဲ.... (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါ·ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သံသရာဖြတ်ခဏ်း၏ ရေသောက်မြစ်ရှာသည့်တရားတော် (၁)
သဿတ, ဥစ္ဆေဒ, အသိနဲ့ဖြုတ်ပုံ
( အစေလက ကဿပသုတ် )

# ည အလုပ်ပေး တရားတော်

( ၁၃ - ၉ - ၆၁ )

ပဋိစ္စသမုပ္ပါဒ်အဆုံးမှာ ဒီဟာ ဇာတိ, ဇရာ, မရဏ....တဲ့၊ ဒီအတိုင်းသိတယ်၊ ဇာတိ,ဇရာ,မရဏဆိုတဲ့ဥစ္စာ ခြေဘ်....အနာဂတ်မှာ ဇာတိ ပဋိသန္ဓေနေရလို့ ဇရာ,မရဏနဲ့နေရတယ်၊ ပဋိသန္ဓေ နေမှုရှိလို့ အိုမှု,သေမှု ရှိတယ်ဆိုတဲ့ဥစ္စာ မှတ်ထားပါ.... ( မှန်ပါ ) ပုထုဇန်သာ အိုမှု,သေမှုရှိလို့ရှိယင်...တဲ့ ဘုရားက သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ နောက်ကလိုက်တယ်၊ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

ပုထုဇန်က အိုတဲ့ သေတဲ့အခါကျလို့ရှိယင်...တဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ နောက်က လိုက်တယ်... ( မှန်ပါ ) အရိယာတော့ မလိုက်ပါဘူး၊ အရိယာတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ချုပ်ပြီးသားကိုးကွ * ( မှန်ပါ ) ပုထုဇန်

---

* အနာဂါမ် ရဟန္တာကို ရည်ရွယ်သည်၊ အနာဂါမ်ရောက်လျှင် သောက စသည် မလိုက်တော့ပြီ။

တော့ အိုမှု,သေမှု တွေ့ကြုံတယ်ဆိုယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်တယ်လို့ မှတ်ထားပေါ့....(မှန်ပါ့)။

ဒါဖြင့် ဒီဟာတွေဟာ ဇာတိလဲ ဒုက္ခ, ဇရာ-မရဏလဲ ဒုက္ခ, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေကော....(ဒုက္ခပါဘုရား) အကုန် ဒုက္ခချည့်ဘဲ....(မှန်ပါ့) ဒါ.... ဒုက္ခအစုကြီး.... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့်.... တကာ တကာမတွေရတဲ့ ပဋိစ္စသမုပ္ပါဒ်မှာ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ ဒုက္ခက္ခန္ဓဿ= ဒုက္ခအစု၏၊ သမုဒယော=ဖြစ်ခြင်းသည်၊ ဟောတိ= ဖြစ်၏၊ ဒုက္ခအစုကြီး ကွ....တဲ့... (မှန်ပါ့)။

ပဋိသန္ဓေနေသည်ကစ၍ အိုမှု,သေမှု....( မှန်ပါ့ ) နောက် သေခါနီးမှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဆိုတော့ ပဋိသန္ဓေက စ,လိုက်တာ အိုတာရော-သေတာရော အအို-အသေ နဲ့ ကြုံတဲ့အချိန်မှာလဲ သောက-ဆိုတဲ့ စိုးရိမ်မှု, ပရိဒေဝ ဆိုတဲ့ ငိုကြွေးမှု ကိုယ့်ဟာကိုယ်နေဘ် . (မှန်ပါ့)။

ဒါဖြင့် တဘဝလုံးမှာ ဘာအစုကြီးတုံး....(ဒုက္ခ အစုကြီးပါ ဘုရား) ကြည့်လေ....ဒါက ဇာတိ...(မှန်ပါ့) ဒီဘက်က ဇရာ မရဏ....(မှန်ပါ့)။

ဇရာ,မရဏ တွေ့တဲ့အခါကျတော့ ပုထုဇန်မှာ သောက ပရိ ဒေဝ ဒုက္ခ ဒေါမနဿက လာပြန်တယ်....(မှန်ပါ့)။

အဲဒီတော့ ဘုရားက စချုပ်ပြီး ငါ ဟောရလို့ ရှိယင်ဖြင့် ပုထုဇန်မှန်က ပဋိစ္စသမုပ္ပါဒ်နဲ့ကြုံတဲ့ပုဂ္ဂိုလ်ဟူသ၍ ပဋိစ္စသမုပ္ပါဒ်

ဖြစ်တဲ့ပုဂ္ဂိုလ်ဟူသ၍ ဇာတိက အစ ဇရာ မရဏ အဆုံး သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်တာဘဲ....(မှန်ပါ့) ဒါ့ကြောင့် ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ....(မှန်ပါ့)။

ဦးလှ ဘာတဲ့တုံး... ( ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိပါ ဘုရား) ဒုက္ခက္ခန္ဓဿ= ဒုက္ခအစု၏၊ သမုဒယော= ဖြစ်နေခြင်း သည်၊ ဟောတိ=ဖြစ်၏....(မှန်ပါ့)။

ဩော်... ပုထုဇန်မှ ပဋိသန္ဓေနေတုန်းကလဲ ဒုက္ခဘဲ၊ အိုတော့ လဲ....(ဒုက္ခပါဘဲဘုရား) သေခါနီးတော့ကော.. ( ဒုက္ခပါဘဲ ဘုရား) သေရတာကော... ( ဒုက္ခပါဘဲဘုရား ) သေကာနီး ဒုက္ခက ဒီဘက်ကဟာ....(မှန်ပါ့) သေရတဲ့ ဒုက္ခနော်....(မှန်ပါ့ ဘုရား)။

အဲဒီတော့ ပုထုဇန်မှာ အစ- အလည်- အဆုံး သုံးပါးစလုံး ဒုက္ခ...(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်အစ-အလည်-အဆုံး သုံးပါးစလုံး ဒုက္ခ၊ ရှင်းပြီနော် ...(မှန်ပါ့)။

ကောင်းပြီ... အခု တရားနာတဲ့ တကာတကာမတွေမှာ အခု အလည်ရောက်နေတယ်.... (မှန်ပါ့) အစ, ဒုက္ခပြီးခဲ့ပြီ၊ အလည် ဒုက္ခနဲ့နေတယ်.... (မှန်ပါ့) နောက်ကျတော့ အဆုံးဒုက္ခတွေနဲ့ ကော....(တွေ့ရဦးမှာပါဘုရား)။

ဩော်... ဒါဖြင့် တကာမတွေ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ရာဇဂြိုဟ်ပြည်မှာ ဟောတယ်၊ သတ္တဝါတွေ မသိကြလို့ ဟော့....ဒုက္ခအစ-ဒုက္ခအလည်-ဒုက္ခအဆုံး....(မှန်လှပါ) စ,တာက (ဒုက္ခပါဘုရား) အလည်မှာ.... ( ဒုက္ခပါဘုရား ) အဆုံးမှာ....

( ဒုက္ခပါဘုရား ) အဆုံးလဲ ဒုက္ခဘဲတဲ့၊ ဒါဖြင့် ဘာမှ ဆိုတာ မဟုတ်ဘူး ဒီခန္ဓာကြီးဆိုနေတာ.... ( မှန်ပါ့ ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီးမှာဖြင့် အစလဲ ဒုက္ခ, အလည်လဲ ဒုက္ခ, အဆုံးမှာလဲ ဒုက္ခ၊ ပေါ်ပေါက်လာတာ စ,နေတာ၊ ဒုက္ခသစ္စာနဲ့ဘဲ နေရရှာတယ်၊ ဒုက္ခသစ္စာနဲ့ဘဲ သေရရှာတယ်....(မှန်ပါ့)။

ဒါဖြင့် သူ့မှာဖြင့် တကိုယ်လုံး အပ်သွားချစရာ မရှိဘူး.... ဒုက္ခအစုကြီး....(မှန်ပါ့) သဘောပါပလား.... (ပါပါပြီဘုရား) ဒုက္ခအစုကြီးနဲ့နေရတယ်ဆိုတာ ရှင်းသွားပြီ... (ရှင်းသွားပါပြီဘုရား)။

ဒီဒုက္ခအစုကြီးဟာ ခင်ဗျားတို့က မေးဘို့ကောင်းပါတယ်၊ တည့်တော်တို့ဟာ အစသဲ ဒုက္ခနဲ့ ဘုရား ပဋိသန္ဓေနေတယ် ဟိုဘက်မှာ....(မှန်ပါ့)။

အလည် အိုမှုဆိုတာလဲ ဒုက္ခနဲ့ သေမှုဟာလဲ ဒုက္ခနဲ့၊ သေကာနီးလဲ ဒုက္ခ ပရိဒေဝ- ဒုက္ခ ဒေါမနဿတွေနဲ့၊ လာပြန်တော့လဲ အစ-အလည်-အဆုံး သုံးပါ စလုံး ဒုက္ခအစုကြီး ဖြစ်နေတယ်.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဘယ်ကမျှား လာပါလိမ့်မတုံး- ဒုက္ခဟာ မိမိပြုတာလား၊ မိမိပြုတာလဲ မဟုတ်ဘူး၊ မိမိပြုလို့ရတဲ့ ဒုက္ခလဲ မဟုတ်ဘူး... (မှန်ပါ) သူတပါးပြုလို့ရတဲ့ဒုက္ခလဲ....(မဟုတ်ပါဘုရား) မိမိ သူတပါး နှစ်ဦးသားပြုလုပ်လို့ရတဲ့ဒုက္ခလဲ မဟုတ်ဘူး-(မှန်ပါ့) အလိုလိုပေါ်လာတဲ့ ဒုက္ခလဲ မဟုတ်ဘူး....(မှန်ပါ့) ဒါ- ဒီလေးချက် မှတ်ထားပါ....(မှန်ပါ့)။

မိမိပြုလို့ရတဲ့ဒုက္ခလဲ မဟုတ်ဘူး(မဟုတ်ပါဘုရား) သူတပါး ပေးတဲ့ ဒုက္ခကော.... (မဟုတ်ပါဘုရား) မိမိ့ သူတပါး နှစ်ဦး သား ပြုလုပ်တဲ့ဒုက္ခကော....(မဟုတ်ပါဘုရား) အလိုအပေါ်တဲ့ ဒုက္ခလားဆိုတော့လဲ....(မဟုတ်ပါဘုရား)။

ဒါဖြင့် ဒုက္ခဟာ မိုးပေါ်ကျဖြစ်နေတယ်....တဲ့၊ အခုအတိုင်း ဆိုလို့ရှိယင်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

ကောင်းပြီ....ဒီ·တကာတကာမတွေ့ ဒုက္ခအစုကြီးလဲ ရှိနေ ပြီ၊ မိမိပြုခဲ့လို့ရတဲ့ဒုက္ခလဲ မဟုတ်ဘူး.... ( မှန်ပါ ) သူတပါး ပေးလို့ရတဲ့ ဒုက္ခလဲမဟုတ်ဘူး....(မှန်ပါ)။

မိမိ သူတပါး နှစ်ဦးသားပေးတဲ့ ဒုက္ခကော.... (မဟုတ်ပါ ဘုရား) အလိုလိုပေါ်တဲ့ဒုက္ခလား....(မဟုတ်ပါဘုရား)အဲဒီတော့ ဒီလေးချက်မဟုတ်တာကို မှတ်ထားမှ....(မှန်ပါ)။

ဒီလေးချက် မဟုတ်တော့ဖြင့် အကြောင်းကင်းနေ ရောပေါ့ လို့ ဒီလိုဆိုလိုက်ပြန်တော့လဲ အဟေတုက ဒိဋ္ဌိဖြစ်လိမ့်မယ်.... ဒီလိုလဲ အကြောင်းမကင်းဘူးဆိုတော့ စောစောစီးစီး သိထား ပါတဲ့ ဝတ္ထုမထုတ်ခင်....(မှန်ပါ)။

ဒီဇာတိ၏အကြောင်းကို ဦးလှရော, ဦးမာဒင်တို့ကရော ရှာ ရလိမ့်မယ်....(မှန်ပါ) ကံကြောင့်ဖြစ်တယ်, ကမ္မဘဝဘဲ(မှန်ပါ)၊ ဒါဖြင့် ကမ္မဘဝဟာ ပဋိစ္စသမုပ္ပါဒ်ဘဲ....(မှန်ပါ)။

သူက ပဋိစ္စသမုပ္ပါဒ်, သူက ပဋိစ္စသမုပ္ပန္န၊ သူကအကြောင်း၊ ဒီဘက်ကဇာတိက....(အကျိုးပါဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ကြောင့်ဖြစ်တာ....(မှန်ပါ)။

ဒုက္ခ ဘယ်သူ့ကြောင့်ဖြစ်သတုံး— ( ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်ပါတယ်ဘုရား ) သူက ပဋိစ္စသမုပ္ပါဒ် မဟုတ်ဘူးလား— (မှန်ပါ့) ဒီက ပဋိစ္စသမုပ္ပန္န်—(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်တမျိုး, ပဋိစ္စသမုပ္ပန္နတမျိုး.... (မှန်ပါ့ဘုရား) အကြောင်းက ပဋိစ္စသမုပ္ပါဒ်၊ အကျိုးက ပဋိစ္စသမုပ္ပန္န-(မှန်ပါ့) ဒါဖြင့် ဒုက္ခဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာလို့ မှတ်ထားလိုက်ပါ....(မှန်ပါ့)။

ကောင်းပြီ ဒါ ကံ့ဘယ်သူ့ကြောင့် ဖြစ်သတုံး ဆိုတော့ ဉပါဒါန်ကြောင့်ဖြစ်တယ်....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

ဉပါဒါနပစ္စယာ ကမ္မဘဝေါ သဘောကျပလား (ကျပါပြီဘုရား) တဏှာကြောင့်ဖြစ်တဲ့ ဒီ-ဉပါဒါန်.... (မှန်ပါ့) ဆိုနိုင်မလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ ဒီတဏှာ ဘယ်သူ့ကြောင့် ဖြစ်ပါသတုံးလို့ မေးပြန်တော့လဲ အယင်သိတဲ့အတိုင်း ခန္ဓာငါးပါးကြောင့်လာဦးမှာဘဲ.... (လာမှာပါဘုရား) မလာပေဘူးလား.... ( လာပါတယ်ဘုရား)။

ဒါဖြင့် ဒီဒုက္ခအစုကြီး၊အခု ရ့ထားတဲ့ဒုက္ခအစုကြီးအတိုက်က ကျုပ်တို့ ဒါတွေလုပ်ခဲ့လို့ ဒီအကြောင်းတွေကြောင့် ယခုဒုက္ခအစုကြီးရတယ်....(မှန်ပါ့) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာပေါ့—(မှန်ပါ့) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တယ်လို့ သိတဲ့ပုဂ္ဂိုလ်တွေကျတော့ ပဋိစ္စသမုပ္ပါဒ်အစကို ဖြတ်လိုက်ယင်ပြီးတာဘဲ(မှန်ပါ့)

ဒီခန္ဓာကြောင့် ဒီပဋိစ္စသမုပ္ပါဒ်တွေဖြစ်တယ်....(မှန်ပါ့)မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

ဒီခန္ဓာခင်မှုကြောင့် ဒီတဏှာဖြစ်တယ်ဆိုတော့* သူက ပဋိစ္စသမုပ္ပါဒ် သူက ပဋိစ္စသမုပ္ပန္န....(မှန်ပါ့) သူ့ကို ခင်ဗျားတို့က ချုပ်အောင် မလုပ်ပြန်တော့ သူက ပဋိစ္စသမုပ္ပါဒ် သူက ပဋိစ္စသမုပ္ပန္န....(မှန်ပါ့)။

တခါ သူ့ချုပ်အောင် မလုပ်ပြန်ဘူး ခင်ဗျားတို့က သူက ပဋိစ္စသမုပ္ပါဒ်၊ သူကကော....(ပဋိစ္စသမုပ္ပန္နပါဘုရား)။

သူ့ကိုချုပ်အောင်မလုပ်ပြန်ဘူး ခင်ဗျားတို့က သူက ပဋိစ္စသမုပ္ပါဒ်ဖြစ်ပြန်တယ်....(မှန်ပါ့) သူက.... (ပဋိစ္စသမုပ္ပန္နဖြစ်ပါတယ်ဘုရား) ဒီလိုချည့် သွားမှာဘဲ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကို အစဆုံး ပဋိစ္စသမုပ္ပါဒ်ဆုံးအောင်လုပ်ရမယ်...(မှန်ပါ့) အဲ...ဒီမှာ လာတွေ့ပြီ(မှန်ပါ့) မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

သူက အစဖြစ်နေတယ်၊သူက အစဖြစ်နေတော့ သူမဆုံးသ၍ သူဆုံးပါ့မလား...(မဆုံးပါဘုရား) ဒါ သေသေချာချာစဉ်းစားပါ၊ ဒီဥစ္စာ အရေးကြီးတယ်.... (မှန်ပါ့) သံသရာဖြတ်ခဏ်း၏ ရေသောက်မြစ်ရှာတဲ့တရားလို့ မှတ်ထားပါ....(မှန်ပါ့)။

ဘာရှာကြမလဲ....(သံသရာဖြတ်ခဏ်း၏ ရေသောက်မြစ်ရှာပါတယ်ဘုရား) မှတ်ထား တကာမကြီးတွေ သံသရာဖြတ်ခဏ်း၏ ရေသောက်မြစ်ရှာတဲ့တရား...(မှန်ပါ့)။

---

* ဤနေရာ၌ ပုံစံကိုပြ၍ ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္န၏ တလှည့်စီဖြစ်ပုံကို ပြတော်မူသည်။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြတ်မှ ပဋိစ္စသမုပ္ပန္နပြတ်မယ် ဒီနေ့ တရားက...(မှန်ပါ) ဒီဒုက္ခအစုကြီးဟာ ပဋိစ္စသမုပ္ပန္န၊သူက ပဋိစ္စ သမုပ္ပါဒ်.. (မှန်ပါ)တခါသူက ပဋိစ္စသမုပ္ပန္န၊သူက ပဋိစ္စသမုပ္ပါဒ် (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

သူက ပဋိသစ္စမုပ္ပန္န ဖြစ်တဲ့အခါ သူက ပဋိစ္စသမုပ္ပါဒ် (မှန်ပါ ပဋိစ္စသမုပ္ပါဒ်ပါဘုရား) သူက ပဋိစ္စသမုပ္ပန္နဖြစ်တဲ့အခါ သူက ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ)။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်အစဟာ ဒီဘဝမှာဖြင့် ဖြတ်ချင်တဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာက စ,ဖြတ်ရမယ်....(မှန်ပါ) သဘောကျပလား- (ကျပါပြီဘုရား)။

ဘယ်က စ,ဖြတ်ချမလဲ.... (ခန္ဓာက စ,ဖြတ်ရပါမယ်ဘုရား) ခန္ဓာက စ,ဖြတ်ရမယ်....(မှန်ပါ) ခန္ဓာက စ,ဖြတ်ရမယ်ဆိုတော့ ခန္ဓာဝိပဿနာဉာဏ်ဝင်မှာဘဲ.... ဒီက ပဋိစ္စသမုပ္ပန္နတွေပြတ်မယ် (မှန်ပါ)။

ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဒီကပဋိစ္စသမုပ္ပန္နနဲ့ ဒီအကြောင်းနဲ့ ဒီအကျိုး ဖြတ်ပေးရမယ်.... (မှန်ပါ) မဆက်မိစေနဲ့.... (မှန်ပါ) ဆက်မိယင် တောက်လျှောက်သွားမယ်....(မှန်ပါ)။

ဆက်မိယင် ဘယ့်နှယ်ဆိုကြမယ်.... (တောက်လျှောက်သွား မှာပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒုက္ခဖြတ်ချင်လို့ရှိယင် တပည့်တော်တို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးလိုချင်ပါတယ်ဆိုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ကို မဆက်မိစေနဲ့ဟော့.... ပြောရုံဘဲ ... (မှန်ပါ) ဟုတ်ပလား....(မှန်ပါ)။

ဘယ်လိုပြောကြမယ်.... (ပဋိစ္စသမုပ္ပါဒ်မဆက်မိစေနဲ့ဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္နနဲ့ မဆက်မိစေနဲ့၊ ဒါဘဲပြောရမယ်....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဘာနဲ့ဘာမဆက်မိစေရမလဲ....(ပဋိစ္စသမုပ္ပါဒ်နဲ့ပဋိစ္စသမုပ္ပန္နမဆက်မိစေနဲ့ဘုရား) ရှည်နေလိမ့်မယ်တဲ့၊ ဒါ အခု သိသွားပြီ၊ ဒီအကြောင်းနဲ့ဒီအကျိုး မဆက်မိစေနဲ့ကွ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ထိုတို့ပြောတော့ ခန္ဓာနဲ့တဏှာနဲ့ မဆက်မိစေနဲ့...(မှန်ပါ့) ဘယ့်နှယ်ပြောမလဲ.... (ခန္ဓာနဲ့တဏှာနဲ့ မဆက်မိစေနဲ့ဘုရား) ခန္ဓာနဲ့တဏှာ မဆက်မိစေနဲ့၊ ဩော်... အဘော်နေရာကျပြီ.... (မှန်ပါ့)။

ဦးလှ ဘာတဲ့တုံးဗျ.... (ခန္ဓာနဲ့တဏှာ မဆက်မိစေနဲ့ဘုရား) အဲဒီတော့ ခန္ဓာနဲ့တဏှာ မဆက်မိလို့ရှိယင်ဖြင့် ဒုက္ခက္ခန္ဓာသာ နိရောဓေါ ဟောတိ၊ ဒုက္ခအစုကြီးချုပ်တယ်... (မှန်ပါ့) မချုပ်ပေဘူးလား .... (ချုပ်ပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်ချုပ်သတုံးလို့မေးယင်၊ခင်ဗျားတို့ ဘယ့်နှယ်ဖြေမလဲ.... ( ခန္ဓာနဲ့တဏှာ မဆက်လို့ပါဘုရား)။

ဒါဖြင့် ဒီမဂ်မဝင်ယင် အသကားဘဲ.... (မှန်ပါ့) ဒီမဂ်မဝင်သရွေ့ကာလပတ်လုံး ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္န ဆက်နေမှာဘဲ (ဆက်ပါတယ်ဘုရား)။

အကြောင်းနဲ့အကျိုး.... (ဆက်နေမှာပါဘုရား) သမုဒယနဲ့ ဒုက္ခလဲ့....(ဆက်နေပါတယ်ဘုရား) ဩော်.... ဒီလိုသွားနေမှာဘဲ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီနေ့တရားက သိပ်အဘိုးတန်တယ်.... (မှန်ပါ့) ဦးမာဒင် သေသေချာချာမှတ်ပါ.... (မှန်ပါ့) သေသေချာချာမှတ်ပါ၊ ဒီဥစ္စာ သိပ်အရေးကြီးတယ်လို့ သိကြပလား.... ( သိပါပြီ ဘုရား)။

ထိုဒုက္ခအစုကြီးဟာက ဒီက ပဋိစ္စသမုပ္ပါဒ် အကြောင်းနဲ့ အကျိုးဆက်နေလို့ သူတွေ့ရတာ... (မှန်ပါ့)ဒီက မဆက်မိယင် (မတွေ့ပါဘုရား) မတွေ့ရဘူး....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုလုပ်ရမှာတုံးလို့ ခန္ဓာနဲ့တဏှာ မဆက်ဘို့ အရေးကြီးတယ်.... (မှန်ပါ့) ဘာအရေးကြီးသလဲ.... (ခန္ဓာနဲ့တဏှာမဆက်မိဘို့ အရေးကြီးပါတယ်ဘုရား)။

လိုရင်းတွေ့ပြီဗျ— (မှန်ပါ့ ) လိုရင်းတွေ့ပြီဗျ ဦးလှရဲ့.... (မှန်ပါ့ဘုရား) ဘာတဲ့တုံး.... ( ခန္ဓာနဲ့တဏှာ မဆက်ဘို့ပါ ဘုရား)။

ခန္ဓာနဲ့တဏှာ မဆက်ဘို့ဆိုတာက ဒီလိုသိရုံမျှနဲ့လဲ ခန္ဓာနဲ့ တဏှာမဆက်လို့ရှိယင် ဒုက္ခအစုကြီးတော့ မလာတော့ဘူး....၊ ဟုတ်ဘူးလား....(မှန်ပါ့)။

ခန္ဓာနဲ့တဏှာမဆက်လို့ရှိယင်.... (ဒုက္ခအစုကြီးတော့ မလာ တော့ပါဘုရား) သေချာပြီ....(မှန်ပါ့သေချာပါပြီဘုရား)။

ဪ....ဒါဖြင့် ကျုပ်တို့ ခဏခဏ ပဋိသန္ဓေနေခြင်း ဆင်းရဲ အိုနာ ဆင်းရဲ သောကပရိဒေဝ ဒုက္ခဒေါမနဿတွေနဲ့ ဒီတကာ တကာမတွေ့မှာ နေရတာ ဘာပါလိမ့်မလဲလို့ မေးဘို့ မလိုဘူး

လား(လိုပါတယ်ဘုရား) တွေ့ပြီ ဒီမှာ....(မှန်ပါ)ဘာတွေသလဲ-(ခန္ဓာနဲ့တကျော မဆက်မိဘိုပါဘုရား)။

ကိုင်း... ဘုရားက ဒုက္ခက္ခန္ဓာ သမုဒယော ဟောတိ၊ ဒုက္ခအစုကြီး မင်းတို့ဖြစ်နေပြီတဲ့.... (မှန်ပါ) တကာတကာမတွေမှာ အခု ဘာဖြစ်နေကြသလဲ....(ဒုက္ခအစုကြီးဖြစ်နေပါတယ်ဘုရား)။

ဒုက္ခအစုကြီးဖြစ်နေတယ်၊ ပဋိသန္ဓေနေခြင်း ဆင်းရဲဟာလဲ ဒုက္ခဘဲ၊ အခု တောက်လျှောက်အိုလာတာလဲ.... ( ဆင်းရဲပါ ) သေခါနီးကော....(ဆင်းရဲပါဘဲဘုရား) သေခါနီးမှာ တွေ့ရမည့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတွေကော.... (ဆင်းရဲပါဘဲဘုရား)။

အဲဒီ ဒုက္ခအစုကြီးဟာ အလိုလိုဖြစ်သလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ...(မဟုတ်ပါဘုရား)။

ဒါဖြင့် ပြန်မေးတယ်၊ ဒုက္ခအစုကြီးဟာ မိမိပြုတာလား .... (မဟုတ်ပါဘုရား) သူတပါးပြုတာလား(မဟုတ်ပါဘုရား) မိမိ သူတပါးနှစ်ဦးသား ပြုတာလား (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာလား(မဟုတ်ပါဘုရား)ဟောဒီပဋိစ္စသမုပ္ပါဒ်ကြောင့် ဟောဒီ ပဋိစ္စသမုပ္ပန္နဖြစ်တယ် .... ( မှန်ပါ ) ဆိုနိုင်ကြသလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခုနင်က ပြောခဲ့တဲ့ အကြောင်းလေးကြောင်း လွတ်သွားတယ်....(မှန်ပါဘုရား)။

ကိုင်း ...ဒါဖြင့် သံသရာထဲမှာ ခင်ဗျားတို့တဘဝ ရောက်လာပြန်လဲ ပဋိသန္ဓေနေလိုက်, အိုလိုက်, နာလိုက်,သေလိုက်, ငိုကြွေး

လိုက်....(မှန်ပါ့)ဘယ်ကများ လာပါလိမ့်မတုံးလို့ မေးတဲ့အခါ မိမိပြုတာလဲမဟုတ်ဘူး ဒီ အို့နာ့သေဟာနေ်(မှန်ပါ့ဘုရား)။

သူတပါးပြုတာလဲ မဟုတ်ဘူး .... ( မဟုတ်ပါဘုရား )မိမိ သူတပါး နှစ်ဦးသားပြုတာလဲ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်သည် .... ( မှန်ပါ့ ) ဘယ့်နှယ်ဆိုကြမယ်.... (ပဋိစ္စသမုပ္ပါဒ် ကြောင့်ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္န မဖြတ် သ၍ ကာလပတ်လုံး ဦးလှတို့ ဦးမာဒင်တို့ ဂျမ်းထိုးမှောက်ခုံ ဖြစ်လိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (ဂျမ်းထိုးမှောက်ခုံဖြစ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္န မဖြတ်တဲ့ပုဂ္ဂိုလ် ဘာဖြစ်မယ် ထင်ကြသတုံး-(ဂျမ်းထိုးမှောက်ခုံပါဘုရား) ဂျမ်းထိုးမှောက်ခုံဘဲ၊ သံသရာ့ခရီးသည်တွေဘဲ...(မှန်ပါ့ဘုရား)။

ဒီနေ့ ဒါဖြင့် ထူးထူးခြားခြား သိရတယ်....(မှန်ပါ့ဘုရား) သံသရာထဲ ဟိုအိမ်ကြည့်လိုက်ပြန်လဲ သူ့အပူနဲ့သူ၊ ဒီဘက် အိမ်ကြည့်လိုက်ပြန်လဲ သူ့အရှုပ်နဲ့သူ....( မှန်ပါ့ ) ဟိုဘက်အိမ် ကြည့်လိုက်ပြန်လဲ သူ့ငိုပွဲနဲ့သူ....(မှန်ပါ့ဘုရား)။

ဟိုဘက် အိမ်ကြည့်လိုက်ပြန်လဲ ဟိုမှာ လူမမာတွေ ဝိုင်းနေ တာနဲ့ .... ( မှန်ပါ့ ) ဘယ်အိမ်က ကြက်သရေမင်္ဂလာရှိသတုံး မေးယင်ကော....(ဘယ်အိမ်မှမရှိပါဘုရား)။

ဟိုဘက်အိမ်မှာလဲ ခန္ဓာငါးပါးရှိလို့ ဒုက္ခရှိတာဘဲ (မှန်ပါ့) ဒီဘက်အိမ်ကြည့်လိုက်ပြန်လဲ....(ခန္ဓာငါးပါးရှိလို့ ဒုက္ခရှိပါတယ် ဘုရား) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည်မှာ ဆွမ်းခံကြွတယ်....(မှန်ပါ)အစေလက,ကဿပဆိုတာက အဝတ်မပါဘူး ( မှန်ပါ ) အဝတ်မပါတဲ့ သူတို့ တိတ္ထိတို့၏ အကျင့်အတိုင်း ကျင့်တယ်၊ သူကလဲ ဆွမ်းခံလာတယ်....(မှန်ပါ) ဆွမ်းခံလာတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ ဆွမ်းခံရင်း တွေ့ကြတယ်.... (မှန်ပါ)ရှင်ကြီးဂေါတမ ပုစ္ဆာကလေးတခု အခွင့်ရယင်မေးစမ်းချင်ပါတယ်တဲ့....(မှန်ပါဘုရား)။

မေးစမ်းချင်တယ်ဆိုတော့ ဘုရားက ကဿပ ဆွမ်းခံရင်းကွ မတော်ပါဘူး....(မှန်ပါ)ဒါနဲ့ ဒီအတိုင်း ဆွမ်းခံထွက်ကြတယ်၊ နောက် * တပြလောက် ရောက်ပြန်တော့ အရှင်ကြီးဂေါတမ- သိပ်လဲမများပါဘူး ပုစ္ဆာကလေး မေးခွင့်ရယင် မေးစမ်းပရစေတဲ့၊ အို .... ဆွမ်းခံရင်းရှိသေးတယ်ကွ- မမေးအပ်ပါဘူးတဲ့၊ ဒီလိုပြောလိုက်တယ်....(မှန်ပါဘုရား)။

နောက် သုံးခါကျတော့ ရှင်ကြီးဂေါတမ ပုစ္ဆာမေးပရစေ အခွင့်ရလို့ရှိယင်တဲ့....(မှန်ပါ)မေးတော့ကွ၊ ဘုရားကမေးတော့ ကွာလို့ အမိန့်လဲပေးလိုက်ရော သူမေးတယ်၊ ရှင်ကြီးဂေါတမ ဒုက္ခကို မိမိပြုတာလားတဲ့၊ ဒါတွေ မိမိပြုတာလားမေးတာဘဲ- (မှန်ပါ)မဟုတ်ပါဘူးကွာ....တဲ့၊ ကဿပ ဒီလိုမပြောနဲ့, ဒီလို မဆိုပါနဲ့ကွာ၊ ဒုက္ခမိမိပြုတာလားလို့ မပြောပါနဲ့ .... (မှန်ပါ ဘုရား)။

ဒါနဲ့ မကျေနပ်ဘူး သူက၊ ဒါဖြင့် ရှင်ကြီးဂေါတမ ဒုက္ခကို သူတပါးပြုတာလားတဲ့.... ( မှန်ပါ ) မဟုတ်ဘူးကွ၊

* တပြ နှင့် ပြဆိုသည် မန္တလေးမှာ သုံးသောအသုံးဖြစ်သည်။

သူတပါးပြုတာလဲ မဟုတ်ဘူးတဲ့....( မှန်ပါ ) နှစ်ခုရှိပြီနော်.... (မှန်ပါ့ဘုရား)။

ဆက်မေးတယ်၊ ဒါဖြင့် အားလုံးသတ္တဝါတွေမှာ ဒုက္ခဟာ မိမိ-သူတပါး နှစ်ဦးသားပြုတာလားတဲ့၊ မေးပြန်တယ်(မှန်ပါ့) ဒီလိုလဲ မဟုတ်ပါဘူးကွာတဲ့ .. (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ ဆက်မေးပရစေဦး- ဆက်မေး ပရစေဦးတဲ့နော် .... (မှန်ပါ့)မိမိ- သူတပါး နှစ်ဦးသားမပြုလို့ ရှိယင် အလိုလိုပေါ်တဲ့ ဒုက္ခတွေလားတဲ့....(မှန်ပါ့)ဟာ- ဒီလိုလဲ မဟုတ်ပါဘူးကွာတဲ့၊ လေးချက်ရှိသွားပြီ .. (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဘယ်နှစ်ချက်ရှိသွားပလဲ....(လေးချက်ရှိသွားပါပြီ) နောက် နှစ်ချက်မေးဦးမယ်....(မှန်ပါ့)ရှင်ကြီးဂေါတမ ဒါဖြင့် ဒုက္ခဟာ မရှိဘူးလားတဲ့.... ( မှန်ပါ့ ) ဟာ....ကဿပ ဒုက္ခရှိတယ်ကွတဲ့.... (မှန်ပါ့)ဒုက္ခရှိတယ်၊ ဒါတွေဟာ ဒုက္ခတွေဘဲ.... (မှန်ပါ့ဘုရား)။

ခုနင်က ဘုရားက တခုမှမဖြေခဲ့တော့ သူကဆက်မေးတယ်၊ အခု ငါးခုမေးသွားပြီ ...(မှန်ပါ့) ခြောက်ခုမြောက် ဆက်မေး တယ်၊ အရှင်ကြီးဂေါတမတဲ့- ဒါဖြင့် အရှင်ကြီးဂေါတမ ဒုက္ခကိုမသိဘူးလားတဲ့ မေးပြန်ပြီ....(မှန်ပါ့)သိပါတယ်ကွ....တဲ့၊ ဒုက္ခကိုသိပါတယ်လို့ ဘုရားကဖြေလိုက်တယ်....(မှန်ပါ့ဘုရား)။

ခက်တယ်တဲ့ ရှင်ကြီးဂေါတမ မေးရတာ၊ ဒုက္ခကိုမိမိပြုတာ လားဆိုတော့လဲ မဟုတ်ဘူးတဲ့၊ ဒုက္ခကို သူတပါးပြုတာလား ဆိုတော့လဲ မဟုတ်ဘူးတဲ့၊ ဒုက္ခကို မိမိ-သူတပါး နှစ်ဦးသား ပြုတာလားဆိုတော့လဲ မဟုတ်ဘူးတဲ့၊ ဒုက္ခအလိုလို ပေါ်တာ လားဆိုတော့လဲ မဟုတ်ဘူးတဲ့၊ ဒုက္ခမသိဘူးလား ဆိုတော့လဲ

သိတယ်လို့ ပြောပြန်တယ်၊ဒုက္ခမရှိဘူးလားလို့ မေးပြန်တော့လဲ ရှိတယ်လို့ ပြောပြန်တယ်....(မှန်ပါ) အဲဒီတော့ ကျုပ်တော့ဖြင့် ရှင်းရှင်းလင်းလင်း တရားဟောမှာဘဲရှင်းမှာဘဲတဲ့၊ နို့မဟုတ်လို့ ရှိယင် မရှင်းတော့ဘူးတဲ့....(မှန်ပါဘုရား)။

အေး....မင်းဒါဖြင့် သေသေချာချာနာ၊ ငါသေသေချာချာ ရှင်းပြမယ်ဆိုပြီး ဘုရားကဟောတော့ ပဋိစ္စသမုပ္ပါဒ် ကြောင့် ဖြစ်တာကွာတဲ့....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒုက္ခဘယ်သူ့ကြောင့် ဖြစ်သတုံး .... (ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်ပါတယ်ဘုရား)။

မှတ်ထားကြပါ နောက်က တကာတကာမတွေက ဒုက္ခ ဘယ်သူ့ကြောင့် ဖြစ်သတုံး(ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်ပါတယ် ဘုရား)အကြောင်းကြောင့် အကျိုးဖြစ်တာတွေနော် .... (မှန်ပါ ဘုရား)။

ဒါ....ခင်ဗျားတို့က ဩော်....ဘုန်းကြီး ဒါကိုဘဲ လည်လည် ပယ်ပယ် ပြောပြီးသကာလ နေတယ် ဝိပဿနာလုပ်စေချင်လို့ ဒါကိုဘဲ ဟောနေတာဘဲလို့ ဒီလိုမထင်နဲ့ဦး၊ ဒိဋ္ဌိ သတ်လိမ့် ဦးမယ် ဘုရားက....(မှန်ပါ) ဒိဋ္ဌိသတ်လိမ့်ဦးမယ်၊ ဒိဋ္ဌိသတ်ယင် လဲ နိဗ္ဗာန်ရောက်မှာဘဲ၊ ပဌမနိဗ္ဗာန်ဟာ ဒိဋ္ဌိသတ်မှ ရောက်မယ် (မှန်ပါ)။

ကဿပ...တဲ့၊ ငါပြောမယ် မင်း·သေသေချာချာနားထောင် ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်တယ်၊ အကယ်၍ မင်းမေးတဲ့အတိုင်း....တဲ့ ဒုက္ခဟာ မိမိပြုတာလားလို့ မင်းက မေးတယ်....တဲ့၊ ၁·နံပါတ်....(မှန်ပါ)။

ဒုက္ခဟာ မိမိပြုတာလားလို့ မေးလိုက်တဲ့အခါကျလို့ရှိယင် မိမိပြုတယ်လို့ ငါက ဖြေလိုက်လို့ရှိယင် မင်းမှာ သဿတဒိဋ္ဌိ ဖြစ်တော့မယ်တဲ့....(မှန်ပါ) မိမိပြုလို့ မိမိခံရတယ်၊ ဒီလို မှင်း ယူလိမ့်မယ်....(မှန်ပါ)။

ကိုယ်ပြုလို့ ကိုယ်ခံရတယ်၊ သဘောကျပလား....(ကျပါပြီ) ပြုတဲ့လူကလဲ ကိုယ်၊ ခံရတာလဲ... ( ကိုယ်ပါဘုရား ) အဲဒါ သဿတဒိဋ္ဌိ.... (မှန်ပါ) အဲဒီလို အစွဲမျိုး ဗုဒ္ဓဘာသာဝင်တွေ မှာတောင် ရှိနေတယ်၊ ဗုဒ္ဓဘာသာတွေမှာ ဒိဋ္ဌိရှိနေတယ်ကွ— (မှန်ပါ) ဦးလှ ရှင်းရဲ့လား....(မှန်ပါ)။

ခင်ဗျားတို့ ကိုယ်တိုင်သုံးနေတာပါ၊ ဦးမာဒင်တို့ ကိုယ်တိုင် သုံးနေတာပါ....(မှန်ပါ) မင်းပြု မင်းခံရမှာပေါ့ကွ၊ ဘာဒိဋ္ဌိနဲ့ သုံးနေသတုံး....(သဿတဒိဋ္ဌိနဲ့သုံးနေပါတယ်ဘုရား) ဖြစ်မှဖြစ်ရ ပလေ၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာဆိုပြီး ဒိဋ္ဌိဖြစ်နေတယ်....(မှန်ပါ ဘုရား)။

ကဲ... ဒါမသိယင် မခက်ဘူးလား.... ( ခက်ပါတယ်ဘုရား ) မိမိပြုယင် မိမိခံရမှာဘဲ....တဲ့၊ နောက်က တကာတကာမတွေ ဒီအတိုင်း ယူထားတယ်....(မှန်ပါ)။

ဒါဖြင့်— ပြုတာလဲ မိမိ, ဟိုလိုက်ခံရမှာကလဲ မိမိဆိုတော့ ဒီ-မိမိက ဟိုသွားခံတယ်ဆိုတော့ သဿတဒိဋ္ဌိ သွားဖြစ်တယ်— (မှန်ပါ) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါ....မသိလို့ပြောတာ၊ အထင်နဲ့ပြောယင် တကယ့်ဒိဋ္ဌိဘဲ— (မှန်ပါ) အထင်နဲ့ပြောယင်....(တကယ့်ဒိဋ္ဌိပါဘုရား)မိမိပြုယင် ( မိမိခံရပါတယ်ဘုရား ) ဘာဒိဋ္ဌိတုံးဗျ— ( သဿတဒိဋ္ဌိပါ ဘုရား)။

အံမာလေး...ကြောက်စရာကြီးပါလား၊ ခင်ဗျားတို့ ထင်လဲ ထင်တယ်...(မှန်ပါ)။

ဦးမာဒင်က ကျောင်းဆောက် ထားတယ်, ဦးလှက ကျောင်းဆောက် ထားတယ်၊ အို.... ငါလုပ် ငါရမှာပေါ့ကွ၊ အံမာ...ခင်ဗျားတို့က အတော် လေမြင့်တဲ့လူတွေ... (မှန်ပါ) ငါလုပ် ငါရမှာပေါ့တဲ့၊ ဟုတ်ကဲ့လား...ဟင်....။

ဘယ့်နှယ်တုံး-ဦးလှရဲ့ ငါလုပ် ငါရမယ် ဆိုတော့ ဒီက ငါသည် ဟိုသွားပြီးတော့....(ဖြစ်တယ်လို့ ယူပါဘုရား) မဟုတ် ဘူးလား....(မဟုတ်ပါဘုရား)။

ဒီက ငါဟာ.... (ဟိုသွားပြီးတော့ ငါဖြစ်ပါတယ်) ဟိုသွား ဖြစ်တော့ ဒီငါနဲ့ ဟိုငါ ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား) မပြတ်ယင် ဘာဒိဋ္ဌိတုံး... (သဿတဒိဋ္ဌိပါဘုရား)။

သဿတဒိဋ္ဌိသွားဖြစ်တယ်၊ ငါလုပ် ငါရတယ်.... (မှန်ပါ) ငါလုပ်လို့ ငါရတယ်ဆိုတော့ ဒီမှာရှိတဲ့ငါ ဟိုကို ရောက်သွား တယ်....(မှန်ပါ) ဘဝကူးတယ်လို့ ဆိုသလိုပေါ့ဗျာ... (မှန်ပါ) ဘုရားက ဘဝကူးတယ်ဆိုတာ မရှိဘူး ဟောပါလျက်သာနဲ့, ခင်ဗျားတို့က ဘဝကူးတယ်.... (မကူးပါဘုရား) သဘောကျ ပလား.... (ကျပါပြီဘုရား)။

ဘဝကူးနိုင်ရဲ့လား.... (မကူးနိုင်ပါဘုရား) ကူးတယ်ဆိုယင် သဿတဒိဋ္ဌိဖြစ်မှာပေါ့.... ( မှန်ပါ ) အကြောင်းအကျိုးသာ ဆက်တာ၊ ကူးတာ ဟုတ်ကဲ့လား... (မဟုတ်ပါဘုရား) ရေကူး သလို လူကြီးမြင်နေရတဲ့ ကူးတဲ့သဘောမျိုး... (မဟုတ်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့်.... ကိုယ်ပြု ကိုယ်ရဘယ် ...၊ ဒါ့ကြောင့် ဘုရားကို ကဿပ,က မေးတယ် ဒုက္ခကို မိမိပြုတာလား...တဲ့.... (မှန်ပါ့) မိမိပြုတယ်လို့, မင်းကို ငါ ဖြေလိုက်လို့ ရှိယင် မင်း-သဿတဒိဋ္ဌိ ဖြစ်တော့မယ်တဲ့....(မှန်ပါ့) ကိုင်း ...မဖြစ်ပေဘူးလား....(ဖြစ်ပါ တယ်ဘုရား) ကိုယ်ပြုလို့ ကိုယ်ခံရတယ်...တဲ့...(မှန်ပါ့)။

ဟာ....ဦးလှကြီးတို့ သေခါနီးမှ ဒါ-နားလည်အောင် လုပ် ဦး...( မှန်ပါ့ ) ဒါ....နားလည်အောင် မလုပ်လို့ ရှိယင်တော့ ခင်ဗျားတို့ ဒိဋ္ဌိမပြုတ်ဘဲနဲ့သေရဲ့၊ မဟုတ်ဘူးလား.... (မှန်ပါ့) တနေ့က ဒိဋ္ဌိဆိုတာ ကိုယ့်မှာ လည်ပတ်ကြိုးလို့ ပြောထားတယ် (မှန်ပါ့) လည်ပတ်ကြိုးပါ မြှုပ်လိုက်ရဘဲ့အခိပ္ပါယ် ရောက်မယ် (မှန်ပါ့) မဆိုးဝါးဘူးလား ကဲ....( ဆိုးပါးပါတယ်ဘုရား )။

ဒါ့ကြောင့် တရား တခါနာရုံ,နှစ်ခါနာရုံနဲ့ နေရာမကျဘူး ( မှန်ပါ့ ) သိစရာတွေက နည်းတာမဟုတ်ဘူး၊ သိစရာတွေက ဘာဖြစ်လို့ များရသတုံးဆိုတော့ မှားတာတွေကများလွန်းလို့ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရားက ဟောတာက များလွန်းလို့လား- ခင်ဗျားတို့ မှား တာက များလွန်းလို့လား ရှင်းစမ်းပါဦး.... (မှားတာက များ လို့ ဖြေရှင်းရတာ များတယ်ပေါ့ဗျ... (မှန်ပါ့) မှားတာနည်း နေယင် ဖြေရှင်းရတာ....(နည်းပါတယ်ဘုရား)။

အဲဒီတော့ တရားတွေက ဘုန်းကြီးကလဲ တနေ့တမျိုး,တနေ့ တမျိုးဟောတယ်၊ များဘဲ များလွန်းလှတယ်လို့ ခင်ဗျားတို့က ဆိုမလား၊ ငါ့အမှားက ကြီးဘဲ ကြီးလွန်းလှတယ်လို့ ဆိုမလား

(အမှားတော ကြီးပါတယ်ဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီး)။

အံမာလေး.... တကာ တကာမတွေ တော်တော်ကြာ သူတို့တဲ ဦးအောင် ပြောချင်ပြောနေဦးမှာ... (မှန်ပါ) အတော်ဆိုးတယ်၊ အခုကြည့် အစေလက ကဿပက ဒုက္ခ မိမိပြုတာလား လို့ဆိုတော့ ဘုရားက ပယ်လိုက်တယ်၊ မဟုတ်ပါဘူးကွာ....တဲ့ (မှန်ပါ)။

အကယ်၍ မိမိပြုတာလို့ မင့်ကို ငါ-ဟောလိုက်လို့ရှိယင် ဖြင့် ကိုယ်ပြု ကိုယ်ခံဆိုတဲ့အမိပွါယ်ရတယ်... (မှန်ပါ) ကိုယ်ပြု ကိုယ်ခံ၊ ခင်ဗျားတို့ သုံးသလား-မသုံးဘူးလား.... (သုံးပါတယ် ဘုရား) ဘာဒိဋ္ဌိတုံး...( သဿတဒိဋ္ဌိပါဘုရား ) ဒါ့ကြောင့် ခင်ဗျားတို့ ဒိဋ္ဌိမပြုတ်ဘူးပြောတာဗျ....(မှန်ပါ)။

ကမ္မဿကတဉာဏ်ကတော့ ဒီအတိုင်းလာတာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ) ကမ္မဿကတဉာဏ်ကတော့ဖြင့် ဩဝါ... ကံဟာ မိမိပြုလို့ရှိယင် မိမိ ခံစားရမှာဘဲ၊ "ကမ္မ* သတ္တေ ဝိဘ ဇတိ" မလာဘူးလား...(လာပါတယ်ဘုရား)။

အို... ကမ္မဿကတဉာဏ် ဟောတာမှ မဟုတ်ဘဲ ဒါက 'ကမ္မဿကတ သမ္မာဒိဋ္ဌိ' ဟောတာ မဟုတ်ဘူးတဲ့ သမ္မာဒိဋ္ဌိ ဟောနေတာ...(မှန်ပါ) ထူးပလား....(ထူးပါတယ်ဘုရား)။

ဟိုဟာက သူတို့ ဟောတာက ကမ္မဿကတ သမ္မာဒိဋ္ဌိ... (မှန်ပါ)သမ္မာဒိဋ္ဌိက ငါးမျိုးတောင်ရှိတယ်၊ သဘောကျလား (ကျပါပြီဘုရား)။

---

* ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂ သမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏသမ္မာဒိဋ္ဌိ။

ဒါက ဘာတဲ့တုံး.... (မဂ္ဂ သမ္မာဒိဋ္ဌိပါဘုရား) အေး.... မဂ္ဂ သမ္မာဒိဋ္ဌိ ခေါ်တယ်....၊ ဟိုဟာက ကမ္မဿကတ သမ္မာဒိဋ္ဌိ.... (မှန်ပါ) ကမ္မဿကတ သမ္မာဒိဋ္ဌိက ခုနင်က ဒိဋ္ဌိမပြုတ်ဘူးကွ... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါက ဥပရိပဏ္ဏာသ မဟာစတ္တာလီသကသုတ်မှာ သေသေချာချာလာတယ်၊ အာသဝ နယ်ပယ်ကကွ... တဲ့....(မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

အဲဒါ ခင်ဗျားတို့က ကမ္မဿကတ ဉာဏ်ကလေးလောက်နဲ့ တင်းတိမ်နေဦးမယ်ဆိုလို့ရှိယင်ဖြင့် ခုနင်က ဝိပဿနာ သမ္မာဒိဋ္ဌိတို့၊ မဂ်သမ္မာဒိဋ္ဌိတို့ ခင်ဗျားတို့ လုံးဝမရတော့ဘူး.... (မရပါဘုရား) မရယင် နိဗ္ဗာန်မရောက်နိုင်ဘူး.... (မှန်ပါ) ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား)။

အခု ကြည့်စမ်း ခင်ဗျားတို့ယူထားတဲ့ အယူက ကိုယ်ပြုယင် ကိုယ်ခံရမယ်တဲ့.... (မှန်ပါ) ဒီလိုဆိုတော့ ဒီကိုယ်သည်ပင်လျှင် ဟိုကိုယ်ဘဲ.... ( မှန်ပါ ) ဟိုသွားပြီး ခံစား-စံစားရမယ်ဆိုတဲ့ အမိုပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဒါဖြင့် ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

အဲ.... သဿတဒိဋ္ဌိနဲ့ ခင်ဗျားတို့မှာ....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒါကြောင့် ဘုရားက ဒုက္ခ မိမိပြုတာလား လို့ မေးလို့ရှိယင်ဖြင့် မဟုတ်ဘူးကွတဲ့.... (မှန်ပါ) နို့မဟုတ် ကိုယ်ပြုကိုယ်ခံ ဖြစ်နေမှာစိုးလို့....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒုက္ခ မိမိပြုတာလားလို့ မေးလိုက်ယင်.... (မဟုတ်ပါဘုရား) ဘယ့်နှယ်ကြောင့် မဟုတ်ဘူးလို့ ပြောလိုက်သတုံး ဆိုတော့ ကိုယ်ပြု ကိုယ်ခံဆိုယင် သဿတဒိဋ္ဌိဘက်ကို အစေလက ကဿပ သူ့ဉာဏ်ပြေးသွားမှာစိုးလို့....(မှန်ပါ)ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ဒါနဲ့ သူ· ဒုတိယမေးခွန်းကို ဘယ့်နှယ် မေးပြန်သတုံး... (သူတပါးပြုတာလားလို့ မေးပါတယ်ဘုရား)ဒုက္ခကို သူတပါး ပြုတာလားလို့ သူ·ဆက်မေးပြန်တယ် .... (မှန်ပါ) မမေးဘူး လား... (မေးပါတယ်ဘုရား) ခုနင်က အစောကြီးကတည်းက ဒါတွေမေးထားတယ်....(မှန်ပါ)။

ဒါဖြင့် သူတပါးပြုတာလားဆိုတော့ ဘုရားက မဟုတ်ဘူး ကွတဲ့....(မှန်ပါ) အေး.... ဒါ နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ အစေလက ကဿပသုတ်ဆိုပြီးတော့ ဟောတယ်... (မှန်ပါ)။

အဲဒီဥစ္စာကတော့ ဘယ်ဘက် သွားပြန်သတုံး ဆိုတော့ ဒုက္ခ သူတပါးပြုတာလားဆိုတော့ ဘုရားက မဟုတ်ဘူးလို့ ဖြေလိုက် တယ်....(မှန်ပါ) သူတပါးပြုတာလို့ ဘုရားက ဖြေလိုက်လို့ ရှိယင် အစေလက ကဿပဟာ ဥစ္ဆေဒဘက် ပြေးတယ်(မှန်ပါ ဘုရား)။

ပြုတဲ့လူကတခြား၊ ခံရတဲ့လူက....(တခြားပါဘုရား)ဆိုတော့ အကြောင်းအကျိုး မပြတ်ဘူးလား .... (ပြတ်ပါတယ်ဘုရား) ဥစ္ဆေဒဘက် သွားပြန်တယ်... (မှန်ပါ) မသွားဘူးလား....(သွား ပါတယ်ဘုရား)။

သူတပါးပြု- သူတပါးခံ၊ ပြုတဲ့လူကလဲ သူတပါး၊ ခံရတဲ့လူတလဲ....( သူတပါးပါဘုရား ) ဒါဖြင့် ပြုတဲ့လူက သူတပါး ခံရတဲ့လူကလဲ သူတပါးဆိုတော့ နှစ်ယောက်ပြားသွားတယ်— (မှန်ပါ) မပြားသေးဘူးလား — (ပြားပါတယ်ဘုရား) ဒါက ဘယ်ဒိဋ္ဌိဘက်တုံး....(ဉစ္ဆေဒဒိဋ္ဌိဘက်ပါဘုရား)။

ပြုတဲ့လူကတခြား၊ ခိုးတဲ့လူကခိုး၊ ဖမ်းတော့ ပန်းတိမ်သည်၊ မကိုက်ဘူး ဒီဥစ္စာ— ( မှန်ပါ ) ခိုးတဲ့လူ- သူခိုးမိယင်တော့ တော်ပါရဲ့၊ ပန်းတိမ်သည်သွားမိနေယင်တော့ အလကားဖြစ်မှာဘဲ.... (မှန်ပါ) မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား) အဲဒီလို ကျပြန်တော့လဲ ဘာဒိဋ္ဌိဖြစ်ပြန်သတုံး— (ဉစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် ဘုရားက ဉစ္ဆေဒ,သဿတ ကြားကနေပြီးတော့ ကျင့်ရမယ်ဆိုပြီး ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တဲ့ဒုက္ခ— (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တဲ့ သုခ....(မှန်ပါ) ရှင်းပလား—(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီစာရွေ့ မိမိပြု- မိမိခံဆိုတာဖျောက်— (မှန်ပါ) သူတပါးပြု သူတပါးခံဆိုတာကော .... (ဖျောက်ရပါမယ်ဘုရား)။

ဖျောက်ရမယ်၊ မဖျောက်ယင် သဿတသော်၎င်း.... (ဖြစ်ရပါမယ်ဘုရား) ဉစ္ဆေဒသော်၎င်း—(ဖြစ်ရပါမယ်ဘုရား) ဖြစ်မှာဘဲတဲ့ သဿတ,ဉစ္ဆေဒဖြစ်မှာဘဲ....(မှန်ပါ)ရှင်းမလား— (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီလိုပါဋ္ဌိတော်တွေ ဒီလိုပြောဆိုညွှန်ကြားတာတဲ့ ပုဂ္ဂိုလ်တွေနဲ့ မတွေ့ယင် အခက်ကြီးပါလား....(ခက်ပါတယ်ဘုရား) အတော်ခက်နေပြီ... (ခက်ပါတယ်ဘုရား)။

မင်းပြု မင်းရမှာပေါ့ကွာ ဆိုတာကို နှုတ်တက်နေပြီ(မှန်ပါ့ဘုရား) ဘာဒိဋ္ဌိ ပြောလိုက်တာတုံး.... (သဿတဒိဋ္ဌိပြောလိုက်တာပါဘုရား)။

သဿတဒိဋ္ဌိပေါ့၊ မဟုတ်ဘူးလား၊ ကိုယ်ပြု-ကိုယ်ရတယ်ကိုး (မှန်ပါ့) မဟုတ်ဘူးလား၊ မင်းပြု- မင်းရတယ်ဆိုတာ အတူတူပေါ့...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတပါးပြု-သူတပါးရတာပေါ့လို့ တချို့က သုံးချင်တယ်-(မှန်ပါ့) ဘာဖြစ်သတုံး... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)ပြုတဲ့လူက သူတပါး၊ ရတဲ့လူကလဲ...(သူတပါးပါဘုရား) ဘာဖြစ်ပြန်သတုံး... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲ.... ဒီနှစ်ခုကို ဖြေလိုက်သဖြင့် ကျန်တဲ့ဥစ္စာ ဖြေစရာမလိုတော့ဘူး.... ( မှန်ပါ့ ) သဿတ,ဥစ္ဆေဒ လွတ်သွားအောင် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က ပဋိစ္စသမုပ္ပန္နပြုတယ်လို့မှတ်လိုက်... (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်-(ပဋိစ္စသမုပ္ပါဒ်က ပဋိစ္စသမုပ္ပန္နဖြစ်အောင်ပြုပါတယ်ဘုရား ) အဲဒီတော့ မိမိလဲ ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား) မိမိပြုတာကော ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) သူတပါးကော...(မဟုတ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်က ပဋိစ္စသမုပ္ပန္နကို ပြုလုပ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်က— ( ပဋိစ္စသမုပ္ပန္နကို ပြုပါတယ်ဘုရား ) အကြောင်းက အကျိုးကို ပြုလုပ်သည်....(မှန်ပါ) သဘောကျပြီလား....(ကျပါပြီဘုရား)။

အကြောင်းက—(အကျိုးကိုပြုလုပ်ပါတယ်ဘုရား)ဒီတွင်မှတ်ထားပါ၊ ဒါလောက်ကလေး မှတ်ထားလို့ရှိယင် သဿတဥစ္ဆေဒစင်ပြီ၊ ဒါ အသိနဲ့စင်တာပါ....(မှန်ပါ) အလုပ်နဲ့မစင်သေးဘူး— (မှန်ပါ)။

နာရီစေ့ပြီ အလုပ်နဲ့ နက်ဖြန်မှစင်အောင်ပြောမည်၊ ကဲ— ရပ်ကြဦးစို့....။

သာဓု—သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

သံသရာဖြတ်ခဏ်း၏ရေသောက်မြစ်ရှာသည့် တရားတော် (၂)

အလုပ်စခန်းနဲ့ သဿတ, ဉစ္ဆေဒဖြုတ်ပုံ

( အစေလက ကဿပသုတ် )

# ညအလုပ်ပေးတရားတော်

( ၁၃ - ၅ - ၆၂ )

ဒီဘက်က သုံးခုက ဇာတိ,ဇရာ,မရဏ၊ ဒါက ဒုက္ခဥပါယာသ ဒုက္ခလို့ မှတ်ထားပါ၊ မနေ့က ဝတ္ထုက မဆုံးလို့ ပြန်ပြောရပါတယ်....(မှန်ပါ)။

ဒီဒုက္ခဟာ တကာတကာမတွေ့မှာ အခု ဇာတိကလဲ လွန်ခဲ့ပြီဆိုပါတော့၊ အခု ဇရာထဲရောက်နေကြတယ်၊ အိုတဲ့အထဲရောက်နေကြတယ်၊ အိုရာကနေပြီး အခု သေကာနီးသွားနေကြတယ်....(မှန်ပါ)။

ဒါကို ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ ဒီဒုက္ခ အလိုလိုဖြစ်တာလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ (မဟုတ်ပါဘုရား) မဟုတ်ဘူးတဲ့၊ ဪ – အလိုလိုဖြစ်တဲ့တရားလဲ မဟုတ်ဘူး....၊ သူတပါးပြုတာလဲ....(မဟုတ်ပါဘုရား)။

အလိုလိုဖြစ်တာလား...(မဟုတ်ပါဘုရား)မိမိသူတပါး နှစ်ဦး သော အကြောင်းကြောင့်ဖြစ်တာကော... (မဟုတ်ပါဘုရား) ဒါဖြင့် ဒုက္ခသည် အခု တကာတကာမတွေ ခန္ဓာကိုယ်မှာ ဒုက္ခ အပြည့်နဲ့ ရှိတယ်...(မှန်ပါ)။

မိမိပြုထားတာလဲ မဟုတ်ဘူး၊ သူတပါးပြုထားတာလဲမဟုတ် ဘူး၊ မိမိ့သူတပါး နှစ်ဦးသား ပြုလုပ်ထားတာလဲ မဟုတ်ဘူး၊ အလိုလိုဖြစ်တာလဲမဟုတ်ဘူး။

အဲဒီတော့ ဒီဒုက္ခသည်ကားလို့ ဆိုလို့ရှိယင် အကြောင်းရှိပါ လိမ့်မယ်၊ မဆိုထိုက်ကြဘူးလား...(ဆိုထိုက်ပါတယ်ဘုရား)ဒီဒုက္ခ ဟာ အကြောင်းရှိပါလိမ့်မယ်ဆိုတော့ အကြောင်းဟာက သေ သေချာချာမှတ်ကြပါ ဓမ္မအကြောင်းရှိလိမ့်မယ် ပုဂ္ဂိုလ်သတ္တဝါ နဲ့ မဆိုင်ဘူး....(မှန်ပါ)။

ဘာရှိလိမ့်မလဲ...(ဓမ္မအကြောင်းပါဘုရား) ဓမ္မအကြောင်း ရှိမယ် ပုဂ္ဂိုလ်သတ္တဝါနဲ့ မဆိုင်ဘူး၊ ဓမ္မတည်းဟူသောအကြောင်း ကြောင့် ဖြစ်ရလိမ့်မယ်ဆိုတော့ ဓမ္မကိုရှာလိုက်တဲ့အခါကျတော့ ခြေဉ်... ဒီဇာတိ့ဇရာ့မရဏဟာ ကမ္မဘဝကြောင့်ဖြစ်တာဘဲ.... (မှန်ပါ) ဆိုနိုင်ကြရဲ့လား....(ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် ဖြစ်သလဲ.... (ကမ္မဘဝကြောင့်ဖြစ်ပါတယ် ဘုရား) ဒါကတော့ မိမိလဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူး၊ မိမိ့သူတပါးနှစ်ဦးသားလဲ....(မဟုတ်ပါဘုရား)ကမ္မဘဝကြောင့် ဖြစ်တာဘဲလို့ မှတ်ထားကြပါ...(မှန်ပါ) ရှင်းပြီနော်.... (ရှင်း ပါပြီဘုရား)။

ဒါဘယ့်နှယ်ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိမိပြုတာလဲမဟုတ်ဘူး၊ သူတပါးပြုတာလဲ မဟုတ်ဘူးကွ ဒီဒုက္ခတွေဟာ မိမိ့သူတပါး နှစ်ဦးသားပြုတာလဲမဟုတ်ဘူးကွ၊အလိုလိုဖြစ်တာလဲ မဟုတ်ဘူးကွ ကဿပရ ဆိုတော့ ဒါ-ပုဂ္ဂိုလ်သတ္တဝါပျောက်တဲ့ သုညတဓမ္မကပြုလုပ်တာ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူက ပြုလုပ်တာတုံး.... (သုညတဓမ္မက ပြုလုပ်တာပါဘုရား) ဒါ ပုဂ္ဂိုလ် သတ္တဝါကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

သို့သော်လဲ ဒီဓမ္မကင်း၍ ဒီဓမ္မတွေဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ကမ္မဘဝကင်း၍ ဇာတိ့ဇရာ့မရဏ မဖြစ်နိုင်ဘူး (မဖြစ်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကျတော့ ကုသလာ့ကုသလံ ဇဟံ.... ကမ္မဘဝကို စွန့်လိုက်တယ်....(မှန်ပါ) ကုသိုလ့်အကုသိုလ် စွန့်လိုက်တယ်ဆိုတာ ကမ္မဘဝစွန့်ချလိုက်တယ်.... (မှန်ပါ) ကမ္မဘဝ စွန့်တဲ့ပုဂ္ဂိုလ်မို့ သူ့မှာ ဒီဒုက္ခမရဘူး....(မှန်ပါ)။

ကျုပ်တို့က ကမ္မဘဝကိုဘဲ အလိုရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်နေသောကြောင့် အခု ရ့ထားတဲ့ ဒုက္ခဟာ ကမ္မဘဝကြီး....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) ဘာကြောင့် ရကြသလဲ.... ( ကမ္မဘဝကြောင့် ရ့ပါတယ်ဘုရား)။

ခင်ဗျားတို့က ဘယ်တော့ကံကောင်းပါ့မတုံး မျှော်နေတာဘဲ.... (မှန်ပါ) ရှေ့ကို ကံကောင်းအောင် ဘယ့်နှယ်လုပ်ရပါမတုံး ဒါဘဲမျှော်နေတယ်....(မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့မျှော်တာ ဘာမျှော်တာတုံးလို့ မေးလို့ရှိယင် ဦးလှတို့ ဦးမာဒင်တို့ ဘယ့်နှယ်ဖြေကြမလဲ.... (ဒုက္ခမျှော်နေပါတယ်ဘုရား) ဒုက္ခမျှော်တယ်။

ဪ....ဘယ်တော့အခါကျမှ တပည့်တော်တို့ ကံဇာလေးများ ကောင်းပါ့မတုံး၊ အခုဖြင့် ကံက မကောင်းတာနဲ့ ချည့်ကြုံနေရတယ်· ဘယ်တော့များ ကံကောင်းပါ့မလဲတဲ့၊ အင်း.... ဘာများမျှော်ကြပါလိမ့် ဟင်(ဒုက္ခမျှော်ပါတယ်ဘုရား)ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိဒုက္ခမလာဘူးလား....(မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဘာမျှော်ကြသတုံး(ဇာတိဒုက္ခမျှော်ပါတယ်ဘုရား) တနည်း "ကမ္မ ဝိပါကဿ"တဲ့ ပဋ္ဌာန်းကျမ်းမှာကျတော့ အကျိုးပေးမျှော်လိုက်တယ်...(မှန်ပါ) ကံက သမုဒယသစ္စာ, အကျိုးက ဒုက္ခသစ္စာ....(မှန်ပါ) ဘာမျှော်သတုံး....(ဒုက္ခသစ္စာမျှော်ပါတယ်ဘုရား)။

ဪ....ခင်ဗျားတို့ ရှုးလဲ ရှူးတဲ့လူတွေဘဲ(မှန်ပါ)အတိုးကြီးတွေ အရှုယ်ကြီးမှ အရှုံးထတာ မကောင်းဘူးဗျ၊ အရွယ်ကြီးမှ အရှုံးထယာ အတော်ဆိုးဝါးတယ်ဆိုတာ ခင်ဗျားတို့ သေသေချာချာစဉ်းစားမှ ပေါ်ပါတယ်....(မှန်ပါဘုရား)။

ကံကလေးများ ဘယ့်နှယ်နေသတုံးလို့ ဗေဒင်ကလေးများ မေးချင်တယ်၊ မဒမ်းချင်ဘူးလား....( မေးချင်ပါတယ်ဘုရား ) ကံကလေးများ ဘယ့်နှယ်နေသတုံးလို့ ဗေဒင်မေးချင်တော့ တပည့်တော် ဒုက္ခဘယ်တော့ ရောက်ပါ့မတုံး....(မှန်ပါ) ဒါမေး

ဘာပါ....(မှန်ပါ) အခုရှိနေသော ဒုက္ခထက် ဘယ်တော့ ဒုက္ခ ပိုပါမလဲ၊ ဒါမေးတာပါ....(မှန်ပါဘုရား)။

ဘယ်တော့များ သိန်းပေါင်းများစွာ ချမ်းသာပါမလဲ- အခု ရှိတဲ့ ဒုက္ခထက် ဘယ်တော့များ ပိုပါမလဲ၊ ဆရာကြည့်ဟော စမ်းပါ၊ အံမာလေး....လူတွေအတော်ရူးတဲ့ လူတွေထဲက ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

"ကမ္မံ ဝိပါကဿ ကမ္မပစ္စယေန ပစ္စယော" ပဋ္ဌာန်းဒေသ နာတော်က ရှိပြီးသားဘဲ....(မှန်ပါ) ကမ္မံက= သမုဒယသစ္စာ၊ ဝိပါကဿက=ဒုက္ခသစ္စာ၊ ဘယ်တော့များ တပည့်တော် အကြီး အကျယ် ဒုက္ခရောက်ပါမလဲ၊ အခုရောက်ရတဲ့ဒုက္ခ နည်းသေး တယ်၊ ဦးလှ ဒါမေးတာ... (မှန်ပါဘုရား)။

မျက်စိကသိပ်လည်တယ်(မှန်ပါလည်ပါတယ်ဘုရား)ဘုရားက ဒီဥစ္စာ ဒီကံနှိပ်စက်နေတာကွတဲ့၊ မဟုတ်ဘူးလား....( မှန်ပါ ) သူက ကမ္မဝဋ္ဋ၊ ဒါက ဝိပါကဝဋ္ဋ... (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဝိပါကဝဋ္ဋမှ ခင်ဗျားတို့က ကြိုက်နေတာ.... (ကြိုက်ပါတယ် ဘုရား)ဦးလှကြီးတို့များ ဆံပင်ဖြူမှ အရူးထ, နေလို့ခက်နေတာ (မှန်ပါ)ရိပ်မိပလား .... ( ရိပ်မိပါပြီ ) နားမလည်ယင် ဒီဥစ္စာ အရူးထ,နေတာ .... (မှန်ပါ) သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဒါဖြင့် မြို့ထဲ,ရွာထဲမှာ ဒီလိုသမုဒယနဲ့ ဒုက္ခမသိတဲ့ပုဂ္ဂိုလ် တွေက များတယ်....(များပါတယ်) များတာဟာ ဒုက္ခကြိုက် သမားများတယ်....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ (ဒုက္ခကြိုက်သမား များပါတယ်ဘုရား) ဒုက္ခကြိုက်သမား များတယ်၊သားသမီးတယောက်က နှစ်ယောက် နှစ်ယောက်က သုံးယောက်ဆိုယင် ထွန်းကားလာတယ်ယူတာ— (မှန်ပါ့ဘုရား)။

ထွန်းကားလာတာလား- ဒုက္ခကြီးတာလား....(ဒုက္ခကြီးတာ ပါဘုရား) ဒုက္ခကြီးတာကို ဦးမာဒင်တို့ လူစုက လူလာလို့ ညော့်ခံယင် ဘာနဲ့ညော့်ခံသတုံး.... (ဒုက္ခနဲ့ ညော့်ခံပါတယ်ဘုရား)။

သားကလေး, သမီးကလေးတွေ ထွန်းကားလာတယ်၊ အိုစာ မင်းစာတဲ့.... (မှန်ပါ့) ဦးလှ ဒီအတိုင်းဖြစ်နေတာ .... (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဘုရားကလဲ ဒီကံကို တနေ့ကဘဲ ဟိုအင်္ဂုတ္တိုရ် ပါဠိတော်မှာလာတဲ့ အတွက် အကဏှ အသုက္ကကံဖြစ်အောင် မဂ္ဂင်ပွားများကွ- အကဏှအသုက္ကကံမှ ကံကိုဖြတ်တာ (မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်) အကဏှ အသုက္ကဖြစ်တဲ့ မဂ္ဂင် ရှစ်ပါးမှ ကံကိုဖြတ်တယ်၊ ဒီကံကိုဖြတ်မှ မင်းတို့ ဟောဒီဝိပါက ဝဋ်ကျွတ်မယ် .... ( မှန်ပါ့ ) မဟောဘူးလား—(ဟောပါတယ် ဘုရား)။

အဲ ... ဘုရားကလဲ ကျွတ်စေချင်၊ ခင်ဗျားတို့ကလဲ ဝဋ် မျှော်တဲ့ လူတွေနဲ့တော့ အတော်ကန့်လန့်ကျနေတာ (မှန်ပါ့) မကျဘူးလား—(ကျပါတယ်) ပေါ်ပလား... ( ပေါ်ပါပြီ ) နည်းနည်းရှုးတာလား- များများရှုးတာလား- စဉ်းစားကြည့် ပါဦး....(များများ ရှုးတာပါဘုရား)များများရှုးနေတာ (မှန်ပါ့ ဘုရား)။

အဲဒါက သေသေချာချာ စဉ်းစားတော့မှ အတော်သိခဲပါလားဆိုတာ ပေါ်လာတယ်...(မှန်ပါ) အခုသေသေချာချာ ပေါ်ပလား...(မှန်ပါဘုရား)။

ဒါ ဘာသစ္စာကြီး ပြန်လာသတုံး ... (ဒုက္ခသစ္စာပြန်လာပါတယ်ဘုရား)ကြည့်လေ ဒါက ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား) ဒီဘက်က (ဒုက္ခသစ္စာပါဘုရား) ဒါကို ခင်ဗျားတို့က ဒီအကျိုးပေး ဘယ်တော့ ကြီးကျယ်ပါ့မတုံး ပြောနေတာ .... (မှန်ပါ)ကံကလေး ဘယ်တော့ကောင်းပါ့မတုံး၊ကံကိုလိုချင်တာ မဟုတ်ဘူး၊ ခင်ဗျားတို့လိုချင်တာက ဒါကိုလိုချင်တာ...(မှန်ပါ အကျိုးပေးဒုက္ခကို လိုချင်တာပါဘုရား)။

အကျိုးပေးဒုက္ခ လိုချင်တော့ သေးသေး လိုချင်တာလား‧ ကြီးကြီးလိုချင်တာလား မေးယင်(ကြီးကြီးလိုချင်တာပါဘုရား) ကြီးကြီးလိုချင်တယ် (မှန်ပါ့ တခင်ပွဲစုယူနေကြပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဥစ္စာက ခဲကြီးကြီးမှန်ယင် ကြိုက်ဘယ် (မှန်ပါ) ခဲသေးသေးမှန်ယင်...(မကြိုက်ပါ) ပက်သက်လန်သဲပြီး ဂျွမ်းထိုးခမှောက်ခုံသေရမှ‧ ဒီလိုကြိုက်တာကိုး... (မှန်ပါ့ဘုရား)။

အင်း....ပိပ္ပလ္လာသ၊ အတော် ကြောက်စရာကောင်းတာဗျ ... ( မှန်ပါ )ဘုရားကို ဆက်လိုက်လို့ရှိယင် တဆယ်တည်းဘဲ .. (မှန်ပါ)ဟိုအရှုးကျွဲအောင် ခဲကြီးကြိုက်နေဘယ်၊မဟုတ်ဘူးလား (မှန်ပါဘုရား)။

အရှုးကျွဲအောင် ... ( ခဲကြီးကြိုက်ဖြစ်နေပါတယ် ) ခဲကြီးနဲ့ ခဲလေးမှန်တော့ ကဲ....ဘယ်သူကနစ်နာသလဲ ... (ခဲကြီးကနစ်နာ ပါတယ်ဘုရား)။

သို့သော်...ခင်ဗျားတို့က ဘာကြိုက်သတုံးမေးယင်... (ခဲကြီး ကြိုက်ပါတယ်) ခဲကြီးကြိုက်တယ်၊ တရာလုံးနဲ့ ပေါက်ယင် မကြိုက်ဘူး၊ တသိန်းလုံးနဲ့ ပေါက်ယင်တော့ ကံကောင်းတယ် အောက်မေ့နေတာ....(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဃောရဝိသံ ဟော့-ဟိုမှာ အဆိပ်တွေကွ၊ အာနန္ဒာကြည့်စမ်း၊ ဟိုမှာ ငွေတုပ်ကြီးမြင်တော့ အဆိပ်တွေပြောနေတာ .... (မှန်ပါ) မပြောဘူးလား .... (ပြော ပါတယ်ဘုရား)။

ဘုရားကတော့ပြန်ကြွသွားတာဘဲ၊ အဆိပ်တွေက မြွေတွေက ကိုက်လိုက်မယ်ကွ၊ ပြောပြီးပြန်သွားတာဘဲ၊ ဟိုမှာ လယ်ထွန် သမားက မြွေဆိုတော့ သွားကြည့်တော့ ငွေဖြစ်နေတော့ သိမ်းပိုက်ထားတော့ စိုင်းပြီးရိုက်တာပေါ့ ....( မှန်ပါ ) ကဲ... ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအကျိုးပေးကို မိမိပြုတာလား... (မိမိ ပြုတာမဟုတ်ပါဘုရား)သူတပါးပြုတာလဲ မဟုတ်ဘူး (မှန်ပါ) သူတပါးဆိုယင် ဒါ ခင်ဗျားတို့ ပုဂ္ဂိုလ် ဖြစ်သွားလိမ့်မယ် ... (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

မိမိပြုတာလား....( မဟုတ်ပါ ) မိမိဆိုလို့ရှိယင်လဲ ဒီဥစ္စာ သဿတဒိဋ္ဌိဖြစ်ပြီ....(မှန်ပါ့ဘုရား)။

ကံကို မိမိယူယင်....( သဿတဒိဋ္ဌိပါ ) အေး....ကံက ကံဘဲ မိမိဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါမဖြစ်ရဘူး.... ( မှန်ပါ )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူတပါးလား....(မဟုတ်ပါဘုရား) မိမိသူတပါးနှစ်ဦးသား ပြုတာကော— ( မဟုတ်ပါဘုရား ) အလိုလိုဖြစ်တာလား .... (မဟုတ်ပါ)ဒါဖြင့် ဘာတုံး ဒီအကျိုးပေးဟာ သုညတမွကာ လုပ်လိုက်တာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက လုပ်သတုံး.... (သုညတမွကလုပ်ပါတယ်ဘုရား)။ ဒါမှ သူ-သုညတက ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့တရားက လုပ်တယ် (မှန်ပါ) အဲဒါ ခင်ဗျားတို့က ငါလုပ်လို့ ငါခံရတာ....တဲ့.... (မှန်ပါ)။

ခင်ဗျားတို့ ဘယ်လိုပြောလေ့ရှိသတုံး.... (ငါလုပ်လို့ ငါခံ ရတယ် ပြောလေ့ရှိပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့ သုညတ ကို နားမလည်တဲ့အတွက် ဒီမှာ သဿတ ဝင်နေတာ.... (မှန်ပါ ဘုရား)။

သုညတနားမလည်လို့ ဘာဝင်လဲသတုံး.... (သဿတ ဝင် လာပါတယ်ဘုရား)။

တယ်လဲ ကြောက်စရာကောင်းပါလား ခင်ဗျားတို့ ဥစ္စာက၊ တဖက်က နည်းနည်းကလေး လျှော့ပေးလိုက်ပြန်လို့ ရှိယင်လဲ ဒိဋ္ဌိက ဝင်အောင် ထိုးသွင်းလိုက်တယ်....(မှန်ပါ)။

တဖက်ကိုသာသာကလေးပြောလိုက်ပြန်လို့ရှိယင်လဲ ခင်ဗျား တို့က မဟုတ်တာကြီးစွဲပြီးသကာလ ပြင်းပြင်းထန်ထန် လုပ်ကြ တယ်....(မှန်ပါ) အလည်လမ်းကို ခင်ဗျားတို့ မရောက်နိုင်ဘူး ... ( မရောက်ပါဘုရား ) အတော် ကြောက်စရာ ကောင်းနေပြီ.... (မှန်ပါ)။

ကဲ....ဒါဖြင့် သွား၊ ဒီကံ ဘယ်ကလာသတုံး-သွားဦး မနေက လိုဘဲနော်၊ ဥပါဒါန်က လာတယ်.... ( မှန်ပါ ) သဘောကျ ပလား....( ကျပါပြီ ) ဥပါဒါန်က သမုဒယသစ္စာ ကံက ဒုက္ခ သစ္စာ....(မှန်ပါ) ခင်ဗျားတို့က ဒီကံကို ဒုက္ခသစ္စာလို့ မထင်ဘူး (မှန်ပါ-မထင်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဥပါဒါန် ဘယ်သူက လုပ်သတုံး.... (တဏှာက လုပ်ပါတယ်ဘုရား) တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က.... (ဒုက္ခသစ္စာပါဘုရား) ဒါ....ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ လာ တယ်....(မှန်ပါ)။

ကောင်းပြီ ...ဒီတဏှာကလဲ ဥပါဒါန့်ကံတွေကို အို့နာ့သေ တွေကို လုပ်လိုက်တယ်၊ ဘယ့်နှယ်ကြောင့် ဒီ တဏှာတွေက အို့နာ့သေကျအောင်ဘဲ ဆက်သွယ်ပေးပါလိမ့်မတုံး....ဆိုတော့ ခင်ဗျားတို့က ခန္ဓာငါးပါးကို ဒုက္ခသစ္စာတရားလို့ မသိလို့ နော်....(မှန်ပါ)။

ခန္ဓာငါးပါးကို... (ဒုက္ခသစ္စာတရားလို့ မသိလို့ပါဘုရား) မသိတော့ ခင်ဗျားတို့က ခင်လိုက်တယ်... (မှန်ပါ) ခင်လိုက်ပြီး စွဲလမ်းလိုက်တယ်... (မှန်ပါဘုရား) စွဲလမ်းလိုက်တော့ကို ရရာရ ကြောင်း အားထုတ်တယ်.... ( မှန်ပါ ) အားထုတ်တဲ့အတွက် ဟိုမှာ ဘာတွေရသလဲ ( ဇာတိ,ဇရာ,မရဏရပါတယ်ဘုရား ) ဘာသစ္စာတွေ ရသတုံး....(ဒုက္ခသစ္စာတွေရပါတယ်ဘုရား)။

ဩော်....ဒီဟာ ဒုက္ခသစ္စာမသိလို့ ဒီဟာ ဒုက္ခသစ္စာရကာ.... (မှန်ပါဘုရား) မူလပစ္စုပ္ပန်ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာနဲ့ အနာဂတ် ဒုက္ခသစ္စာရတယ်နော် (မှန်ပါ-ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခုရ,ထားတာကနောက်ဘဝက ခန္ဓာကို ဒုက္ခသစ္စာလို့မသိခဲ့ဘူး....(မှန်ပါ)ယခု ရ,ထားလို့ အတူတူနေရတယ်....(မှန်ပါ) ဒုက္ခသစ္စာနဲ့ အတူတူမနေရဘူးလား.... (နေရပါတယ်ဘုရား)။

ဒုက္ခသစ္စာနဲ့ အတူတူ နေရတာကို တခါ ဒီဒုက္ခသစ္စာကို ခင်ဗျားတို့က သိအောင် အားမထုတ်ပြန်ဘူး ဆိုလို့ရှိဟင်လဲ ဒီဒုက္ခသစ္စာက ဒီနေရာ ပြန်ရောက်မှာဘဲ....(ရောက်မှာပါဘုရား) မရောက်ပေဘူးလား...(ရောက်ပါတယ်ဘုရား)ရောက်မယ်ဆိုတာ သေချာပလား...(သေချာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာက ဒုက္ခပြီး ဒုက္ခရှာတယ်...(မှန်ပါ) ရော...ခက်နေပြီကော၊ ခင်ဗျားတို့ သုခကို တခါမှ မရှာဘူးဘူး (မှန်ပါ) ဘာပြီး ဘာရှာနေသတုံး... (ဒုက္ခပြီး ဒုက္ခရှာနေပါတယ်ဘုရား)။

အံမာ.... ရှူးချက် အတော်သန်နေပါကလားလို့ ဆိုမလား၊ ဘယ့်နှယ်ဆိုကြမလဲ-(ရှူးချက်သန်နေပါတယ်ဘုရား) ရှင်းပလား (မှန်ပါ)။

ဒုက္ခပြီးယင် ဘာရှာသတုံး....(ဒုက္ခရှာပါတယ်ဘုရား)ဒုက္ခပြီး ဒုက္ခရှာတယ်ဆိုတဲ့ဥစ္စာ အခု...ဉာဏ်မျက်လုံးနဲ့ ကြည့်လို့သာ သြော်....ဒုက္ခပြီး ဒုက္ခရှာတာဘဲ...၊ နောက်ဘဝက ဒါတွေ ဒုက္ခသစ္စာလို့မသိခဲ့လို့ တဏှာ, ဥပါဒါန်, ကံနဲ့ ခင်လို့ ယခု ဒုက္ခသစ္စာ ရပြန်တယ်...(မှန်ပါ)။

ယခု အနာဂတ်ဘဝရောက်ခဲ့ပြီ....၊ ရောက်ပေမဲ့လဲ ဒီဟာတွေက ပြီးခဲ့တယ်၊ ဒါ...ပစ္စုပ္ပန်ပြန်ဖြစ်တယ်....(မှန်ပါ)ဒါကြီး

ဒုက္ခသစ္စာ မသိလိုက်လို့ရှိယင် ဒီသုံးခု ပြန်လာဦးမယ်....(မှန်ပါ ဘုရား) လာယင် ဟိုဘက် ဘဝလာဦးမသဲ.... (ဒုက္ခသုံးပါးလာ ပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီ-ဒုက္ခမသိလို့ ဒီဒုက္ခရတယ်- (မှန်လှပါ ဘုရား) ဒီဒုက္ခ မသိပြန်လို့ရှိယင်....(နောက်ဒုက္ခရပါမယ်ဘုရား) နောက်ဒုက္ခမသိပြန်ယင်....(နောက်ဒုက္ခရပါမယ်ဘုရား)။

နို့.... ခင်ဗျားတို့ဟာက ဘာတွေ အမွေပြန်ရနေသတုံး.... (ဒုက္ခတွေ အမွေပြန်ရပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒုက္ခဘဲ အမွေခံ ရနေတယ်ဆိုတဲ့ဥစ္စာ ဒါဖြင့်.... ခင်ဗျားတို့ အကဲခတ်ကြည့်လို့ရှိယင် ပေါ်ပြီ....(မှန်ပါဘုရား) ဘယ်တော့မှ ဝိပဿနာများ လုပ်ဘူးပုံ မရပါဘူး.... (မှန်လှပါ-မရပါဘုရား) ဘယ်တော့မှ ဝိပဿနာလုပ်ဘူးပုံမရဘူး၊ ဝိပဿနာလုပ်ဘူးလို့ ရှိယင် ဝိဘင်းပါဠိတော်က သစ္စာနုလောမိကဉာဏ်ဆိုတာ ရှည် ရှည်ပြောနေတာမဟုတ်ပါဘူး" ရူပံ အနိစ္စံ ဒုက္ခံ"- အနိစ္စ ဆိုတာ ပါဘဲ၊ ဒုက္ခဆိုတာပါဘဲတဲ့.... (မှန်ပါဘုရား) အနတ္တဆိုတာဘဲ ဆိုတော့ အဲဒီ့ သစ္စာနုလောမိကဉာဏ်ကို မရခဲ့ဘူး.... (မရပါ) ရှင်းပလား.... ရှင်းပါပြီဘုရား)။

ဒီဘဝက မရခဲ့လို့ရှိယင်လဲ ဒီဒုက္ခနဲ့ မြဲဘယ်... ( မှန်ပါ ) အခု ဒီဘဝရောက်ပြီနော်....(မှန်ပါ) ဒီဘဝမှာ ဒါကို ဒုက္ခသစ္စာ လို့ သစ္စာနဲ့လျော်စွာ သိတဲ့ဉာဏ် ခင်ဗျားတို့မရသေးလို့ရှိယင်

ဒီဒုက္ခသွားဦးမယ် အနာဂတ်တမျိုးနဲ့ — (မှန်ပါ) မသွားပေဘူး လား — (သွားပါတယ်ဘုရား) ရှင်းပြီနော် … (ရှင်းပါပြီဘုရား)။

ကဲ…. ဒါဖြင့် မနေ့က အစေလက ဓာသာပကို ပြန်ဆက် သူ့ ဝတ္ထုနဲ့သူ….(မှန်ပါဘုရား) ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံသွားတော့ အစေလဓာတသာပက ဟောဒီဒုက္ခတွေ မိမိပြုတာလား — ဆိုတော့ ဘုရားက မဟုတ်ဘူးကွ….တဲ့….(မှန်ပါ) မိမိ သူတပ ါး နှစ်ဦးသား ပြုတာလားလို့ မေးပြန်တော့….(မဟုတ်ပါဘုရား) အလိုလို ဖြစ် တာလားလို့ မေးပြန်တယ်….(မဟုတ်ပါဘုရား) လေးချက်ရှိပြီ နော် — (မှန်ပါ) နောက်နှစ်ချက် နားထောင်ဦး။

ရှင်ကြီးဂေါတမ … တဲ့၊ ဒုက္ခမရှိဘူးလား….လို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ…. (ရှိတယ်လို့ ဖြေပါတယ်ဘုရား) ဒါကြီးရှိနေတယ် — (မှန်ပါ)။

တခါဆက်မေးပြန်တယ်၊ ရှင်ကြီးဂေါတမ ဒုက္ခမသိဘူးလား လို့ မေးပြန်တော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ… (သိတယ်လို့ ဖြေပါတယ်ဘုရား) နောက်နှစ်ချက်ကျတော့ အဖြေထွက်တယ် နော်….(မှန်ပါ) ဒုက္ခဟာလဲ ရှိလဲ·ရှိတယ်တဲ့၊ သိလဲသိတယ်တဲ့ — (မှန်ပါ)။

ဒါဖြင့် ရှင်ကြီးဂေါတမ ဒုက္ခရှိတယ်လို့လဲပြောတယ်၊ သိတယ် လို့လဲပြောတယ်၊ ဟောစမ်းပါတဲ့…(မှန်ပါ)။

ကွာ…တဲ့ ငါမဟောခင် မင့်ကို ဆုံးမစရာရှိသေးတယ်တဲ့….၊ မဟောသေးပါဘူးတဲ့၊မင့်ကို ဆုံးမ ရဦးမယ်တဲ့… (မှန်ပါ)မင်းက ဟောဒီဒုက္ခကို မိမိပြုသလားလို့ မေးတယ်တဲ့ — (မှန်ပါ)။

မိမိပြုတယ်ဆိုယင် ဟောဒီကံကို သူ့မိမိယူလိမ့်မယ် (မှန်ပါ) ဥပါဒါန်ကို မိမိယူလိမ့်မှယ်၊ တဏှာကို မိမိယူမှာပါ.... ( မှန်ပါ ဘုရား)။

တဏှာဥပါဒါန်ကံတို့ကတော့ ဒါလုပ်တာကိုး၊ သူတို့က သမုဒယသစ္စာသုံးခု သူက ဒုက္ခသစ္စာတခု၊ ပဋိသန္ဓေဒါမင်္ဂကျမှ ဒါတွေက သိနိုင်မယ်နော်.... (မှန်ပါ) အဘိဓမ္မာပိဋကတ် ဓမ္မ သင်္ဂဏီလောက် ကြည့်လျှင်တော့ ဒါကလေးတလုံးတည်းယူထား တယ်....(မှန်ပါ)။

ကိုင်း.... ဒါဖြင့် ဒုက္ခမိမိပြုတာလားလို့ မေးတော့ ငါက မဟုတ်ဘူးလို့ ဖြေလိုက်တယ်....(မှန်ပါ) ဖြေရမယ်ကွ၊ မဖြေယင် မင့်အတွက် ဒါအများကြီးခက်သွားမယ်....(မှန်ပါ)။

မင့်အတွက် အများကြီးခက်သွားမယ်တဲ့ ဒီဒုက္ခကို မိမိပြုတာ လားလို့ မေးလို့ရှိယင်ဖြင့်တဲ့ မိမိပြုလို့ မိမိဒုက္ခရောက်တယ် ဆိုတော့ မိမိ တဆက်တည်း မနေဘူးလား.... ( နေပါတယ် ဘုရား)။

မိမိ တဆက်တည်းနေတော့ မိမိဟာ ဒီကြားထဲမှာ အခြား မရှိတော့ဘူး အနန္တရမရှိတော့ဘူး....(မှန်ပါ) အနန္တရမရှိတော့ သဿတသွားဖြစ်တယ်.... (မှန်ပါ) မဖြစ်ဘူးလား.... ( ဖြစ်ပါ တယ်ဘုရား)။

အဲ... ဒုက္ခဟာ မိမိပြုတာလားလို့ မေးလိုက်တော့ မင်းက မိမိပြုတယ်လို့ ငါဟောလိုက်လို့ရှိယင်မင်းဟာ သဿတဒိဋ္ဌိ ဖြစ် ရှာတော့မယ်....(မှန်ပါ)။

သဿတဒိဋ္ဌိဖြစ်လို့ရှိယင် မိစ္ဆာဒိဋ္ဌိဖြစ်တာဘဲကွ၊ မိစ္ဆာဒိဋ္ဌိထက် အပြစ်ကြီးတာလဲ ငါဘုရားရှာမတွေ့ဘူးတဲ့.... ( မှန်ပါ ဘုရား)။

ဘုရားအဆူဆူ ချွတ်တာတောင် ရနိုင်ခဲတယ် .... (မှန်ပါ) မိစ္ဆာဒိဋ္ဌိ ဇီဝတလုံးရှိယင် သံသရာ့သစ်ငုတ်မှတ်ပါ.... ( မှန်ပါ ဘုရား)။

သဿတဒိဋ္ဌိရှိယင် ဘယ့်နှယ်ဆိုမလဲ.... (သံသရာ့သစ်ငုတ်ပါ ဘုရား)ဘုရားအဆူဆူ ခလုတ်သာတိုက်သွားတယ်၊တကယ်မကျွတ်ဘူး....(မှန်ပါ) သဘောပါပလား... (ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ ကိုယ်ပြုလို့ ကိုယ်ခံရတယ်ဆိုတာ ခင်ဗျားတို့မှာ ဘာဒိဋ္ဌိရှိသတုံး ... (သဿတဒိဋ္ဌိရှိပါတယ်ဘုရား) အဲဒါ ဗုဒ္ဓဘာသာတွေမှာတောင် ရှိနေတတ်တဲ့ မိစ္ဆာဒိဋ္ဌိခေါ်တယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာခေါ်ကြမယ်.... (ဗုဒ္ဓဘာသာတွေမှာ ရှိနေတတ်တဲ့မိစ္ဆာဒိဋ္ဌိပါဘုရား) ကိုယ်ပြုလို့ ကိုယ်ခံရတယ်.... (မှန်ပါ) ဒါလဲ ကိုယ်ဘဲ၊ တဏှာဥပါဒါန်ကံကိုလဲ ကိုယ်ယူတယ်.... ( မှန်ပါ ဘုရား)။

ဒီကို ဇာတိဇရာမရဏကိုလဲ....(ကိုယ်ယူပါတယ်ဘုရား) ကိုယ်ပြုလို့...(ကိုယ်ခံရတယ်ဘုရား) ပြုတ်သေးရဲ့လား.... (မပြုတ်ပါ ဘုရား) ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါဘုရား)။

အဲဒီ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရှိနေလို့ရှိယင်ဖြင့်တဲ့ ငါ.... ဘုရားသခင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်....

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယံ ဧဝံ မဟာသာဝဇ္ဇံ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊
မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ... (မှန်ပါ့) မိစ္ဆာဒိဋ္ဌိလောက်အပြစ်ကြီးတာ ငါ-ရှာလို့ကို မတွေ့ဘူးတဲ့၊ ပဥ္စာနန္တရိယကံထက်ကြီးသေးတယ်....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ သဿတဒိဋ္ဌိ သွားပြီးဖြစ်နေတယ်- (မှန်ပါ့) အဲဒါ ကမ္မဿကတ သမ္မာဒိဋ္ဌိလောက် ယူထားတဲ့ ပုဂ္ဂိုလ်ဟာ မိစ္ဆာဒိဋ္ဌိမလွတ်သေးဘူး...(မှန်ပါ့)။

ပဏ္ဏာသမှာလဲ ဒီအတိုင်းလာတာဘဲ၊ ခုနင်က အင်္ဂုတ္တိုရ်ကတော့ မိစ္ဆာဒိဋ္ဌိ အပြစ်ကြီးကြောင်းလာတယ်၊ ပဏ္ဏာသကတော့ ကမ္မဿကတဉာဏ်လောက်နဲ့ လူ့ဒါန်း ပေးကမ်းနေတဲ့ ပုဂ္ဂိုလ် မိစ္ဆာဒိဋ္ဌိ မလွတ်ပါဘူးကွာတဲ့...(မှန်ပါ့)။

သူလုပ်လို့ သူရတာတာ...(မှန်ပါ့) မယူဘူးလား (ယူပါတယ်ဘုရား) ဘာဒိဋ္ဌိဖြစ်နေသတုံး.... ( သဿတဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) သဘောပါပလား...(ပါ-ပါတယ်ဘုရား)။

အဲဒါကြောင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ်သမ္မာဒိဋ္ဌိ ဖိုလ်သမ္မာဒိဋ္ဌိလို့ သမ္မာဒိဋ္ဌိတွေ အများကြီးရှိတာကို ခင်ဗျားတို့က တလုံးတည်းယူထားလို့ ဂွကျနေတယ်... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ တော်သေးလောက်ပလား.... (မတော်လောက်ပါဘုရား) မတော်လောက်သေးဘူးတဲ့၊ ဒါ-

သေသေချာချာ မှတ်ရမယ်...(မှန်ပါ) သဿတ မလွတ်ဘူးတဲ့၊ လွတ်ပလား(မလွတ်ပါဘုရား) ကိုယ်ပြုလို့ ကိုယ်ရတယ်ဆိုတော့ ဒါ ဘာဒိဋ္ဌိတုံး...(သဿတဒိဋ္ဌိပါဘုရား)။

နို့- ကမ္မဿကတဉာဏ်နဲ့တော့ မဟုတ်ဘူးလားဗျ၊ သူပြု ထားတာ သူ့အကျိုးပေးတာ- ဆာယာဝ အနုပါယိနီ မဟုတ် ဘူးလား...(မှန်ပါ) စက္ကံ၀ ၀ဟတောပဒံ....တဲ့ ဓမ္မပဒပါဠိ တော်ကလာတယ်၊ သုတ္တန်နည်းတွေ့ နေယျတ္ထဒေသနာတော် တွေ နီတတ္ထဖောမဟုတ်ဘူး.... (မှန်ပါ) ဘယ်မှာ နောက်က လိုက်နေတယ်ဆိုယင် သဿတဖြစ်မှာပေါ့...(မှန်ပါ)။

အဲဒီတော့ နေယျတ္ထဒေသနာ ဆောင်ပြီး ခင်ဗျားတို့ နား လည်အောင် ဟောထားတော့ ခင်ဗျားတို့က တိုက်ရိုက်ယူထား လို့ ဝွကျတာ....(မှန်ပါဘုရား) သဘောပါပလား... (ပါ-ပါပြီ ဘုရား)။

ဘုရားကတော့ သိလွယ်အောင်လို့ ပြောသာ.... ဒီလိုမှ ပြော လို့ရှိယင်လဲ သူတို့ဘာမှ နားလည်တော့မှာမဟုတ်ဘူး၊ ခင်းတို့ နောက်က ကံက အမြဲလိုက်နေတယ်ကွာ လို့ ဟောလိုက်တာ... (မှန်ပါ)။

ဘယ်မှာ အကောင်အထည်ကြီးနဲ့တော့ လိုက်နိုင်လိမ့်မယ်ဗျ၊ စေတနာဆိုတာ အနိစ္စ၊ သင်္ခတဓမ္မဆိုတာ အနိစ္စ ဆိုတာ ဘယ်မှာ လိုက်နေနိုင်လိမ့်မလဲ၊ လိုက်နိုင်ပါ့မလား . (မလိုက်နိုင်ပါဘုရား) ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

အကြောင်းအကျိုး သဘောဆက်စပ်မှုကို ဆောင်ဟောထား တာ ခင်ဗျားတို့က တိုက်ရိုက်ယူစလိုက်တယ်...(မှန်ပါ) ဥပမာ

အားဖြင့် ပြရလို့ရှိယင် ဒီလိုတော့ ဖြစ်တတ်ပါတယ်ကွာလို့ ဥပမာပြောတဲ့ဥစ္စာကို ခင်ဗျားတို့ ဥပမာပြောတဲ့ဥစ္စာကိုတကယ် လိုက်တယ် ယူထားပစ်လိုက်တယ်....(မှန်ပါ) မဆိုးဝါးဘူးလား- (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဘာဒိဋ္ဌိဖြစ်နေသလဲ... (သဿတ ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား ) အဲ.... ကမ္မဿကတဉာဏ်လောက် ပုဂ္ဂိုလ်ဟာ သဿတဒိဋ္ဌိ မလွတ်ဘူးတဲ့.... (မှန်ပါ)ပဏ္ဏာသ အဋ္ဌ ကထာမှာ သိပ်ဖွင့်တာဘဲ ဒီဥစ္စာ....(မှန်ပါ)။

အတ္တဒိဋ္ဌိ ပရာမသတ္တာ = အတ္တဒိဋ္ဌိကို သုံးသပ်သည်ဖြစ်သော ကြောင့် ကမ္မဿကတဉာဏ်ဟာ ဒါကြောင့်သူ့အာသဝနယ်က မလွတ်ဘူးဟော့တဲ့.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

နတ်ရွာသုဂတိပို့လိုက်တော့ သူ့ အာသဝနယ်မကျဘူးလား (ကျပါတယ်ဘုရား) နိဗ္ဗာန်ရောက်နိုင်ပါ့မလား.... (မရောက်နိုင် ပါဘုရား) အာသဝနယ်က မလွတ်ဘူးတဲ့၊ ရှင်းပြီနော်....(ရှင်းပါ ပြီဘုရား)။

ဒါကြောင့် တရားဟော မလွယ်ဘူးဆိုတဲ့ဥစ္စာက ကိုယ်ဟော လိုက်တာက ကိုယ်ကမှ မပိုင်တော့ နိစ္စတ္တလား, နေယျတ္တလား မသိ၊ ကျမ်းကလဲမစုံတော့ ထင်မိထင်ရာ စွတ်ပြောရော- ကိုယ်ပါ ဒိဋ္ဌိဖြစ်နေတယ်....(မှန်ပါ) ဘယ်လောက် ကြောက်စရာကောင်း သလဲ....(ကောင်းပါတယ်ဘုရား)။

ကိုယ်ပါ ဘာဖြစ်နေသတုံး .... (ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) သိပ်ကြောက်စရာ ကောင်းတယ်တဲ့၊ ရှင်းပလား... ( ရှင်းပါပြီ ဘုရား)။

ပြီးတော့ သုညတသဲ နားမလည်တဲ့အတွက် ဒါတွေဟာ မိမိ လာတာဖြစ်နေတယ် .... (မှန်ပါ) မိမိပုဂ္ဂိုလ် မိမိဖြစ်တာလား အစေလကကဿပမေးသလိုဖြစ်နေတယ်....(မှန်ပါ) ကြောက်စရာ မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

အေး...ဒါကြောင့် ခင်ဗျားတို့ အလုပ်ကြိုးစားလုပ်၊ အလုပ် ကြိုးစားမလုပ်ယင် သုညတကမတွေ့ဘူး.... (မှန်ပါ)မတွေ့သေး လို့ရှိယင် တခါတည်း ဒီအထဲမှာ ငါလုပ်လို့ ငါရတာဆိုတာ လာနေမှာဘဲ....(မှန်ပါ) မလာပေဘူးလား(လာပါတယ်ဘုရား) အလွန်အရုပ်ဆိုးသနော်....(မှန်ပါ)။

ကဲ... တခါ သွားပါဦး၊ အစေလက ကဿပ တချက်မေး တာ ဘုရားက ဖြေလိုက်တယ်နော်....(မှန်ပါ) ရှင်ကြီးဂေါတမ ဒုက္ခ မိမိပြုတာလားဆိုတော့ ဘုရားကမဟုတ်ဘူးကွတဲ့...(မှန်ပါ ဘုရား)။

မိမိပြုတာလို့ဆိုယင်ဒီအစေလကကဿပ ဘယ်သွားမယ်ထင် ကြသလဲ....(သဿတဒိဋ္ဌိဘက်သွားပါမယ်ဘုရား) ဒုက္ခ မိမိပြုတာ လား၊ အေး....မိမိပြုတယ်လို့ ပြောလိုက်လို့ရှိယင် အစေလက ကဿပ ဘယ်ထဲသွားမယ်ထင်သတုံး.... (သဿတဒိဋ္ဌိထဲသွားပါ မယ်ဘုရား) သွားပြီအပါယ်၊ သဿတဒိဋ္ဌိစွန်းတာနဲ့ (မှန်ပါ ဘုရား)။

သုဂတိကတော့ ရောက်တော့ ရောက်မှာဘဲ ရောက်ပြီး အပါယ်ပြန်သွားမယ်....(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား) ဘာဒိဋ္ဌိစွဲလိုက်လို့လဲ....(သဿတဒိဋ္ဌိစွဲလို့ပါ) သဘောပေါ်ပလား (ပေါ်-ပါပြီဘုရား)။

တခါ ဒုတိယမေးခွန်း သူမေးပြန်တယ်၊ ရှင်ကြီးဂေါတမ ဒုက္ခကို သူတပါးပြုတာလားတဲ့၊ ဒါ သူညတနားမလည်လို့ .... (မှန်ပါ)ဒုက္ခ သူတပါးပြုတာလားလို့ မေးလိုက်တော့ မဟုတ်ဘူးလို့ဘဲ ဘုရားကဖြေတယ်...(မှန်ပါဘုရား)။

ဒီလိုမဟုတ်ဘူးတဲ့၊ သူတပါးပြုတယ်ဆိုရင် သူက ဥစ္ဆေဒဒိဋ္ဌိဘက် သွားတော့မယ်....(မှန်ပါ) ပြုတဲ့လူက သူတပါး၊ခံတဲ့လူက တခြား...(မှန်ပါ)မဟုတ်ဘူးလား.... ( မှန်ပါ ) ဘာဒိဋ္ဌိဖြစ်နေသတုံး....(ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နေပါတယ်) အကြောင်းအကျိုး ဆက်သေးရဲ့လား....(မဆက်ပါဘုရား)။

ပြုတဲ့လူက တယောက်၊ ခံတဲ့လူက....( တယောက်ပါ ) ဒီလိုပြောလိုက်ပြန်တော့ ဘုရားက မဟုတ်ဘူးလို့ ဖြေလိုက်တယ်.... ( မှန်ပါ ) သူ့အယူအတိုင်းဖြေလိုက်ယင် ဟုတ်တယ်ကွ ဖြေလိုက်ယင် သူဥစ္ဆေဒဒိဋ္ဌိဘက် သွားမယ်...( မှန်ပါ ) မသွားပေဘူးလား... (သွားပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူမေးတာလေးခွန်းပေါ့ဗျာ....( မှန်ပါ ) မိမိသူတပါး နှစ်ဦးသားပြုတာလားဆိုတော့ သဿတ,ဥစ္ဆေဒရောမေးတာ....(မှန်ပါ) အလိုလိုဖြစ်တာလားလို့ သူမေးလိုက်တယ်၊ အဲဒါ အဟေတုကဒိဋ္ဌိ

သူမေးချလိုက်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) အဟေတုကဒိဋ္ဌိလဲ မဟုတ်ဘူးကွ ဖြေလိုက်တယ် ဘုရားက .... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပြောစမ်းပါဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကလုပ်တာ .... (မှန်ပါ)သဘောကျပလား....(ကျပါပြီ) ဘယ်သူကလုပ်တာတုံး (ပဋိစ္စသမုပ္ပါဒ်က လုပ်တာပါဘုရား)။

ဒုက္ခဟူသရျကို ဘယ်သူက လုပ်တာတုံး.... (ပဋိစ္စသမုပ္ပါဒ်က လုပ်တာပါ) ဒါဖြင့် သူက ပဋိစ္စသမုပ္ပါဒ်၊ ဒုက္ခကပဋိစ္စသမုပ္ပန္န (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကြောင်းက....( ပဋိစ္စသမုပ္ပါဒ်ပါ ) အကျိုးက .... (ပဋိစ္စသမုပ္ပန္နပါ)အဲ....ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တယ်.... ( မှန်ပါ ) ဒါကြောင့် သြော်....ဒုက္ခဟူသရျ ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တယ် ခင်ဗျားတို့တဖွဲ့လုံး ဆုံးဖြတ်ချက်ချပါ....(မှန်ပါဘုရား)။

ဒုက္ခဟူသရျ....( ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်ပါတယ် ) ဘယ်သိကြားကလာပြီး နှိပ်စက်လို့ ဘယ်သူကလာပြီး နှိပ်စက်လို့ မဟုတ်ဘူးဒီဥစ္စာ.... ( မှန်ပါ ) ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာ.... (မှန်ပါ)ရှင်းပလား ..(ရှင်းပါပြီဘုရား)။

ဘယ်သိကြား ဗြဟ္မာ ဘယ်သူက ဘယ်စိုးကြောင့် ဘာမှ မဆိုင်ဘူး၊ ဒုက္ခဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့်ဘဲ.... (မှန်ပါဘုရား) ဘယ်သူ့ကြောင့်တုံး.... (ပဋိစ္စသမုပ္ပါဒ်ကြောင့်ပါ) ဒုက္ခဟူသရျ ဘယ်သူ့ကြောင့်တုံး....(ပဋိစ္စသမုပ္ပါဒ်ကြောင့်ပါဘုရား)။

ခင်ဗျားတို့ စဉ်းစားဘို့ကောင်းပါတယ်၊ သြော်....ဒုက္ခမျိုးစုံ အကုန်ချုပ်ချင်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ပြတ်မှဘဲ .... ( မှန်ပါ ) ပေါ်ပြီဟင်....(မှန်ပါဘုရား)။

ဒုက္ခမျိုးစုံ အကုန်ချုပ်ချင်ယင်— (ပဋိစ္စသမုပ္ပါဒ်ပြတ်မှပါ) အဲဒါကျတော့ ခင်ဗျားတို့က မလုပ်ဘူး၊ဟုတ်လား ယတြာတော့ ချေနေတယ်....(မှန်ပါ) အတော်ရှော်တဲ့လူတွေ- ရိပ်မိပလား— (ရိပ်မိပါပြီဘုရား)။

လွဲတာက အင်မတန်လွဲနေလို့ ဒါ သိပ်ပြီးတည့်နေရတာ.... ( မှန်ပါ ) ဒုက္ခမျိုးစုံ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းချင်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ပြက်အောင် လုပ်ရမယ်....( မှန်ပါ ) သဘောကျပ လား....(ကျပါပြီဘုရား)။

ဒုက္ခမျိုးစုံ ချုပ်ငြိမ်း ရိုပ်သိမ်းချင်ယင် .... (ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်ရပါမယ်) ဒီ့ပြင် ဘာမှမလုပ်နဲ့၊ သဘောကျပ လား....(ကျပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နည်းကိုပြောကြပါစို့ ဆိုတော့ ခင်ဗျားတို့ နေ့တိုင်းဟောနေတဲ့ ခန္ဓာ့နောက်က မဂ်လိုက်ရမယ် (မှန်ပါဘုရား)။

ခန္ဓာ့နောက်က ဘာလိုက်ရသလဲ....(မဂ်လိုက်ရပါမယ်ဘုရား) မဂ်လိုက်ယင် တဏှာ့ဥပါဒါန်ကံ ဘယ့်နှယ်တုံး....(ပြတ်ပါဘယ် ဘုရား) လာပါစေသတည်းဆိုလို့.... ( မရပါဘုရား )သွားစေ သတည်းဆိုလို့ — ( မရပါ ) လာပါစေသတည်း, သွားပါစေ သတည်းဆို၍ မဂ်ကိုမရဘူး....(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝင္ကတိုတိုနဲ့ မဂ်ဖိုလ်ရရပါလို၏ ဘုရားလို့ ဘုရားရှေ့သွားသွားပြီး ခင်ဗျားတို့က ပူစာတာ ဘာဖြစ်လို့ ပူစာရသတုံးလို့ဆိုလို့ရှိယင် အမေမှတ်နေလို့လား- မဟုတ်ဘူး။ သူ့အာရုံနဲ့ သူတိုက်မှ ပေါ်မယ်....( မှန်ပါဘုရား ) သူ့အာရုံနဲ့

သူမတိုက်လို့ရှိယင်....(မပေါ်ပါ)ဒါဖြင့် သူ့အာရုံနဲ့ သူတိုက်တို့ သိပ်အရေးကြီးတာဘဲ....(မှန်ပါ) ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

ကဲ-ဒါဖြင့် သူ့အာရုံနဲ့ သူတိုက်တယ်ဆိုတော့ ခန္ဓာနဲ့ဥာဏ်နဲ့ သွားတိုက်ရမယ်...(မှန်ပါ ဘုရား)။

ခန္ဓာဆိုတာသည် တကာတကာမတို့ ငါးပါးရှိတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ) ငါးပါးတွင် တပါးပါးနဲ့ ဥာဏ်နဲ့ ဟာဖြင့် တိုက်ရမယ်၊ မတိုက်ဘဲဖြစ်ကိုမဖြစ်ဘူး (မှန်ပါဘုရား)။

ပဌာန်းပါဠိတော် သွားကြည့်၊ ပဌာန်းပါဠိတော် ဆိုတာ ပုဂ္ဂိုလ်,သတ္တဝါငဲ့ပြီးဟောတဲ့ တရားမဟုတ်ဘူး- ဓမ္မနိယာမတရား ဟုတ်လား.... ( မှန်ပါ ) နိတတ္တတရား- တိုက်ရိုက်ဟောတာ၊ နေယျတ္တဆောင် သိမနေနဲ့၊ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

"သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ဒီသင်္ခါရတွေကို အနိစ္စ,ဒုက္ခ,အနတ္တ,ဝိပဿနာလုပ်မှ မဂ်ပေါ်မှာ (မှန်ပါ)သင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပဿနာရှုမှ ရှုတဲ့မဂ် ပေါ်မယ်...(မှန်ပါဘုရား)။

"သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" သင်္ခါရတွေကိုဝိပဿနာရှုမှ မဂ်ဖြစ်တယ်တဲ့၊သင်္ခါရကို ဝိပဿနာ မရှုယင်....(မဂ်မဖြစ်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ...မဂ်ဟာ ဆုတောင်းလား- သင်္ခါရကိုအာရုံပြုရမှာလား (သင်္ခါရကို အာရုံပြုရမှာပါ) * ဒါဖြင့် ခင်ဗျားတို့က ဘုရား

---

* ဝိပဿနာမဂ်ကို ဆိုလိုသည်။

ရှေ့သွားပြီး တောင်းနေရုံနဲ့ ဘယ်ကလာ ရမှာတုံး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သင်္ခါရကို အာရုံပြုမှ ဝိပဿနာမဂ်ပေါ်မယ်၊ နို့မဟုတ်ယင် အာရုံအာရမ္မဏိက တလွဲဖြစ်မှာပေါ့(မှန်ပါ) အာရုံအာရမ္မဏိက ဆိုတာ လွဲကောင်းတာလား- မလွဲဘဲနေရမှာလား.... (မလွဲဘဲ နေရမှာပါ) အာရုံကြောင့် အာရမ္မဏိက ဖြစ်တာကိုးဗျ၊အလိုလို ဖြစ်တဲ့တရား ရှိကို-မရှိဘူး....(မှန်ပါ) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မဂ်ဟာ သင်္ခါရအာရုံကို မပြုတဲ့ပုဂ္ဂိုလ်မှာ....(မပေါ် ပါဘုရား)မပေါ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ ဘုရား)။

ဒါဖြင့် မဂ်ပေါ်ခြင်း၏ အကြောင်းက ဆုတောင်းနဲ့လဲ မဆိုင်ဘူး၊ ဘုရားကလဲ ရော့ အင့်လို့မပေးနိုင်ဘူး .... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရားကလဲ ရော့...အင့်....လို့ မပေးနိုင်ဘူး၊ ခင်ဗျားတို့က လဲ ပေးတော်မူပါတဲ့၊ ငါ့ဟာလဲ မရှိဘူးပြောမှာဘဲ.... (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဤဒီတော့ ခင်ဗျားတို့ဟာက လူ့ဂွကြီးတွေပါ၊ မသိ ဂွကြီး တွေ....( မှန်ပါ ) မသိလဲ မသိဘူး၊ မပေးနိုင်တာလဲ မသိဘူး၊ ရမ်းတောင်းတာဘဲ ခလေးများလိုကျနေတယ်....၊ အမေဖြင့် ပိုက်ဆံရှာရတာ မောလို့ ရှိလဲ မရှိဘူး မုန့်ဘိုးတောင်းတာက ခက်နေတယ်....(မှန်ပါ)။

ဒီလိုဖြစ်နေတော့ ခင်ဗျားတို့ အခုမမိဘက ဘယ်နှယ်ဆိုမလဲ ခုလေးမျှား တယ်မိုက်ပါလား၊ ရှိ-မရှိ မသိဘူး၊ ရမ်းတောင်း တာဘဲ၊ မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့ ဘုရားရှေ့ သွားတောင်းနေတာ မဂ်ဖိုလ် ပေး တော်မူပါဆိုတာ ရှိ-မရှိ သိလို့ တောင်းတာလား- ပေးနိုင်လို့ တောင်းတာလား- မပေးနိုင်လို့ တောင်းတာလား... (မပေးနိုင် တာ တောင်းတာပါ ဘုရား) မပေးနိုင်တာ တောင်းတာ... ( မှန်ပါ ) မပေးနိုင်တာတောင်းတော့ ကိုယ်က ခလေးမိုက် ဖြစ်နေတယ်၊ မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အခု ပဋ္ဌာန်းပါဠိတော်က ဘယ်လိုတဲ့ တုံး....သင်္ခါရကို အာရုံ ပြုတဲ့ တရားမှ ဝိပဿနာမဂ်ကွ...(မှန်ပါ) သင်္ခါရတရား အာရုံ မပြုယင်... (ဝိပဿနာမဂ်မဖြစ်ပါဘုရား) ရှင်းပလား....(ရှင်းပါ ပြီဘုရား) ပုဂ္ဂိုလ် သတ္တဝါ အာရုံပြုယင်လဲ မဂ်မဖြစ်ဘူး....တဲ့ (မှန်ပါဘုရား) သင်္ခါရ အာရုံပြုမှ.... (ဝိပဿနာမဂ်ဖြစ်ပါတယ် ဘုရား)။

အခု တိုက်ရိုက်ဘဲ "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တ တော ဝိပဿတိ"၊ ပါဠိတော်ကိုက ဒီအတိုင်းလာတာ....(မှန်ပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါ... သင်္ခါရ မဟုတ်ဘူးလား- ဟုတ်သလား.... (ဟုတ်ပါတယ်ဘုရား) ဒါ-ခင်ဗျားတို့ မရှင်းလို့ ရှိယင် ကျုပ်က နောက်က ဆက်ပေးရဦးမှာ ခင်ဗျားတို့က အခုတော်ထိုင်းတဲ့ လူတွေ....(မှန်ပါ)။

အဝိဇ္ဇာပစ္စယာ.... ( သင်္ခါရာပါဘုရား ) သင်္ခါရပစ္စယာ... (ဝိညာဏံပါဘုရား) ဝိညာဏ်ဆိုတော့ ခန္ဓာငါးပါးလို့ ကျုပ်ပြောခဲ့တယ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ တပိုင်နက် ဖြစ်တာ....(မှန်ပါ)။

အဲဒီတော့ ဒီတရားက ပြုလိုက်လို့ သူ ပေါ်လာတာ.... ( မှန်ပါ ) သူများပြုလို့ ပေါ်လာတာဟာ သင်္ခါရတရား.... (မှန်ပါ) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ဘယ်၊ ဒီ-သင်္ခါရက ပြုပြင်လို့ ခန္ဓာငါးပါး....(မှန်ပါ)။

ဒါဖြင့် ပြုပြင်လို့ပေါ်လာတာ သင်္ခါရတရား.... (မှန်ပါ) ဒါ့ကြောင့် " သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" လုပ်ပါ.. (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား) သင်္ခါရကပါ စ့ပြီး ရှင်းပေးနေရတယ်....(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့သည် ဝေဒနာကြိုက်တဲ့လူက ဝေဒနာသင်္ခါရကို ဖြစ်ပျက်ရှု....(မှန်ပါ) စိတ်ကြိုက်တဲ့လူက.... (စိတ်ကိုဖြစ်ပျက်ရှုရပါမယ် ဘုရား) စိတ် သင်္ခါရကို ဖြစ်ပျက်ရှုရမယ်။

ဒါ့ကြောင့်.... " သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ" နဲ့ လာတာ.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝေဒနာငါးပါး့သုံးပါးကို လှည့်ရှု.... ( မှန်ပါ ) စိတ်ဖြင့်လဲ စိတ်ဆဲ့သုံးပါးကို လှည့်ရှု၊ ရှုလို့ရှိယင်ဖြင့် ခင်ဗျားတို့သည် အနိစ္စနဲ့မဂ္ဂနဲ့ သွားကိုက်တယ်....(မှန်ပါ) မဂ္ဂနဲ့ သွားကိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ပြောတဲ့ တဏှာ ဥပါဒါန် ကံ

ဆိုတဲ့ အကြောင်းတရားတွေချုပ်တယ်၊ အကြောင်းတရားတွေ ချုပ်ယင် အကျိုးဒုက္ခတွေ....(ချုပ်ပါတယ်ဘုရား) သဘောကျ ပလား....(ကျပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါ.... အလုပ်-လုပ်လို့ရှိယင် ဝေဒနာကြိုက်တဲ့လူ ဝေဒနာ သင်္ခါရကို ဖြစ်ပျက်ရှု၊ စိတ်ကြိုက်တဲ့လူ စိတ်သင်္ခါရကို ဖြစ်ပျက် ရှုရမယ်၊...(မှန်ပါ့ဘုရား) သန့်ရာတခုတည်းရှု .... ( မှန်ပါ့ ) ချုပ်နဲ့-နာမ်နဲ့ တွဲရှုလို့ရှိယင်မဖြစ် (မှန်ပါ့)ဘာဖြစ်လို့တုံ သတိ ပဋ္ဌာန်ရောမှာစိုးလို့(မှန်ပါ့ဘုရား)နောက်ဆုံးပိုတ်တနေ့ကျတော့ ဖြစ်ပျက်သွားဆုံးတော့ အတူထူပါဘဲ၊ ရုပ်သင်္ခါရနဲ့ နာမ်သင်္ခါရ မရောနဲ့....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ရုပ်သင်္ခါရနဲ့....(နာမ်သင်္ခါရ မရောနဲ့) မရောနဲ့၊ ရုပ်သင်္ခါရ ဖြင့် ရုပ်ချည့်ရှု၊ နာမ်သင်္ခါရဖြင့် နာမ်ချည့်ရှု၊ နာမ်လေးပါး ကတော့ ဖြစ်တူ့ပျက်တူ သဟဇာတပစ္စယောဘဲ.... ( မှန်ပါ့ ) သဘောပါပလား....(ပါပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု ... သာဓု... သာဓု—

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
လူမိုက်နှင့် လူလိမ်မာ သိရှိရန် ဗာလပဏ္ဍိတသုတ် ( ၁ )

# ညအလုပ်ပေး တရားတော်

( ၁၃ - ၅ - ၆၂ )

ဗာလပဏ္ဍိတသုတ်၊ ဗာလက=လူမိုက်၊ ပဏ္ဍိတက=ပညာရှိ၊ လူမိုက်နဲ့ လူလိမ်မာ ထူးခြားပုံကို ငါ.. သဗ္ဗညုတဉာဏ်နဲ့ ကြည့်ဟောမယ်ကွ၊ မင်းတို့ သေသေချာချာ နားထောင်ကြ ဆိုပြီး ဘုရားက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ သူကိုယ်တိုင် ဟောတယ်လို့ မှတ်ရမယ်....(မှန်ပါ)။

သူကိုယ်တိုင်ဟောတော့ ရဟန်းတွေ အနားမှာ ရှိတယ်.... ရဟန်းတို့... လူမိုက်နဲ့ လူလိမ်မာ ဘာထူးသလဲကွ၊ တပည့်တော်များတော့ အရှင်ဘုရားဟောမှ ပြောမှ သိရမည့်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ အရှင်ဘုရားဘဲ လူမိုက်နဲ့ လူလိမ်မာ ထူးခြားကြောင်းကို ဟောတော်မူပါလို့ လျှောက်တော့ ကိုင်း....ငါ- မင်းတို့ကို ဖြစ်စဉ်နဲ့တကွ ပြမယ်ဆိုပြီး သကာလ လူမိုက်ဟာလဲ ကွာ....တဲ့ အတိတ် အကြောင်းက အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ဖြစ်တယ်။

အဝိဇ္ဇာသင်္ခါရ အတိတ်အကြောင်း နှစ်ခုကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာငါးပါး ဖြစ်ပါတယ်၊ လူလိမ်မာမှာလဲကွာ အတိတ်အကြောင်းမှာ အတူတူဘဲ၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးဖြစ်တာဘဲ....(မှန်ပါ)။

ဒီဘက်က လူမိုက် ဒီဘက်က လူလိမ်မာ ဖြစ်ပုံမှာ အတူတူ ဘဲ၊ ဖြစ်ပုံမှာ ထူးကြသေးရဲ့လား.... (မထူးပါဘုရား) အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးဖြစ်တာချည့်ဘဲ....(မှန်ပါ)။

လူမိုက်မှာ ဒီအတိုင်းဖြစ်တယ်၊ လူလိမ်မာမှာလဲ ထို့အတူဘဲ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးဖြစ်တာဘဲလို့ မှတ်လိုက်ပါ....(မှန်ပါ ဘုရား)။

ဩော်....ဒါဖြင့် လာပုံမှာ ဘာထူးသေးသလဲ....လို့ မေးတဲ့ အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောဒီ လူမိုက်မှာတော့ကွာ... တဲ့ မိမိခန္ဓာကို ခင်မှု စွဲလမ်းမှု ခန္ဓာငါး ပါး ယူမှု နောက်ခန္ဓာရမှုကို သူ- ကြိုးစားတယ်ကွ....တဲ့.... (မှန်ပါ) တဏှာ ဥပါဒါန် ကံနဲ့ နောက်ခန္ဓာရမှု ကြိုးစားတော့ လူမိုက်မှာတော့ ဇာတိ ဇရာ မရဏဆိုတဲ့ နောက်ခန္ဓာကြီး ပြန်ရ တယ်ကွ....တဲ့၊ လူလိမ်မာမှာတော့ကွာတဲ့ ဒီလိုမဟုတ်ပါဘူးတဲ့ မဂ္ဂပြဟ္မစရိယအကျင့်- ဒီ ရထားလိုက်တဲ့ ခန္ဓာငါးပါး ကြီးကို ဝိပဿနာဉာဏ်နဲ့ ကြိုးစားလိုက်တဲ့ အတွက် ခုနင်က တဏှာ

ဥပါဒါနက်ကံတွေ မလာဘဲနဲ့ အနာဂတ်ဘဝဆိုတဲ့ ဇာတိ ဇရာ မရဏဆိုတာ မလာဘဲနဲ့ ဒီဘက်က သမုဒယသစ္စာတွေ ချုပ်တယ်ကွ….(မှန်ပါ့) သဘောကျပလား…. ( ကျပါပြီဘုရား )။

ဒါ…. မနေ့က တရားဘဲ ရှိသေးတယ်၊ ကောင်းပြီ….ဒါဖြင့် လူလိမ်မာနဲ့ လူမိုက် ဘာထူးသတုံးလို့ မေးလို့ရှိယင် ခန္ဓာနောက်က မဂ်လိုက်တာ လူလိမ်မာ….၊ ခန္ဓာ့နောက်က တဏှာ ဥပါဒါန်လိုက်တာ….(လူမိုက်ပါဘုရား)။

သဘောကျသွားပြီ၊ ဩော်… လူမိုက်ဆိုတာက ဒုတ်,ဓါးကိုင်တာကို ဆိုတာ မဟုတ်ပါလား၊ တောထွက်ပြီးသကာလ ဆိုးသွမ်းနေတာကိုဆိုတာ မဟုတ်ပါလား….၊ တဏှာ ဥပါဒါန် ကံ လာလို့ရှိယင် ကိုယ့်ခန္ဓာကြောင့် တဏှာ ဥပါဒါန် ကံ လာတယ်၊ဒါလာတာ လူမိုက်ဆိုတယ်….၊ ဒီခန္ဓာအကြောင်းရင်းခံပြီး သကာလ တဏှာ ဥပါဒါန် ကံ မလာဘဲနေတဲ့ပုဂ္ဂိုလ်များမှာ လူလိမ်မာပါကလား၊ ရှင်းပြီ….(ရှင်းပါပြီဘုရား) သဘောပါသွားပြီ… (ပါ-ပါပြီဘုရား)။

ထူးပုံကို ပြောစမ်းပါဦး ဆိုလို့ရှိယင် ပါဠိတော်နှင့် ပြောလို့ရှိယင် လူလိမ်မာမှာ ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ ကြိုက်ရာ ရှုတဲ့ အ တွက် ကြိုက်ရာ မဂ္ဂ ဖြဟ္မ စရိယ အကျင့်ကို ကျင့်တဲ့အတွက် ဟိုဘက်ကကြည့် တဏှာနိရောဓေါဖြစ်တယ်…. (မှန်ပါ့) တဏှာနိရောဓါ ဥပါဒါနနိရောဓေါ_ (မှန်ပါ့)။

ဥပါဒါန နိရောဓါ__ (ကမ္မနိရောဓေါပါဘုရား) ကမ္မနိရောဓါ….(ဇာတိနိရောဓေါပါဘုရား) ဇာတိနိရောဓါ…. (ဇရာမရဏ

နိုင်ရောပေါ့ပါဘုရား) ကြော်....သူကတော့ တဏှာ ဥပါဒါန်ကံ ဇာတိဇရာမရဏ ချုပ်သဟေ့....(မှန်ပါ)။

လူမိုက်မတော့ ခန္ဓာကြောင့် ခန္ဓာခင်တွယ်တဲ့တဏှာ၊တဏှာ ပစ္စယာ ဥပါဒါန်.... (မှန်ပါ) ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဆိုတော့ သူ့ကျတော့ ဒုက္ခတွေဆက်ဖြစ်တယ်....(မှန်ပါ)။

ကြော်.... လူမိုက်နဲ့ လူလိမ္မာဟာ ဒုက္ခပြတ်တာနဲ့၊ သမုဒယဒုက္ခပြတ်တာ၊ သမုဒယသစ္စာသုံးခု၊ ဒုက္ခသစ္စာသုံးခု၊ ဒါ- လူမိုက်မှာပေါ်တယ်.... (မှန်ပါ) လူလိမ္မာမှာ သမုဒယသစ္စာ သုံးခုနဲ့ ဒုက္ခသစ္စာသုံးခုပြတ်တယ်....(မှန်ပါ)။

ဘယ့်နှယ်ကြောင့်ပြတ်ပါလိမ့်မတုံးဆိုလို့ရှိယင်ဖြင့် အရိယာတို့၏စကားကို နားလဲနားထောင် ကျင့်ကြံတဲ့အတွက် မဂ်ဆိုတဲ့ ဗြဟ္မစရိယအကျင့်ကို သူ- ကျင့်တဲ့အတွက်သမုဒယနဲ့ ဒုက္ခချုပ်တယ်....(မှန်ပါ) သဘောကျပြီ.... (ကျပါပြီဘုရား)။

လူမိုက်မှာတော့ မဂ်ဆိုတဲ့ ဗြဟ္မစရိယအကျင့်ကို မကျင့်ဘူး၊ မကျင့်တဲ့အတွက် ထုံးစံအတိုင်း တဏှာ ဥပါဒါန်ကံ ဇာတိဇရာ မရဏ ဒီကိုသွားရမယ်....(မှန်ပါ)။

ဒါဖြင့် လူလိမ္မာနဲ့လူမိုက်သည် ထူးခြားပါပြီလို့ ဆိုတာ ဒီတရားပွဲမှာ ဝန်ခံရတော့မယ်.... (မှန်ပါ) ဒါက လူလိမ္မာ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကိုပြတယ်.... (မှန်ပါ) ဒါက လူမိုက် ပဋိစ္စ သမုပ္ပါဒ်ဆက်ပုံကို ပြတယ်....(မှန်ပါ)။

အဲဒီတော့ကို လူလိမ်မာ လူမိုက်လို့ ဘုရားကတော့ ပညတ် တင်ပြီးဟောပါတယ်....(မှန်ပါ့) စင်စစ်တော့ လူလိမ်မာ လူမိုက် မဟုတ်ပါဘူး၊ ဒီဓမ္မတွေ ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဒီဓမ္မ ဒီဓမ္မပြီးတော့ ဒီဓမ္မဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဒီဓမ္မကိုကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ သံသရာ ပြတ်တယ်.... (မှန်ပါ့) ဒီဓမ္မတွေဆက်နေတဲ့ဥစ္စာ သံသရာဆက် တာဘဲ....(မှန်ပါ့)။

အဲဒီတော့ လူလိမ်မာ လူမိုက်ဆိုတာကတော့ ပြောမည့်ပြော နေတာလို့ မှတ်ရမယ်... (မှန်ပါ့) စင်စစ်တော့ ဒီဓမ္မတန်းတာနဲ့ ဒီဓမ္မမတန်းတာကွာတယ်ဆိုတော့ ဘာဖြစ်လို့ ဒီအကြောင်းကို ဆရာဘုန်းကြီးက နောက်ထပ် သုံးရသတုံး ဆိုလို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိ ချုပ်ပြီးသားဖြစ်အောင်လို့ သုံးလိုက်တာ-(မှန်ပါ့) ဒီဓမ္မ မတန်းယင် လူမိုက်၊ ဒီဓမ္မ ဒီတွင်ရပ်နေယင်ကော (လူလိမ်မာ ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်ပါသေးလား ဒီအဘဲမှာ.... (မပါ-ပါဘုရား) ဓမ္မတန်းယင် လူမိုက်... (မှန်ပါ့) မိုက်တဲ့ဓမ္မတန်းယင် မိုက်တယ် (မှန်ပါ့)။

လိမ်မာတဲ့ဓမ္မတန်းယင် လူလိမ်မာ....(မှန်ပါ့)ဆိုတော့ ဒါဖြင့် ခင်ဗျားတို့ အသေဝနာစ ဗာလနံ ပဏ္ဍိတာနဥ္စ သေဝနံ လုပ် ကြစို့....(မှန်ပါ့)။

အသေဝနာစ ဗာလာနံ= ဟောဒီ မမှီဝဲအပ်သည့်သုံးခု....၊ မပေါ်ထိုက်တဲ့ သုံးခု ပေါ်လို့ရှိယင် ဒါ ဗာလတရား-(မှန်ပါ့) ဗာလတရားကြောင့် သိတဲ့အတိုင်း ဒုက္ခဆိုတဲ့ ဆင်းရဲတဲ့ ဒုက္ခတွေ ပေါ်တယ်....(မှန်ပါ့)။

မမှိဝဲကောင်းတာ မှိဝဲလို့ မရကောင်းတာ ရတယ် (မှန်ပါ) ရကောင်းတာ မှိဝဲလို့.... (ရကောင်းတာ ရပါတယ်ဘုရား) မှိဝဲကောင်းတဲ့နိဗ္ဗာန်ရတယ်—(မှန်ပါ)ပေါ်ပလား—(ပေါ်ပါပြီဘုရား)။

မဂ်သသုတ်တော်က ဒါကိုဟောတာ....(မှန်ပါ)ခင်ဗျားတို့တာဟိုကောင်နဲ့ မပေါင်းနဲ့.... (မှန်ပါ) ဒီအတိုင်းထင်နေပါတယ်၊ ခင်ဗျားတို့က ပုဂ္ဂိုလ်အပေါ် သွားထုတ်နေတယ် .... (မှန်ပါ) ပုဂ္ဂိုလ်က ဘယ်သူမှမမိုက်ဘူး၊ ဟောဒီဓမ္မကမိုက်တာ..(မှန်ပါ) ဒီဓမ္မချုပ်တဲ့အတွက် မမိုက်တာ.... (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ပူဇာစ ပူဇနေယျာနံ= ပူဇော်ရမယ် ခင်ဗျားတို့ ပူဇော်ရမယ်.... (မှန်ပါ) ဧတံမင်္ဂလမုတ္တမံ၊ မုတ္တမံ=မြတ်သော၊ မင်္ဂလံ=နိဗ္ဗာန်တည်းဟူသော မင်္ဂလာသည်၊ ဟောတိ=ဖြစ်၏.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီက အသေဝနာစ ဗာလာနံ- ဒါတွေမှိဝဲလို့ ဗာလဖြစ်တယ်၊ ဒါတွေမှိဝဲလို့ ပဏ္ဍိတဖြစ်တယ်၊ မဟုတ်ဘူးလား—(မှန်ပါ)။

အဲဒီတော့ မနေ့က ပြောခဲ့တဲ့စကား ပါဠိတော်နဲ့ ကိုက်ပလား.... (ကိုက်ပါတယ်ဘုရား) မိုက်ချိန်, လိမ်မာချိန် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ မှိဝဲလိုက်လို့ရှိယင် မိုက်တယ်၊ ဒါမမှိဝဲလိုက်လို့ရှိယင် လိမ်မာတယ်ဆိုတော့ အသက်ကြီးတာ အသက်ငယ်တာ လိုရင်း

မဟုတ်ဘူး....(မှန်ပါ) မှီဝဲတာ- မမှီဝဲတာ လိုရင်းဘဲဆိုတာ မှတ်ပါ...(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

အဲဒါ သူများက ဆုံးဖြတ်ချက်ချရမှာလား၊ မိမိကိုယ်ကို မိမိ စစ်ဆေးပြီး ဆုံးဖြတ်ချက်ချရမှာလား အကဲခတ်ပါ၊ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ.... (မိမိကိုယ်ကို မိမိစစ်ဆေးပြီး ဆုံးဖြတ် ချက်ချကြရမှာပါဘုရား)။

မိမိကိုယ်ကို မိမိဆုံးဖြတ်ချက်ချလို့ရှိယင်ဖြင့် စာတအုပ်လုံး မိုက်ပေ့ မိုက်ပေ့ချည့်ရေ'ရမှာဘဲ....(မှန်ပါ)စာတအုပ်လုံးဟာ မိုက်ပေ့ချည့်ရေးရမှာဘဲ၊ ဒါချည့်လာနေတာကိုး.... ( မှန်ပါ့ ဘုရား)။

ဒါက မျက်စိတမှိတ်တောင် မရပ်ဘူး....(မှန်ပါ) ဒီဟာလုပ် နေယင်ရပ်မယ်... (မှန်ပါ ရပ်ပါမယ်ဘုရား) ဒါ မလုပ်လို့ရှိယင် ဒါဟာ ပေါ်နေမှာဘဲ.. (ပေါ်နေမှာပါဘုရား)။

အဲဒီတော့ကို ဘုရားက ဟောလိုက်တယ်၊ လူတသိန်းသေလို့ သုဂတိ သွားတဲ့ လူတယောက် ငါ· မမြင်ပါဘူးတဲ့.... (မှန်ပါ့ ဘုရား)။

လူတသိန်းသေယင် တယောက်သွားတဲ့လူ ငါ·မမြင်ဘူးတဲ့— (မှန်ပါ့) ဒါဖြင့် သူ့လက်ထက်တုန်းက သူ ကြီးစိုးနေတုန်းက မမြင်ယင် အခုအကုန်သွားဘဲ (မှန်ပါ့) အတော်မဆိုးဘူးလား· (ဆိုးပါတယ်ဘုရား)။

သို့သော် ဘုရားဟောချက်ကို ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်·မကိုက် ကြည့်... (မှန်ပါ) ကိုယ့်ဖြစ်စဉ်က ဒီအတန်းကများသလား....၊

ဒီဖြတ်တာကများသလား အကဲခတ်.... ( ဖြတ်တာက များပါ တယ်ဘုရား )ဖြတ်တာက များတယ်။

ဒါဖြင့် မမှိုဝဲအပ်တာကို မှိုဝဲသောကြောင့် ဗလ .... (မှန်ပါ) မှိုဝဲအပ်တာကို မှိုဝဲယင် ပဏ္ဍိတ.... ( မှန်ပါ ) မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်မှာ မင်္ဂလာမရှိဘူး ... (မှန်ပါ) ဒီပုဂ္ဂိုလ်မှာ မင်္ဂလာရှိတယ်....(မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သဒ္ဓေပြပန်းကိုင်တာ အသကာ့းဘဲ.... (မှန်ပါ)ရှင်းပသား....(ရှင်းပါပြီ)သပြေပန်းဟာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ မင်္ဂလာလုပ်ထားတာကိုး၊ ဒီတရားရှိယင် အမင်္ဂလာ ဒီတရားချုပ်ငြိမ်းယင် မင်္ဂလာဘဲ....(မှန်ပါဘုရား)။

ကြည့်လေ....အသေဝနာစ ဗာလာနံ မမှိုဝဲအပ်တာမှိုဝဲတယ် ဆိုတော့ မပေါ်ကောင်းတဲ့ တရားပေါ်လို့ရှိယင် ဒါ ဗာလာဘဲ (မှန်ပါ)ပဏ္ဍိတာနဉ္စသေဝနာ ဒါကလေးချည့် ပေါ်အောင်လုပ် နေမယ်၊ ဒါကလေးချည့် မှိုဝဲဆည်းကပ်နေမယ်ဆိုယင် ပဏ္ဍိတ ဖြစ်တာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် မင်္ဂလသုတ်ဟာ ပုဂ္ဂိုလ်ကိုဟောတာလား-ဓမ္မဟော တာလား(ဓမ္မဟောတာပါဘုရား) ဓမ္မဟောတာကိုခင်ဗျားတို့က ပုဂ္ဂိုလ်ဘက် လှည့်သွားတယ်.... (မှန်ပါဘုရား)အဲဒါ ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာကတခြား၊ ကိုယ် ယူတာက တဖုံ၊ ဒီလိုဖြစ်မနေဘူးလား....(ဖြစ်နေပါတယ်ဘုရား)

ဖြစ်နေတော့ကို အလုပ်-လုပ်ပါလို့ ပြောတဲ့တရား ပုဂ္ဂိုလ်မမှီဝဲနဲ့ ဖြစ်နေတယ်...(မှန်ပါ)သွားပြီ- သွားပါပြီ ခင်ဗျားတို့....(မှန်ပါ ဘုရား)။

အလုပ်- လုပ်ပါသို့ ဟောတာ ခင်ဗျားတို့က ပုဂ္ဂိုလ်မမှီဝဲနဲ့ သွားယူတယ်....( မှန်ပါ ) ဘယ့်နှယ်တုံး.... (တပည့်တော်တို့က ငယ်ငယ်တုန်းက ဒီမင်္ဂလသုတ် ကျက်ရတုန်းက အရှင်ဘုရား အမိန့်ရှိသလိုဘဲ ပုဂ္ဂိုလ်စွဲတယ်)ဒါဘဲ ဆရာသင်တာဘဲ။

အခုထိဘဲ၊ ခုထက်တိုင်တိုင် ဒီအတိုင်း ယူနေကြမှာဘဲ၊ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နဂိုရ်ကလဲ မရှိလို့ မိုက်စရာလဲမရှိဘူး... (မှန်ပါဘုရား)။

ပုဂ္ဂိုလ်ဟာ နဂိုရ်ကလဲမရှိလို့....( မိုက်စရာလဲမရှိပါဘုရား ) မွေက နဂိုရ်က သူ့ဟာ အကြောင်းတိုက်ဆိုင်ယင် ပေါ်တဲ့ အတွက် မိုက်တတ်တဲ့တရားမို့ မိုက်တာဘဲ....( မှန်ပါ ) သူက ဘာဏှာဆိုတာ မိုက်တဲ့တရား....(မှန်ပါ) ဥပါဒါန်ကော.... (မိုက်တာပါဘဲ) ဥပါဒါန်က ပိုမိုက်တယ်၊သူအုပ်ချုပ်နေတဲ့ကံကော.... (ကံဟာလဲ မိုက်တာပါဘဲဘုရား)။

အဲဒီတော့ ဒါတွေဟာ မမှီဝဲအပ်တဲ့တရား.... (မှန်ပါဘုရား) အသေဝနတရား...(မှန်ပါ)သူက သေဝနတရား မှီဝဲရမယ်တဲ့.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မှီဝဲအပ်တဲ့ တရားဟာ ကျုပ်တို့အခု အချိန်မှာဖြင့် အသက်တွေလဲ ကြီးကုန်လို့ ပုဂ္ဂိုလ်စွဲဖြုတ်ပြီး

သကာလ မှိုဝဲအပ်တဲ့ ဓမ္မစွဲဘဲ- ဓမ္မဘဲမှိုဲကြစို့တော့ .... (မှန်ပါ) ဒါ ဆုံးဖြတ်ချက် ချပေးလိုက်တယ်....(မှန်ပါဘုရား)။

ပုဂ္ဂိုလ်က အခုရှိခိုးခံနေတယ်၊သူရှိခိုးပေမဲ့ သူ့ဝမ်းထဲစိတ်က ဘာမှန်းမသိဘူး.... ( မှန်ပါ ) ရှိခိုးပါ၏ဆိုပေမဲ့ သူ့စိတ်က ခဏကလေး ပြောင်းချင် ပြောင်းသွားမယ်- ဟင် .... (ပြောင်းပါတယ်ဘုရား)။

အဲဒီတော့ ပုဂ္ဂိုလ်မှိုဝဲလို့တော့ဖြင့် အမှန်မရောက်ဘူး .... (မှန်ပါ) ဓမ္မမှိုဝဲယင်....(ရောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဓမ္မမှိုဝဲလို့ရှိယင် အမှန်ရောက်မယ် ဆိုတာ ကိုယ့်စိတ်ကို ကိုယ်သိတတ်တဲ့ သဘောရှိရမယ် (မှန်ပါ) ဒါမှ ဓမ္မမှိုဝဲရာရောက်မယ်... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် သံသရာရှည်တာကတော့ဖြင့် ဒီဓမ္မတွေသာဆက်နေမယ်ဆိုယင် သံသရာကတော့ အဝိုင်းပြေးဘဲ ... ( မှန်ပါ ) အဲဒီတော့ အခုအချိန်အခါ ကာလလေးဘဲ ဒါပေါ်တယ် ... (မှန်ပါ) နေ့လည်ကပြောလိုက်တဲ့ "ဝိပဿနာဉာဏံ သာသနသ္မိံ ယေဝ ဟောတိ" ဝိပဿနာဉာဏ်ဟာ သာသနာရှိတုန်းသာ ပေါ်တယ်၊ နောက်မပေါ်တော့ဘူး....(မပေါ်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့အသေစောသွားမှာ စိုးရိမ်တယ်ပြောတာ...( မှန်ပါ ) မစိုးရိမ်သင့်ဘူးလား .... (စိုးရိမ်သင့်ပါတယ်ဘုရား)။

ဒါကြောင့် ဝိပဿနာဉာဏ်ဟာ ဘယ်အချိန်ပေါ်သတုံး၊ သာသနာရှိတုန်းမှာ ပေါ်တယ်... ( မှန်ပါ ) မဟုတ်ဘူးလား၊

သာသနာရှိတော့ အားထုတ်ဖြစ်တာပေါ့...(မှန်ပါ့) သာသနာ မရှိတော့ ဒီနည်းမှုပေးမည့်သူ မရှိယင်....(မရပါဘုရား)။

ကဲ....ဒါဖြင့် ဗာလပဏ္ဍိတ သဘောကိုဖြင့် မင်္ဂသုတ်က လာတဲ့ ဗာလပဏ္ဍိတနဲ့ သံယုတ်ကလာတဲ့ ဗာလပဏ္ဍိတနဲ့ အတူတူဘဲ... (မှန်ပါ့)အတူတူဘဲ...(မှန်ပါ့ အတူတူပါဘဲဘုရား) ဒါက ကိုယ်ကလွဲတာ .. (ဆရာကလဲ လွဲတာပါတယ်) အဲ....နှစ်ခု စလုံးဘဲတဲ့(မှန်ပါ့ဘုရား)

ကဲ....ဒါဖြင့် သွားကြစို့တဲ့၊ သာသနာတွင်း ကျုပ်တို့ရောက် ကြစို့....(မှန်ပါ့)အခုဟာက အသိသာရောက်သေးတာ၊ အလုပ်နဲ့ မရောက်သေးဘူး....(မှန်ပါ့) အသိသာရောက်သေးတာ၊ ဩြော်- ဒို့ပဏ္ဍိတဘက်တော့ဖြင့် ကူးအောင်ကြိုးစားမယ်၊ အသေဝနာ စ ဗာလာနံ အဖြစ်တော့ဖြင့် ဒို့ရှောင်တော့မယ်...( မှန်ပါ့ ) ဆိုတော့ ဒီ·ပဋိစ္စသမုပ္ပါဒ်ရှောင်ပြီး ဒီ· ပဋိစ္စသမုပ္ပါဒ်ပြတ်တာ မှီဝဲယင် ပြီးတာဘဲ...(မှန်ပါ့) သူ့ကိုလွှတ်လို့ မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါဘုရား)။

ဒီ·ပဋိစ္စသမုပ္ပါဒ်နဲ့ဘဲ လိမ်မာတယ်...၊ ဒီ· ပဋိစ္စသမုပ္ပါဒ်နဲ့ဘဲ မိုက်တယ်ဆိုတော့ ဒါဘဲရှိတာဘဲ၊ ခမ္မက မိုက်၍ ခမ္မက လိမ်မာ တယ်- ဒါဘဲရှိတာဘဲ....(မှန်ပါ့) ဒီ့ပြင် ဘာမှ ပြောစရာ မရှိ ဘူး....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ခန္ဓာငါးပါး....၊ ခန္ဓာငါးပါးဆိုတာ ပဋိစ္စ သမုပ္ပါဒ်ကို ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဒါ- ပေါင်းလိုက်ယင် ခန္ဓာငါးပါး လာဖြစ်တာဘဲ....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးဆိုတာ ပဋိစ္စသမုပ္ပါဒ်နဲ့ တခြားစီလားလို့ မေးတော့ ပဋိစ္စသမုပ္ပါဒ် ငါးမျိုးပေါင်းလိုက်လို့ရှိယင် ခန္ဓာငါးပါးဖြစ်တယ်—(မှန်ပါ)။

ဝိညာဏ် ရုပ်နာမ် သဠာယတန ဖဿ ဝေဒနာပေါင်းလိုက်တော့....(ငါးပါး) ခန္ဓာဖွဲ့လိုက်တော့ကော— ( ငါးပါးပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဪ.... ဒါဖြင့် တခြားစီမဟုတ်ပါလားဆိုတာ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့က အံမာ ရှုပ်စရာမရှိယင် ကြံဖန်ရှုပ်မည့်လူတွေက ရှိသေးတယ် (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်က တန်းပြီးပြတယ် ဘုန်းကြီးက ပေါင်းပြီးပြတယ်....(မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်က မနေ့ကပြောခဲ့တယ်၊ ပန်းလိုသိတာ.... (မှန်ပါ)ပန်းဆိုတာက သိထားတော့လဲ တန်းနေတယ်....(မှန်ပါဘုရား ) ပွင့်တော့လဲ အဆုပ်ကလေးတွေပွင့်တယ်၊ ဒါအဆုပ်ကလေးတွေပွင့်တယ်၊ ဒါအဆုပ်ကလေးတွေ ပွင့်တာဘဲ၊ပင်ကိုယ်ပွင့်ကိုပြောတာ— (မှန်ပါ) ပင်ကိုယ်ပွင့်ပေမဲ့ လူပယောဂနဲ့သိထားတာ—(မှန်ပါ) အဲ—သုတ္တန်နည်းကလဲ လူ့ပယောဂနဲ့သိထားတာ....(မှန်ပါ)။

သိတ်နဲ့ သိထားတာကို ဘာခေါ်မယ်.... ( သုတ္တန်နည်းပါဘုရား) သုတ္တန်နည်းဆိုယင် တန်းသွားလိမ့်မယ် .... ( မှန်ပါဘုရား)။

သိတာနဲ့ သိမထားပါဘူး၊ ဖြစ်စဉ်ကိုက် ဟောမယ်ဆိုတာ ခန္ဓာငါးပါး ပေါင်းပြတာ...(မှန်ပါ) အဘိဓမ္မာနည်းကပေါင်း ပြတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဘိဓမ္မာနည်းဟာ ဖြစ်စဉ်ကိုက်အမှန်.... (မှန်ပါ) သုတ္တန်နည်းက သိလွယ်အောင်လို့ တန်းပြတာ...(မှန်ပါ)သိလွယ် အောင်လို့ တန်းပြတာ၊ ဖြစ်စဉ်တော့မဟုတ်ဘူး .... (မှန်ပါ) ဒါဖြင့် အခုပြတာ ဘာတုံး....၊ ဖြစ်စဉ်ကိုက်ပြမယ်.... ( မှန်ပါ ဘုရား)။

ဖြစ်စဉ်ကိုက်ပြတော့ ခန္ဓာငါးပါး... (မှန်ပါ) ခန္ဓာငါးပါး ဟာ ငါးပါးစလုံးရှိခဲ့သော် နိဗ္ဗာန် မရနိုင်ဘူး၊ ဘာ့ကြောင့် တုံးလို့ မေးတဲ့အခါကျတော့ ဖြစ်ပုံနဲ့ချုပ်ပုံ အသက်တမ်းမတူ လို့....(မှန်ပါ) ဒါမှတ်ထား။

ဖြစ်ပုံနဲ့ချုပ်ပုံ....( အသက်တမ်းမတူပါဘုရား ) ရုပက္ခန္ဓာက အသက်ရှည်တယ်၊ နာမက္ခန္ဓာက အသက်တိုတယ် ( မှန်ပါ ဘုရား)။

အဲ.... ပေါင်းမရှုရဘူး...(မှန်ပါ) ဘုရားကဟောလိုက်တော့ ပေါင်းမရှုပုံ ရှင်းပြမယ်ဆိုပြီး ကာယာ နုပဿနာသတိပဋ္ဌာန် ဆိုပြီး ရပ်ပြတယ်....(မှန်ပါ)။

ဝေဒနာ နုပဿနာဆိုတော့ ဝေဒနာပြတယ်၊ ဓမ္မာနုပဿနာ ဆိုတော့ သညာသင်္ခါရပြတယ်၊ စိတ္တာနုပဿနာဆိုတော့ စိတ်ပြ တယ်...(မှန်ပါ) ပေါင်းမရှုနဲ့လို့ပြောတာ... (မှန်ပါ)ပေါ်ပ လား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ပြောသတုံး.... (ပေါင်းမရှူနဲ့ ပြောပါတယ်ဘုရား) ကြည့်လေ သတိပဋ္ဌာန်လေးပါး ခွဲလိုက်တယ်....(မှန်ပါ့)ပေါင်း မရှူနဲ့ဆိုတော့ ကာယာနုပဿနာ ရှုချင်ရှု၊ ဝေဒနာနုပဿနာ ရှုချင်ရှု၊ မမ္မာနုပဿနာ ရှုချင်ရှု၊စိတ္တာနုပဿနာရှုချင်ရှု သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ဩော်... ဒါဖြင့် ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ ဝေဘန် လိုက်တော့ လေးပါးဖြစ်တယ်...(မှန်ပါ့) ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ကောင်းပြီ၊ သတိပဋ္ဌာန်လေးပါးကို ပေါင်းလိုက် ဦးမယ် ကျုပ်က....(မှန်ပါ့) သတိပဋ္ဌာန်လေးပါးကို ပေါင်းလိုက်ဦးမယ် တဲ့ ခင်ဗျားတို့က လေးပါးတောင်ဘုရား....၊ များလိုက်တာ လူတယောက်တည်း လေးလုပ်၊ လုပ်ရမယ်ဆိုယင် မဖြစ်ပါဘူးလို့ ခင်ဗျားတို့ကလဲ ခပ်ပျင်းပျင်းနဲ့ ခပ်ဖျင်းဖျင်းနဲ့ ဆင်ခြေများ များနဲ့ နဂိုရ်က ဟန်မရတဲ့အထဲ ခြေးကထူးသေးတယ်....(မှန်ပါ့ ဘုရား)။

ဒီလိုရှိသေးတော့ ဒီလိုလုပ်ပါတဲ့ ခန္ဓာငါးပါးကို သစ္စာဖွဲ့ လိုက် ဆိုတော့ ဒုက္ခသစ္စာချည့် ဖြစ်သွားတယ်....(မှန်ပါ့)မဖြစ် ဘူးလား.... (ဖြစ်ပါတယ်ဘုရား) သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ကိုး...အကုန် ဒုက္ခဖြစ်သွားတယ်....(မှန်ပါ့)။

အဲဒီတော့ အကုန်ဒုက္ခကိုသိလိုက်တော့ ဩော်.... ဒါ ဒုက္ခ တခုတည်း ဖြစ်သွားပြီ၊ ပေါ်ပြီ မဟုတ်ဘူးသား.... ( မှန်ပါ့ ဘုရား)၊

ဒုက္ခတခုဘည်း ဖြစ်သွားပြီ၊ဒုက္ခတခုဘည်း ဘယ်နှယ်ကြောင့် ဖြစ်ရသတုံးဆိုလို့ရှိယင် ဒီနှစ်ခုစလုံးဟာဖြစ်မှုနဲ့ ပျက်မှုဘဲရှိတယ်- ( မှန်ပါ့ ) ဖြစ်မှု ပျက်မှု ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါ ဘုရား)။

ဒုက္ခသစ္စာတလုံးတည်းဆိုယင် ခင်ဗျားတို့ အလျော့ နောက် ထပ်မခိုင်းနဲ့တော့ မရဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဘာရှုရမတုံး.... (ဒုက္ခသစ္စာရှုရပါမယ်ဘုရား)အဲဒီ ဒုက္ခသစ္စာ တလုံးတည်းရှု၊ ဒီ့ထက်လျော့လို့တော့ မဖြစ်တော့ဘူး၊အိပ်နေ ရုံဘဲရှိတော့တယ်....(မှန်ပါ့) ဒုက္ခသစ္စာတလုံးတည်း ရှုလိုက်ယင် ပြီးတာဘဲ၊ မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ ကာယာနုပဿနာကြိုက်လဲဖြစ်ပျက်ရှု- (မှန်ပါ့) ဒုက္ခသစ္စာဘဲရှု.... (မှန်ပါ့) ဝေဒနာနုပဿနာကြိုက် တော.. (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဓမ္မာနုပဿနာကြိုက်တော (ဖြစ်ပျက်ရှုရပါမယ်ဘုရား) စိတ္တာနုပဿနာ ကြိုက်တော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီအထဲ အကုန်ဝင်တာဘဲ....(မှန်ပါ့)မြတ်စွာဘုရားဉာဏ်ကြီး ဘယ်လောက်ကြီးသတုံးဟင်.... (မှန်ပါ့) အင်မတန်ကြီးကျယ် တယ်....(ကြီးပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့ ပြောတတ်တဲ့ပုဂ္ဂိုလ်က ပြောလို့သာ ခင်ဗျားတို့က နားလည်တာ၊ နို့မဟုတ်လို့ရှိယင် ဝေဒနာမှ နိဗ္ဗာန်ရောက်တယ် ထင်ချင်ထင်နေတာ....(မှန်ပါ့)။

စိတ်မှ နိဗ္ဗာန်ရောက်တယ်လို့ ထင်ချင်ထင်နေတာ...(မှန်ပါ) မဟုတ်ဘူးတဲ့ နောက်ဆုံးနိဂုံးချုပ်တော့ ဖြစ်ပျက်မြင်ကြဘို့ပါဘဲ....(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘာမြင်ကြရမလဲ ...(ဖြစ်ပျက်မြင်ပါမယ်ဘုရား) နို့-ဝေဒနာ ရှုတာမှ မဟုတ်ဘဲ ခင်ဗျားတို့၊ သမုဒယနဲ့ ဝယရှုတာ(မှန်ပါ) သမုဒယဆိုတာ ဖြစ်တာ ဝယဆိုတာ ပျက်တာ .... (မှန်ပါ) သမုဒယနဲ့ ဝယရှုတာဘဲ....(မှန်ပါ)။

နောက်ဆုံးပိတ်ကျတော့ ဘာတွေ့သတုံး... (ဖြစ်ပျက်တွေ့ပါတယ်ဘုရား) ဖြစ်ပျက် ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဗီဒုက္ခသစ္စာတလုံးတည်း ရှုရမှာ၊ ရှုလိုက်ယင် သမုဒယသစ္စာပယ်မယ်၊ မပယ်ဘူးလား...(ပယ်ပါတယ်ဘုရား)။

ကဲ .. ဒါဖြင့် ဒုက္ခသစ္စာတလုံးတည်း ခင်ဗျားတို့ရှုရတော့မယ်၊ ဒုက္ခသစ္စာတလုံးတည်း ရှုရတော့မယ်ဆိုတော့ ဖြစ်ပျက်တခုတည်းဘဲ ...(မှန်ပါ)။

ဖြစ်ပြီး ပျက်တာချည့်ဘဲရှိတယ်ဆိုတော့ သြော် ဖြစ်ပျက်ဆိုတာ သစ်ပင်လဲ ဖြစ်ပျက်ဘဲ, တောတွေတောင်တွေလဲဖြစ်ပျက်ဘဲ၊ ရုပ်နာမ်ရှိတဲ့ဟာတွေမှာကော (ဖြစ်ပျက်ပါဘုရား)ဖြစ်ပျက်ချည့်ဘဲလို့ ဆိုတော့ ခင်ဗျားတို့ မြင်သ၍ ဖြစ်ပျက်ရှုရမယ်ဆိုတော့ ရှုပ်သွားတယ်... (မှန်ပါ) မြင်သ၍ ဖြစ်ပျက်ရှုရမယ်ဆိုတော့....(ရှုပ်သွားပါတယ်ဘုရားရှုပ်သွားတယ် )ဉာဏ်ကမငုံနိုင်ဘူး (မှန်ပါ)။

ဥာဏ်ကမင့်နိုင်တော့ ဘုန်းကြီးက ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ် စိတ္တာနုပဿနာရှု –(မှန်ပါ) ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်....(စိတ္တာနုပဿနာရှုရပါမယ်ဘုရား)။

အဲဒီတော့ စိတ်ကို ဘုန်းကြီးက ခင်ဗျားတို့ကို ဟောရမယ်- (မှန်ပါ) ဖြစ်ပျက်တော့ ဖြစ်ပျက်ဘဲ၊ စိတ်ဖြစ်ပျက်ဟောရတော့မှာဘဲ....(မှန်ပါ)။

အဲ.... စိတ်ဝေဘန်ကြစို့၊ စိတ်ကို ဝေဘန်ကြစို့ ဆိုတော့ စိတ်ဟာ ဘုရားကဟောထားတာက သတိပဋ္ဌာန်ပါဠိတော်မှာ ကာမစိတ်, ရူပါစိတ်, အရူပစိတ်, လောကုတ္တရာစိတ် ..(မှန်ပါ) ဘုရားက ကာမရူပ,အရူပ,လောကုတ္တရာလို့ ဝေဘန်ထားတယ် (မှန်ပါ)။

အဲဒီတော့ ကာမစိတ် ကြောင့်.... ဒါ ခင်ဗျားတို့နဲ့ကိုက်တယ် ကာမဘုံသား....(မှန်ပါ)ရူပ-အရူပ-လောကုတ္တရာဆိုတော့ ကိုက်ပါ့မလား....(မကိုက်ပါဘုရား) အဲဒီတော့ ဒါကိုလဲ နှုတ်တက်ရသေးတယ်.... (မှန်ပါ) ဒါနှုတ်မတက်ယင် သွားပြီ (မှန်ပါဘုရား)။

ဒါ....မနှုတ်လို့ရှိယင် ပါဠိတော်က အကုန်ဆိုတယ်၊ မင်းက ဘာဘုံသားတုံးမေးမှာဘဲ—(မှန်ပါဘုရား) ပါဠိတော်က ကာမပုဂ္ဂိုလ်လဲ သူဟောတယ်၊ ရူပပုဂ္ဂိုလ်ကော... ( ဟောပါတယ်ဘုရား) အရူပပုဂ္ဂိုလ်ကော....(ဟောပါတယ်ဘုရား) လောကုတ္တရာ ပုဂ္ဂိုလ်ကော...(ဟောပါတယ်ဘုရား) ခင်ဗျားက ဘာပုဂ္ဂိုလ်တုံး.... (ကာမပုဂ္ဂိုလ်ပါဘုရား) ကာမပုဂ္ဂိုလ်ဖြစ်ယင် ရူပစိတ်

ခင်ဗျားသန္တာန် ရှိပါ့မလား ... (မရှိပါဘုရား) အရူပစိတ်ကော (မရှိပါဘုရား) လောကုတ္တရာစိတ်ကော....(မရှိပါဘုရား)။

အဲ...ရှိတာကိုရှု၊ မရှိတာရှုယင် ပညတ်ဖြစ်သွားမယ်၊ ဒါ... ဝေဘန်ရသေးတယ်...( မှန်ပါ့ ) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အလုပ်ပေးနည်းက မလွယ်ဘူး... (မှန်ပါ့- မလွယ်ပါဘုရား) ဒါ့ကြောင့် တနေ့က ရန်ကုန် မင်းကွန်းက ဘုန်းကြီးတပည့်ကလေးတွေ တရားဟောရသေးတယ်၊ မိုးကုတ် လိုက်လာတယ် (မှန်ပါ့) မင်းတို့ အလဲ့တွေ ရှောက်လုပ်မနေနဲ့၊ မင်းတို့ ဘုရားက ဟောထားတာက ကာမပုဂ္ဂိုလ် ကာမစိတ်တွင် ရှုနိုင်တယ်....၊ ဘုရားမှာတော့ ပရိနိဗ္ဗာန်စံမှာမို့ ပုဂ္ဂိုလ်စုံအတွက် အကုန်ဟော ခဲ့ရတယ်၊ မင်းတို့က ရန်ကုန်သူတွေ ဟောနေတာ ပုထုဇန်တွေ ဟောတော့ ကာမပုဂ္ဂိုလ် ကာမစိတ်ကွက်ပြီးဘော့ အရှုခိုင်း... (မှန်ပါ့)။

ဩြော်...ဒီလိုပါလားလို့ အဲဒီကျမှ ရိပ်မိတယ်... ( မှန်ပါ့ ) နို့မို့ ပါဠိတော်အတိုင်း သွားနေမယ်...(သွားပါတယ်ဘုရား)။

ပါဠိတော်ကတော့ အကုန် သိမ်းကြုံးပြီး ဟောတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပါဠိတော်ဆိုတိုင်း အကုန်လိုက်မလား- ကိုယ်နိုင်ရာ ကိုယ်လုပ်ရမှာလား...(ကိုယ်နိုင်ရာ ကိုယ်လုပ်ရမှာပါဘုရား)။

အံမာလေး... မနည်းစစ်ရပါလား...( မှန်ပါ ) ကိုယ်နိုင်ရာ ကိုယ်လုပ်ရမယ်.... ( မှန်ပါ့ဘုရား ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ အများဆုံးဖြစ်တာ ၃၇-ဘဲ ရှိတယ်....(မှန်ပါ) ဒါဘဲ လှည့်ပေါ်တယ်....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့သန္တာန်မှာ....(၃၇-ဘဲပေါ်ပါတယ်ဘုရား)ဒါဘဲ၊ အကုသိုလ်က ၁၂-ခု၊ ဒါကတော့ ခင်ဗျားတို့ တခုမှ မပယ်သေးတာ ပေါ်ချင်တာပေါ်မယ်.... (မှန်ပါ) အဟိတ် စိတ်က ၁၈-ရှိတယ်၊ ၁၈-ပါးရှိပေမဲ့ ရဟန္တာမှာသာဖြစ်တဲ့ ဟသိတုပ္ပါဒ် စိတ်တခုနှုတ်လိုက်တော့ သူကလဲ ဘယ်လောက်ရမလဲ....(၁၇-ခု ရပါမယ်ဘုရား) အေး.... ဒါဘဲရမယ် ဟုတ်လား.... (မှန်ပါဘုရား)။

အဲဒီတော့ မဟာကုသိုလ်စိတ် ၈-ခု ထည့်လိုက်....(၃၇-ခုပါဘုရား) ဝိပါက်တွေဆိုတာ ခင်ဗျားတို့သန္တာန် အများအားဖြင့် အိပ်မှုဖြစ်တာ၊ ဒါကို ခင်ဗျားတို့ ရှုလို့ ဖြစ်မှာမဟုတ်ဘူး.... (မှန်ပါ)။

ဩော်....ဒို့ရှုရမှာ ၃၇-ထဲမှာလား၊ ဒါ.... ရကော်တာထဲပါမှ အတိုးတန်မယ်.... (မှန်ပါ) ရမ်းရှုလို့မဖြစ်ဘူး၊ ၃၇-ထဲ ပေါ်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

၃၇-ကို တခါ ဘုန်းကြီးက ဟာ....၃၇-တောင်များလှတယ်၊ ဒါ....ပညာသည်ဆိုတော့ ချုံးပြနိုင်တာကိုး.... (မှန်ပါ)။

ဟာ....၃၇-ကို ဒီလိုလုပ်မနေနဲ့ကြာတယ်၊ ၃၇-ပေါ်တိုင်းလဲ ခင်ဗျားတို့ ထင်ရှားတဲ့နေရာကို ရှုဆိုတော့ မြင်စိတ်.... (မှန်ပါ) မလာဘူးလား၊ မြင်စိတ်ဆိုတော့ ခင်ဗျားတို့က သိပြီ၊ ဒါ....

၁၇-ထဲကဘဲ....(မှန်ပါ့) ကြားစိတ် ဟုတ်လား....(မှန်ပါ့ဘုရား) နံ့စိတ်၊ စားစိတ် သဘောကျပလား...(ကျပါပြီဘုရား) ယားယံနာ တဲ့စိတ်- ကိုယ်စိတ်ပေါ့လေ ကာယဝိညာဏ်စိတ်....(မှန်ပါ့) ကောင်းစိတ် ကိုယ်ပေါ်မှာ သုခစိတ်....(မှန်ပါ့) သုခသဟဂုတ် ကာယဝိညာဏ်... (မှန်ပါ့) ဒါ.... အပြင်ဉဿဉ်သည် ခြောက်ယောက်ကွ၊ ဘုန်းကြီးက တခါ ချုံးလိုက်ပြန်တယ်... ( မှန်ပါ့ဘုရား)။

ပြီးတော့မှ မင်းတို့သန္တာန်မှာ လောဘစိတ်, ဒေါသစိတ်, မောဟစိတ် ဟုတ်လား... ( မှန်ပါ ) ပြီးတော့မှ အလောဘ, အဒေါသ၊ ဟော....ဒါ အတွင်းဉဿဉ်သည်ဆိုတာ ဝမ်းထဲပေါ်တာ....(မှန်ပါ့ဘုရား) အတွင်းမှာလဲ သူတို့ငါးခု ပြိုင်ပေါ်တာမဟုတ်ဘူး၊ တခုစီပေါ်တာ...(မှန်ပါ့)။

ပြီးတော့မှအိမ်သည်နှစ်ခုရှိသေးတယ်ကွ....ဆိုတာက မရှုဘဲ မရှုက်ဘဲ မနေနိုင်လို့ လေထုတ်တဲ့ စိတ်, လေရှုက်တဲ့ စိတ်.... (မှန်လှပါ့ဘုရား)။

အဲဒီမှာ အမောဟချန်ပစ်ခဲ့တယ်၊ဘာဖြစ်လို့ ချန်ပစ်ခဲ့သတုံးဆိုတော့ ရှုရမည့် တရားဖြစ်လို့ချန်ပစ်ခဲ့တယ်.... (မှန်ပါ့) ဒါတွေကတော့ အရှုခံတရားမို့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား) မြင်စိတ်.... ( ကြားစိတ်, နံ့စိတ်, စားစိတ် ) ယားနာတဲ့စိတ်၊ ကောင်းဘဲ့စိတ်၊ ဒါ ... ကိုယ်ပေါ်မှာချည့် ပေါ်တာ ... (မှန်ပါ့) အပြင်ဉဿဉ်သည် ခြောက်ယောက်....(မှန်ပါ့)။

ဒါ.... အပြင်မှာပေါ်တာ၊ စာလိုတော့ အဇ္ဈတ္တိကာယတန၊ ဒါပေမဲ့ ကိုယ့်သန္တာန်မှာ ဒါ... အပြင်ဘက်ပေါ်လို့ အပြင်

ညော့သည်သာမှတ်လိုက်.... (မှန်ပါ) အပြင်မှာပေါ်လို့ အပြင်းထာဝရမပေါ်လို့ ညော့သည်.... (မှန်ပါ) ဒါ့ကြောင့် ပေါင်းလိုက်တော့ အပြင်ညော့သည်....(မှန်ပါ)။

အတွင်းညော့သည်က ငါးခု....၊ လောဘ, ဒေါသ, မောဟ အလောဘ,အဒေါသ....(မှန်ပါ)။

အမောဟ ဘာဖြစ်လို့မပါသတုံး မရှုရမှာကြောင့်-(မှန်ပါ ဘုရား) အမောဟကနေပြီး အကုန်ရှုမှာ....(မှန်ပါ) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒါက လေထုတ်တဲ့စိတ်၊ ဒါက လေပြန်ရှိုက်တဲ့ စိတ်....(မှန်ပါ) သူက အိမ်သည် နှစ်ခု၊ အိမ်သည်နှစ်ခုဆိုတော့ သက်စောင့်....(မှန်ပါ) သူမရှိသေသွားမယ်....(မှန်ပါ-သေရမှာပါဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ အလုပ်စ,ပေးပြီ.... (မှန်ပါ) ဒါပေါ်ယင် ဒါဖြစ်ပျက်လိုက်.... (မှန်ပါ) ဒါပေါ်ယင်.... (ဖြစ်ပျက်ကြည့်လိုက်ရပါမယ်ဘုရား)။

အဲ....အပြင်ညော့သည်ပေါ်ယင်လဲ တခုစီပေါ်မှာဘဲ၊ အကုန် ဖြစ်ပျက်လိုက်.... (မှန်ပါ) အတွင်းညော့သည် ငါးယောက် တယောက်ယောက်ပေါ်ယင်.... (ဖြစ်ပျက်လိုက်ရပါမယ်ဘုရား) ဘာမှမရှိဘူးဆိုယင် ဒီနှစ်ခုလှည့်ရှု...(မှန်ပါ) ပေါ်ယင်ပြန် လိုက်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် စိတ်ဘယ်နှယ်မျိုးပြသတုံးကြည့်.... (ဆဲ့သုံးမျိုးပါ ဘုရား) အဲ....သုံးဆဲ့ခုနစ်ခုကို ချုံးလိုက်ယင် ဒါဘဲ ရှိတယ် (မှန်ပါ)။

သုံးဆဲ့ခုနစ်ကို ချုံးလိုက်ယင်· (ဆဲ့သုံးဘဲရှိပါတယ်ဘုရား) အဲ .... ဆဲ့သုံးမျိုးဘဲရှိတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဟိုမှာတော့ အင်မတန် ကျယ်ဝန်းအောင်ပြတယ်...(မှန်ပါ) ဒွိဟိတ်ပုဂ္ဂိုလ်ရော- တိဟိတ်ပုဂ္ဂိုလ်ပါပြတယ်.... (မှန်ပါဘုရား) ဒါကခင်ဗျားတို့က ဒွိဟိတ်ဖြစ်ဖြစ်, တိဟိတ်ဖြစ်ဖြစ် ဒါတော့ ပေါ်ရမယ်....(မှန်ပါ) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

လောဘမပေါ်နဲ့ ဆိုလို့မရဘူး...၊ အကြောင်း တိုက်ဆိုင်ယင်ပေါ်ရမှာဘဲ....( မှန်ပါ )ဒေါသ မပေါ်ပါနဲ့ဆိုလို့မရဘူး၊ မောဟမပေါ်ပါနဲ့ဆိုလို့ မရဘူး- အကြောင်းတိုက်ဆိုင် ပေါ်မှာဘဲ၊ပယ်မှုမပယ်သေးဘဲကိုး....(မှန်ပါ)။

အလောဘဆိုတဲ့ လှူချင့်တန်းချင်တာကော၊ အဒေါသဆိုတဲ့ မေတ္တာကော....( ပေါ်ပါတယ်ဘုရား ) ရှုမှု, ရှိုက်မှုကကောကင်းရဲ့လား....(မကင်းပါဘုရား)။

အဲဒီတော့ အပြင်ဩဇ္ဈသည် ၆၊ အတွင်းဩဇ္ဈသည် ၅၊ အိမ်သည် ၂·ခုကို ခင်ဗျားတို့ အမောဟနဲ့ရှု....(မှန်ပါ)။

အမောဟက သူချည့်တခုတည်း ဖြစ်လေ့ မရှိသောကြောင့် ၅-ခုပြတယ်... (မှန်ပါ) သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဒီ ၅-ခုနဲ့ရှု...(မှန်ပါ)။

ရှုတာ ဘယ်သူတုံးလို့မေးယင် ဓမ္မ.... (မှန်ပါ) အရှုခံဘာဘယ်သူတုံးလို့မေးယင်ကော ဓမ္မဘဲ၊ ဓမ္မကို ဓမ္မနဲ့ရှု.... (မှန်ပါ) ဓမ္မကို ဓမ္မနဲ့ရှုဆိုတော့ ဘုန်းကြီးတာ အထူးပြောဘို့မလိုတော့ဘူး

သက္ကာယဒိဋ္ဌိပြုတ်တယ်.... ( မှန်ပါ ) မပြုတ်သေးဘူးလား.... (ပြုတ်ပါတယ်ဘုရား)။

ဓမ္မကို....(ဓမ္မနဲ့ရှုရပါမယ်) အဲ.... ဒါဟာ ပြီးသွားတာပေါ့ ဓမ္မကို ဓမ္မနဲ့ ရှုနေရတာ သိလို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိပြုတ်ပြီ.... (မှန်ပါဘုရား)။

ဓမ္မကို ဓမ္မနဲ့ ရှုနေယင်....(သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား) ဒီဓမ္မတွေဟာ အကြောင်းကင်း ဖြစ်တာမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်တယ်လို့ သိလို့ရှိယင် ဝိစိကိစ္ဆာပြုတ်ပြီ.... (မှန်ပါဘုရား)။

ဒီဓမ္မတွေဟာ အလိုလိုပေါ်တာလား- အကြောင်းကြောင့် ဖြစ်တာလား....(အကြောင်းကြောင့် ဖြစ်တာပါ)အဲ-အကြောင်းကြောင့် ဖြစ်တယ်ဆိုတော့ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေဘဲလို့ သိနေလို့ရှိယင် ဝိစိကိစ္ဆာပြုတ်ပြီ .... (မှန်ပါဘုရား)။

အဲဒါကြောင့် ဒီသမ္မသနဆိုတဲ့ ဝိပဿနာဉာဏ် ခင်ဗျားတို့ ယနေ့စ,ပြီ .. (မှန်ပါ) ဘာမှမရှိယင် ဒါကလေးရှုနေ (မှန်ပါ) ပေါ်ယင် ပေါ်ရာလိုက်၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်- မဂ်, ဖြစ်ပျက်- မဂ်, ဖြစ်ပျက်- မဂ် ကြားက ကိလေသာ ကြားမခြားဘူး၊ ဒါနဲ့ ဒါနဲ့ ကြားမှာ မခြားတော့ဘူးဆိုယင် ညနေအားထုတ်, မနက်ရမယ်(မှန်ပါ) မနက်အားထုတ်ယင်.... ( ညနေရပါမယ် ) မရယင် ခင်ဗျားတို့ ကြားခြားလို့ဆိုတာ ကျုပ်က ဆုံးဖြတ်ချက်ချပြီ.... ( မှန်ပါ )

ဘယ့်နှယ်နေသတုံး မေးလို့ရှိယင် တယ်ကိလေသာ ပေါတဲ့ လူတွေဗျာ…(မှန်ပါ့)ဒါဘဲ ဆိုရမှာဘဲ၊ ဒီ့ပြင်ဘာဆိုစရာရှိသေးသတုံး….(ဒါဘဲဆိုရမှာပါဘုရား)။

ဘုရားကညနေအားထုတ်-မနက်ရ,ရမယ်တဲ့၊ မနက်အားထုတ် ညနေရရမယ်ဆိုတော့ မရသေးဘူးဘုရာ့၊ မရယင် ကိလေသာ ကြားခိုတယ်….(မှန်ပါ့)ရှင်းပလား…(ရှင်းပါပြီဘုရား)။

ကဲ… ယနေ့ ဒီတွင်တော်ကြဦးစို့

သာဓု….သာဓု….သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သူမိုက်နဲ့လူလိမ်မာ ( ၂ )၊ ဥပကာ့တွေနှင့် ပဉ္စဝဂ္ဂီတွေ
ဒုက္ခသစ္စာ ဓမ္မာနုပဿနာရှုနည်း

# ည အလုပ်ပေးတရားတော်

( ၂၂ - ၈ - ၆၁ )

လူမိုက်မှာလဲ သစ္စာလေးပါးမသိမှု အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရ ဟောင်းချင်သလို တောင်းတဲ့ တဏှာနော်၊ ဘယ်နှစ်ခုဖြစ်သတုံး .... ( နှစ်ခုပါဘုရား ) အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား)။

ဒါ လူမိုက်မှာလဲ ဒီအတိုင်းဘဲ၊သစ္စာလေးပါးမသိတဲ့အဝိဇ္ဇာကြောင့် ပြုမိပြုရာ ပြုတဲ့ကုသိုလ်၊တောင်းမိတောင်းရာတောင်းတဲ့ တဏှာပေါ့ဗျာ....(မှန်ပါ့) တောင်းမိ တောင်းရာတောင်းတယ်၊ ဘဝတဏှာနော်....(မှန်ပါဘုရား)။

အဲဒီတော့ မသိလို့ပြုတယ်၊ ပြုလို့ ခင်ဗျားတို့ ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန, ဖဿ, ဝေဒနာဆိုတာခန္ဓာငါးပါးရတယ် (မှန်ပါ့ဘုရား)။

ဘယ်နှစ်ပါးရသလဲ....( ငါးပါးရပါတယ် ) ဒီခန္ဓာငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အင်း... မသိတဲ့လူများ ကုသိုလ်ပြုယင် ဒုက္ခသစ္စာရတာကိုး....(မှန်ပါ့ဘုရား)။

မသိတဲ့လူ ကုသိုလ်ပြုယင်....(ဒုက္ခသစ္စာရပါတယ်ဘုရား)ဒုက္ခသစ္စာဘဲရတယ်၊ မသိတဲ့လူ ကုသိုလ်ပြုတော့ ဒုက္ခသစ္စာရတယ်ဆိုတော့ ဗြုန်းကနဲဆိုတော့ ဦးလှတို့ ဦးမာဒင်တို့က နားထဲကန့်လန့်ကြီးဖြစ်မှာဘဲ၊မသိတဲ့လူ ကုသိုလ်ပြုပြီးသကာလဘာဘဝဆုတောင်းတယ်....( မှန်ပါ ဒုက္ခသစ္စာဘဲရပါတယ်ဘုရား )ဒုက္ခသစ္စာ ဘာတုံးလို့မေးတော့ ခန္ဓာငါးပါး၊ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

ခန္ဓာငါးပါးကို သူခသစ္စာလို့ မဟောဘူး....(မှန်ပါဘုရား) "သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"လို့ ဟောတာဘဲ —(မှန်ပါဘုရား)။

ဘာဖြစ်လို့ ဒုက္ခလို့ဟောရသတုံးလို့ မေးတဲ့အခါကျတော့ ဦးမာဒင် မှတ်ထားပါ- ဒီခန္ဓာကြီးကိုက နှိပ်စက်တတ်တယ်၊ ဒီခန္ဓာထဲမှာကိုက ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဆိုတဲ့ ဓာတ်လေးပါး မြွေလေးကောင်က ကိန်းရှာပုဂ္ဂိုလ်ကိုက်တာပါဘဲ—(မှန်ပါဘုရား)။

သူ့ကျောင်းတဲ့ ပုဂ္ဂိုလ်ဘဲ၊ မြွေကျောင်းတဲ့ပုဂ္ဂိုလ်ဘဲ၊ မြွေကိုက်တာဘဲ....(မှန်ပါ ကျောင်းတဲ့ပုဂ္ဂိုလ်ဘဲ မြွေကိုက်ပါတယ်ဘုရား)အဲဒါ ဒါဖြင့် နှိပ်စက်တတ်တဲ့ ခန္ဓာကြီးရထားတဲ့ ဒုက္ခသစ္စာဘဲ...(မှန်ပါ) အနှိပ်စက်ခံရတဲ့ ခန္ဓာကြီးရထားလို့ ဒုက္ခသစ္စာဘဲ....(မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် လူလိမ်မာလဲ ဒီဥစ္စာရတာဘဲ....(မှန်ပါ) လူမိုက်မှာလဲ မသိတာဘဲ၊ သဘောကျပလား....(မှန်ပါ)မသိလို့

ပြုချင်သလိုပြုပြီးသကာလ သူ့ဲပြုတာဘဲ၊ ပြုပြီးဆုတွေဘာတွေ တောင်းတာဘဲ၊ ထို့အတူဘဲ ခန္ဓာငါးပါးရတယ်...(မှန်ပါ) မရ ဘူးလား...(ရပါတယ်ဘုရား)။

ဒါဖြင့် မိုက်ပုံချင်းအတူတူရပုံချင်း အတူတူလို့ မှတ်လိုက် စမ်းပါ...(မှန်ပါ) ဒီဘက်က လူမိုက်၊ ဟိုဘက်ကလူလိမ်မာ ...(မှန်ပါ)အခုအခြေအနေမှာ မထူးသေးပါဘူး...(မှန်ပါ)ဒါဖြင့် အတိတ်မှာမထူး· ရှင်းပြီ....(ရှင်းပါပြီဘုရား)။

အတိတ်မှာ...(အတိတ်မှာ ဘာမှမထူးပါ) ပစ္စုပ္ပန်အရမှာလဲ (မထူးပါဘုရား)မထူးသေးဘူး ခန္ဓာငါးပါးချင်း အတူတူဘဲ... (မှန်ပါဘုရား)။

ဘုရားက ရဟန်းတွေမေးတော့ ဟော့...လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးကွ၊လူမိုက်လဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တာဘဲ၊ လူလိမ်မာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓငါးပါး ဖြစ်တယ်၊ဘာထူးလဲကွတဲ့၊နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာဘုရား မေးတယ်....(မှန်ပါဘုရား)။

မေးတဲ့အခါကျတော့ ရဟန်းတွေက အရှင်ဘုရား ပြောမှ ဟောမှ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ဆိုတော့ ဒါဖြင့်မင်းတို့ သေသေချာချာနာကြ ဆိုပြီးသကာလ လူမိုက်ကျတော့ကွာ-အားကြီးမိုက်ဟယ်နော်...( မှန်ပါ ) သူ့ခန္ဓာကြီးကို ကျေးမှု မွေးမှု ခင်မှု မင်မှုဆိုတဲ့ တဏှာသာတယ်ကွတဲ့ ပစ္စုပ္ပန်ခန္ဓာပေါ့ (မှန်ပါ)ဥပါဒါန်ဟုတ်လား....(မှန်ပါ) ဒီခန္ဓာကောင်းစားရေး တခါ သူလုပ်ပြန်တယ်ကွတဲ့...(မှန်ပါဘုရား)။

ခန္ဓာကောင်းစားရေး....(မှန်ပါ- လုပ်ပါတယ်ဘုရား) ခန္ဓာကောင်းစားရေးလုပ်တဲ့အခါ ကျလို့ရှိယင် ဒီကံသည် ကမ္မဘဝပစ္စယာ ဇာတိဆိုတဲ့ ဇရာ မရဏဆိုတဲ့အနာဂတ်ခန္ဓာရတယ်ကွတဲ့ (မှန်ပါ)ဒါ လူမိုက်၏ ပဋိစ္စသမုပ္ပါဒ်....(မှန်ပါဘုရား)။

လူမိုက် ပဋိစ္စသမုပ္ပါဒ်ထူးလာဘယ်.... ( မှန်ပါ ) အဝိဇ္ဇာသခ်ါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်၊ဒီခန္ဓာငါးပါးကို သူသည် ခင်မင်ပြီး ကျေးမွေးနေတယ်....(မှန်ပါ)ဒီခန္ဓာကိုဘဲစွဲလမ်းတယ် (မှန်ပါ စွဲလမ်းပါတယ်ဘုရား)ဒီခန္ဓာအတွက်ဘဲ အားထုတ်တယ် (မှန်ပါ) ဒီခန္ဓာအတွက် ကာယကံ, ဝစီကံတွေ အားထုတ်တဲ့အတွက် နောက်ခန္ဓာရရမယ်....(မှန်ပါ ရရပါမယ်ဘုရား)။

ဒီခန္ဓာအတွက် အားထုတ်ငြားသော်လဲ ဒီခန္ဓာအတွက်ကို အကုသိုလ်တွေ အားထုတ်တယ်၊ နောက်ခန္ဓာရရမယ်.... (မှန်ပါ ရရပါမယ်ဘုရား) မရပေဘူးလား....(ရပါတယ်ဘုရား)။

ဪ....ဒါဖြင့် လူမိုက်သည် တိုတိုပြောလိုက်မယ် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလာတယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

လူမိုက်မှာ ခန္ဓာငါးပါးရပြီးသည်၏အခြားမဲ့မှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာရတယ်....( မှန်ပါ ) သမုဒယသစ္စာသုံးခု ... (မှန်ပါ) အကြောင်းသုံးခုနဲ့ အကျိုးတခုလာတယ်ဆိုတာ ရိပ်မိပလား....(မှန်ပါ)။

လူသိမ်မာကျတော့ကို ဒီလိုမဟောပါဘူး....တဲ့၊ လူလိမ်မာကျတော့ကို အခု ရ,ထားတဲ့ ပစ္စုပ္ပန်ခန္ဓာငါးပါးကို ခန္ဓာငါး

ပါးကြောင့် မင်္ဂပေါ်အောင်လုပ်တယ်၊ ( ဝါ ) အသိဉာဏ်ရအောင် လုပ်တယ်…( မှန်ပါ့ဘုရား ) ရှင်းပလား….(ရှင်းပါပြီဘုရား)။

ကောင်းပြီ….ခန္ဓာငါးပါးကို သိမှ မင်္ဂပေါ်အောင်လုပ်လိုက်တဲ့အတွက် ဒီ…. သမုဒယနဲ့ ဒီဒုက္ခ လူလိမ်မာမှာ မလာဘူး….(မလာပါဘုရား) လာသေးရဲ့လား….(မလာပါဘုရား)။

ဒါဖြင့် ဦးလှတို့ ဦးမာဒင်တို့ လူမိုက်နဲ့ လူသိမ်မာ ဘာထူးသတုံးမေးတော့ ဒီနှစ်ခုဟာ ထူးတာဘဲ…. (မှန်ပါ့) မထူးဘူးလား…( ထူးပါတယ်ဘုရား ) ပဋိစ္စသမုပ္ပါဒ် သူက ပြတ်တယ် သူက ဆက်တယ်…. ( ဆက်ပါတယ်ဘုရား ) ရှင်းပလား ….(ရှင်းပါပြီဘုရား)။

ပြတ်မှုနဲ့ဆက်မှု ထူးခြားတယ်…(မှန်ပါ့) လူမိုက်က ဆက်ပြီးသကာလ အနာဂတ်ဘဝကျအောင် ရတယ်…၊ ဒါက ခန္ဓာဇာတိ ဇရာ မရဏ မရဘူးလား….(ရပါတယ်ဘုရား)။

ကောင်းပြီ ဒါ… မဂ္ဂပြဟ္မစရိယအကျင့်၊ သဘောကျပလား (ကျပါပြီဘုရား) သြော်….လူသိမ်မာက မဂ္ဂပြဟ္မစရိယအကျင့်ကို ကျင့်တယ်၊ လူမိုက်က မကျင့်ဘူး….(မှန်ပါ့)။

အဲဒါကြောင့် မနေ့က ခင်ဗျားတို့ကို ဆုံးမတယ်….၊ သူနဲ့သူဟာ သူက အားထုတ်တဲ့ ပုဂ္ဂိုလ်မှာသာ လာတယ်….၊ သူက အားမထုတ်တဲ့ပုဂ္ဂိုလ်မှာ လာတယ်…. (မှန်ပါ့) ဒါ-လူမိုက်အချိန်ဒါက… (လူလိမ်မာအချိန်ပါဘုရား) ။

ဒါ—သူများပြောလား- ခန္ဓာ့ဖြစ်စဉ်လား....(ခန္ဓာ့ဖြစ်စဉ်ပါဘုရား) ခန္ဓာ့ဖြစ်စဉ်၊ သူများပြော မဟုတ်ပါဘူး.... (မှန်ပါဘုရား)။

သူများပြောမဟုတ်ပါဘူး ခန္ဓာ့ဖြစ်စဉ်လို့ ခင်ဗျားတို့ သိပြီးသကာလ နေတဲ့ အတွက် ဒါ.... ဘယ် သူတောင်းပန်လို့မှ ဒီအပါယ်ငရဲကို ဇာတိ ဇရာ မရဏဆိုတာ အပါယ်လေးပါး ပေါ့လေ....(မှန်ပါ) ဇာတိ ဇရာ မရဏဆိုတာ အပါယ်ဇာတိ၊ အပါယ်ဇရာ၊ အပါယ်မရဏ ဖြစ်နိုင်တာဘဲ·(မှန်ပါ) အမျိုးမျိုး ဖြစ်နိုင်တယ်....(မှန်ပါ)။

ဒါက ခင်ဗျားတို့က ဘယ်လိုဖုံးဖိနေနေ သူ့လမ်းသူ သွားတာဘဲ.... (မှန်ပါ) လူတွေကို အဝတ်ဖုံးပြီးသကာလ အိုတာ, ပျိုတာကို ကာကွယ်လို့ အသင့်အတင့် ရနိုင်သေးတယ်၊ ဝမ်းထဲမှာ စိတ္တုပ္ပါဒ်အစဉ်ကို ကာကွယ်လို့မရဘူး— (မရပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ကို ဒီမဂ္ဂပြဟ္မစရိယ=မဂ္ဂင်ငါးပါး— ( မှန်ပါ ) မဂ္ဂပြဟ္မစရိယအကျင့်ကို မကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်သတုံး—၊ သူယှဉ်ပြထားပြီ၊ ဒါ....သူ ဒီလမ်းသွားမှာဘဲ....(မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါဘုရား) ဒီ-သမုဒယနဲ့ ဒုက္ခရမှာဘဲ....(ရမှာပါဘုရား) မဂ္ဂပြဟ္မစရိယ အကျင့်, ကျင့်တဲ့ပုဂ္ဂိုလ် ဒီ သမုဒယနဲ့ ဒီဒုက္ခချုပ်မှာဘဲ—(မှန်ပါ)။

ဒါဖြင့် ကျင့်တဲ့အချိန်နဲ့ မကျင့်တဲ့အချိန်ဆိုတာ သူများမေးရမှာလား- ဒီခန္ဓာထဲမှာဘဲ ကိုယ့်ဟာကိုယ် ဝေဘန်ကြည့်ရမှာလား....(ဝေဘန်ရမှာပါဘုရား)။

ကိုယ့်ဟာကိုယ် ဝေဘန်တဲ့အခါကျတော့ကို ဘုရားက ကွာတဲ့ သူတပါးဟာ အကဲခတ်ရတာ မသိနိုင်ဘူး....တဲ့....(မှန်ပါ)။

သူတပါး အကဲခတ်ရတာ.... (မသိနိုင်ပါဘုရား) ကိုယ့်ကိုယ် ကိုယ် အကဲခတ်ကြည့်ပါတဲ့....( မှန်ပါ ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်ပါ၊ ငါသည် သမုဒယနဲ့ ဒုက္ခဖြစ်သလား၊ ငါသည် သမုဒယနဲ့ ဒုက္ခချုပ်သလား၊ သူ့ကို အကဲခတ်ကြည့်လိုက် ဦးမာဒင် ပေါ်တယ်.... (မှန်ပါ) မပေါ် သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ငါ....ကျောင်းဆောက်နေတယ်၊ ငါ....ဘုရားတည်နေတယ်၊ အသာထားစမ်းပါ ဒါတွေ....( မှန်ပါ ) မဆိုင်ပါဘူး ဒါ.... တန်း မတန်းသာကြည့်၊ မဟုတ်ဘူးလား....(မှန်ပါ)။

ကျောင်းဆောက်နေတယ်ကွ၊ ငါ....ဘုရားတည်နေတယ်ကွ၊ ကျောင်းဆောက်တာက သူ့ဟာသူ လက်သမားက ဆောက် တာ၊ မဟုတ်ဘူးလား....(မှန်ပါ) စိတ်က သူ့ဟာသူ တန်းတာ (မှန်ပါ) ဘာဆိုင်တာမှတ်လို့....(မဆိုင်ပါဘုရား)။

ခင်ဗျားတို့က ဆင်သေ သားရေအုပ်တာကလေးက အတော် ကလေးကို အသားယူနေကြတယ်....(မှန်ပါ) ဆင်သေ သားရေ အုပ်လို့ ဘယ်မှာ လုံမှာတုံး.... (မလုံပါဘုရား) နွားသားရေ လောက်နဲ့ ဆင်သေကြီးကို ဘယ့်နှယ်လုပ် လုံမလဲ.... ( မလုံပါ ဘုရား)။

အဲဒါ ခင်ဗျားတို့က ဦးလှတို့လူစု၊ ဦးမာဒင်တို့ လူစုတွေက တပည့်တော် တော်တော် စိတ်ချရလောက်ပြီထင်ပါရဲ့ဘုရား....

ခင်ဗျားတို့က ခင်ဗျားတို့ဟာ ခင်ဗျားတို့ပေါ့ဗျာ.... (မှန်ပါ) တော်တော် စိတ်ချရလောက်ပြီထင်ပါရဲ့ဘုရား၊ တော်တော် စိတ်ချရရဲ့- စိတ်ချရလောက် ဆိုတာတော့ ဘုန်းကြီး မပြောတတ်ဘူး၊ မဟုတ်ဘူးလား....(မှန်ပါဘုရား) ဒီ-ပဋိစ္စသမုပ္ပါဒ်နှစ်ခုနဲ့ အကဲခတ်....(မှန်ပါ) ဒါ... လိုရင်းဘဲ.... (လိုရင်းပါဘုရား)။

ခင်ဗျားတို့ ဆင်သေ သားရေအုပ်တာ မလိုချင်ဘူး....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဟာ လာမလာသာ အရေးကြီးတယ်....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား) ဒီဟာ ပြတ် မပြတ် ဒါဘဲ အရေးကြီးတယ် (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

ဘုရားတည်တာက အပြကိုးဗျ... (မှန်ပါဘုရား) အပြတွေနဲ့ ဦးမာဒင် ဒီကနေပြီး အမှန်ယူရမှာလား.... ( မယူရပါဘုရား ) အတွင်းက အမှန်ယူမှပေါ့... (မှန်ပါ) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ပြုံးချင်ယင်လဲ ခင်ဗျားတို့ ဒီနှစ်ခုမှာ ဒီဘက်က နေပြုံး၊ ဟုတ်လား... (မှန်ပါဘုရား) ဖုံးချင်တဲ့ဥစ္စာဆိုယင်လဲ ခင်ဗျားတို့ ဒီဟာကို ဖုံးနေတယ်လို့ အောက်မေ့ပါ၊ ခင်ဗျားတို့ ပြောနေတဲ့ဟာ ဒါတွေ ဖုံးနေတာ...( မှန်ပါ ) ဒီ သမုဒယနဲ့ ဒုက္ခဖုံးနေတာ....(မှန်ပါ၊ ဖုံးပါတယ်ဘုရား)။

ကျုပ်တော့ဗျာ သတိမလစ်ပါဘူး၊ အသက်ကလဲကြီး လာတော့ သူတော်ကောင်းနဲ့ စိတ်ကလဲ ဝင်စားလာတော့ လူဒါန်းစွန့်ကြဲဆိုတာလဲ တယ်မပြတ်ပါဘူး... (မှန်ပါ) ဒါ...ဖုံးနေတာ

(ဖုံးပါတယ်ဘုရား) ဒါ...ဖုံးနေတာပါဗျ...( မှန်ပါ့ ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါတော့ ပါကိုမပါဘူး၊ ပါရဲ့လား... ( မပါ-ပါဘုရား ) မပါတော့ မင်းတို့ ဘာပြောနေနေ အသက်အရွယ်ကြီးလို့ ဦးလှတို့ ဆံဖြူပြီ....သွားကျိုးပြီ ဟုတ်လား...(မှန်ပါ့) ဘာပြောနေနေ ကိုယ့်မှန် ကိုယ်ကြည့်.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှန်နှစ်ချပ်ထားတယ်၊ ဟုတ်လား.... ( မှန်ပါ့ ) ကိုယ်က ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ဒါကို မြင်သလား-ဒါကိုမြင်သလား ကိုယ့်မှန်နဲ့ ကိုယ်သာကြည့်....(မှန်ပါ့)။

ကိုယ့်မှန်နဲ့ကိုယ် ကြည့်လို့ရှိယင်ဖြင့် ဒီဘက်ကဟာဖြစ်တာ သိနေလို့ရှိယင် သမုဒယချုပ်မှာဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီဘက်ကဟာ မလာဘူး- သမုဒယနဲ့ဒုက္ခဖြစ်မှာဘဲ....(ဖြစ်မှာပါဘဲဘုရား) ဘာဖုံးလို့ ဘာဖိနေနေ ဒါ-အပိုဘဲ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကျွင့်ပုံကျွင့်နည်း မပြောရသေးပါဘူး.... (မှန်ပါ့) ခင်ဗျားတို့ စိတ်နေစိတ်ထားကတော့ တနေ့မှာ ဒီဘက်ကသွား- ဟိုဘက်ကလား၊ ဟိုဘက် နာရီမှာ ဒီဘက်ကလား- ဟိုဘက်ကလား....၊ နောက်နာရီမှာ ဒီဘက်ကလား- ဟိုဘက်ကလား ဒါ...အကဲခတ်နေ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) နာရီနဲ့ စက္ကန့်နဲ့သာ အကဲခတ်၊ ပေါ်ပလား.... ( ပေါ်ပါပြီဘုရား)။

အဲဒီတော့ သူမျှားပြောကို ဘုန်းကြီးတို့ တကာ တကာမတွေက ဒါ သူမျှားပြောဘဲ၊ မှားသည်ရှိ မှန်သည်ရှိ၍ ပြင်ဘက်ကနေအကဲခတ်တာကွ၊ ငါ့ဟာငါ အကဲခတ်ကြည့်တော့ မတူဘူးဟေ့....(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်အကဲခတ်မတုံး....၊ကိုယ့်ဟာကိုယ် အကဲခတ်ကြည့်မှ သိတာကိုး... (မှန်ပါ့)။

သူမျှားဆိုတာကတော့ တခါတည်း တသိန်းကုန် ဒီပစ္စည်းကြီးကို နိဗ္ဗာနပစ္စယော လုပ်လိုက်ပါတယ်၊ ဆိုင်းဘုတ်ကြည့်ပြီး သာဓုခေါ်သွားတာ၊ မဟုတ်ဘူးလား....(မှန်ပါ့) ကိုယ်က ဘဝ တဏှာနဲ့ လုပ်ထားလို့ရှိယင် သမုဒယနဲ့ ဒုက္ခရမယ်....(ရပါတယ် ဘုရား)။

အဲဒီတော့ သူမျှားက ဆိုင်းဘုတ်ကြီးကြည့်ပြီး သာဓုခေါ်ပေမဲ့ ကိုယ့်မှာ သမုဒယနဲ့ ဒုက္ခဖြစ်နေတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

သူမျှားက ဆိုင်းဘုတ်ကြည့်ပြီး သာဓု ခေါ်ငြားသော်လဲ ကိုယ့်မှာ ဘာဖြစ်နေသတုံး.... (သမုဒယနဲ့ ဒုက္ခဖြစ်နေပါတယ် ဘုရား)။

ဒါဖြင့် သူမျှား သာဓုခေါ်တာဟာ ကိုယ်ဒုက္ခကင်းရေးလား ကိုယ့်အလုပ် မလုပ်တတ်လို့ ကိုယ်ဒုက္ခရရေးလားဆိုတာ မေးလိုက်....(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ရုပ်နဲ့ရှာနဲ့ ဘာမှတွေးမနေနဲ့ ကိုယ့်မှန်ကိုယ်ကြည့်....(မှန်ပါ) ကိုယ့်မှန်ဆိုတာ ဒီမှန်တချပ်၊ ဒီမှန်တချပ်....(မှန်ပါ)။

ကိုယ့်ရှိတာမို့ ဖြစ်ပြီးသွားမို့ ကိုယ့်ဉာဏ်နဲ့ပြန်ကြည့်လိုက်တဲ့ အခါကျတော့ ဒီနေ့ ဒါများတယ်၊ ဒါ-မပါဘူး၊ ဒီနေ့ဒါများတယ်၊ ဒါမပါဘူး၊ ဒါ သူများမေးရမှာလား.... ( ကိုယ့်ဟာကိုယ် ကြည့်ရမှာပါဘုရား) ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် မောင်ချစ်စိန် သိရောပေါ့ကွာ....(မှန်ပါ) ဖုံးလို့ဖိလို့ ရသေးရဲ့လား (မရပါဘုရား)။

ဒီ့ပြင် လူ-သာခုခေါ်၊ နတ်-သာခုခေါ်တွေကို တယ်မလိုချင်ပါနဲ့....(မှန်ပါ) ခင်ဗျားတို့က လူ-သာခုခေါ်၊ နတ်-သာခုခေါ်တယ်တွင် လမ်းဆုံးတယ်...(မှန်ပါ) မဆုံးဘူးလား....(ဆုံးပါတယ်ဘုရား) သဘောကျရဲ့လား .... (ကျပါတယ်ဘုရား)။

လူ-သာခုခေါ်၊ နတ်-သာခုခေါ် ဒါ အရပ်စကားပါ....(မှန်ပါ) ကိုယ့်ဟာကိုယ် သာခုမခေါ်နိုင်သေးဘူး .... (မှန်ပါ) အရေးကြီးတာက ဘာတုံး၊ ကိုယ့်ဟာကိုယ် သာခုခေါ်နိုင်ဘို့.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လူ-သာခုခေါ်၊ နတ်-သာခုခေါ် ငါ-မလိုချင်ပါဘူးကွ၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား) ဘာသာခုခေါ်တုံး .... (ကိုယ့်ဟာကိုယ် သာခုခေါ်ရပါမယ်ဘုရား) ကိုယ့်ဟာကိုယ် သာခုမှ ကိုယ့်ဟာကိုယ်သိလို့ ခေါ်တာကိုးဗျ....(မှန်ပါ)။

လူ-သာဓုခေါ်၊နတ်-သာဓုခေါ်ဆိုတာ လူဆိုတာအဘိညာဏ် ရတာမဟုတ်ဘူး ရမ်းပြီး သာဓုခေါ်တာ....(မှန်ပါ)နတ်ဆိုတာ ကောယ် ထိုနည်းအတူဘဲ မိစ္ဆာနတ်၊ သမ္မာနတ်ရှိတယ်၊မိစ္ဆာနတ်က ခေါ်တော့ ဧာပိုဘဲကွ....(မှန်ပါ) သမ္မာနတ်ကလဲ အကုန်တန်ခိုး ကြီးတာမဟုတ်ဘူး....(မှန်ပါ)။

အဲဒီတော့ လူ-သာဓုခေါ်၊ နတ်-သာဓုခေါ်ဆိုတာ အသာ ချိတ်ထား....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ကိုယ်တိုင်သာဓု ခေါ်ဘို့ဂရုစိုက်ပါ—(မှန်ပါ)။

ဘယ်လိုလုပ်ကြမတုံး—(မဂ္ဂပြဟ္မစရိယအကျင့်- ကျင့်ရပါမယ် ဘုရား) ဒါမှ ကိုယ့်ဟာကိုယ် သာဓုခေါ်နိုင်မှာကိုးဗျ....(မှန်ပါ) သူများသာဓုခေါ်တာကိုတော့ ခင်ဗျားတို့ ဘာမှဂရုမစိုက်နဲ့.... (မှန်ပါ)။

သူများသာဓုက ပညာမရှိတဲ့ လူသာဓုခေါ်လိုက်တာဟာ ဦးမာဒင်တို့၊ဦးသာဒင်တို့ တော်တော်နာတယ်—(မှန်ပါ)ကိုယ်က ဘုံဘဝဆုတောင်းတယ်၊ ကိုယ်က ဘုံဘဝဆုတောင်းတဲ့ အလှူ ကြီး လှူနေတယ်၊ ဟိုက သာဓုခေါ်လိုက်တယ် မင်း ဒုက္ခရောက် တာ ဝမ်းသာတယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်ဘယ်(မှန်ပါ)သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ရမ်းခေါ်တာကိုးဗျ....(မှန်ပါ) ရမ်းခေါ်လိုက်တော့ မင်း- ဆျိုးကျသွားတယ်ကွာ၊ဝမ်းသာလိုက်တာ—(မှန်ပါ)ဒီအဓိပ္ပါယ် ထဲရတယ်—(မှန်ပါ) ဟိုမှာ ဒုက္ခသစ္စာကြီး ရသွားတယ်(မှန်ပါ ဘုရား)။

အဲဒါကြောင့် သူများသာဓုခေါ်တာတော့ မင်းတို့ ဂရုကို မစိုက်နဲ့၊ ကိုယ့်ဟာကိုယ် သာဓုခေါ်ဘို့ဂရုစိုက်—(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာလုပ်ကြရမယ်....(မဂ္ဂပြဟ္မစရိယ သိက္ခာပုဒ်အကျင့် ကျင့်ရပါမယ်ဘုရား) သိက္ခာပုဒ်မဟုတ်ဘူးဗျ.... (မှန်ပါ့)မဂ္ဂပြဟ္မစရိယအကျင့်ကို ကျင့်ရမယ်...(မှန်ပါ့) ရှင်းပြီနော်— (မှန်ပါ့)။

ဦးမာဒင် ဒါဖြင့် ခင်ဗျားတို့ ယူထိုက်မှယူ၊ ဘယ်သူဘာပြောပြော ကိုယ့်ဟာကိုယ်သာဓုမခေါ်နိုင်သေးတဲ့အလုပ်ဟာ မဟုတ်သေးဘူးသာမှတ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ ဘာပြောနေနေ၊ ဦးမာဒင်ကြီးတို့ အရွယ်ကြီးကြလို့ သတိတော့ရရှာသကွာ၊ ဦးလှကြီးလဲ ၇၁-နှစ်ရှိတယ်၊ ဆရာဘုန်းကြီးကောင်းနဲ့ တွေ့သွားရှာသကွာ သာဓု-သာဓု၊ အို....မဟုတ်သေးဘူး၊မဟုတ်သေးဘူး၊ ကိုယ့်မှာသက္ကာယဟန်းလန်းနဲ့ မဂ္ဂပြဟ္မစရိယအကျင့်က မကျင့်ရသေးဘူး.... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

သမုဒယနဲ့ဒုက္ခ မချုပ်သေးဘူ? .... (မချုပ်သေးပါဘုရား) မချုပ်သေးလို့ရှိယင်ဖြင့် မင်းတို့သာဓုခေါ်တာ ငါရှက်လှချေရဲ့....(မှန်ပါ့)။

ဒီလိုသာ အောက်မေ့ရမယ်၊ သူတို့ သာဓုခေါ်တာ ကိုယ်ရှက်ပါ... (မှန်ပါ့) ဘာဖြစ်လို့တုံးဆိုတော့ ကိုယ့်မှာမှ မဂ္ဂပြဟ္မစရိယအကျင့် မကျင့်သေးဘဲနဲ့ သူတို့ သာဓုခေါ် စေတဲ့

အတွက် ကိုယ့်မှာ ရှက်စရာကြီး....(မှန်ပါ့)သဘောပါပလား....(ပါ·ပါပြီဘုရား)။

ကိုယ်က ဝဋ္ဋဒါနကြီးလုပ်နေတယ်၊ နိဗ္ဗာန် သေချာပြီပြော တာနဲ့ ဝမ်းသာယင်ခက်တယ်.... (မှန်ပါ့) သေသေချာချာခက် တယ်....(ခက်ပါတယ်ဘုရား)။

ကိုယ်ကလုပ်တာက ဘာဒါနတုံး (ဝဋ္ဋဒါနပါဘုရား)ဘေးက လူတွေကတော့ မသိရှာတော့ ဩော်.... သူတို့တော့ဖြင့် နိဗ္ဗာန် လက်ဝါးနဲ့ပုတ် မလွဲဘူး....(မှန်ပါ့) အင်း.... ခက်ပါသေးတယ် ပေါ်ပလား ဦးလှရဲ့....(ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ခင်ဗျားတို့ ဘုရားက လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးဆိုတာသာ အဓိကထားတာ....(မှန်ပါ့) လူမိုက်က သမုဒယနဲ့ဒုက္ခပြန်ဖြစ်တယ်ကွ၊ ဒါ အနာဂတ်အကြောင်းကိုး....(မှန်ပါ့)။

အနာဂတ်အကြောင်းကြောင့် အနာဂတ်အကျိုးဖြစ်ပါတယ် လူလိမ္မာကတော့ ပစ္စုပ္ပန် မဂ္ဂပြဟ္မစရိယကြောင့် အနာဂတ် အကြောင်းနဲ့ အနာဂတ်အကျိုးချုပ်တယ်....(မှန်ပါ့)ရှင်းပလား·(ရှင်းပါပြီဘုရား)။

လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးမေးတော့မှ မဂ္ဂပြဟ္မစရိယ အကျင့်·ကျင့်တာ ဘာခေါ်ကြမယ်.... (လူလိမ္မာခေါ်ပါတယ် ဘုရား)မဂ္ဂပြဟ္မစရိယအကျင့် မကျင့်ဘဲနဲ့ ပဋိစ္စသမုပ္ပါဒ်ထုံးစံ အတိုင်း သွားနေတာ ...(လူမိုက်ပါဘုရား)။

ခင်ဗျားတို့က အချပ်ထဲကမေးလို့ရှိယင် ကျုပ်တို့တော့ဗျာ လူဆိုးမဘင်ပါနဲ့....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)

ကျုပ်တို့တော့ လူဆိုးမထင်ပါနဲ့ ဆိုတော့.... (ဒီအတိုင်းသွားယင် ဟုတ်ပါတယ်ဘုရား) ဟုတ်ပလား....(မှန်ပါ)။

အဲဒီတော့ ပုတီးပုတီးနဲ့နေလဲ မဟုတ်သေးဘူးကွ.... (မှန်ပါ) အဝတ်အသွင်ဝတ်နေရုံနဲ့လဲ မဟုတ်သေးဘူးကွ ဒါလိုရင်းဘဲ.... (မှန်ပါ) ဒါလိုရင်းဘဲဆိုတာ သဘောပါကြပလား (ပါ-ပါပြီ) ကဲ.... ကျေနပ်ပလား....(မှန်ပါ)။

ဒါဖြင့် ဒီအထဲမှာ တနေ့ကပြောခဲ့တဲ့ မင်္ဂလသုတ် ဆက်လိုက် (မှန်ပါ) လူမိုက်- လူမိုက်ဆိုတာ လူကမိုက်တာလား၊ အတွင်းတရားက မိုက်တာလား.... (အတွင်းတရားက မိုက်တာပါဘုရား) လူလိမ္မာ- လူလိမ္မာဆိုတာကကော....(အတွင်းတရားကလိမ္မာတာပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

လူက ဘယ်တော့မှ မမိုက်ဘူး၊ အတွင်းတရားက မိုက်ယင် မိုက်တာဘဲ....( မှန်ပါ ) အတွင်းတရားက လိမ္မာယင်လဲ .... (လိမ္မာပါတယ်ဘုရား) လိမ္မာတာဘဲဆိုတာ သေချာပလား- သေချာပါပြီဘုရား)။

ဒါဖြင့် အခု အသေဝနာစ ဗာလာနံ မမှီဝဲကောင်းတဲ့တရား မှီဝဲလို့ မဖြစ်ကောင်းတဲ့တရား ဖြစ်တယ်(မှန်ပါ)ဒီပဋိစ္စသမုပ္ပါဒ် သမုဒယနဲ့ဒုက္ခ၊ ရှင်းပလား.... ( ရှင်းပါပြီ ) သမုဒယ လောဘ တလုံးတည်းမယူနဲ့ တဏှာ,ဥပါဒါန်,ကံ ဒါဖြစ်ကြောင်းချည့်ဘဲ ဒုက္ခ....(မှန်ပါ) သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒီတရား ပေါ်လာယင် အသေဝနာစ ဗာလာနံ၊ ဒီတရား ပေါ်လာယင် ပဏ္ဍိတာနဉ္စသေဝနာ....( မှန်ပါ )ဒီတရားဆက်

နေယင်....(အသေဝနာစ ဗာလာနံပါဘုရား)ဒီတရား ပေါ်လာယင်...(ပဏ္ဍိတာနဉ္စ သေဝနာပါ) သဘောပါပလား(ပါ-ပါဖြီဘုရား)။

ဒီတရားလာယင်(အသေဝနာစ ဗာလာနံပါ)မမှိဝဲကောင်းတဲ့တရား သူမှိဝဲနေတယ်....(မှန်ပါ့) ဒီတရားကို သူကြိုးစားယင်(ပဏ္ဍိတာနဉ္စ သေဝနာပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ လူမိုက်နဲ့ လူလိမ္မာဆိုတာ မင်္ဂလသုတ်မှာလဲ ဒါဘဲဟောတယ်၊ အခုသံယုတ်ပါဠိတော်မှာလဲ (ဒါဘဲဟောပါတယ်) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီနောက်က တဏှာ ဒိဋ္ဌိလာနိုင်သေးရဲ့လား... (မလာနိုင်ပါဘုရား)မလာနိုင်ယင် ခန္ဓာဖြစ်ပါ့မလား....(မဖြစ်ပါ) မဖြစ်လို့ရှိယင် အိုသေဆိုတာ မလာတော့ဘူး .... ( မလာပါ )ဒါဖြင့် အိုသေမလာတာ အိုခြင်း, နာခြင်း,သေခြင်းတို့၏ ချုပ်ရာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့ဘုရား)။

ကဲ...ပါသွားတာဘဲ၊ ခန္ဓာချုပ်ရာ နိဗ္ဗာန်၊ အို သေချုပ်ရာ (နိဗ္ဗာန်ပါ) တဏှာ ဒိဋ္ဌိချုပ်ရာ...(နိဗ္ဗာန်ပါဘုရား) ဒီသုံးခုချုပ်ကတည်းက နိဗ္ဗာန်ဘဲ...(မှန်ပါ့ဘုရား)။

တော်တော် နေရာကျသွားပြီ... (မှန်ပါ့) တော်တော်နေရာကျသွားပြီ၊ကောင်းပြီ ခင်ဗျားတို့က နောက်အကြောင်းညီညွတ်မှ တွေ့ရမယ်၊ တွေ့ချင်မှလဲ တွေ့မယ်၊ သူကတော့ တွေ့နိုင်တယ် ကိစ္စမရှိဘူး၊သမီးရှိသေးလား( ပြန်သွားပါပြီ )မှတ်မိရုံတော်ပြီ နို့ သားကဒီမှာလား...(သားက ဒီမှာပါဘုရား) အင်း... အင်း ကောင်းတယ်။

ကဲ....ဒါဖြင့် ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ဖြစ်ပျက်-မင်္ဂ, ဖြစ်ပျက်-မင်္ဂ, ဖြစ်ပျက်-မင်္ဂ ကိုက်အောင်လုပ်ရမယ်.... (မှန်ပါ့) ဒီကြားမှာ တပါးသောတရား မဝင်စေနဲ့၊ သူနဲ့- သူနဲ့ကြားမှာ တပါးသောစိတ်တွေ မဝင်စေနဲ့၊ ဒါသိပ်အရေးကြီးတယ် .... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်နဲ့ မင်္ဂနဲ့ ကြားထဲမှာ.... (တပါးသော စိတ်တွေမဝင်စေနဲ့ ပါဘုရား)တပါးသော စိတ်ဆိုတာ လောဘလဲ မဝင်စေနဲ့၊ ဒေါသလဲ မဝင်စေနဲ့၊ မောဟလဲ မဝင်စေနဲ့နော် .... (မှန်ပါ့ဘုရား)။

ဝင်လို့ရှိယင် ခင်ဗျားတို့ ခုနစ်ရက်နဲ့ မရနိုင်ဘူး.... (မှန်ပါ့) ဝင်လို့ရှိယင် ခုနစ်ရက်နဲ့ နိဗ္ဗာန်မရနိုင်ဘူး....( မှန်ပါ့ )သူမဝင်လို့ရှိယင်ဖြင့် ညနေအားထုတ်- မနက်တောင်ရမယ်....(မှန်ပါ့) ညနေအားထုတ် မနက်တောင်နိဗ္ဗာန်ရမယ်၊ မဝင်ယင်ရမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပြီဘုရား)၂

ကောင်းပြီ၊ ခင်ဗျားတို့ အခု သူများက ပြောလိမ့်မယ် မင်းတို့ တိဟိတ်လား- ဒွိဟိတ်လားဆိုယင် ဖြစ်ပျက်မြင်ယင် တိဟိတ်သာမှတ်လိုက်....(မှန်ပါ့) ဖြစ်ပျက် မြင်လို့ရှိယင်တိဟိတ်မှတ်ရမယ်...(မှန်ပါ့ဘုရား)။

ဒီကြား ကိလေသာကြားသာ မစွက်ယင်တော့ မနက်အားထုတ် ညနေရမယ်....( မှန်ပါ့ ) ဆိုတော့ ကိလေသာဆိုတာလဲ ဆယ်ပါးတောင်ရှိတယ်....(မှန်ပါ့) ရှိပေမဲ့ ခင်ဗျားတို့ကဒါနဲ့ဒါ

ကိုက်အောင်လုပ်ဟင် ဘယ်ဟာမှ မလာနိုင်ပါဘူး၊ လာနိုင်ပါ့ မလား... (မလာနိုင်ပါဘုရား)အဲဒီမှာ ဝီရိယပြင်းထန်ပေးလိုက်။

လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, ဣဿာကိလေသာ, မစ္ဆရိယကိလေသာ, ကုက္ကုစ္စကိလေသာ.... (မှန်ပါ့) မာနကိလေသာ,ဥဒ္ဓစ္စကိလေသာ,ဝိစိကိစ္ဆာကိလေသာ အဝိဇ္ဇာကိလေသာ, ကိလေသာ ဆယ်ပါးတောင် ရှိတယ် ... (မှန်ပါ့ဘုရား)။

အဲဒါ ကြားမထိုးဘဲနဲ့ သူကဖြစ်ပျက်- သူက နောက်ကနေ မြန်မြန်လိုက်၊ ဖြစ်ပျက်မြင်တဲ့ မဂ်လိုက်လိုက်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

သူက ဖြစ်ပျက်ဆိုယင် နောက်က ခြေဉ် .... ဖြစ်ပျက်ကို မြင်တာ ချက်ခြင်းလိုက်....(မှန်ပါ့)သူက ဖြစ်ပျက်သွားပြီဆိုယင် သူက ဖြစ်ပျက်မြင်တာကို .... (ချက်ခြင်းလိုက်ရပါမယ်ဘုရား)။

ဒီလို လိုက်လိုက်သွားတော့ ကိလေသာဆယ်ပါး သူတို့ ကြားထဲဝင်သေးရဲ့လား... (မဝင်ပါဘုရား)မဝင်လို့ရှိယင် ညနေ အားထုတ်ယင် မနက်ရမှာဘဲ... (မှန်ပါ့) မနက်အားထုတ် ညနေ ရမယ်ဆိုတာကို ဘုရားဟောခဲ့တယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား)။

ဘုရားကိုက ဟောတာ၊ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ် မနက်အား ထုတ် ညနေရတာဘဲ ဟုတ်လား.... (မှန်ပါ့) ဒီ့ထက်ဖျင်းတဲ့ လူဟာ ခုနစ်ရက်လောက်ကြာတတ်တယ်....(မှန်ပါ့ဘုရား)။

သိပ်ဖျင်းတဲ့ လူဟာ ခုနှစ်နှစ်လောက် ကြာတတ်တယ် ဒါဘဲ....(မှန်ပါ) အဲဒီတော့ ဒါကတော့ ကိုယ့်ပေါ်မှာမူတည် တယ်လို့ အောက်မေ့ပါ....( မှန်ပါ ) ရှင်းပြီနော်....(မှန်ပါ ဘုရား)။

ကောင်းပြီ ဒါဖြင့် ကိလေသာ ကြွားမခိုဘို့ဟာ ဒီအထဲမှာ နည်းသိပြီးသည့် အခြားမဲ့၌ ကိလေသာကြွားမခိုဘို့ရာ ဦးလှ အရေးအကြီးဆုံး....(ကြီးပါတယ်ဘုရား)။

နည်းသိပြီးယင် ဘာအရေးကြီးသလဲ .... (ကိလေသာကြွား မခိုဘို့ အရေးကြီးပါတယ် ) ကိလေသာကြွားမခိုဘို့ သိပ်အရေး ကြီးပါတယ်....(မှန်ပါဘုရား)။

နည်းသိဘို့ရာ ပဌမအရေးကြီးတယ်၊ နည်းသိပြီးတော့ သူ- ကြွားမခိုဘို့ကိုတော့ ဟောဒီအထဲမှာ ဝီရိယပါတယ်၊ သမ္မာဝါ ယာမဆိုတာ.... (မှန်ပါ) အဲဒီဝီရိယကို ပြင်းထန်ပေးလိုက် သူ- ကြွားမခိုနိုင်တော့ဘူး၊ ဒီအထဲ ဝီရိယကိုသာ ပိုပေး-ပိုပေးလိုက် လို့ရှိယင် ကြွားမခိုနိုင်ဘူးဆိုတာ သဘောကျပြီ.... (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် နည်းကောင်းကောင်း ငါရပြီ ဆိုပြီး သကာလ ခင်ဗျားတို့ ဒီဥစ္စာကို ဆဲ့သုံးခုဘဲ ခန္ဓာကိုယ်ထဲမှာရှိ တယ်၊ ဒါလှည့်ရှုရုံဘဲ....(မှန်ပါ)။

လှည့်ရှုလို့ အကုန်မြင်ပြီ တပည့်တော်တို့ ရှုတိုင်း ရှုတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ လဲကိုက်တယ် ကိလေသာလဲ ကြွားမခိုဘူးဆို လို့ရှိယင် ခင်ဗျားတို့ ဒါဟာ ၁-နံပါတ်အချက်အောင်ပြီ(မှန်ပါ ဘုရား)။

၁- နံပါတ် အချက်အောင်ပြီးတော့ကို ၂-နံပါတ်ကို ပြောလိုက်မယ်၊ ၁-တော့ အောင်သွားပြီ၊ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ယင် ၁-အောင်ပြီ....(မှန်ပါ့)။

အဲဒီဖြစ်ပျက်ကို အောင်တယ်လို့ ခင်ဗျားတို့က မနေဘဲနဲ့ ဆက်ရှု၊ ဆက်ရှုလို့ရှိယင် ဒီဖြစ်ပျက်တွေဟာ မိမိအသေလို့မှတ်ပါ....(မှန်ပါ့) ဒါ မိမိသေနေတာ သူများသေတာမဟုတ်ဘူး.... (မှန်ပါ့)။

ဒါ ဘာသေတာတုံး....(မိမိသေတာပါဘုရား) မိမိသေတယ်၊ မိမိအသေ မိမိမြင်သောကြောင့်ဟောဒီဉာဏ်သည် မဂ္ဂင်ငါးပါးသည် မုန်းတဲ့မဂ္ဂင်လာဖြစ်သည်၊ မုန်းလာလို့ရှိယင် ၂- နံပါတ်တက်လို့မှတ် .... ( မှန်ပါ့ ) ဒါတွေရှုတာ မုန်းလာလို့ရှိယင် ၂-နံပါတ်တက်ပြီလို့မှတ်....(မှန်ပါ့)။

မုန်းလာယင်....(၂-နံပါတ်တက်ပါပြီဘုရား) ၂-နံပါတ်တက်ပြီ၊ သူများမေးစရာမလိုဘူး.... (မလိုပါဘုရား) မလိုဘူးတဲ့....၊ သူများမေးစရာမလိုဘူးတဲ့။

ကောင်းပြီ ဒါဖြင့် ၂-နံပါတ်က မုန်းတဲ့ဉာဏ် တက်လာယင် မုန်းတဲ့ဉာဏ် အထမြောက်ပြီ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြန်မည့်လူတွေမို့ ဉာဏ်အဆုံးပေးလိုက်မယ်....(မှန်ပါ့)ကဲ... မုန်းပေမဲ့တဲ့ ခင်ဗျားတို့က ဆက်လက်ပြီးသကာလ ရှုနေကြပါလို့ ဘုန်းကြီးကဘဲပြောတယ်....(မှန်ပါ့)။

မုန်းပြီဘုရား ရှုကိုမရှုချင်ဘူး၊ မရှုချင်လဲရှုနေ၊ ကြိုးစားရှုရမယ်....(မှန်ပါ့) မရှုချင်ယင်—(ရှုရပါမယ်ဘုရား) ကြိုးစားရှုရ

မယ်၊ ကြိုးစားရှုတော့ ဗီဉာဏ်တက်လာလိမ့်မယ်၊ ၃-နံ့ါတ်တက်လာလိမ့်မယ်....(မှန်ပါ့)။

ဒီဟာတွေဟာ ဒုက္ခသစ္စာတွေဘဲလို့ ဉာဏ်ထဲမှာမြင်လာလိမ့်မယ်....(မှန်ပါ့)ဒုက္ခသစ္စာတွေဘဲလို့မြင်လာလို့ရှိယင် ၃-နံပါတ်တက်ပြီ....(မှန်ပါ့)။

ဒုက္ခသစ္စာတွေဘဲလို့ မြင်လာယင်— (၃-နံပါတ်တက်ပါပြီဘုရား) ၃-နံပါတ်တက်လာတဲ့ အခါကျတော့ကို ခင်ဗျားတို့ဆြော်... ဒါ ဒုက္ခသစ္စာဘဲလို့ ၃-နံပါတ်လဲ တက်လာပါရောအခုပြောတဲ့ ဆဲ့သုံးခုတွေဟာ ခင်ဗျားတို့ဉာဏ်ရှေ့မှာ ဒုက္ခသစ္စာတွေလို့ ပိုင်ပိုင်နိုင်နိုင်သိယင်အကုန်ပျောက်တယ်....(မှန်ပါ့ဘုရား)။

ဒါတွေ အကုန်ပျောက်သွားလိမ့်မယ်.... (မှန်ပါ့) ဒါတွေအကုန်ပျောက်တော့ကို ခင်ဗျားတို့ခန္ဓာပျောက်တယ်လို့အောက်မေ့....(မှန်ပါ့)။

ဒါတွေ အကုန်ပျောက်သွားလိမ့်မယ်၊ဒီက မဂ္ဂင်ကလဲ သမ္မာ ၀ါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝပြည့်မယ်၊ ရှစ်ခုပြည့်တယ်....(မှန်ပါ့)။

ရှစ်ခုပြည့်သွားပြီ၊ ဒါက ပျောက်ပြီးတော့သွားတယ်၊ဒါတွေဟာ ဒုက္ခတွေဖြစ်သွားတယ်၊ ဒုက္ခပျောက်ပြီးသကာလ ဆြော်—ဒုက္ခမရှိတာ ဒါပါကလားလို့ ဒီဉာဏ်ကသိတယ် .... ( မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ၃-နံပါတ်ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ဉာဏ်....(မှန်ပါ့) ၃-နံပါတ်ဉာဏ်သည်....(နိဗ္ဗာန်မြင်တဲ့ဉာဏ်ပါဘုရား)၊နိဗ္ဗာန်မြင်တဲ့ဉာဏ်ဘဲလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန်သာမြင်တော့တယ်၊ ဒီဖြစ်ပျက်တွေ့သင်္ခါရတရားတွေ အကုန်ချုပ်တယ်.... (မှန်ပါ့) သင်္ခါရတရားတွေ....(အကုန်ချုပ်ပါတယ်ဘုရား) အကုန်ချုပ်တယ်၊ ဘာမှမရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ဒါဖြင့် ဒီဉာဏ်ဟာ ဘယ်သူ့ကိုမြင်နေသတုံး သင်္ခါရချုပ်တဲ့တရားမြင်နေတယ်.... (မှန်ပါ့) သင်္ခါရချုပ်တယ်ဆိုတာ ခန္ဓာပျောက်တယ် အဲဒါပျောက်တာ မြင်လို့ရှိယင် ဒါနိဗ္ဗာန်၊ဒါမဂ်ဉာဏ် သောတာပန်တည်တာဘဲ...(မှန်ပါ့)။

ဒီမဂ်ဉာဏ်လဲ ချုပ်သွားပြီး နောက် ဒီရှစ်ခုဘဲ ဖိုလ်ဉာဏ်လာတာဘဲ၊ နောက်ကျတော့ ဒီရှစ်ခုနောက်ကနေပြီး ပစ္စဝေက္ခဏာဉာဏ်တွေလာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလိုလာတော့ ဒီအထဲမှာ ဒိဋ္ဌိ ရေသောက် မြစ်နဲ့ တကွအကုန်ပျောက်တယ်၊ ပျောက်တော့ ဒီဘက်မှာ အပါယ်သွားဘို့ခန္ဓာဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား) အပါယ် အို့သေးကာ(မရှိပါဘုရား) မရှိဘူးဆိုတော့ ပဌမနိဗ္ဗာန်ရပြီလို့ဆုံးဖြတ်ချက်ချ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာရသလဲ... ( ပဌမနိဗ္ဗာန်ရပါတယ်ဘုရား ) ပဌမနိဗ္ဗာန်ရတယ်လို့ ဆုံးဖြတ်ချက်ချပါ၊ ပဌမနိဗ္ဗာန်ရပြီးတဲ့ပုဂ္ဂိုလ် ဒုတိယ

နိဗ္ဗာန်ရချင်တော့ ခုနင်ကဟာပြန်ကောက်၊ ဒီအတိုင်းပြန်ကောက် လိုက်ယင်ရတယ်....(မှန်ပါ့)။

ခုနင်က ဆဲ့သုံးခုပြန်ရှုရုံဘဲ....(မှန်ပါ့)ခုနင်ကလိုဘဲဖြစ်ပျက် မြင်ပြီး ဖြစ်ပျက်မုန်း ဒီဖြစ်ပျက်တွေဆုံးယင် ဒုတိယနိဗ္ဗာန်ရဦး မှာဘဲ....(မှန်ပါ့) ဒုဘိယမဂ်ပေါ့....(မှန်ပါ့)။

တတိယနိဗ္ဗာန် လိုချင်ပါသေးတယ်ဆိုယင် ထို့အတူဘဲ ဒီက ပြန်ကောက်တယ်၊ အထူးတရားမရှိတော့ပါဘူး၊ သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ပဌမနိဗ္ဗာန်တခုကို ပိုင်ပိုင်နိုင်နိုင် ခင်ဗျားတို့ အလုပ်စဉ်နဲ့တက္ကု ပါသွားတယ်ဆိုယင် ဒါကိစ္စပြီးတာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက အို့သေပြတာ ၃-၄ ရက်ရှိနေပြီ....(မှန်ပါ့)ခန္ဓာကိုယ် ထဲမှာ အိုတတ်သေတတ်တဲ့ ဓမ္မရှိတယ်....(မှန်ပါ့)အဲဒါဘယ်က လာတာတုံး....(ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာငါးပါးကလာ တယ်....။

သိပြီ၊ ဩော်....ခန္ဓာငါးပါးရှိလို့ အိုရ, သေရတယ်ဆိုတာ ဖြင့် ရှင်းနေပြီ....(မှန်ပါ့) ခန္ဓာငါးပါးကလဲ မိုးပေါ်ကျမဟုတ် ပါဘူးတဲ့... (မှန်ပါ့) သူ့မှာ အကြောင်းရှိပါသေးတယ်တဲ့၊သူ· ဘယ်ကလာသတုံး စဉ်းစားကြပါ.... ( တဏှာက လာပါတယ် ဘုရား)။

ဒီတဏှာကလဲ အလိုလိုတော့ အာရုံမရှိဘဲနဲ့ မပေါ်ဘူးတဲ့၊ အာရုံရှိမှသာ ပေါ်တယ်ဆိုတော့ သူဟာ အာရုံကြောင့်ပေါ် တာ... (မှန်ပါ့)။

ဘယ်အာရုံပါလိမ့်မလဲဆိုတော့ အာရုံတွေကနည်းတာမဟုတ်ဘူး၊ အာရုံခြောက်ပါးတောင်ရှိတယ်-(မှန်ပါ့)ဘယ်သူ့ကြောင့်ပေါ်ပါလိမ့်မလဲလို့ စဉ်းစားတဲ့အခါကြတော့ မိမိနဲ့ဘာမှမပတ်သက်ယင် မပေါ်ဘူး၊ ဒါ့ကြောင့် ခင်ရာမင်ရာက ပေါ်တယ်....(မှန်ပါ့) ခင်ရာမင်းရာမရှိယင်တော့.... (မပေါ်တော့ပါဘုရား)။

ဒီနား မကျည်းပင် မရှိတော့ သူ့ဟာသူ ကျိုးနေတော့ ဩော်.... ကျိုးတတ်လို့ ကျိုးတာဘဲ ဘာမှမထိခိုက်ဘူး(မှန်ပါ့ဘုရား)။

ကိုယ့်သားသမီးကလေး ချော်လဲယင်တော့ အင်မတန်ထိခိုက်သွားတယ် မဟုတ်ဘူးလား....(မှန်ပါ့)အဲဒီတော့ ဒါဟာ ခင်ရာမင်ရာကလာတယ်ဆိုတာ သေချာတယ်....(မှန်ပါ့) ဒီတဏှာဟာဘယ်ကလာသတုံး....(ခင်ရာမင်ရာက လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ရာမင်ရာ ဆိုတဲ့ဥစ္စာက မှတ်ရလိမ့်မယ် ခင်ဗျားတို့၊ ကိုယ့်ခန္ဓာအခင်ဆုံးလို့မှတ်လိုက်.... (မှန်ပါ့) ခင်ရာမင်ရာဆိုတာ ကိုယ့်ခန္ဓာအခင်ဆုံး.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာ အခင်ဆုံးပါလိမ့်....( ကိုယ့်ခန္ဓာအခင်ဆုံးပါဘုရား )ကိုယ့်ခန္ဓာအခင်ဆုံး၊ဒီ့ပြင်လူခင်တယ်ဆိုတာအသကားပြောတာ၊ကိုယ်မချိ အမိသော်လဲ သားတော်ခဲလို့ အရှိသားဘဲ....(မှန်ပါ့ဘုရား)။

မယုံသေးလို့ရှိယင် သက်သေသာဓကေထုတ်ပြလို့ရှိယင် ရှင်းပါတယ်၊ သက်သေသာဓကေ ဘယ်လိုရှင်းသတုံးလို့ မေးတဲ့အခါကျတော့ အိမ်ကိုမီးလောင်နေတယ်၊ တအိမ်လုံးလဲအိပ်နေကြတယ်၊ မိမိက မီးလောင်တာအယင်သိလို့ရှိယင် မိမိက အယင်ထွက်ပြေးပါတယ်....(မှန်ပါ့) ကိုယ့်ကိုယ်ကိုယ် အယင်သယ်တယ်ထုတ်တယ်....(မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ်.... ( အယင် သယ်ထုတ်ပါတယ်ဘုရား ) ပြီးတော့မှ နောက်မှ အချိန်ရသေးယင် သားကလေးသွားကယ် သမီးကလေးသွားကယ်, ခင်ပွန်းမ သွားကယ်ဆိုတော့ ဘယ်သူ့အယင်ကယ်တင်သလဲဆိုတာ စဉ်းစားကြည့်စမ်း၊ ဘာ တွေ့ကြသလဲ.... ( ကိုယ့်ကိုယ်ကိုယ် အယင်ကယ်တင်ပါတယ်ဘုရား ) ကိုယ့်ကိုယ်ကို အခင်ဆုံး....(မှန်ပါ့)။

ဒါဖြင့် အဲဒါ ဝိပဿနာရှုရမယ်....( မှန်ပါ့ ) သူ့ကြောင့် ကိုယ့်ကိုယ်ကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် နောက်ခန္ဓာငါးပါးရတယ်၊ နောက်ခန္ဓာငါးပါးရလို့ အိုရ၊ သေရတယ် ( မှန်ပါ့ ) ဒါဖြင့် ကိုယ့်ကိုယ်ဟာ အခင်ဆုံး ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ် အခင်ဆုံး ...(မှန်ပါ့) ကိုယ့်ကိုယ် အခင်ဆုံးလို့ တခါတည်း မှတ်လိုက်တော့ ပြီးသွားရော ... ( မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာရှုဘဲ့အခါကျတော့ကို... တဲ့ ဘယ်သူ့ရှုရမှာတုံးဆိုတော့ ကိုယ်အခင်ဆုံးရှုရမှာ...(မှန်ပါ့)။

ဝိပဿနာရှုတဲ့အခါကျတော့.... (ကိုယ်အခင်ဆုံး ရှုရမှာပါဘုရား) အခင်ဆုံးကို ရှုရမယ်....(မှန်ပါ့)။

အဲဒီတော့ ဝိပဿနာရှုရမယ်ဆို အရင်ကလို သတိပဋ္ဌာန်လေးပါးရှိတယ် နော်...(မှန်ပါ့) ဝိပဿနာရှုတော့မယ်ဆိုတော့ သတိပဋ္ဌာန်လေးပါးနဲ့ ပေါင်းရလိမ့်မယ်၊ ကိုယ်ရှုတဲ့ သတိပဋ္ဌာန်, ဓမ္မတွေရှုတဲ့ သတိပဋ္ဌာန်....(မှန်ပါ့ဘုရား) သတိပဋ္ဌာန်ဘယ်နှစ်မျိုးရှိသတုံး.... (လေးမျိုးရှိပါတယ်ဘုရား) လေးမျိုးရှိတဲ့အနက်က ဒါ....ကိုယ့်ကိုယ်ချည့် မှတ်လိုက်ပါ.... ( မှန်ပါ့ဘုရား)။

ကြည့်လေ.... ရုပ်တရားကလဲ ကိုယ့်ရုပ်ဘဲ၊ ဝေဒနာကလဲ.... ( ကိုယ့်ဝေဒနာပါဘုရား ) ကိုယ့်သန္တာန်ရှိတဲ့ ဝေဒနာဘဲ...၊ သညာသင်္ခါရဆိုတဲ့ ဓမ္မာနုပဿနာကလဲ ကိုယ့်သန္တာန်ရှိတာဘဲ (မှန်ပါ့) စိတ်ဆိုတာကော....(ကိုယ့်သန္တာန်ရှိတာပါဘဲဘုရား) ကိုယ့်သန္တာန် ရှိတာဘဲဆိုတာ မှတ်ထားလိုက်ပါ.... ( မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါတွေ အကုန်ရှုမနေနဲ့လို့ မှတ်လိုက်၊ စိတ်တလုံးတည်းကို ပြမယ်၊ စိတ်တလုံးတည်း ရှုလိုက်ယင် ကျန်တဲ့သုံးပါးပါလိမ်မယ်....(မှန်ပါ့)။

စိတ်တလုံးတည်း ရှုလိုက်ယင်.... ( ကျန်သုံးပါး ပါမှာပါဘုရား) ကျန်သုံးပါးပါမယ်၊ သို့သော်.... ဒီဥစ္စာ ရှုပုံကလေးမပြောမီ ခင်ဗျားတို့ ဘုရားဟောတာတွေ နည်းနည်းနားထောင်

လိုက်ပါဦး၊ ရှုပုံကလေး မပြောမိ.... (မှန်ပါ့) ဒီစိတ်တွေတော့ ရှုတော့မှာဘဲ....(မှန်ပါ့)။

ဘုရားက ဟောတယ်- ဒီနွားကနေပြီးသကာလ ဘုရားပွင့်တယ်၊ ခင်ဗျားတို့ တကျော့ရှိတဲ့လူက ပုထုဇန်မိုက်.... ( မှန်ပါ့ ) ပုထုဇန်မိုက်သည် ခန္ဓာဖြစ်တဲ့စိတ်ကို အားကြီးခင်တယ်၊ ဘယ်လို ခင်သတုံးဆိုတော့ ကျုပ်က စိတ်ကောင်းပါတယ်၊ ကျုပ်စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ် တဦး တယောက်ဘဲ....၊ ကျုပ်စိတ်ဟာ ဘယ်တော့မှ မပျက်ဘူးဆိုတဲ့စိတ်ပေါ်မှာ သက္ကာယဒိဋ္ဌိရှိတယ် (မှန်ပါ့)။

စိတ်ပေါ်မှာ သက္ကာယဒိဋ္ဌိ ရှိ မရှိ...(ရှိပါတယ်ဘုရား)ကျုပ်စိတ်တဲ့၊ တခါတည်း ကျုပ်စိတ်ဆိုတဲ့ သက္ကာယဒိဋ္ဌိကရှိတယ်... (မှန်ပါ့) ရှိတော့ စိတ်ပေါ်မှာ ဒိဋ္ဌိမြင်လာတာကိုးဗျ-(မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်လာပါတယ်ဘုရား) စိတ်အပေါ်မှာ.... (ဒိဋ္ဌိများပါတယ်ဘုရား)။

ဒါဖြင့် ပဌမသောတာပန်တည်ချင်လို့ ရှိယင် စိတ်ရှုရလိမ့်မယ်—(မှန်လှပါဘုရား) ဒိဋ္ဌိခွါရမှာကိုး.... (မှန်ပါ့) ဒိဋ္ဌိခွါတဲ့ ဝိပဿနာပေးရလိမ့်မယ်... (မှန်ပါ့) ဒိဋ္ဌိခွါတဲ့ဝိပဿနာမပေးလို့ ရှိယင် ရကိုမရဘူး....(မှန်ပါ့)။

ဒါဖြင့် ပဌမအဆင့်လိုချင်လို့ရှိယင် စိတ်ကိုရှု....( မှန်ပါ့ ) သတောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဘုရားက မင်းတို့ဟာ မင်းတို့ စိတ်ကို ငါ့စိတ်၊ ငါ့စိတ်နဲ့ မင်းတို့က ဒိဋ္ဌိ အင်မတန်စွဲတယ်တဲ့၊ အဲဒီ ငါ့စိတ်လို့

ဒိဋ္ဌိတဏှာနဲ့ မင်းတို့စွဲတယ်....၊ စွဲလို့ ခန္ဓာငါးပါး ရတယ်....(မှန်ပါ့) ရလို့ အိုရ၊သေရတယ်....(မှန်ပါ့)။

ရလို့ အိုရ၊သေရတာပါ....တဲ့ အဲဒီတော့ မင်းတို့ ဒီစိတ်ဟာ ဘုရားဖြစ်တဲ့အခါကျတော့ ဉာဏ်နဲ့ကြည့်လိုက်တယ်၊ မင်းတို့စိတ်ဟာ လောကီဥပမာပြမယ်ဆိုလို့ရှိယင် အဆိပ်နဲ့ ရောထားတဲ့ အရက်ဘဲ....တဲ့....(မှန်ပါ့)။

မင်းတို့သည် ငါ့စိတ်လို့စွဲတဲ့လူဟာ သောက်တာဘဲ၊ဒီအရက်ကို သောက်တယ်....(မှန်ပါ့) ဒီအရက် သောက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီခန္ဓာ ဒီအရက်သောက်တော့ ဒါ... ခင်တယ် ပြောတာပါဘဲ....(မှန်ပါ့)။

ခင်တယ်၊စွဲလမ်းတယ်၊ ဒိဋ္ဌုပါဒါန် ကာမုပါဒါန်နဲ့ စွဲလမ်းတယ်....(မှန်ပါ့) စွဲလမ်းတဲ့အခါကျတော့ သေသည်၏ အခြားမဲ့၌ ခန္ဓာရတယ်.... ( မှန်ပါ့ ) ခန္ဓာရလို့ အိုရ၊သေရတယ်....(မှန်ပါ့)။

ဒါဟာ အရက်သောက်မိလို့ဆိုတော့ ဒါ့အရက်လို့ဘုရားက လာဟောတာလား၊ ဘုရားပွင့်တာက ခင်ဗျားတို့သန္တာန်ရှိတဲ့စိတ်ကို အဆိပ်နဲ့ ရောထားတဲ့အရက်၊ ဒါကိုမသိလို့ မင်းတို့က ခင်ကြ၊ မျိုကြတဲ့အခါကျလို့ရှိယင်ဖြင့် ဒီခန္ဓာရတော့တာဘဲ....( မှန်ပါ့ ) ဒီခန္ဓာရယင် ဒီ- အို၊သေဆိုတဲ့အဆိပ်တွေက သတ်တော့တာဘဲ.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ့ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီစိတ်ကို ခင်ဗျားတို့ ဘုရားက ငါ.... ငါးမျိုးဟောခဲ့မယ်....တဲ့၊ သူ့ကို အနိစ္စလို့လဲရှု၊ ဒုက္ခလို့လဲရှု- (မှန်ပါ့) အနတ္တလို့လဲ.... ( ရှုရပါမယ်ဘုရား ) အနတ္တလို့လဲ ရှုပါ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) ရောဂါလို့လဲရှုပါ.. (မှန်ပါ့) သေစေတတ်တဲ့ရောဂါလို့လဲ ရှုပါ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒီစိတ်ကို ဘေးသင့်စေတတ်တဲ့တရားလို့လဲရှုပါ ( မှန်ပါ့ ) အိုဘေး, နာဘေးတွေသင့်မယ်၊ သူ့ခင်လို့ရှိယင် ဒီဘေးတွေ လွတ်ပါ့မလား....(မလွတ်ပါဘုရား) သင့်ရမှာဘဲ ဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ သူ့ကို ဘယ်နှစ်ချက်ရှုရမလဲ.... (ငါးချက်ရှုရပါမယ်ဘုရား) ငါးချက်ရှုရမယ်နော်....(မှန်ပါ့)။

သို့သော်....ငါးချက်ဆိုတာ ပရိယာယ်မျိုးစုံအောင်ပြောထား၊ ခင်ဗျားတို့ ရှုလိုက်တော့ အနိစ္စတလုံး ရှုလိုက်လဲ ပြီးတာပါဘဲ (မှန်ပါ့) အနိစ္စတလုံးတည်းရှုပါ၊ ကျန်တဲ့ဥစ္စာ အကုန်ပါမယ်- (မှန်ပါ့)။

ဒီလို မရှုယင် သူ့ကို အနိစ္စလို့ ထင်လိုထင်မယ်၊ သုခလို့ ထင်လိုထင်မယ်၊ အနာမရှိဘူးလို့ ထင်လိုထင်မယ်....( မှန်ပါ့ ) ဘေးမသင့်ဘူးလို့ ထင်ချင်ထင်မယ်...၊ ထင်ယင် ခန္ဓာရမယ်၊ ခန္ဓာရယင် အိုဘေး, နာဘေး, သေဘေး လာမှာဘဲ....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီဘုရား) ဒါ.... ရှုကြစို့ဆိုတော့။

ဒါဖြင့် ရှုရမှာစိတ်ဟာ ဘယ်နှစ်မျိုးတုံးဆိုတော့ ခင်ဗျားတို့ ပြန်မည့်လူတွေက ဂရုစိုက်မှတ်၊စိတ်ဟာ များများမရှိပါဘူးတဲ့။

မျက်လုံးကနေပြီးတော့ အာရုံကိုမြင်တဲ့စိတ် တမျိုး၊ နားထဲ ပေါ်တဲ့ ကြားတဲ့စိတ်တမျိုး၊ နှာခေါင်းမှာ နံတဲ့စိတ်တမျိုး၊ လျှာမှာ စားစိတ်တမျိုး၊ ကိုယ်ပေါ်မှာ ယားတဲ့ယံတဲ့ဒုက္ခစိတ် တမျိုး....(မှန်ပါ့ဘုရား)။

ငါးခုရသွားပြီ....(မှန်ပါ့) ကိုယ်ပေါ်မှာ ကောင်းတဲ့သုခစိတ် တမျိုး၊ ခြောက်ခုရသွားပြီ(မှန်ပါ့) အဲဒါကို ပြင်ဘက်ဉ္စေသည် ခြောက်ယောက်လို့ ရေးလိုက်...(မှန်ပါ့ဘုရား)။

ပြင်ဘက်ဉ္စေသည် ဘယ်နှစ်ယောက်တုံး....(ခြောက်ယောက် ပါဘုရား) မြင်စိတ်၊ကြားစိတ်၊နံစိတ်၊စားစိတ်၊ ယားယံနာစိတ်၊ ကောင်းတဲ့စိတ် (မှန်ပါ့ဘုရား)။

ဒါက ဒီယားစိတ်၊ယံစိတ်၊နာစိတ်ဟာက ကိုယ်ပေါ်မှာပေါ် တယ်....(မှန်ပါ့) ကောင်းတဲ့စိတ်ကလဲ ကိုယ်ပေါ်မှာပေါ်တာဘဲ (မှန်ပါ့) ကောင်းပြီ၊ ဒါဟာ ကြည့်လိုက်လို့ရှိယင် ကိုယ်၏ ပြင်ဘက်မှာ ပေါ်လို့ ပြင်ဘက်ဉ္စေသည် ခြောက်ယောက် .... (မှန်ပါ့ဘုရား)။

ပြင်ဘက်ဉ္စေသည် ခြောက်ယောက် ပြီးတော့ကို အတွင်း ဉ္စေသည်ပြောမယ်၊ အတွင်းမှာလဲ လောဘစိတ် အာရုံတခုကို လိုချင်တဲ့ လောဘစိတ်..(မှန်ပါ့) ဒေါသစိတ်, မောဟစိတ်.... (မှန်ပါ့ဘုရား)။

အလောဘစိတ် မလိုချင်တဲ့ စိတ်လဲရှိသေးတယ် လှူချင် တန်းချင်,ပေးချင်, ကမ်းချင်တဲ့စိတ်ဟာ အလောဘစိတ်(မှန်ပါ့) အဒေါသစိတ်တဲ့ သူတပါးမပြစ်မှားကြင်နာတဲ့စိတ်၊ တခါဘလေ ဝမ်းထဲမှာပေါ်တယ်....(မှန်ပါ့ဘုရား)။

ဒါက အတွင်းဝမ်းထဲမှာ ပေါ်လို့ အတွင်းညှော်သည် ငါးယောက်လို့မှတ်...(မှန်ပါ) ဒါအားလုံးမှတ်ရမယ်၊ ဒါရှုရမယ်...(မှန်ပါ့ဘုရား)။

အတွင်းညှော်သည် ငါးယောက်တည်း ထားရမှာသားဘုရား၊ အဲ...ငါးယောက်တည်း ထားမှပေါ့၊ တယောက်က ရှုရဦးမယ်၊ ရှုမည့်သူမို့ ချန်ထားတယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် အိမ်သည်နှစ်ယောက်....(မှန်ပါ့)အိမ်သည်ဆိုတာက ခင်ဗျားတို့ ဒီပြင်ဟာ မတွေးပါနဲ့၊ လေကိုပြင်ဘက်ထုတ်တဲ့စိတ်, လေကို အတွင်းပြန်ရှိုက်တဲ့စိတ်၊ ဒီစိတ်ကိုယူပါ၊ လေကိုမယူနဲ့၊ ဘာဖြစ်သို့တုံး စိတ္တာနုပဿနာမို့ ... (မှန်ပါ့) စိတ္တာနုပဿနာဆိုတော့ လေကိုယူလို့မရဘူး.... (မှန်ပါ့ဘုရား)။

အိမ်သည်စိတ်ကနှစ်ခု၊ လေအပြင်ထုတ်တဲ့စိတ် ဒါက လေပြန်ရှိုက်တဲ့စိတ်- ထုတ်တဲ့စိတ်, သွင်းတဲ့စိတ်....(မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျား အမေ့ာဟချန်ပစ်ခဲ့.... (မှန်ပါ့) အမော့ဟဆိုတာက သူဘာခုတည်းဖြစ်တာ မဟုတ်ဘူးတဲ့၊ အမော့ဟဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိလဲခေါ်နိုင်တယ်.... ( မှန်ပါ့ )သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ,မဂ္ဂင်ငါးပါး၊ ဒါ အမော့ဟ ပြဋ္ဌာန်းတယ်၊ သူခေါင်းဆောင်....(မှန်ပါ့ဘုရား)။

ဒါနဲ့ ခင်ဗျားတို့ ရန်ကုန်ပြန်မည့်လူတွေက ဒီညှော်သည်စိတ် သာယင်လဲဒီညှော်သည်စိတ်ကိုဖြစ်ပျက်ရှုပါ....( မှန်ပါ့ )မြင်စိတ် သာလဲဖြစ်ပြီးပျက်သွားတာဘဲလို့ဖြစ်ပျက်ရှုပါ ( မှန်ပါ့ )ကြား

စိတ်လာယင်လဲ ကြားစိတ်ကိုဖြစ်ပျက်ရှုရုံဘဲဖြစ်ပြီးပျက်တယ်လို့ ရှု ဒါ ဖြစ်ပျက်ဆိုတာအနိစ္စဘဲ....(မှန်ပါ)။

ကောင်းပြီ ဒါတွေ သူပေါ်ရာကိုလိုက်ရှုပါ၊ သူမျက်လုံးထဲမှာပေါ်တယ်၊ နားထဲမှာပေါ်တယ်၊ နှာခေါင်းထဲမှာ ပေါ်တယ်၊ လျှာပေါ်မှာပေါ်တယ်၊ သူ တကိုယ်လုံးမှာပေါ်ချင်တဲ့နေရာမှာပေါ်တယ်၊သူကလဲတကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာမှာ ပေါ်တယ်....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တခါတလေ ကျတော့ စိတ်ကူးနဲ့ ပစ္စည်းတခု လိုချင်တဲ့ လောဘစိတ်လဲ ပေါ်တတ်တယ်၊ ဒေါသစိတ်လဲပေါ်တတ်တယ်၊ မောဟဆိုတဲ့ ဝိစိကိစ္ဆာဥဒ္ဓစ္စလဲ ပေါ်တတ်တယ် .... ( မှန်ပါ ) ဒါတွေပေါ်လို့ ရှိယင်လဲ အတွင်းဩ့သည်လို့ ပေါ်ရာတခုတည်းရှု....(မှန်ပါဘုရား)။

နဂိုရ်တုန်းက ဒါတွေဟာ ဆဲ့သုံးခုပြထားပေမဲ့ တခုသာ ပေါ်လိမ့်မယ်၊ တခုကို ဒီမဂ္ဂင်ငါးပါးနဲ့ အမောဟနဲ့ရှုပေး.... (မှန်ပါဘုရား)။

ဒါဖြင့် သူပေါ်လို့ရှိယင်လဲ သူက ဖြစ်ပျက်ဆိုယင် သူက မဂ်ဖြစ်မယ်... (မှန်ပါ)သူက ဖြစ်ပျက်ဖြစ်ခဲ့လို့ရှိယင် သူကရှုပေး သူက မဂ်ဖြစ်မယ်၊ ဒါ မဂ်ရတယ်ဆိုတာ ဒါဘဲ၊ လောကီမဂ် ရတယ်....(မှန်ပါဘုရား)။

တခါ လောဘစိတ်ကလေး ပေါ်လာလို့ ခင်ဗျားတို့က လောဘစိတ်ကလေးလဲကြည့်၊ ဒါလဲ ကြည့်လိုက်တော့ သူမရှိတော့ဘူး၊ မရှိတာက ဖြစ်ပြီးဖြစ်သွားတာဘဲ....( မှန်ပါ )ဒါလဲ သူကဖြစ်ပျက်- သူကမဂ်....(မှန်ပါဘုရား)။

တော်တော်ကြာ ဒေါသစိတ်ပေါ်လာလဲ ကြည့်လိုက်ပြန်လဲ မရှိဘူး....(မှန်ပါ)ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ရမယ်... (မှန်ပါဘုရား) ဒါလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်၊ဒါလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ပေါ်တဲ့ အခါလိုက်ပေးပါ....(မှန်ပါဘုရား)။

ဘာမှမရှိဘူး- အပြင်ဩဇ္ဇသည် ခြောက်ယောက်- အတွင်း ဩဇ္ဇသည် ငါးယောက်မရှိဘူး၊ အိမ်သည်နှစ်ခုက အမြဲတမ်းရှုနေ၊ ဘာမှမရှိယင် သူတို့နှစ်ခုလှည့်ရှု....(မှန်ပါ) ဥာဏ်နဲ့မှန်းရှုပါ.... (မှန်ပါဘုရား)။

ဦးလှ ဒါ ရှုနေတဲ့အချိန်ဖြင့် သူတို့ကို သူတလှည့်-သူတလှည့် သူက အလှည့်နဲ့ပေါ့လေ.... (မှန်ပါ) ဘေးက အာရုံဝင်လာလို့ ရှိယင် ပေါ်ချင်တာက ပေါ်လာလိမ့်မယ်....(မှန်ပါ)ပေါ်ယင် ပေါ်တာလိုက်ပေး....( မှန်ပါ ) ပေါ်တဲ့စိတ်ကိုရှု.... (မှန်ပါ) သူတို့ မရှိပြန်ဘူး၊ သဘောကျပလား... (ကျပါပြီဘုရား)။

ကောင်းပြီ.... ဒီလို ရှုလိုက်တော့ကို ဖြစ်ပျက်နဲ့ မဂ်နဲ့ သွား ကိုက်တဲ့အခါကျတော့ သူ့နောက်က ခုနင်က ပြောခဲ့တဲ့တဏှာ လာသေးရဲ့လား... ( မလာပါဘုရား ) ခန္ဓာငါးပါးကော.... (မလာပါဘုရား) ခုနင်ကလာတဲ့ ခန္ဓာငါးပါး လာသေးရဲ့လား (မလာပါဘုရား) အအို-အသေကော... (မလာပါဘုရား)။

အဲဒီတော့ သူတို့နှစ်ခုနောက်က တဏှာလိုက်မှ သူတို့ တခု တခုနောက်မှ တဏှာ ဒိဋ္ဌိ လိုက်မှသာလျှင် ခန္ဓာငါးပါးလိုက် တယ်....(မှန်ပါ) ခန္ဓာငါးပါးလိုက်မှ အအို အသေက....(အအို အသေ လိုက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဟာတွေကို ဖြစ်ပျက်လှည့်ရှုနေလို့ ရှိယင် မဂ် လာ လိုက်ခြင်းကြောင့် တဏှာပြတ်-ခန္ဓာပြတ် (ပြတ်ပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အားလုံး နားလည်ကြရဲ့လား.... (နားလည်ပါတယ်ဘုရား) ဒါ...စိတ္တာနုပဿနာကိုပေးတယ်.... ( မှန်ပါ ) ရိပ်မိပလား.... ( မှန်ပါ ) ခင်ဗျား တော်တော်ကြာပြီ နာနေတာ၊ နားလည် ပလား....(နားလည်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ရှုတဲ့ကျေးဇူးကောသိပလား .... (ကျေးဇူး တော့ မသိသေးပါဘုရား) ဒီဟာ ကျေးဇူးခံစားရတာပေါ့၊ ဒီတဏှာချုပ်တယ်၊ ခန္ဓာကော....(ချုပ်ပါတယ်) အို, နာ, သေ ကော....(မရှိပါဘုရား)။

မရှိဘူးဆိုယင် ဒါ ကျေးဇူးပေါ့....( မှန်ပါ ) မရှုဘဲနေလို့ ရှိယင် သူတို့နောက်က ဒါတွေအကုန်လိုက်မယ်၊ ဒီပဋိစ္စသမုပ္ပါဒ် လိုက်မယ်....(မှန်ပါ)မလိုက်ပေဘူးလား (လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီမဂ်သွင်းမှ ဒါပြတ်တယ်....( မှန်ပါ ) ဒီအမောဟ သွင်းမှ ခုနင်က ဒီနေရာမှာ အမောဟချန်သွားတယ်-အမောဟ ဆိုတာ တခုဘည်းမဖြစ်လို့ ချန်ထားတယ်....(မှန်ပါ)အမောဟ ဆိုတာ သမ္မာဒိဋ္ဌိ၊ အမောဟလဲ ခေါ်နိုင်တယ်၊ သမ္မာဒိဋ္ဌိလဲ ခေါ်နိုင်တယ်....(မှန်ပါဘုရား)။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိ, မဂ္ဂင်ငါးပါးနဲ့ ခင်ဗျားတို့ ပေါ်ရာကိုလိုက်နေ(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ရှုတတ်ပြီနော်...(ရှုတတ်ပါပြီ)ဒါ စိတ္တာနုပဿနာ၊ ရှုလိုက်တော့ ဘာဖြစ်သတုံးဆိုတော့ ဒီနောက်က တဏှာဒိဋ္ဌိသေတယ် (မှန်ပါ့) တဏှာ ဒိဋ္ဌိသေတဲ့အတွက် တဏှာနဲ့ဒိဋ္ဌိဟာတွဲလျက်.... ( မှန်ပါ့ဘုရား ) တဏှာ ဒိဋ္ဌိကမှ ဒိဋ္ဌုပါဒါန် မဟုတ်ဘူးလား... (မှန်ပါ့) တဏှာကလဲ ဥပါဒါန်, ဒိဋ္ဌိကလဲဥပါဒါန်... (မှန်ပါ့ဘုရား)။

ဥပါဒါန်ချုပ်တော့ကို ခန္ဓာချုပ်တယ်....(မှန်ပါ့) ခန္ဓာချုပ်တော့ကို အအို့အသေချုပ်တယ်.... (ချုပ်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဩော်...ဒီအလုပ်ဟာ ခင်ဗျားတို့မှာ မလုပ်မဖြစ်တဲ့ အလုပ်.... (မှန်ပါ့)ဒီအလုပ် ဘာဆိုကြမယ်.... (မလုပ်မဖြစ်တဲ့ အလုပ်ပါဘုရား) ထမင်းမစားဘဲ နေချင်နေ၊ ဤအလုပ်· လုပ်ရမယ်...(မှန်ပါ့) ဒီဒုက္ခကြောက်တဲ့လူ ဒီအလုပ်· လုပ်ရမယ်.... (မှန်ပါ့)။

ကောင်းပြီ ဒါက သမထလား ဝိပဿနာလားလို့ မေးဘို့လိုတယ်....(မှန်ပါ့) သမထလား ဝိပဿနာလားဆိုတော့ ဒီအထဲမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပက ဝိပဿနာ၊ သတိဝီရိယသမာဓိက သမထ.... (မှန်ပါ့) သမထနဲ့ ဝိပဿနာရောပြီး ရှုတာ(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

သမထနဲ့ ဝိပဿနာ....(ရောပြီးရှုတာပါဘုရား) ရောပြီးတော့ အလုပ်-လုပ်တာ....(မှန်ပါ့)။

ဒါဖြင့် သမထနဲ့ဝိပဿနာ ရောပြီး လုပ်ခိုင်းလို့သာလျှင် ဖြစ်တာကို သိတာက သတိကလဲ သိတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း

သမာဓိထားလို့လဲသိတယ်၊ ဝီရိယစိုက်လို့လဲ သိတယ်၊ သမထ က ပါနေတယ်-(မှန်ပါ့) ဒီတရားတွေ မခိုင်ဘူး, မမြဲဘူးလို့ သိတာက ပညာက သိတာ....(မှန်ပါ့)။

ဒါဖြင့် သတိပညာနဲ့ ရောလွှတ်တာ....၊ သတိပညာနဲ့ ရော လွှတ်တဲ့အတွက် သမထဝိပဿနာ နှစ်ခုနဲ့ရှုတာ....(မှန်ပါ့)သမထ အထူးမတည်ထောင်နဲ့တော့.... (မှန်ပါ့)။

ဘုရားက သမထရှေ့သွား ဝိပဿနာနောက်လိုက် ငါတမျိုး ဟောခဲ့ပြီတဲ့...(မှန်ပါ့) ဝိပဿနာရှေ့သွား သမထနောက်လိုက် လဲ ငါတမျိုးဟောခဲ့ပြီတဲ့....(မှန်ပါ့) တွဲပြီးသကာသ ရှုနည်းလဲ ငါဘမျိုးဟောခဲ့တယ်တဲ့....(မှန်ပါ့)ကြိုက်တာယူတဲ့-သဘောကျ ပလား....(မှန်ပါ့)။

သမထရှေ့သွား ဝိပဿနာနောက်လိုက်၊ ဒီလိုလဲ ဟောခဲ့ တယ်တဲ့၊ ဝိပဿနာရှေ့သွား သမထနောက်လိုက်လဲ ငါဟောခဲ့ တယ်တဲ့....(မှန်ပါ့) တွဲပြီးလွှတ်တာလဲ- (ဟောခဲ့ပါတယ်ဘုရား) အခုဟာက တွဲပြီးလွှတ်တဲ့နည်း ပေးလိုက်တယ်...(မှန်ပါ့)။

ဘာဖြစ်လို့ ဒီနည်းကို ဘုန်းကြီးက ပေးပါသတုံးဆိုတော့ ဟိုဟာတွေက တသန့်စီ,တသန့်စီ လုပ်နေလို့ကြာတယ်၊ခင်ဗျားတို့ သက်တမ်းတိုတိုနဲ့.... (မှန်ပါ့) တွဲဟောလိုက်လို့ရှိယင် တခါ တည်း ပြီးသွားတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဖြစ်တိုင်း-ဖြစ်တိုင်း သိလို့ရှိယင် သမထကသိတယ် (မှန်ပါ့)ပျက်တိုင်းပျက်တိုင်း သိလို့ရှိယင် ဝိပဿနာကသိတယ်- (မှန်ပါ့)။

ဖြစ်တိုင်းဖြစ်တိုင်းသိယင် ..... (သမထက သိပါတယ်ဘုရား) ပျက်တိုင်းပျက်တိုင်းသိယင် .... (ဝိပဿနာကသိပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်သိလို့ရှိယင် တွဲလျက်.... (မှန်ပါ့) ပေါ်သွားပလား....(ပေါ်ပါပြီဘုရား) ပေါ်သွားပြီ၊ ပေါ်သွားပြီ။

ပြန်ပြောကြပါဦးတခေါက်.... (မှန်ပါ့) ဖြစ်တိုင်းဖြစ်တိုင်းသိယင်.... (သမထကသိပါတယ်ဘုရား) ပျက်တိုင်းပျက်တိုင်းသိယင်... (ဝိပဿနာကသိပါတယ်ဘုရား) ဖြစ်ပျက်နှစ်ခုစလုံးသိယင် (သမထဝိပဿနာက သိပါတယ်ဘုရား)။

အဲ.... နှစ်ခုတွဲ ဆက်သိတဲ့နည်း ယုဂနဒ္ဓ နည်းလို့ခေါ်သည် ယုဂနဒ္ဓဆိုတာ နွားနှစ်ကောင် တပြိုင်နက်မောင်းတာ (မှန်ပါ့) နွားနှစ်ကောင် တပြိုင်နက်မောင်းတာ တိုတို့နဲ့ ခရီးရောက်တာ ပေါ့... (မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအပေါ်မှာလှဘ်လိုက်လို့ရှိယင် အဖြစ်မြင်လို့ရှိယင် ခင်ဗျားတို့မှတ်လိုက် ဥစ္ဆေဒဒိဋ္ဌိ သေပါတယ်... (မှန်ပါ့) အပျက်မြင်လို့ရှိယင် သဿတဒိဋ္ဌိသေပါတယ် (မှန်ပါ့ဘုရား)။

အဖြစ်မြင်လို့ရှိယင်....(ဥစ္ဆေဒဒိဋ္ဌိသေပါတယ်ဘုရား)အပျက်မြင်လို့ရှိယင်....(သဿတဒိဋ္ဌိသေပါတယ်ဘုရား)။

အဖြစ်အပျက် နှစ်ပါးလုံးမြင်လို့ရှိယင် သက္ကာယဒိဋ္ဌိသေတယ်....(မှန်ပါ့) ဒါကို သေသေချာချာမှတ်၊ ဒါ သိပ်အရေးကြီးတဲ့စကား .. (မှန်ပါ့)။

အဖြစ်မြင်တော့ အကြောင်းကြောင့်ဖြစ်တယ်ဆိုတာ သိတာကိုး၊ ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိသေတယ်.... (မှန်ပါ့) အပျက်မြင်တော့

မခိုင်လို့ပျက်တယ်ဆိုတာ သိဏတည်းကိုက ခင်ဗျားတို့ ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိသေပြီ....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်နှစ်ခုစလုံးကို မြင်လိုက်လို့ရှိယင်ဖြင့် ဩော်.... ငါ-ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ သက္ကာယဒိဋ္ဌိသေတယ်— (မှန်ပါ)ရှင်းပလား— (ရှင်းပါပြီဘုရား)။

ဒါ တော်တော်အရေးကြီးတယ်လို့မှတ်ပါ.... (မှန်ပါဘုရား) ဒါကြောင် ခင်ဗျားတို့ရှုတာ ဘာကျေးဇူးရှိသတုံးဆိုတော့ ဒိဋ္ဌိသုံးမျိုးကွာတယ်—(မှန်ပါ)။

ရှုလိုက်ယင် ဘာကွာသတုံး.... ( ဒိဋ္ဌိသုံးမျိုး ကွာပါတယ်ဘုရား) ဒါကွာသွားပြီ၊ဒါ ဒိဋ္ဌိတဏှာလဲ၊ ကွာသွားပြီ....(မှန်ပါဘုရား)။

သူကွာကတည်းက ဒိဋ္ဌိကမှ ပပဥ္စဖြစ်ရမည့်ဥစ္စာ ဖြစ်နိုင်သေးရဲ့လား.... (မဖြစ်နိုင်ပါဘုရား) ခန္ဓာဖြစ်အောင် ချဲ့နိုင်သေးရဲ့လား...(မချဲ့နိုင်ပါဘုရား) မချဲ့နိုင်တော့ ဒီ အို့သေကော လာပါ့မလား....(မလာပါဘုရား)။

ဒါဖြင့် သံသရာပြတ်တယ်.... (မှန်ပါ) ဒီသံသရာကြီးပြတ်တယ်၊ ဒီဒိဋ္ဌိသုံးမျိုး မဂ်ကသတ်ချလိုက်တယ်.... (မှန်ပါ)ရှင်းပလား—(ရှင်းပါပြီဘုရား)။

မဂ်က ဘယ်နှစ်မျိုးသတ်သတုံး.... (ဒိဋ္ဌိသုံးမျိုးသတ်ပါတယ်ဘုရား)ဒိဋ္ဌိသုံးမျိုးသတ်လိုက်တယ်တဲ့— (မှန်ပါ) ဒီ-ဒိဋ္ဌိသုံးမျိုးသတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်.... ( ပြတ်ပါတယ်ဘုရား)။

ကောင်းပြီ…ဒါဖြင့် ခင်ဗျားတို့သည် ဒီပင္ဒိစ္စသမုပ္ပါဒ်ဟာ ဘုရားမရှိယင် သူဘဲ တန်းလာတာဘဲ…(မှန်ပါ)။

ဘုရားရှိငြားသော်လဲ ကလျာဏမိတ္တမတွေ့ယင် ဒီလာပြန်တာဘဲ…( လာပါတယ်ဘုရား ) ရှင်းပလား…. ( ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ အခု ကလျာဏမိတ္တနဲ့ တွေ့တော့တွေ့ပြီ… (မှန်ပါ) တွေ့ပေမဲ့ ဥပကတွေဖြစ်နေတယ်…. (မှန်ပါ) သဘောကျပလား…(ကျပါပြီဘုရား)။

အတွေ့က အမျိုးမျိုးရှိတယ်၊ ပဉ္စဝဂ္ဂီ အတွေ့ကတမျိုး… (မှန်ပါ) ဥပကတွေ့က…(တမျိုးပါဘုရား) ခင်ဗျားတို့က ဘာတွေဖြစ်နေသတုံး… (ဥပကတွေဖြစ်နေပါတယ်ဘုရား)။

ဥပကတွေဘဲရှိသေးတယ်…. (မှန်ပါ) အရှင်ဟာ အရောင်အဆင်း အလင်းတွေနဲ့ ဣန္ဒြေသမ္ပတ္တိနဲ့ ကိုယ်တော်ကြီးဘဲလို့ ဆိုပြီး အသင့်ဆရာ ဘယ်သူနည်းမေးဟော့ ငါ့ဆရာမရှိဘူးလို့ ဘုရားကပြောလိုက်တယ်…(မှန်ပါ)။

အကြောင်းရှိယင် အားကိုးပါရစေ၊ အားကိုးတာပေါ့….၊ ဘဲ့ကလေးပြောခဲ့စမ်းပါဦး၊ အနန္တဇိနတဲ့ ဒါဘဲပြောတာဘဲ ဘုရားက၊ သူတွေ့ရတော့ ဘာအထူးရသတုံး …. (မရပါဘုရား) ပဉ္စဝဂ္ဂီတို့ကတော့ တွေ့ယင်တွေ့ခြင်း…. ( ရပါတယ်ဘုရား ) သဘောကျပလား…(ကျပါပြီဘုရား)။

အခု ခင်ဗျားတို့နှစ်ယောက် ဘာဖြစ်နေသတုံး ဆိုလို့ရှိယင် ဒီမဂ္ဂပြဟ္မစရိယအကျင့် အထမမြောက်သေးလို့ ဥပကတွေဘဲဖြစ်

နေသေးတယ်.... (မှန်ပါဘုရား) ရိပ်မိပလား.... ( ရိပ်မိပါပြီ ဘုရား)။

ဘာတွေဖြစ်နေသတုံး ..- (ဥပကာတွေဖြစ်နေပါတယ်ဘုရား) ဒီအလုပ် မလုပ်တတ်ယင် ဥပကာတွေဘဲကွ.... (မှန်ပါ)နည်းတော့ ပေးနေတာပါဘဲ၊ဒါ မဂ္ဂဗြဟ္မစရိယအကျင့်ဆိုတာ ဘာမှသံသယ မရှိနဲ့ ဒီနှစ်ခုပြတ်ဘယ်ဆိုတာ သူများပြောမဟုတ်ပါဘူး ဟင်.... (မှန်ပါ)။

ဒီသမုဒယသစ္စာသုံးခုနဲ့ ဒီဒုက္ခသစ္စာသုံးခု မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား) ဒါ သူများပြောလား.... ( ကိုယ်တွေ့ပါ ဘုရား)။

ဒီဟာကိုသာ ခင်ဗျားတို့ ဝိပဿနာဉာဏ်နဲ့ တင်လိုက်စမ်း ဒီသုံးခု ချုပ်- မချုပ် ... (ချုပ်ပါတယ်ဘုရား) ဒီသုံးခုချုပ်၊ဒီသုံးခု ချုပ်... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို ဒို့ဟာ ဆရာဘုန်းကြီးကတော့ ဟောနေပြီ၊ ဆရာကောင်းလဲ တွေ့နေပြီ လူမိုက်နဲ့လူလိမ်မှာ ကိုယ့်-ကိုယ် ကိုယ် ခွဲတတ်ပြီ... (မှန်ပါ) အချိန်ပိုင်းနဲ့ခွဲတတ်ပြီ... (မှန်ပါ)။

ခင်ဗျားတို့ သူများကို တဘက်လုံးဆုံးမ ပြောဘ်....ငါ လူမိုက် ကြီးကိုးလို့ ဒီလိုမဟုတ်ပါဘူး....(မှန်ပါ) အချိန်ပိုင်းနဲ့ခွဲတတ် တာ....(မှန်ပါ)။

ဘယ်လိုခွဲတတ်သတုံး (အချိန်ပိုင်းနဲ့ခွဲတတ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) အချိန်ပိုင်းနဲ့ခွဲတတ်တယ် ဆိုက တည်းက ခင်ဗျားတို့ ပြောဘ်....ဒါကျင့်နေလို့ရှိယင် ဒီအချိန်မှာ

ပညာရှိ—(မှန်ပါ့ ပညာရှိပါဘုရား) ဒီအချိန်မှာ ဒါမကျင့်မိယင် (လူမိုက်ပါဘုရား)။

သွားစရာ လာစရာကိစ္စတွေ များလွန်းလို့ဘုရား၊ ဒါ သူ့ဟာသူ ဘာပြောပြော သူ့ဟာသူ ဘာဖုံးဖုံး၊ မဟုတ်ဘူးလား— (မှန်ပါ့) သူ့ဟာသူ ဘာဖုံးနေနေ ဘာဆိုကြမယ်—(လူမိုက်ပါဘုရား)။

အဲဒီတော့ ဦးမာဒင်တို့ ဦးလှတို့က ခင်ဗျားတို့သုံးတဲ့အသုံးအနှုန်းဟာက ဒီနေ့ဘယ်နှယ်တုံး ခင်ဗျား အဖြစ်အပျက်ကလေးတွေရဲ့လား၊ ဘာလုပ်နေသတုံး၊ ဒါလုပ်နေပါတယ်၊ ဒီ့ပြင်ဟာ အဖြေပေးစရာမရှိပါဘူး....(မှန်ပါ)။

တကာရင်း ဆရာရင်းဆိုယင် ဒါဘဲပြောရမယ်.... (မှန်ပါ့) ဒီ့ပြင် ကွေ့လည်ကြောင်ပတ် လုပ်မနေနဲ့တော့.... ( မှန်ပါ့ ) ရှင်းပလားကွ— (ရှင်းပါပြီဘုရား) သဘောပါပလား(ပါ-ပါပြီဘုရား)။

ဒါက ငြင်းလို့ကိုမှမရဘဲ... (မှန်ပါ့) ဦးလှကြီး ဒါဖြင့် ခင်ဗျား ဒီဘက်နဲ့ဟိုဘက် ဘယ်ဘက်နဲ့ ကြီးလာသတုံး— (ဟိုဘက်ကကြီးလာပါတယ်ဘုရား) အဲ.... သူ့ဟာသူ ဖြေလာတာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ သူများမေးရမှာလား — (ကိုယ့်ဟာကိုယ် မေးရမှာပါဘုရား) ကိုယ့်ဟာကိုယ်မေးတော့ ဩော်....ဒီဘက်က တပည့်တော် ဒီလိုကြီးလာခဲ့တယ်၊ ဒီဘက်တန်းနဲ့ ကြီးလာတယ် — (ကြီးလာပါတယ်ဘုရား)။

ဒီဘက်တန်းနဲ့ တပည့်တော်သည် အခုမှဥပကာတွေ့ရှိသေးတယ် (မှန်ပါ့) ပဋ္ဌာဂ္ဂိတွေ့ မဖြစ်သေးဘူး....( မဖြစ်သေးပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဋ္ဌဝဂ္ဂိတွေ့တော့ လုပ်ကြပါစို့....တဲ့၊ ပဋ္ဌဝဂ္ဂိတွေ့- တွေ့မှ ခင်ဗျား သောတာပန် စ,တည်ရမှာ၊ မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

ကဲ....ပဋ္ဌဝဂ္ဂမိတွေ့- တွေ့ကြစို့ဆိုတော့ ဒါကို ဖြန့်လိုက်လို့ တနေ့က ပြောတယ်.... ( မှန်ပါ့ ) ဦးမာဒင် ဖြန့်ရလိမ့်မယ်.... (မှန်လှပါ) ဖြန့်လိုက်တော့ ခန္ဓာဘယ်နှစ်ပါးဖြစ်သလဲ....(ခန္ဓာ ငါးပါး ဖြစ်ပါတယ်ဘုရား) ဝိညာဏ် နာမ်ရုပ် သင်္ခါရယတန ဖဿ ဝေဒနာ၊ ပေါင်းလိုက်တဲ့အခါ ခန္ဓာငါးပါး.... (မှန်ပါ့ ဘုရား)။

ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ပေါင်းလိုက်ယင် ဘယ်လောက် ရမလဲ....( လေးပါးပါဘုရား ) လေးပါး...တဲ့ ကာယာနုပဿ နာ, ဝေဒနာ နုပဿနာ, စိတ္တာ နုပဿနာ, ဓမ္မာ နုပဿနာ.... ( မှန်ပါ့ ) မဟုတ်ဘူးလား....သညာသင်္ခါရက ဓမ္မာနုပဿနာ၊ စိတ်က စိတ္တာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ ရုပ်က ကာယာနုပဿနာ....(မှန်ပါ့)။

ဟာ....ကြာတယ်ဘုရား၊ တပည့်တော်တို့ လူအိုကြီးတွေ ဖြစ် နေပါပြီ- သတိပဋ္ဌာန်လေးပါးဆိုတော့....(မှန်ပါ့) သတိပဋ္ဌာန် လေးပါးကို လေးပါးလုပ်မနေနဲ့ ဦးမာဒင် တပါတည်းတဲလုပ်၊ ခင်ဗျား ကြာပါတယ်၊ အသေစောသွားလိမ့်မယ်....( မှန်ပါ့ )

တရားက ရမှာမဟုတ်ဘူး အသေက စောလိမ့်မယ်. မဟုတ်ဘူးလား.... ( မှန်ပါ ) အပါယ်ရောက်မှာက စောနေလိမ့်မယ်.... (မှန်ပါ)။

အဲဒီတော့ ဒါလဲ ဖြစ်ပျက်ရှုရမှာဘဲ၊ ဒါလဲ ဖြစ်ပျက်ရှုရမှာဘဲ၊ ဒါလဲ ဖြစ်ပျက်ရှုရမှာဘဲ၊ ဒါလဲဖြစ်ပျက်ရှုရမှာဘဲ ဆိုတော့ ဖြစ်ပျက်ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒုက္ခသစ္စာတလုံးတည်းရှု ခင်ဗျားတို့ ကြာနေလိမ့်မယ် (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာ ဖြစ်ပျက်ရှုရမလဲ.... (ဒုက္ခသစ္စာတလုံးတည်းရှုရပါမယ်ဘုရား) ဒါဖြင့် ဓမ္မာနုပဿနာ တလုံးတည်း လုပ်လိုက်တော့ ကြာတယ်....(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘာတလုံးတည်း လုပ်ရမတုံး....(ဒုက္ခသစ္စာတလုံးတည်း လုပ်ရပါမယ်ဘုရား) ဒုက္ခသစ္စာ ဆိုတော့ သတိပဋ္ဌာန်လေးပါးထဲသွင်းတော့ ဘယ်အထဲဝင်သွားသတုံး.... (ဓမ္မာနုပဿနာထဲ ဝင်သွားပါတယ်ဘုရား) ပေါ်ပလား. (ပေါ်ပါပြီဘုရား)။

နာရီကလဲ စေ့သွားတယ်....(မှန်ပါ) ဘာမှလဲ မကြာသေးဘူး နာရီဝက်တွင် ပေးတာကိုးကွ.... ( မှန်ပါ ) နာရီဝက်တွင်ပေးတော့ နာရီက စေ့သွားတယ်။

ဒါ... ဓမ္မာနုပဿနာတလုံးတည်း ရှုရမယ်.... (မှန်ပါဘုရား) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဓမ္မာနုပဿနာဆိုတာ ဓမ္မ + အနုပဿနာ ခွဲလိုက်.... (မှန်ပါ) ဒီက ဘာတုံး....(ဓမ္မပါ) ဒီဘက်က... (အနုပဿနာပါဘုရား)

ဆဲဒီတော့ ဓမ္မနဲ့ အနုပဿနာကိုက်ပေး....(မှန်ပါဘုရား) ဒါမှ ဓမ္မာနုပဿနာ....(မှန်ပါ)။

ခင်ဗျားတို့က ပန်းကလေးလှူပြီး "ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိ ယာ ဗုဒ္ဓံ ပူဇေမိ" တဲ့ ....(မှန်ပါ) ဓမ္မာနုဓမ္မပဋိပတ္တိ ဆိုတာ ဒါ မဟုတ်ဘူး၊ ဒီဓမ္မက ဖြစ်ပျက်၊ ဒီ....အနုပဿနာက ရှုတာ (မှန်ပါ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု... သာဓု...သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

ဆန္ဒရာဂ ပယ်ပုံ

# ည အလုပ်ပေးတရားတော်

( ၅ - ၉ - ၆၁ )

မြတ်စွာဘုရားကို ရဟန်းတွေက တပည့်တော်တို့ ပဋ္ဌာဘူမ ဆိုတဲ့ အရပ်ကို တပည့်တော်တို့ သွားပြီး နေလဲနေမည်၊ အဲဒီ အရပ်ကို သွားလဲသွားချင်တယ်ဆိုပြီး ဘုရားကို သွားလျှောက်ကြတယ်။

တပည့်တော်တို့ ပဋ္ဌာဘူမ သွားပရစေဘုရား.... ဆိုတော့ ဘုရားကလဲ သိတော်မူတယ်၊ ဒီကိုယ်တော်တွေ ဝါဒကိုလဲ မသိသေး၊ ဟောတဲ့အသော့ အကျက်ကိုလဲ မသိသေး၊ ဒီအတိုင်းသွား လို့ ရှိယင်ဖြင့် ဟိုက မေးကြ,မြန်းကြလို့ ရှိယင်ဖြင့် တော်အောင် ဖြေလို့ ရှိယင် ဘုရားကိုစွပ်စွဲတဲ့အပြစ်ပေါ်ယ် ရောက်နေမယ် (မှန်ပါ ဘုရား)။

မင်းတို့ သွားချင်ကြလို့ ရှိယင် မင်းတို့နေခင်တော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာကို လျှောက်ထားပြီးကြပလား...လို့ ဘုရားက စကားတောင်းလိုက်တယ်....(မှန်ပါ)။

တပည့်တော်များ မလျှောက်ထားရသေးပါဘုရား ဆိုတော့ အေး.... မင်းတို့ နောင်တော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာဟာ ရဟန်းငယ်တွေကို အင်မတန် သနားတယ်၊ အကျိုးစီးပွားကိုလဲ အင်မတန် အလိုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီတော့ သူ့ဆီသွားပြီး ပန်ကြားချေကြဦး....(မှန်ပါ့)ဘုရားက သူကိုယ်တိုင် မဟောချင်တာနဲ့ ရှင်သာရိပုတ္တရာဆီ လွှတ်လိုက်တယ်....(မှန်ပါ့)။

ဒါနဲ့ ရဟန်းတွေက ရှင်သာရိပုတ္တရာဆီ သွားကြတယ်....၊ ရှင်သာရိပုတ္တရာက တခုသော ခြုံတည်းမှာ တရားနှလုံးသွင်းပြီး သကာလနေတယ်၊ ရဟန်းတွေက သွားကြတယ်၊ အရှင်ဘုရား-တပည့်တော်တို့ ပစ္စာဘူမဆိုတဲ့အရပ်ကို သွားလဲသွားချင်တယ်၊ အဲဒီမှာလဲနေချင်လို့ အရှင်ဘုရားဆီ လာလျှောက်ပါတယ်-တဲ့။

ဩော်... မင်းတို့ ဘုရားဆီ ရောက်ခဲ့ကြပလား-ရောက်ခဲ့ပါပြီ ဘုရား၊ ဘုရားက နောင်တော်ကြီးဆီကို သွားပြီးဟော့ မင်းတို့ အကျိုးအကြောင်း ပြောကြဦး၊ သူက အမျိုးမျိုးသင်တတ်တယ်၊ ဆုံးမတတ်တယ်၊ သွန်သင်တတ်တယ်၊ ရှေ့ရေး-နောက်ရေးလဲ သိတယ်လို့ ဟောလိုက်ပါတယ်။

ဒီတွင် ရှင်သာရိပုတ္တရာက ရိပ်မိတယ်၊ ဘုရားက ငါ့ကို ဆုံးမခိုင်းတာကိုးဆိုပြီးသကာလ ရှင်သာရိပုတ္တရာက ကဲကွာ--မင်းတို့ ပစ္စာဘူမကို သွားကြတော့မယ်ဆိုတော့ ပစ္စာဘူမမှာ မင်းပညာရှိတွေလဲ ရှိတယ်၊ ပုဏ္ဏားပညာရှိတွေလဲ ရှိတယ်၊ လူပညာရှိတွေလဲ ရှိတယ် ၊ အဲဒီ ပုဂ္ဂိုလ်တွေက မင်းတို့ကို မေးလိမ့်မယ်၊ ဘုရားဆီက လာတယ်ဆိုယင် မေးကြမှာဘဲ။

ဘယ်လိုမေးမလဲဆိုတော့ မြတ်စွာဘုရားဟာ ဘယ်ဝါဒတုံး- ဘယ်လို သူတပါးကို ဟောလေ့ ပြောလေ့ ရှိသတုံးဆိုတဲ့ ဒီနှစ်ချက်ကို ရှေးဦးစွာမေးမှာဘဲ.... (မှန်ပါ) ဆိုတော့ တပည့်တော်များတော့ အဝေးကြီးက လာရတာဖြစ်ပါတယ်ဘုရား၊ ဘာမှ တပည့်တော်များ မသိသေးပါဘူး- မေးမည့်မြန်းမည့်ဥစ္စာကိုလဲ၊ အရှင်ဘုရားက သင်ပြမှ တပည့်တော်တို့ ဖြေကြားတတ်မည့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်လို့ လျှောက်ကြတယ်....(မှန်ပါ)။

ကောင်းပြီ... ဒါဖြင့် မင်းတို့ကို မေးလိမ့်မယ်တဲ့ ဗိမ္ဗိသာရမင်းကြီးတို့, စိတ္တသူကြွယ်တို့စတဲ့ ဒီလိုပုဂ္ဂိုလ်တွေရှိတယ်၊ ပုဏ္ဏားပညာရှိ, လူပညာရှိတွေက အရှင်ဘုရားတို့ ဘုရားဟာ သူ့ဝမ်းထဲမှာ ဘယ်ဝါဒရှိသတုံး၊ သူတပါးကိုလဲ ဘယ်လို ဟောလေ့ ပြောလေ့ ရှိသတုံး....ဆိုတဲ့ဥစ္စာ မေးလို့ရှိယင် ဘုရားဝါဒဟာ မင်းတို့မှတ်ထား ဆန္ဒရာဂကို ပယ်တဲ့ဝါဒဟာ ဘုရားဝါဒဘဲ.... (မှန်ပါ)။

စာလိုသုံးတော့ ဆန္ဒရာဂလို့ ရှင်သာရိပုတ္တရာက ဟောပါတယ်၊ ဒီတကာတကာမတွေ နားလည်မှုကျတော့ လောဘကို ပယ်မှုအလုပ်ဟာ သူ့အလုပ်- သူလုပ်မြဲတမ်းလုပ်တဲ့ အလုပ်ဘဲ - (မှန်ပါ)အဲဒါ သူ့ဝါဒဘဲ....(မှန်ပါဘုရား)။

ဒါ မင်းတို့မှတ်ထား- လောဘပယ်တဲ့ အလုပ်ဟာ ဘုရား၏ ဝါဒ၊ သူတပါးဟောလေ့ ပြောလေ့ရှိတာလဲ လောဘပယ်ဘို့ဘဲ၊ ဆန္ဒရာဂကို ပယ်ဘို့ဘဲ ဟောလေ့ ပြောလေ့ရှိတယ်လို့ မင်းတို့ဖြေရမယ်၊ နှစ်ချက်နော်... (မှန်ပါဘုရား)။

ဒါဖြင့် အားလုံးတရားနာတဲ့ တကာတကာမတွေ သိရောပေါ့ ဘုရား၏ဝါဒဟာ လောဘပယ်တဲ့ ဝါဒ…(မှန်ပါ) သူတပါးကို ဟောပြန် ပြောပြန်လို့ရှိယင်လဲ လောဘပယ်ဘို့ကို ဟောလေ့ ပြောလေ့ရှိတဲ့ အသုံးအနှုန်းဟာ ဘုရား၏ အဆုံးအမဘဲ(မှန်ပါ) ရှင်းကြပလား…(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဩော်…. ဗုဒ္ဓဘာသာဆိုတာ ဘုရား၏ အယူဝါဒအတိုင်း လိုက်နာတာဆိုတာ၊ ဘုရားက သူ့ဝါဒဟာ လောဘပယ်တဲ့ဝါဒ၊ သူတပါး ဆုံးမပြန်လဲ လောဘပယ်ဘို့ဆုံးမ လေ့ရှိတယ်ဆိုတဲ့ အပြောအဆိုမျိုးဟာလဲ သူ၏ဟောစဉ်ဆိုတာ သိထားလို့ သူ့ကိုလဲ ကြည်ညိုတယ်၊ လေးစားတယ်၊သူပြောတဲ့ ဥစ္စာလဲ အမှန်ချည့်ဘဲ၊ သူ့ဝါဒ ကျုပ်တို့မလိုက်လို့ရှိယင် ဦးလှ နေရာမကျဘူး…(မကျပါဘုရား)သူ့ဝါဒ မလိုက်ယင် ကျုပ်တို့ အကုသိုလ်ဖြစ်မယ်… (မှန်ပါဘုရား) သူ့ဝါဒကို လိုက်လို့ရှိယင် ကျုပ်တို့ ကုသိုလ်ဖြစ်မယ်…. (မှန်ပါ) ရှင်းပြီနော်…(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒီအယူမသိခင်တုန်းက မလိုက်ဘူး၊ ယခု အချိန်က စ,ပြီးသတော့လ သူ့ဝါဒ သူဟောလေ့ ပြောလေ့ ရှိတဲ့ အလုပ်ကို စည်းကမ်းကို ကျုပ်တို့လိုက်ရတော့မယ်(မှန်ပါ) ပေါ်ပြီ….(ပေါ်ပါပြီဘုရား)။

ဒါ တခြားသော အချိန်တွေ လောဘအာရုံတွေ, ဒေါသ အာရုံတွေ, မောဟအာရုံတွေ ဝင်လာလို့ရှိယင် ဒီတကာ တကာမတွေက ဩော်….ဒို့ဟာ ဗုဒ္ဓဘာသာအစစ် မဟုတ်သေး

ပါလား၊ ဒီအချိန်ဟာ တဏှာအာရုံတွေ ဝင်နေတယ်....(မှန်ပါ ဘုရား)။

ဘုရား၏ဝါဒ ဒို့မလိုက်တဲ့ အချိန်ဘဲ၊ ဘုရားဟောစဉ်ကို ဒို့နားမထောင်တဲ့ အချိန်ဘဲလို့ ကိုယ့်ဟာကိုယ်ဘဲ ဆုံးမကြ.... (မှန်ပါ) ဒီ့ပြင် အာရုံတွေဝင်လာယင်ပေါ့လေ၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ရှင်သာရိပုတ္တရာက မင်းတို့ကိုမေးလိမ့်ဦးမယ်တဲ့၊ ဘုရားဝါဒဟာ ဆန္ဒရာဂကိုပယ်တဲ့ဝါဒ- လောဘပယ်တဲ့ဝါဒ၊ သူတပါးကို ဟောပြောလေ့ရှိတယ် ဆိုရုံနဲ့ အဖြေကုန်သွား တယ်လို့ မင်းတို့က မယူနဲ့၊ဆက်ပြီးမေးလိမ့်ဦးမယ်တဲ့.... (မှန်ပါ ဘုရား)။

ဘယ်နေရာမှာရှိတဲ့ ဆန္ဒရာဂကို ပယ်ရမှာတုံး ဆိုတဲ့ဥစ္စာ သူတို့က ဒီကောက်နုတ်ချက်ကို ယူပြီးမေးမှာကွတဲ့....( မှန်ပါ ) ဒီတော့ မင်းတို့က မဖြေတတ်တော့ ခက်တယ်၊အဲဒီတော့ ငါသင် လွှတ်လိုက်မယ်၊ ခန္ဓာငါးပါးအပေါ်၌ ခင်တဲ့ တဏှာဆန္ဒတို့ကို ပယ်ရမယ်လို့ ဆိုတဲ့ဥစ္စာ မင်းတို့ ဒီအတိုင်းဖြေပါတဲ့၊သဘောကျ ကြပလား...(ကျပါပြီဘုရား)။

ခန္ဓာငါးပါးအပေါ်၌ ခင်တွယ်တဲ့ ဆန္ဒရာဂကို ...(ပယ်ရမှာ ပါဘုရား)ပယ်ရမယ်၊ ရှင်းကြပလား....(ရှင်းပါပြီ) ဘယ်မှာရှိတဲ့ ဆန္ဒရာဂကို ပယ်ရမလဲ....(ခန္ဓာငါးပါးမှာရှိတဲ့ ဆန္ဒရာဂကိုပယ်ရ ပါမယ်ဘုရား)။

ခန္ဓာငါးပါးမှာရှိတဲ့ ဆန္ဒရာဂကိုပယ်ရမယ်၊ ဘုရားက ဒါကို ပယ်ဘို့ ဟောလေ့ရှိတာဘဲ....( မှန်ပါ ) သူ့ဝါဒပင်ကိုယ်ရင်း

ကလဲ ဒါပယ်တဲ့ဝါဒဘဲ...(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘယ်ပေါ်မှာရှိတဲ့ ဆန္ဒရာဂကို ပယ်ရမှာတုံးလို့ ဆိုလို့ရှိယင် ခင်ဗျားတို့အလုပ်-လုပ်တဲ့ အခါမှာ ဒီအပေါ်မှာ ရှိတဲ့ ဆန္ဒရာဂကိုပယ်ရမယ်နော်....(မှန်ပါ့ဘုရား)။

ကောင်းပြီတဲ့ ပယ်နည်းနောက်မှ သင်မပေါ့ဗျာ.... (မှန်ပါ့) ဒီခန္ဓာငါးပါးပေါ်မှာရှိတဲ့ ဆန္ဒရာဂကို ပယ်ရမယ်လို့ ဘုရား ဝါဒကရှိတယ်၊ ဘုရားဟောလေ့ရှိတယ်ဆိုတာ သိပြီ၊ မပယ်ယင် ဘယ်အပြစ်သင့်သတုံးဆိုတာ မင်းတို့ကို ဆက်မေးလိမ့်မယ်တဲ့.... (မှန်ပါ့) မေးမှာဘဲ၊ မမေးပေဘူးလား... (မေးပါတယ်ဘုရား)။

မေးလို့ရှိယင် မင်းတို့သည်ကားလို့ ဆိုလို့ရှိယင် ဘာမဖြေတတ်၊ ညာမဖြေတတ်နဲ့ ရမ်းဖြေပြန်လဲ ဘုရားဝါဒနဲ့မညီညွတ် ပြန်လို့ရှိယင်လဲ မင်းတို့ ဘုရားကိုစွပ်စွဲရာရောက်မယ်တဲ့....(မှန်ပါ့ ဘုရား)။

အဲဒီတော့ မပယ်လို့ရှိယင်တဲ့ ဒီကျတော့ ပဋိစ္စသမုပ္ပါဒ် အရေးကြီးလာဘော့ ဒီခန္ဓာကို ဥပမာ ရူပက္ခန္ဓာခင်မယ် တကော လာမယ်... (မှန်ပါ့) ဥပါဒါန်လာမယ်၊ မလာပေဘူးလား (လာ ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါ ပဋိစ္စသမုပ္ပါဒ် စထွက်လာတယ်.... (မှန်ပါ့) ဇာတိ,ဇရာ, မရဏကော....( လာမှာပါဘုရား )သောက, ပရိ ဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာသတွေကော (လာမှာပါဘုရား) လာမယ်တဲ့၊ မပယ်ခြင်းကြောင့် ဒီအပြစ် သင့်တယ် ဆိုတာ

မင်းတို့ ဖြေကြပါကွာတဲ့....(မှန်ပါ)ဆိုတော့ ဒါတရားပါသွားပြီ (ပါ·ပါတယ်ဘုရား)။

ခင်ဗျားတို့ ကျုပ်တို့လဲ ဒီပေါ်မှာရှိတဲ့ဥစ္စာကို မစွန့်ဘဲနဲ့ တတွယ်တည်းတွယ်- တငြိတည်း ငြိနေကြတယ်ဆိုယင် ဒါရမှာဘဲ (မှန်ပါ) သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿဆိုတဲ့ အကုသိုလ်တွေရ·မရ .. (ရပါတယ်)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘုန်းကြီးကဘဲ ကြားဝင်ပါဦးမယ်၊ မြို့ထဲရွာထဲမှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ချောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဦးမာဒင်တို့, ဦးလှဘူးတို့ မြင်ကြမှာပေါ့... (မှန်ပါ) ဘာဖြစ်နေတာတုံးလို့ မေးလို့ရှိယင် ခန္ဓာငါးပါးပေါ်မှာရှိတဲ့ ဒီတဏှာက မပယ်နိုင်လို့ ဖြစ်ရတာချည့်ဘဲ (မှန်ပါဘုရား)။

ရွာထဲမှာ မျက်ရည်ကြီးငယ် ကျနေကြတာတွေ စိတ်ဆိုးပြီး ဆူနေကြတာတွေ· ရွာထဲမှာဖြစ်ချင်သလိုဖြစ်ပြီးသကာလ ရင်ထုမြေလူး ကြမ်းခုန်နဲ့ ဟ .... ဘာဖြစ်နေကြတာတုံး .... (ခန္ဓာငါးပါးကိုခင် ဆန္ဒရာဂမပယ်လို့ဖြစ်တာ) ဖပယ်လို့ ဒီအပြစ်သင့်တာ၊ သားသမီးခန္ဓာဖြစ်စေ၊ မိမိခန္ဓာဖြစ်စေ မပယ်လို့ ဒီအပြစ်သင့်တာ....(မှန်ပါဘုရား)။

နောက်ဆုံးပိတ် အရေးကြီးတာက မိမိခန္ဓာအရေးကြီးပါတယ်....(မှန်ပါ)မိမိခန္ဓာရှိလို့ သားသမီးခန္ဓာ ခင်မှုဖြစ်လာတာ၊ (မှန်ပါ) သူမရှိယင် ငါခက်ချေရဲ့ဆိုပြီး ကိုယ့်အပေါ်ချည့် ပြန်ထောက်တယ် ... ( မှန်ပါ ) မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီဆန္ဒရာဂ မပယ်ခြင်း၏ အပြစ်ဟာ သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿဆိုတဲ့ အကုသိုလ်တွေရတယ် .... (မှန်ပါ) မရဘူးလား....(ရပါတယ်ဘုရား)။

ဦးလှတို့- ဦးမာဒင်တို့ မြို့ထဲရွာထဲမှာ ရှောက်ကြည့်တော့ ဟိုအိမ်ကြည့်လဲ မျက်စိမျက်နှာ မချမ်းသာဘူး ... (မှန်ပါဘုရား) ဒီအိမ်ကြည့်လဲ မျက်စိ မျက်နှာ မချမ်းသာဘူး ...၊ ဘာဖြစ်နေသတုံးလို့ ခင်ဗျားတို့က မေးဘို့မလိုဘူးလား... (မှန်ပါ) သူ့ခန္ဓာပေါ်၌ ဆန္ဒရာဂ မစွန့်လို့ ....(မှန်ပါ) သူ့ပစ္စည်းပေါ်၌ ... (မစွန့်လို့ပါဘုရား) ဆန္ဒရာဂကို မစွန့်တဲ့အတွက် ဒါတွေချည့် ထွက်နေတယ်... (မှန်ပါ)။

အဲဒါ ဦးလှတို့လို ပုဂ္ဂိုလ်၊ ဦးမာဒင်တို့လိုပုဂ္ဂိုလ်မှာ ဒီအိမ်တွေ လိုက်မေးရတာကို မအားဘူး.... ( မှန်လှပါ ) သူတို့အိမ် ဘာဖြစ်နေတယ်မသိဘူး မေးဦးမှဘဲ၊ နာခဏ်းဖြစ်ယင် သွားမေးတာဘဲ၊ ဟိုမှာ သောက ပရိဒေဝ ရောက်နေတယ်....( မှန်ပါ ) မမေးရကြဘူးလား....(မေးရပါတယ်ဘုရား)။

ဟ....ဘာ့ကြောင့် ခင်ဗျားတို့က အမေးအမြန်းထူနေတာတုံး ဆိုတော့ ခင်ဗျားတို့က ဒီအမျိုး ဒါဘဲပြောတယ်.... (မှန်ပါ) ဒါကို ခင်လို့....လို့ မပြောဘူး... (မှန်ပါ)။

ဦးလှတို့ ခင်ဗျားတို့ မေးပေါင်းခတွများလှပါပြီ....(မှန်ပါ) ဒါတော့ ကိုယ်တိုင်သွားမှ တော်မှာပါ၊ ဒါကတော့ သားသမီးများ လွှတ်လိုက် ပြီးပါတယ်.... ( မှန်ပါဘုရား ) သွားတော့ သွားရတာချည့်ဘဲ....( မှန်ပါ ) ဟိုမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ရောက်နေတာကိုး....(မှန်ပါ)။

ဘယ့်နှယ်ဖြစ်တာတုံးသာ သွားမေးနေတာဘဲ၊ ဘယ်သူ့အကြောင်းရယ်လို့ လက်သည်ကို ခင်ဗျားတို့ကမရှာဘူး(မှန်ပါ့) ရှာလို့ ထိုက်တန်သလောက်တွေ့ပြန်လဲ ဒီဟာကို ငါလဲ မျက်ရည်သိမ်းတဲ့ဇာတ် လိုက်မှာဘဲလို့ ထိုးထွင်းဉာဏ်က မပေါ်လာဘူး.... (မပေါ်ပါဘုရား) အိမ်ကျဟော့ သူများလိုနေလိုက်တာဘဲ.... အတော်ဖျင်းသေးတာဘဲ၊ ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)။

ကဲ... ဘယ်အိမ်မှာ သောကဖြစ်နေတယ်၊ ပရိဒေဝမျက်ရည်ကျနေတယ်၊ ကိုယ်၏ဆင်းရဲခြင်းဒုက္ခဖြစ်နေတယ်၊ ဒေါမနဿမကျေနပ်ပွဲကြီးဖြစ်နေကြတယ်၊ ဥပါယာသ ပြင်းစွာပူပန်ခြင်းဖြစ်နေတယ် ပဋိစ္စသမုပ္ပါဒ်အဆုံး ရောက်နေတယ် .... (မှန်ပါ့ ဘုရား)။

ဘာဖြစ်လို့ပါလိမ့်မလဲလို့ တွေးကြစမ်းပါတဲ့ အဲ-ခင်ဗျားတို့ တွေးမိကြပလား....(တွေးမိပါပြီဘုရား) ဘယ့်နှယ်ကြောင့်တုံး.... ( ခန္ဓာငါးပါးပေါ်မှာခင်နေတဲ့ ဆန္ဒရာဂကြောင့်ပါဘုရား )။

ဆန္ဒရာဂ တဏှာမပယ်လို့ ဥပါဒါန်ကံ ဇာတိ,ဇရာ,မရဏ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာဥပါဒါန်ကံကြောင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿတွေဟာ ဇာတိဇရာမရဏမလာနဲ့ဦး သူတို့လာရမှာဘဲ (မှန်ပါ့)။

ဒါကိုခင်လို့ရှိယင် ဒါကဖေါက်ပြန်ပျက်စီးဦးမှာကိုး (မှန်ပါ့) ကိုယ့်ခန္ဓာကလဲ ဖေါက်ပြန် ပျက်စီးမှာဘဲ၊ သားသမီးခန္ဓာက ကော... (ဖေါက်ပြန်ပျက်စီးမှာပါဘုရား)။

အဲဒီတော့ ဖေါက်ပြန်ပျက်စီးလို့ ရှိယင် ခင်ဗျားတို့မှာဘာဖြစ်တတ်သတုံး၊ ဘယ့်နှယ်မဖြုကြမတုံး.... ( သောကပရိဒေဝဖြစ်ပါတယ်ဘုရား) သောကပရိဒေဝရောက်ကြတယ်.... (မှန်ပါ့)။

ခင်ဗျားတို့က သနားလိုက်တာ၊ ခင်ဗျားတို့က ဒါလမ်းဆုံးဘဲ (မှန်ပါ့) သနားလိုက်တာ၊ သူ့အဖြစ်က တော်တော်ဆိုးတယ်၊ ခင်ဗျားတို့ လောကွတ်ချော်တယ်...(မှန်ပါ့)။

လောကွတ်ချော်ခဲ့တယ်၊ မင့်ကိုက နောက်ဆုံးပိတ်ကျတော့ မင့်ကိုက ကံမကောင်းဘဲကိုးကွ၊နောက်တော့ ကံကောင်းအောင် လုပ်တာပေါ့ကွာ....(မှန်ပါ့)။

ကံလဲမပါဘူး ဒီအထဲမှာ၊ သောကပရိဒေဝလုပ်တာက ခန္ဓာငါးပါးခင်တဲ့ တဏှာကလုပ်တာ...(မှန်ပါ့)ဒါကို ခင်ဗျားတို့က လူကြီးလူကောင်း လုပ်ပြီးတော့ .... ( ကံကိုပစ်ချနေပါတယ်ဘုရား)။

အံမာလေး... တကာတကာမတွေ့ ဒါဘဲ မြှုံထဲကလဲ နားကျနေကြတယ်...(မှန်ပါ့)လူကြီးတွေ ပြောသွားတာဒီအတိုင်းပဲတဲ့ ဒါတလုံးမှလဲ မမှန်ဘူး....(မှန်ပါ့) မှန်ကြရဲ့လား... ( မမှန်ပါဘုရား)။

ဒီအိမ်မှာဖြစ်တယ်ဆိုတာ သူ့ခန္ဓာခင်တဲ့ တဏှာမစွန့်လို့ သောကပရိဒေဝဆောက်တာ.... (မှန်ပါ့) သူ့သမီးခန္ဓာကိုခင်တဲ့ တဏှာကြောင့် သူ့မှာ သောကပရိဒေဝဖြစ်နေတယ်....(မှန်ပါ့) ကံမကောင်းလို့ ဟုတ်ကဲ့လား...(မဟုတ်ပါဘုရား)။

လက်သည်က သူ့ခန္ဓာခင်လို့...(မှန်ပါ့)ငိုတဲ့အခါကြည့်ပါ၊ နင်မရှိ ငါခက်ရစ်လိမ့်မယ်ဆိုတော့ မဟုတ်ဘူးလား.... (မှန်ပါ့)

နဂိုရ်ရက ခင်ထားတာကဘာဏာ.... (မှန်ပါ) ဒေဟာဒီမှာဆက်လိုး တွေ့လာနေတယ်၊ မလာဘူးလား.... (လာပါတယ်ဘုရား)ပေါ်ပ လား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဦးလှတို့ ခေါင်းဖြူစွယ်ကျိုးတွေက သွားပြောလိုက် တော့ ဟို ဘာကာတကာမတွေက ထင်ယောင်ထင်မှားဖြစ်မှာပေါ့ (မှန်ပါ) မင်းတို့အိမ်မျှား အကုသိုလ်ဝင်ထင်ပါရဲ့.... (မှန်ပါ) ဘယ်အကုသိုလ်မှ ဝင်တာမဟုတ်ဘူး.... (မှန်ပါ) မဟုတ်ပါဘူး၊ အကုသိုလ်ကိုယ်ကလုပ်နေတာ၊ အကုသိုလ်က တောက်လျှောက် ဝင်လာတာမဟုတ်ဘူး....(မှန်ပါ) အကုသိုလ်ဖြစ်အောင် ကိုယ်က ခင်နေလို့.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အကုသိုလ်ဖြစ်အောင် ကိုယ်ကခင်နေလို့ ဘာတွေရသတုံး.... (သောကပရိဒေဝနေပါတယ်ဘုရား)။

ကဲ.. ခင်ဗျားတို့ လူကြီးစကားပေမဲ့ ချင့်ယုံကြရမယ်.... (မှန်ပါ) မှန်ရဲ့လား....(မမှန်ပါဘုရား)ဦးလှမှန်ရဲ့လား .. (မမှန် ပါဘုရား) သုံးတာက မမှန်ဘူး လက်သည်မှ အရင်းမကျဘဲ.... (မှန်ပါဘုရား) ခင်ဗျားတို့ လက်သည်ကိုဖမ်းမမိဘူး ... ( မှန်ပါ ဘုရား)။

အခု ရှင်သာရိပုတ္တရာက ဒီခန္ဓာငါးပါးခင်လို့ ဆန္ဒရာဂကို မပယ်ခဲ့သော် ခင်တဲ့ ဆန္ဒရာဂကိုမပယ်ခဲ့သော် အပြစ်က ဒါသင့် လိမ့်မယ်တဲ့.... (မှန်ပါ) ကိုယ့်ခန္ဓာခင်လို့ ဒီအပြစ်သင့်တာ.... (မှန်ပါ) သူတပါးခန္ဓာခင်ယင်ကော.... ( ဒီအပြစ်သင့်ပါတယ် ဘုရား)။

ခင်ဗျားတို့ကတော့ အပြစ်မျိုးစုံလက်ခံတဲ့လူတွေ ဖြစ်နေတယ် ကိုယ့်ခန္ဓာလဲခင်တာဘဲ၊ သားသမီးခန္ဓာလဲ....(ခင်ပါတယ်ဘုရား) မိတ်သင်္ဂဟတွေလဲ... (ခင်ပါတယ်ဘုရား) ဒါ သောကပရိဒေဝ မျက်ရည်ကျချင်လို့....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ် ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒီကပြန်ပြီး ဒီခန္ဓာပြန်ဆက်ချင်လို့....(မှန်ပါ့) ဒီအဓိပ္ပါယ်မှတပါး ဘာရှိသေးသတုံး....(မရှိပါဘုရား) ဒါ နွား ကြီးကြီးနဲ့ထောင်လိုက် ဒီပြန်ရောက်တယ် .... (ရောက်ပါတယ် ဘုရား)။

ကဲ.... ဦးလှ အလုပ်- မလုပ်တဲ့ပုဂ္ဂိုလ်မှာ ဒီလိုဘဲနေမယ်... (မှန်ပါ့) သဘောပါကြပလား(ပါ-ပါပြီဘုရား)အလုပ်-မလုပ်ဘဲ ပုဂ္ဂိုလ်မှာ....(ဒီလိုဘဲရပါတယ်ဘုရား) ဒီလိုဘဲရမယ်.... (မှန်ပါ့) အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ် ဒါငြိမ်းသွားမယ်(မှန်ပါ့)။

ဒါငြိမ်းယင်"အသောကံ ဝိရဇံ ခေမံ ဧတံမင်္ဂလမုတ္တမံ" စိုးရိမ် မရှိဟုတ်လား၊ ရာဂကင်းခြင်းရှိတယ် ဝိရဇံ ဆိုတာ ရာဂကင်းဘယ် ခေမံဆိုတာ နိဗ္ဗာန်.... (မှန်ပါ့) ဧတံမင်္ဂလမုတ္တမံဆိုတာနိဗ္ဗာန်ဘဲ (မှန်ပါ့)။

ဒါချုပ်ယင် နိဗ္ဗာန်ကွ... (မှန်ပါ့) ခင်ဗျားဘို့ မင်္ဂလသုတ် ကိုက ဟောနေတယ်.. (မှန်ပါ့) မဟောဘူးလား.... (ဟောပါ တယ်ဘုရား) အသောကံ ဝိရဇံ ခေမံ ဧတံမင်္ဂလမုတ္တမံ ဆိုတာ ခင်ဗျားတို့က ရမ်းသာရွတ်နေတာဘဲ၊ ဘာကလာလို့ ဘာမှန်း မသိဘူး စင်စစ် သူနိဗ္ဗာန်ဟောတာ (မှန်ပါ့)အဲဒီတော့ ဒီတကျော ချုပ်ယင် နိဗ္ဗာန်ရမယ်၊ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီတဏှာချုပ်ယင်.... (နိဗ္ဗာန်ရပါမယ်ဘုရား)ဒီတဏှာမချုပ်ယင် သောကပရိဒေဝရမယ်... (မှန်ပါ့)သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

တဏှာမချုပ်ယင် (သောကပရိဒေဝရပါမယ်ဘုရား)တဏှာချုပ်ယင်....(နိဗ္ဗာန်ရပါမယ်ဘုရား) အသောကံ ဝိရဇံ ဖြစ်မယ်... (မှန်ပါ့) ခေမံဆိုတဲ့ နိဗ္ဗာန်ဖြစ်မယ်...(မှန်ပါ့) ဧတံ= ဤတရားသည်၊ ဥတ္တမံ=မြတ်သော၊ မင်္ဂလံ= နိဗ္ဗာန် မင်္ဂလာမည်သည်၊ ဟောတိ=ဖြစ်၏၊ နိဗ္ဗာန်မင်္ဂလာဘဲတဲ့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က အန္တရာယ်ရှိယင် မင်္ဂလာသုတ်ကလေးများ ရွတ်ပေးပါဦးဘုရား မင်္ဂလာရှိအောင်လို့တဲ့....(မှန်ပါ့)အံမာလေး..., အတော်ဖျင်းတဲ့ လူတွေထဲကကျနေတယ်... (မှန်ပါ့)။

မင်းတို့ကလဲ ရမ်းတောင်းတာဘဲ၊ ရွတ်တဲ့ပုဂ္ဂိုလ်ကလဲ အေးမင်္ဂလာရှိအောင် ရွတ်ပေးခဲ့ရဦးမယ်ဆိုပြီး မင်္ဂလာထဲသွားသုံးတယ်....(မှန်ပါ့)။

သူ့မင်္ဂလာကလဲ အောက်တန်းမင်္ဂလာ.... (မှန်ပါ့)အန္တရာယ်ကင်း ဘေးရှင်းပါစေတဲ့....(မှန်ပါ့) ဒီဥစ္စာကအာသဝေါသဉ်းတဲ့ မင်္ဂလာ ကာမာသဝကုန်တာကိုးဗျ (မှန်ပါ့)။

သူက ကာမာသဝကုန်တဲ့မင်္ဂလာ၊ သူ့သာ ချုပ်လို့ရှိယင် အာသဝေါသဉ်းတဲ့မင်္ဂလာ ဖြစ်တယ်.... (မှန်ပါ့) သူမချုပ်လို့ရှိယင် အ,မင်္ဂလာသွားဖြစ်တယ်....(မှန်ပါ့) သောကပရိဒေဝ ဒုက္ခဒေါမနဿတွေဟာ ဒီအိမ်မှာ အ,မင်္ဂလာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ မျက်ရည်ဇာတ်သိမ်းချင်တယ် ပဋိစ္စသမုပ္ပါဒ် ဖြတ်ချင်တယ်ဆိုဆန္ဒရာဂပယ်ရမယ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မျက်ရည်ဇာတ်သိမ်းချင်ယင်...(ဆန္ဒရာဂပယ်ရပါမယ်ဘုရား) ခင်ဗျားတို့က မသိမ်းချင်တော့ ခင်ဗျားတို့လူစုကလဲ သိပ်ရှော်ပါတယ်.... (မှန်ပါ့) မသိမ်းချင်တော့ကို ဘယ့်နှယ်နေသတုံး သွားမေးလိုက်သေးတယ်....(မှန်ပါ့)ငိုတန်လဲ ငိုရအောင်(မှန်ပါ့) ငိုတန် ငိုရအောင်လို့ သွားမေး.... တာဘဲ...(မှန်ပါ့)မဟုတ်ဘူးလား၊ ငိုစရာမရှိတော့ လက်တို့ပြီးငိုချင်တယ်....(မှန်ပါ့)။

ဦးလှ အတော်ရှုးတာဗျ....(မှန်ပါ့) ပေါ်ပလား....(မှန်ပါ့) ဥပမာ သားမယားတွေရှိတယ်၊သားသမီးတွေရှိတယ်၊ ဘယ့်နှယ် နေသတုံး ဖြစ်စဉ်အကုန် ပြောစမ်းပါ...၊ ဖွက် မထားစမ်းပါနဲ့၊ ပူစရာရှိ တူတူပေါ့၊ ကိုယ့်ကိုယ်တိုင်က လောကွတ်ချော်တာ... (မှန်ပါ့)။

ပူစရာရှိယင် ဘာတဲ့တုံး...( အတူတူပါဘုရား ) တူတောင် မတူချင်ဘူး၊ ကဲတောင် ကဲလိုက်ချင်သေးတယ်...(မှန်ပါ့)။

ဥာဏ်ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘယ်က လာတဲ့ အပူတုံးမေးတော့ယနေ့ လက်သည် ဖမ်းမိပါပြီ....(မှန်ပါ့) ခန္ဓာကို မပယ်တဲ့ တဏှာ,ဆန္ဒ,ရာဂ မပယ်လို့ ဒီအပူရတယ်-(မှန်ပါ့) ဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ကော တန်းမနေဘူးလား.... (တန်းနေပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် အသည်က စ,တဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) တမြန်နေ့က ဟောတာက အဆုံးက စ,တာ....(မှန်ပါ့)

သူက အလည်က စ,တယ်.... ( မှန်ပါ့- အလည်က စ,ပါတယ် ဘုရား)။

ကဲ...မင်းကော သဘောကျပလား....( ကျပါပြီ ) အိမ်က လာတဲ့အခါ မင်းဟာ အရောင်းအဝယ် ဘယ့်နှယ်နေသတုံးဟ မေးလို့ရှိယင် ပူချင်လို့ပြောတာ၊ မဟုတ်ဘူးလား.... (မှန်ပါ့) အရောင်းအဝယ် ဘယ့်နှယ်နေသတုံးဟ....၊ ကုန်တွေမှ ရှိသေး သလား...၊ ရှိတဲ့ကုန်ဟာ ဘယ့်နှယ်နေသတုံး- အရှုံးများခံပြီး ရောင်းနေရသလား.... အစရှိသည်နဲ့ ဒါမေးတာဟာ ဦးမာဒင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာဖြစ်လို့တုံး.... (ပူချင်လို့ ပါဘုရား) သောကပရိဒေဝ ဖြစ်ချင်လို့.... ( မှန်ပါ ) ရိပ်မိ ပလား... (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့မေးကြတာတုံး....(သောကပရိဒေဝ ဖြစ်ချင်လို့ ပါဘုရား) ဒါ.... ခင်ဗျားတို့ အသုံးအနှုန်းနဲ့တော့ ခင်ဗျားတို့ ယဉ်ကျေးတာပေါ့.... (မှန်ပါ့ဘုရား) ဘယ်လိုယဉ်ကျေးသတုံး၊ ခြောင်... မေးဖေါ်မြန်းဖေါ်ရတယ်... (မှန်ပါ့)ဒါဘဲ သုံးတယ်.... (မှန်ပါ့) မေးဖေါ်မြန်းဖေါ်ရပေတယ်၊ ပူအတူ အေးအမျှကိုး (မှန်ပါ့) အံမာလေး...ရှုပ်လိုက်တဲ့ဖြစ်ခြင်းမှ....။

ဘယ့်နှယ်တုံး.... ဒီ-လောကွတ်တွေက ဘယ်ကလာတဲ့ လော ကွတ်တွေတုံးဆိုတော့ ဒီခန္ဓာခင်ခြင်းကြောင့် ဒီတဏှာလောကွတ် ပေါ်လာတာ....(မှန်ပါ့) တဏှာလောကွတ်ကြောင့် ဒီရောင်းတဲ့ ပစ္စည်းက ဟန်မရတော့ သောက ပရိဒေဝဖြစ်တာ (ဖြစ်ပါတယ် ဘုရား) ဒီခန္ဓာဘဲ ရောင်းတဲ့ပစ္စည်းလဲ ခန္ဓာဘဲ....(မှန်ပါ့ဘုရား)

သွားလာနေတာတွေလဲ ခန္ဓာဘဲ... (မှန်ပါ) ဒီခန္ဓာခင်လို့ရှိယင် ဒီဟာ လာရမှာဘဲ...(မှန်ပါ) မလာရပေဘူးလား....(လာရပါမယ်ဘုရား)။

ဒါဖြင့် သောကပရိဒေဝဟာ မိုးပေါ်ကျလား.... ( မဟုတ်ပါဘုရား) မဟုတ်ဘူး၊ ခင်ဗျားတို့၏ တောင်းယူမှုဘဲ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်.... ( တောင်းယူမှုပါဘုရား ) ဒီခန္ဓာကိုခင်လို့- ဒီခန္ဓာကို မခင်ရယင် မနေနိုင်လို့ မဟုတ်ဘူးလား.... (မှန်ပါ) ဒို့ဆီဘဲ လာနေပါ၊ တောင်းယူတာ.... ( မှန်ပါ ) ကဲ....မင့်အတွက် ပူပရစေ... ဆွေးပရစေ....(မှန်ပါ) မရှိ-ငိုးပြီး မွေး....(မှန်ပါ) ကဲ....တောင်းယူတာ ဟုတ်မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

တောင်းယူတော့ ဘာတွေရသတုံးတဲ့... (သောကပရိဒေဝတွေ ရပါတယ်ဘုရား) ဩော်-သောကပရိဒေဝဆိုတာ တောင်းယူရမှာလား- မရှိလေ ကောင်းလေသား...(မရှိလေ ကောင်းလေပါဘုရား) သို့သော်...ခင်ဗျားတို့စိတ်က.... (တောင်းယူပါတယ်ဘုရား) ဘယ့်နှယ်တုံး- ဘုရားဝါဒ လိုက်ကဲ့လား....(မလိုက်ပါဘုရား)။

တော်တော်ကြာကျယင် အချိန်ကျယင် ဘုရား ရှိခိုးပြန်ပြီခင်ဗျားတို့၊ အချိန်ကျတော့ ထ,ပြီး ဘုရားရှိခိုးတယ်....(မှန်ပါ) လိုက်နာပါမယ်ဘုရား- အကျိုးပေးပါဦး...( မှန်လှပါ ) မလာဘူးလား...(လာပါတယ်ဘုရား)။

တော်တော်ကြာကျတော့ တောင်းယူပြန်ပြီ....၊ တောင်းယူတော့ ဘုရားက ပယ်ရမယ်ဆိုတာ မင်းတို့က တောင်းယူတယ်၊ ဒါ....သဘောတွေလို့ မှတ်ပါ....(မှန်ပါ)။

ဘုရားက ဘာတဲ့တုံး....(ပယ်ရမှာပါဘုရား) ခင်ဗျားတို့က (တောင်းယူပါတယ်ဘုရား) ဟာ....ဝကျပြန်ပေါ့... ( မှန်ပါ ) ဒီအဆိပ်ကလေး စားပရစေ၊ ဒါမှ အူပြတ်မယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးလှကြီးတို့များ အခု ရိပ်မိသွားယင် တော်သေးတယ်နော်-( မှန်ပါ ) မရိပ်မိဘဲနဲ့ စုံလုံးကန်းများသေသွားယင် ငါးပါးမှောက်ပြီ....( မှန်ပါ ) အခုဟာ ရိပ်မိအောင် ဟောနေတာ.... (မှန်ပါ)။

ကဲ·ဒါဖြင့် အိမ်ပြန်ချေဦးမယ်ဘုရား.... ဦးလှက လျှောက်လျှောက်ဦးမာဒင်က လျှောက်လျှောက်၊ဟိုဘက် တကာတကာမတွေကလျှောက်လျှောက်၊ ဘာလုပ်မလို့တုံး၊ ဒါဘဲ မေးရမှာဘဲ (သောကပရိဒေဝဖြစ်ချင်လို့ပါဘုရား) ဘာမှ ဒီပြင်အဖြေကို မတွေ့ဘူး၊ ဒါဘဲ တွေ့ရမှာဘဲ....(မှန်ပါဘုရား) ဦးလှ ဒီပြင် ထွက်စရာရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒီပြင်ထွက်စရာ ဘာမှ မရှိဘူး·(မရှိပါဘုရား)ဒီဟာကြောင့် ပြန်ဖြစ်တာဘဲ.... (မှန်ပါ) ဒီ-ဆန္ဒရာဂကြောင့် ဘယ်နှယ်တုံး.... (ပြန်ဖြစ်ပါတယ်ဘုရား) ဒီအဖြစ်တွေထွက်လာတယ်၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ မရဘူးလား·(ရပါတယ်ဘုရား)။

အဲဒီတော့ ဒီနေရတာ ကောင်းပါတယ်၊ ကောင်းပေမဲ့လဲ တဲ့၊ ကောင်းပေမဲ့လဲဆိုတာ ဒီသုံးတာ...(မှန်ပါ) ဘယ်လောက်ရှူးသလဲ... (မှန်ပါ) ဦးလှ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီ-ဆန္ဒရာဂ မကောင်းသ၍ကာလပတ်လုံး ဒါ... ရမယ်ဆိုတာ ရှင်သာရိပုတ္တရာက ဘုရားက ဆုံးမခိုင်းလို့ သူ-ဆုံးမတာ... (မှန်ပါ) ပေါ်ပသား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ ဆိုတဲ့ တရားဟာ ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်တာလား မိမိခန္ဓာ, သူတပါးခန္ဓာ မိမိပစ္စည်း-သူတပါးပစ္စည်းဆိုတဲ့ ခန္ဓာတွေကို တွယ်တာလို့ ဖြစ်တာသားမေးယင် ဘယ့်နှယ်ဖြေကြမလဲ... (တွယ်တာလို့ ဖြစ်တာပါဘုရား)။

ဒါဖြင့် ကံချည့်မဆိုင်ဘူးကွ.... (မှန်ပါ) ကံက ဒီနောက်မှာ အဝေးကြီး ကျန်သေးတယ်....(မှန်ပါ)သူက စ,တယ်၊ တဏှာက စ,တယ်၊ခင်တဲ့တဏှာကြောင့် ဥပါဒါန်ဖြစ်ပြီး ကံက သူ့ခများ နောက်လိုက်... (နောက်ကျပါတယ်ဘုရား)။

နောက်ကျပြီးတော့ သူက သူ့သဘာအတိုင်း စီမံနိုင်ဟာ ဟုတ်ကဲ့သား.... ( မဟုတ်ပါဘုရား ) သူ့အထက်က တဏှာ ဥပါဒါန် အုပ်ချုပ်ရေးအတိုင်း စီမံရတယ်၊ သူဟာ ပြဋ္ဌာန်းတဲ့ သဘောပါရဲ့လား... (မပါ-ပါဘုရား)။

အဲဒါ.... လူကြီး လူကောင်းလုပ်ပြီး ပြောတဲ့ ပုဂ္ဂိုလ်တွေကြောင့်.... မင်းတို့ဟာ ကံမကောင်းလို့ ဒါ ရ,ထားတာ၊ ကံနဲ့ဘာမှ မဆိုင်ဘူး....( မှန်ပါဘုရား ) ဆိုင်ရဲ့လား.... (မဆိုင်ပါဘုရား)။

မင်းတို့က ကံမကောင်းလို့ ကိုးကွ၊ အိုကံဆိုတာကလဲ နိမ့်ချီမြင့်ချီပါကွာ၊ ပူမနေပါနဲ့ တက်ချင်တက်လာဦးမှာ အဖြေလုံးက....(မှန်ပါ)။

ဒါဖြေလိုက်ယင် သိပ်ကောင်းမှာ ဟင်...(မှန်ပါ) ဒါတော့ မဖြေဘူးဘူး....(မဖြေဘူးပါဘုရား) မဖြေဘူး ဘာကြောင့်တုံး ဆိုတော့ ကိုယ့်ကိုယ်လဲ ဗီဥစ္စာရှိနေလို့....(မှန်ပါဘုရား)။

ဦးလှတို့များ ထူလိုက်တာ(ထူပါတယ်ဘုရား) တော်တော့ကို ထူတာဘဲ... ( မှန်ပါ ) အခု သေသေချာချာ ကြည့်တော့မှ ကံလက်သည်မှ မဟုတ်ဘဲ....( မှန်ပါ ) ဘာလက်သည်တုံး .... (တဏှာလက်သည်ပါဘုရား)။

တဏှာလက်သည်၊ သူက ပေးတဲ့ဒုက္ခ၊ သူကသမုဒယသစ္စာ၊ သူက...(ဒုက္ခပါဘုရား)အဲ.. သူက သမုဒယသစ္စာ၊သူ့ကြောင့်... (ဒုက္ခသစ္စာဖြစ်ပါတယ်) သစ္စာနဲ့ ကိုက်ကြည့်လဲ တန်းနေတာဘဲ (မှန်ပါဘုရား)။

ဒါဖြင့် ကံနဲ့ မဆိုင်ပါဘူး၊ အဝေးကြီးကျန်ပါသေးတယ်.... (မှန်ပါ)ကံက သူတို့စီမံလို့သာ ပေါ်လာတာ.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မြို့ထဲရွာထဲမှာ စိတ်ဆိုးပွဲ၊ ငိုပွဲ၊ လင်နဲ့ မယား အလိုမကျတဲ့ပွဲ ဘယ်ကလာတာတုံး.... (တဏှာက လာပါတယ်ဘုရား) ဒါဘဲ အလိုမကျတာ တဏှာက လာတာ....(မှန်ပါဘုရား)။

မိန်းမက သုံးဖြုံးလို့ ယောကျ်ားမှာ သောက၊ ပရိဒေဝဖြစ်ရတယ်...(မှန်ပါ)မိန်းမကို မိန်းမပေါ်မှာခင်နေလို့ ယောကျ်ား

မှာ သောက,ပရိဒေဝဖြစ်ရတယ် .... (မှန်ပါ) မဟုတ်ဘူးလား.... (မှန်ပါ) ယောကျ်ား အသုံးအဖြုံးများလို့ ယောကျ်ားခန္ဓာ ခင်မိလို့ မိန်းမမှာ သောက,ပရိဒေဝဖြစ်ရတယ်....( မှန်ပါ )ဒါ အခင်ကလာတာ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပြီးတော့ ခင်ဗျားတို့ကပြောတော့ ငါ့စိတ်မချမ်းသာအောင် တော့ မလုပ်ကြစမ်းပါနဲ့၊ အံမာ....လူကြီးပီပီ ခင်ဗျားတို့က.... (မှန်ပါ) ငါ့စိတ်မချမ်းသာအောင်တော့ မလုပ်နဲ့ ငါအသက် ကြီးပြီ ၊ ငါ့အပါယ်မချကြနဲ့.... (မှန်ပါ) သူ့ဟာသူအပါယ် ချတာ၊ ဟိုက ချတာမဟုတ်ဘူး....(မှန်ပါ)ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

အံမာလေး· ခင်ဗျားတို့ ပြောဆိုတဲ့စကားတွေဟာ အတော် ရှော်တဲ့စကားတွေ....(မှန်ပါ) အရမ်းမှတ်ကြပြီး တောင်ပြော မြောက်ပြောနဲ့....(မှန်ပါဘုရား)။

ဒါ မင်းတို့ သုံးနေတာဘဲကွ၊ မသုံးကြဘူးလား(သုံးပါတယ် ဘုရား) ကိုယ်ပယ်ရမှာ ကိုယ်က မွေးနေကြပါတယ်ဘုရား)။

အင်း.... ကိုယ်ပယ်ရမှာ ကိုယ်ကမွေးပြီး ကိုယ်ကဘဲ သူတို့ လုပ်လို့ထင်နေတယ်....(မှန်ပါ)ကိုယ်က သားသမီးခန္ဓာခင်မိလို့ ဒီ သောက, ပရိဒေဝရတာ.. (မှန်ပါ) မခင်လို့ရှိကင် သောက ပရိဒေဝရပါ့မလား....(မရပါဘုရား)။

အဲဒါ ဒီရမည့်ပုဂ္ဂိုလ်က ဘယ့်နှယ်ဆိုသတုံး ဆိုတော့ ငါ အသက်ကြီးပြီကွာ ဒီစိတ်မချမ်းသာ, လက်မချမ်းသာတော့မဖြစ် ပရစေနဲ့၊ မင်းတို့ကို တောင်းပန်ပရစေတဲ့....(မှန်ပါဘုရား)။

ကိုယ့်ကိုယ်-ကိုယ်တောင်းပန်ရမယ်၊ ဟာ...မခင်နဲ့လို့(မှန်ပါ့) ဟာ....မခင်နဲ့လို့ ကိုယ့်ကိုယ်- ကိုယ်တောင်းပန်ယင် ပြီးသွားတာ ဘဲ....(မှန်ပါ့)ဟိုလူကို တောင်းပန်ရဦးမလား- ဟင်.... ရှင်းပါဦး ခင်ဗျားတို့၊ ကဲ....ဘယ့်နှယ်တုံးဦးလှ .... (ကိုယ့်ကိုယ် တောင်းပန် ရမှာပါဘုရား)။

ကိုယ့်ကိုယ် ကိုယ်မမိုက်နဲ့လို့ ပြောရမယ်....(မှန်ပါ့ဘုရား) မခင်နဲ့ ကိုယ့်ခန္ဓာလဲ မခင်နဲ့၊ သူတပါးခန္ဓာလဲ မခင်နဲ့၊ ဒီလို ကိုယ့်ကိုယ်- ကိုယ်ဆုံးမရမယ်(မှန်ပါ့) အခုတော့ သားမကောင်း သမီးမကောင်းလို့ ဖြစ်ရလေခြင်းတဲ့ .... ( မှန်ပါ့ ) ဒီတဏှာ မကောင်းလို့ ဖြစ်ရလေခြင်းလို့ လာရဲ့လား(မလာပါဘုရား)။

အရပ်စကား နားထောင်ယင်တော့ မင်းတို့ဟာ ကံမကောင်း ဘူး....(မှန်ပါ့) အရပ်စကား နားထောင်ယင်တော့ မင်းတို့ဟာ အလွဲဘဲ...(မှန်ပါ့)ကိုယ့်ကိုယ်ကို စဉ်းစားပြန်တော့ကော အလွဲ ဘဲ....(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဦးလှ ခင်ဗျားတို့လဲ မင်းတို့ သားတွေ့ သမီး တွေကွာ- ဒို့အသက်ကြီးမှတော့ ဒို့အပါယ် မချကြပါနဲ့၊ အေးအေးဆေးဆေးနဲ့ မျက်လုံးမှိတ်တာတောင် စိတ်ချလက်ချ မှိတ်ပချစေ၊ လေချိုသွေးတော့ မညံ့ဘူး... (မှန်ပါ့) ညံ့ရဲ့လား (မညံ့ပါဘုရား) အပြီးသတ်တော့ ကိုယ်သာဆိုးနေတာ(မှန်ပါ့) ဟိုက တယောက်မှ မဆိုးဘူး... (မှန်ပါ့) ဆိုးရဲ့လား....(မဆိုးပါ ဘုရား)။

ဟိုက တယောက်မှမဆိုးဘူးတဲ့၊ ကိုယ်ခင်လို့ သူတို့ပါးစပ်ထဲ သည့်နေတာ....(မှန်ပါ့)မခင်ယင်....(မထည့်ပါဘုရား)။

ကဲ—စဉ်းစားကြည့်ပါ၊ ဥပမာ ဆွေမျိုးဉာတကာ ဘာမှ မတော်တဲ့၊ တရုပ်ပြည်မှာဖြစ်နေတယ်၊ အိန္ဒိယမှာ ဖြစ်နေတယ်၊ သားနဲ့အမေ အတော်ဒုက္ခရောက်နေတယ်ဆိုယင် အို-ကျုပ်တို့နဲ့ မဆိုင်ပါဘူး၊ မခင်ယင် မဆိုင်ဘူးပြောတာ...(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ခင်ယင်.... (ဆိုင်ပါတယ်) ဘယ်လောက်ဝေးနေနေ ခင်ယင် ဘာဖြစ်မလဲ(ဆိုင်ပါတယ်ဘုရား) ဆိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းနေတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရားက သိမ်းဟောလိုက်တယ်၊ သိမ်းကြုံးပြီး ဟောလိုက်တယ်၊ ဘာမှ မခင်ယင် ဒီသောက,ပရိဒေဝ (မရောက် ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အပြစ်တွေကြပလား(တွေ့ပါပြီ)ဘယ်သူ့ အပြစ်တုံး (ခန္ဓာခင်တဲ့အပြစ်ပါဘုရား)ဒါဖြင့် မိမိ၏အပြစ်ဘဲ .... (မှန်ပါ့) ဒါကို မိမိထားလိုက်စမ်းပါ၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

မင်းတို့ငါရှာထားတဲ့ပစ္စည်းတွေရှိတယ်၊ အဲဒါစားသောက်ပြီး ပျော်ပျော်ရွှင်ရွှင် နေကြလို့ရှိယင် ဒို့ဝမ်းသာရတာပေါ့ — (မှန်ပါ့)ရှာတာ မရှာဘာတော့ အပထားပါ(မှန်ပါ့)အခုတော့ မင်းတို့က မသင့်မတင့် ဖြစ်နေတော့ ဒီအမေမိဘ ဘယ်စိတ်ချမ်း သာမတုံး၊ ခလေးတွေပေါ် အပြစ်ချတယ်— (မှန်ပါ့) စင်စစ် တော့ဖြင့် ကိုယ်က သူတို့အပေါ်ခင်လို့ ကိုယ့်မှာ သောက,ပရိ ဒေဝလာဖြစ်တာ—(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အမေမိဘများ စိတ်မချမ်းသာ- လက်မချမ်းသာ ဖြစ်အောင် မင်းတို့သားသမီးတွေက မလုပ်နဲ့ အင်မတန်အပြစ်

ကြီးတယ်လို့ ခင်ဗျားတို့ အပြစ်ချဘို့မလိုဘူး၊ ကိုယ့်ခင်မှုရပ်စဲလိုက်ယင် သူတို့လဲ အပြစ်ကြီးစရာမလိုဘူး(မှန်ပါ) ကိုယ့်မှာလဲ ပဋိစ္စသမုပ္ပါဒ် နောက်ထပ် သံသရာပြန်လည်စရာ... (မလည်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကရှေ့ကို ပြင်ရလိမ့်မယ်...( မှန်ပါ ) ဦးလှ ဘာလုပ်ရမှာတုံး...(ပြင်ရမှာပါဘုရား) တော်သေးတယ်၊ ပြင်ချိန်ရသေးလို့၊ အသေစောယင် ပြင်ချိန်ကိုမရဘူး (မှန်ပါ) ရပါ့မလား (မရပါဘုရား) ကဲ....ဒါဖြင့် ဒီနေ့ကစပြီး ခင်ဗျားတို့ ပြင်ရလိမ့်မယ်...(မှန်ပါဘုရား) ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ကိုယ့်မှာ သောကပရိဒေဝ ဖြစ်သမျှ ဟူသမျှ အကြောင်းဟူသ၍ ခန္ဓာခင်မှုကြောင့်ဟုမှတ်... (မှန်ပါဘုရား) ခန္ဓာခင်မှုကြောင့်ရင်း- ခန္ဓာဟူသ၍ပေါ့ဗျာ....၊ ခန္ဓာဆိုတာ လုံးမိတယ် မဟုတ်လား....(မှန်ပါ) သားသမီးကော.... (ခန္ဓာပါဘဲဘုရား) ပစ္စည်းကော....( ခန္ဓာပါဘဲဘုရား ) တပည့်သားမြေးကော.... (ခန္ဓာပါဘဲဘုရား)။

အဲဒီ ခန္ဓာကိုသာ သွားခင်လို့ရှိယင် ဒါကတော့ ရရမှာဘဲ (မှန်ပါ) မရပေဘူးလား....( ရပါတယ်ဘုရား ) ကဲ....ဒါဖြင့် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ...တဲ့ ရှင်သာရိပုတ္တရာက အပြစ်တော့ မင်းတို့ကို အခု ခန္ဓာကို ဆန္ဒရာဂ မပယ်နိုင်လို့ရှိယင် ဒီအပြစ် သင့်တယ် ဆိုတာ သဘောကျပါပြီ၊ ပယ်တဲ့အကျိုးကလေး ပြောစမ်းပါ

ဦးလို့ ဆက်လာလိမ့်မယ်....တဲ့...(မှန်ပါ) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ပယ်တဲ့အကျိုးကလေး ပြောပါဦး၊ ခင်တဲ့ အပြစ်တော့ဖြင့် တပည့်တော်တို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကနေပြီး အဝိဇ္ဇာပြန်လှည့်တယ်...(မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ် ဆိုတာလဲ ဒီအတိုင်းဘဲ.... (မှန်ပါ) အခုလက်ရှိဆိုတော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿ....(မှန်ပါ) ရှင်းပလား....(မှန်ပါ)။

ဘဝနဲ့စပ်လိုက်တော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿထဲပါတဲ့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဒီ ဝိညာဏ်ဆိုတဲ့ ခန္ဓာပြန်ဖြစ်မယ်....(မှန်ပါ) မလှည့်ပါနဲ့ ဆိုလို့ ရရဲ့လား....(မရပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အရှင်ဘုရားတဲ့ ခင်တဲ့ အပြစ်တော့သိရပါပြီတဲ့၊ဟိုက လူပညာရှိ၊ ရဟန်းပညာရှိတွေက ကျေနပ်သွားလိမ့်မယ်တဲ့၊ဆန္ဒရာဂပယ်ခြင်း၏အကျိုးလဲ ပြောဦးမှဖြစ်မှာဘဲတဲ့...(မှန်ပါ) မေးမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

မေးသင့်တယ်၊ အဲဒီတော့ ပယ်ခြင်း၏အကျိုးက ဒီလိုကွာတဲ့၊ ပယ်ပုံပြတော့ ခင်ဗျားတို့အလုပ်မပါယင် မရဘူး၊ ဒီဟာကို ဝိပဿနာရှုမှလဲ ပယ်ပုံရောက်မှာကိုး...(မှန်ပါ) ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်ဟာ ပယ်မှုဆိုတာ ဖြစ်နိုင်ပါ့မလား.... ( မဖြစ်နိုင်ပါဘုရား)။

ကိုင်း...ဆန္ဒရာဂကို ပယ်လို့ရှိယင်လဲ ပယ်လို့ရှိယင်ဆိုတော့ ခင်ဗျားတို့က သာမည ဘုန်းကြီးတို့လိုအလုပ်ကို ပြပေးမည့်လူ

မရှိလို့ရှိယင် ထမင်းလျှော့စားရတော့မလိုလို့ အဝတ်ဘဲ ချွေတာဝတ်ရတော့မလိုလို့ သက်သတ်လွတ် စားရတော့မလိုလို.... (မှန်ပါ့) အဲဒီပယ်မှုမျိုး မလိုချင်ဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကအဝတ်လျှော့ဝတ်တာလဲ အဝတ်ကြီးပေါ်မှာတဏှာပယ်ပြီး အဝတ်သေးပေါ်မှာ တဏှာငြိတာဘဲ.... (မှန်ပါ့)မငြိဘူးလား....(ငြိပါတယ်ဘုရား)။

အသက်ရှင်တဲ့ သတ္တဝါပေါ်မှာ တဏှာ ပြတ်ပြီးသကာလ သစ်ရွက်ဟင်းသီးဟင်းရွက်ပေါ်မှာ တဏှာလာတာဘဲ (မှန်ပါ့) တဏှာပြောင်းတာ ဟိုဟာတွေက....(မှန်ပါ့) တဏှာပြောင်းတာ သက်သတ်လွတ်က.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါ မလိုချင်ဘူးတဲ့ ဘုရားက.... (မှန်ပါ့)ဘုရားက သက်သတ်လွတ် ဟောခဲ့တာမဟုတ်ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါး တပါးပါး ခင်ဗျားတို့ ဖြစ်ပျက်ရှုပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာငါးပါးကို....(တပါးပါးဖြစ်ပျက်ရှုရပါမယ်ဘုရား)ဖြစ်ပျက်ရှုလိုက်တော့ သူဖြစ်ပျက် သူသည် ပယ်တဲ့မဂ်တွေ ထွက်မယ်....(မှန်ပါ့) ဒီတဏှာလာသေးရဲ့လား.... (မလာပါဘုရား) မလာတော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿ .... ( မလာပါဘုရား)။

ဩော်… ဒါဖြင့် ခန္ဓာငါးပါး ပယ်ခြင်း၏အကျိုးကတော့ကို တဏှာသေယင် သောကပရိဒေဝ ဒုက္ခဒေါမနဿငြိမ်းတယ်(ငြိမ်းပါတယ်ဘုရား)။

တဏှာသေ၍…. ( သောကပရိဒေဝဒုက္ခဒေါမနဿငြိမ်းပါတယ်ဘုရား) တဏှာသမုဒယချုပ်တယ်ဟုတ်လား၊ ဒီက နိရောဓပေါ်တယ်… (မှန်ပါ) သမုဒယချုပ်လို့ နိရောဓပေါ်တယ်…. (မှန်ပါ) သဘောကျပလား….(ကျပါပြီဘုရား)။

ခုနင်ကတော့ သမုဒယဖြစ်လို့ ဒုက္ခဖြစ်တယ်….(မှန်ပါ)အခုနောက်ဟောလိုက်တာကတော့ သမုဒယချုပ်လို့ နိရောဓပေါ်တယ်….(မှန်ပါ) ဒါကိုဟောတယ်….(မှန်ပါ)စာလိုတော့ ဒီလိုမရေးဘူးပေါ့ဗျာ- အဓိပ္ပါယ်ကတော့ ဒါဘဲ… (မှန်ပါ)။

ဦးလှ နေရာကျပလား… (မှန်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဝိပဿနာမှုတပါး ခင်ဗျားတို့ တဏှာသတ်, နိဗ္ဗာန်ရဆိုဘာ မရှိဘူး…(မှန်ပါ) ပေါ်ပလား….(ပေါ်ပါပြီဘုရား)။

တဏှာသတ်တာလဲ ဝိပဿနာဘဲ၊ ဝိပဿနာမဂ်ဘဲ (မှန်ပါ) နိဗ္ဗာန်ရတာကလဲ…(ဝိပဿနာကြောင့်ပါဘုရား) ဒါဘဲရမယ် ၊ ဒီ့ပြင်နည်းတော့ ရှိကိုမရှိဘူး… (မှန်ပါ) ပေါ်ပလား… (ပေါ်ပါပြီဘုရား)။

တဏှာပယ်တာလဲ….(ဝိပဿနာပါဘုရား)ဝိပဿနာမဂ် ဟုတ်လား ဒီ့ထက်ရင့်လာယင် လောကုတ္တရာမဂ်… (မှန်ပါ)သဘောကျပလား….(ကျပါပြီဘုရား) နိဗ္ဗာန်ပေါ်တာလဲ ဝိပဿနာမဂ် (မှန်ပါ) ရှင်းပြီနော်…(ရှင်းပါပြီဘုရား)။

နောက် ရင့်ကျက်လာတော့ လောကုတ္တရာမဂ်... (မှန်ပါ့) ဒါဘဲရှိတာဘဲဆိုတော့ ဒီအလုပ်မပါဘဲနဲ့တော့ဖြင့် ဦးမာဒင်တို့ ဦးလှတို့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဟောကိုမဟောနိုင်တော့ဘူး- (မှန်ပါ့) အခု ဒီပါဠိတော်နဲ့ကော မသေချာဘူးလား-(သေချာပါတယ်ဘုရား)။

ဒါဟာ ဒေဝဒဟသုတ်တဲ့ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿချုပ်တဲ့နိဗ္ဗာန်ကို လိုချင်လို့ရှိယင် ဒီတဏှာ မလာအောင်လုပ်ရမယ်....(မှန်ပါ့) ဒီတဏှာမလာအောင် ဒီခန္ဓာပေါ်မှာ ဒီမဂ်ရောက်....(မှန်ပါ့) ဒီခန္ဓာအနိစ္စ ဖြစ်တိုင်းဖြစ်တိုင်း မဂ်ဖြစ်ရမယ်....(မှန်ပါ့)။

သူတို့က အနိစ္စဘဲ... (မှန်ပါ့) ခင်ဗျားတို့က နိစ္စယူထားလို့ သာ....(မှန်ပါ့) သူတို့ကတော့ အနိစ္စ၊ ရှုတဲ့ပုဂ္ဂိုလ်မှာတော့ မဂ္ဂလာဖြစ်တယ်....(မှန်ပါ့) မရှုတဲ့ပုဂ္ဂိုလ်မှာတော့ ဒိဋ္ဌိလာဖြစ်တယ် (မှန်ပါ့) ရှင်းပလား....(မှန်ပါ့)။

ဒိဋ္ဌိလာတော့ ဒိဋ္ဌုပါဒါန်လာတာပေါ့.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ပြန်ပွင့်လာတယ်....(မှန်ပါ့) သဘောပါရဲ့လား...(ပါပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ဆန္ဒရာဂပယ်ခြင်းသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ငြိမ်းတယ်လို့ မင်းတို့သိကြပြီ...(မှန်ပါ့) ပယ်နည်းကျတော့ အခု ဘုန်းကြီးက သွင်းပြလိုက်ပြီ...(မှန်ပါ့) ခန္ဓာငါးပါးကို ဝိပဿနာရှုရမယ်၊ တပါးပါးကိုနော်.... (မှန်ပါ့ဘုရား)။

ကဲကွာတဲ့ ငါဘဲ သေသေချာချာ ရှင်းပြပါ့မယ်တဲ့ အရှင်သာရိပုတ္တရာက ဒီဟာကို ပယ်လိုက်လို့ရှိယင် တဏှာ ပယ်လိုက်ယင် ဒုက္ခဒေါမနဿ ငြိမ်းတယ်.... (မှန်ပါ့) မငြိမ်းဘူးလား.... (ငြိမ်းပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တဏှာပယ်ယင် ဒုက္ခဒေါမနဿ ငြိမ်းတယ်.... (မှန်ပါ့) တဏှာမပယ်ယင် ဒုက္ခဒေါမနဿဖြစ်တယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာမပယ်ယင် သမုဒယနဲ့ ဒုက္ခဖြစ်တယ်၊ တဏှာပယ်လိုက်ယင် သမုဒယချုပ်၍ နိဗ္ဗာန်ပေါ်တယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့်မင်းတို့ ဒီဟာနားလည်ပြီးယင်တော့ ပစ္စာဘူ့ခက သွားတော့တဲ့၊ဒီဟာနည်းမလည်သေးယင်မသွားနဲ့ဆိုတာ အလုပ်လုပ်ပြီးမှ သွားပြောတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဒီအလုပ်အောင်မြင်မှသွား(မှန်ပါ့ဘုရား) နို့မဟုတ်ယင် ဒီအထဲမှာ အလုပ်မမြင်ဘဲ သွားလို့ရှိယင် သောက ပရိဒေဝ သွားယူတဲ့အဓိပ္ပါယ်ဘဲရောက်မယ်.... (မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဦးလှကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) ဒါဖြင့် တဏှာ ပယ်တယ်ဆိုတာသည် အလုပ်လုပ်ပါ ခိုင်းတာ.... (မှန်ပါ့)။

တဏှာပယ်တယ်ဆိုတာ....(အလုပ်-လုပ်ပါ ခိုင်းတာပါဘုရား) ဒီ့ပြင် ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘုရား) အလုပ်-လုပ် တော့ ဘယ်သစ္စာနှစ်ခု ပျောက်သွားသတုံး.... ( သမုဒယနဲ့ဒုက္ခ ပျောက်ပါတယ်ဘုရား)။

သမုဒယနဲ့ ဒုက္ခပျောက်တော့ကို သမုဒယချုပ်ခြင်းတည်းဟူ သော နိဗ္ဗာန် ဟုတ်လား....(မှန်ပါ့) သောကပရိဒေဝ ချုပ်ခြင်း တည်းဟူသော....(နိဗ္ဗာန်ပါဘုရား) အဲ.... နိဗ္ဗာန်ပေါ်လာတယ် (မှန်ပါ့) တဏှာချုပ်တဲ့နိဗ္ဗာန် သောကပရိဒေဝချုပ်တဲ့ နိဗ္ဗာန် မရဘူးလား.... (ရပါတယ်ဘုရား) အဲ့ဒါ သေသေချာချာမှတ် ထားပါ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ .. ဒီတွပ်တော်ကြဉ်းစို့

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

မှန်ကို ဥပမာပြု၍ ဟောတော်မူသော

# ည အလုပ်ပေးတရားတော်

( ၆ - ၉ - ၆၁ )

မှန်ကြီး ဥပမာလိုမှတ်ကြစမ်းပါ.... (မှန်ပါ့) ပြဒါးသုတ်ထားတဲ့ မှန်ကြီး။

ဒီကနေပြီးသကာလ မှန်ကြည့်တဲ့လူကနေပြီးကြည့်လိုက်တယ်၊ ဒါက မှန်, ဒါက ကြည့်တဲ့လူ— (မှန်လှပါဘုရား) မှန်ကြည့်တဲ့လူက ကြည့်လိုက်တဲ့အခါကျတော့ ဒီအထဲမှာ အရိပ်ပေါ်သွားတယ်....( ပေါ်ပါတယ်ဘုရား ) မှန်ထဲမှာ အရိပ်ပေါ်တယ်— (မှန်ပါ့)။

ကောင်းပြီ— ဒါဖြင့် မှန်ရယ် ရှေ့ကကြည့်တဲ့လူရယ် နှစ်ခုတည့်နေလို့ရှိယင် ဒီအရိပ်ဟာ မပေါ်ပါနဲ့ဆိုလို့ မရဘူး....(မရပါဘုရား) ပေါ်မှာဘဲ။

အရိပ်ဟာ သူတပါးလား- မိမိလားလို့ မေးကြလို့ရှိယင် ဘယ့်နှယ်ဖြေကြမတုံး....(မိမိပါဘုရား) မိမိဆိုလို့ရှိယင် လွဲလိမ့်မယ်၊ မိမိဆိုယင် လွဲပြီ— (မှန်ပါ့) မိမိက ဒီမှာရှိနေတာကိုး—

(မှန်ပါ့) မဟုတ်ဘူးလား...(မှန်ပါ့ဘုရား) အကြည့်သမားက ပုထုဇန်၊ မိမိက ဒီမှာဘဲတဲ့....(မှန်ပါ့) ဒါဖြင့်လဲ မိမိလဲ မဟုတ်ဘူး....(မဟုတ်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

မိမိက ဒီမှာလေ၊ သူက ကြည့်တာကိုးဗျ....(မှန်ပါ့) ဒီမှန်ကို ကြည့်လိုက်တော့ ဒါက အရိပ်ကြွားက ပေါ်တာဘဲ....(မှန်ပါ့) ဒီအရိပ်ကို မိမိလား-သူတပါးလား မေးကြလို့ရှိယင် ဘယ့်နှယ် ဖြေမလဲ...(မဟုတ်ပါဘုရား)။

မိမိလားလို့မေးယင် မဟုတ်ဘူး၊ သူတပါးလားလို့မေးယင် သူတပါးလဲ မဟုတ်ဘူး....(မှန်ပါ့ဘုရား) ဒါဖြင့် မိမိ့သူတပါး နှစ်ဦးသား မဟုတ်တဲ့တရား....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(မိမိ့သူတပါး နှစ်ဦးသား မဟုတ်တဲ့ တရားပါဘုရား)။

မိမိ့သူတပါး နှစ်ဦးသားမဟုတ်တဲ့တရား၊ ဒါ... စေ့စေ့ စီးစီးက ပြေလည်ထားမှ ဒါ... သောတာပန်တည်မည့် တရား... (မှန်ပါ့) သောတာပန်တည်မည့်တရားပါ....တဲ့။

ဒါက မှန်ကြီးထားပါ၊ ဒါက ကြည့်တဲ့လူ၊ ကျန်တဲ့လူနဲ့သာ ဒီ-ကြည့်တဲ့လူနဲ့သာ တည့်မည်ဆိုယင် အရိပ်ကတော့ဖြင့် ပေါ်မှာဘဲ....(ပေါ်ပါတယ်ဘုရား) မဟုတ်ဘူးလား....(မှန်ပါ့)။

ဒါကို မိမိဆိုလို့ရှိယင်လဲ ဒါက မခံနိုင်ဘူး၊ ခံနိုင်ပါ့မလား (မခံနိုင်ပါဘုရား) သူတပါးဆိုလို့ရှိယင်လဲ မခံနိုင်ဘူး....တဲ့.... (မှန်ပါ့) ဘာဖြစ်လို့တုံးဆိုလို့ရှိယင် ကြည့်တဲ့လူနဲ့ တူနေတယ်၊ မတူဘူးလား... ( တူပါတယ်ဘုရား ) မိမိလားလို့ ဆိုရမှာလဲ

မိမိက ဒီဘက်က ကြည့်တဲ့ဘက်က နေတယ်၊ ဒါက တခြား.... (မှန်ပါ့)။

ဒါဖြင့် ဒီအရိပ်ဟာ မိမိလဲ မဟုတ်ဘူး၊ သူတပါးကော.... ( သူတပါးလဲ မဟုတ်ပါဘုရား ) ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

အံမာလေး....မှန်ကြည့်တာ ကြာလှပြီ မကွဲသေးဘူး ခင်ဗျား တို့....( မှန်ပါ့ ) မှန်ကြည့်တာ ကြာလှပြီ၊ မှန်ဟာ သွားမည်လာမည်ကြံယင် ကြည့်ကြတာဘဲ၊ ပြင်ဆင်ပြီး ကြည့်ကြတာဘဲ (မှန်ပါ့)။

မိမိလားလို့ မှန်ကြည့်လိုက်လို့ရှိယင်ဖြင့် ဒီအရိပ်ဟာ မိမိလဲ မဟုတ်ဘူး၊ သူတပါးလားလို့မေးယင်.... (သူတပါးလဲ မဟုတ်ပါဘုရား) သူတပါးမဟုတ်လို့ရှိယင် မိမိ၊ မိမိမဟုတ်လို့ရှိယင် သူတပါး၊ဒီနှစ်ခုဖြစ်ရမှာ ခင်ဗျားတို့ဒီအထဲမှာ မိမိလဲ မဟုတ်ဘူး သူတပါးလဲ မဟုတ်ဘူးဆိုတာသဘောကျဘို့ အရေးကြီးပါတယ် (မှန်ပါ့)။

မိမိမဟုတ်ယင်လဲ သူတပါးဖြစ်ရမှာကိုး.... ( မှန်ပါ့ ) မိမိ မဟုတ်ယင် ဘယ့်နှယ်တဲ့....( သူတပါး ဖြစ်ရပါမယ်ဘုရား ) သူတပါးဆိုခဲ့လို့ရှိယင်လဲ ဒီကြည့်တဲ့ပုဂ္ဂိုလ်နဲ့မတူရဘူး၊ မဟုတ်ဘူးလား....(မှန်ပါ့) ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

မိမိလား မေးယင်ကော....(မဟုတ်ပါဘုရား) သူတပါးလား မေးယင်....( မဟုတ်ပါဘုရား ) အဲ....မိမိ-သူတပါး နှစ်ဦးသား မဟုတ်တဲ့တရား။

ဘယ့်နှယ်ကြောင့် ဒီလိုပြောရသတုံးလို့ မေးလို့ရှိယင်ဖြင့် မိမိဖြစ်ခဲ့လို့ရှိယင်လဲ ဒုါဟာ တခြားသွားဖြစ်တယ်.... (မှန်ပါ) မိမိက ဒီဟာကိုး- မဟုတ်ဘူးလား...(မှန်လှပါ) သူတပါး ဖြစ်ခဲ့လို့ရှိယင်လဲ ကြည့်တဲ့လူနဲ့အရိပ်ဟာ မတူရဘူး (မှန်ပါဘုရား) အဲဒီတော့ မိမိလဲ မဟုတ်ဘူး၊ သူတပါးကော.... ( မဟုတ်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မိမိ-သူတပါး နှစ်ဦးသား မဟုတ်တဲ့တရား၊ နို့... သူဟာ မိမိလဲမဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူးဆိုယင် လောကကြီးထဲမှာ အပြောကြပ်တဲ့စကား...(မှန်ပါ) မကြပ်ဘူးလား (ကြပ်ပါတယ်ဘုရား)မိမိ မဟုတ်လို့ရှိယင် သူတပါး ဖြစ်ရမယ်- သူတပါးမဟုတ်လို့ရှိယင် မိမိဘဲ ဖြစ်ရမယ်....(မှန်ပါ)အခုတော့ ဘယ့်နှယ်ဆိုကြမတုံး....တဲ့.... (မိမိလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီမှန်ကို အစွဲပြုပြီးဖြစ်တဲ့တရားမျိုးလို့ မှတ်ရမယ်....(မှန်ပါ) ဒီမှန်ကို....(အစွဲပြုပြီးဖြစ်တဲ့တရားတမျိုးပါဘုရား) တရားတမျိုး၊ မိမိလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး၊ မှန်အစွဲပြုဖြစ်တာ- (မှန်ပါ)။

မိမိဆိုယင် ဒီဘက်ရောက်ရမယ်....(မှန်ပါ) သူတပါးဆိုယင်လဲ မတူရဘူး-မတူရဘူးမဟုတ်လား....(မှန်ပါ)။

သူတပါးဆိုလို့ရှိယင်လဲ မျက်နှာချင်းတူပါ့မလား.... (မတူပါဘုရား) ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ... (မိမိလဲ မဟုတ်ဘူး သူတပါးလဲ မဟုတ်ပါဘုရား) မှန်ကို အစွဲပြု ဖြစ်တဲ့ တရား... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာအစွဲပြုဖြစ်တာတုံး.... (မှန်အစွဲပြုဖြစ်တဲ့တရားပါဘုရား) မှန်အစွဲပြုဖြစ်တဲ့တရားလို့ဆိုတော့ ဩော်....မိမိလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး၊ မှန်ကို အစွဲပြုပြီးဖြစ်တဲ့တရား—(မှန်လှပါဘုရား) ဆိုတော့ အတော်ရှင်းသွားတယ်—(မှန်ပါ)။

ဒါက အရှင်အာနန္ဒာ့ဆရာ အရှင်ပုဏ္ဏဆိုတာရှိတယ်၊ အရှင်ပုဏ္ဏက မှန်တရားကိုပြတယ်.... (မှန်ပါ) ရှင်အာနန္ဒာကို ဒီမှန်တရားပြပြီး ဟောလိုက်တုန်းက သောတာပန်တည်တယ်၊ ဘုရားဟောလို့ တည်တာမဟုတ်ဘူး- ရှင်အာနန္ဒာ သောတာပန်တည်တာဟာ....(မှန်ပါဘုရား) ရှင်ပုဏ္ဏကြောင့်တည်ရတာ....(မှန်ပါဘုရား)။

ကဲ...ဒါဖြင့် မိမိသူတပါး နှစ်ဦးသား မဟုတ်တော့ သိပြီ၊ ဒီအရိပ်တရားကလေးဟာလေ....( မှန်ပါ ) မိမိလဲ မဟုတ်ဘူး- သူတပါးလဲ မဟုတ်ဘူး ထင်ရှားပြီ၊ မိမိဖြစ်လို့ရှိယင်လဲ သူက မခံနိုင်ဘူး၊ ကြည့်တဲ့လူက ခံနိုင်ပါ့မလား... (မခံနိုင်ပါဘုရား) အရိပ်က မိမိလုပ်ခဲ့ယင်လေ ခံနိုင်ပါ့မလား...(မခံနိုင်ပါဘုရား) သူတပါးလုပ်ခဲ့လို့ရှိယင်လဲ အရိပ်က မခံနိုင်ဘူး....တဲ့ မျက်နှာချင်းက တူနေတယ်....(မှန်ပါ) မျက်နှာချင်းက ထပ်နေတယ်—(မှန်ပါ)။

ဒါဖြင့် မိမိ-သူတပါး နှစ်ဦးသား မဟုတ်တဲ့တရား- (မှန်ပါ) ဒါဖြင့် ဒီတရားသည် ဘယ်သူ့အစွဲပြုဖြစ်ပါလိမ့်- မှန်ကို အစွဲပြုဖြစ်ဘယ်...( မှန်ပါ ) ဒီဘက်နဲ့မဆိုင်ဘူးပေါ့ဗျာ မှန်အစွဲပြုဖြစ်တယ်— (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒီကဲ့သို့ ခင်ဗျားတို့ သိပြီးသကာလ ထားတော့ ဒို့မှာ တဏှာ, မာန, ဒိဋ္ဌိက ဘယ်က လာပါလိမ့်မလဲဆိုတော့ ရှင်ပုဏ္ဏက ဒါက ပုထုဇန်ကွ....တဲ့၊ ဒါက ခန္ဓာငါးပါးက မှန်ကွ....တဲ့... (မှန်ပါ့ဘုရား) ပုထုဇန်မျက်လုံးတပ်ပြီး ခန္ဓာငါးပါး ကြည့်လိုက်တော့ ငါ-ဆိုတာ ဒီမှာ လာထွက်တာ....( မှန်ပါ့ ) တဏှာ,မာန,ဒိဋ္ဌိ ဒီမှာ လာထွက်တယ်... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) သူဟာ သဘောသိပ်ပါတဲ့ဥစ္စာ.... (မှန်ပါ့ ဘုရား)။

ဒါက ခန္ဓာငါးပါးက ကြည့်နေတယ်....(မှန်ပါ့) ကြည့်နေတော့ ပုထုဇန်က ဒီကနေပြီး ပုထုဇန်မျက်လုံးနဲ့ ဒီမှန်ကို ကြည့်လိုက်တယ်....(မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ မှန်ထဲမှာ ထင်လာတဲ့အရိပ်သဖွယ် အရိပ်သဘောဖြစ်လာတဲ့ ငါဆိုတာ ဒီ-အကြည့်လွဲလို့ဖြစ်လာတာ....(မှန်ပါ့) ငါ့ဥစ္စာဆိုတာလဲ ထို့ အတူဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိဟာ အလိုလို ပေါ်လာတာလား ဒါ....တဏှာ,မာန,ဒိဋ္ဌိ မဖြစ်သွားဘူးလား.... (မှန်ပါ့) တဏှာ, မာန,ဒိဋ္ဌိဟာ အလိုလို ပေါ်လာတာလား- ပုထုဇန်မျက်လုံးနဲ့ မိမိ ခန္ဓာ မှန်ကြည့်မိလို့ ပေါ်လာတာလား....(မိမိခန္ဓာမှန်ကြည့် မိလို့ ပေါ်လာတာပါဘုရား) နေရာကျပြီ....(မှန်ပါ့)။

ပုထုဇန်မျက်လုံးနဲ့ မိမိ ခန္ဓာတွေကို မှန်သဘောထားပြီး ကြည့်မိလို့ တဏှာ,မာန,ဒိဋ္ဌိ, အရိပ်ထွက်လာတယ် .... (မှန်ပါ့ ဘုရား)။

ဦးလှ ပေါ်ကြပလား....(မှန်ပါ)မျက်လုံးက ဘာမျက်လုံးတုံး (ပုထုဇန်မျက်လုံးပါ) ပုထုဇန်မျက်လုံးနဲ့ ခန္ဓာငါးပါး မှန်ကို ကြည့်မိလို့ ငါနေရာကျသွားဘဲ....(မှန်ပါ) ငါတော်သေးတယ်၊ မဟုတ်ဘူးလာ....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ငါ ဘယ်သူ့မှ အောက်မကျဘူး၊ ငါလုပ်နိုင်သေးတယ်၊ ကိုင်နိုင်သေးတယ်....( မှန်ပါ ) ဒီအရိပ်တည်းဟူသော တဏှာ, မာန,ဒိဋ္ဌိထွက်လာတယ်....(မှန်ပါ) ပေါ်ပလား .... (ပေါ်ပါပြီ ဘုရား)။

ဘာမျက်လုံး ဘာခန္ဓာကြည့်လို့ တဏှာ, မာန,ဒိဋ္ဌိ, အရိပ် တွေ ထွက်လာပါလိမ့်မလဲလို့ မေးတော့ ပုထုဇန်မျက်လုံးနဲ့ ခန္ဓာငါးပါးတည်းဟူသော မှန်ကိုကြည့်မိလို့ တဏှာ,မာန, ဒိဋ္ဌိ တည်းဟူသော အရိပ်တွေထွက်လာတယ်....(မှန်ပါ) ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဘာအရိပ်တွေများ ထွက်လာသတုံး.... (တဏှာ, မာန, ဒိဋ္ဌိ, အရိပ်တွေ ထွက်လာပါတယ်) ဒီအရိပ်တွေ ထွက်လာတယ် — (မှန်ပါ)ဘာမျက်လုံးတပ်ကြည့်လိုက်တာတုံး....(ပုထုဇန်မျက်လုံး တတ်ကြည့်ပါတယ်) ဘာကို ကြည့်လိုက်တာတုံး .... (ခန္ဓာငါး ပါးကို ကြည့်လိုက်ပါတယ်) ခန္ဓာငါးပါးကြီးကို မှန်သဘော ထားကြည့်လိုက်တယ်....(မှန်ပါဘုရား)။

ခန္ဓာငါးပါးကို မှန်သဘောထားကြည့်လိုက်တဲ့ အခါကျ တော့ ငါလုပ်နိုင်သေးတယ်ကွ....(မှန်ပါ) သဘောကျပလား— (ကျပါပြီဘုရား)။

ငါ့မှာလဲ ခင်စရာ မင်စရာရှိသေးတယ်ကွဆိုတော့ တဏှာလဲ လာတာဘဲ....(မှန်ပါ့) ငါဆိုတဲ့ ဒိဋ္ဌိလဲလာတာဘဲ၊ ငါဘယ်သူ့ အောက်မှ သားသမီးလက်အောက်ခံပြီး စားဘို့မလိုသေးပါဘူး ဆိုတဲ့ မာနလဲလာတာဘဲ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအရိပ်ဟာ မှတ်လိုက် တကာတကာမတို့ သုံးခုထွက် လာတယ်...(မှန်ပါ့) တဏှာ,မာန, ဒိဋ္ဌိဆိုတဲ့ အရိပ်သုံးခု ထွက် လာတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာ, မာန ဒိဋ္ဌိလက်သည် ယခုနပေါ်သွားပြီ.... ( မှန်ပါ့ ) ခန္ဓာက ထွက်လာတယ်၊ ခန္ဓာကို အကြည့်မှားလို့ ထွက်လာတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာ, မာန,ဒိဋ္ဌိဟာ အလိုလိုပေါ်တာလား၊ပုထုဇန် မျက် လုံးတပ်ပြီး ခန္ဓာကို အကြည့်မှားလို့ပေါ်တာလား...(ပုထုဇန် မျက်လုံးတပ်ပြီး ခန္ဓာကိုအကြည့်မှားလို့ပါဘုရား)။

အဲ....ဒီတလုံးပိုင်ယင် ဘုန်းကြီးက ကျေနပ်ပြီ....( မှန်ပါ့ ) သူ့ဥပမာနဲ့ လာတယ်၊ ရှင်ပုဏ္ဏက ရှင်အာနန္ဒာကို ဟောနေ တယ်....(မှန်ပါ့ဘုရား)။

ကိုင်း- ခင်ဗျားတို့သန္တာန်တဏှာမချုပ်သေးတာလဲဒီအကြည့် ဘဲ...(မှန်ပါ့) မာနမချုပ်သေးတာလဲ....(ဒီအကြည့်ပါဘဲဘုရား) ဒိဋ္ဌိမချုပ်သေးတာလဲ (ဒီအကြည့်ပါဘဲဘုရား) အခုမှ လက်သည် ပေါ်တယ်(မှန်ပါ့ဘုရား)။

ပုထုဇန်မျက်လုံးတပ်ပြီး ခန္ဓာငါးပါးကြည့်လိုက်တာ တဏှာ မာန,ဒိဋ္ဌိ အရိပ်တွေ ထွက်လာတယ်....(ထွက်လာပါတယ်ဘုရား)

ဘာမျက်လုံး တတ်ကြည့်သလဲ .... (ပုထုဇဉ်မျက်လုံး တတ်ကြည့်ပါတယ်)ဘယ်သူ့ကြည့်တာတုံး- (ကိုယ့်ခန္ဓကိုယ်ကြည့်ပါတယ်) ဘာတွေများ ထွက်လာသတုံး_ (တဏှာ,မာန,ဒိဋ္ဌိ ထွက်လာပါတယ်ဘုရား)။

ဪ....တဏှာ,မာန, ဒိဋ္ဌိအရိပ်တွေ ထွက်လာဘယ်၊ ခက်ပါသေးတယ် ခင်ဗျားတို့ ကြည့်ကို မကြည့်တတ်သေးဘူး(မှန်ပါ့) ကြည့်လိုက်ယင် ဒါလာတာဘဲ ... ( မှန်ပါ့ ) ကြည့်လိုက်ယင် ကိုယ့်ကိုယ် ကိုယ်ကြည့်လိုက်တာဘဲ_(မှန်ပါ့ဘုရား)။

ပုထုဇဉ်မျက်လုံးဆိုတာကတော့ အခု ရိုးရိုးမျက်လုံးပေါ့ဗျာ- (မှန်ပါ့) ရိုးရိုးမျက်လုံးနဲ့ ကိုယ့်ကိုယ်ကြည့်တယ်၊ လက်မောင်းကလေးဆုပ်ကြည့်၊ ဟုတ်လား.... (မှန်ပါ့) ခြေထောက်ကလေး လှမ်းပြီးသွားကြည့်၊ ဟိုဟို ဒီဒီ သဘောနဲ့စာကြည့် အင်း.... ငါလုပ်နိုင်သေးတယ်၊ လာပြီ....(မှန်ပါဘုရား)။

ငါလုပ်နိုင်သေးတယ်လို့ ဒိဋ္ဌိကလာပြီ....(မှန်ပါ့) ငါ့အရိုး ငါချီနိုင်သေးတယ်ဆိုတဲ့ တဏှာကလဲ....(လာပါတယ်)ငါ သားသမီးသက်အောက် မကျနိုင်သေးဘူး....(မှန်ပါ့) ဘယ်ကလာတာတုံးဗျ ဒီဥစ္စာ .. (ခန္ဓာကလာပါတယ် ) ပုထုဇဉ်မျက်လုံးနဲ့ ခန္ဓာကြည့်လိုက်လို့....(မှန်ပါ့ဘုရား)။

ဘယ်သူ့ကြည့်သလဲ....( ခန္ဓာကြည့်ပါတယ်ဘုရား )ခန္ဓာကသူများခန္ဓာမဟုတ်ဘူးနော်- လက်ရှိခန္ဓာ .. (မှန်ပါ့) လက်ရှိခန္ဓာကြည့်လိုက်ဘာနဲ့ဘဲ ဘာအရိပ်တွေများ ထွက်လာသတုံး .... တဏှာ,မာန,ဒိဋ္ဌိရိပ်တွေ ထွက်လာပါတယ်ဘုရား)။

ခင်ဗျားတို့ တဏှာ,မာန,ဒိဋ္ဌိလာတဲ့ လက်သည်ဟာ ယနေ့တော့ဖြင့် ပေါ်ပြီ... ( မှန်ပါ ) အကြည့်မှားတာနဲ့ ပုထုဇဉ်မျက်လုံးတပ်ပြီး ခန္ဓာကြည့်လိုက်တာနဲ့ တဏှာ,မာန,ဒိဋ္ဌိ,တည်းဟူသော အရိပ်တွေထွက်လာတယ်—(မှန်ပါဘုရား)။

ဒါ ပြင်ပေးမည့်သူသာ မရှိဘူးဆိုယင် ဒီအရိပ်မှတပါး ထွက်စရာကိုမရှိဘူး....(မှန်ပါ)ဘယ့်နှယ်ထင်ကြသတုံး (မရှိပါဘုရား)။
တနေ့သော်လဲငါသာ မာပါစေကွာ၊ဘာအရေးကြီးသလဲတဲ့-(မှန်ပါ) အင်း—ငါသာမာပါစေတဲ့....(မှန်ပါဘုရား)။

ငါသာ မာပါစေဆိုတာက ဒိဋ္ဌိ၊ဘာပူစရာရှိသတုံးဆိုတာက မာန၊ မဟုတ်ဘူးလား—( မှန်ပါ )ငါ့ကိုယ် ငါမွေးနေတာဘဲ တဏှာ—(မှန်ပါ)ရှင်းပလား—(ရှင်းပါပြီဘုရား)။

အံမာလေး...ဦးလှရ ဒါပေါ်ဘို့မလွယ်ဘူးနော်.... (မလွယ်ပါဘုရား) ရှင်ပုဏ္ဏက အင်မတန် ဥပမာပေး ကောင်းတယ် .... (မှန်ပါဘုရား)။

ကိုင်း—ဦးလှ တဏှာ, မာန, ဒိဋ္ဌိဟာ မိုးပေါ်ကျလာတဲ့၊ ဘယ့်နှယ်ကြောင့် ဒါတွေ ခန္ဓာကိုယ်ထဲ ရောက်ရောက် လာပါလိမ့်မလဲ၊ ဖြေကြပါဦး ခင်ဗျားတို့—(မိမိခန္ဓာကို တဏှာ,မာန, ဒိဋ္ဌိနဲ့ကြည့်လို့ပါဘုရား)။

ခန္ဓာငါးပါးရယ်လို့ သိလို့ကြည့်တာမဟုတ်ဘူး( မှန်ပါ ) ပုထုဇဉ်မျက်လုံးနဲ့ မိမိကိုယ်ကိုကြည့်လိုက်တယ် .... ( မှန်ပါ ) ပုထုဇဉ်မျက်လုံးနဲ့ မိမိကိုယ်ကို ကြည့်လိုက်တဲ့ အခါကျတော့ ခြော်...ငါလုပ်နိုင်သေးတယ်၊ ငါကိုင်နိုင်သေးတယ်၊ ငါသွား

နိုင်သေးတယ်၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)ငါကျွေး နိုင်သေးတယ်....(ဒီအဓိပ္ပါယ်ရောက်ပါတယ်) သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် ပုထုဇန်မျက်လုံးနဲ့ မိမိကိုယ်ကို ကြည့်လိုက်တာ နေ့တိုင်း ခင်ဗျားတို့တဏှာ,မာန,ဒိဋ္ဌိလာတယ်....(မှန်ပါ)ကိုယ့် ကိုယ်ဆိုတော့လဲ နေ့တိုင်းကြည့်မိတယ်....(မှန်ပါဘုရား)။

ခြေထောက်ကလေး လှမ်းကြည့်တယ်၊ ဒီနေ့မနာဘူး ကျ- သွားနိုင်တယ်ဆိုတာ ဒါကြည့်တာဘဲ .... ( မှန်ပါ ) ဖြေးဖြေး လေးငါးဆယ်လှမ်း လျှောက်ကြည့်တယ်၊ မမောသေးပါဘူးကွ သွားနိုင်သေးတယ် ...(မှန်ပါဘုရား)။

ဒါ ကိုယ့်မှန်ကြည့်ပြီးသကာလ ငါ လုပ်နိုင်သေးတယ်, ငါ ကိုင်နိုင်သေးတယ် .... ( မှန်ပါ ) ခန္ဓာငါးပါးရယ်လို့ မဟုတ် တော့ဘူး၊ မိမိကိုယ်ကိုယ်ကြည့်ပြီး မိမိကိုယ်ကိုယ်လဲ ပုထုဇန် မျက်လုံးနဲ့ ကြည့်တာ .... ( မှန်ပါ ) သဘောကျကြပလား.... (ကျပါပြီဘုရား)။

မိမိကိုယ်ကို....(ပုထုဇန်မျက်လုံးနဲ့ ကြည့်ပါတယ် ဘုရား) ဘာ တွေထွက်လာသတုံး .... ( တဏှာမာနဒိဋ္ဌိတွေထွက်လာပါတယ် ဘုရား)။

တနေ့ ဘယ်နှစ်ခါများ ကြည့်ကြသတုံးလို့မေးယင် ဦးလှ ဘယ့်နှယ်ပြောပါမလဲ.... (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင် ဘူး ပုထုဇန်မျက်လုံးတပ်ပြီးကြည့်လိုက်တာ....(မှန်ပါ)။

မရေတွက်နိုင်တော့ တနေ့တနေ့မှာ ကြည့်လိုက် သည်နဲ့ တပြိုင်နက်တည်း တဏှာဥပါဒါန်ကံ၊ ဇာတိဇရာမရဏလာဦးမှာဘဲ....(လာပါတယ်ဘုရား) မလာပါနဲ့ဆိုလို့ ဘုန်းကြီးကလဲ မတားနိုင်ဘူး....(မတားနိုင်ပါဘုရား) ခင်ဗျားတို့က အကြည့်လွဲပေါ့ကိုး....(မှန်ပါ)။

အကြည့်လွဲတဲ့ ကိုယ်ကိုယ် ကိုယ်ခင်တဲ့ တဏှာကလာတော့ ဥပါဒါန်ကံဟုတ်လား ဇာတိဇရာမရဏဆိုတာ လာရမှာဘဲ(လာပါတယ်ဘုရား) မာနလာပြန်တော့လဲ မာနတဏှာဘဲ မဟုတ်ဘူးလား....(မှန်ပါ)။

မာနဆိုတာလဲ တဏှာဘဲ တဏှာ....( မှန်ပါ ) အဲဒီတော့ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိဇရာမရဏ မာနကလဲတန်းမှာဘဲ.... (မှန်ပါ) ဒိဋ္ဌိကလဲတန်းမှာဘဲ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မလာပေဘူးလား....(လာပါတယ်ဘုရား) အဲဒီတော့ ကံလာယင် ကမ္မဘဝပစ္စယာ ဇာတိဇရာမရဏ....(မှန်ပါ)။

အဲဒီတော့ တနေ့ ခင်ဗျားတို့ကြည့်လိုက်တဲ့အခါ တဏှာကလဲ ပဋိစ္စသမုပ္ပါဒ်က ဇာတိဇရာမရဏကျအောင် ပို့လိုက်တာဘဲ.... (မှန်ပါ) ကံကျအောင်ပို့လိုက်တယ်.... (မှန်ပါ) သေယင်တော့ ဇာတိဇရာမရဏပို့မှာပေါ့ မရောက်ခင်တော့ ကံကျအောင်ပို့ လိုက်တယ်....(မှန်ပါ)။

ဒိဋ္ဌိလာပြန်တော့ကော.... (အတူတူပါဘုရား) ကံကျအောင် ပို့လိုက်တာဘဲ....(မှန်ပါ) မာနလာပြန်တော့ကော.... ( ကံကျအောင်ပို့ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဒီပုထုဇန်မျက်လုံးမပျောက်သရွေ့ ကာလပတ်လုံးဖြင့် ဒီလိုဘဲကြည့်နေကြမှာဘဲ.... (မှန်ပါ့) ကြည့်နေယင်လဲ ဒီပဋိစ္စသမုပ္ပါဒ် သုံးမျိုးစလုံး လာနေမှာဘဲ.... ( လာပါတယ်ဘုရား)။

ဒါ သာမညနားနဲ့ မထောင်ပါနဲ့၊ အလွန်ကြီးကျယ်တဲ့တရားလို့မှတ်ပါ....(မှန်ပါ့) အလွန်ကြီးကျယ်တဲ့ တရားလို့မှတ်ပါ...(မှန်ပါ့)ကြည့်စမ်း ကြည့်ရှုကလေးနဲ့ တဏှာပဋိစ္စသမုပ္ပါဒ် မာနပဋိစ္စသမုပ္ပါဒ်, ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်....(မှန်ပါ့)။

ဟာ.... ဒီပဋိစ္စသမုပ္ပါဒ်က ဦးမာဒင် ဘယ်ကလာတာတဲ့တုံး (မှန်ပါ့) အို....ပုထုဇန်မျက်လုံးနဲ့ ကိုယ်ကိုယ်ကြည့်လိုက်တာပေါ့ ဘုရား...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပုထုဇန်မျက်လုံးနဲ့.... (ကိုယ်ကိုယ်ကြည့်လိုက်ပါတယ်ဘုရား) ကိုယ်ကိုယ်ကြည့်လိုက်တော့ ဘာပဋိစ္စသမုပ္ပါဒ်တွေ ထွက်လာသတုံး....၊ တဏှာပဋိစ္စသမုပ္ပါဒ်, မာနပဋိစ္စသမုပ္ပါဒ်.... ( မှန်ပါ့ဘုရား)။

တဏှာတွင်မဆိုနဲ့ သူ့ဟိုတန်းမှာဘဲ.... (မှန်ပါ့) ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ် မလာပေဘူးလား (လာပါတယ်ဘုရား)ရှင်းကြလား (ရှင်းပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့ အပါယ်သွားကြမှာ သူတပါးသတ်မှလို့ ထင်မနေနဲ့.... (မှန်ပါ့) သူတပါးလိမ်မှ သူတပါးဟာခိုးမှလို့ထင်မနေနဲ့၊ ဒီမှာသွားပြထားတယ်.... (မှန်ပါ့)။

ပုထုဇန်မျက်လုံးတပ်ပြီး မိမိကိုယ်သာကြည့်လိုက်ယင် တတန်း, နှစ်တန်း, သုံးတန်း အပါယ်ချည့်သွားတာဘဲ.... (မှန်ပါ့)ဆိုနိုင်

ကြရဲ့လား.... (ဆိုနိုင်ပါတယ်ဘုရား) ဒီလိုနုနုကျတော့သိခဲ့တယ် (မှန်ပါ့) မသိခဲ့ဘူးလား....(သိခဲ့ပါတယ်ဘုရား)။

ဒါက ကြမ်းမှုမကြမ်းဘဲကိုး.... (မှန်ပါ့) မကြမ်းသာမကြမ်းတယ် ဖြစ်နေတာကတော့ .... ( အပါယ်သွားဘို့ချည့်ဖြစ်နေပါတယ်ဘုရား) သေချာနေတာဘဲ... (မှန်ပါ့) ဘာမျက်လုံးတပ်ကြည့်တာတုံး... ( ပုထုဇန်မျက်လုံး တပ်ကြည့်တာပါဘုရား ) ဘာကိုကြည့်သတုံး .... (ကိုယ့်ကိုယ် ကိုကြည့်ပါတယ်ဘုရား)မိမိကိုယ်ကိုကြည့်တယ်.... (မှန်ပါ့ မိမိကိုယ်ကိုကြည့်ပါတယ်ဘုရား) ဘာတွေများထွက်လာသတုံး.... (တဏှာ,မာန,ဒိဋ္ဌိတွေထွက်လာပါတယ်ဘုရား)။

တဏှာပဋိစ္စသမုပ္ပါဒ် ဒီလိုဆိုလိုက်... ( မှန်ပါ့ တဏှာပဋိစ္စသမုပ္ပါဒ်, မာနပဋိစ္စသမုပ္ပါဒ်, ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ထွက်လာပါတယ်ဘုရား) ကံရောက်အောင် မသွားဘူးလား.... (သွားပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ပြုထားတဲ့ကျောင်းကန်ဘုရားတည်ထားတဲ့ဒါနကလေးလောက်နဲ့ ဒီခန္ဓာကြည့်မိလို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလှည့်ပေါ်နေတာနဲ့ ကာမိပါ့မလားလို့ မေးလိုက်တယ်(မကာမိပါဘုရား) ဘယ်....သူ့အချိန်က နည်းတာမှမဟုတ်ဘဲ....(မှန်ပါ့) နည်းသလား....(မနည်းပါဘုရား)။

ခင်ဗျားတို့ တသက်ပတ်လုံး အရောင်းနဲ့,အဝယ်နဲ့ နေနိုင်တာ ဒါကြည့်ပြီး ပုထုဇန်မျက်လုံးနဲ့, ဒါကြည့်ပြီး ဒါတွေပေါ်နေတာပြောတာ...(မှန်ပါ့)။

ဒါ အေးအေးဆေးဆေး ပြောနေတာ ဖြစ်စဉ်ကိုက်ပါတယ် (မှန်ပါ)မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ဦးမာဒင် ခင်ဗျား စီးပွားရေးလိုက်လာတာ ဘယ်လောက်ကြာပြီတုံး, ဦးလှ စီးပွားရေးလိုက်လာတာ ဘယ်လောက်ကြာပြီတုံး၊ ကြာပါပြီဘုရား တပည့်တော်တို့ အိမ်ထောင် မကျခင် ကတည်းကလိုက်လာတာပါ...(မှန်ပါ)။

မဟုတ်ပါဘူး ခင်ဗျားတို့ စီးပွားရေလိုက်လာတော့ ဘုန်းကြီးတို့က ဘာမှမပြောလိုပါဘူး၊ ဘယ့်နှယ်ကြောင့်ခင်ဗျားတို့ ဒီ-စီးပွားရေးကို ခင်ဗျားတို့ ဖြိုင်ဖြိုင် လိုက်မိတာတုံး ဆိုတော့ လူကလဲ ကျန်းမာသကိုးဘုရာ့ လာပြီ....(မှန်ပါ) လူကလဲ ကျန်းမာသကိုးဘုရာ့ဆိုတာ အနိစ္စအချက်ကို သူမမြင်ဘူး....(မှန်လှပါ မမြင်ပါဘုရား)။

အဲဒီတော့ တပည့်တော်က မာန်ကလေးကလဲရှိတယ်ဘုရာ့၊ ဒါ ခန္ဓာကြည့်ပြီးပြောနေတာ....(မှန်ပါ)သူတို့တောင် ရအောင် ရှာသေးတာဘဲ ငါဘယ့်နှယ်ကြောင့် ရအောင်မရှာရမတုံး၊ ခန္ဓာကိုကြည့်လာတာ....(မှန်ပါ)။

အဲဒီတော့ကို သူများအောက် မကျချင်ဘူးဘုရာ့ တပည့်တော်က၊ ထုံးစံ-ထုံးစံ ...(မှန်ပါ) ဘယ်သူ့ကြည့်ပြောတာတုံး— ( ခန္ဓာကြည့်ပြောတာပါဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အင်း.... ဒါဖြင့် ဒီလိုမှမရှာလဲ ကိုယ်ပိုင်ပစ္စည်း ဘယ်ရှိမတုံး ဆိုတော့ ဒိဋ္ဌိ..(မှန်ပါ) ဒါ ဘာကြည့်ပြီး ဒီအသံသုံးသံ ထွက်

လာပါလိမ့်မတုံး .... (ခန္ဓာကြည့်ပြီး ထွက်လာပါတယ် ဘုရား) ဩော်....ဘယ်လောက်ကြာကြာပြီတုံးခန္ဓာကြည့်ပြီးဒီပဋိစ္စသမုပ္ပါဒ် သုံးမျိုးဖြစ်တာ....(မရေတွက်နိုင်ပါဘုရား)။

အင်မတန်မိတ့်တရား .... (မှန်ပါ) ခင်ဗျားတို့က ဒီဥစ္စာ အကုသိုလ်ဖြစ်တယ်လို့ မထင်ဘူး....(မှန်ပါ)ထင်ရဲ့လား(မထင် ပါဘုရား)။

တပည့်တော်က မခံချင်တတ်ဘူးဘုရာ့၊ မခံချင်လို့ ထ လုပ် တာ၊ တပည့်တော်ကလဲ ကိုယ့်မှာပစ္စည်း မရှိလို့ရှိယင်ဖြင့် သူတပါးက ခေါင်းပေါ်တက်နင်းမှာစိုးလို့.... (မှန်ပါ) မဟုတ် ဘူးလား....(မှန်ပါ)။

အဲဒီတော့ ကိုယ့်ကိုယ် ကိုယ်ရှာကျွေးချင်တယ်ဘုရာ့၊သူများ ကျွေးတာ မစားချင်ဘူး.... (မှန်ပါ) အင်း.... ကိုယ့်ကိုယ်ချည့် လှည့်နေတယ်၊ ဒီမှန်ချည့်ကြည့်တာဘဲ....(မှန်ပါ) ဘယ်မှန်များ ကြည့်သေးသတုံး....(ခန္ဓာငါးပါးမှန် ကြည့်မိပါတယ်ဘုရား)ဘာ မျက်လုံးနဲ့တပ်ကြည့်သတုံး.... (ပုထုဇန်မျက်လုံးပါဘုရား) အဲ.... ပုထုဇန်စိတ်က ပြောင်းကို မပြောင်းဘူး.... ( မပြောင်းပါ ဘုရား)။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ထွက်လာသတုံး.... (သုံးမျိုးထွက်လာပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ကြည့်လိုက်တော့မှ အပါယ်ကတက်လမ်းမရှိဘူး .... (မှန်ပါ) တက်လမ်းရှိသေးရဲ့ လား....(မရှိပါဘုရား)။

ကဲ.... ဦးလှတို့ မိုက်ပုံ— (မှန်ပါ့) ဦးမာဒင်တို့ဆိုးဝါးပုံ.... (ဆိုးဝါးပါတယ်ဘုရား)ဒါ အခု သေသေချာချာရှင်းပြောပြီ.... (မှန်ပါ့)။

ဩော်.... ဒို့လုပ်နိုင်ကြတယ်, ကိုင်နိုင်ကြတယ်၊ လုပ်နိုင် ကိုင်နိုင်တယ်ဆိုတာ မခံချင်လို့ လုပ်တာလဲရှိတာဘဲ....(မှန်ပါ့) စားချင်လို့လုပ်တာလဲရှိတာဘဲ.... (မှန်ပါ့) ငါ့ဟာလုပ်ချင်လို့ ဖြစ်တာကော.... (ရှိပါတယ်ဘုရား) ဒါဖြင့် ဒီသုံးမျိုးမှတပါး (မရှိပါဘုရား)။

အဲဒါ ခင်ဗျားတို့ အသံကလဲထွက်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ကိုယ့်အရိုး ကိုယ်ချိုနိုင်တုံးတဲ့...(မှန်ပါ့) ခန္ဓာကြည့်လုပ်တာကိုး- (မှန်ပါ့)။

ကိုယ့်အရိုး ကိုယ်ချိုနိုင် ကုန်းလုပ်တာတဲ့၊ ခန္ဓာကြည့်ပြီးတော့ ဒိတ္ထာထွက်လာတယ်.... (မှန်ပါ့) ခန္ဓာကြည့်ပြီးတော့ မာန၊ ခန္ဓာကြည့်ပြီးတော့...(ဒိဋ္ဌိထွက်လာပါတယ်ဘုရား)။

ခင်ဗျားတို့လူစု ဦးမာဒင်တို့လူစုက အားမျှားပေးလိုက်သေး တယ် မောင်တို့အရွယ် ငယ်သေးတယ်....(မှန်ပါ့)။

ဟိုမှန်ကို သွားကြည့်ပြန်ပြီ....(မှန်ပါ့) ကြိုးစားကြပါဦး-တဲ့၊ ဘယ်မှန်သွားကြည့်သလဲ တခြားသောမှန်....(မှန်ပါ့)။

ဟိုပုဂ္ဂိုလ်ကလဲ ကြိုးစားကြပါဦးဆိုတော့ နဂိုရ်က သူကလဲ မှန်ကြည့်လွဲနေတဲ့ပုဂ္ဂိုလ်ဆိုတော့ သူက ကြိုးစားတယ်-(မှန်ပါ့) ဒီကလဲ မှန်ကြည့်လွဲနဲ့ တိုက်တွန်းလိုက်တယ်....(မှန်ပါ့) ဟိုကလဲ ကျေးဇူးရင်မှတ်ပြီး ကြိုးစားတယ်.... (မှန်ပါ့) ငယ်သေးတယ်

ယော်တုန်းက ဥစ္စာကိုးကွ.... ( မှန်ပါ ) ဘာဖြစ်ကြတာတုံး....အို....နားထောင်တဲ့ပုဂ္ဂိုလ်ကလဲ မှန်ကြည့်လှဲ့တယ်၊ တိုက်တွန်းတဲ့ပုဂ္ဂိုလ်ကလဲ....(မှန်ကြည့်လှဲ့ပါတယ်ဘုရား)။

အင်း... အတော်ခက်ကုန်ပြီကွ.... (မှန်ပါ) မခက်ဘူးလား....(ခက်ပါတယ်ဘုရား) ဒါ-လူကြီးစကားလား....(မှန်ပါ) ဦးလှဒါ... လူကြီးစကားလား၊ ခင်ဗျားတို့ ဒါ....နှုတ်ထဲကို တက်နေတယ်.... (မှန်ပါ) တောက်လျှောက် လှဲ့လာတာ....( မှန်ပါ )ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တဏှာတန်း,ဒိဋ္ဌိတန်း,မာနတန်းဟာ တဏှာ ပဋိစ္စသမုပ္ပါဒ် မာန ပဋိစ္စသမုပ္ပါဒ်, ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ် ဘယ်က လာသတုံး.... ( ခန္ဓာက လာတာပါဘုရား ) ဒီလိုချည့် မပြောနဲ့၊ခန္ဓာက သူ့ဟာသူနေတာ၊ ပုထုဇန် မျက်လုံးတပ်ကြည့်မှ လာတာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်မယ်....(ပုထုဇန်မျက်လုံးတပ်ကြည့်မှ မြင်ပါတယ်ဘုရား) ပုထုဇန်မျက်လုံးတပ်ပြီး ကိုယ့်ကိုယ်ကြည့်မှ၊ ခန္ဓာကိုကြည့်တယ်ဆိုယင် တော်သေးတယ်....(မှန်ပါ) သူ-ခန္ဓာသိသွားပြီ....(မှန်ပါ) ကိုယ့်ကိုယ်ကြည့်လို့....(မှန်ပါ)။

ပုထုဇန်မျက်လုံးတပ်ပြီးတော့ ဘာတုံး....(ကိုယ့်ကိုယ် ကြည့်ပါတယ်ဘုရား) ကိုယ့်ကိုယ်-ကြည့်လိုက်တော့ ဘာတွေထွက်လာသတုံး- (တဏှာ,မာန,ဒိဋ္ဌိထွက်လာပါတယ်ဘုရား) တဏှာ,မာန,ဒိဋ္ဌိ ဆိုတဲ့ ပပဥ္စတရား သုံးပါး....(မှန်ပါ)။

ပပဉ္စဆိုတာက သူတယောက်တည်းချဲ့လို့ ရမှာလား.... (မရပါဘုရား) မရဘူး၊ ဒါ့ကြောင့် တဏှာ-ဥပါဒါန်-ကံ ဇာတိဇရာ မရဏဆိုမှ ဘဝကျယ်သွားတယ်....(မှန်ပါ့) သူ-တခုတည်းချဲ့လို့ မရဘူး....(မရပါဘုရား) သူတို့နဲ့ပေါင်းပြီးတော့....(ချဲ့ရပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က သူက ချဲ့တယ် အောက်မေ့နေတယ်၊ မဟုတ်ဘူး သူတို့နဲ့ပေါင်းရမယ်.... (မှန်ပါ့) မဟုတ်ဘူး· တဏှာကနေ မာန၊ မာနကနေ ဒိဋ္ဌိ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ကို တဏှာ-ဥပါဒါန်-ကံ ဇာတိ ဇရာ မရဏက ကျယ်သွားတာ၊ ဘဝ ကျယ်မသွားဘူးလား.... (ကျယ်သွားပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတရားတွေဟာ ကျယ်တဲ့အခါမှာ ခေါင်းဆောင်ဖြစ်သောကြောင့် တဏှာ, မာန, ဒိဋ္ဌိကို ပပဉ္စလို့ မှည့်တာ.... (မှန်ပါ့) သူတို့မပေါင်းယင် မကျယ်နိုင်ဘူး....(မှန်ပါ့)။

သို့သော်....သူတို့ရှိယင်လဲ သူတို့နှစ်ခုက အစဉ်အတိုင်း လာရမှာဘဲ၊ မလာရပေဘူးလား....(လာရပါမယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဩဘော်....ဒီ-ပုထုဇန်မျက်လုံး မပျောက်သ၍ သံသရာဖြင့် လည်တော့မှာဘဲ....(မှန်ပါ့) ဆိုနိုင်-မဆိုနိုင် (ဆိုနိုင်ပါတယ်ဘုရား)။

ဘာမပျောက်သရွေ့တုံး.... (ပုထုဇန်မျက်လုံး မပျောက်သ၍ သံသရာလည်မှာပါဘဲဘုရား)။

ကြည့်လေ — ပုထုဇန်မျက်လုံး မပျောက်သ၍ ဒီကိုယ်ချည့်ကြည့်နေမှာဘဲ....(မှန်ပါ့) မိမိကိုယ်လဲ့ ကြည့်မယ်— ( မှန်ပါ့ )

သူတပါးကိုယ်လဲ....(ကြည့်ပါတယ်ဘုရား) ကြည့်ယင် ဘာတွေ လာနေမတုံး....(တဏှာ,မာန,ဒိဋ္ဌိ လာနေမှာပါဘုရား)။

တဏှာ, မာန, ဒိဋ္ဌိလာလို့ရှိယင် တဏှာကလဲ ခွဲ့လိုက်မှာဘဲ (မှန်ပါ့) မာနကကော.... ( ခွဲ့မှာပါဘုရား ) ဒိဋ္ဌိကကော.... (ဋ္ဌိဒိကလဲ ခွဲ့မှာပါဘုရား)။

ဦးမာဒင် ခင်ဗျားတို့ အခုတွေလို့ တော်ဘဲ တော်သေးတယ် (မှန်ပါ့ဘုရား) အဲဒီတော့ ဦးမာဒင်တို့, ဦးလှတို့ လူကြီးတွေမို့ ဘုန်းကြီးများက ဆုံးမပါတယ်....၊ သွန်သင်ပါတယ်၊ ပုထုဇန် မျက်လုံးမပျောက်သ၍ ကာလပတ်လုံး အပါယ်လေးပါးမျော ဆိုတာ ပေါ်ပြီ....(မှန်လှပါဘုရား)။

ပုထုဇန်မျက်လုံးမပျောက်သ၍.... (အပါယ်လေးပါးမျောရ ပါမယ်ဘုရား) သူက အပါယ်ချည့်ချလိုက်တယ်.... ( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါ အခု ခင်ဗျားတို့ ဆရာသမားနဲ့ ဆည်းဆည်းကပ်ကပ် နေလို့သာလျှင်....(မှန်ပါ့) မြို့ထဲကလူတွေ ဘာလုပ်နေသတုံးလို့ မမေးနဲ့....၊ ကုန်သည်ကြီးတွေ ဘာလုပ်နေသတုံးလို့ မမေးနဲ့၊ ဒီသုံးခုထွက်တာဘဲ.... (မှန်ပါ့) ပုထုဇန်မျက်လုံးတပ်ပြီး ကိုယ့် ကိုယ်ကြည့်တာဘဲ....(မှန်ပါ့) ကိုယ့်သားသမီး ကိုယ်ကြည့်လိုက် တယ်.... (မှန်လှပါ) ကြည့်လိုက်လို့ရှိယင်ဖြင့် ငါ့မှာ သားနဲ့ သမီးနဲ့ မလာဘူးလား....(လာပါတယ်ဘုရား)။

ငါ့ အားကိုးတွေနဲ့....၊ သားကလေးတယောက် ရှိပြန်လဲ ဒါကလေးဘဲ အားကိုးနေရတယ်ဆိုတဲ့ မာန- မဟုတ်ဘူးလား....

(မှန်ပါ) ငါ့သားက သူများသားနဲ့မတူဘူးဆိုတဲ့ဒိဋ္ဌိ....(မှန်ပါ) ခင်ဗျားတို့ကလဲ ဒီမှန် လှည့်ကြည့်နေတာဘဲ.... (ကြည့်ပါတယ် ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တနေ့လုံးဘာလုပ်နေကြသတုံး·ဝိပဿနာမလုပ်ယင် ဘာလုပ် သတုံးမေးယင်....(မှန်ကြည့်နေပါတယ်ဘုရား) မှန်ကြည့်နေတယ် (မှန်ပါ) ကိုယ့်ကိုယ်ကြည့်လိုက်၊ သမီးခန္ဓာကိုယ် ကြည့်လိုက်၊ သားခန္ဓာကိုယ်.... ( ကြည့်ပါတယ်ဘုရား ) ဘာဖြစ်လို့တုံး.... (မှန်လှည့်တာပါဘုရား) မှန်လှည့်ကြည့်နေတယ် ဘာဖြစ်လို့ တုံး- ပဋိစ္စသမုပ္ပါဒ် ပြတ်သွားမှာစိုးလို့....(မှန်ပါ) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါ.... နည်းတဲ့အဓိပ္ပါယ်မဟုတ်ဘူးကွ၊ တော်တော်နက်တယ် ( မှန်ပါ ) ဒါ....ရှင်အာနန္ဒာ သောတာပန်တည်တဲ့ တရား.... (မှန်ပါ) အခုဘာက အပြစ်ပြတုန်းရှိသေးတယ်၊ အဖြေ မပါ သေးဘူး....(မှန်ပါ) ကဲ....သဘောကျပလား....(မှန်ပါ)။

ဟိုအိမ်မှာ ရန်ဖြစ်နေတယ်၊ လင်နဲ့မယား ရန်ဖြစ်နေတယ်၊ အလိုမကြကြဘူး....တဲ့၊ဘာဖြစ်လို့တုံး၊အို....ငါ့သူ့လုပ်စာ စား တာမှ မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုယ်ကြည့်ပြီး ရန်ဖြစ်တာပေါ့တဲ့ (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

မိန်းမလုပ်တဲ့ပုဂ္ဂိုလ်က အို....သူ့မှီပြီး ငါ·ထမင်းစားနေတာ မဟုတ်ပါဘူး ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီး ဟိုကို မာန် ထောင်တော့တာဘဲ.... (မှန်ပါဘုရား) ရန်ဖြစ်တာ ဒီကဟာဘဲ၊ ခန္ဓာကိုယ် ပုထုဇန်မျက်လုံးတပ်ပြီး ရန်ဖြစ်တာဘဲ(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မြို့ထဲရွာထဲ ဆူနေကြတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာတုံး...(ပုထုဇန်မျက်လုံးတပ်ပြီး ကြည့်လို့ပါဘုရား) ဘယ်သူ့ကြည့်သတုံး(ကိုယ့်ကိုယ်- ကိုယ်ကြည့်ပါတယ်) အဲဒါ ရန်ဖြစ်နေတာ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ရန်ဖြစ်တာလဲ သူဘဲ- မဟုတ်ဘူးလား....( မှန်ပါ ) တခါ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နေကြတာကြည့်ဦး၊ အဲဒါ အဲဒါ တဏှာလာတာဘဲ.... (မှန်ပါ) ပေါ်ကြရဲ့လား....(ပေါ်ပါတယ်ဘုရား)။

ဒါ ဘာမျက်လုံးတတ်ပြီး ကြည့်တာနဲ့ တဏှာပဋိစ္စသမုပ္ပါဒ်လာပြန်တာတုံး.... ( ပုထုဇန်မျက်လုံး တပ်ကြည့်လို့ပါဘုရာ ) ပုထုဇန်မျက်လုံးတပ်ပြီး သကာလ ကိုယ်ကြည့်ပြန်တာနဲ့ ခင်ကြမ့်ကြပြန်တာဘဲ....(မှန်ပါဘုရား)။

တခါ မာန၊ ကိုယ့်အိမ်သားနဲ့တော့ မာနမဖြစ်ပါဘူး၊ ဘေးအိမ်နဲ့ ကိုယ်လို အရောင်းအဝယ် လူချင်းမာန်ဖြစ်ကြတယ်- (မှန်ပါ) မာန်ဖြစ်ကြတာ မာန်ထောင်ကြတာရှိသေးတာကိုး....(ရှိပါတယ်ဘုရား)။

အဲဒါလဲ ဘယ်သူ့ကြည့်ပြီး ထောင်တာတုံး .... (ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ကိုယ်- ကိုယ်ကြည့်တာပါ) ကဲ....သုံးဆဲ့တာဘု မကုန်သေးဘူးလား....(ကုန်ပါပြီ)ရှင်းပလား (ရှင်းပပြီဘုရား)။

ဒါဖြင့် မင်းတို့သည် ဒီပုထုဇန်မျက်လုံးကို ပျောက်အောင် ဆရာဘုန်းကြီးက ဒါဟောမပေးနိုင်၊ ဟောသည် တိုင်အောင် မင်းတို့ကလဲ ဒီမျက်လုံးပျောက်အောင် အားမထုတ်ဘူးဆိုလို့

ရှိယင် ဒီပဋိစ္စသမုပ္ပါဒ် ဘယ်သူမှ ဖြတ်မပေးနိုင်ဘူး....( မှန်ပါ့ ) မြင်သေးရဲ့လား....(မမြင်ပါဘုရား) ဘယ်နည်းနဲ့မှ ဖြတ်မပေးနိုင်ဘူး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော် .... ဒါဖြင့် မြို့ထဲပြုံးနေတာလဲ ပုထုဇန်မျက်လုံးတပ်ကိုယ့်ကိုယ်ကြည့်လို့....( မှန်ပါ့ )မြို့ထဲ မဲ့နေကြတာကော .... (ပုထုဇန်မျက်လုံးတပ်ပြီး ကိုယ့်ကိုယ်ကြည့်လို့ပါဘုရား)ပုထုဇန်မျက်လုံးတပ်ပြီး ကြည့်နေပြန်တော့ ငါဖြင့်ခက်ရချေရဲ့ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အိုလဲ အိုပြန်ပြီ၊ ပစ္စည်းကလဲ မရှိပြန်၊ ပုထုဇန်မျက်လုံးတပ်ပြီးကြည့်ပြန်တာ ....( မှန်ပါ့ ) အိုလဲအိုပြန် ပစ္စည်းကလဲ မရှိပြန်ဆိုတာ သူ့ဟာသူကြည့်တာ(မှန်ပါ့) အဲဒီမှာ ဒေါမနဿ ပဋိစ္စသမုပ္ပါဒ်တွေကော... (လာပါတယ်ဘုရာ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိဖြစ်လေသမျှ ပုထုဇန်မျက်လုံးမစွန့်နိုင်သေးသ၍ တဏှာ ပဋိစ္စသမုပ္ပါဒ်, မာနပဋိစ္စသမုပ္ပါဒ်, ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ် ဦးမာဒင်တို့, ဦးလှတို့ သွားပြီ .... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တရားတကာ့တရားထဲမှာ သူအရင်းကျတယ်၊ မကျဘူးလား.... (ကျပါတယ်ဘုရား) ဟိုအိမ်မှာ ပြုံးနေတာလဲ ဘာတုံး....( ကိုယ့်ကိုယ် ကိုယ် ပုထုဇန်မျက်လုံးနဲ့ကြည့်လို့ပါ ) ပုထုဇန်မျက်လုံးနဲ့ကြည့်ပြီးပြုံးတာ (မှန်ပါ့) သဘောကျပလား (မှန်ပါ့ဘုရား)။

ငါ လုပ်ကျွေးနိုင်သေးတယ် ဆိုပြီးသကာလ ကိုယ့်ကိုယ်ကိုယ် တခါ့တည်း ဝမ်းသာတယ်....(မှန်ပါ့) လုပ်ကျွေးနိုင်တဲ့ စွမ်းရည်

သတ္တိရှိတယ်ဆိုပြီး ပြုံးပြီးတော့ နေတာလဲ ကိုယ့်ကိုယ် ကြည့်ပြုံးတာဘဲ....(မှန်ပါ့ဘုရား)။

မဲ့တာကော .... ( ကိုယ့်ကိုယ်ကြည့်မဲ့တာပါဘုရား ) မာန်ထောင်တာကော.... (ကိုယ့်ကိုယ် ကိုယ်ကြည့်ပြီးထောင်တာပါ) ဘယ်လိုနည်းတုံးဗျ....(ပုထုဇဉ်မျက်လုံးနဲ့ ပါ) ဘာကြည့်တာတုံး (ကိုယ့်ခန္ဓာကိုယ် ကြည့်ပြုံးတာပါဘုရား)။

ဩော်... ခင်ဗျားတို့လဲ ဒီအရိပ်နှိပ်စက်နေတာ... ( မှန်ပါ့ ) တဏှာ,မာန, ဒိဋ္ဌိအရိပ်....(မှန်ပါ့) ငါလဲမဟုတ်ဘူးတဲ့ ခုနင်က ပြောထားတယ်....(မှန်ပါ့) သူတပါးကော....(မဟုတ်ပါဘုရား) ငါ, သူတပါးမဟုတ်တာ နှိပ်စက်နေတာ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကဲ .. မင်းတို့နှိပ်စက်တဲ့တရား အခုလက်သည်ရှာတော့မှ ခက်နေတယ်၊ ဖမ်းလို့ ကိုမမိဘူး....(မှန်ပါ့ဘုရား)။

ငါက နှိပ်စက်တာကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) သူတပါးက နှိပ်စက်တာကော· (မဟုတ်ပါဘုရား)ဘယ်တရားက နှိပ်စက်နေသတုံး...(ငါ,သူတပါးမဟုတ်တဲ့ တရားက နှိပ်စက်တာပါဘုရား)။

ခင်ဗျားတို့ ခုနင်က အနဖြုတ်ထားပြီ....(မှန်ပါ့)မှန်ကြည့်လို့ ကျုပ်အစောကြီးက ခိုင်းတယ်၊ ဒီအရိပ်ဟာ ငါလားလို့ မေးပြန်တော့....(မဟုတ်ပါဘုရား)။

ငါလဲ မဟုတ်ဘူး၊ သူတပါးလား မေးပြန်တော့(မဟုတ်ပါဘုရား)ဒါဖြင့် ငါ,သူတပါးမဟုတ်တဲ့တရား....(မှန်ပါ့ဘုရား)ငါသူတပါးမဟုတ်တဲ့တရားက ခင်ဗျားတို့ကို ဘာလုပ်နေသတုံး ... (နှိပ်စက်နေတဲ့ တဏှာ,မာန,ဒိဋ္ဌိပါဘုရား)။

အဲလေ....ငါ့သူတပါးမဟုတ်တဲ့တရားက တဏှာ့မာန ဒိဋ္ဌိ— (မှန်ပါ) သူတို့က ဘာလုပ်သလဲ ခင်ဗျားတို့ကို .... (နှိပ်စက်နေပါတယ်) ပဋိစ္စသမုပ္ပါဒ်တန်းပြီးတော့ သံသရာလည်စေတယ်— (မှန်ပါ)ဆင်းရဲမျိုးစုံပေးတယ်— (မှန်ပါ)မဆိုနိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ....ခင်ဗျားတို့ နှိပ်စက်တဲ့တရားသည် ငါကလဲ နှိပ်စက်တာ မဟုတ်ဘူး....တဲ့၊ သူတပါးကလဲ.... ( နှိပ်စက်တာ မဟုတ်ပါ ဘုရား) ငါ့ သူတပါး မဟုတ်တဲ့တရားက.... ( နှိပ်စက်တာပါ ဘုရား)။

အခုမှ သိတော့မယ်၊ ဟင်.... (မှန်ပါ) အခုမှ သိပေတော့ တယ်.... ( မှန်ပါ ) နဂိုရ်က ငါ့ကြောင့် ဖြစ်တယ်ထင်နေတာ၊ မဟုတ်ဘူး ... (မှန်ပါ) သူ့ကြောင့် ဖြစ်တယ်ထင်တာကော— (မဟုတ်ပါဘုရား) အခုတော့ ဘာတုံး... (ငါ့သူတပါးမဟုတ် တဲ့ တရားကြောင့်ပါဘုရား)။

အံမာလေး....ခင်ဗျားတို့ မရှိတဲ့ဒုတ်နဲ့ ရိုက်တာနဲ့ နာနေတာ နော်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာနဲ့ ရိုက်ထားတာတုံး.... ( မရှိတဲ့ဒုတ်နဲ့ ရိုက်ထားတာပါ ဘုရား) ဒါ့ကြောင့် အပါယ်သွားနေရတယ်....(မှန်ပါ) မရှိတဲ့ ဒုတ်နဲ့ ရိုက်ပြီး အပါယ်သွားရတယ်....(မှန်ပါ)။

ဒါတွေက မရှိတဲ့တရားကိုးကွ၊ မင်းတို့ပြောထားပြီကော.... (မှန်ပါ) ငါလားဆိုတော့လဲ မှန်ကြည့်တုန်းက ဘယ့်နှယ်တုံး (မဟုတ်ပါဘုရား) သူတပါးဆိုတော့လဲ.... (မဟုတ်ပါဘုရား) ဒါဖြင့် ငါ့သူတပါးမဟုတ်တဲ့တရား....(မှန်ပါ)ဒီတရားကနေပြီး ခင်ဗျားတို့ အကြည့်မှားလို့ ဒီဘုရားပေါ်တာ ...(မှန်ပါဘုရား)

ဒီတရားက ပဋိစ္စသမုပ္ပါဒ်တန်းပြီး သံသရာထဲ အိုဘေး, နာဘေး ပေးလိုက်တယ်....(မှန်ပါ့ဘုရား) မပေးဘူးလား....(ပေးပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရှိတဲ့တရားက နှိပ်စက်တာလား၊ မရှိတဲ့ တရားက နှိပ်စက်တာလား .... (မရှိတဲ့တရားက နှိပ်စက်တာပါ ဘုရား)။

ခင်ဗျားတို့ တယ်ခက်တယ်၊ ရှိတဲ့တရားက နှိပ်စက်ယင်လဲ ကျုပ်တို့က အကူအညီပေးပြီး ရှိတဲ့တရားကို ရိုက်ထုတ်ရရဲ့ .... (မှန်ပါ့) အခုနှိပ်စက်နေတာက ဘယ့်နှယ်ဆိုမလဲ(မရှိတဲ့တရားတော ပါဘုရား)အတော်ခက်နေတာပေါ့ဗျာ- ဟင်....(မှန်ပါ့)သဘော ပါပါပြောတော့မှ ဒီရောက်တယ်....(မှန်ပါ့ဘုရား)။

ဒါ နဂိုရ်က ဥပမာရှင်းလာလို့ နို့မဟုတ်ယင် ဦးမာဇင် ဒီရောက်ပါ့မလား...(မရောက်ပါဘုရား) နားကိုလည်မှာ မဟုတ် ပါဘူး၊ နဂိုရ်က ဥပမာကရှင်းလာခဲ့လို့....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် နေရာကျပလား....(ကျပါပြီ) ဒါဖြင့် ခင်ဗျား တို့မှာ ဒီနေ့ နာရီကလဲစေ့ပြီ အချိန်သိမ်းရမယ်၊ နက်ဖြန်မှ ဒီတရားပြီးမှာကိုးကွ...( မှန်ပါ့ )ခင်ဗျားတို့ ပုထုဇန်မျက်လုံး မပျောက်သရွေ့ မရှိတာကနှိပ်စက်မှာချည့်ဘဲ...( မှန်ပါ့ )ရှင်းပြီ (ရှင်းပါပြီဘုရား)။

ကြည့်လေ- သမီးကလေးမရှိလို့ဆိုပြီး နှိပ်စက်လိုက်တယ်... (မှန်ပါ့)သားကလေး မရှိလို့ဆိုပြီး....(နှိပ်စက်ပါတယ်ဘုရား)။

ဘယ်သူက နှိပ်စက်သတုံး...(ပုထုဇန်မျက်လုံးက နှိပ်စက်ပါ တယ်ဘုရား) ပုထုဇန်မျက်လုံးက၊ မရှိလို့....တဲ့....(မှန်ပါ့ဘုရား)

သူမရှိလေ ကျုပ်ငိုသေ.... (မှန်ပါ) ဘယ်သူက နှိပ်စက်သတုံး (ပုထုဇန်မျက်လုံးက နှိပ်စက်ပါတယ်ဘုရား) မဟုတ်ဘူး· မရှိတာက နှိပ်စက်တယ်....(မှန်ပါ)။

ဘယ်က နှိပ်စက်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဒီကြည့်လေကွာ မရှိတာက နှိပ်စက်နေတာ.... (မှန်ပါဘုရား)။

ခင်ဗျား မျက်စိ မျက်နှာ မသာပါဘူး· ဘာဖြစ်နေသတုံး၊ သားကလေးမရှိလို့ ဘုရာ့....(မှန်ပါ)။

ဦးလှ ဘယ်သူက နှိပ်စက်သတဲ့....(မရှိတာက နှိပ်စက်ပါတယ်ဘုရား) ကျုပ်-ဆေးမကုတတ်ဘူး· အဲဒါ မရှိတာက နှိပ်စက်နေတော့ ဆေးကို မကုတတ်ဘူး.... (မှန်ပါဘုရား) မရှိတဲ့ဆေး သောက်မိတာနဲ့ ဝမ်းလျှောတယ်ဆို ဆေးရှာလို့ ဘယ်တွေ့တော့မတုံးဗျ....(မှန်ပါ)။

မရှိတဲ့ဆေးသောက်မိလို့ ဝမ်းလျှောတယ် ဆိုတာနဲ့ ဘာနဲ့ပြန်ဖြေမလဲ ဟင်၊ ဖြေစရာရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒီ ခင်ဗျားတို့ဖြစ်စဉ်က ဒီအတိုင်း.... (မှန်ပါ) မရှိတာ နှိပ်စက်နေတာ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကြည့်လေ ဒီဥစ္စာ၊ ဒါ-ရှိတဲ့တရားလား- မရှိတဲ့တရားလား.... (မရှိတဲ့တရားပါဘုရား)။

ဒီကနေ ပုတုဇန်မျက်လုံးတပ်ပြီး ခန္ဓာငါးပါး မှန်ကြည့်လိုက်တဲ့အခါကျတော့ တဏှာ မာန ဒိဋ္ဌိထွက်လာတယ်... (မှန်ပါဘုရား) ဒီအရိပ်ထွက်လာတယ်.... (မှန်ပါ) ငါလားမေးတော့

(မဟုတ်ပါဘုရား) သူတပါးလားမေးတော့-(မဟုတ်ပါဘုရား) ဒါဖြင့် ငါ့သူတပါးမဟုတ်တဲ့တရား.... ( မှန်ပါ ) အဲဒါက နှိပ်စက်နေတာ....(မှန်ပါ)။

ရှိတာက နှိပ်စက်တာလား- မရှိတာက နှိပ်စက်တာလား.... (မရှိတာက နှိပ်စက်တာပါဘုရား) ခက်ပြီ....ဒါဖြင့် မရှိတဲ့ဒုတ်နဲ့ ရိုက်သွားတာဗျ၊ ကျုပ် ဒါ့ကြောင့် အောင်ငိုနေတာ....(မှန်ပါ) ဒါ....ဘယ့်နှယ်လုပ်မလဲ ဆေးကုလို့မရဘူး....(မှန်ပါ) ရသေးရဲ့လား....(မရပါဘုရား) ကြားဝင်စရာကိုမပါဘူး....(မပါ-ပါဘုရား) ရှုးချက် ဘယ်လောက်သန်တယ်ဆိုတာ.... ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

ခန္ဓာငါးပါးဟာ မှန်ကြီးနဲ့တူကြောင်း

# နေ့အလုပ်ပေးတရားတော်

( ၇ - ၉ - ၆၁ )

မန္တာနီပုဏ္ဏေးမ၏သား ရှင်ပုဏ္ဏဆိုတာ ရှိတယ်၊ သူ့အမေက မန္တာနီပုဏ္ဏေးမလို့ ခေါ်တယ်၊ သူ့သားက ရှင်ပုဏ္ဏလို့ ခေါ်တယ်၊ တရားဟောတဲ့နေရာမှာ တေဒဂ်ရတယ်...၊ သူ တကြိမ်တည်း ဟောတာနဲ့ ရဟန်းငယ့်ရဟန်းသစ်များစွာ သောတာပန်တည်ကြတယ်...(မှန်ပါ)။

ဟောပုံက အင်မတန်မှ အဘိုးတန်ပါတယ်၊ ဘာမှ သူ့ဟာက အရေအနှောမပါဘဲနဲ့ ဥပမာနဲ့ပြပြီးတော့ကို ဒိဋ္ဌိ ခွါလိုက်တယ်၊ ဒိဋ္ဌိခွါပြီးတော့ ဝိပဿနာ တင်လိုက်တယ်...၊ အဲဒီမှာ ရှင်အာနန္ဒာနဲ့တကွ ရဟန်းငယ်များစွာ တပြိုင်နက် သောတာပန် တည်တယ်...(မှန်ပါ)။

အခုဟာက သူ... သောတာပန်တည်လာတဲ့ တရားကို ရှင်အာနန္ဒာက သူ့တပည့်တွေကို တဆင့်ဟောပြန်တယ်...(မှန်ပါ) သူနဲ့တကွ ရဟန်းသစ်တွေ သောတာပန်တည်လာလို့ ရှင်ပုဏ္ဏ

ဆိုတဲ့ ပုဂ္ဂိုလ်ဟာမန္တာနီပုဏ္ဏားမ၏သား ရှင်ပုဏ္ဏဆိုတဲ့ပုဂ္ဂိုလ်ဟာ ငါတို့ ရဟန်းသစ်များစွာကို အဆုံးအမနဲ့ ဆုံးမတော်မူတယ်၊ ဘယ်လို ဆုံးမသတုံးဆိုတော့....

" ဥပါဒါယ အသ္မိဟောတိ၊ နော အနုပါဒါယ၊ ရူပံ ဥပါဒါယ အသ္မိဟောတိ၊ ဝေဒနံ ဥပါဒါယ အသ္မိဟောတိ၊ သညံ ဥပါဒါယ အသ္မိဟောတိ၊ နော အနုပါဒါယ " ။

သူ့ပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အာနန္ဒသုတ်.... (မှန်ပါ)။

အဲဒါ ခင်ဗျားတို့သိမှုက ဗီခန္ဓာငါးပါးဟာ မှန်ကြီးနဲ့ တူတယ်လို့မှတ်....(မှန်ပါ)။

ခန္ဓာငါးပါးဟာ ဘာနဲ့တူသလဲ- (မှန်နဲ့တူပါတယ်ဘုရား) မှတ်ထားပါ၊ ခန္ဓာငါးပါးဟာ မှန်နဲ့တူတယ်လို့မှတ်ထားပါ။

ကြည့်တဲ့လူက ပုထုဇန်နဲ့ တူတယ်....( မှန်ပါ ) မှန်နဲ့ လူနဲ့ ကြည့်တာ တည့်နေပြီ ဆိုမှဖြင့် အရိပ်တွေဟာ တခါတည်း မထွက်ပါနဲ့ဆိုလို့ မရတော့ဘူး ထွက်လာတယ်၊ အရိပ်မှ သုံးရိပ်တောင် ထွက်လာတယ်လို့ မှတ်ရမယ်.... (မှန်လှပါဘုရား)။

မှန်ကို ပုထုဇန်မျက်လုံးတပ်ပြီး ကြည့်သိုက်လို့ရှိသင် အရိပ် သုံးရိပ်ထွက်လာတယ်၊ငါ-ဆိုတာဘရိပ်နှင့် ငါ့ဥစ္စာဆိုတာ တရိပ်, ငါ့ထက်သာတာ မရှိဘူးဆိုတာ တရိပ်၊ သုံးရိပ်ထွက်လာတယ်.... (မှန်ပါ) ငါဆိုတဲ့ ဒိဋ္ဌိတရိပ်၊ ငါ့ဥစ္စာဆိုတဲ့ဒိဋ္ဌိတရိပ်၊ ငါ့ထက်

သာတာ မရှိဘူး- ငါ ဘယ်သူ့မှ လူမထင်ဘူးဆိုတဲ့အရိပ် ထွက်လာတယ်....(မှန်ပါ)။

ကောင်းပြီ၊ ဒါ.... ဘယ်က ထွက်လာတာတုံးလို့ မေးလို့ရှိယင်ဖြင့် ဦးလှတို့ ဦးမာဒင်တို့က ဘယ်လိုဖြေပါမယ်၊ ကိုယ့်ခန္ဓာငါးပါးကို မိမိကိုယ်ကို မိမိပုထုဇန်မျက်လုံးနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ခင်စရာဘဲ- ငါ့ဥစ္စာဘဲ- ငါ ဘယ်သူ့လက်အောက်မှ မကျသေးပါဘူးဆိုတာ ဒီသုံးခု တခုခုထွက်လာတယ်.... (မှန်ပါဘုရား)။

ခန္ဓာငါးပါးတည်းဟူသော မှန်ကို ပုထုဇန်မျက်လုံးနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် အရိပ်သုံးပါးထွက်လာတယ်....(မှန်ပါ) ငါဆိုတဲ့အရိပ်လဲ ထွက်လာတယ်.... (မှန်ပါ) ငါ့ဥစ္စာဆိုတဲ့ အရိပ်သဲ.... (ထွက်ပါတယ်ဘုရား) ငါ-ဘယ်သူ့သက်အောက်မှ မကျသေးဘူးဆိုတဲ့ မာနရိပ်ကော....(ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ငါ-ဆိုတဲ့ တဏှာရိပ်, ငါ့ဥစ္စာဆိုတဲ့ အတ္တနိယအရိပ် ငါ.... ဘယ်သူ့လက်အောက်မှ မကျသေးဘူးဆိုတဲ့ မာနရိပ်.... (မှန်ပါ)။

ဒါဖြင့် တဏှာရိပ်,ဒိဋ္ဌိရိပ်,မာနရိပ် တခါတည်း ထွက်လာတာဘဲ....(မှန်ပါ) ဘယ်မျက်လုံးတပ်ကြည့်တာတုံး.... (ပုထုဇန်မျက်လုံးတပ်ကြည့်တာပါဘုရား) ပုထုဇန်မျက်လုံးနဲ့ ဘာကြည့်လိုက်တာတုံး... (ခန္ဓာကြည့်လိုက်တာပါဘုရား) ခန္ဓာမကြည့်နဲ့ ခန္ဓာဆိုတော့ သိနေတယ်၊ ကိုယ့်ကိုယ်ကြည့်...(မှန်ပါ-ကိုယ့်ကိုယ်ကြည့်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကြည့် ခန္ဓာမကြည့်နဲ့၊ ခန္ဓာသိပြီးသားပုဂ္ဂိုလ် ဆိုယင် တော်တော်·တော်သွားပြီ....( မှန်ပါ ) ခန္ဓာလို့ သိယင် အတော်·တော်သွားပြီ....(မှန်ပါ)။

အဲဒီဓာတ်ကို ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ကိုယ်ကိုယ် ကြည့် လိုက်တဲ့အခါ တဏှာ, မာန, ဒိဋ္ဌိ အရိပ်သုံးခု ထွက်လာတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်....ခင်ဗျားတို့ အကြည့်လိုပါကသား.... (မှန်ပါ·လိုပါ တယ်ဘုရား) ဦးလှ အကြည့်သိပ်လိုတယ်....(မှန်ပါ) အကြည့် သိပ်လိုပါတယ်...တဲ့ ခင်ဗျားတို့ ကျုပ်တို့မှာ၊ ဒီအကြည့် ပြင် ပေးဘို့ရာလဲ အထူးဘဲ အရေးကြီးတယ် မှတ်ရမယ်·(ကြီးပါတယ် ဘုရား)။

ဒီအကြည့်ကို ခင်ဗျားကို မပြင်ကြတော့ပါဘူး ဆိုလို့ရှိယင် ဖြင့် ကိုယ့်ကိုယ်ဟူသော အထိမ်းအမှတ်နဲ့ ကိုယ့်ကိုယ်ကို ပုထုဇန်မျက်လုံးတပ်ကြည့်လိုက်ပြီဆိုမှဖြင့် ဒါ· ငါဘဲ၊ ငါရိပ် ထွက်လာတယ်... (မှန်ပါ) ငါ့ဥစ္စာဘဲဆိုတဲ့ တဏှာရိပ်၊ သဘော ကျပလား....(မှန်ပါ) ငါဆိုတာက ဒိဋ္ဌိရိပ်....(မှန်ပါ) ငါ့ဥစ္စာ ဆိုတာက တဏှာရိပ်၊ ငါ့ပစ္စည်းကိုး....(မှန်ပါ) ငါ· ဘယ်သူ့ လက်အောက်မှ မကျသေးပါဘူးဆိုတဲ့ မာနရိပ်....(ထွက်ပါတယ် ဘုရား) ဘယ်နှစ်ရိပ်ထွက်လာသတုံး .. (သုံးရိပ်ထွက်လာပါတယ် ဘုရား) ဒါဖြင့် ပပဉ္စထွက်လာတယ်... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဪ.... ဒါဖြင့်ဗျာ ဒီမျက်လုံး မြင်ပေးမည့် ပုဂ္ဂိုလ်ဟာ လုံးလုံးမရှိတော့ပါဘူးဆိုလို့ရှိယင်ဖြင့်ကျုပ်တို့သံသရာ့ခရီးသည် ဘဝမှ လွတ်ရေး၊ ကျွတ်ရေးမမြင်သေးပါဘူး...(မှန်ပါ့)မြင်သေး ရဲ့လား....(မမြင်ပါဘုရား)။

မမြင်သေးပါဘူးတဲ့၊ သံသရာ့ခရီးသည်ဘဝမှ လွတ်ရေး၊ ကျွတ်ရေး မမြင်သေးဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါ.... (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ သံသရာရှည်တဲ့ လက်သည်တခု ပေါ်ပြန်ပြီ (မှန်ပါ့) မိမိကိုယ်ကို ပုထုဇန်မျက်လုံးချည့်တပ်ကြည့်နေလို့ရှည် တာဘဲ....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

မိမိကိုယ်ကို ပုထုဇန်မျက်လုံးနဲ့ တပ်ကြည့်နေတာနဲ့ဘဲ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ ကမ္မဘဝ ပစ္စယာဇာတိဇရာမရဏ မလာဘူးလား...(လာပါတယ်ဘုရား) ဒိဋ္ဌိဘက်က ပဋိစ္စသမုပ္ပါဒ် တတန်း....(မှန်ပါ့)။

တဏှာဘက်ကကော တဏှာ ဥပါဒါန်ကံ ဇာတိဇရာမရဏ ပဋိစ္စသမုပ္ပါဒ်ကတတန်း....(မှန်ပါ့ လာပါတယ်ဘုရား)။

မာနဘက်ကလဲ မာနဟုတ်လား မာနဆိုတာ တဏှာဘဲ... (မှန်ပါ့) မာနက သူဟာ ဒိဋ္ဌိဂတ ဝိပ္ပယုတ်တဏှာကိုး.... (မှန်ပါ့ ဘုရား)။

အဲဒီတော့ သူလဲ မာနအုပ်ချုပ်တဲ့တဏှာ၊ မာနအုပ်ချုပ်တဲ့ ဥပါဒါန်၊ မာနအုပ်ချုပ်တဲ့ကံဆိုပြီး ဟိုဘက်ကျတော့ ဇာတိဇရာ မရဏ ကျတော့ မထူးဘူး....(မှန်ပါ့)

ဒီအတိုင်းမသွားဘူးလား.... ( သွားပါတယ်ဘုရား ) ပဋိစ္စ သမုပ္ပါဒ် ဘယ်နှစ်မျိုး ထွက်လာသတုံး.... (သုံးမျိုးထွက်လာပါ တယ်ဘုရား)။

ဒိဋ္ဌိက စ,လိုက်တဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး.... (မှန်ပါ)တဏှာက စ,တဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး, မာနက စ,တဲ့.... ( ပဋိစ္စသမုပ္ပါဒ် တမျိုးပါဘုရား)။

ဩော်.... ဦးမာဒင်တို့, ဦးလှတို့ မကြည့်တတ်ယင်အခက်ကြီး ပါလား....(မှန်ပါ) မကြည့်တတ်ယင်အခက်ကြီးဆိုတော့ ဩော် ကြည့်တတ်ဘို့ရာလဲ ဒီမျက်လုံး ပြောင်းပေးမည့်လူကလဲ ရှာမှ- ရှား....(မှန်ပါ ရှားပါတယ်ဘုရား)။

ဘုရားတဆူတဆူပွင့်မှ ဒိဒိဋ္ဌိမျက်လုံး, တဏှာမျက်လုံး, မာန မျက်လုံး တခါတည်း အနိစ္စမြင်တဲ့ မျက်လုံး,ဒုက္ခမြင်တဲ့မျက်လုံး အနတ္တမြင်တဲ့မျက်လုံး ပြောင်းပေးနိုင်တယ်... (မှန်ပါ)ပြောင်း ပေးလိုက်တော့မှ ဒါ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်ဖြစ် မှုခဘဲ....(မှန်ပါ)။

ဒီခန္ဓာကို အနိစ္စမြင်တဲ့ မျက်လုံးတပ်ပေးရမယ်, ဒုက္ခမြင်တဲ့ မျက်လုံး... (တပ်ပေးရပါမယ်ဘုရား) အနတ္တမြင်တဲ့မျက်လုံး.... (တပ်ပေးရပါမယ်ဘုရား)။

အဲဒါတပ်ပေးမှသာလျှင် ဒိဋ္ဌိသေ, တဏှာသေ, မာနသေမယ် ဆိုတော့ တပ်ပေးလိုက်ယင် ဒီနေရာမှာ မဂ်ဝင်လာမယ်.(မှန်ပါ ဘုရား)ဝိပဿနာမဂ်ဝင်လာမယ်(မှန်ပါ)ဒါဒီနေ့ တိုးလာတာလို့ မှတ်လိုက်ပါ...(မှန်ပါ)။

ဒါဖြင့် ဒီမျက်လုံးကို တပ်ပေးတဲ့ဆရာဖြင့် ခင်ဗျားတို့၏ သံသရာစခန်း သတ်ပေးတဲ့ပုဂ္ဂိုလ်ဘဲ.... (မှန်ပါ)ဆိုထိုက်ရဲ့လား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါက ကိုယ့်သံသရာကြီးကို ကိုယ်ကိုယ်တိုင် စစ်ဆေးကြည့်မှ သံသရာလည်သရှဲဟာ ဒီမျက်လုံးသတ္တိဘဲ....၊ မဟုတ်ဘူးလား.... (မှန်ပါ) ဒီမျက်လုံးနဲ့ ကိုယ့်ကိုယ် ကိုယ်ကြည့်မိလို့ ဒီပဋိစ္စသမုပ္ပါဒ် သုံးမျိုးထွက်လာတာ.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အံမာလေး ဦးမာဒင်တို့ ဦးလှတို့ တယ်မလွယ်ပါလား.... (မလွယ်ပါဘုရား) ဒီဥစ္စာကို ပုထုဇန်မျက်လုံးက အရိယာတို့၏ တပည့်မျက်လုံးဖြစ်အောင် ပြင်ပေးရမယ်.... (မှန်ပါ)။

ပြီးတော့မှ အရိယာတို့၏ တပည့်မျက်လုံး ခင်ဗျားတို့ရတော့မှ ခင်ဗျားတို့ကိုယ်တိုင် အရိယာမျက်လုံးဖြစ်သွားမှပြတ်တော့မယ်- (မှန်ပါ) နို့မဟုတ်ယင်.... (မပြတ်ပါဘုရား)။

မပြတ်ဘူးဆိုတော့ ဩော်....ဒီအရေးဟာ တယ်ကြီးပါလား ( ကြီးပါတယ်ဘုရား ) ဒီအရေးဟာ တယ်ကြီးတယ်ဆိုတာ ခင်ဗျားတို့ သံသရာနဲ့တွေးလိုက်မှ ဒါပေါ်လာတယ်.... (မှန်ပါဘုရား)။

ကဲ.... ဦးလှ လွယ်ပါ့မလား .... (မလွယ်ပါဘုရား) ဒါန တရားနဲ့ သီလတရားနဲ့ ဦးမာဒင်ချိန်ကြည့် အဝေးကြီး ကျန်သေးတယ်.... (ဝေးပါတယ်ဘုရား) မိုးနဲ့မြေကြီးဘဲ.... (မှန်ပါ)ဒီ-မျက်လုံးမှန်သွားဘို့လေ....(မှန်ပါ)။

မျက်လုံးမှန်သွားဘို့ ဒါကို အနိစ္စမြင်အောင် ဒီနေရာမှာ ဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်ရမယ်...(မှန်ပါ) တဏှာတ အလောဘ ဖြစ်ရမယ်, မာနက သူ့သတ္တိ ရုပ်သိမ်းရမယ်... (မှန်ပါ) ဒါမှသာ လျှင် အမှန်ရောက်မယ်...(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့မျက်လုံးကို သုတဝါ အရိယ သာဝကော၊ သုတဝါ=အကြားအမြင်ရှိသော၊ အရိယသာဝကော= အရိယာ တို့၏ တပည့်ဖြစ်အောင်....(မှန်ပါ)။

ခင်ဗျားတို့ အရိယာအစစ်တော့ မဖြစ်သေးဘူး၊ အကြား အမြင်များတဲ့ အရိယာတို့၏ တပည့်အဖြစ်နဲ့ မျက်လုံးကိုပြောင်း ယူ... (မှန်ပါ) မျက်လုံးပြောင်းလိုက်ပါ.... (ပြောင်းရမှာပါ ဘုရား)။

အကြားအမြင်မျက်လုံးနဲ့ ပြောင်းလိုက်လို့ရှိယင် အရိယာ တို့၏ သာဝက မျက်လုံးဖြစ်သွားလို့ရှိယင် ခင်ဗျားတို့ ဒီဟာ ကိုယ့်ကိုယ်ကြည့်ကြေးသော်လဲ ကိုယ့်ကိုယ်မမြင်ဘဲနဲ့ အနိစ္စမြင်, ဒုက္ခမြင်, အနတ္တမြင် ဟုတ်လား....(မှန်ပါ)။

ဒီလိုမြင်လာတော့မှ ဒီအရိပ်တွေက ဒီဒိဋ္ဌိကသေ... (မှန်ပါ) ဒီတဏှာက... (သေပါတယ်ဘုရား) ဒီမာနက.... ( သေပါတယ် ဘုရား) မျက်လုံးပြောင်းတာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါ ပြီဘုရား)။

ဘာလုပ်ကြမယ် .... (မျက်လုံးပြောင်းရမှာဘုရား) ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် မျက်လုံးပြောင်း (မှန်ပါ) နိဂုံးချုပ်တော့ (မှန်ပါ)။

ပုထုဇန်မျက်လုံးက အရိယာတို့၏တပည့် မျက်လုံးပြောင်းဖြစ်အောင်....(မှန်ပါ့) အရိယာတို့၏တပည့် မျက်လုံးကို ခင်ဗျားတို့ ရပါမှ နောင်ကို ခင်ဗျားတို့ ဒီမျက်လုံးဟာ ကျင့်သားရပြီး အရိယာ မျက်လုံးအစစ် ခင်ဗျားတို့ဖြစ်မယ်....(မှန်ပါ့)။

ပဉ္စမရှေးဦးစွာ အရိယာတို့၏ တပည့်သား မျက်လုံး၊အရိယာတို့တပ်ပေးတဲ့ မျက်လုံးနဲ့ ခင်ဗျားတို့ ပြောင်းကြည့်ရမယ်.... (မှန်ပါ့) ဒါ ပွားနေရမယ်....(မှန်ပါ့) ပွားနေတော့ ကိုယ်ကိုယ်တိုင် အမှန်မြင်လာတော့မှ အရိယာမျက်လုံးဖြစ်မယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်... ဒါဖြင့် သံသရာဖြတ်ဘို့ရာ မျက်လုံးပြင်ပေးဘို့အလုပ်ပါလား....(မှန်ပါ့) သံသရာဖြတ်ဘို့ရာ.... ( မျက်လုံးပြင်ပေးဘို့ အလုပ်ပါဘုရား ) မျက်လုံးပြင်ပေးဘို့ အလုပ်ဘဲ ဆိုတာဟာ ဒီတညဟောတော့ ပေါ်လာတယ်....(မှန်ပါ့)။

ကြည့်လေ....ဥပါဒါယ=ခန္ဓာငါးပါးတည်းဟူသောတရားကိုစွဲ၍၊ အသ္မိ=တဏှာ မာန ဒိဋ္ဌိသည်၊ ဟောတိ=ဖြစ်၏၊ ပုထုဇန်မျက်လုံးတပ်ကြည့်လိုက်ပြီဆိုမှဖြင့်တဲ့ သူ့စွဲပြီး ဒီတဏှာ,မာန,ဒိဋ္ဌိ ပေါ်တာဘဲ....(မှန်ပါ့)။

ကဲ....ဒါဖြင့် သူ့ကိုစွဲပြီး တဏှာ မာန ဇ္ဈ ပေါ်တယ်ဆိုတဲ့ ဥစ္စာ ပုထုဇန်မျက်လုံးတပ်ကြည့်တာ.... (မှန်ပါ့ ပုထုဇန်မျက်လုံး တပ်ကြည့်တာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဥပါဒါယ အသ္မိဟောတိ နော အနုပါဒါယ၊ စိတ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ အရိယာတို့၏ သာဝကမျက်လုံး တပ်ကြည့်လို့

ရှိယင် ဒီတဏှာမာနဒိဋ္ဌိချုပ်တာဘဲတဲ့.... (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အကြည့်ကောင်း တချက်ဘဲ...(မှန်ပါ) ဘယ့်နှယ် ဆိုကြမယ်.... (အကြည့်ကောင်း တချက်ပါဘုရား) အကြည့်ကောင်း တချက်ဘဲဆိုတာ ပေါ်လာတယ် ... (မှန်ပါ ဘုရား)။

ဩော်.... ဒါဖြင့် နိဗ္ဗာန်မဝေးဘူး .... ( မှန်ပါ ) အကြည့် မကောင်းလို့ ရှိယင်လဲ သံသရာခရီးသည် အဖြစ်နဲ့ ဘဲ လမ်းဆုံး တော့မှာ မဟုတ်ဘူး...(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာလိုသတုံး မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ ... ( အကြည့်လိုပါတယ်ဘုရား ) မျက်လုံးလိုတယ်၊ မျက်လုံးကလဲ မိဘရိုးရာ မျက်လုံးနဲ့မရဘူး...(မှန်ပါ မရပါဘုရား)။

အရိယာတို့၏ တပည့်ဖြစ်တဲ့ မျက်လုံး· တပည့်များ၌ရှိတဲ့ မျက်လုံးမျိုး...(မှန်ပါ)အရိယာတို့၏ တပည့်များမှာ အရိယာက တပ်ပေးတဲ့မျက်လုံး· သင်ပေးတဲ့မျက်လုံး· ပြင်ပေးတဲ့မျက်လုံး (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သင်ပေးတဲ့မျက်လုံး....(မှန်ပါ) ဒီမျက်လုံးကမှ ရင့်ကျက်လာ တော့မှ ခင်ဗျားတို့ ကိုယ်ပိုင်မျက်လုံးသွားဖြစ်တယ်...( မှန်ပါ ) ခင်ဗျားတို့မှာ အရိယာဖြစ်တော့မှ အရိယာမျက်လုံး ကိုယ်ပိုင် ဖြစ်မယ်....(မှန်ပါဘုရား)။

အခုတော့ သင်ပေးတဲ့မျက်လုံး(မှန်ပါ သင်ပေးတဲ့မျက်လုံး ပါဘုရား)ဒီမျက်လုံးနဲ့ ခင်ဗျားတို့ကြည့်ဦး...( မှန်ပါ ) မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဦးမောင်တို့ ဦးလှတို့ ဝိပဿနာမျက်လုံး အယင်တပ်ရလိမ့်မယ်... ( မှန်ပါ )ပြီးတော့မှ မဂ်မျက်လုံး တပ်ရလိမ့်မယ်....( မှန်ပါ ) ဝိပဿနာမဂ်မျက်လုံး ရင့်ကျက်လာတော့မှ ဟုတ်လား- မဂ်မျက်လုံးအစစ်ဖြစ်မယ်....(မှန်ပါ) ဝိပဿနာမဂ်မျက်လုံးရင့်ကျက်လာတော့မှ လောကုတ္တရာမဂ် မျက်လုံးအစစ်ဖြစ်မယ်....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဦးလှကြီးတို့ သံသရာစခန်းသတ်တယ်ဆိုတာ နိဗ္ဗာန်ရောက်တာ....(မှန်ပါ) သံသရာစခန်းသတ်တယ်ဆိုတာ နိဗ္ဗာန်ရောက်တာဘဲဆိုတာ မှတ်လိုက်တော့မှ ဪ.... နိဗ္ဗာန်ရောက်-မရောက်ဟာ မျက်လုံးပေါ်မှာ မှီနေတယ်(မှန်ပါ) ဘယ်ပေါ်မှမမှီဘူး၊ သေသေချာချာစဉ်းစားမှနော်....(မှန်ပါဘုရား)။

နိဗ္ဗာန်ရောက်- မရောက်သည် ဘယ်သူ့အပေါ်မှာ မှီသတုံး (မျက်လုံးပေါ်မှီပါတယ်ဘုရား)။

မျက်လုံးကြောင့်လဲ သံသရာလည်တယ်....(မှန်ပါ) မျက်လုံးကြောင့်လဲ သံသရာပြတ်တယ်....(မှန်ပါ)ဦးလှကြီး နေရကျပြီ (ကျပါပြီဘုရား)။

မျက်လုံးကြောင့်လဲ .... ( သံသရာလည်ပါတယ် ) မျက်လုံးကြောင့်လဲ...(သံသရာပြတ်ပါတယ်) သံသရာပြတ်တယ် ဆိုတော့ ကျုပ်တို့ရှင်းသွားပါပြီ...(မှန်ပါဘုရား)။

ဪ ဒါဖြင့်ခင်ဗျားတို့ ဒီမှာ ဆရာသမားမှီဝဲဆည်းကပ်ပြီး သကာလ နေကြတယ်၊ ဘယ်အကျိုးငှာတုံး ဆိုတော့ တပည့်တော်တို့ မျက်လုံးပြောင်းပေးပါဘုရား၊ ဒါဘဲ .... ( မှန်ပါ ) ဒီ့ပြင်ဟာ ဘာမှမပါဘူး၊ မျက်လုံးပြောင်းပေးစမ်းပါ...(မှန်ပါဘုရား)။

မျက်လုံး ပြောင်းပေးစမ်းပါ ဆိုတဲ့ လျှောက်ထားချက်ဟာ အကြီးဆုံးအချက်ပါဘဲ...( မှန်ပါ ) မျက်လုံးပြောင်းမပေးလို့ ရှိယင် အိုဘေး, နာဘေး, သေဘေးဟာ တပည့်တော်တို့ပစ္စည်း ချည့်ဖြစ်မှာဘဲ...( မှန်ပါ ) မျက်လုံးပြောင်းပေးလိုက်လို့ ရှိယင် အိုဘေး, နာဘေး, သေဘေးလဲ ရပ်စဲသွားမယ် .... (မှန်ပါ ဘုရား)။

ဒါဖြင့် ဦးလှရေ တော် တော်သေးတယ်၊ ဒါ့ကြောင့် ဒါ့ကြောင့် ဒီဝိပဿနာအလုပ်, မလုပ် မျက်စိ မပြောင်းဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ကျတော့ မဟုတ်တာမြင်တော့ အကန်းသေ (မှန်ပါ)မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) ဘယ့်နှယ် ဆိုကြမယ်...(အကန်းသေပါ) အကန်းသေဘဲဆိုတာ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

သို့သော် အကန်းသေ- သေတယ်လို့ ဆိုကြငြားသော်လဲ ကန်းတဲ့ပုဂ္ဂိုလ်က သူ့ဟာသူ ကန်းမှာမသိဘူး။

အကန်းတောထဲ မွေးလာတဲ့အတွက်....(အကန်းကလေးပါ) သူဟာ အကန်းကလေးဘဲ ... ( မှန်ပါ ) သို့သော် သူ့ဟာသူ အကန်းလို့မသိဘူး.... ( မှန်ပါ ) ဟိုမမြင်တဲ့ပုဂ္ဂိုလ်ကလဲ မမြင် သလိုပြောတာကို သူကလဲ မမြင်သလိုယုံနေတယ်...(ယုံပါတယ် ဘုရား) တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

သေသေချာချာတွေးကြည့် ဦးလှ,ဦးမာဒင်(မှန်ပါ)သေသေ ချာချာတွေးကြည့် ခင်ဗျားတို့ ကျုပ်တို့မွေးလာတာက အမေ မိဘာလဲဘာတုံး-အကန်း....(မှန်ပါ)ကျုပ်တို့ကလဲ သူတို့ကျွေးပြီး

မြင်တာပါသေးရဲ့လား....(မပါ-ပါဘုရား)ဟာ....ဒါဖြင့်အကန်း စာလေးဘဲ....(အကန်းကလေးပါဘုရား)။

အကန်း အမေမိဘကမွေးပြီး အကန်းကလေးသည် အရိယာ သာဝက အဖြစ်ကိုမယူတော့ပါဘူးဆိုလို့ရှိယင်ဖြင့် အကန်းသည် နောက်ကို အကန်းသားကလေး သေလေရဲ့....(မှန်ပါ) ဒါဘဲ ဆုံးဖြတ်ချက်ချရမယ်....(မှန်ပါဘုရား)။

အကန်း အမေ့အဖေနောက်ကို အကန်းသားကလေးလိုက်ပြီး သေလေရဲ့....(မှန်ပါ) ဒါဘဲ ဆုံးဖြတ်ချက်ချရမှာဘဲ....(မှန်ပါ) အကန်း အမေ့အဖေနောက်ကို အကန်းသားသမီး လိုက်သေ တာဘဲ...(သေရမှာပါဘဲ)ဒါဖြင့် အကန်းတောကြီးဘဲ....(မှန်ပါ ဘုရား)။

ခင်ဗျားတို့ နာချင်လဲနာတော့ မှန်တာတော့ သေချာတယ် (မှန်ပါ) ဒီအတိုင်းဖြစ်နေတာဘဲ အကန်းတောကြီးထဲမှာ ဒို့ မွေးလာပြီးသကာလ ဒို့သည်ကားလို့ ဆိုယင်ဖြင့် အခု တမင် ရှာလို့သာ ပြော် .... အကန်းဘဝလွတ်ဘို့ရာအရေး အစ အန ဒို့တွေ့ပြီ....(မှန်ပါဘုရား)။

ဒို့အဖိုး, ဒို့အဖွားတွေဖြင့် ဒို့အမေအဖေတွေဖြင့် သူတော် ကောင်းယောင်၊ အယောင်ကလဲ သူတော်ကောင်းယောင် ဝဋ္ဋ တွေနဲ့ သေသွားတယ်....(မှန်ပါ) ပြီးတော့ မျက်လုံးကမပွင့်ဘူး (မှန်ပါ)သူတော်ကောင်းယောင် မျက်လုံးမပွင့်နဲ့ အကန်းအဖြစ် နဲ့ဘဲ မြေထဲဝင်ကြရတယ်... (မှန်ပါ) သိပ်ကြောက်စရာ ကောင်း ပါလား....(ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ငါ ပါရမီရှိလေလား-မရှိလေလား ငါ ပါရမီပြည့်လေလား- မပြည့်လေလား ဘာမှ မတွေးနဲ့၊ အကန်းတောထဲမှာ အမြင်ဖြစ်လာတယ်- ထူးလို့ ... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အကန်းတောထဲမှာ အမြင်ကလေးတွေ ထွန်းလာတယ်၊ သန်းပေါင်း ငါးထောင်ထဲမှာ လူကလေး ထောင်ကိုးရာ မြင်တာဗျ...(မှန်ပါ့ဘုရား)။

ကမ္ဘာပေါ်မှာ သန်းပေါင်း ငါးထောင်လောက် ရှိတဲ့ အနက်က ခင်ဗျားတို့ ထောင်ကိုးရာ၊ နှစ်ထောင် သုံးထောင်... (ဒါလောက်ရှိမှာပါဘဲ) ဒါလောက်ကလေး အရိယာသာဝက မျက်လုံးကလေးဖြစ်လာတာ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရားက မြေမှုန့်ကလေးလက်မ လက်သည်းပေါ် တင်ပြီး အာနန္ဒာ ဒီမြေမှုန့်နဲ့ အောက်မြေမှုန့် ဘယ်သူကများ သတုံးကွ မေးတာများ မနှိုင်းယှဉ် လောက် ပါ ဘူး ဘုရား၊ အကန်းသေကာ ဟိုဟာတွေက( မှန်ပါ့ )မျက်လုံးဖွင့်သွားတာက ဒီအပေါ်မှာရှိသလောက်ဘဲ...(မှန်ပါ့) နှိုင်းချိန်သင့်- မနှိုင်းချိန်သင့်....(နှိုင်းချိန်သင့်ပါ့တယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကြိုးစားလုပ်ပေတော့... (မှန်ပါ့ဘုရား) ဒို့ဟာ လူထူး-ဉာဏ်ထူး-ကံထူး(ထူးပါတယ်ဘုရား) ဆိုတာဟာ သူများမပြောဘဲနဲ့ဘဲ သိတယ်... (မှန်ပါ့ဘုရား)။

ကဲ.... ကိုယ့်ဟာကိုယ် အဘိုးတန်မှန်းသိပလား.... ( သိပါပြီ ဘုရား) အဲဒီအချိန်မှာ ခင်ဗျားတို့ တကျာကပြောတာသွားမယ်ို နဲ့...(မှန်ပါ့)။

မင်းက အသက်ကလဲကြီးပြီ၊ ရောဂါကလဲ ထူသေးတယ်ဆိုတော့ မင်းက အခုမှ ပါရမီမျိုးစေ့ အစ့ထင်ပါရဲ့လို့ တရားကပြောတာများ သွားယုံမနေနဲ့.... (မှန်ပါ)။

အကန်းထဲကမှ ထူးချွင်သလောက်ထူးပြီးမျက်လုံးမြင်ကလေး တယောက် မွေးတယ်လို့ အောက်မေ့....(မှန်ပါ)ရိုပ်မိပလား.... (ရိုပ်မိပါပြီဘုရား)။

အကန်းပေါင်း သိန်းသန်းထဲကမှ မျက်လုံး မြင်ကလေး တယောက် မွေးဖွားလာတယ်၊ လူထူး ကံထူးကလေး....(မှန်ပါ) ဆိုထိုက်ပလား....(ဆိုထိုက်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က ငါ့မှာ ပါရမီများ ရှိရဲ့လားလို့ လုပ်ချင်သေးသလား....(မလုပ်ချင်ပါဘုရား)လျှော့မှာစိုးလို့ပြောတာ မဟုတ်ဘူး၊ သေသေချာချာ သက်သေခံ လုံလောက်လို့ပြောတာ....(မှန်ပါ)။

လျှော့မှာစိုးလို့ ဘုန်းကြီးက တွန်းပြန်တာဘဲလို့ ဝိပဿနာအလုပ် ဒို့-အတိုးကြီးတွေ ကြိုးစားချင်အောင်လို့ တွန်းပြန်တာဘဲလို့ ဒီလိုမယူနဲ့တော့....(မအောက်မေ့ပါဘုရား)။

ကိုယ့်ဘိုးဘွားဘီဘင်အထက်ကို ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မေးကြည့်၊ သေသွားကုန်ကြပါပြီ....(သေသွားပါပြီဘုရား)သေသွားကုန်ကြပါပြီ၊ မွေးတုန်းကလဲ အကန်း ဘယ်တော့မှလဲ မျက်လုံးဖွင့်မသွားဘူး....(မဖွင့်ပါဘုရား) ဒီတရား မာန ဒိဋ္ဌိသာ ပွားသွားတာဘဲ....(မှန်ပါ)။

သူ့ကိုယ်ကြည့်တော့လဲ ပုထုဇန်မျက်လုံးနဲ့ ကြည့်တာဘဲ၊ ကြည့်လိုက်တော့ ဘာတွေ အရိပ်ထွက်လာသတုံး.... (တရား၊

မာန,ဒိဋ္ဌိ အရိပ် ထွက်လာပါတယ်ဘုရား ) ဘယ်တုန်းကများ အနိစ္စ,ဒုက္ခ,အနတ္တအရိပ် ထွက်ခဲ့လို့လဲ.... (မထွက်ခဲ့ပါဘုရား)။

ကဲ....ဒီအထဲက ခင်ဗျားတို့က အကန်းပေါင်း သိန်း,သန်း ထဲက အမြင်ကလေး အနည်းငယ်ပေါ်လာတာ ပါရမီမှ ရှိရဲ့ လားလို့ ဆိုချင်သေးသလား— (မှန်ပါဘုရား) ပေါ်ပလား— (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် အသက်ကြီးတာ ရောဂါထူတာ ဒါတွေ ပဓာန မဟုတ်ဘူး— (မှန်ပါ) မြင်အောင်ကြည့်တာ ပဓာန....(မှန်ပါ) မြင်ယင်တော့ အနိစ္စအရိပ်တွေထွက်လာမယ် ဒီခန္ဓာကြီးထဲမှာ ဪ... အနိစ္စပါကလားလို့ ဆိုတော့ အနိစ္စလို့ သိတဲ့ မဂ္ဂင် ကလေး ထွက်လာမှာဘဲ.... (မှန်ပါ) ခုနင်က ပုထုဇန်မျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ တဏှာ,မာန,ဒိဋ္ဌိထွက်တယ်— (မှန်ပါ)။

ဒီကနေ ဘုန်းကြီးက မျက်လုံး ပြောင်းပေးလိုက်တယ်....၊ ဟောဒါ ခန္ဓာငါးပါးဗျ၊ ခန္ဓာငါးပါးမှာလဲ သေသေချာချာ ကြည့်ဗျ၊ တော်တော်ကြာကျတော့ ဖြစ်ပျက်တွေဗျလို့ ဆိုတော့ ဒီဟာ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့ ဖြစ်ပျက်မြင်တဲ့ မဂ်တွေ ထွက်လာတယ်... (မှန်ပါ)။

ကဲ....အရိပ်တွေ ကွာသွားပြီ၊ ခုနင်က တဏှာ, မာန, ဒိဋ္ဌိ၊ အခုတော့ မဂ္ဂင်တွေ ထွက်လာတယ်....(မှန်ပါ) ဘာဖြစ်သတုံး (မဂ္ဂင်ရိပ်ထွက်ပါတယ်ဘုရား) ကဲ.... တဏှာ, မာန, ဒိဋ္ဌိ သေ သွားတဲ့သဘောတွေထွက်လာတယ်....(မှန်ပါ)။

ကိုင်း—ဒါဖြင့် ခင်ဗျားတို့သည် အရိယာတို့၏ တပည့်သား မျက်လုံးတပ်ကြည့်လိုက်ဘယ်—(မှန်ပါ) အရိယာတို့၏ တပည့် သား မျက်လုံးနဲ့ ခန္ဓာငါးပါး ကြည့်လိုက်တဲ့ အခါကျတော့ ခင်ဗျားတို့ ကြည့်ပါ—တဲ့ ဘာတွေမြင်သတုံး ယောကျ်ား မြင် သလား- မိန်းမမြင်သလား- အနိစ္စတွေမြင်သလား.... (အနိစ္စတွေ မြင်ပါတယ်ဘုရား)။

အနိစ္စတွေ မြင်တယ်ဆိုတော့ ဒါ....ဘုန်းကြီးတို့က တပ်ပေး လိုက်တဲ့ အရိယာမျက်လုံးဖြစ်သွားတယ်....(မှန်ပါ)။

အဲဒီ မျက်လုံးလဲ ရောက်ပါရော- သူတို့လဲ သေကုန်တာဘဲ— (မှန်ပါ) တဏှာ,မာန,ဒိဋ္ဌိ ဘယ့်နှယ်တုံး.... (သေသွားပါတယ် ဘုရား)။

ဒါဖြင့် တဏှာချုပ်လဲ နိဗ္ဗာန်၊ * ဒိဋ္ဌိချုပ်လဲ—(နိဗ္ဗာန်ပါ) *မာနချုပ်လဲ....(နိဗ္ဗာန်ပါဘုရား) ဒီဘက် ဇာတိ,ဇရာ,မရဏမှ မလာတော့ဘဲကိုးဗျ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ကဲ—ဒါဖြင့် ခြေဘ်— ဒို့- မျက်လုံးပြောင်းလိုက်တော့လဲ သံသရာစခန်းသတ်တယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ဘယ်တော့ကမှလဲ မပြောင်းခဲ့ဘူး....(မှန်ပါ) ဦးလှ ရေ ဆိုရတော့မှာဘဲ—(ဆိုရပါတယ်ဘုရား) ဘယ်တော့ကမှလဲ မပြောင်းခဲ့ဘူး....၊ ဘယ်တော့မှ မပြောင်းခဲ့လို့ ဘုရားတွေနဲ့ တွေ့လဲ မကျွတ်ခဲ့ဘူး၊ မတွေ့လို့လဲ မကျွတ်ခဲ့ဘူး.... ( မှန်ပါ ဘုရား)။

---

* ပဌမအဆင့်၊ တတိယအဆင့်များကို ဆိုလိုသည်။

တွေ့လဲ မကျွတ်ခဲ့ဘူး၊ မတွေ့လဲ မကျွတ်ခဲ့ပါဘူး....(မှန်ပါ) ဘာကြောင့်တုံးလို့ မေးတော့မှ မျက်လုံးမပြောင်းခဲ့ဘူး-(မှန်လှပါဘုရား) ပြောင်းပေးမဲ့ လူလဲမတွေ့၊ ကိုယ်ကိုယ်တိုင် ပြောင်းနိုင်တဲ့ဉာဏ်ကတော့ ဝေးပါသေးရဲ့.... (ဝေးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အသေမစောသေးတာဟာ သိန်းထီ အကြိမ်ပေါင်း နှစ်ရာသုံးရာလောက် ပြန်ပေါက်တာလောက် မကပါဘူး...( မကပါဘုရား ) အတိုးတန်ပါတယ်.... (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် ပြန်ဆက်ကြဦးစို့၊အရှင်ပုဏ္ဏက ဟောလိုက်တယ်၊ ခုနင်တုန်းကတော့ကွာတဲ့ ၊ဒီဟာစွဲပြီး တဏှာ့,မာန,ဒိဋ္ဌိဖြစ်တယ်၊ အခုတော့ ငါ...မျက်လုံးတပ်ပေးမယ် မင်းတို့ကို ဆိုပြီးသကာလ ဝိပဿနာမျက်လုံး တပ်ပေးလိုက်တယ်....(မှန်ပါ) ခုနင်က သတိပဋ္ဌာန် လေးပါးထဲက တပါးတပါး ဖြစ်ပျက်ရှုတာပေါ့ ဗျာ.... (မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်- ဒီက မျက်လုံးကလဲ မဂ်မျက်လုံးဖြစ်သွားတယ်....(မှန်ပါ)ဝိပဿနာမဂ်မျက်လုံးဖြစ်သွားတဲ့အခါကျတော့ အနိစ္စမဂ္ဂ ဖြစ်သွားတော့ကို ခုနင်တုန်းကတော့ ခန္ဓာကို တဏှာ့,မာန,ဒိဋ္ဌိနဲ့ ကြည့်တယ် ပုထုဇဉ်မျက်လုံးတပ်တုံးက.... (မှန်ပါ) အခုဟာကတော့ အရိယာတို့၏တပည့်မျက်လုံးတပ်လိုက်တော့ ဒီခန္ဓာကြည့်လိုက်တော့ ဖြစ်ပျက်မဟုတ်ဘူးလား.... (မှန်ပါ)။

ဒီမျက်လုံးဟာ မဂ်မျက်လုံး ဖြစ်သွားတယ်...၊ မဂ်မျက်လုံးဖြစ်သွားတော့ သူတို့ဟာ ဒီနေရာမှာကို ပေါ်ခွင့်ရှိသေးရဲ့လား

(မရှိပါဘုရား) မရှိတော့ဘူး- ခုနင်တ မျက်လုံးမှားနဲ့ ကြည့်လို့ ဒီအရိပ်ထွက်တာ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အခုတော့ မျက်လုံးမှားနဲ့ မကြည့်ပါဘူး...တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောသလို ဆရာဘုန်းကြီးက တဆင့် တပ်ပေးတဲ့ မျက်လုံးနဲ့ ကြည့်လိုက်တော့ ဝေဒနာကလေးတွေ ကြည့်လိုက်ပြန်လဲ ဖြစ်ပြီး ပျက်တာဘဲ မြင်တယ်၊ သညာကလေး တွေ ကြည့်လိုက်ပြန်လဲ- (ဖြစ်ပြီးပျက်တာဘဲမြင်ပါတယ်ဘုရား)။

ဒါတွေချည့်မြင်နေလို့ ရှိယင်တော့ဖြင့်....တဲ့ ဩော်.... ငါ· ငါ့ဥစ္စာ·ငါ ထက်သာတာ မရှိတော့ဘူးဆိုတဲ့ မာနတွေ လာသေး ရဲ့လား...(မလာပါဘုရား) မလာတော့ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်.... (ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်လို့ ဆိုရသတုံး အတိတ် ပဋိစ္စသမုပ္ပါဒ်တော့ ဘုန်းကြီးက မပါဘူး၊ အနာဂတ် ပဋိစ္စသမုပ္ပါဒ်လဲ မပါဘူး၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်လို့ တလုံးတည်းကွက်ပြီး ဆိုလိုက်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဆိုတာ ကာလသုံးပါးဆက်တာကို ဆိုပါတယ်....(မှန်ပါ)။

ဟုတ်တယ်.. တဲ့၊ အခု မျက်လုံးကြောင့် အခု ပေါ်တာ၊ ခုနင်က ခန္ဓာကို ပုထုဇန်မျက်လုံး တပ်ကြည့်တော့ အခု ပဋိစ္စ သမုပ္ပါဒ်ပေါ်တယ် ပစ္စုပ္ပန်...(မှန်ပါ)။

အခု အရိယာတို့၏တပည့်သားမျက်လုံးကို တပ်ပေးလိုက်တဲ့ အခါကျတော့ အခု ချုပ်တယ်...( မှန်ပါ ) ဒါဖြင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်....( မှန်ပါ ) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ဘယ့်နှယ်မှတ်ကြမယ်....(ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ် ဘုရား) ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်ဆိုတာ သေချာသွား တော့မှ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပြတ်ယင် အနာဂတ် မလာတော့ ဘူး...(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ... ( မှန်ပါ- အနာဂတ် မလာတော့ပါ ဘုရား) အနာဂတ် မလာတော့ဘူး....၊ အတိတ်ကဟာတော့ ဘုန်းကြီးက ဆက်ပြောဘို့လဲ မလိုဘူး ခင်ဗျားတို့လဲ လွန်ပြီး ကျွံပြီး...(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အတိတ်ကဟာတော့....(လွန်ပြီး ကျွံပြီးပါပြီဘုရား) လွန်ပြီး ကျွံပြီးဆိုတော့ ဘယ်မဂ်က သွားဖြတ်မှာတုံး...(မှန်ပါ)။

ဒါဖြင့် ဒီဟာတွေကို ခင်ဗျားတို့ ဖြစ်ပျက်လို့ ဝေဒနာရှုရှု စိတ်ရှုရှု ရှုနိုင်လို့ရှိယင်ဖြင့် အရိယာတို့၏ တပည့်သား မျက်လုံး ဖြစ်ပါတယ်....(မှန်ပါ)။

ဒါတွေကို ဖြစ်ပျက်- ဖြစ်ပျက်လို့ မြင်လို့ရှိယင်ဖြင့် ဘာ မျက်လုံးဖြစ်သွားသလဲ.... (အရိယာတို့၏ တပည့်မျက်လုံးဖြစ်ပါ တယ်ဘုရား) အရိယာတို့၏ တပည့်မျက်လုံးဖြစ်သွားတယ်နော်.... (မှန်ပါ) ဖြစ်ပျက်မြင်ယင် အရိယာတို့၏ တပည့်မျက်လုံးဖြစ် သွားပြီ...(မှန်ပါ)။

ကောင်းပြီ၊ ဖြစ်ပျက်မှုန်းပြန်ပြီဆိုတဲ့ ဉာဏ်တက်လာပြန်လဲ အရိယာတို့၏ တပည့်မျက်လုံးဘဲရှိမယ်....(မှန်ပါ့)။

ဒီဖြစ်ပျက်တွေ ကဲ....တေသံ ဝူပသမော သုခေါဆိုတဲ့အတိုင်း ဖြစ်မှုရော, ပျက်မှုရော ချုပ်သွားတယ်ဆိုတော့ နိဗ္ဗာန်ပေါ်မှာ ပေါ့ဗျာ... (မှန်ပါ့) မပေါ်ပေဘူးလား.... ( ပေါ်ပါတယ် ဘုရား)။

အဲဒီကျမှ ခင်ဗျားတို့ ကိုယ်ကိုယ်တိုင် အရိယာမျက်လုံး... (မှန်ပါ့) ခုနင်တုန်းကတော့ အရိယာတို့၏ တပည့်မျက်လုံး.... (မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တပည့်ကမှဆရာအဖြစ်တက်ရမှာ(မှန်ပါ့) တပည့်အဖြစ်မခံဘဲနဲ့ ဆရာအဖြစ် တက်ချင်လို့တော့ မရနိုင်ဘူး (မရပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ် လုပ်မှသာလျှင် အရိယာဖြစ်မယ်... (မှန်ပါ့ဘုရား) ဝိပဿနာ အလုပ်- မလုပ်ယင်.... ( မဖြစ်ပါ ဘုရား)။

ဝိပဿနာအလုပ် လုပ်တော့ကို အရိယာတို့၏ တပည့်မျက်လုံး တပ်တယ်.... (မှန်ပါ့) ဝိပဿနာလမ်းဆုံးသွားပြီ ဖြစ်ပျက်တွေ ဆုံးသွားပြီဆိုတော့ ကိုယ်·ကိုယ်တိုင် အရိယာဖြစ်တယ်....(မှန်ပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တကာကြီးတွေ နောက်က တကာမကြီး တွေ သြော်... ပဌမ အရိယာတို့၏ တပည့်မျက်လုံး ကိုယ့်မှာ ရဘို့အရေးကြီးတယ်... (မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ် ဘုရား)။

အရိယာတို့၏ တပည့်မျက်လုံးရဘို့အရေးကြီးတယ်၊ဒီမျက်လုံးကို မရသ၍ကာလပတ်လုံး ကိုယ်ကိုယ်တိုင် အရိယာမျက်လုံး ဖြစ်ဘို့တော့ ဝေးပါသေးတယ်—(ဝေးပါတယ်ဘုရား)။

အဲဒါကြောင့် ရှင်ပုဏ္ဏက ဟောလိုက်တယ်၊ အာနန္ဒာ— ဟောဒီရုပ်တရားကလေးဟာ အနိစ္စလား နိစ္စလားကွ မေးတာဘဲ....(မှန်ပါ)အနိစ္စပါဘုရား၊ ဒါဖြင့် မင်း အရိယာတို့၏တပည့်မျက်လုံးရပြီ၊ဒုက္ခလား သုခလားလို့မေးတော့ ရှင်အာနန္ဒာတို့က ဒုက္ခပါဘုရား၊ ဒါဖြင့် အရိယာတို့၏ တပည့်မျက်လုံးရပြီ— (မှန်ပါ)။

အနတ္တလား- အတ္တလားလို့ မေးလိုက်တယ်၊ အနတ္တလို့ဖြေလိုက်တယ် ရှင်အာနန္ဒာတို့က— (မှန်ပါ) ဒါဖြင့် အရိယာတို့၏ မျက်လုံးရပြီ....(မှန်ပါ) ရှင်းပလား—(ရှင်းပါပြီဘုရား)။

ဒီကနေပြီး မင်းတို့သည်ကားလို့ဆိုယင် ဒါကို မှန်းသည့်တိုင်အောင် ပေရှုပါ၊ ပေရှုလိုက်တော့ ဖြစ်ပျက်တွေ မမှန်းပေဘူးလား—(မှန်းပါတယ်ဘုရား) မှန်းလို့ရှိယင်လဲ ဒါ အရိယာတို့၏ တပည့်မျက်လုံးဘဲရှိသေးတယ်.... (မှန်ပါ) သဘောကျပလား— (ကျပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဒီဖြစ်ပျက်တွေ ဦးလှတို့ ဦးမာဒင်တို့ ဆုံးသွားပြီ၊ ကြည့်တဲ့မျက်လုံးက ဒုက္ခသစ္စာမှန်း သိသွားပြီ၊ ဆုံးသွားပြီ...(မှန်ပါ) ဘာမျက်လုံးဖြစ်မတုံး.... ( အရိယာတို့၏ မျက်လုံးဖြစ်ပါတယ်ဘုရား ) တပည့်မျက်လုံးကနေပြီး ဆရာ့မျက်လုံးဖြစ်သွားတယ်.... (မှန်ပါ) အောက်တန်း မျက်လုံးက အထက်တန်းမျက်လုံးဖြစ်သွားတယ်—(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....(အောက်တန်းမျက်လုံးက အထက်တန်း မျက်လုံး ဖြစ်သွားပါတယ်ဘုရား) ဒီလိုချည့်တက်ရတယ်၊ ဒါ ဘယ်မှ ဒီကလှဲပြီး တက်လို့မရဘူး.... (မှန်ပါ) ဒါက မြင်သိ·သိ ထားပါဘုရား)။

အေး... မြင်သိ၊ ဒီဟာက ကိုယ်တိုင်သိ ဟုတ်လား (မှန်ပါ ဘုရား)ဟိုဟာက သုတနဲ့သိတယ်၊ သဘောကျပလား...(ကျပါ ပြီဘုရား)။

ဒါဖြင့် သုတဝါ အရိယသာဝကောလို့ စာတွေမှာပါတာ ကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)သုတဝါ=အကြား အမြင်ရှိသော၊ အရိယသာဝကော= အရိယာတို့၏ တပည့်သား သည် ဆိုတာ ခင်ဗျားတို့ အကြားအမြင်မျက်လုံးနဲ့ကြည့်၊ ဖြစ် ပျက်ကို....(မှန်ပါ)နောက်ကျတော့ ဒိဋ္ဌဓမ္မော ဟော ကိုယ်တိုင် မြင်ပြီ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒိဋ္ဌဓမ္မောဆိုတာ ဘာတုံး .... (ကိုယ်တိုင်မြင်ပါတယ်ဘုရား) ပတ္တဓမ္မောတဲ့ကိုယ့်သန္တာန်မှာ ကိုယ်မြင်ခြင်းသို့ရောက်ပါပြီတဲ့.... (မှန်ပါ) ဝိဒိတဓမ္မော ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပြီတဲ့(မှန်ပါ ဘုရား)။

ပရိယောဂါဠ့်ဓမ္မော = ဥာဏ်ကဒီအထဲမှာ နိဗ္ဗာန်ထဲချည့် သက်ဝင်ပြီတဲ့....(မှန်ပါ) တိဏ္ဏဝိစိကိစ္ဆောတဲ့....၊ ဝိစိကိစ္ဆာ ကင်း ပြီတဲ့....(မှန်ပါ)။

ဝိဂတကထံကထော...တဲ့ ဒီအလုပ် ဟုတ်လေသလား-မဟုတ် လေသလားလို့ ဒီ·သံသယ မရှိတော့ဘူး....(မှန်ပါ) ဝေသာရဇ္ဇ

ပတ္တော= ရဲရဲတင်းတင်းကြီး ဒီလမ်းဟာ နိဗ္ဗာန်ဘဲလို့ သေသေချာချာ ဆုံးဖြတ်ချက်ချတယ်...(မှန်ပါ)။

အပရပစ္စယော= သူများပြောမဟုတ်ပါဘူးတဲ့၊ ကိုယ်ကိုယ်တိုင်မြင်ပါပြီတဲ့.... (မှန်ပါ) ဒီဉာဏ်တွေဟာ ဒါ-သောတာပန်တည်လို့ရတဲ့ဉာဏ်တွေ... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီလို အခုပြောခဲ့တဲ့ ဉာဏ်တွေ ဒိဋ္ဌဓမ္မော= ကိုယ်တိုင်မြင်ပြီ...(မှန်ပါ) ပတ္တဓမ္မော= ကိုယ်ကိုယ်ဘဲ ဒီဉာဏ်တွေရောက်လာပြီ၊ ဝိဒိတဓမ္မော= ဟောဒါ ကေန်ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ဘဲလို့ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

တိဏ္ဏဝိစိကိစ္ဆောတဲ့=သံသယရှိသေးသလား ဒါ-နိဗ္ဗာန်မဟုတ်ဘူးလို့....(မရှိပါဘုရား) အဲဒါလဲ အရိယာမျက်လုံး အစစ်ဖြစ်လို့...(မှန်ပါ)။

ဝိဂတကထံကထောတဲ့ = ရဲရဲတင်းတင်းကြီး တခါဘည်းဝိစိကိစ္ဆာကင်းပြီးသကာလ ဘယ်သူကပြောပြော ဟောဒါမှနိဗ္ဗာန် ဒီ့ပြင်လမ်းဟာ လမ်းလွဲချည့်ဘဲ...(မှန်ပါ)ဒီလို ရဲရဲတင်းတင်းဟာလဲတဲ့ အရိယာအစစ်ဖြစ်လို့.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အပရပစ္စယောတဲ့= သူတပါးအကြောင်း မကူတော့ဘူး...' သူတပါးကူဓနဘို့ မလိုတော့ဘူး၊ ကိုယ်-ကိုယ်တိုင် မြင်ပါပြီ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီကျတော့မှ မြတ်စွာဘုရား သာသနာတော်မှ တပါး ခင်ဗျားတို့ မရှေ့တဲ့သဘောရောက်ပြီ... (မှန်ပါ) နို့မဟုတ်လို့ ရှိယင် ဟိုလူကလာပြောလဲ ဟုတ်ထင်ပါရဲ့...၊ ဒီလူကလာ ပြောလဲ ဟုတ်ထင်ပါရဲ့နဲ့ မှားသေးတယ်ဗျ ... ( မှန်ပါ ) သဘောကျပလား....(ကျသွားပါပြီဘုရား)။

အဲဒီတော့ အခုတော့ဖြင့် ဒါကြောင့် ခင်ဗျားတို့ကိုပြောရ တယ်၊ အရိယာမျက်လုံး အစစ်ဖြစ်အောင် လုပ်ပါ၊ နို့မဟုတ် ခင်ဗျားတို့ တိမ်းလိမ့်ဦးမယ်.... (မှန်ပါ) မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား) ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ရှင်အာနန္ဒာနဲ့တကွ ရဟန်းသစ်, ရဟန်းငယ်တွေ အကုန် သောတာပန်တည်တယ်....(မှန်ပါ)။

ဒီအတိုင်းဘဲ အခုပြောတဲ့အတိုင်းဘဲ ဖြစ်ပျက်မြင်, ဖြစ်ပျက် မုန်း, ဖြစ်ပျက်ဆုံးတယ်....(မှန်ပါ) သူ့ဒိဋ္ဌိပြုတ်တာဘဲ၊ တဏှာ ကတော့ ဒိဋ္ဌိပြုတ်ရင်းပါသွားတယ်....(မှန်ပါ)။

အဝိဇ္ဇာကလဲ ဒိဋ္ဌိပြုတ်ယင် လေးပုံ တပုံပါသွားတယ်.... (မှန်ပါ) တဏှာကလဲ ဒိဋ္ဌိပြုတ်ရင်း လေးပုံ တပုံပါသွားတယ် ဒိဋ္ဌိတခုကို ဖြတ်လိုက်တာ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာ မာန ဒိဋ္ဌိဟာ ပုထုဇန်မျက်လုံးတပ် လို့လာတာ....(မှန်ပါ) အရိယာမျက်လုံးတပ်ပေးယင် သူမလာ

ဘူး....(မလာပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) အရိယာအစစ်ဖြစ်ယင် ဒီမျက်လုံးကို ဘယ်တော့မှ မပေါ်တော့ဘူး...(မပေါ်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)ဒါဖြင့် လုပ်တတ်ပလား...(လုပ်တတ်ပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင်တော်ကြဦးစို့

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
စိတ်၏အလိမ် မိနေကြရပုံ

# ညအလုပ်ပေး တရားတော်

( ၈ - ၉ - ၆၁ )

ခန္ဓာငါးပါးရှိတယ်လို့မှတ်ရမယ်၊ ဒီခန္ဓာငါးပါးဟာ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, ·အသုဘတရား, ဒုက္ခသစ္စာတရား၊ ဘယ်အချိန် ဉာဏ်နဲ့ကြည့်ကြည့် ဉာဏ်သမားကဖြင့်ယောကျ်ား, မိန်းမ မတွေ့ဘူးဟေ့၊ အနိစ္စ,ဒုက္ခ, အနတ္တ, အသုဘ, ဒုက္ခသစ္စာ ဒီငါးချက် တချက်ချက်ဘဲတွေ့မယ်— ( မှန်ပါ )ဒါဉာဏ်မျက်လုံးနဲ့ ကြည့်မှနော်....(မှန်ပါဘုရား)။

ပကတိမျက်လုံးနဲ့ ကြည့်မယ်ဆိုယင် ဒါဖြူတယ်, ညိုတယ်, လှတယ်, ဝတယ်,ဒါဘဲဖြစ်မှာဘဲ—(မှန်ပါဘုရား)။

ဉာဏ်မျက်လုံးဆိုတာက မျက်လုံးမှိတ်ကြည့်ရတယ်၊မျက်လုံး၊ မှိတ်ကြည့်တော့မှ ဉာဏ်နဲ့ကြည့်ရတယ်.... (မှန်ပါ) အဲဒီ ကြည့်လိုက်တဲ့အခါကျတော့ ဖြူ,နီ, အကြောင်,အကြားလဲ မတွေ့ဘူး၊ ဟိုနေရာက ရွရွ· ဒီနေရာကပူလိုက် အေးလိုက်၊ ဒါတွေဘဲ တွေ့တယ်....(မှန်ပါဘုရား)။

ဒါတွေဘဲတွေ့တော့ ဒါက ဉာဏ်တွေကို ပြောနေတယ်လို့ ဒီတဏှာတကာမတွေက မှတ်ရမယ်.... ( မှန်ပါ ) ဉာဏ်တွေက ပုဂ္ဂိုလ်,သတ္တဝါပျောက်တယ်၊ မျက်လုံးတွေက ပုဂ္ဂိုလ်, သတ္တဝါ ပျောက်ရဲ့လား....(မပျောက်ပါဘုရား)။

ဉာဏ်တွေက ပုဂ္ဂိုလ်,သတ္တဝါပျောက်တယ်လို့မှတ်ထားတော့ ခြေဉ်....ဉာဏ်တွေမှ အမှန်ပါလား.... ( မှန်ပါ ) ဉာဏ်တွေမှ အမှန်ပါလားလို့ မှတ်ထားပါ....(မှန်ပါဘုရား)။

ဉာဏ်တွေမဟုတ်တဲ့ ပုဂ္ဂိုလ်တတော့ မျက်လုံးစိတ်တတော့ မြင်တယ်ဆိုလို့ရှိယင် မုန်းတယ်ယင်လဲ လာရမယ်....( မှန်ပါ ) မုန်းတယ် မကြည့်ချင်ဘူး ဟုတ်လား....(မှန်ပါ) သောက, ပရိဒေဝ,ဥပါယာသတွေ လာမှာဘဲ.... ( လာပါတယ် ) အဝိဇ္ဇာ, သင်္ခါရတွေကော....(လာပါတယ်ဘုရား)

ပဋ္ဌဒွါရဆိုတဲ့ စက္ခု,သောတ, ဃာန, ဇိဝှာ, ကာယ, တွေ ကတော့ မမှန်ဘူး....(မှန်ပါ) ဒွါရအလိုက်တော့မှန်ရဲ့၊ စိတ်က လိမ်လိမ်သွားတယ် မမှန်တော့ဘူး....(မှန်ပါဘုရား)။

ဥပမာမယ် ဒါက မျက်လုံးတွေတယ်ထားပါဦးတော့ ဒါက ခန္ဓာ....(မှန်ပါ) မျက်လုံးတွေတာကတော့ အဆင်းတွေတာဘဲ- (မှန်ပါ) ဟောဒီ နောက်စိတ်တွေက ဒေါသ,သောက,ပရိဒေဝ, ဥပါယာသဆိုဘဲ့ နောက်စိတ်တွေက လိမ်ပစ်လိုက်တာနဲ့ မြင် တာဟာ အဆင်းဘဲလို့ သူတို့က ဆုံးဖြတ်ချက်မချဘူး၊မုန်းစရာ ဘဲလို့ သူတို့က ဆုံးဖြတ်ချက်ချတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီနောက်စိတ်တွေက အလိမ်စိတ်တွေပေါ့...(မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ပေါ်တော့ ပေါ်တယ်၊ ပေါ်ပေမဲ့လိမ့်တဲ့ ပဋိစ္စ သမုပ္ပါဒ်...(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ မပြောသေးဘူးလို့ မှတ်ပါ....(မှန်ပါ)မပြောသေးဘူး၊ ဒါဖြင့် မြင်တယ်ဆိုလို့ရှိယင်ဖြင့် မြင်တာသည် ဒီက အဆင်း၊ ဒီကမြင်တယ်၊ မြင်တယ်ဆိုယင် ဒီကမှန်းတဲ့စိတ် လာတယ် — (မှန်ပါ)လိမ်စိတ်ဆိုတာ ဒါပါဘဲ...(မှန်ပါ)မြင်တယ်,ခင်တယ်, စွဲလမ်းတယ်, အားထုတ်မယ်ဆိုတော့ ဒါ လိမ်တာဘဲမှတ် — (မှန်ပါဘုရား)။

ဒါဖြင့် ဝိပါက်အမှန် ဇောအပြန်ဆိုတာ မှတ်ထားပါ .... (မှန်ပါ)ဝိပါက်အမှန် ဇောအပြန်ဆိုတာက ဝိပါက်ဆိုတာက မြင်တဲ့စိတ်ဟာ ဝိပါက်စိတ်နဲ့မြင်တာ .... ( မှန်ပါ ) ဥပေက္ခာ သဟဂတံ စက္ခုဝိညာဏံဆိုတော့ ကံကြောင့်ဖြစ်တဲ့ ဝိညာဏ်ဘဲ (မှန်ပါဘုရား)။

သူနဲ့ ကြည့်လိုက်တော့ အမှန်တော့ မြင်တာဘဲ, အဆင်းကို မြင်တာဘဲ....(မှန်ပါ)သို့သော် နောက် ဒီဇောစိတ်တွေက ဇော ပဋိစ္စသမုပ္ပါဒ်တွေက လိမ်ပစ်လိုက်တဲ့ အခါကျတော့ အဆင်း မဟုတ်ဘူး၊ မုန်းစရာဖြစ်သွားတယ်....(မှန်ပါဘုရား)။

သူကတော့ ဘာမြင်သတုံး....( အဆင်းမြင်ပါတယ်ဘုရား ) သူတို့ကျတော့ မုန်းစရာဖြစ်နေတယ်....(မှန်ပါ)ဒါဖြင့် သူတို့ဟာ မှုမှန်တဲ့စိတ်လား·မှုမမှန်တဲ့စိတ်လား.... (မမှန်တဲ့စိတ်ပါဘုရား)။

ဒါဖြင့် "စိတ္တေန နိယတေ လောကော" ဆိုတာ ခင်ဗျားတို့ စိတ်ကို ခင်ဗျားတို့ မနိုင်တာနဲ့ သူက အပါယ်ပို့လိုက်တာ.... (မှန်ပါ)လိမ်တဲ့စိတ်က အပါယ်ပို့လိုက်တာ(ပို့ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက အပါယ်ပို့လိုက်သတုံး...(လိမ်တဲ့စိတ်က အပါယ်ပို့ပါတယ်)ဒါဖြင့် လိမ်တဲ့စိတ်ကြောင့် အပါယ်ရောက်ရတယ်.... (မှန်ပါ) စိတ်ကြောင့် ချမ်းသာရတယ်၊ စိတ်ကြောင့်ဆင်းရဲရတယ်၊ စိတ်ကြောင့် အပါယ်ရောက်ရတယ်၊ စိတ်ကြောင့်ဘဲ နိဗ္ဗာန်သွားရတယ်... ( မှန်ပါ ) အမျိုးမျိုးပေါ့ဗျာ .... (မှန်ပါဘုရား)။

ဒါဖြင့် စိတ်သည် ကောင်းကျိုးလဲ ဆောင်နိုင်တယ်၊ဆိုးကျိုးကိုလဲ ဆောင်နိုင်တယ်၊ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ ဆရာသမားကင်းပြီးသကာလ နေတဲ့အတွက်တဲ့ စိတ်သည် ဆိုးကျိုးချည့် အောက်မေ့နေတယ်- (မှန်ပါဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ မြင်တာက အဆင်းဘဲ အမှန်သားဘဲ၊ ဝိပါက်ကတော့ အမှန်သားဘဲ....(မှန်ပါ)ဝိပါက်စိတ်နဲ့ မြင်တာကိုး....(မှန်ပါ) ဟောဒီ ဇောတွေကျတော့ ဖေါက်ပြန်သွားတယ်....(မှန်ပါဘုရား)။

သူမြင်သလို ဒီဇောတွေကသိတဲ့ သဘောမရောက်တော့ဘူး- (မှန်ပါ)သူကအဆင်းမြင်ယင် မြင်တာကိုမုန်းတယ်ဆိုကတည်းက ဒီပဋိစ္စသမုပ္ပါဒ်က ကောင်းသေးရဲ့လား....(မကောင်းပါဘုရား) မကောင်းတော့ဘူး၊ ဒီဇောစိတ်တွေက ခင်ဗျားတို့ကို လိမ်တာဘဲ (မှန်ပါ) စိတ်ကလိမ်သွားတယ်.... (စိတ်ကလိမ်ပါတယ်ဘုရား)။

ဒါဖြင့် မျက်လုံးကလိမ်တာလား- မျက်လုံးနောက်ကလိုက်တဲ့ စိတ်တွေက လိမ်တာလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မျက်လုံးနောက်ကလိုက်တဲ့ စိတ်တွေကလိမ်တာပါဘုရား) အဲ....

ခင်ဗျားတို့က ဒါ တတန်းတည်း မလုပ်နိုင်လို့ နိဗ္ဗာန်နဲ့ဝေးနေတာ....(မှန်ပါ) သူနဲ့ တတန်းတည်းသွားယင် ရှင်းသွားမယ်....(မှန်ပါဘုရား)။

မြင်တာနဲ့ နောက်ကသိတာဘွေနဲ့ တတန်းတည်းသွားယင် ဘာမှမရှုပ်ပါဘူး....(မှန်ပါ) မြင်တာကလဲ အဆင်း့သိတာကလဲ အဆင်းဆိုယင် ကိစ္စမရှိဘူး.... ( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

အခုတော့ ရှိတာကအဆင်း၊ မြင်တာကလဲအဆင်း၊သူ့ကျမှ မုန်းစရာတွေချည့် ဖြစ်လာတယ်....(မှန်ပါ) မုန်းစရာချည့်ဖြစ်ပြီး သကာလလာတော့ ခြော်· နောက်စိတ်တွေဟာ လိမ်ပါကလား (မှန်ပါ လိမ်ပါတယ်ဘုရား)။

ဒါကြောင့် "ဝိစိတ္တကရဏ' စိတ္တ'" စိတ္တ'=စိတ်သည်၊ဝိစိတ္တကရဏ'=ဆန်းကြယ်အောင် လုပ်တတ်၏"တဲ့....(မှန်ပါ) ဒါဟာ ခင်ဗျားတို့ ကိုယ့်စိတ် ကိုယ်မနိုင်တာ ဒါဘဲ....( မှန်ပါ ) နိုင်ရဲ့လား....(မနိုင်ပါဘုရား)။

မျက်လုံးက မြင်တာက ဘာမြင်သဘုံး....(အဆင်းမြင်ပါတယ်ဘုရား) အဆင်းမြင်တာကို ခင်ဗျားဘို့က မုန်းစရာဖြစ်လာတယ် (မှန်လှပါဘုရား) မဟုတ်ဘူးလား· ဒေါသဖြစ်တယ် သောက ဖြစ်တယ်၊ အဆင်းမြင်တာနဲ့ ဒေါသ,သောကနဲ့ ဘာမှမဆိုင်ဘူး (မဆိုင်ပါဘုရား) မဆိုင်ဘူး၊ အဆင်းမြင်တယ်ဆိုယင် အဆင်းရယ်လို့ဘဲ ရှောက်သိရုံဘဲ....(မှန်ပါ) အခုတော့ ဒီလိုမသိဘူး.... မုန်းစရာဖြစ်လာတယ်....(မှန်ပါ)။

ဒါဖြင့် မြင်စိတ်က လိမ်တာလား- နောက်က ပဋိစ္စသမုပ္ပါဒ် ဇောစိတ်က လိမ်တာလား....( ဇောစိတ်က လိမ်တာပါဘုရား )

ခင်ဗျားတို့ အလိမ်မိနေတဲ့လူတွေ...(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ... ( အလိမ်တွေမိနေပါတယ်ဘုရား )

အလိမ်မိနေတဲ့ပုဂ္ဂိုလ်တွေ....(မှန်ပါ့)။

အလိမ်မိနေတဲ့ ပုဂ္ဂိုလ်တွေဟာတဲ့ ဘယ်သူ လိမ်ထားတာတုံး ဆိုတော့ ခင်ဗျားတို့စိတ်က ခင်ဗျားတို့ကို လိမ်ထားတာ (မှန်ပါ့ ဘုရား)။

မြင်တာ အဆင်းမှန်းသိလျက်သားနဲ့ အဆင်းဆိုလို့ ရှိယင် ဖြင့် အဆင်းလို့ဘဲ နောက်ကသိပေးဘို့ဘဲ... (မှန်ပါ့)မြင်တာက အဆင်း၊ သိတာက ဖြူတယ်, နီတယ်, ကြောင်တယ်, ကြား တယ်ဆိုတာ ဒါလဲသိဘို့ဘဲ....(မှန်ပါ့)။

အခု ဒီလိုသိရဲ့လား.... (မသိပါဘုရား) မြင်ရာဘာကို မှန်း လိုက်တာ.... (မှန်ပါ့) မြင်ရတာကွာ မကြည့်ချင်ဘူး ဆိုတော့ ဇောစိတ်ကလိမ်နေတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

တခါ မြင်ပြန်သည်၊ ပြီးတော့ ခင်ပြန်တယ် စွဲလမ်းပြန်တယ် ဆိုတော့လဲ မြင်တာကတော့လဲ အဆင်းမြင်တာ.... (မှန်ပါ့) ဒါ တွေက မြင်တာဘဲ လိုက်ဘို့ဘဲ...(မှန်ပါ့)။

အဖြူ, အနီ, အကြောင်, အကြားရယ်လို့ သိဘို့ဘဲ၊ မသိ ဘူး ခင်ဗျားတို့က မြင်တာလိုချင်တယ်၊ သဘောကျပလား.... (ကျပါပြီဘုရား) ဒါလဲ အလိမ်မိတာဘဲ.... (မိတာပါဘုရား)။

ဒါဖြင့်လောဘဇောကလိမ်လိုက် ဒေါသဇောကလိမ်လိုက် ဟင်-(လိမ်ပါတယ်ဘုရား) မောဟဇောကလိမ်လိုက်... (မှန်ပါ့)ဒါဖြင့် ခင်ဗျားတို့ စိတ်တွေမှာ ခင်ဗျားတို့ကို အမြဲတမ်း လိမ်နေတာ ဟောဒီရှေ့စိတ်က မလိမ်ဘူး၊ မြင်တာ, ကြားတာတွေက မလိမ်ဘူး၊ နောက်က ခင်တာ,မုန်းတာတွေက ဒါတွေကလိမ်တယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား) ဒါဖြင့် ရှေ့ကအမှန်ရှိတယ်၊ နောက်က လိမ်တယ်လို့ မှတ်ထားရမယ်.... ( မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဘယ်လို ပုဂ္ဂိုလ်တွေလဲလို့ မေးတော့ စိတ်အလိမ်မိနေတဲ့ ပုဂ္ဂိုလ်ဘွေ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

စိတ်အလိမ်မိနေတာ မြင်တာက အဆင်း(မှန်ပါ့)မျက်လုံးက မြင်တာက အဆင်း....(မှန်ပါ့) စိတ်က သမီးလုပ်ပစ်လိုက်တယ် (မှန်ပါ့) စိတ်က သမီးလုပ်ပစ်လိုက်တော့ ခင်ရမှာဘဲ၊ခင်ရမှာဘဲ စောင့်ရှောက်ရမှာဘဲ....(မှန်ပါ့)။

အလိမ်မိပြန်ပြီ ..(မှန်ပါ့) မြင်တာကတော့ ဘာမြင်တာတုံး အဆင်းမြင်တယ်....(မှန်ပါ့) အဆင်းဟာ အဆင်းရှိတာကို သူ့-အမှန်မြင်တာဘဲ...(မှန်ပါ့)။

မြင်တော့ ခင်ဗျားတို့စိတ်က သမီးလုပ်ပစ်တယ်,သားလုပ်ပစ်တယ်.... ( မှန်ပါ့ ) သားလုပ်ပစ်လိုက်တော့ တခါတည်း ခင်ဗျားတို့သည် ခင်မှာဘဲ, မင်မှာဘဲ ဆိုတာလာတာဘဲ၊ တနည်း စိုးရိမ်တာဘဲ, ကြောင့်ကြတာဘဲလို့.... (လာပါတယ်ဘုရား) အဲဒါ ဘာဖြစ်ဘာတုံး....(အလိမ်မိတာပါဘုရား)။

ခင်ဗျားတို့ကလဲ အလိမ်မိတာကိုပင်လျှင် အလိမ်မိတဲ့ပုဂ္ဂိုလ်က အလိမ်ခံရတာနဲ့ ပျော်နေတယ်.... ( မှန်ပါ့ ပျော်နေပါတယ် ဘုရား)။

ကိုယ့်လဲ အလိမ်မိထားတယ်.... (မှန်ပါ့) ဒီအလိမ်မိထားတာ သူလိမ်ထားတဲ့ တရားကလေးနဲ့ ပျော်နေတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ခလေး ဈေးထဲသွားတယ်၊ အခုလို နတ်ပွဲဈေးထဲ သွားတယ်၊ ဟိုက အရုပ်တဲ့ လူမဟုတ်ဘူး၊ အရုပ်သည်က အရုပ် ကလေးတွေရောင်းတယ်....(မှန်ပါ့)။

ခလေးက ဒီအရုပ်ကလေးကို မိန်းမကလေးမို့ လှတယ်....၊ မိန်းမရုပ်မို့ လှတယ်၊ ယောကျ်ားရုပ်မို့ဘဲ တင့်တယ်·တယ်ဆိုပြီး ဒီအရုပ်ကလေးတွေကို မိန်းမ-ယောကျ်ားလုပ်ပြီး ခလေးကပျော် နေတယ်....(မှန်ပါ့) ဟိုက အရုပ်သည်ကတော့ အရုပ်ဘဲရောင်း တယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အရုပ်သည်က ဘာရောင်းသတုံး.... (အရုပ်ဘဲရောင်းပါတယ် ဘုရား) ခလေးကတော့ သူ မိန်းမ· ယောကျ်ား လုပ်ပြီးတော့ (ပျော်နေပါတယ်ဘုရား)။

ခင်ဗျားတို့ ဒီအတိုင်းဘဲ....(ဒီအတိုင်းပါဘုရား) အလိမ်မပြေ သေးဘူး.... (မှန်ပါ့) ပြေကြပလား.... (မပြေသေးပါဘုရား) ဩော်.... ခက်ပြီကော သေခါနီးတောင် မပြေသေးဘူးတဲ့၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဈေးထဲက ဘာရောင်းတာတုံး....(အရုပ်ရောင်းတာပါဘုရား) ခလေးက ဘာလုပ်ပြီးပျော်နေသတုံး.... (မိန်းမ,ရုပ် ယောကျ်ား

ရုပ်လုပ်ပြီး ပျော်နေပါတယ်ဘုရား) မိန်းမရုပ် ယောကျ်ားရုပ် လုပ်ပြီးသကာလ ဟုတ်လား....(မှန်ပါ့)။

မိန်းမရုပ် ကလေး ဝယ်ပေးပါ၊ ယောကျ်ားရုပ်ကလေးဝယ် ပေးပါ မဟုတ်ဘူးလား....(မှန်ပါ့)အဆင်းတမျိုးတည်းဘဲမဟုတ် လား....(မှန်ပါ့)။

သို့သော် သူက မိန်းမ-ယောကျ်ားလူပျက်၊ အမျိုးမျိုးအဖုံဖုံ အရုပ်ကလေးတွေပေါ့ဗျာ(မှန်ပါ့) အဲဒါကလေးတွေ ဒီခလေးက ဝယ်ပေးလိုက်တော့ အကျေနပ်ကြီး ကျေနပ်ပြီးသကာလ အငို တိတ်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဈေးသည်က ဘာရောင်းသတုံး.... ( အရုပ်ရောင်းပါတယ် ဘုရား) ဝယ်တဲ့လူက မိန်းမ- ယောကျ်ားလုပ်ပြီး ဝယ်တယ်— (မှန်ပါ့) ဒါကြောင့် ရောင်းရတာပေါ့....(မှန်ပါ့)နို့မဟုတ်ယင် ဘယ့်နှယ်တုံး.... (မရောင်းရပါဘုရား) မင်းတို့လဲ ဒါကြောင့် အပါယ်ကျတာပေါ့၊ နို့မဟုတ်ယင် ကျစရာမရှိဘူး... (မှန်ပါ့ မရှိပါဘုရား)၊

မိန်းမ- ယောကျ်ား လုပ်မိတာနဲ့.... ( အပါယ်ကျပါတယ် ဘုရား) ဘယ်သူလုပ်တာတုံး....(အဆင်းကပါဘုရား) အဆင်းက မဟုတ်ဘူး....(မှန်ပါ့ စိတ်ကလုပ်တာပါဘုရား)။

အဆင်းကတော့ အဆင်းဘဲ၊ မြင်တာတော့ အဆင်းဘဲ— (မှန်ပါ့) ဟောဒီ ခင်ဗျားတို့စိတ်က လိမ်ပစ်လိုက်တယ် (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့စိတ်က လိမ်ပစ်လိုက်တာနဲ့ ခင်ဗျားတို့ လိမ်မိတဲ့ အလိမ်နဲ့ မျက်ရည်ကျတယ်....(မှန်ပါ့) လောကကြီးဖြစ်နေတာ ပြောပါတယ်....(မှန်ပါ့)။

ကိုယ်မိထားတဲ့ လိမ်ချက်နဲ့ဘဲ ပြုံးလိုက်တယ်.... (မှန်ပါ့) ကိုယ်မိတားတဲ့ လိမ်ချက်နဲ့ဘဲ .... (မျက်ရည်ကျပါတယ်ဘုရား) မျက်ရည်ကျ မဲ့လိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ရိုးရိုးမျက်ရည်ကျနဲ့ ရိုးရိုးပြုံးတာဟုတ်ရဲ့လား....(မဟုတ်ပါ အလိမ်မိတာပါဘုရား) ရိုးရိုးမျက်ရည်ကို ခင်ဗျားတို့မပါဘူး....(မှန်ပါ့) ရိုးရိုးပြုံးတာကော.... (မပါ-ပါ ဘုရား)။

ကိုယ့်ဟာကိုယ် တခါတည်း အလိမ်မိပြီးသကာလ ပြုံးတာ အလိမ်မိပြီးသကာလ မဲ့တာ....(မှန်ပါ့)ဒါနဲ့ အချိန်ကုန်နေတာဘဲ....(မှန်ပါ့) ရှင်းပသား....(ရှင်းပါပြီဘုရား)။

ဩော်... ဒါဖြင့် ခင်ဗျားတို့ လူပါးတွေလား၊အလိမ်ခံသမားတွေလား မေးလိုက်တဲ့အခါ ဘယ့်နှယ်ဖြေကြမလဲ.... (အလိမ်ခံသမားတွေပါဘုရား)။

လိမ်တာက ခင်ဗျားတို့ကို မျက်ရည်ကျအောင်ဘဲ စိတ်က လိမ်တယ်....(လိမ်ပါတယ်ဘုရား) မပြုံးထိုက်တာနဲ့ ပြုံးအောင်ကော....(လိမ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စွမ်းရည်တုံးပြီ.... (မှန်ပါ့) ခင်ဗျားတို့ စွမ်းရည်တုံးပြီ.... (တုံးပါပြီဘုရား) ဘာမှ ကိုယ်အမှန်သိ- မရှိတော့ဘူး၊ စိတ်လိမ်ထားတဲ့အတိုင်း ပြုံးလိုက်တယ်.... (မှန်ပါ့) စိတ်လိမ်ထားတဲ့အတိုင်း မဲ့လိုက်တယ်....(မှန်ပါ့)။

သမီးကလေး ဆိုလို့ရှိယင် သမီးကလေး နေမကောင်း ထိုင်မသာဘူးဆိုလို့ရှိယင် နဂိုရ်က သမီးမဟုတ်တာ သမီးလို့ ကိုယ့်စိတ်ကလုပ်ထားတော့ ဒီစိတ်သိမ်ထားတာနဲ့ဘဲ ဒီသမီးကလေးတဆက်ပြီး နေမကောင်း ထိုင်မသာရှိတယ်၊မဲ့ကြတယ်(မှန်ပါ့) ဘာဖြစ်လို့မဲ့သတုံး....(စိတ်လိမ်ထားလို့ပါဘုရား)။

အလိမ်ကမပြေဘူး၊ နဂိုရ်က သမီးဆိုတဲ့ လိမ်ချက်ကတမျိုး၊ အဲဒီ လိမ်ချက်ကမပြေတော့ သမီးနေမကောင်းဘူး...၊ သမီးက ဖေါက်ပြန်သွားတယ်... (မှန်ပါ့) ဘာဖြစ်ကြသတုံး... (ဖေါက်ပြန်သွားပါတယ်ဘုရား ) ခင်ဗျားတို့ ဖေါက်ပြန်သွားတယ်.... (မှန်ပါ့)။

ဒါ အမှန်ကြောင့် ဖေါက်ပြန်တာလား....၊ ကိုယ့်စိတ်အလိမ်ခံပြီးသားလူ အလိမ်မပြေလို့ ဖေါက်ပြန်တာလား.... ( အလိမ်မပြေလို့ ဖေါက်ပြန်တာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ပြုံးသရဲမဲ့သရဲဟာ အလကားပါဘဲ....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ.... ( ပြုံးသရဲ မဲ့သရဲ အလကားပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ဘုရားဟောတော်မူတဲ့အတိုင်း ဆရာဘုန်းကြီးတို့က ဉာဏ်ဝင်မပေးလို့ရှိယင် ဒီအလိမ်ဟာ သေသည်တိုင်အောင် မပြေဘူး....(မပြေပါဘုရား)။

သားကလေးက နေရာမကျလို့ ကျုပ်မှာ ဆင်းရဲနေတယ်.... သမီးကလေးကလဲ နေရာမကျလို့ ဆင်းရဲနေတယ် ရှိလဲမရှိဘူး... (မှန်ပါ့) အဆင်းဘဲရှိတယ်၊ အသံဘဲရှိတယ်.... (မှန်ပါ့) အဲဒါ

သူတို့ နေရာမကျလို့ ကျုပ်မှာ အခု မျက်စိ- မျက်နှာညှိုးငယ် နေရတယ် ဟုတ်လား....(မှန်ပါ့)။

သူတို့က အခု ကောင်းကောင်းမွန်မွန် နေပြန်တော့လဲ သား ကလေး၊ သမီးကလေးက အမေ့အတွက်၊ အဖေ့အတွက်လိုက် နေပြန်လို့ ကျုပ်တို့ ပြုံးရွှင်ရတယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ပြုံးတာ အမှန်မဟုတ်ပါဘူး.... (မမှန်ပါ ဘူးရား) ခင်ဗျားတို့ မဲ့ပုံကော... ( မမှန်ပါဘူးရား ) ဘယ်သူမှ သနားစရာမရှိဘူး၊ ဥာဏ်သမားက သနားစရာမရှိဘူး- (မှန်ပါ့) အလိမ်မိလို့ ပြုံးနေတာ အလိမ်မိလို့ မဲ့နေတာ.... ( မှန်ပါ့ ဘုရား)။

ဥာဏ်သမားက.... (သနားစရာမရှိပါဘုရား) သနားစရာလဲ မရှိဘူး၊ ဝမ်းသာစရာလဲ.... (မရှိပါဘုရား) ဘာဖြစ်လို့တုံး.... (အလိမ်မိနေလို့ပါဘုရား)။

အလိမ်မိတဲ့ပုဂ္ဂိုလ်ဟာ သူ့ဟာသူလဲ မဖြေတတ်ဘူး....(မဖြေ တတ်ပါဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ဦးလှတို့ အကဲခတ်ရလိမ့်မယ်၊ လူတွေ ဟာ အလိမ်ပြေပြီး သေသွားတဲ့ပုဂ္ဂိုလ် ရှားလိမ့်မယ်ထင်တယ်.... (ရှားပါတယ်ဘုရား) ရှိကို မရှိဘူး... (မရှိပါဘုရား)။

မရှိဘူး၊ ခေါင်းထဲကျတောင်မှ လိမ်တုံး....(မှန်ပါ့) ဒါ— ဘာတုံး လိမ်နည်းပြောစမ်းပါဦး ဟင်....(မှန်လှပါ) ခေါင်းထဲ ကျတောင်မှ... (လိမ်တုန်းပါဘုရား)ပြေပလား (မပြေပါဘုရား) နောက်ကျတော့ မြေမြုပ်လို့ဆွေးပြီ၊ မြေပုံကြီး ကျတော့.... (လိမ်တုန်းပါဘုရား) ပြေကို့မပြေပါလား... (မပြေပါဘုရား)။

ဒါဖြင့် ကဲ....ငိုတဲ့ပုဂ္ဂိုလ်လဲ ဒီစိတ်နဲ့ သေသွားတယ်ဆိုတော့ အလိမ်ပြေတာလား၊ မပြေတော့ဘူးလား.... ( မပြေပါဘုရား ) သွားပြီ၊ တောက်လျှောက်သွားပြီ....( မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ အလိမ်ပြေအောင် မနည်းလုပ်ရဦးမှာပါကလား (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဦးလှ့ရေ.... ငါ အသက်ကြီးပြီကွ၊ ပါးပြီလို့ မသုံးနိုင်ဘူး ခင်ဗျားတို့ (မသုံးနိုင်ပါဘုရား) မသုံးနိုင်ဘူး ၊ သားက ပြုံးအောင် လုပ်လိုက်ယင် ပြုံးလိုက်တာဘဲ.... ( မှန်ပါ ) သားက မဲ့အောင်လုပ်လိုက်ယင်....( မဲ့ပါတယ်ဘုရား ) နဂိုရ်က သူက သားရယ်လို့ အလိမ်က မိထားဘာကိုး.... မှန်ပါ) မိထားတော့ ဒီသား အစွဲက မပြုတ်ဘူး၊ မပြေဘူး... (မှန်ပါ) မပြေတော့ သူကမဲ့အောင်လုပ်ယင် မဲ့တယ်၊ ပြုံးအောင်လုပ်ယင်.... (ပြုံးပါတယ်ဘုရား) ဘာဖြစ်တာတုံး နဂိုရ်အလိမ် မဖြေနိုင်လို့.... (မှန်ပါ)။

အပြင်ကတော့ မှန်တယ်....( မှန်ပါ ) ဟောဒီဇောတွေက လိမ်ထားတာ....(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အမြင်ကတော့.... ( မှန်ပါတယ်ဘုရား ) ဇောကျတော့.... (ဇောကျတော့ လိမ်သွားပါတယ်ဘုရား)။

အဲဒီအလိမ်ကို ခင်ဗျားတို့က ဘယ်နှယ်တုံး၊ မဖြေနိုင်, မပြေနိုင်, မပြုတ်နိုင်ဘူး....(မှန်ပါ)။

ဒါကြောင့် ဘယ်မှာ မသာပို့ကြပြီ၊ အို.... မျက်ရည်ကြီးငယ် ကျကြပြီဘုရား၊ ဘယ်နှယ်ကြောင့် ကျကြတာတုံး၊ အို....

တတန်းတည်းဘဲ အလိမ်မိတဲ့လူချည့်ဘဲ....(မှန်ပါ) ရှင်းပလား.... ( ရှင်းပါပြီဘုရား ) ပြောတဲ့လူ တယောက်မှ မပါဘူး၊ ပါသေး သလား...(မပါ·ပါဘုရား)။

ဟာ....ဒါဖြင့် ခက်ကုန်ပေါ့၊ ရှင်းကြရဲ့လား...(ရှင်းပါတယ် ဘုရား) တယ်လဲ ခဲယဉ်းပါလား...(ခဲယဉ်းပါတယ်ဘုရား)။

ဉာဏ်နဲ့တွေ့မှ ဒါ....ပေါ်မယ်နော်.... (မှန်ပါ) အဲဒီတော့ ခင်ဗျားတို့ အလိမ်ပြေချင်ယင် ဒီလိုလုပ်ပါ၊ မျက်လုံးက မြင် တယ်၊ ဘာကိုမြင်သတုံး၊ ဖြူတာ,နီတာကို မြင်တယ်....(မှန်ပါ) နောက်စိတ်တွေက ဇောစိတ်တွေကတော့ ဖြူတာဘဲ၊ ဖြူတာ ကိုဘဲ သိနေရမယ်....(မှန်ပါ)။

သြော်....ဖြူတယ်၊ မျက်လုံးကလဲ အဖြူမြင်တယ်၊ နောက် စိတ်တွေကလဲ အဖြူရယ်လို့ဘဲ ရှောက်သိနေလို့ရှိယင် ဒါ.... လိမ်သေးရဲ့လား....(မလိမ်ပါဘုရား)။

အခုတော့ မျက်လုံးကတော့ အဖြူမြင်ရဲ့၊ ဒီဇောက ကိုယ့် သမီးကလေး,ကိုယ့်သားကလေးလုပ်ပစ်တယ်...(မှန်ပါ·ဇောလိမ် သွားလို့ပါဘုရား) ဇောလိမ်သွားလို့....(မှန်ပါ) ရိုပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီမြင်စိတ်နဲ့ဇောနဲ့ တတန်းတည်းသွားရမှာကို ဆရာ ဘုန်းကြီးက ပြင်ပေးနိုင်မှ ခင်ဗျားတို့ မျက်ရည်လဲ သိမ်းမယ်၊ အပြုံးလဲ ရပ်မယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

နို့မဟုတ်လို့ရှိယင် မျက်ရည်လဲ မသိမ်းဘူး၊ ပြုံးပြန်လဲ အရှုံးပြုံး,ပြုံးချမယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဆရာသမားက သိပ်လိုတယ်— (လိုပါတယ်ဘုရား)။

ကဲ—ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
မာဂဏ္ဍိပုဏ္ဏားကြီးအား ခန္ဓာကိုယ်၌ ရောဂါတွေဖေါ်ပြ၍
ဝေဒနာနုပဿနာကမ္မဋ္ဌာန်း သစ္စာလေးပါးဒေသနာ

# နေ့အလုပ်ပေးတရားတော်

( ၁၀ - ၉ - ၆၁ )

တကာတကာမတွေ ဝိပဿနာရှုတဲ့ အရေးဟာဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍိပုဏ္ဏားကြီးကို ဟောတဲ့နေရာမှာ အရေးတကြီး အချက်တွေပါတယ်ဆိုတာကို တကာကြွယ်တို့ မှတ်ရမယ်နော်... (မှန်လှပါဘုရား)။

မင်းကွာ....တဲ့ ပုထုဇန်မျက်လုံး ပြောင်းပြီး အရိယာတို့၏ မျက်လုံးကို မင်းတပ်ရလိမ့်မယ်တဲ့....( မှန်ပါ့ ) တပ်တဲ့အခါကျ လို့ရှိယင် မင်း အမြင်သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာကိုယ်ကြီးထဲ ရောဂါရှိတာလဲ သိလိမ့်မယ်၊ အနာတွေ ရှိတာလဲ သိလိမ့်မယ်၊ ဒီမျက်လုံးမှ မတပ်ရသေးလို့ရှိယင်လဲ မင်းဟာ မင်းခန္ဓာကိုယ်ကြီးဘဲ နိဗ္ဗာန်ထင်တယ်၊ အဲဒီတော့ မင်းအထင်တွေသည် မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်၏ အထင်တွေ

ဖြစ်နေတော့ မင်းသည် အရိယာမျက်လုံး တပ်ပြီးမှ သာလျှင် ငါ....တရားဟောနိုင်မယ်လို့ ဘုရားက အမိန့်ရှိတယ်— (မှန်ပါ ဘုရား)။

ဒါဖြင့် အရိယာမျက်လုံးတပ်ဘို့အရေးဟာ ကြီးတယ်ဆိုတာ တကာတကာမတွေ မှတ်ရမယ်.... (မှန်ပါ)။

ကိုင်း—ဒါဖြင့် အရိယာမျက်လုံးဆိုတဲ့ဥစ္စာ ဘာပါလိမ့်မလဲ လို့ မေးတော့မှ ဓမ္မာနုဓမ္မပဋိပတ္တိကို သဘောကျအောင် လုပ်ရ မယ်....(မှန်ပါဘုရား) ဓမ္မ,က=တရား၊ အနုဓမ္မ,က လျှော်တာ၊ ပဋိပတ္တိ,က ကျင့်တာ....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ဓမ္မ,က ဘာပါလိမ့်.... (တရား) အနုဓမ္မ,က....(လျှော်တာ) ပဋိပတ္တိက.... ( ကျင့်တာပါဘုရား ) ဒါဖြင့် တရားနဲ့လျှော်အောင်ကျင့်....(မှန်ပါ)။

ဘယ်လိုမှတ်မိကြသလဲ ... (တရားနဲ့လျှော်အောင် ကျင့်ရပါ မယ်ဘုရား)။

ဩော်.... တရားနဲ့လျှော်အောင် ဉာဏ်ထဲမှာ မြင်လာလို့ ရှိယင်ဖြင့် ဒါ... အရိယာမျက်လုံးရပြီလို့ ဘုန်းကြီးတို့ တကာ တကာမတွေက အောက်မေ့ရမယ်.... (မှန်ပါ)။

တကာကြွယ် ဒီ- မျက်လုံးတပ်ဘို့လဲ မလွယ်ပါကလား— (မလွယ်ပါဘုရား)။

အားလုံး တကာတကာမတွေ ဒီမျက်လုံးဟာဖြင့် ဩော်.... တသံသရာလုံးက ကန်းလာတဲ့မျက်လုံး ယနေ့ဖြင့် ဘုန်းကြီး ဖွင့် ရတော့မယ်ဆိုတဲ့ဥစ္စာ ဦးလှဘူးတို့ မှတ်ရလိမ့်မယ်.... (မှန်လှပါ ဘုရား)။

တကာသစ်ရေ ဂရုစိုက်ပါနော် .... ( မှန်ပါ့ ) ဦးမာဒင်တို့ ကြပ်ကြပ်ဂရုစိုက်ပါ....(မှန်ပါ့ဘုရား)။

အခုကြည့်စမ်း မာဂဏ္ဍိ ပုဏ္ဏားကြီးဟာ သူ့ကိုယ်ကြီးကို "အာရောဂျ ပရမံလာဘာ၊ နိဗ္ဗာနံ ပရမံသုခံ" ဆိုတော့ သူ့ကိုယ်ကြီးကို ပုတ်ပြတယ်...(မှန်ပါ့ဘုရား)။

ဒါနိဗ္ဗာန်ဘဲတဲ့ ဒါ အနာကင်းပြီး ဒါနိဗ္ဗာန်ခေါ်တာပါဘဲ လို့ဆိုတော့ မင်းက မျက်စိနှစ်ကွင်းအလင်းကမရတော့ အနာ ရှိလို့လဲ အနာရှိမှန်းမသိ၊ မင်းအတွက်တော့ ခက်ပါသေးတယ် လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင်မှ ညည်းလုံးထုတ်ရ သေးတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ ကိုယ့်ဟာ ကိုယ် ကျန်းမာတယ်လို့ ထင်ပြီးသကာလ နေကြလို့ရှိယင် အရိယာမျက်လုံး မရှိသေးလို့....( မှန်ပါ့ ) အရိယာမျက်လုံးရှိ လာပြီဆိုမှဖြင့် ဩော် .... ရောဂါတွေပါကလား, အနာတွေ ပါလား, ဒြောင့်တံသင်းစူးနေတာ တွေ့ပါလား "ရောဂတော ဂဏ္ဍတော အာဗာဓတော" ဆိုတဲ့ အတိုင်းတဲ့....(မှန်ပါ့ဘုရား)။

အရိယာမျက်လုံး တပ်ပြီးမှဘဲ မင်းသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အမှန်ကိုမြင်လိမ့်မယ်ကွာ ဆိုတော့ တပည့်တော် မြင် ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် အရိယာမျက်လုံး တပ်ရအောင် တရားဟောပေးပါလို့ဆိုတော့ မင်းကမျက်လုံးမမြင်ခင် ငါက ပြောရမယ်ဆိုလို့ရှိယင်လဲ မဖြစ်သေးဘူး၊ မျက်လုံးမြင်အောင် အယင်လုပ်ပေးရဦးမယ်တဲ့... (မှန်ပါ့ဘုရား)။

ဘာအယင်လုပ်ရမှာတုံး....(မျက်လုံးမြင်အောင် အယင်လုပ်ရ မှာပါဘုရား)။

တကာတကာမတို့ မျက်လုံးမြင်အောင် အယင်လုပ်ပေးရမယ် ဆိုတဲ့အတိုင်း ဘုန်းကြီးတို့ တကာတကာမတွေလဲ ဩော် .... မျက်လုံးမြင်အောင် လုပ်မှဘဲဆိုတဲ့ စိတ်ကိုဖြင့် တသံသရာလုံးက ကန်းလာတဲ့မျက်လုံးကို တကာကြွယ်ရေ ယနေ့ မြင်ရအောင် လုပ်ရတော့မယ်ဆိုတော့ အတော်ကလေး အရေးတကြီးလုပ်ရ လိမ့်မယ်ဆိုတာ ဦးမာဒင်တို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း.. ဒါဖြင့် တကာတကာမတို့ အရိယာမျက်လုံးတပ်ချင် တော့ကွာတဲ့ ဓမ္မနု ဓမ္မပဋိပတ္တိဟာ အရေးကြီးတယ်တဲ့(မှန်ပါ့) ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာက ဓမ္မက ခန္ဓာကိုယ်ကြီးကို မှတ်လိုက်ပါ၊ အနုဓမ္မက လျော်တာ၊ ပဋိပတ္တိက အကျင့်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ် ဓမ္မနဲ့ လျော်တဲ့ အမြင်ကို(ဝါ)အကျင့်ကို ဓမ္မာနုဓမ္မပဋိပတ္တိလို့ ဆိုပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးကို ရောဂါရှိတာလဲ သိရအောင် အနာတွေရှိတာလဲ သိရအောင်- ပြောင့်တံသင်း တွေကို ခဏခဏ ဟိုကယား, ဒီကနာ, ဟိုကစူး, ဒီကစူးနဲ့ နေတဲ့ ခန္ဓာကြီးလဲသိရအောင်ဆိုတော့ဖြင့်တရားနဲ့လျော်စွာကျင့်မှရမယ် (မှန်ပါ့ဘုရား)။

"ဓမ္မဿ အနုဓမ္မံ" ဓမ္မဿ=တရားအား၊ အနုဓမ္မံ=လျော် သော၊ ပဋိပတ္တိ=အကျင့်၊ တရားနဲ့ လျော်တဲ့အကျင့်ကို ကျင့်ရ လိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘာလုပ်ကြရမယ်....(တရားနဲ့ လျော်တဲ့ အကျင့်ကိုကျင့်ရမှာ ပါဘုရား) တရားနဲ့ လျော်တဲ့အကျင့်ကို ကျင့်ရမယ် ဆိုတော့ ခန္ဓာကိုယ်ကြီးထဲမှာ တကာတကာမတို့ မှတ်ကြပါ၊ ခန္ဓာ

ကိုယ်ကြီးထဲမှာ ဘာတွေ ရှိနေသတုံး မေးတဲ့အခါ ကျတော့ အားလုံး ရုပ်ကြည့်ပြန်လဲ ရုပ်မဟုတ်ဘူး ဖြစ်ပျက်အနိစ္စဘဲ .... (မှန်ပါဘုရား)။

ဝေဒနာကြည့်ပြန်လဲ အပြောသာဝေဒနာ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်နေတာကလေးဘဲ မြင်ရမယ် .... (မှန်ပါ) သညာကြည့်ပြန်တော့လဲ အပြောသညာ၊ကိုယ့် ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ ဖြစ်ပြီးပျက်နေတဲ့အနိစ္စဘဲ မြင်ရမယ် (မှန်ပါဘုရား)။

တခါ သင်္ခါရဆိုတဲ့ စေတနာကလေးတွေ- သွားချင်တဲ့ စေတနာ- ပြောချင်တဲ့ စေတနာကလေးတွေ ကြည့်လိုက်ပြန်လို့ ရှိယင်လဲတဲ့ သူများပြောတော့ စေတနာလို့ ပြောတာဘဲ၊ကိုယ့် ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်အနိစ္စဘဲ တွေ့တာဘဲလို့ ဒီလိုတွေ့သွားလို့ ရှိယင်ဖြင့် ဩော် .... ဓမ္မဿ အနုဓမ္မ၊ ဓမ္မဿ=တရားအား၊ အနုဓမ္မ=လျော်သော၊ ပဋိပတ္တိ အမြင့်အကျင့်ဘဲ....(မှန်ပါဘုရား)။

ဒီလိုဆိုလို့ရှိယင် တရားနဲ့လျော်တဲ့ အမြင်ရပါပြီ(မှန်ပါ) ဘယ်လိုပါလိမ့်....(တရားနဲ့လျော်တဲ့ အမြင်ရပါပြီဘုရား)။

တရားနဲ့လျော်တဲ့ အမြင်ရအောင် ဘုန်းကြီးတို့ တကာ တကာမတွေ ဩော်....တရားနဲ့မလျော်တဲ့ အမြင်ရှိလို့ဘုရားက ဒီဓမ္မာနုဓမ္မပဋိပတ္တိကို မင်းကြီးစားပါဦးလို့ မာဂဏ္ဍိပုဏ္ဏားကြီး ပြောတာဖြင့် ဦးမာဒင်တို့ သဘောကျလောက်ပါပြီ....(ကျပါပြီ ဘုရား) နဂိုရ်အမြင်က တရားနဲ့မလျော်တဲ့အမြင်မို့ .... (မှန်ပါ ဘုရား)။

နဂိုရှိအမြင်ကဖြင့်.... (တရားနဲ့မလျော်တဲ့ အမြင်ပါဘုရား) တရားနဲ့မလျော်တဲ့ အမြင်၊တရားက ရှိတာက တကာတကာမတို့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စ၊ ဖြစ်ပြီးပျက်နေတဲ့ ဒုက္ခ၊ ဖြစ်ပြီးပျက်နေတဲ့အနတ္တ....(မှန်ပါ) မွေးပြီးသေနေတဲ့ အသုဘ၊ တရားက ဒါဘဲရှိတယ်....(မှန်ပါဘုရား)။

တကာ့ဘကာမတွေက မြင်နေတာက လက်မောင်းမြင်တယ်၊ ခြေမြင်တယ်၊ ခေါင်းမြင်တယ်ဆိုတော့ ဒါ တကာကြွယ်တို့ တကာသစ်တို့ဘဲ ဆုံးဖြတ်ချက်ချပါ၊ရှိတာနဲ့ဖြစ်တာနဲ့ တခြားစီ ဖြစ်နေတယ်....(မှန်ပါဘုရား)။

ရှိတာနဲ့ မြင်တာနဲ့ တခြားစီဖြစ်နေတော့ ဓမ္မဿ အနုဓမ္မံ ဆိုတဲ့အတိုင်း တရားနဲ့လျော်တဲ့ သဘောရောက်သေးရဲ့လား.... (မရောက်ပါဘုရား)ဒါဖြင့် ကိုယ့်အမြင်ဟာ အရိယာမျက်လုံး လားတဲ့ စုံလုံးကန်းအမြင်လား.... (စုံလုံးကန်းအမြင်ပါဘုရား)။

ဒါဖြင့် တကာကြွယ် ဒီမျက်လုံးဟာ မမြင်လို့ရှိယင်ဖြင့် သံသရာချဲ့မည့် မျက်လုံးဘဲ .. (မှန်ပါ)အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အရေးကြီးရမည့် တရား အရေးကြီးတဲ့ အမြင်ကို ပြရမှာဖြစ်ပြီးသကာလနေတော့ ဩော်....ဒို့အမြင်ဟာ ဘဝတိုင်းက ကန်းလာတာကိုး.... (မှန်ပါဘုရား)။

ဦးလှဘူး ဘယ့်နှယ်ဆိုပါမလဲ... (ဘဝတိုင်းက ကန်းလာတာ ပါဘုရား)ဘဝတိုင်းက ကန်းပြီးသကာလလာတော့ ဘယ်တော့မှ အရှိနဲ့ အသိနဲ့ဟာဖြင့် ကိုက်ကို မကိုက်ဘူး(မကိုက်ပါဘုရား)။

ဒါဖြင့် အရှိန့် အသိဆိုတာက မြန်မာလိုရှင်းအောင်ပြော တော့ စင်စစ်တရားနဲ့ လျော်တဲ့အမြင်လို့ ဆိုတာပါဘဲ(မှန်ပါ) သဘောပါကြပလား....(ပါ·ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားနဲ့မလျော်တဲ့ အမြင်နဲ့ ကျုပ်တို့နေခဲ့ရတဲ့ အတွက် ဒီခန္ဓာကိုယ်ကြီးကိုဘဲ ဆီသုတ်တဲ့ အဝတ်ကြီးဝတ်ပြီး မည်းလှသော သိုးမွေးကြီး ခြုံနေရတာကို ကျုပ်အဝတ်နဲ့ ကျုပ်သိပ်လိုက်တယ်လို့ ထင်တယ်....( မှန်ပါ ) ဒါကြောင့် သူ့ခန္ဓာကိုယ်ကြီးကို သူစွဲလမ်းတယ် တသံသရာလုံး စွဲလမ်းလာကြတယ်....(မှန်ပါ)။

ဘယ်လောက်ထိအောင် စွဲလမ်းသလဲလို့ မေးယင် ဒီခန္ဓာကိုယ် ကြီးကို စွန့်ရတော့မယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ စွန့် ချင်တဲ့စိတ် လာရဲ့လား....(မလာပါဘုရား)။

မလာတော့ ဒီခန္ဓာကြီးကို ရောဂါတွေ အနာတွေရယ်လို့ မသိတော့ တကာတကာမတို့တ ဥပါဒါန်ဖြစ်နေတယ် (မှန်ပါ) ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ.... ( ဇာတိပါ ဘုရား) ဇာတိပစ္စယာ....(ဇရာမရဏပါဘုရား)။

ဇရာမရဏဘက်ချည့်လှည့်သွားနေတော့ ဩော်.... ဒီခန္ဓာကြီး စွဲလမ်းလို့ နောက်ခန္ဓာဆိုတဲ့ ဇာတိဇရာမရဏတွေ ပြန်ရနေတာ ဘဲဆိုတဲ့ဉစ္စာ အမြင်မှန်မရသေးတော့ စွဲလမ်းတယ်.... ( မှန်ပါ ဘုရား)။

ဩော်.... ဘုန်းကြီးတို့ တကာတကာမတွေ ဒီမျက်လုံးမြင်ဘို့ အရေးဟာဖြင့် တကာကြွယ် တယ်ကြီးပါလား....(ကြီးပါတယ် ဘုရား)။

အားလုံး တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်လာတာသည် ဘယ်အကျိုးငှါတုံးလို့ ကျကျနနတွေးလိုက်တဲ့ အခါကျတော့ ပုထုဇန်မျက်လုံးမှ အရိယာမျက်လုံးအဖြစ်သို့ ပြောင်းလိုလို့ ပွင့်လာတာဘဲလို့ ကျုပ်တို့ကျေးဇူးတင်စရာပါ.... (မှန်ပါ)။

မြန်မာလို ရိုးရိုးပြောစမ်းပါဆိုတော့ အကန်းတွေ ဆေးကု မလို့ ဆေးဆရာ ပေါ်လာတာဘဲ— (မှန်ပါ)ဆေးဆရာ ပေါ် လာတာဘဲဆိုတာ တကာတကာမတွေ ရှင်းသွားပြီ....(ရှင်းသွား ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီဆေးကလဲ သာသနာတွင်းမှ ပေါ်သနော် (မှန်ပါ) အခါတိုင်း ပေါ်တဲ့ဆေးလား- သာသနာတွင်းပေါ်တဲ့ ဆေးလား.... (သာသနာတွင်းပေါ်တဲ့ဆေးပါဘုရား)။

သာသနာတွင်းမှသာ ပေါ်တဲ့ဆေးဖြစ်နေတော့ ဒီဆေး မမှီလိုက်လို့ရှိယင်ဖြင့် အကန်းနေ- နေ၍ အကန်းသေ သေပြီး အကန်းသွား- သွား၍ အကန်းတို့ကျရာ ချောက်မှတပါး ဘယ်မှ ရောက်စရာမရှိဘူး... (မှန်ပါ)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ သာသနာတွင်း ဆေးကိုဖြင့် ကုဖြစ်အောင်ကုပါ၊ ဒါမှ စုံလုံးကန်းအဖြစ်မှမျက်စိ နှစ်ကွင်း အလင်းရတဲ့အဖြစ်ကို ရောက်တော့မပေါ့ဆိုတာ တကာ ကြွယ် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ...(မှန်ပါ)သဘောကျ ကြပလား....(ကျပါပြီဘုရား)။

အေး.... ဒါကြောင့် မလွယ်ဘူး- မလွယ်ဘူးဆိုတာ ဆရာ ကောင်း သမားကောင်းရှာပါဆိုတာ ဦးမာဒင်ရေ ဘုရားသခင်

ကိုယ်တော်မြတ်ကြီး အကြိမ်ပေါင်း ၁၇၉၂-ကြိမ်တောင် ဆရာကောင်းရှာဟ, သမားကောင်းရှာဟ-နဲ့ မဟုတ် မျက်စိအသင်းမှရမှာပူဟ၊ ၁၇၉၂-ကြိမ်မှာတယ်....(မှန်ပါ့)ဘယ်လောက်မှာပါလိမ့်... (၁၇၉၂-ကြိမ်မှာပါတယ်ဘုရား)။

အံမာလေး ကိုယ်တော်ကြီးလွန်လွန်းလှချည့်လား၊ဒါလောက်တောင်ဘဲ မှာရသလားလို့ ခင်ဗျားတို့ကများ အပြစ်တင်ချင်သေးသလားလို့ မေးတော့ တသံသရာလုံးကန်းလာတာသာ အကဲခဲပါတော့ ...(မှန်ပါ့)။

၁၇၉၂-ကြိမ်နဲ့ စာလို့ရှိယင် တသံသရာလုံးနဲ့ စာလို့ရှိယင် မပြောပလောက်ပါဘူး.... (မပြောပလောက်ပါဘုရား)၁၇၉၂-ကြိမ်က နည်းပါသေးတယ် အကန်းသက် ရှည်တာကများပါသေးတယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော် .. ဒါဖြင့် တကာကြွယ် မှာသင့်သဗျာ.... ( မှာသင့်ပါတယ်ဘုရား) အားလုံးတရားနာကြတဲ့ တကာတကာမတွေ မှာပုံထောက်တော့လဲ မဟာကရုဏာတော် ရင်ကြီးပါသားဆိုတာပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဘာတွေပေါ်လာသတုံး.... (မဟာကရုဏာတော်ရင်ကြီးပါဘုရား) ကျုပ်တို့ ခင်ဗျားတို့ဆိုယင်ဖြင့် ဒါလောက်ဘောင်ခနော်သုံးခွန်း ငါမပြောချင်ဘူးဟေ့ လုပ်နေကြမှာဗျ— ( မှန်ပါ့ဘုရား)။

တကာကြွယ် စာပည့်သားမြေးတွေဆုံးမ, အိမ်သူအိမ်သားတွေ ဆုံးမတဲ့အခါကျတော့ တခွန်းပြောလို့ နားထောင်ယင်တော်

ပြီကွာ နှစ်ခွန်းဆိုယင် လွန်ပြီဟေ့၊ သုံးခွန်းဆိုယင် ငါ့- လက် လျှော့ပြီဆိုပြီး တကာကြွယ်တို့ကိုတော့ လက်လျှော့မှာ...(မှန်ပါ ဘုရား)။

ဘုရားက ၁၇၄၂-ကြိမ် လက်မလျှော့ဘဲနဲ့ ပြောနေတာ.... (မှန်ပါ) ဘယ့်နှယ်ကြောင့် ဒါလောက် ပြောရပါလိမ့်မတုံး....၊ အကန်းသက်ရှည်ကြီးတွေ သနားလွန်းလို့....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(အကန်းသက်ရှည်ကြီးတွေ သနားလို့ ပါဘုရား) ကြောက်စရာကောင်းလိုက်တာ ဦးခေါင်ရေ၊ ကျုပ်တို့ ခင်ဗျားတို့ အကန်းသက်ရှည်ကြီးဟာလေ (မှန်ပါ)။

ဩော်... နောက်တုန်းက ငါ့-ဘာဖြစ်ပါလိမ့်မတုံး ဆိုတော့ မျက်စိကန်း တစ္ဆေမကြောက် သွားနေတာဘဲဘုရာ့၊ဘာရယ်လို့ မဟုတ်ဘူး....(မှန်ပါ) ဒါဘဲ တကာကြွယ်တို့ တကာသစ်တို့ အဖြေထုတ်ရဘဲနှုံမယ်....(မှန်ပါ)။

နိဗ္ဗာန်သမ်းဆိုဘာ ဘယ်နေမှန်းမသိဘူးဘုရာ့.... (မှန်ပါ) ကန်းလိုက်တဲ့ဖြစ်ခြင်းမှ တခါတည်း နတ်ပြည်မှာ ဒုက္ခသစ္စာရှိပါ တယ် ဆိုလျက်သားနဲ့ နတ်ပြည်ရောက်ချပါလို၏ .... (မှန်ပါ) ကန်းလိုက်တဲ့ဖြစ်ခြင်း ကဲ....သေချာကြပလား.... (သေချာပါပြီ ဘုရား)။

နတ်ပြည်ရောက်တော့ ဘာသစ္စာဖြစ်မတုံး ... (ဒုက္ခသစ္စာဖြစ် ပါမယ်ဘုရား) အဲဒါ နတ်ပြည်ရောက်ရပါလို၏ဆိုတော့ တကာ ကြွယ်ဘဲ စဉ်းစားပါ၊ ဒါ အကန်းမှ ဟုတ်ရဲ့လား.... (ဟုတ်ပါ တယ်ဘုရား)။

ဖြုတ်မှ ပြည်ရောက်ရပါလိမ့်မယ်ဆိုတော့ ဖြုတ်တွေဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ဒါ- ဆုတောင်းယူတာယ်၊ အဲဒီ ဘက် မရောက် ရောက်အောင် တိုးသွားတယ် သမထတွေလုပ်ပြီး တော့.... (မှန်ပါ့) အင်း.... ဒါဟာ ဘာသွား- သွားတာတုံး ဦးမာဒင်ဘဲ အကဲခတ်ပါ .... ( အကန်းသွား- သွားတာပါ ဘုရား)။

နောက်ဘဝ လူချမ်းသာ ဖြစ်ချင်တယ်ဆိုပြန်တော့လဲ နောက် ဘဝ ဇာတိလာမယ်...(မှန်ပါ့) ဇရာဗျာဓိကော.... ( လာပါမှာ ဘုရား)။

အဲဒါကို ရချင်ပါသေးတယ်ဆိုတော့ ဘာသွား- သွားတာ တုံး...(အကန်းသွား- သွားတာပါဘုရား) ဒီ-ဆေးဆရာကြီးများ မပေါ်ယင်မခက်လား....(ခက်ပါတယ်ဘုရား)။

ဒီ- သံသရာ့ဆေးဆရာကြီး မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးများ မပေါ်လာစင် တကာကြွယ် ခင်ဗျားတို့သွားချင်တဲ့ဆီ သွားနေမယ်... (မှန်ပါ့) မသွားပေဘူးလား.... (သွားပါတယ် ဘုရား)။

ကိုင်း.... ဒါတွေကို အကြောင်းခြင်းရာတွေ သေသေချာချာ ရေရေလည်လည်သိရတော့မှ ဩော်.... အဟုတ်ကန်းနေကာကိုး၊ ဒါကြောင့် ဘုရားက မင်း- မျက်စိနှစ်ကွင်း အလင်းရချင်လို့ရှိ ယင် ဓမ္မာနု ဓမ္မပဋိပတ္တိ အလုပ်- လုပ်ပါဦးကွ၊ မှာတာများ ဦးမာဒင် မှာသင့်- မမှာသင့်....(မှာသင့်ပါတယ်ဘုရား)။

ကိုယ်တော်မြတ်ကြီး ကရုဏာ တကာကြွယ်တယ်ကြီးပါလား (ကြီးပါတယ်ဘုရား) ဆသုရှာပါဆိုတာ ၁၇၉၂-ကြိမ်(မှန်ပါ့)

မျက်စိဖွင့်ပေးမည့် ဆရာရှာကွ....(မှန်ပါ) ဘယ်နှစ်ခါမှာသတဲ့.... (၁၇၉၂-ကြိမ်ပါဘုရား)။

ဒါကြောင့် တကာသစ်တို့ ပြောရတယ် ဩော်.... ဘုရားသခင်ကိုယ်တော်မြတ်ကြီး နှစ်ခွန်းမပြောတဲ့ ကိုယ်တော်မြတ်ကြီးက ၁၇၉၂-ကြိမ်မှာတာ ကရုဏာတော် ကြီးပါပေတယ် ဆိုပြီးသကာလ ကျုပ်ဘို့ရှိခိုးထိုက်ပါတယ်....(မှန်ပါ)မရှိခိုးထိုက်ဘူးလား.... (ခိုးထိုက်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒီအကန်းဇာတ်ဟာ ဆရာမရှာလို့ရှိယင် ဒီအကန်းဇာတ်နဲ့ဘဲ အကန်းနဲ့မွေးပြီး, အကန်းနဲ့နေပြီး, အကန်းသေ- သေကြ၊ နောက်ဘဝ ရောက်ပြန်တော့လဲ ဒီအကန်းကလဲ မဖွင့်ဘဲနဲ့ သွားပြန်ရတော့ တကာသစ် အကန်းကလေး မွေးလာဦးမှာဘဲ....(မှန်ပါ)။

ဘယ့်နှယ်နေပါမလဲ .... ( အကန်းကလေး မွေးလာမှာပါဘုရား) ဒါဖြင့် အကန်း ဆင်ပြသလိုဖြစ်နေပြီ....(မှန်ပါဘုရား) အကန်းဆင်ပြတယ်ဆိုတော့ သူတို့က စမ်းကြည့်မှ သိတာဖြစ်နေတော့ အကန်းတွေ ရှင်ဘုရင်ကခေါ်ပြီး ဆင့်ဆိုတာသိရအောင် မင်းတို့ စမ်းကြည့်ကြဟော့.... ဆိုတော့ အကန်း တယောက်က ဆင်၏ ရှေ့ခြေထောက် စမ်းကြည့်တယ်၊ ပြီးတော့ နောက်ဆုတ်တယ်....(မှန်ပါ)။

တယောက်သော ပုဂ္ဂိုလ်ကတော့ ဗိုက်ကိုစမ်းကြည့်တယ်၊စမ်းကြည့်ပြီး ဆင်ဆိုတာ ဒါကိုးဆိုပြီး သူနောက်ဆုတ်တယ်(မှန်ပါဘုရား)။

တယောက်သော ပုဂ္ဂိုလ်က အမြီးကို စမ်းကြည့်တယ်_၊ ဩော်.... ဆင်ဆိုတာ ဒါကိုးလို့ ဒီလိုဘဲ သူ·နောက်ဆုတ်တယ် (မှန်ပါဘုရား)။

ဒါနဲ့ အရှင်ဘုရားက ကဲ....ဆင်တွေ့ဘူးကြပလားမေးတော့ တွေ့ဘူးပါပြီ တဲ့၊ ပြောစမ်းဆိုတော့ ဆင်ဆိုတာ တိုင်ကြီးနဲ့ တူတယ်....တဲ့....(မှန်ပါ) ကဲ.... အကန်းပြော,ပြောချလိုက်တယ် (မှန်ပါ)။

တိုင်ကြီးနဲ့တူတယ်ဆိုတော့ မှန်ကြရဲ့လား· မြင်တဲ့ပုဂ္ဂိုလ်က စဉ်းစားတော့လေ...(မမှန်ပါဘုရား)။

တယောက်သောပုဂ္ဂိုလ်မေးတော့ ဆင်ဆိုတာ စဉ့်အိုးကြီး လိုဘဲဆိုတဲ့၊ ဗိုက်စမ်းမိတဲ့ပုဂ္ဂိုလ်က ဆင်ကို စဉ့်အိုးလိုဘဲတဲ့ — (မှန်ပါ) စွဲမိစွဲရာ ကိုယ်စမ်းမိစမ်းရာ....(မှန်ပါ)။

တယောက်သောပုဂ္ဂိုလ်က အမြီးစမ်းမိတော့ မင်းက ဆင်ဆိုတာ ဘယ်နှယ်နေသတုံး ပြောစမ်းလို့ ရှင်ဘုရင်ကမေးတော့ ဆင်ဆိုတာ တံမြက်စီးနဲ့တူတယ်တဲ့....(မှန်ပါ) ဒီတော့ တကာ တကာမတို့ ဘယ်သူမှန်သတုံး.... ( ဘယ်သူမှ မမှန်ပါဘုရား ) အဲ.... ခင်ဗျားတို့ကလဲ နောက်တုန်းက ဆင်ကို တံမြက်စီးလုပ် လာတဲ့ လူချည့်ဘဲမှတ်ပါ...(မှန်ပါ) ရှင်းကြပသား— (ရှင်းပါပြီဘုရား)။

အံမာလေး.... ကြောက်စရာကောင်းလိုက်တာမှ မပြောပါနဲ့ တော့ တကာကြွယ့်ရာ—(မှန်ပါ) ဒီ သုတ်ကို ဘုရားက ဟော တော်မူခဲ့တယ်—(မှန်ပါ)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဆင်၏ တကိုယ်လုံး မြင်ရမှလဲ ဆင်အကြောင်းသိမှာပေါ့.... ( မှန်ပါ့ ) ဟိုစမ်း, ဒီစမ်းနဲ့ ဆိုယင်ဖြင့် မျက်စိကန်း စမ်းတော့ ကိုယ်ထင်ရာ ကိုယ်စွပ်ပြီး သကာလ ပြောခနတယ် ယုံကြည်နေတဲ့ အမိပ္ပါယ် မရောက်ပေဘူးလား...(ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတွေက ခန္ဓာကိုယ်ကြီး "အာရောဂျံ ပရမံ လာဘာ" ဆိုတော့... ကျုပ်က အရွယ် ကလေးကလဲ ကောင်းသေးတော့ လူကလဲ ကျန်းမာသေးသကိုးဗျ၊ ဒါ့ကြောင့် ကျုပ်ဟာ လုပ်နိုင်, ကိုင်နိုင်သေးတယ် ဆိုတော့ ရောဂါတာနဲ့တော့ ကွာသွားပြီ... (ကွာသွားပါပြီဘုရား) ဂဏ္ဍတာနဲ့ကော (ကွာသွားပါပြီဘုရား) ရောဂါအပြည့်ပါကွ၊ အနာတွေ အပြည့်ပါကွ လို့, ဘုရားက ဟောထားတယ်၊ သူက ကျန်းမာတယ် ဆိုပြီးသကာလ စမ်းမိစမ်းရာ စမ်းပြီးပြောနေတာ... (မှန်ပါ့) မပြောဘူးလား... (ပြောပါတယ်ဘုရား)။

အဲဒါလောက်ကျအောင် ခင်ဗျားတို့ ကျုပ်တို့ အရှုပ်ဆိုးတာကိုလဲ ဒီလို တရားထူး,တရားမြတ်တွေကို အဓိပ္ပါယ်နဲ့တကွ သိရမှ ဦးမာဒင်,ရေ....ကိုယ့်အကြောင်း ကိုယ်သိတယ်....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ကိုယ့်ကိုယ်,ကို ငယ်ငယ် တုန်းက ကျုပ် သိပ်ကျန်းမာတာဗျ၊ အခုသာ နည်းနည်းမကျန်းမာတာ၊ မျက်လုံးက ရှေးတုန်းက သိပ်ကြည်တာဗျ- မျက်မှန်တွေ ဘာတွေ မလိုပါဘူး တကာကြွယ်တို့က ပြောချင် ပြောနေကြမှာ.... (ပြောခဲ့ပါတယ်ဘုရား)။

ကျုပ်က အင်မတန် အန္တရာယ်ကင်းတာဗျ-အစရှိသည်နဲ့အနာ မမြင်ဘူးတော့ အနာတွေ အပြည့်ဆိုတာ မမြင်တော့ ကျုပ်က အင်မတန် အန္တရာယ်ကင်းတဲ့လူ...လို့ ပြောချင် ပြောနေမှာ... (ပြောမှာပါဘုရား)။

အခု တရားနာတဲ့ပုဂ္ဂိုလ်တွေ မေးကြည့်ပြန်လဲ ဝိပဿနာ မလုပ်သေးတဲ့ပုဂ္ဂိုလ် မေးကြည့်မယ်ဆို ဘယ့်နှယ်ကြောင့် တုံး။ အို...ကျန်းမာလို့ လာနိုင်တာပေါ့ဗျ၊ တပြိုင်တည်း ဖြေမှာဘဲ.... (မှန်ပါဘုရား) တပြိုင်တည်းဖြေမှာဘဲဆိုတာ ထင်ရှားပါတယ်.... (မှန်ပါ)။

ဒါ...အရိယာမျက်လုံး မပါသေးလို့ ရှိယင်ဖြင့် ရောဂတော့, ပဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတောဆိုတဲ့ ငါး ချက်ကို မျက်စိနှစ်ကွင်း အလင်းမရလို့ ရှိယင် ဒီတော့ ငါးခု မသိပါဘူးကွာ. တဲ့.... (မှန်ပါ)။

မင်းခန္ဓာကိုယ်ထဲမှာ ရောဂါလဲရှိတယ်၊ အနာလဲရှိပါတယ်၊ ကြောင့်တံသင်းတွေလဲ စူးနေပါတယ်၊ ဘာမှ အသုံးမကျတာ တွေလဲ စုနေပါတယ်၊ အာဗာဓတော...တဲ့ အနာမျိုးစုံလဲ ရှိပါ တယ်....(မှန်ပါ)။

အဲဒါ မင်းသည်ကားလို့ဆိုယင် မဂ္ဂါနုဓမ္မပဋိပတ္တိ အလုပ်ကို မလုပ်သေးသ၍ကာလပတ်လုံး မျက်စိနှစ်ကွင်း အလင်းမရသော ကြောင့် " အာရောဂျံ ပရမံ လာဘံ " ဆိုယင် မင်းကိုယ် ကြီးမင်း ပုတ်ပြနေတာ ငါ·ယုံပါတယ်ကွ၊ အကန်းပြော- ပြော နေတာပါ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ရှေးတုန်းက အမြင်တွေနဲ့ဖြင့် သိပ် ကွာခြား တယ်.... ( ကွာခြားပါတယ်ဘုရား ) အခု ကိုယ်တိုင် ဝိပဿနာ ထိုင်ကြည့်တော့မှ ဘယ်အချိန်အနာဆောင်းကြသတုံး...(မကင်းပါ ဘုရား)။

ဟိုက ယားလိုက်, ဒီက နာနေလိုက်၊ ခင်ဗျားတို့က ထမင်း စားဘို့ရာ ခွေးကို အို့...အို့....လို့ခေါ်လိုက်တယ်၊ ထမင်းခွက် ကလေးကိုင်ပြီး၊ ခွေးက အယားဖျောက်တုန်း ရှိသေးတယ် ၊ ဒီခွေးများ တယ်ခက်ပါလား၊ အနာပေါ် - ပေါ်လွန်းလှ တယ် တကိုယ်လုံးက ဝဲချည့်ကိုး၊ ခွေးများ ကွဲရဲ့နေလိုက်ဘာ.... (မှန်ပါ)။

ခင်ဗျားတို့ ထိုင်နေတဲ့အခါကျတော့ ဟိုပြောင်း ဒီပြောင်းနဲ့ ခွေးနေရာမရသလို ဘာဖြစ်တာတုံးမေးယင် ဘယ့်နှယ်ဖြေကြ မလဲ.... (အနာပေါ်တာပါဘုရား) ရိပ်မိပါလား.... (ရိပ်မိပါပြီ ဘုရား)။

ဒီအတိုင်းဘဲ တကာတကာမတို့ ဆောဂါက ဘယ်သူမှ မကင်း ဘူး....' (မှန်ပါဘုရား) တော်တော်ကြာ ဒီဘက်က ကြင်လိုက်, ဟိုဘက်က ကိုက်လိုက်· ဒီဘက်က ခဲလိုက်· ဒီဘက်က တံတွေး ထွေးချင်လိုက် ဟုတ်လား... (မှန်ပါ)။

ဒီဘက်က နားထဲက ယားလိုက်၊ ခေါင်းခေါက နေပြီး သကာလ ရှရှ·ရှရှဖြစ်လိုက်၊ အောက်ကြမ်းတွေက ပူပြီးသကာလ အသားတွေက ပူပြီးရွှေ့လိုက်၊ အာတက်ကလေးတွေက ချွေးတွေ လူးနေလို့ ကပ်နေတဲ့အခါ ခွါလိုက်....(မှန်ပါ) ဘာဖြစ်တာတုံး

ခွေးနေရာမရသလိုဖြစ်တာဘုရား—(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် တောက်လျှောက် သွားနိုင်ရဲ့လား.... (မသွားနိုင်ပါဘုရား) အိပ်ပေါ်မှာ တော်တော်ကြာ အိပ်ရာပေါ်ကနေပြီး ကုလားထိုင်ပေါ်ရွှေ့ပြန်ပြီ၊ကုလားထိုင်ပေါ်ကနေပြီး သင်ဖြူးကလေးခင်းပြီး ကြမ်းပေါ်ရွှေ့ပြန်ပြီ-(ရွှေ့ပါတယ်ဘုရား) ကြမ်းပေါ်ကနေပြီး ကြမ်းပေါ်မှာအနာရလာပြန်တော့ ကိုက်တယ်ခဲတယ်နဲ့ ကုလားထိုင်ပေါ်ရှိပြန်ပြီ...(မှန်ပါ)။

ဟာ—နေရာမရပြန်ဘူး ဘာဖြစ်တာတုံးမေးယင် တကာကြွယ် ဖြေတတ်ပလား— (ရောဂါရတာပါဘုရား) ရှင်းသွားပလား....(မှန်ပါ) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အိမ်တွေရောက်ပြီးကြည့်လိုက်လို့ ရှိယင်ဖြင့် နေရာအမျိုးမျိုး ဘာဖြစ်လို့ ထားတာတုံး၊ အနာမျိုးစုံ တပည့်တော်တို့မှာရှိတော့ နေရာအမျိုးမျိုးနဲ့ ကုသရတယ်.. (မှန်ပါ)။

အိမ်ပေါ်မှာ ကုလားထိုင်အမျိုးမျိုးနဲ့ ခင်ဗျားတို့က ဩဇာသူက ပိုက်ဆံရှိလို့ထားနိုင်တာ၊ ဆိုဖါကြီးတွေဟာ ခုနစ်ရာတန်၊ တစ်ထောင်တန်တွေ.... (မှန်ပါ) မဟုတ်ဘူး အနာပေါက်လိမ့်ဦးမယ်၊ ရွှေ့ဘို့ လုပ်ထားရတာ— (မှန်ပါ) ရိပ်မိလား.... (ရိပ်မိပါပြီဘုရား)။

ဘာလုပ်ဘို့တုံး....(အနာပေါက်လို့ ရွှေ့ဘို့ပါဘုရား) အနာပေါက်လို့ ရွှေ့ဘို့လုပ်ထားရတဲ့ဥစ္စာ၊ သို့သော်လဲ ဒါက ဖေါ်

ပြောလို့သာ တကာကြွယ်က သိတာကိုး(မှန်ပါ) တကာကြွယ်တို့လို ဦးမာဒင်တို့လိုဆိုယင် ဒါ အိမ့်ကြက်သရေဘုရား (မှန်ပါ) အံမာလေး...ဖြစ်မှ ဖြစ်ရသလေ ကိုယ့်အနာကိုယ်ပြန်မကြည့်ဘူး အိမ့်ကြက်သရေတဲ့....(မှန်ပါဘုရား)။

တကာကြွယ် ဒီဟာတွေထားတာ နဂိုရ်တုန်းက ခင်ဗျားတို့နဂိုရ်တုန်းကတော့ အနာပေါက်လို့ ရွှေ့ဘို့လို့အောက်မေ့ရဲ့လား....(မအောက်မေ့ပါဘုရား)ဘာများ အောက်မေ့နေသလဲ (အိမ့်ကြက်သရေလို့ အောက်မေ့ပါတယ်ဘုရား)။

အံမာလေး....လူနာသည် ရွှေ့နေတာကြီး အိမ့်ကြက်သရေလုပ်နေယင်ဖြင့် ခက်ပါသေးရဲ့ဗျာ....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဟာတွေ ပြောင်းစရာတွေ ထားရတာတုံး အိပ်ဘို့နေရာကတမျိုး၊ လေညှင်းခံဘို့နေရာက တမျိုး၊ ကုလားထိုင်နဲ့ နေဘို့နေရာက တမျိုး၊ ထမင်းစားတဲ့ နေရာကတမျိုး၊မီးဖိုချောင်ကတမျိုး တကာကြွယ် အိမ်ရှုပ်ဘဲ ရှုပ်လွန်းလှတယ် ....(မှန်ပါ)ဘယ့်နှယ်ကြောင့်တုံးဗျ ဆိုလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(အနာပေါက်ယင် ရွှေ့ဘို့ပါဘုရား)။

ဆာတဲ့အနာပေါက်တော့ ထမင်းအိုးချောင်မပါယင် မရဘူးဗျ....( မှန်ပါ ) ညောင်းနာ, ကိုက်နာတွေ လာပြန်တော့ ကုလားထိုင်မပါယင်....(မရပါဘုရား)ကုလားထိုင်ပေါ် ထိုင်ရင်းမတွန့်, အကြောတွေ ဘာတွေက တောင့်လာပြန်တော့ကော အိပ်ရာမပါယင်ကော....(မရပါဘုရား)။

အိပ်ချည့်နေတော့လဲ စင်းစင်းကြီး နေရတာ တောင့်လာ တောင့်လာပြန်တော့ စောင်းစရာကလေး ပါအောင်ကော... (ထားရပါတယ်ဘုရား) ခေါင်းကို ဒီအတိုင်းထားပါတော့လား ဆိုလို့ရှိယင်လဲ ခေါင်းအုံးကနိမ့်သလေး- မြင့်သလေးနဲ့ ရှုပ် လာပြီ... (မှန်ပါ့ဘုရား)။

ခေါင်းနာက ကြွလာပြန်တော့ ခေါင်းအုံးအမျိုးမျိုး လဲရ တယ်...(မှန်ပါ့) ဘယ်မှာတုံး ခင်ဗျားတို့ဟာ ခင်ဗျားတို့ပစ္စည်း တွေ ဘာလုပ်ဘို့လဲ အနာကုဘို့တွေ (မှန်ပါ့ဘုရား)။

ဘာလုပ်ဘို့ဘာလိမ့်....(အနာကုဘို့ပါဘုရား) ဒါကို တကာ ကြွယ်တို့ ဦးမာဒင်တို့က ဂုဏ်မျှားယူနေလိုက်သေးတယ်(မှန်ပါ့) ဒို့မှာ အကြောင်းညီညွတ်လို့၊ဒီပစ္စည်းတွေဘယ်အိမ်မှမရှိဘူးကွ ဒို့တအိမ်ရှိတာနဲ့ လုပ်ချင်လုပ်နေသေးတာ .... (မှန်ပါ့ဘုရား)။

အံမာလေး... ဖြစ်မှ ဖြစ်ရလေတကာကြွယ်ရေ ဂုဏ်မယူသင့် တာ ဘယ့်နှယ်တုံး .... (ဂုဏ်ယူပါတယ်ဘုရား) စင်စစ်တော့ဖြင့် လူနာပြောင်းဘို့ နေရာတွေဆိုတာလွဲသလား... (မလွဲပါဘုရား)။

အဲဒါ ဂရုတော သဘောကျလာတော့ ဩော် ဒါတွေဟာ ဘာအကျိုးငှာ ထားဘာပါလိမ့်မတုံးလို့ ဆိုလို့ရှိယင်ဖြင့် ဆေး ရုံးပါမှာ လူမမာသက်သာတဲ့နည်းနဲ့ နေရအောင်လို့ ...(မှန်ပါ့ ဘုရား)။

အိမ်ကြီးက ဆေးရုံ, တိုက်ကြီးက ဆေးရုံပေါ့...( မှန်ပါ့ ) အတွင်း ပရိဘောဂတွေကလူမမာသက်သာဘို့ထားတယ်(မှန်ပါ့) ဒါဖြင့် ဒီအိမ်မှာ လူမမာ ဘယ်လောက်များသတုံး ဆိုတော့ တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ)တအိမ်လုံးပေါ့- (မှန်ပါ့ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ...(တအိမ်လုံးပါဘုရား)ဩော်.... ခင်ဗျားတို့ တအိမ်လုံးဆုတောင်း ပြည့်နေကြတာကိုး လူမမာ ချည့်ဘဲဆိုတာက အခုဖေါ်ပြောမှသိတယ်...(မှန်ပါဘုရား)။

ကုဋ္ဌိ- အိမ်သာကလေးတွေ ထားတာကလဲ တကာကြွယ် ဘာလုပ်ဘို့တုံးဗျ....(လူမမာသုံးဘို့ပါ) ဝမ်းထဲကမမာယင် အဲဒီ သွားစွန့်ရမယ်....(မှန်ပါဘုရား)။

ကျင်ငယ်အိမ်ကလေးတွေ ထားတာကလဲ ဘာလုပ်ဘို့တုံး၊ လူမမာကဘို့ထားရတာဘဲ... (မှန်ပါ)ဒါဘဲ တကာကြွယ်တို့က ကျုပ်တို့က ကြွေအိုးနဲ့ ဘာနဲ့ဆိုတော့ ဟုတ်သလိုလိုထင်နေ သေးတယ်...( မှန်ပါ )စင်စစ် ဘာမှမဟုတ်ဘူး သူ့ဟာက .... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး.... တကာတကာမတွေက အနာရှိလို့လဲ ရှိမှန်း မသိဘူး၊ ရှိပြန်တဲ့အနာတွေနဲ့လဲ ကြွားလုံးထုတ်တယ်(မှန်ပါ) ခုနင်က ဆီချေးတွေသုတ်ထားတဲ့ အဝတ်ကြီးဝတ်ပြီး မျက်လုံး ကန်းတဲ့လူက ကျုပ်အဝတ်နဲ့ ကျုပ် မလိုက်ဘူးလား ဗျာလို့ လူတွေထဲလည်ပြီး အော်သလိုဖြစ်နေတယ်(မှန်ပါ) တကာကြွယ် ဒီအတိုင်းမကျဘူးလား...(ကျပါတယ်ဘုရား)။

ဒါဖြင့် မျက်လုံးဘာဖြစ်နေသတုံး (ကန်းနေပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါ ဓမ္မာနုဓမ္မပဋိပတ္တိအကျင့် မကျင့်ရသေးလို့ရှိယင်ဖြင့် ဒီကြွားလုံးဟာ တကာကြွယ်လဲပျောက်မှာမဟုတ်ပါဘူး(မှန်ပါ) ဦးမာဒင်ကော....(မပျောက်ပါဘုရား)။

အို .... ဘယ်သူကကြွားတာတုံး- ပြောပါဦး ဂုဏ်မသိမ်ပါဘူးဗျ၊ ဘယ်သူက ကြွားတာတုံး- အကန်းကကြွားတာ(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အကန်းက ဘယ်အထဲမှာကြွားသတုံး မေးတော့မှ အကန်းတောထဲကြွားတယ်....(မှန်ပါ)ဘယ်အထဲကြွားသတုံး....(အကန်းတောထဲကြွားပါတယ်ဘုရား)။

ဖြစ်မှ- ဖြစ်ရပလေဗျာ၊ ဂုဏ်တော့မတက်ပါဘူး တကာကြွယ်ရေ... (မှန်ပါ)တက်သေးရဲ့လား .... ( မတက်ပါဘုရား ) ကြွားရတာက ဘယ်အထဲတုံး....( အကန်းတောထဲပါ )အကန်းတောထဲမှာ အကန်းလူကြီးမင်းက ကြွားတာလား....( မှန်ပါ ) အံမာလေး... ကြောက်စရာကြီးပါလား.... မှန်ပါ့ဘုရား)။

တကာသစ်ရေ- ဘုရားသာမကယ်ယင် ကျုပ်တို့သည်ကားလို့ဆိုလို့ရှိယင် အကန်းဘဝင်မြင့်ဖြစ်နေဦးမယ်... ( မှန်ပါ )မဖြစ်ဘူးလား....(ဖြစ်ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်- မလုပ်သေးသ၍ကာလ ပတ်လုံးဟာ အကန်းဘဲ မင်းမူလိမ့်ဦးမယ်....(မှန်ပါဘုရား)။

ဘယ်လိုဆိုကြမယ်(အကန်းဘဲမင်းမူမှာပါဘုရား) မြှောက်တဲ့ပုဂ္ဂိုလ်ကလဲ အကန်း၊ ကြွတဲ့ပုဂ္ဂိုလ်ကလဲ ... (အကန်းပါဘုရား) ဖြစ်မှ- ဖြစ်ရပလေလို့ ပြောထိုက်- မပြောထိုက် — (ပြောထိုက်ပါတယ်ဘုရား)။

မြှောက်တဲ့ပုဂ္ဂိုလ်က....(အကန်းပါဘုရား)သြော် ....ခင်ဗျားတို့တော့ ကာမာဝစရရှိတော့ ဘာမဆို လိုတ-ရသကိုး (မှန်ပါ)

အင်းမြှောက်ပြန်ပြီ.... ( မှန်ပါ ) ဘယ်သူကမြှောက်ပါလိမ့် .... (အကန်းကမြှောက်ပါတယ်ဘုရား)။

လိုတ ရဆိုလဲကွာ ကိုယ့်အကျိုးပေးကလေးက အကြောင်းညီညွတ်လို့ပါ၊ အဲဒီတော့ဖြင့် လူနဲ့သူနဲ့တူအောင် ထားလိုက်ရတော့တာဘဲတဲ့၊ ဘယ်လူနဲ့တူအောင်တုံး — (အကန်းနဲ့တူအောင်ပါ) ရိပ်မိသလား....( ရိပ်မိပါပြီဘုရား ) အံမာလေး.... အကန်းချင်းတူအောင် လုပ်ရတာ...(မှန်ပါဘုရား)။

တကာကြွယ်ရေ....ဒီတရား မနာဘူးသေးသ၍ ဓမ္မာနုဓမ္မပဋိပတ္တိကို မသိသေးသ၍ကာလပတ်လုံး ဒီကြွားလုံးနဲ့ဘဲ ကြွားလုံးကတကျော ဥပါဒါန် ကံ....(မှန်ပါ) တကျော ဥပါဒါန် ကံဆိုတော့တာယကံ ဝဋ်ကံတွေနဲ့ မဝဲသပေဘူးလား·(ဝယ်ပါတယ်ဘုရား) ကမ္ဘာဝပစ္စယာ....(ဇာတိပါဘုရား)။

ဟင်...ဒါဖြင့် သူ့အကန်းသည်ကားလို့ဆိုလို့ရှိယင် အကန်းတော မြန်ရောက်ပြန်ပြီ... ( မှန်ပါ ) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

·အဲဒါတွေ ဉာဏ်ထဲရောက်တော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရွှေနန်းသုံးဆောင်က စွန့်လာတယ်ဆိုတာ ဦးမာဒင် စွန့်ထိုက်လို့စွန့်ဘာ....( မှန်ပါ ) ရွှေအိုးကြီးလေးလုံးဟာ တယူဇနာပတ်သည်ရှိတာကြီးတွေ စွန့်နိုင်မစွန့်နိုင်ကော ...(စွန့်နိုင်ပါတယ်ဘုရား) ယသောဓရာ အမျိုးရှိသော မောင်းမပေါင်းများစွာနဲ့ စီးစိမ်ဘွေကိုလဲ တကာကြွယ် စွန့်နိုင် မစွန့်နိုင် .... (စွန့်နိုင်ပါတယ်ဘုရား) အဲဒါ ရောဂတော, ဂဏ္ဍတောဆိုတာ သူ မြင်တော်မူလာတယ်....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ ကိုယ့်ဟာကလေးနဲ့ ကိုယ့်ငါးချဉ်- ကိုယ်ချဉ်ပြီးသကာလ တကာကြွယ်တို့က ဘာမှ မစွန့်နိုင်သေးပါဘူး....(မစွန့်နိုင်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာမျှား စွန့်နိုင်သတုံးမေးတော့....(မစွန့်နိုင်ပါဘုရား)ပါရမီသေးနုတ်တယ်တဲ့၊ ပါရမီချမနေနဲ့ မျက်လုံးချ.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နဂိုရ်က ချနေတာက ဘာချနေကြသလဲ.... (ပါရမီချနေပါတယ်ဘုရား) စင်စစ်ဘာတုံး....(မျက်လုံးပါဘုရား) မျက်လုံးကအမှန်မမြင်သေးလို့ပေါ့၊ ဆေးရုံကြီးဟာ လူမမာတို့၏ကိုရိယာဟုတ်လား....(မှန်ပါ့)။

ကိုယ့်ကိုယ်က လူနာ၊ လူနာအဖြစ်မှလွတ်အောင် လုပ်ပါတော့မယ်၊ ဒီလူနာပစ္စည်းတွေနဲ့ မစီးချင်ပါဘူးဆိုတာ စွန့်ကြမှာဘဲ....(မှန်ပါ့)။

အခုတော့ ကိုယ့်အကြောင်းကိုက ကောင်းကောင်းကမျက်စိနှစ်ကွင်းက အလင်းမရသေးတော့ တကာကြွယ်ရေ ဥပါဒါန်ကလေးကရှိနေတယ်.... (ရှိပါတယ်ဘုရား) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

အဲ.... ဥပါဒါန်ကလေးတွေရှိနေလို့ ဒါ အိမ့်ကြွက်သရေ, ရွာ့ကြွက်သရေ, မြို့ကြွက်သရေ, ကိုယ့်ကြွက်သရေနဲ့ ဆိုပြီး ဥပါဒါန်ကလေးတွေကြောင့် ဒီလူနာပစ္စည်းတွေကိုလဲ ဝယ်နိုင်တယ်, ခြမ်းနိုင်တယ် သူများမပေးနိုင်တယ်, မစွန့်နိုင်တယ်၊ ဒါ

တွေ သာယာနေတယ်ဆိုတာကိုလဲ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတာလို့ မှတ်ရမယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာပေါ်လာတာတုံး .... ( ပဋိစ္စသမုပ္ပါဒ်ပေါ်လာတာပါဘုရား) ဘယ်သူ့မှာ ပေါ်လာတာတုံး အကန်းမှာ ပေါ်လာတာ...(မှန်ပါ) အံမာလေး လျှော့စျေးလုပ်မနေနဲ့ ခင်ဗျားတို့ (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါတွေ မစွန့်နိုင်တာက နဂိုရ်က ကန်းတော့ လူနာ့ပစ္စည်းလို့ သိသေးရဲ့လား....(မသိပါဘုရား) မသိတော့လဲ ဥပါဒါန်ရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ဥပါဒါန်ရှိတော့ တကာတကာမတို့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဖြစ်လာတယ်....(မှန်ပါ) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဒါတွေဟာ ဇာတိပဋိသန္ဓေရှိကြောင်းတွေလို့ သိရဲ့လား.... (မသိပါဘုရား) ဘယ့်နှယ်ကြောင့် မသိတာပါလိမ့်....(ကန်းလို့ မသိတာပါဘုရား)။

အဲဒါကြောင့် ဘုရားက ဟော့....မျက်စိနှစ်ကွင်း အသင်းရ အောင်ကုပြီးမှ မင်းသည်ကားလို့ဆိုယင် အနာရှိတယ် မရှိဘူး ဆိုတာ သိလိမ့်မယ်ကွ.. (မှန်ပါ)မာဂဏ္ဍိပုဏ္ဏားကြီး ဟောဘာ များ တကာသစ် ဟောထိုက်- မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် ကျုပ်တို့ ဘကာ တကာမတွေလဲ နဂိုရ်တုန်းက မွေးလာတာတော့ အကန်းဘဲ တကာကြွယ်ရေ(မှန်ပါ)

အခုအချိန်မှာ အလင်းရအောင် ပြင်နိုင်ကြလို့ ရှိယင်ဖြင့် ဦးမာဒင်တို့ တကာသစ်တို့ အဘိုးတန်ပြီ...(မှန်ပါ)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါလဲ သာသနာတွင်း ဆေးနဲ့ကုမှနော်...(မှန်ပါ)သာသနာတွင်းဆေးနဲ့ မကုဘူးဆိုယင် ပျောက်ပါ့မလား....(မပျောက်ပါဘုရား)။

အဲဒီတော့ ကိုယ့်ပါရမီတွေ ဘာတွေချမနေနဲ့တော့ သာသနာတွင်းရောက်ကတည်းက ဒီဆေးနဲ့တွေ့ပဟ ... (မှန်ပါ) ဒီဆေးနဲ့တွေ့ယင် မျက်စိနှစ်ကွင်း အလင်းရမယ်၊ အလင်းရလို့ရှိယင် ဥပါဒါန်ချုပ်ပြီ ..(မှန်ပါ)။

ဥပါဒါန်ချုပ်ယင် ကံကော....(ချုပ်ပါတယ်ဘုရား) ကံချုပ်ယင် .... (ဇာတိချုပ်ပါတယ်ဘုရား) ဇာတိနိရောဓေါနိဗ္ဗာန်...ဇာတိနိရောဓေါ...(နိဗ္ဗာန်ပါဘုရား) မရဏနိရောဓေါ....(နိဗ္ဗာန်ပါဘုရား)။

ဩော်....ဒါဖြင့် ကျုပ်တို့ မျက်စိနှစ်ကွင်း အလင်းရလို့ရှိယင်ဖြင့် ဒါတွေ မစွဲလမ်းဘူး၊ မစွဲလမ်းလို့ရှိယင်ဖြင့် ဥပါဒါန်ချုပ်တယ်....(မှန်ပါ)။

ဥပါဒါနနိရောဓါ ဘဝနိရောဓေါ... (မှန်ပါ) ဘဝနိရောဓေါ (ဇာတိ နိရောဓေါပါဘုရား) ကိုင်း....တကာသစ် မျက်စိနှစ်ကွင်း အလင်းရတော့ စွဲသေးသလား....(မစွဲပါဘုရား) ကိုယ့်ခန္ဓာလဲ စွဲသေးသလား....(မစွဲပါဘုရား) ပရိဘောဂတွေကော-(မစွဲပါဘုရား)။

မစဲ့တော့ တကာကြွယ် ဘယ်သူက စ,ချုပ်သတုံးဗျာ... (ဥပါဒါန်က စ,ချုပ်ပါတယ်ဘုရား) ဥပါဒါန်က စ,ချုပ်တော့ ကျန်တာတွေ ဦးမာဒင် ချုပ်စရာလိုသေးသလား.... ( မလိုပါဘုရား) ဥပါဒါန်ချုပ်ကတည်းက ကံချုပ်....(မှန်ပါ) ကာယကံ ဝစီကံတွေနဲ့ လုပ်ဖြစ်သေးရဲ့လား... (မလုပ်ဖြစ်ပါဘုရား)။

အဲဒါကြောင့် ကမ္မဘဝပစ္စယာ ဇာတိဆိုတာ ဒီဘဝကာယကံ ဝစီကံ ဇာတ်သိမ်းကတည်းက နောက်လာလတ္တံ့ဖြစ်တဲ့ ဇာတိ ဇရာမရဏလဲ တကာသစ် ဘာတုံး....(ချုပ်ပါတယ်ဘုရား)ဇာတ် သိမ်းတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် တကာ တကာမတို့ မျက်စိနှစ်ကွင်းအလင်းမရ သေးတော့ ခန္ဓာကိုယ်ကြီးကိုလဲ ရောဂါရှိတယ်လို့ မထင်....၊ ဆောဂါကုစရာ ကုလားထိုင်တွေနဲ့ တကွဆိုဖါအမျိုးမျိုးတွေကိုလဲ မြော်.... ဒါတွေဟာ လူနာကုစရာတွေဘဲ ကြက်သရေမရှိပါ ကလားလို့ မလာသေးဘူး...(မလာသေးပါဘုရား)။

မလာသေးဘူး တခါတည်း ညှော်ကောင်း,စောင်ကောင်းလာ ယင် ဒီနေရာပို့၊ ပြန်သွားတဲ့အခါကျတော့ အပေါ်ကအဝတ်က လေး ဖုံးထား....(မှန်ပါ)။

အံမာ... အင်မတန် ကြက်သရေရှိနေတာ သူ့ဟာနဲ့သူ ဟုတ်နေတာကိုး.... (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

အံမာသေး ဒါ ဘာဖြစ်လို့ ဒီဥစ္စာ ဒါလောက် သာယာနေ ပါလိမ့်မတုံး ဆိုလို့ရှိယင် တကာကြွယ် ပေါ်ပလား (ပေါ်ပါ ပြီဘုရား) ဥပါဒါန်ချုပ်လို့....(မှန်ပါ)။

သူ့အပြစ်မမြင်သေးတော့....(သာယာပါတယ်ဘုရား)အပြစ်မမြင်သေးတော့ ဘာဖြစ်သတုံး....(ဥပါဒါန် ဖြစ်ပါတယ်ဘုရား) ဥပါဒါနပစ္စယာ(ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ.(ဇာတိပါဘုရား)။

ဪ...ဒါဖြင့် ခင်ဗျားတို့အိမ်မှာရှိတဲ့ ပစ္စည်းတွေ အပြစ်မမြင်သေးယင်လဲ ဥပါဒါန်ရှိဦးမှာဘဲ ရှိပါတယ်ဘုရား)ဥပါဒါန်ရှိလို့ ရှိယင် ကမ္မဘဝက.... (ရှိပါတယ်ဘုရား)ကမ္မဘဝပစ္စယာ... (ဇာတိပါဘုရား) ဪ.... အိမ်မှာရှိတဲ့ပစ္စည်းတွေ ဇာတိဖြစ်ကြောင်းတွေပါကလား...(မှန်ပါ)။

ခန္ဓာကြီးကလဲ... (ဇာတိဖြစ်ကြောင်းပါဘုရား) ပစ္စည်းတွေကလဲ (ဇာတိဖြစ်ကြောင်းပါဘုရား) ဒါတွေကိုဘဲ ခင်ဗျားတို့ဇာတိဖြစ်ကြောင်းတွေ မမြင်သေးသရွေ့ကာလပတ်လုံး ဒါတွေ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်,ရောဂါအချက်တွေကို တကာကြွယ်တို့ မမြင်သေးသရွေ့ကာလပတ်လုံးဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး ဦးမာဒင် လည်မှာဘဲ .. (လည်မှာပါဘုရား) မလည်ပေဘူးလား.... (လည်ပါတယ်ဘုရား) တကာကြွယ်တော်တော်ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာမြင်ဘို့ အရေးကြီးပါလိမ့်.... ( မျက်လုံးမြင်ဘို့အရေးကြီးပါကယ်ဘုရား) အဲ...မျက်လုံးမြင်ဘို့အရေးကြီးတယ် မျက်လုံးမှားကို ပြောနေရတာကိုက အတော် ကြာသွားတယ်... (မှန်ပါ)။

အတော်ကြာသွားတယ် တကာတကာမတို့၊ မှားချက်ကသန်တော့လဲ သေသေချာချာပေါ်မှ ဪ.... ဟုတ်ပါလားဆိုတာ

လာတာနော်...(မှန်ပါ) နို့မဟုတ်ယင် ကိုယ့်ကားနဲ့ ကိုယ်ဘဲ တကာကြွယ်ရေ ဆေးရောင်ကလေး သ,ကာသ,ကာနဲ့ ဟင် ... (မှန်ပါ)။

အင်း... လူ့မမာတင်ဘို့ရာ ကြီးပါလားလို့ လာရဲ့လား.... (မလာပါဘုရား) သူ့မို့ ဝယ်နိုင်တာဆိုတာ လာသေးတယ်... (လာပါတယ်ဘုရား) ဖြစ်မှ- ဖြစ်ရပလေ....(မှန်ပါ)။

စင်စစ်တော့ဖြင့် မာဘဲ့ပုဂ္ဂိုလ်ဖြင့်လဲ သွားမှာပေါ့ ကိုယ့်စွမ်း ရည်နဲ့ဟင်....(မှန်ပါ) အခုတော့ အရွယ်ကလဲကြီးတယ်၊ သွားဘို့ ခရီးကလဲ ဝေးတယ်, ကိုယ့်ခန္ဓာကြီးကလဲ မသန်စွမ်းဘူး, ရောဂါ တွေ ပြည့်စုံနေတော့ တကာကြွယ်ရေ လျင်မြန်တဲ့ကားကိုဘဲ အဘိုးတန်တဲ့ကားကိုဘဲ စီးရတယ်ဆိုတဲ့ဥစ္စာ လူ့မမာတင်တာဗျ (မှန်ပါ)။

ဘာဆိုကြမယ်....(လူ့မမာတင်တာပါဘုရား) လူ့မမာတင်တာ လို့ တကာကြွယ်သိပလား....(သိပါပြီဘုရား)ဦးမာဒင်တို့သိပြီ.... (သိပါပြီဘုရား)။

ဘာတင်တာတုံး(လူ့မမာတင်တာပါဘုရား)လူ့မမာဆိုတာက ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့မှ စဉ်းစား ကြည့်ပါတဲ့ ကိုယ့်အတွက်ဝယ်တာ....(မှန်ပါ)။

ဘယ်သူ့ အတွက်ဝယ်တာတုံး.... ( ကိုယ့်အတွက်ဝယ်တာပါ ဘုရား) ဒါဖြင့် ကိုယ်လူ့မမာဘဲ....(မှန်ပါ)ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

အဲဒါ ဘေးကလူတွေက လက်ခုတ်တီးပေးတယ်၊ သူတို့တော့ ကံက အကြောင်းသင့်တယ်တဲ့၊ ဘာ အကြောင်းသင့်ရမတုံး

လူမမာကြီး ဖြစ်နေတဲ့ဥစ္စာ.... (မှန်ပါ့) အကြောင်းသင့်စရာပါ သေးရဲ့လား...(မပါ-ပါဘုရား)။

တကာကြွယ် ဘာတုံးဗျ- လူမမာ မဟုတ်လား.... (မှန်ပါ့) လူမမာတင်ဘို့ ထမ်းစင်သဘောလုပ်ရတယ် မဟုတ်လား-(မှန်ပါ့ဘုရား)။

အဲဒါကို ကျုပ်တို့ ခင်ဗျားတို့ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်တွေက သူတို့ကတော့ စီးနိုင်မှာဘဲ အကြောင်းက ညီညွတ်နေတယ်... တဲ့....(မှန်ပါ့ဘုရား) မညီညွတ်လို့ စီးရတာ.... (မှန်ပါ့ဘုရား)။

ဒီက ဘယ်လိုအောက်မေ့ရမလဲ...(အကြောင်းမညီညွတ်လို့ စီးရတာပါဘုရား) သို့သော်လဲ အခု ဆရာဘုန်းကြီးပြောလို့ သာကိုးဗျ...(မှန်ပါ့) နဂိုရှိက ညီညွတ်လို့ စီးတယ် အောက်မေ့နေတယ်....(မှန်ပါ့) စင်စစ် စီးရတာက...(မညီညွတ်လို့ စီးရတာပါဘုရား)။

တကာကြွယ် ညီညွတ်လို့ စီးတာလား- မညီညွတ်လို့ စီးတာလား... (မညီညွတ်လို့ စီးတာပါဘုရား) ဘာမညီညွတ်တာတုံး ခန္ဓာတွေက ရောဂါတွေဘဲဘုရာ့....(မှန်ပါ့)။

မြင်းနဲ့ သွားလို့ ရှိယင်ဖြင့် အတွင်းရောဂါတွေက မျက်လုံးက ယင်လဲ ထမယ်ဘုရာ့၊ လေနာကယင်လဲ ထမယ်ဘုရာ့၊ ဒူလာ ပါဒရက်ကသော်ငင်း... ( ထပါမယ်ဘုရား ) နဂိုရှိက ဘာဖြစ်နေသလဲ ငုတ်နာတွေဖြစ်နေတယ်.... (မှန်ပါ့) ဒီဟာနဲ့မှ မသွားလို့ရှိယင်ဖြင့် ပေါ်တဲ့အနာတွေဖြစ်လာမယ်....(မှန်ပါ့)။

ဒါဖြင့် ဘယ်သူ့တင်ဘို့ရာတုံး....(လူမမာတင်ဘို့ရာပါဘုရား) အဲမှာလေး....လူမမာတင်ဘို့ရာကို ခင်ဗျားတို့ဘေးက လျှောက်တဲ့ လူကလဲ စုံလုံးကန်း စီးဘဲ့ ပုဂ္ဂိုလ်ကလဲ မျက်စိနှစ်ကွင်း အလင်း မရ....(မှန်ပါ) သူ့ဟာနဲ့သူများ ဟုတ်နေလိုက်တာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ... အရိယာမျက်လုံးကို မရသေးသ၍ ကာလပတ်လုံး တကာကြွယ် နောက် ဒါမျိုးဖြစ်ရပါလို့၏....ဆိုတော့ နောက် ဒီလူမမာဖြစ်ရပါလို့၏လာတာ....(မှန်ပါ)။

ဒါမျိုးဖြစ်ရပါလို့၏ဆိုတော့.... ( ဒီလူမမာ ဖြစ်ရပါလို့၏ ) ဒီ့ထက်ကြီးတာကြီးဖြစ်ရပါလို့၏ဆိုတော့ကော.. (လူမမာဖြစ်ရ ပါလို့၏) ဒီ့ထက်ကြီးကဲ့လူမမာကြီး၊ ထည့်ပါဦး-ထည့်ပါဦး တကာသစ်ရ လျှော့ဈေးမလုပ်ပါနဲ့....(မှန်ပါ)။

ဒီ့ထက်ကြီးကြီး လေးကျွန်းစီးရတဲ့ စကြာရတနာကြီး ရရ, ပါလို့၏ဆိုတော့ ဘယ့်နှယ်ဆိုပါမယ်....(ဒီ့ထက်ကြီးတဲ့ လူမမာ ကြီး ရ,ရပါလို့၏) ဒီ့ထက်ကြီးတဲ့ လူမမာကြီး ဖြစ်ရပါလို့၏.... (မှန်ပါ)။

တကာကြွယ် ဒါတွေဘဲဗျ၊ မျက်စိနှစ်ကွင်း အလင်းမရလို့ အရှုပ်ကြီးရှုပ်နေတာ ပေါ်ကြပလား.... ( ပေါ်ပါပြီဘုရား )။

ကိုင်း... ဒါတွေက ဉာဏ်စခန်းကို ပြောရတော့ ဦးမာဒင် မလွယ်ဘူးနော်....(မလွယ်ပါဘုရား) ဒါ.... တဏှာသတ်နေတာ အောက်မေ့ပါ....(မှန်ပါ) ဒိဋ္ဌိသတ်နေတာကော.... (ဟုတ်ပါ တယ်ဘုရား) တဏှာဒိဋ္ဌိသတ်နေတာ....(မှန်ပါ)။

ခင်ဗျားတို့ကတော့ ဒီဥစ္စာ ဒါတွေနဲ့ ပတ်သက်ပြီးသကာလ တကာကြွယ်တို့ တကာသစ်တို့ ဦးမာဒင်တို့က တော့်တော်သေးရဲ့များ ထင်မိထင်ရာ .. (မှန်ပါ) တော်· တော်သေးရဲ့ဘုရား ဒီလောက် လူတန်းစေ့ကလေး ကိုယ့်မှာ ကာမာဝစရရှိလို့-တဲ့၊ အခုတော့ မဟုတ်ဘူး ကာမာဝစရရှိလို့ လူမမာဖြစ်နေတာ... (မှန်ပါ) လူမမာဖြစ်လို့ ထမ်းစင်ကြီးကြီးဝယ်ရတယ်-(မှန်ပါ) ဒီလိုယူခွ တကျောဒိဋ္ဌိသေတော့မယ်....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် မျက်လုံးကလေး နည်းနည်းရှင်းပြီ (မှန်ပါ) အရိယာမျက်လုံးကလေး နည်းနည်းတန်းမိပြီ တကာကြွယ့်ရ... (မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရွှေနန်းသုံးဆောင်ကစွန့်တာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) တောလဲထွက်ပါရော မာရ်နတ်မင်းက ရှေ့ကနေ မြင်းဆီးဆွဲပြီးထားတယ်.... (မှန်ပါ) ခုနစ်နှစ်ရှိလို့ရှိယင် ထမ်းစင်အကြီးစားရမယ်လို့ ပြောတာ.... (မှန်ပါ) ဘုရားက ဟေ့....ဒီထမ်းစင်မလိုချင်ဘူးကွ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတွင် ထမ်းစင်မလိုချင်တော့ နိဗ္ဗာန်ရသွားတာ--(မှန်ပါဘုရား) နို့မဟုတ်ယင် ထမ်းစင်ကြီးနဲ့ မသာလောင်း အဖြစ်နဲ့ လေးကျွန်းလည်ဦးမှာ....(မှန်ပါ) မလည်ပေဘူးလား -- (လည်ပါတယ်ဘုရား) ကဲ....တကာကြွယ် မျက်စိအမှန် ရသွားတော့... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီဥစ္စာ ဒါလောက်ဆိုလို့ရှိယင် မေ့လဲ မမေ့ ကြပါနဲ့၊ စီးတိုင်း၊ သွားတိုင်း၊ လာတိုင်း ဘယ်လောက်တန်ကြီး ဝယ်နိုင်ဝယ်နိုင် ဖြော်.... လူမမာ ထမ်းစင်ပေါ်ရောက်တာမှတ် (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

လူမမာ ဘာတဲ့....( ထမ်းစင်ပေါ် ရောက်တာပါဘုရား ) မာယင် တကာတကာမတို့ ကိလေသာမရှိဘဲနဲ့သာ နေကြမယ် ဆိုယင် ကွေးတဲ့လက် ဆန့်သလောက်နဲ့ ပြဟ္မာ့ပြည်ရောက်တယ် (မှန်ပါ့)။

မာသွားတော့ ကွေးတဲ့လက် ဆန့်သလောက်နဲ့ ပြဟ္မာ့ပြည် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) အဲဒါက လူမာတွေ ကိုးဗျ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မမာလို့ ပက်တရိုကုန်လိုက်တာ မပြောပါနဲ့တော့ (မှန်ပါ့) ရိပ်မိပလား....( ရိပ်မိပါပြီဘုရား ) နောင်တော်ကြာ လေးလွန်းလို့ ခန္ဓာကိုယ်ကြီးက အောက်ချည့် သွားမယ်လို့ ပြောနေလို့ ကျွတ်ပေါက်ရတာနဲ့ တာယာပေါက်ရတာနဲ့ ရှုပ် ကုန်ပြီ-(မှန်ပါ့) ရှင်းပလားပြီ-(ရှင်းပါပြီဘုရား)။

ကဲ... ဒါ တကာကြွယ် ခန္ဓာကိုယ်လေးကြောင်း သေချာ ပလား.... ( သေချာပါပြီဘုရား ) ဘာဖြစ်လို့ ဒီတာယာတွေ၊ ကျွတ်တွေက ဒါလောက်တောင်ပေါက်ရပါလိမ့်.... (လေးလွန်း လို့ပါဘုရား) သူက ဘယ်သွားမယ်ပြောနေတာတုံး-(အောက် သွားမယ်ပြောနေတာပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ၊ တကာကြွယ် သူက အောက်သွားမယ် ချည့် ပြောနေတာ ဟာယာကျွတ်လဲ ဘယ်ခံနိုင်မလဲ....(မှန်ပါ့)

အဲဒါ ကိလေသာလေးတာလို့ မှတ်လိုက်— (မှန်ပါ့)ရောဂါလေး တာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ကိလေ သာနဲ့ ရောဂါဟာ အလေးဆုံးဘဲ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အရိယာမျက်လုံးဘပ်ကြပါစို့ဗျာ.... (မှန်ပါ့) တကာကြွယ် ဘာတပ်ပေးရမတုံး.... (အရိယာမျက်လုံး တပ်ပေး ရပါမယ်ဘုရား) ပုထုဇန်မျက်လုံးတော့ဖြင့် အရှုးချည့်ဖြစ်နေပြီ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပုထုဇန်မျက်လုံးနဲ့ကြည့်လိုက်ယင်ဖြင့်—(အရှုးချည့်ဖြစ်နေပါ တယ်ဘုရား) အရှုးချည့် ဖြစ်နေတာဘဲဆိုတော့ အဲဒါတော့ ဘုန်းကြီးတို့ တကာတကာမတွေဘော့ နားလည်ထားလို့ ကိစ္စ မရှိဘူးနော်....(မှန်ပါ့)။

မြို့ထဲမှာ ဒီနားသွားမျိုး သွားပြီးမပြောနဲ့ ခင်ဗျားတို့ကို ရေနဲ့ ပက်ထုတ်လိမ့်မယ် (မှန်ပါ့) ရကို မရဘူး....(မှန်ပါ့) သူတို့က ဒါကို အင်မတန် ကြက်သရေမင်္ဂလာနဲ့ သပြေပန်းနဲ့ ကားသစ် ကလေး လာတယ်ဆိုလို့ ရှိယင်ဖြင့် အောင်စေသတည်း....တွေ ရှုပ်နေတာဘဲ.... (မှန်ပါ့) ရိပ်မိပလား—(ရိပ်မိပါပြီဘုရား)။

ဘာမှ ဒီဥစ္စာတွေက ဟုတ်တာတွေမဟုတ်ဘူးဆိုတာ မျက်စိ နှစ်ကွင်း အလင်းမရဘဲ ပုဂ္ဂိုလ်တွေ၏ ယခု ယနေ့ ပြောတော့ ပေါ်ပါပြီ ..(မှန်ပါ့ဘုရား)။

ကိုင်း—ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိမရသေးယင် မျက်စိနှစ်ကွင်း အလင်းမရသေး... (မှန်ပါ့) ဓမ္မာနုဓမ္မပဋိပတ္တိ မကျင့်ရသေးယင်

( မျက်စိနှစ်ကွင်း အလင်းမရသေးပါဘုရား ) မျက်စိနှစ်ကွင်း အလင်းမရသေးလို့ဆိုတာ သေချာပလား .... (သေချာပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ် ဒီနေ့မျက်စိ အလင်းရအောင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးပေးတဲ့ ဝိပဿနာ ဉာဏ်ဆေး, မဂ်ဉာဏ်ဆေး ဒါနဲ့ကုမှရမယ်....( မှန်ပါ့ )သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်ဆေး, မဂ်ဉာဏ်ဆေးနဲ့ ကုလို့ရှိယင်ဖြင့် ဉာဏ်မျက်စိဟာ တကာတကာမတို့ မျက်စိနှစ်ကွင်း အလင်းရလာမယ်ဆိုတာ သေချာပလား....(သေချာပါပြီ)ကိုင်း- ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ပြကြပါစို့တဲ့၊ ဒီနေ့ တကာတကာမတို့ ဝေဒနာသုံးမျိုးဘဲ ပြမယ်....( မှန်ပါ့ ) ငါးမျိုးယင်လဲ ပြဖြစ်လိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာ ယားတယ်, နာတယ်, အောင့်တယ်တကာသစ် ဘာဝေဒနာတုံး(ဒုက္ခဝေဒနာပါဘုရား) ညြော်—ဒုက္ခဝေဒနာနော်....(မှန်ပါ့ဘုရား)။

ဒါလဲ သူ့အချိန်နဲ့သူ အကြောင်းတိုက်ဆိုင်ယင်ဖဿပစ္စယာ ဝေဒနာပေါ်နေတာဘဲ .... ( မှန်ပါ့ ) တခါတလေ ကျတော့ ယားတာ,နာတာ, အောင့်တာကလေး ပျောက်သွားပြန်တယ် လို့ဆိုပြန်ခတော့လဲ အခုမှနေကောင်းတယ်(မှန်ပါ့) သုခဝေဒနာ ပေါ်ပြန်ပြီ—(ပေါ်ပါတယ်ဘုရား)။

အခုလို ပန်ကာတွေလှည့်ပြီး နေတဲ့အချိန် တကာတကာမ တွေကလဲ အကြိုက်ဖြစ်နေတဲ့ အချိန်ကျတော့ ခေါင်းပေါ်မှာ ဖြစ်စေ၊ ကိုယ်ပေါ်မှာဖြစ်စေ၊ သုခဝေဒနာကလေးတွေ ပေါ် လာတယ်... (ပေါ်လာပါတယ်ဘုရား)။

ဒါလဲ အပေါ်ကလေးနဲ့ ထိလို့ပေါ့ဗျာ....(မှန်ပါ) ဒါလဲ ဖဿပစ္စယာ... (ဝေဒနာပါဘုရား) လေထဲမှာပါတဲ့ ဓါတ်တွေက ထိလို့....(မှန်ပါ) ဖဿပစ္စယာ သုခဝေဒနာ....(မှန်ပါဘုရား)။

တချို့ကျတော့ ပန်ကာ လေကြောင့်ဘဲ တကာတကာမတွေ အအေးပတ်တဲ့ ဒုက္ခဝေဒနာရတယ်... (မှန်ပါ) အဲဒါကျတော့လဲ ဖဿပစ္စယာ ဒုက္ခဝေဒနာ... (မှန်ပါ)ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီအထဲမှာ တကာတကာမတို့ တချို့လဲဒုက္ခဝေဒနာနဲ့ နေကြတယ်၊ တချို့လဲ....(သုခဝေဒနာနဲ့ နေပါတယ်ဘုရား)။

တချို့ကျတော့လဲတဲ့ အင်း- ဟိုကြည့်- ဒီကြည့်နဲ့ ဥပေက္ခာ ဝေဒနာပေါ်နေတယ်....(မှန်ပါ) မျက်စိတွေနဲ့ကြည့်- နားတွေနဲ့ နားထောင်တဲ့ အခါကျတော့ ဘာဝေဒနာ ပေါ်နေသတုံး.... (ဥပေက္ခာဝေဒနာပေါ်နေပါတယ်ဘုရား)။

တယောက်အနံ့တွေက နှာခေါင်းထဲ ဝင်လာတဲ့ အခါကျ တော့... (ဥပေက္ခာဝေဒနာပေါ်ပါတယ်) ကိုယ့်တံထွေးကလေးကို မျိုချနေတဲ့အခါကျတော့ .... (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာပေါ်မှာ ပေါ်တာတွေဟာ ဥပေက္ခာဝေဒနာနော်....(မှန်ပါ)သဘောကျပလား... (ကျပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီနေရာမှာ သုခလဲပေါ်- ဒုက္ခလဲပေါ် ဥပေက္ခာလဲပေါ်နေတယ်ဆိုတာ ပေါ်တိုင်း- ပေါ်တိုင်း တကာ တကာမတို့ ဘာပေါ်တယ် ဆိုကြမတုံး....(ဝေဒနာပေါ်ပါတယ် ဘုရား)ဘယ်မှာ အနတ္တရာယ်ကင်းလို့တုံး....(မကင်းပါဘုရား)။

တကာကြွယ် ဘာတွေများ ပေါ်ပေါ်နေသတုံး....(ဝေဒနာ တွေ ပေါ်ပါတယ်ဘုရား)အို.... အခုဝေဒနာက မပြောနဲ့တော့ အနာလဲမရှိဘူး -- (မှန်ပါ) ရှိသေးရဲ့လား (မရှိပါ) ဘာတွေ ပေါ်နေသလဲ(ဝေဒနာတွေပေါ်နေပါတယ်ဘုရား) သဘောကျ ပလား.... (ကျပါပြီဘုရား)။

ဩော်... ဒါဖြင့်ရောဂတော့ ဝေဒနာအစုကြီးကွလို့ ဘုရားက ဟောလိုက်တာ အခု နည်းနည်းကလေး မျက်လုံးကလေးလဲ အလင်းရမယ်ကြံတော့ ဟုတ်သားဘဲဆိုတာတွေ ဝေဒနာပေါ်၌ အလင်းရပြီ -- (မှန်ပါ)အလင်းရတဲ့အခါ ဟုတ်သားဘဲ ဝေဒနာ တွေလှည့်နေတာဘဲ....(မှန်ပါဘုရား)။

ခင်ဗျားတို့ မြို့သုံးနဲ့တခြားစီနော်....(မှန်ပါ) မြို့သုံးကတော့ တနေ့ရွှေ- တနေ့ငွေ၊ ဒါ ဝေဒနာသုံးနေတာ ...(မှန်ပါ) ဝေဒ နာကို ရွှေငွေလုပ်သုံးနေတာ....(မှန်ပါဘုရား)။

မြို့သုံးကတော့ ဘာတဲ့.... ( တနေ့ရွှေ တနေ့ငွေပါဘုရား ) တကာကြွယ်....တရားပေါ်မယ်ကြံ ရွှေငွေနဲ့ ပြန်ဖုံးထားတယ်.... (မှန်ပါ) စင်စစ်ကတော့ တနေ့ရွှေ တနေ့ငွေလား- ဝေဒနာတွေ လှည့်ပတ်နေတာလား .... (ဝေဒနာတွေ လှည့်ပတ်နေတာပါ ဘုရား)။

အဲဒါ ခင်ဗျားတို့က တရားရမှာစိုးတာနဲ့ တကာကြွယ်တို့က မြို့သုံး ဘယ်လိုသုံးလိုက်ပါလိမ့်....(တနေ့ရွှေ တနေ့ငွေပါဘုရား) ဖြစ်မှဖြစ်ရပလေဗျာ....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘုရားရှေ့မျှား သွားမသုံးပါနဲ့ တနေ့ ရွှေ- တနေ့ငွေဖြစ်နေတယ်လို့....(မှန်ပါ)ခင်ဗျားတို့ခန္ဓာကိုယ်ထဲ ရွှေလဲမပါဘူး၊ ငွေကော.... ( မပါ-ပါဘုရား ) မပါတာ အလွဲ သုံးစားလုပ်ပြီးသကာလ တခါတည်း သုံးမျှား နေလိုက်သေး တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဘေးက ပုဂ္ဂိုလ်တွေကလဲ မျက်စိနှစ်ကွင်း အလင်း မရတော့ ဖြစ်ပေမှာဘဲတဲ့(မှန်ပါ့) အင်း....တနေ့ရွှေ-တနေ့ငွေကို ဟိုကလဲ ဖြစ်ပေမှာဘဲနဲ့ ဖျောက်ပြန်ပြီ...(မှန်ပါ့) တကာကြွယ် အတော်လွဲကုန်ပြီနော်....(လွဲပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် တကာတကာမတို့ ဒီအထဲမှာဝေဒနာဘယ်နှစ် မျိုးလှည့်ပေါ်နေကြသတုံး....(သုံးမျိုးပါဘုရား)။

အဲဒါ ဘယ်နေရာ ပေါ်သတုံးဆိုတော့ တကာတကာမတို့ ခန္ဓာပေါ်အနှံ့အပြားပါဘုရား.... (မှန်ပါ့) ဘယ်နေရာပေါ်ကြ သတုံး....(ခန္ဓာပေါ်မှာ အနှံ့အပြားပါဘုရား)။

ခန္ဓာပေါ် အနှံ့အပြားမှာ ပေါ်နေကြတယ်ဆိုလို့ ရှိယင်ဖြင့် ငြင်းဘို့မလိုဘူး....(မလိုပါဘုရား) အခု အောက်ပိုင်းက တကာ တကာမတွေ ရွှေပေါ်သလား- ဒုက္ခဝေဒနာ ပေါ်နေသလား.... (ဒုက္ခဝေဒနာပေါ်နေပါတယ်ဘုရား)။

ပန်ကာကလေး ဘာကလေးကြိုက်တဲ့ပုဂ္ဂိုလ်က အထက်ပိုင်း မှာတော့ ဘာပေါ်နေသလဲ...(သုခဝေဒနာပေါ်ပါတယ်ဘုရား)

တရားသံကလေးကြားလိုက်တော့ ဘာဝေဒနာပေါ်နေသတုံး.... (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား) ဟာ....ဒါဖြင့် ဦးမာဒင် ဝေဒနာမပြတ်ပါဘူး.... (မပြတ်ပါဘုရား) တနေ့ရွေ့ တနေ့ငွေ့ မလုပ်ပါနဲ့တော့....(မှန်ပါ) ဘာမပြတ်တာပါလို့မို့....(ဝေဒနာမပြတ်တာပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ အရိယာမျက်လုံးတပ်လာတော့မှ ဘယ်အချိန် ဝေဒနာကင်းသတုံးမေးလိုက်တယ်.... (ဘယ်အချိန်မှ မကင်းပါဘုရား)။

ဩော်....ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ဆိုယင် ဝေဒနာအစုအခဲကြီး ဝေဒနာ အစုအပုံကြီးဆိုတဲ့ဉစ္စာ အရိယာမျက်လုံး ကလေးတပ်ပေးလိုက်တော့မှ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားလိုက်တော့မှ ပုဂ္ဂိုလ်သတ္တဝါလဲ ပျောက်ပြီးသကာလ ဝေဒနာအစုအစိုင်အခဲကြီး ဝေဒနာတို့၏ဖြစ်ရာဌာနကြီး(မှန်ပါ) လူသည် ရူပက္ခန္ဓာဆိုတဲ့ဆေးရုံကြီးဆောက်ထားလို့ ဝေဒနာဆိုတဲ့ လူနာသည် အမျိုးမျိုးရောက်လာတယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ရူပက္ခန္ဓာ ဆေးရုံကြီး ဆောက်မိတာနဲ့....(ဝေဒနာအမျိုးမျိုး ရောက်လာပါတယ်ဘုရား) ဝေဒနာသည် အမျိုးမျိုးရောက်လာတယ်....(မှန်ပါ)။

တကာကြွယ်ရေ လူ့ဘဝ ဆုတောင်းလိုက်တာနဲ့ ဒီရူပက္ခန္ဓာကြီး ဆေးရုံကြီး သွားပြီး ဆုတောင်းမိတာနဲ့ အခုတော့ဖြင့် ကြက်သရေမင်္ဂလာ ရှိသလား ဝေဒနာသည်တွေချည့်ရောက်နေသလား.... (ဝေဒနာသည်တွေချည့် ရောက်နေပါတယ်ဘုရား)။

ဖဿပစ္စယာ သုခဝေဒနာ ဖဿပစ္စယာ ဒုက္ခဝေဒနာ ဖဿပစ္စယာ ဥပေက္ခာဝေဒနာ....(မှန်ပါ)တကာတကာမတို့ ဝေဒနာကင်းကြရဲ့လား....(မကင်းပါဘုရား)။

တကာကြွယ် ဘာမျက်လုံးပါလိမ့်.... (အရိယာမျက်လုံးပါဘုရား) အရိယာမျက်လုံးတပ်လိုက်တော့မှ ဦးမာဒင် အဖြေမှန်လာတယ်....(မှန်ပါ) အဖြေမမှန်ကြသေးဘူးလား.... ( မှန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်နေရာထားယင် ဝေဒနာကင်းပါမတုံး .... (ဘယ်နေရာမှမကင်းပါဘုရား) ဘယ်နေရာမှမကင်းဘူး တကာတကာမတို့ သဘောကျပလား.... ( ကျပါပြီဘုရား)။

မကင်းတော့ ဒီဝေဒနာတွေက တခါ တကာတကာမတွေနှိပ်စက်သေးတယ်(မှန်ပါ)ဘယ်လိုများ နှိပ်စက်သတုံးလို မေးတဲ့အခါကျတော့ ဒီဝေဒနာတွေက တကာတကာမတို့ ကိုယ့်စိတ်ကိုလဲ နှိပ်စက်တာဘဲ....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) သံသရာ ရောက်အောင်ကော.... ( နှိပ်စက်ပါတယ်ဘုရား)။

ဟော.... ဒုက္ခဝေဒနာ နောက်က ဒေါသ,သောက,ပရိဒေဝ ဥပါယာသ အဝိဇ္ဇာဆိုတော့ သံသရာမနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား ) သုခဝေဒနာ နောက်ကတော့ တဏှာ ဥပါဒါန် ကံ ဇာတိဇရာမရဏ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား) ပစ္စုပ္ပန်လဲ နှိပ်စက်၊ သံသရာကော.... (နှိပ်စက်ပါတယ်ဘုရား)။

ဒါကြောင့် ဝေဒနာဟာ ဒုက္ခသစ္စာ.... (မှန်ပါ့) ညာတာ မဖက် အမြဲနှိပ်စက်သောကြောင့်....(ဒုက္ခသစ္စာပါဘုရား)ပေါ်ပ လား....(ပေါ်ပါပြီဘုရား)။

ဥပက္ခာဝေဒနာ ပေါ်မှန်းမသိတော့ တကာတကာမတို့ မသိတာက အဝိဇ္ဇာ....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါ ဘုရား) သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဟော.... ဇာတိ,ဇရာ,မရဏ ကျအောင် မသွားဘူးလား.... (သွားပါတယ်ဘုရား)ဒါ့ ဥပက္ခာဝေဒနာလဲ သံသရာမနှိပ်စက် ဘူးလား....(နှိပ်စက်ပါတယ်ဘုရား) ယခုကော ဖြစ်ပျက်အဖြစ်နဲ့ မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား)။

ဟာ.... ဒါဖြင့် ခင်ဗျားတို့ ဝေဒနက္ခန္ဓာကြီး သည်ကားလို့ ဆိုယင် တကာတကာမတို့ သံသရာမှာလဲ ပဋိစ္စသမုပ္ပါဒ်အဖြစ်နဲ့ နှိပ်စက်လိုက်သေး....( မှန်ပါ့ ) ယခုလဲ နှိပ်စက်လိုက်သေး.... (မှန်ပါ့)။

ပစ္စုပ္ပန်နှိပ်စက် သံသရာမှာနှိပ်စက်....(မှန်ပါ့)တကာတကာမ တို့ ဝေဒနာ မရှိမှအေးမယ်....(မှန်ပါ့ဘုရား)။

ဝေဒနာမရှိမှ တကာကြွယ်....(အေးပါမယ်ဘုရား) ဝေဒနာ မရှိဆိုတော့ ခန္ဓာမရှိတာဘဲ.... (မှန်ပါ့ဘုရား) ခန္ဓာကိုယ်ကြီးက ဝေဒနာက္ခန္ဓာကိုးဗျ.... (မှန်ပါ့) သူမရှိယင်.... ( အေးမှာပါ ဘုရား) အေးတာဘဲဆိုတာ ပေါ်ကြပလား.... ( ပေါ်ပါပြီ ဘုရား)။

ဒါကြောင့် အားလုံး တကာတကာမတို့ ဝေဒနာတွေလှည့်ရှု ( မှန်ပါ့ ) ဝေဒနာတွေလှည့်ရှုပြီး ဝေဒနာနောက်ကနေပြီး

သကာလတကာတကာမတွေက မဂ္ဂင်ကလေးဘေ့ လိုက်လိုက်ပေး ပါ....(မှန်ပါ)။

မဂ္ဂင်လိုက်ပေးတော့ မဂ္ဂင်ငါးပါးနဲ့ ဝေဒနာတွေကို တကာ တကာမတွေက ရှုပြီးသကာလ ဖြစ်ပျက် ဖြစ်ပျက်နဲ့ သာ လိုက် ရှုနေ -(မှန်ပါ) သုခဝေဒနာလာသဲ ဖြစ်ပျက်ရှု ..(မှန်ပါ)ဒုက္ခ ဝေဒနာလာလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဥပေက္ခာဝေဒနာ လာသဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝမ်းထဲ သောမနဿလာ ကော....(ဖြစ်ပျက်ရှုရမှာပါဘုရား) ဒေါမနဿလာယင်ကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝမ်းထဲမှာ ဥပေက္ခာလာယင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)အကုန်ရှု- အကုန်ရှု တကာတကာမတို့ နော်....(မှန်ပါ)။

ရှုလိုက်တဲ့အခါကျတော့မှ ဩော်.... ဘာတွေများရှုနေသတုံး မေးတဲ့အခါကျတော့မှ ပဌမတော့ဖြင့် ဝေဒနာဘဲဘုရား(မှန်ပါ) နောက်ကျတော့ဖြင့် ဒုက္ခသစ္စာတွေ ရှုနေရတယ်.... ( မှန်ပါ ဘုရား)။

ဖြစ်ပြီးပျက်တာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) နာတာ ကလေးနဲ့ ပဌမတွေ့တုန်းကတော့ ဝေဒနာဘဲ....(မှန်ပါ) နောက် ဉာဏ်နဲ့ စိုက်လိုက်တဲ့အခါကျတော့ ဘာတွေ့သတုံး.. (ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား) ဖြစ်ပျက် ဒုက္ခသစ္စာတွေ့တယ်.... ( မှန်ပါ ဘုရား)။

အဲဒီလို ရှုလိုက်တဲ့ အခါကျတော့မှ ဩော်.... ခဏခဏ မွေးပြီး ခဏခဏသေတဲ့ ရောဂါသည်ပါကလား .... (မှန်ပါ)

ဘယ်လိုဆိုကြမလဲ... (ခဏခဏမွေးပြီး ခဏခဏသေတဲ့ ရောဂါသည်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော် တကာတကာမတို့ ကျန်းမာကြရဲ့လား....၊ ခဏခဏမွေးပြီး ခဏခဏ သေနေကြရသလား...(ခဏခဏမွေးပြီး ခဏခဏ သေနေကြရပါတယ်ဘုရား) ဘာနဲ့သေသတုံး ဝေဒနာနဲ့ဘုရား....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ နတ်ပြည်ရောက်လဲ ဒီဝေဒနာကွန္တာကြီးက နေရစ်ပါ့မလား.... (မနေရစ်ပါဘုရား) နတ်ပြည်ရောက်တော့ ဘာနဲ့သေကြရမလဲ.... (ဝေဒနာနဲ့ သေမှာပါဘုရား) နှိပ်စက်တော့ ဘယ်သူကနှိပ်စက်မှာတုံး.... (ဝေဒနာကနှိပ်စက်မှာပါဘုရား)။ ဝေဒနာကနှိပ်စက်၊ ဝေဒနာက သေပွဲတွန်းလိုက် (မှန်ပါ့)။

တကာတကာမတို့ ဘယ်နေရာမှာ ခင်ဗျားတို့သည်ကားလို့ဆိုယင် နတ်စည်းစိမ်ဆိုတာ သူများပြောပါဘဲ...(မှန်ပါ့ဘုရား) ခင်ဗျားတို့လဲ ရမ်းယုံတာဘဲ....(မှန်ပါ့) နတ်စည်းစိမ်သား ဟိုမှာ သေပွဲသွားရတာလား·(သေပွဲသွားရတာပါဘုရား) တကာကြွယ် ပေါ်ပြီဗျ.... (ပေါ်ပါပြီဘုရား) အဲဒါ ရောဂါတွေက ဟိုမှာ အသစ်သွားပေါ်တယ်...(မှန်ပါ့)။

ဝေဒနာ ရောဂါတွေက(ဟိုပါသွားပါတယ်ဘုရား)နတ်ပြည် မကောင်းပါဘူး ဗြဟ္မာ့ပြည် ရွှေ့ပါဦးမယ်ဆိုတော့ ဒီဝေဒနာတွေက ဟိုမှာ အသစ်တွေမပေါ်ဘူးလား.... ( ပေါ်ပါတယ်ဘုရား) ဝေဒနာ အသေးပေါ်သလား အကြီးပေါ်သလား.... (အကြီးပေါ်ပါတယ်ဘုရား)။

ဪ.... တကာ တကာမတွေက မသိတော့ သုံးဆဲ့တဘုံကြီးကို တခါတည်း နိဗ္ဗာန်ဘုံကြီးထင်ပြီးသကာလ နေကြတယ် ဟိုရွှေ့ဒီရွှေ့နဲ့ တကာတကာမတွေ အရွှေ့မှားကုန်ပြီ....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့.... (အရွှေ့မှားပါတယ်ဘုရား) အရွှေ့မှားကုန်တယ်ဆိုတာ တဏှာကရွှေ့တာနော်....(မှန်ပါ့)တဏှာက ဟိုကောင်းနိုးနိုး- ဒီကောင်းနိုးနိုးနဲ့ဆိုတော့ ဦးမာဒင်ရေ မမှားဘူးလား....(မှားပါတယ်ဘုရား)။

မှားတော့ ဒီနေရာမှာ ဝေဒနာမကောင်းလို့ ဟိုနေရာမှာကော ဝေဒနာကောင်းရဲ့လား....(မကောင်းပါဘုရား)ဗြဟ္မာ့ပြည်မှာကော....(မကောင်းပါဘုရား)စကြာဝတေး မန္ဓာတ်ဖြစ်တော့ကော(မကောင်းပါဘုရား) ဒါဖြင့် တကာတကာမတို့ ဝေဒနာမရှိမှဘဲ ကျုပ်တို့ ချမ်းသာကြမယ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (ဝေဒနာမရှိမှ ချမ်းသာမှာပါဘုရား) ဝေဒနာမရှိမှဘဲ ချမ်းသာကြမယ်ဆိုတာ သေသေချာချာ ပေါ်ကြမလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလိုလုပ်ကြပေတော့ တကာတကာမတို့ ဝေဒနာမရှိအောင် လုပ်ကြပေတော့ဆိုတော့ ဝေဒနာသည်ကား လို့ဆိုယင် ခန္ဓာ.... (မှန်ပါ့) ဝေဒနာနောက်က နောက်ခန္ဓာ မလိုက်အောင် ကျုပ်တို့လုပ်ရလိမ့်မယ်.... (မှန်ပါ့) ဒီဝေဒနာကတော့ဖြင့် ကျုပ်တို့မရှုန်းနိုင်ဘူး ဆုတောင်းပြည့်နေလို့ (မှန်ပါ့ဘုရား)။

လူဖြစ်ရပါလို၏ဆိုတော့ ဝေဒနာသုံးမျိုးက ကျုပ်လိုက်ခဲ့ဦး၊ မယ်....(မှန်ပါ) နတ်ဖြစ်ရပါလို၏ဆိုတော့....(ဝေဒနာသုံးမျိုးက ကျုပ်လိုက်ခဲ့ဦးမယ်ဘုရား) ဗြဟ္မာဖြစ်ရပါလို၏....( ဝေဒနာသုံး မျိုးက ကျုပ်လိုက်ခဲ့ဦးမယ်ဘုရား)။

သူတို့မပါဘဲနဲ့လဲ ဗြဟ္မာရယ်လို့ သမုတ်လို့ မဖြစ်ဘူး.... (မှန်ပါ) သူတို့မပါဘဲနဲ့ နတ်လို့ကော.... (သမုတ်လို့ မဖြစ်ပါ ဘုရား) သမုတ်လို့ မဖြစ်ဘူးဆိုတာ ပေါ်လာကြပလား(ပေါ် လာပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ နတ်ဝေဒနာနဲ့သေချင်သလား ဗြဟ္မာဝေဒနာနဲ့ သေချင်သလား လူဝေဒနာနဲ့ သေချင်သလား တကာကြွယ် တောင်းစမ်း.... ( ဘာဝေဒနာနဲ့မှ မသေချင်ပါ ဘုရား)။

အင်း.... ဒီကျတော့ မျက်လုံးကလေးပွင့်လာပြီ.... (မှန်ပါ) ဒါ ဘာဖြစ်လာတာတုံး.... ( မျက်လုံးကလေး ပွင့်လာတာပါ ဘုရား) ရောဂါတော့ သဘောကျလာတာ_ (မှန်ပါ) ဩော်... ရောဂါချည့်ပါလား ဘယ်နေရာမှ မလွတ်ပါလား.... ( မှန်ပါ ဘုရား)။

ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓ တော ဒီတောငါးခုကို မာဂဏ္ဍိမင်း မမြင်တာဟာကွာ....တဲ့ ခုနင်က မျက်လုံးမတပ်ရသေးလို့ပါ....(မှန်ပါ)။

အခုတော့ မျက်လုံးတပ်လိုက်တဲ့အခါကျတော့ ရောဂတော ဆိုတာ ဟုတ်ပါပေတယ်....(မှန်ပါ) ဂဏ္ဍတော အိုင်းအမာနဲ့

တူတယ်ဆိုတာကော....(ဟုတ်ပါတယ်ဘုရား) သလ္လတော ခဏ ခဏ ရွေ့နေရတယ်ဆိုတာကော....(ဟုတ်ပါတယ်ဘုရား) ခြောင့် စူးလို့လေ ခန္ဓာကြီးက ရွေ့-ရွေ့မနေရဘူးလား.... (နေရပါ တယ်ဘုရား) အဃတော....တဲ့ ဘာမှ အသုံးကောကျသေးရဲ့ လား....(မကျပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) အာဗာဓတော....တဲ့ အနာမျိုးစုံနဲ့ကော မနေရဘူးလား....(နေ ရပါတယ်ဘုရား) အရိယာမျက်လုံး တပ်လာတော့မှ ဒါတွေ ခန္ဓာထဲမှာ မြင်လာသကွ....တဲ့....(မှန်ပါ)။

ဒါတွေမြင်လာတော့ တကာ တကာမတို့ စဉ်းစားပါတော့ ဒါတွေ ဖြစ်ပျက်,ဖြစ်ပျက်နဲ့မြင်လာတော့ စွဲလမ်းသေးရဲ့လား (မစွဲလမ်းပါဘုရား) မစွဲလမ်းတော့ ဥပါဒါန် နိရောဓေါ- ဘယ့် နှယ်ဆိုကြမလဲ- (ဘဝနိရောဓေါပါဘုရား) ဘဝနိရောဓေါ-(ဇာတိ နိရောဓေါပါဘုရား)ဇာတိ နိရောဓေါ....(ဇရာ,မရဏနိရောဓေါပါ ဘုရား)။

ဒီကျမှ ဩော်- ကိုယ့်အဝတ်အစားကြီးဟာ ဆီချေးသုတ်တဲ့ အဝတ်မဲလှစွာသော သိုးမွေးကြီးနဲ့ခြုံထားတဲ့ ခန္ဓာကြီးပါလား (မှန်ပါ)။

နဂိုရ် မျက်စိမမြင်တုန်းကတော့ ကိုယ့်အဝတ်နဲ့ကိုယ်လိုက် နေတာဘဲ....(မှန်ပါ) အခုတော့ဖြင့် ကိုယ့်အဝတ်နဲ့ ကိုယ်လိုက် သလား တကာတကာမတို့ ဒီအဝတ်ကြီးကိုဖြင့် တဏှာ လှည့် စားလို့ ဝတ်ထားတာလား.... (တဏှာလှည့်စားလို့ ဝတ်ထား တာပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒီခန္ဓာကြီး ရ,ထားတာက....(တကျာလှည့်စားလို့ပါဘုရား) အဲဒီတကျာကို အခုတော့ဖြင့် တကာ တကာမတွေက မျက်စိနှစ်ကွင်းလဲ အလင်းရပါရော သူလိမ်တာ ယုံသေးရဲ့လား....(မယုံပါဘုရား)။

ကိုယ်ဝတ်ထားတဲ့အဝတ်ကြီးက ရောဂါတွေဝတ်ထားတာ....(မှန်ပါ့) မဲနေတာတွေ ဝတ်ထားတယ်၊ ဟုတ်လား.... (မှန်ပါ့) ကြည့်မကောင်းတာတွေ...(ဝတ်ထားပါတယ်ဘုရား)။

အဲ.... ကိုယ့်ခန္ဓာကိုယ် တခုလုံးထဲမှာ တကာ တကာမတို့ အကောင်းပါကြရဲ့လား....(မပါ·ပါဘုရား)။

အဲဒီတော့ အကောင်းမပါတော့ ဘယ်ဆုတောင်းချင်သေးသတုံး.... ( ဘယ်ဆုမှ မတောင်းချင်ပါဘုရား ) နောက်ထပ်ဒီခန္ဓာအဝတ်ကြီးကော ဝတ်ချင်သေးရဲ့လား.... (မဝတ်ချင်ပါဘုရား) မဝတ်ချင်တော့ ခန္ဓာစွဲတဲ့ဥပါဒါန် ရှိသေးရဲ့လား....(မရှိပါဘုရား) ဆိုစမ်းပါ၊ ဥပါဒါန် နိရောဓေါ (ဘဝနိရောဓေါပါဘုရား)ဘာ နိရောဓါ(ဇာတိ,နိရောဓေါပါဘုရား)ဇာတိ, နိရောဓါ....(ဇရာ,မရဏ,နိရောဓေါပါဘုရား)။

ဇရာ, မရဏ, နိရောဓေါ·ဆိုတော့ ဦးမာဒင်တို့က သိပြီ...(မှန်ပါ့) ဩော်.... သူ့စွဲလမ်းတာ ပြုတ်တော့လဲ နိဗ္ဗာန်ကိုး....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(သူ့စွဲလမ်းတာပြုတ်တော့ နိဗ္ဗာန်ပါဘုရား) ရောဂါမှန်း သိသည်နဲ့တပြိုင်နက်တည်း စွဲလမ်းသေးရဲ့လား.... (မစွဲလမ်းပါဘုရား) မစွဲလမ်းတော့ ဥပါဒါန် မချုပ်

ဘူးလား....(ချုပ်ပါတယ်ဘုရား) စွဲလမ်းတာက ဥပါဒါန်၊ မစွဲလမ်းတာက ဥပါဒါန်ချုပ်တယ်.... (မှန်ပါ့) ဥပါဒါန်ချုပ်လို့ ရှိယင်ဖြင့် ကံကော.... ( ကံချုပ်ပါတယ်ဘုရား ) ကံချုပ်ယင် နောက်လာမည့်ဇာတိ....( ချုပ်ပါတယ်ဘုရား ) ဇရာ,မရဏ.... ( ချုပ်ပါတယ်ဘုရား ) သောက, ပရိဒေဝ.... (ချုပ်ပါတယ်ဘုရား)။

အဲဒါတွေချုပ်တာ တကာသစ်တို့က ဦးမာဒင်တို့က ဆုံးဖြတ်ချက်ချ၊ ဒါတွေ ဘာတွေပါလိမ့်မတုံး.... ( နိဗ္ဗာန်ပါဘုရား ) ဩော်....နိဗ္ဗာန်တွေပါလား.... (မှန်ပါ့) ဒီကျမှ နိဗ္ဗာန်သိတယ် (မှန်ပါ့)။

ဒါ့ကြောင့် ပုဏ္ဏားကြီး ပြောတာ....၊ နဂိုရ်တုန်းက သူက "အာရောဂျံ ပရမံ လာဘံ" ဆိုယင် သူ့ခန္ဓာကိုယ်ကြီး ပုတ်ပြတယ်၊ နိဗ္ဗာန်ဆိုတာလဲ ဒါဘဲ၊ အနာကင်းတဲ့လာဘ် အကြီးဆုံးဆိုတာလဲ ဒီခန္ဓာကြီးဘဲ....(မှန်ပါ့) ဒီလိုဘဲ ပြောနေကြတာ အခု သေသေချာချာ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ရောဂါတွေဖေါ်ပြပြီး ဝေဒနာ နုပဿနာတွေ ဟောလိုက်တဲ့ အခါကျတော့မှ တကာ တကာမတို့ ဒီခန္ဓာကြီးဟာ နဂိုရ်က တဏှာကလှည့်စားလို့ ဒီခန္ဓအဝတ်ကြီးကို ဝတ်နေကြတာ.... (မှန်ပါ့)။

ဘယ်သူက လှည့်စားတာတုံး.... (တဏှာက လှည့်စားတာပါဘုရား) အခု သေသေချာချာ တဏှာက လှည့်စား တာကို မျက်စိနှစ်ကွင်းအလင်းရအောင် ဘုရားဟောတော်မူသည့်အတိုင်း

ဘုန်းကြီးက ပြောလိုက်တော့ တကာတကာမတွေ ရောဂါတွေ မမြင်သေးဘူးလား.... (မြင်ပါတယ်ဘုရား) ရောဂါအဝတ်ကြီး ဝတ်နေရတယ်.... (မှန်ပါ) အရုပ်ဆိုးတာကြီး ဝတ်နေရတယ်.... (မှန်ပါဘုရား) အဲဒီတော့ စွဲလမ်းသေးရဲ့လား.... (မစွဲလမ်းပါ ဘုရား) ဖြစ်ပျက်တွေမြင်တော့ စွဲလမ်းသေးရဲ့လား....(မစွဲလမ်း ပါဘုရား) ရောဂါမှန်းသိတော့ စွဲလမ်းသေးရဲ့လား-(မစွဲလမ်း ပါဘုရား)။

ဒါဖြင့် ဘာချုပ်သွားသလဲ.... (ဥပါဒါန် ချုပ်သွားပါတယ် ဘုရား) ဥပါဒါန် ချုပ်ပြီးယင် နောက် ဘာချုပ်ဦးမယ်.... ( ကံချုပ်ပါတယ်ဘုရား ) ကံချုပ်ပြီးယင် ဘာချုပ်ဦးမယ်.... (ဇာတိချုပ်မှာပါဘုရား) ဇာတိ,ဇရာ,မရဏတွေ မချုပ်ပေဘူး လား....(ချုပ်ပါတယ်ဘုရား)။

ဩြော်.... မျက်စိနှစ်ကွင်း အလင်းလဲရပါရော တကာတကာ မတို့ ဩြော်....ဒါမှ နိဗ္ဗာန်ပါကလား.... (မှန်ပါ) ဇာတိ,ဇရာ, မရဏချုပ်တာမှ နိဗ္ဗာန်ပါလား- ရောဂါကင်းတာက ဒါပါလား ဆိုတာ အလင်းရတယ်.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ရောဂါကင်းတာက နိဗ္ဗာန်.... ( မှန်ပါ ) ရောဂါရှိတာက ခန္ဓာ....(မှန်ပါ)။

အဲဒီတော့ ရောဂါရှိမှန်းသိတော့ ခန္ဓာကြီး စွဲသေးရဲ့လား (မစွဲပါဘုရား) မစွဲတာ ဘယ်သူချုပ်တာ .. (ဥပါဒါန်ချုပ်တာ ပါဘုရား) ဥပါဒါန်ချုပ်တော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အတိုင်း ဟောရမှာ- ဥပါဒါန်ချုပ်ပြီး ကံချုပ်ရဲ့ရှိမှာဘဲ-(မှန်ပါ

ဘုရား) ကံချုပ်ယင် ဇာတိ,ဇရာ,မရဏတွေကော.... (ချုပ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတွင်မှ မာဂဏ္ဍီပုဏ္ဏားကြီးက ဩြော်.... တပည့်တော် တသံသရာလုံး ဆိချေးသုတ်တဲ့အဝတ်နဲ့ မဲနက်သော သိုးမွေးကြီး ဝတ်ပြီးသကာလ တဏှာက လှည့်စားပြီးနေလို့ မျက်လုံး စုံလုံး ကန်းဆိုတာ ယုံပြီဘုရား....(မှန်ပါ)။

အခုတော့ဖြင့် မျက်စိနှစ်ကွင်း အလင်းရလို့ ရောဂါကင်းဆိုတာက ဇာတိ,ဇရာ,မရဏချုပ်မှပါကလား....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ရောဂါကင်းဆိုတာ ဘာပါလိမ့်.... (ဇာတိ, ဇရာ, မရဏ ချုပ်တာပါဘုရား) ဒါဖြင့် ဇာတိ,ဇရာ, မရဏချုပ်တာ နိဗ္ဗာန်ဆိုတာ ထင်ရှားပလား.... (ထင်ရှားပါပြီဘုရား)။

ဒါဖြင့် ရောဂါက ဒုက္ခသစ္စာ....(မှန်ပါ) သဘောကျပလား- (ကျပါပြီဘုရား) မြင်တာက ( မဂ္ဂသစ္စာပါဘုရား ) တဏှာ ဥပါဒါန်ချုပ်တာက သမုဒယသေတာ....(မှန်ပါ) နောက် ဇာတိ ဇရာ မရဏ မလာတာက.... ( နိရောဓသစ္စာပါဘုရား ) သစ္စာ လေးပါး ဟောတာ....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ကဲ....ယခုနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

လူမိုက်နဲ့ လူလိမ်မာ

မဂ္ဂဗြဟ္မစရိယာအကျင့်ကြောင့် ကွာခြားပုံ

# နေ့အလုပ်ပေး တရားတော်

( ၁၅ - ၉ - ၆၁ )

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတယ်၊ သီတင်းသုံးနေတော့ ရဟန်းတွေက တရားနာချင်ကြလို့ အနား ဝိုင်းပြီးနေပါတယ်၊ ထိုကဲ့သို့ ဝိုင်းနေတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့ လူလိမ်မာလဲကွာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ- သင်္ခါရ ပစ္စယာ ဝိညာဏံဆိုတဲ့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာဘဲ....တဲ့၊ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးဖြစ်တာဘဲ....(မှန်ပါ)။

လူလိမ်မာလဲ နောက်ဘဝက အဝိဇ္ဇာ သင်္ခါရကြောင့် ဒီဘဝ ခန္ဓာငါးပါးဖြစ်တယ်၊ ဒါ... လူလိမ်မာနော်....(မှန်ပါ) လူမိုက်မှာလဲကွာ....တဲ့ အဝိဇ္ဇာ သင်္ခါရကြောင့် ဒီဘဝမှာ ခန္ဓာငါးပါးဖြစ်တာဘဲ....တဲ့၊ ခန္ဓာငါးပါးရတဲ့ အထဲမှာ အတူတူဘဲကွ....တဲ့ (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီဘက်က လူလိမ်မာ၊ ဒီဘက်က လူမိုက်....(မှန်ပါ့) လူလိမ်မာမှာလဲ အဝိဇ္ဇာ၊ သင်္ခါရကြောင့် သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ ကုသိုလ်နဲ့ တောင်းချင်သလို တောင်းတဲ့ တဏှာကြောင့် ခန္ဓာငါးပါးဖြစ်တယ်ကွတဲ့....(မှန်ပါ့ဘုရား) လူမိုက်မှာလဲအတူတူဘဲကွတဲ့ သစ္စာလေးပါး မသိဘူး ပြုချင်သလိုပြုတဲ့ ကုသိုလ်ကြောင့် တောင်းချင်သလို တောင်းတဲ့ တဏှာကြောင့် ခန္ဓာငါးပါးရတာကွတဲ့.... ( မှန်ပါ့ ) လာပုံက အတူတူဘဲကွ....တဲ့....(မှန်ပါ့ဘုရား)။

အဲဒီတော့ လူမိုက်နဲ့ လူလိမ်မာ မင်းတို့ ဘယ်လိုများထူးသတုံးတဲ့၊ ရဟန်းတွေကိုမေးလိုက်တယ်....(မှန်ပါ့ဘုရား)။

မေးလိုက်တဲ့ အခါကျတော့ အရှင်ဘုရားတဲ့ ဒီအမေးမျိုး ကဿပမြတ်စွာဘုရား လက်ထက်ကတည်းက ဒီပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးဟာ ကွယ်သွားပြီ၊ ပရိနိဗ္ဗာန်စံတော့ ကွယ်သွားပြီ - (မှန်ပါ့ဘုရား)။

ကွယ်သွားပြီးသည့်နောက် မည်သူ တဦးတယောက်မျှ လူမိုက်နဲ့ လူလိမ်မာ ဒီလိုလာပြီး ဒီလိုထူးတယ် ဆိုတဲ့ဥစ္စာ မဟောဘူး၊ မပြောဘူးပါဘူးတဲ့၊ အဲဒီတော့ တပည့်တော်များမှာ သာသနာကွယ်ပြီး အခုသာသနာ နောက်ထပ် တွေ့ရတော့ အခုမှလဲ လက်စဖြစ်ပြီး လူမိုက်နဲ့ လူလိမ်မာထူးပုံကို အရှင်ဘုရားက မေးတော့ ကွဲသာတာလဲကြာ· အဆက်ကလဲပြတ်၊ အရှင်ဘုရား ဟောမှ· အရှင်ဘုရားပြောမှဘဲ တပည့်တော်များမှာ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ ဒါ့ကြောင့် အရှင်ဘုရားဘဲ ဟောတော်မူပါလို့ ဘုရားကိုဘဲ လျှောက်ကြတယ်....(မှန်ပါ့ဘုရား)။

ဘယ်သူ့ လျော့ကျသတုံး .... (ဘုရား လျော့ကျပါတယ်ဘုရား)။

ခင်ဗျားတို့လဲ အခုမေးလို့ရှိယင် ဒီအတိုင်း လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ၊ လူလိမ်မာလဲ အဝိဇ္ဇာပစ္စယာသင်္ခါရာကြောင့် ခန္ဓာငါးပါးရတာဘဲ.... ( မှန်ပါ ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရတာဘဲ၊ လူမိုက်လဲ မသိမှုအဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရတွေကြောင့် ခန္ဓာငါးပါးကတော့ အခုရနေကြပြီကွ၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒီအထဲမှာ ခင်ဗျားတို့ကလဲ ခန္ဓာငါးပါးနဲ့ နေကြတယ်-(မှန်ပါ့)ဟို တံငါတွေကလဲ.... ( ခန္ဓာငါးပါးနဲ့ နေပါတယ် ) လာပုံအတူတူဘဲကွ....(မှန်ပါဘုရား)။

ဘာထူးသတုံးကွ- လူမိုက်လဲ ခန္ဓာငါးပါး- လူလိမ်မာလဲခန္ဓာငါးပါးဘဲ၊ ဘယ်သူကမျှား ခြောက်ပါးဖြစ်သေးသတုံး(မဖြစ်ပါဘုရား) မဖြစ်ဘူးဆိုတာ သေချာပါတယ်နော် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ကွာ ... တဲ့၊ ငါရှင်းပြောပါ့မယ်တဲ့၊ လူလိမ်မာကတော့ နောက်ခန္ဓာမရဘူး....( မှန်ပါ့ ) နောက်ခန္ဓာ ဇာတိ, ဇရာ,မရဏမရဘူးတဲ့....(မှန်ပါ့)ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

ဒါ လူလိမ်မာအတွက်က ဇာတိ, ဇရာ, မရဏဆိုတာ ဒါက ပစ္စုပ္ပန်ခန္ဓာ၊ ဒါကအနာဂတ်ခန္ဓာ....(မှန်ပါ့)လူလိမ်မာကတော့ကွာ-တဲ့ အနာဂတ်ခန္ဓာမရဘူးတဲ့ လူမိုက်ကတော့ကွာ အနာဂတ်ခန္ဓာရမယ်တဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် လူမိုက်က ဒီခန္ဓာရတယ်၊လူသိမ်မာက ဒီသုံးခုမရဘူး။ ဇာတိ,ဇရာ, မရဏမရဘူး....(မှန်ပါ) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

လူလိမ်မာကတော့ နောက်ခန္ဓာ....( မရပါဘုရား ) လူမိုက်ကတော့....( ရပါမယ်ဘုရား ) ဒါဖြင့် ခင်ဗျားတို့ စဉ်းစားသာ ကြည့်ကြပေတော့ ဩော်....လူမိုက်နဲ့, လူလိမ်မာဟာ ဘာထူးတယ်ဆိုတာ နောက်ခန္ဓာရမှု- မရမှုထူးခြားတယ်....( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ- နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဗာလပဏ္ဍိတသုတ်ဆိုပြီး ဘုရားက ဟောလိုက်တယ်၊ လူမိုက်နဲ့ လူလိမ်မာ ထူးခြားပုံကို မင်းတို့ ငါရှင်းပြမယ်ဆိုပြီး ဟောတယ်....(မှန်ပါဘုရား)။

ဒါဖြင့် နောက်ခန္ဓာရဘို့ ဆုတောင်းတဲ့ ပုဂ္ဂိုလ် ဦးလှနဲ့ ဦးမာဒင်က ဒီအထဲမှာ လူကြီးလုပ်ပြီးဆုံးဖြတ်ချက်ချ၊ မဟုတ်ဘူးလား....(မှန်ပါ) နောက်ခန္ဓာမရချင်တဲ့ ပုဂ္ဂိုလ်ကိုလဲဆုံးဖြတ်ချက်ချကြ....(မှန်ပါဘုရား)။

အခု မြယ်စွာဘုရားက ဟောတော်မူလိုက်ပြီ၊ နောက်ခန္ဓာ မရချင်တဲ့ပုဂ္ဂိုလ် လူလိမ်မာ၊ နောက်ခန္ဓာရတဲ့ပုဂ္ဂိုလ်....(လူမိုက်ပါဘုရား)ရှင်းနေပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားရှေ့သွားမိုက်တာဘော့ အတော်ဆိုးတယ်.... (မှန်ပါ)မဆိုးဘူးလား (ဆိုးပါတယ်ဘုရား) ဘုရားရှေ့သွားပြီး အရှင်ဘုရား လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာပေးတော်မူပါဆိုတဲ့ဥစ္စာ ဘာဖြစ်တာတုံး....(မိုက်တာပါဘုရား)။

ဒါက ဘုန်းကြီးကပြောတာမဟုတ်ပါဘူး(မှန်ပါ့) ဘုရားက ဟောတာပါ....(မှန်ပါ့) အဲဒီတော့ ဦးလှက ဆုံးဖြတ်ချက်ချ ခင်ဗျားအကြီးဆုံးဘဲနော်....(မှန်ပါ့)ခင်ဗျားက နောက်ဘဝများ ရချင်သေးတဲ့သဘောနဲ့ ဒါနု သီလတွေ လုပ်သေးသလားလို့ မေးလို့ရှိယင် ခင်ဗျားဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ.... (မရချင် ပါဘုရား)။

အခု မလုပ်တော့ဘူး- ဟင်.... (မှန်ပါ့) နဂိုရှိကတော့ မိုက်ထားတာတော့ ရှိဦးမှာပေါ့....(ရှိပါတယ်ဘုရား)အဲ .... ရှိထားပေမဲ့လဲ အခု နောက်ထပ်မမိုက်နဲ့တော့....(မှန်ပါ့) မဟုတ်ဘူးလား .. (မှန်ပါ့)ဘုရားက ရက်ရက်စက်စက်ဟောတာ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်လဲ ဆုံးဖြတ်ချက်ချတော့ ဩော်....လူမိုက်နဲ့ လူလိမ်မာဟာ အတော်လူမိုက်များပါလား(မှန်ပါ့)ဆိုထိုက် မဆိုထိုက် ခင်ဗျားတို့....(ဆိုထိုက်ပါတယ်ဘုရား)။

ဆိုထိုက်တယ်၊ ဇာတိဒုက္ခသစ္စာ, ဇရာဒုက္ခသစ္စာ, မရဏဒုက္ခသစ္စာ လူမိုက်မှ ရမှာကွတဲ့....(မှန်ပါ့) လူလိမ်မာမရဘူး(မရပါဘုရား)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နောက်ဘဝ လှချင်, ဝချင်တဲ့လူတွေနဲ့ တွေ့နေယင်တော့ အတော်ကလေး မိုက်ဦးမှာဘဲ... (မှန်ပါ့)အတော်ကလေးမိုက်ဦး မှာဘဲဆိုတာ ဟိုနောက်က တဏှာမတွေ့ ဘက်ကလဲသေသေသ ချာချာ မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) ဩော်....ငါတို့ မိုက်ချက်ဟာ လမ်းပြကောင်းမတွေ့သျှကာလပတ်လုံး ဒီစုတိပြီးယင်

ဟိုပဋိသန္ဓေဒုက္ခသစ္စာကို သွားဖက်မှာဘဲ....(မှန်ပါ) မဖက်ပေဘူး လား....(ဖက်ပါတယ်ဘုရား)။

ယခုဘဝ စုတိပြီးတော့— (နောက်ဘဝ ပဋိသန္ဓေ ဖက်မှာပါ ဘုရား) ဘာတွေတုံး ဒီလူတွေဟာ.... ( လူမိုက်တွေပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မြို့ထဲ့ရွာထဲမှာ ကျုပ်တို့ချင်းဘဲ ပြောကြပါစို့ ဆိုလို့ ရှိယင်ဖြင့် ဘယ်ပုဂ္ဂိုလ်တွေ အများအစား ရှိလိမ့်မယ်ဆိုတာ ခင်ဗျားတို့ဘဲ ဆုံးဖြတ်ချက်ချ၊ ဘယ့်နှယ်တုံး....(လူမိုက်တွေများ ပါတယ်ဘုရား) လူမိုက်များတယ်။

ဒါဟာ သိပြီးသားပုဂ္ဂိုလ်ကတော့ သိပြီးသားပုဂ္ဂိုလ်မှာလဲ ပြော်.... ဘုန်းကြီးဟောတာက ဘုရားဟောတာကို ဟောတာ ဘဲ....၊ ဒို့ကလဲ တဘဝတည်းနဲ့ နိဗ္ဗာန်ရမှာ မဟုတ်ဘူးဆိုပြီး ခင်ဗျားတို့ တဏှာကလှည့်လိမ့်ဦးမယ်....(မှန်ပါ)။

အဲဒီ လှည့်ချက်ကိုလဲ အခုကတည်းက ပါးနပ်ထားမှ(မှန်ပါ ဘုရား) ဒါဟာ နဖူးပေါ်လက်တင်စဉ်းစားမှ သူလာလိမ့်မယ် (မှန်ပါ) သူလာယင် ဒုက္ခသစ္စာမသိဘဲ့တရား လာတာဘဲ.... (မှန်ပါ)။

ခင်ဗျားတို့ ကိုယ့်အိပ်ရာပေါ်မှာ ကိုယ့်ခေါင်းအုံးနဲ့ အိပ်တဲ့ အခါကျတော့မှ လှည့်မှာ သူက....(မှန်ပါ) အခုမလှည့်သေးဘူး (မှန်ပါ) အဲဒီအချိန်မှာ အလှည့်မခံကြနဲ့ နားလည်ပလား.... (မှန်ပါ)။

ဦးလှကြီး— ခင်ဗျားကို ဒေါင်ချာစိုင်းအောင် လှည့်မယ်— (မှန်ပါ) သားတွေ့ မယားတွေကြားထဲ ရောက်သွားမယ်—၊

စီးပွားရေးတွေကြားထဲ ရောက်သွားမယ် ဆိုလို့ရှိယင် ဟိုက သားတွေ သမီးတွေကလဲ ယုယပြုကြ ဆိုလို့ရှိယင် ခင်ဗျားတို့ လှည့်ပစ်လိုက်မယ်နော်....(မှန်ပါ) ဘယ်ထဲရောက်အောင် လှည့် ပစ်မယ် ထင်ကြသတုံး.... ( လူမိုက်ဘဝရောက်အောင် လှည့်ပစ် မှာပါဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ မိုက်လက်စက မသတ်သေး၊ကိလေသာ ကလဲ အချော့ကောင်းနဲ့ တဏှာတာ အချော့ကောင်းနဲ့ခင်ဗျားတို့ သွားပြီး ယောင်လိုက်မယ်ဆိုယင် ဆုံးနိုင်ပါ့မလား ဒီဒုက္ခသစ္စာ ဟင်....(မဆုံးနိုင်ပါဘုရား)။

အဲဒီ မဆုံးနိုင်တဲ့ဒုက္ခကြီးကို ခင်ဗျားတို့လှည့်တဲ့ဥစ္စာ အလှည့် ကောင်း, အပတ်ကောင်း, အချော့ကောင်း, အမော့ကောင်း ကိလေသာဘဲလို့မှတ်ပါ—(မှန်ပါ) ခင်ဗျားတို့အရှယ် ခေါင်းဖြူ စွယ်ကျိုးတွေကို အလှည့်မခံနဲ့....(မှန်ပါ) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

ဘာပြောပြော ဘုရားပြောတာ ငါယုံမယ်၊ သူပြောတာ ငါမယုံဘူး၊ လိုက်ရမယ်....(မှန်ပါ) တဏှာကတော့ပြောလိမ့်မယ် ခင်ဗျားတို့ကို—(မှန်ပါ)။

မင့်မှာ သားနဲ့ သမီးနဲ့ ဟုတ်လား....(မှန်ပါ)တဘဝတည်း နဲ့လဲ မင်း-နိဗ္ဗာန်ရောက်မှာမဟုတ်ဘူး လုပ်လဲမကြည့်ဘူး၊ လွတ် အောင်လဲမလုပ်ဘူး—(မှန်ပါ)။

လွတ်အောင်လဲမလုပ်ဘူး သူက အလကား ဆင်ခြေတွေဘာ တွေနဲ့ ခင်ဗျားတို့ လူကြီးတွေကို တော်အောင် ရော်အောင်

ဂျောက်ကျအောင် လုပ်သိမ့်မယ်....(မှန်ပါ) မလုပ်ပေဘူးလား (လုပ်ပါတယ်ဘုရား)။

ဒါ အခုက ပြောထားတယ်၊ ခင်ဗျားတို့ အိပ်ရာပေါ်ရောက်လို့ ခင်ဗျားတို့ နယ်ထဲရောက်သွားလို့ ရှိယင် ဒီဥစ္စာလာလိမ့်မယ် (မှန်ပါ) ဘယ်သူလာမယ်ဆင်သတုံး...(တဏှာလာမှာပါဘုရား) တဏှာလာလိမ့်မယ် လာလို့ ရှိယင် အာရုံတွေကို သူပြမယ်.... (မှန်ပါ) မပြပေဘူးလား.... (ပြမှာပါဘုရား) ပြပြီး သကာလ ခင်ဗျားတို့ကို ချော့မယ်, မော့မယ် ဂျောက်ကျအောင်လို့... (မှန်ပါ) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒါ အဘင်းကန်ရမှာ ခုကတည်းက သတိပေးထားတယ်၊ မင်းပြောတာ တလုံးမှမယုံဘူး... (မှန်ပါ) ခါးတောင်းကြိုက်ထား ရီးတီးရားတားလုပ်မနေနဲ့....(မှန်ပါ)။

ဘုရားက အခု သေသေချာချာဟောပြီ၊ သဘောကျရဲ့လား (ကျပါတယ်ဘုရား) ဒီက ကြိုက်သွားမှ ဦးလှကြီး... (မှန်ပါ) အိမ်တို့ယာတို့ ရောက်တဲ့အခါကျလို့ ရှိယင် နတ်ပြည်ပန်းချီကားတွေကြည့်ပြီး ခင်ဗျားတို့က ယောင်လိုက်ဦးမှာ... (မှန်ပါ) မဟုတ်ဘူးလား (မှန်ပါ)။

ဘာကြည့်ပြီး ယောင်မှာတုံး.... ( ပန်းချီကားတွေကြည့်ပြီး ယောင်မှာပါဘုရား) ပန်းချီကားတွေကြည့်ပြီးယောင်မှာ၊ ပန်းချီသမားကို ခင်ဗျားတို့က အကဲခတ်တတ်ဘူး....(မှန်ပါ)။

မင်း- နတ်ပြည်ရောက်ဘူးလို့, မင်း- နတ်ပုံစံ ရေးတာလား မင်းဟာမင်း မှန်းဆရေးတာလား၊ သူ့ကိုလဲ ခင်ဗျားတို့ မစစ်ဆေးဘူး...(မှန်ပါ)။

ကဲ.... အခု စစ်ဆေးတတ်ပလား.... ( စစ်ဆေးတတ်ပါပြီ ဘုရား) သူ- ရောက်ဘူးသလား.... ( မရောက်ဘူးပါဘုရား ) မရောက်ဘူးတဲ့လူက လိမ်တာ...(မှန်ပါ့) ဘာတဲ့တုံး...(မရောက်ဘူးတဲ့လူက လိမ်တာပါဘုရား)။

အဲဒါ ခင်ဗျားတို့က ခြောင်.... နတ်ပြည်ဆိုတာ ဒီလိုတဲ့....၊ ခင်ဗျားတို့ကလဲ ရမ်းပြီးယုံနေတာ.... (မှန်ပါ့) ရမ်းပြီးယုံချင်လို့ ယုံတာမဟုတ်ပါဘူး၊ ဝမ်းထဲမှာ ကောက်ကျစ်တဲ့ ဟာများက တကျာက ရှိတယ်(မှန်ပါ့)သူက ယုံချင်လျက်ဖြစ်နေတာ(မှန်ပါ့) ဦးလှကြီး သဘောကျပလား....(ကျပါပြီဘုရား)။

ကွာ... ငယ်တုန်းကလိမ်တာ မိုက်တုန်းကမို့ ရှိပေစေတော့ ခေါင်းဖြူ စွယ်ကျိုးမှတော့ အလိမ်မခံနိုင်တော့ဘူး... (မှန်ပါ့) ဒီလို့ကို ပြင်ရဲရမယ်...၊ ပြင်ရဲပါ့မလား... ( ပြင်ရဲပါတယ် ဘုရား)။

ဒီတရားကို ချီးပြီး ဟောနေတယ် အောက်မေ့ မနေနဲ့ ဘုရားက လူလိမ်မာနဲ့ လူမိုက် ဘာသူးသတုံးမေးလို့.... (မှန်ပါ့) မခပါသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးဟောတာလဲ ဟုတ်ပါတယ် ဘုရားဟောတော်မူတိုင်း ဟောတာပါ....၊ ဒါပေမဲ့ မင်း အချိုးအစားက ဒီလို မဟုတ်ဘူး၊ အံမာ သူက ဘုန်းကြီးထက် တရားဟောကောင်းသေးတယ်....(မှန်ပါ့ဘုရား) မလာပေဘူးလား.... (လာပါတယ် ဘုရား)။

အဲဒါ နောက်က တကာတကာမတွေလဲ ယောင်ချာချာနဲ့ ဒီလိုလုပ်မနေကြနဲ့ဦး ဂျောက်ကျလိမ့်မယ်...(မှန်ပါ့)တခါတည်း

ဂျောက်ကျယင် မတက်နိုင်တော့ဘူး.... (မှန်ပါ) တက်နိုင်ပါမလား.... (မတက်နိုင်ပါဘုရား) မတက်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ အခုကတည်းက ဘုန်းကြီးပြောတာကိုမှတ်၊ ဘုရားဟောတာကိုမှတ်ပြီးသကာလ ခါးတောင်းကြိုက် မဖြုတ်ဘူး၊ မင်း· ဘယ်လိုညာလိုဆိုပြီး မယုံနဲ့.... (မှန်ပါ) ရပါ့မလား.... (ရပါဘယ်ဘုရား)။

ကြိုးစားရမှာဘဲ၊ ကြိုးစားမယ်၊ အခုကတည်းက ပြောနေယင်တော့ သားကြား, သမီးကြားကျယင်တော့ အရှုံးပေးလိမ့်မယ်....(မှန်ပါ) တော်တော် ကြောက်စရာ ကောင်းတဲ့တရား.... (မှန်ပါ)။

ခင်ဗျားတို့ ဟသံသရာလုံး ငလုံးဂျင်နိုင်သလို လှည့်လာတာ (မှန်ပါ) ကောက်ကျစ်တဲ့အထဲမှာ သူ·အဆိုးဆုံး...(မှန်ပါ)ဘယ်သူတုံး....(တဏှာပါဘုရား)။

အဲ.... သူက ခင်ဗျားတို့ကို ချယ်လှယ်ပြီးသကာလ တဘာတည်းနဲ့ ရမှာမဟုတ်ဘူးဆိုပြီး သူက တရားသံနဲ့ ထွက်လာတာ (မှန်ပါ)။

မင်းတို့ကလဲ ဘယ်လိုညာလို ဆိုပြီးသကာလ သူကနေ့ပြီးသကာလ ခင်ဗျားတို့ကို ပရိယာယ်တွေ, မာယာတွေနဲ့ အကြောင်းတွေပြပြီး သကာလ သာဝက ပါရမီဉာဏ်ကို သူက သိတာမဟုတ်ဘူး၊ သာဝက ပါရမီဉာဏ်က ခင်ဗျားတို့ကို ဟောထားပြီ....(မှန်ပါ) သစ္စာတရား နာရလို့ သစ္စာမြင်ယင်ပြီးတာ

ဘဲ....(မှန်ပါ)တဘာဝတည်းနဲ့ ပြီးနိုင်တယ်... (မှန်ပါ)အဲဒါတွေ သူ-က ဖုံးထားတယ်....(မှန်ပါ)။

ဖုံးတားပြီးသကာလ လူချမ်းသာဆိုတာ မမြင်ဘူးလားကွ၊ မမြင်ဘူးလားကွသာ ပြောတယ် ကိုယ်လဲမမြင်ဘူး.... (မှန်ပါ) ပန်းချီ လမ်းဆုံးနေတယ်၊ မဟုတ်ဘူးလား...(မှန်ပါ)။

ဘာလမ်းဆုံးစနေသလဲ.... (ပန်းချီလမ်းဆုံးနေပါတယ်ဘုရား) ပန်းချီလမ်းဆုံးတော့ ခင်ဗျားတို့ ပန်းချီးထက်ဆိုးတဲ့လူတွေပေါ့ (မှန်ပါ) မဆိုးဘူးလား...(ဆိုးပါတယ်ဘုရား)။

ပန်းချီလမ်းဆုံးတော့ ပန်းချီထက်ဆိုးတဲ့လူပေါ့၊ ပန်းချီက တွေးရေးတာ....(မှန်ပါ) အစဉ်အဆက်မို့ ရေးလာတာ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ဘယ်သူ မြင်ဘူးသတုံး ဆိုပြီး အဲဒီပန်းချီ သွားမေးကြည့် မြင်ဘူးရဲ့လား.... ( မမြင်ဘူးပါဘုရား)။

အဲဒီပန်းချီကို သွားကြိုက်နေမယ်ဆိုလို့ရှိယင် ခင်ဗျားတို့ သည် ဩော်.... ဘုရားဟော လမ်းမဆုံးဘဲနဲ့ ပန်းချီလမ်းဆုံးနေ တဲ့လူတွေ...(မှန်ပါ) အတော့်ကို အ,တဲ့ လူတွေပေါ့ (မှန်ပါ) ဆိုထိုက်- မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ပြဟ္မာကျတော့ အဝတ်ဖြူကြီးတွေနဲ့ ရေးလို့မဟုတ်ဘူးလား (မှန်ပါ) နတ်ကျတော့ မကိုဋ် ဒွါဒယာ တန်းဆာနဲ့ အချွန်တွေ့, အတက်တွေနဲ့ ရေးလို့၊ အဲဒါ ဦးလှကြီးတို့က ဩော်.... နတ် ပြည်ဆိုတာ တယ်ချမ်းသာတယ်၊ ချမ်းသာတာကလဲ ခန္ဓာရှိတဲ့ ပြည်ဟာ ဘယ်ပြည်ချမ်းသာတာတုံးမေး၊ ခန္ဓာရှိယင် ဘယ်

နေရာ ချမ်းသာသတုံး.... (ဘယ်နေရာမှ မချမ်းသာပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

အဲဒါခင်ဗျားတို့ မယောင်နဲ့ဆိုတာကို အတော်ထိန်းရမယ်.... ( မှန်ပါ့ဘုရား ) မထိန်းရပေဘူးလား.... ( ထိန်းရပါတယ် ဘုရား)။

သမုဒယသစ္စာက အချော့ ကောင်း၊ အမော့ ကောင်းလို့ ဘုန်းကြီးက ပြောထားပြီ၊ ကောက်ကျစ်တဲ့အထဲမှာ ပဌမတန်း၊ မျက်လုံးပိတ်ညာတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) မျက်လုံးပိတ်ထားတာက အဝိဇ္ဇာ၊ ညာတာက တဏှာ..(မှန်ပါ့ ဘုရား)။

မျက်လုံးပိတ်ထားတာက.... (အဝိဇ္ဇာပါဘုရား) ညာတာက (တဏှာပါဘုရား) အဲဒီလက်တွင်းမှ ခင်ဗျားတို့ကလဲ လွတ်အောင် မရုန်းနိုင်ဘူး... (မှန်ပါ့ဘုရား) အတော်ဆိုးတဲ့လူတွေ... (မှန်ပါ့) ဆိုးတာမဟုတ်ပါဘူး- ထူတာ အ တာပါ.... (မှန်ပါ့ ဘုရား)။

ငါက လက်တွေ့မှ ယုံမယ်ကွ...လို့ ဒီနေရာကျတော့ မလာ ဘူး...(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) အလကား ခါတ်ပုံ မှာ လမ်းဆုံးနေတယ်....(မှန်ပါ့) ဆေးရေးတဲ့ဆီမှာ...(လမ်းဆုံး နေပါတယ်ဘုရား)။

အဲဒီလူ သွားမေးကြည့်တော့ ဘယ့်နှယ်ဆိုမလဲ... (မမြင်ဘူး ပါဘုရား) မသိပေမဲ့ ရမ်းကြိုက်ပရစေများ·(မှန်ပါ့) ဒီအဓိပ္ပါယ် မရောက်ဘူးလား.... ( ရောက်ပါတယ်ဘုရား ) မသိတာ ရမ်း

ကြိုက်ပရစေ-ဆိုတော့ ခင်ဗျားတို့ မသိတဲ့လူထက် ရမ်းကြိုက်တဲ့ လူက သာဆိုးတယ်... (မှန်ပါ) မဆိုးဘူးလား.... (ဆိုးပါတယ် ဘုရား)။

အဲဒါ အခု ပိတ်ပင်ထားတယ်နော်- တော်တော်ကြာယင် ယောင်ချာချာလုပ်မနေနဲ့....(မှန်ပါ) သစ္စာနဲ့ကိုင်ထား၊ ဒါ.... ဘာသစ္စာတုံး...( ဒုက္ခသစ္စာပါဘုရား ) လူမိုက်မှာ ဒုက္ခသစ္စာ ရတယ်၊ လူလိမ်မာမှာ ဒီဒုက္ခကျွတ်သွားတယ်.... (မှန်ပါဘုရား) မကျွတ်ဘူးလား....(ကျွတ်ပါတယ်ဘုရား) ဒါ... နတ်ဘဲ ဆိုပါဦး ဗြဟ္မာဘဲ ဆိုပါဦး မကျွတ်ဘူးလား-ကျွတ်သလား.... (ကျွတ်ပါ တယ်ဘုရား)။

ကဲ....ဒုက္ခကျွတ်တာနဲ့ ဒုက္ခရတာ ခင်ဗျားတို့ဘဲ သစ္စာသိပြီး သား ပုဂ္ဂိုလ်တွေနဲ့ ဝေဘန်ပေးလိုက်ပါတယ်....တဲ့၊ ယောင်စရာ များ ရှိသေးသလား....(မရှိပါဘုရား)။

ဘုရားရှိခိုးတဲ့အခါကျတော့ ခင်ဗျားတို့က ဘုရားရှိခိုးကြီးနဲ့ ဟုတ်လား....(မှန်ပါ) နိဗ္ဗာန်မရောက်မီစပ်ကြားများ တကာ့ကာ အထည့်ခိုင်းလို့ သွားပြီး မထည့်လိုက်ပါနဲ့....(မထည့်ပါဘုရား) မထည့်လိုက်ပါနဲ့..၊ ထည့်လိုက်လို့ရှိယင် ဘုရားရှိခိုးထဲ သူဝင် ကောက်တယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်အထဲ သူ ဝင်ကောက်သလဲ.... (ဘုရားရှိုးခိုးထဲ သူ ဝင် ကောက်ပါတယ်ဘုရား)။

အဲ....ဘုရားရှိခိုးထဲ ဝင်ကောက်တာကို တချို့တကာတကာ မတွေက သိကို မသိဘူး ...(မှန်ပါဘုရား) ဘုရားရှိခိုးရင်း ဝါမှာ

တဏှာ ဝင်နေပါပေါ့လား- အဝိဇ္ဇာ ဝင်နေပါပေါ့လား....လို့ အတော် သိခဲ့တယ်...(မှန်ပါ့) မသိခဲ့ဘူးလား... (သိခဲ့ပါတယ် ဘုရား) ပန်းကလေးကလှတော့ ပန်းလို လှချင်တာဖြစ်လာတယ်၊ မဟုတ်ဘူးလား... (မှန်ပါ့)။

ဆွမ်းကလေးက ဝ,တော့ ချမ်းသာအောင် ဆာလောင် မွတ်သိပ်ခြင်းကို ပျောက်အောင်လုပ်နိုင်တော့ ဟိုကျ ဒီ့ထက် ဝ,မယ်ဖြစ်လာတယ်.... ( မှန်ပါ့ ) ဝ,ဟာ အထည်ကြီးနော်... (မှန်ပါ့) အထည်ကြီး လှ ချက်နီးတာဘဲ... (မှန်ပါ့) အထည် ကြီးယင် လှ ချက်နီးတယ်.... (မှန်ပါ့- နီးပါတယ်ဘုရား) ဝက် အသားတိုးလို့ လှ ချက်နီးတာ ပုံစံရှိလျက်သားနဲ့ ဟင်-(မှန်ပါ့) ပုံစံရှိလျက်သားနဲ့ ခင်ဗျားတို့က ယောင်ချာချာ လုပ်ချင်သေး တယ်၊ သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒါဟာ တရားပြောနေတယ် မှတ်ပါ၊ ခင်ဗျားတို့ လူကြီး တွေ လှည့်သွားမှာစိုးလို့.... (မှန်လှပါ) မလှည့်ပေဘူးလား.... (လှည့်ပါတယ်ဘုရား)။

အခု မင်း-ငါ့ကို မလှည့်နဲ့တော့ ငါဟာ ငယ်ရာက ကြီး လာတာ၊ ဆရာကောင်း, သမားကောင်းတွေလဲ မှီဝဲနေတယ်၊ ဒီလိုကလေးများလဲ ပြန်ပြောကြပါဦး... ( မှန်လှပါ ) ပြန်လဲ ပြောကြပါဦး၊ ငိုချည့်ခံမနေကြပါနဲ့ - (မှန်ပါ့) ငိုခံနေတဲ့လူက များတယ်၊ မများဘူးလား....(များပါတယ်ဘုရား) ဒီသားနဲ့ ဒီသမီးဆိုပြီး သူကနေပြီးတော့ ထည့်လိုက်တယ်.... ( မှန်ပါ့ ဘုရား)။

ဒီသားနဲ့ ဒီသမီးနဲ့ ဒီမြေးနဲ့ ဒီမြစ်နဲ့ နိဗ္ဗာန်ဝင်တာတောင် အတူတူမှ ဝင်ချင်တယ်၊ အတူတူဝင်ယင် ဘဝတွေ အများကြီး လာမယ်... (မှန်ပါ) မလာဘူးလား-လာမလား....(လာပါမယ် ဘုရား)။

တယောက်က အဝိစိမှာဗျ...၊ တယောက်က လူ့ပြည်မှာ၊ တယောက်က ကမ္ဘာများစွာ အသက်ရှည်တဲ့ ဗြဟ္မာပြည်ရောက် နေတယ်၊ ဘယ်က ဆုံနိုင်မှာတုံး....( မှန်လှပါဘုရား ) ဆုံစရာ မြင်သေးရဲ့လား .. (မဆုံပါဘုရား) နိဗ္ဗာန်မရ ရပါ့လို၏ဆိုတာနဲ့ ဘယ့်နှယ်နေသလဲ....(အတူတူပါဘဲဘုရား)။

အဲ....ခင်ဗျားတို့ သွားပြီး လောကုတ်မချော်နဲ့... ( မှန်ပါ ) လောကုတ်ချော်မှာ ဘုန်းကြီးက သိပ်ကြောက်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့် ခင်ဗျားတို့ လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံး လို့ ဘုရားက မေးလိုက်တော့ ရဟန်းတွေက မဖြေတတ်ဘူး၊ ဘုရားက လူမိုက်က နောက်ခန္ဓာရတယ်၊ လူလိမ္မာက (နောက် ခန္ဓာမရပါဘုရား)။

ခန္ဓာရတဲ့လူ- လူမိုက်လို့ဆိုထားပေါ့ ခင်ဗျားတို့ ဘာဘဏ္ဍာ ချော့စရာ မော့စရာမရှိဘူး၊ တဏှာချော့လို့ မော့စရာ လိုသေး သလား...(မလိုပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီအရွယ်ကြီးကျမှတော့ဗျာ ဟုတ်လား .. လိမ်တာလဲ များ လှပြီ၊ ဆရာကောင်း လမ်းညွှန်ကောင်းမတွေ့လို့ လိမ်ခဲ့တာတွေ မဟုတ်ဘူးလား .. (မှန်လှပါဘုရား)။

ဒီတခါမှ အလိမ် မိဦးမယ်ဆိုယင် နောက် ဖြေပေးမည့်လူ ရှိဦးမလား...(မရှိပါဘုရား) သဘောပါကြပလား... (ပါ-ပါပြီ ဘုရား) နောက်က တကာ တကာမတွေကော သဘောပါရဲ့ လား....(ပါ-ပါတယ်ဘုရား)။

အဲ....သေသေချာချာမှတ်ထား ခင်ဗျားတို့ တကာတကာမ တွေက ပန်းကလေးလှူယင် ပန်းလိုလှချင်တာက အတော်ရှုပ်သာ တတ်တယ်...(မှန်ပါ) ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့ တရားကို ပြန်ကောက်။

နို့....ဘုရား... လူမိုက်နဲ့ လူလိမ်မှာ၊ ခန္ဓာရတဲ့ပုဂ္ဂိုလ် လူမိုက်၊ ခန္ဓာရတဲ့ပုဂ္ဂိုလ်.... (လူလိမ်မှာပါဘုရား) လူလိမ်မှာဆိုတော့ ဒီဘက်တန်းက လူလိမ်မှာ ခန္ဓာမပါဘူး....( မှန်ပါ ) ပါသေး သလား...(မပါ-ပါဘုရား)။

ဒီဘက်တန်းကတော့...(လူမိုက်ပါဘုရား) လူမိုက်ကပါတယ် (မှန်ပါ) ခန္ဓာရယင် မိုက်နေတာကိုး... (မှန်ပါ) နောက်ခန္ဓာ ရတဲ့လူဟာ... ( မိုက်ပါတယ်ဘုရား ) မိုက်လို့ရတာ ဒီတလုံး မှတ်ထားလိုက်ယင် ရှင်းနေတာဘဲ....( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နောက်ခန္ဓာရယင်.... ( လူမိုက်ပါဘုရား ) လူမိုက်ဘဲ၊ အခု ခန္ဓာရတောင် မိုက်လို့ရထားတဲ့အထဲမှာ နောက်ခန္ဓာ ထပ်မိုက် ဦးမယ်ဆိုတော့ မိုးကြိုးပစ်ဘာထက် နာသေးတယ်.... (မှန်ပါ- နာပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အခု သေသေချာချာ ပြောနေတယ်...၊ ယောင်ချာချာတော့ မလုပ်နဲ့...(မှန်လှပါဘုရား) ယောင်ချာချာတော့ မလုပ်နဲ့၊ ယောင်ချာချာလုပ်မှာမြင်လို့ ပြောတာ... (မှန်ပါ)။

ယောင်ချာချာဆိုတာ မြို့ထဲ ရွာထဲမှာက သူဌေးကြီးတွေ သူကြွယ်ကြီးတွေက ရှိကြသေးတယ်၊ သူတို့ တယ် ကံကောင်းတယ်၊ သူတို့လိုများ ဖြစ်ချင်သေးတယ်ဆိုတာ ရှိယင်ဖြင့် ဒါ... ဒုတိယဘဝ ဖြစ်ချင်သေးတယ်ပြောတာ... (မှန်ပါ)။

ဘာဖြစ်ချင်တာတုံး ( ဒုတိယဘဝ ဖြစ်ချင်တာပါဘုရား ) အဲဒါ ခင်ဗျားတို့ ဖြစ်ချင်ယင် မိုက်ပြီ...(မှန်ပါ) ရှင်းပလား... (မှန်ပါ)။

ဘုရားက ဟောတယ်၊ အကြင် ပုဂ္ဂိုလ်သည် ဖြစ်ခြင်းကို အလိုရှိ၏၊ ထိုပုဂ္ဂိုလ် ဒုက္ခအလိုရှိတာဘဲတဲ့၊ သံယုတ်ပါဠိတော်မှာ - (မှန်ပါ)။

အကြင်ပုဂ္ဂိုလ်သည် ဖြစ်ခြင်းကို အလိုရှိ၏...(ထိုပုဂ္ဂိုလ် ဒုက္ခအလိုရှိတာပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဩော်... ဒါကလဲ အင်မတန်မှမှတ်ထိုက်ဘဲ ဘုရား၏တရားပါ တလားဆိုတာ ကောင်းကောင်းပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား...(ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ဖြစ်ချင်းကို ဘာမှ အလိုမရှိနဲ့... (မှန်ပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဘာအလိုမရှိရမှာတုံး... (ဖြစ်ခြင်းကို အလိုမရှိရပါဘုရား) ဖြစ်ခြင်းကိုအလိုရှိယင် ဘာအလိုရှိတာတုံး... (ဒုက္ခကိုအလိုရှိတာပါဘုရား)။

တော်ဘဲ တော်သေးတယ်၊ ဒီအသံကလေးတလုံးဟာ မသေးဘူး....(မှန်ပါ့) ဒီအသံတလုံးက ဘုရားတခါပွင့်မှ တခါဟောတာ...(မှန်ပါ့) အကြွင်ပုဂ္ဂိုလ် ဖြစ်ခြင်းကိုအလိုရှိ၏၊ ထိုပုဂ္ဂိုလ် ဒုက္ခအလိုရှိတာဘဲ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပြောစမ်းပါဦး ခင်ဗျားတို့.... (ဖြစ်ခြင်းအလိုရှိယင် ဒုက္ခအလိုရှိတာပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဘဲရမှာဘဲ၊ ဇာတိပိဒုက္ခသစ္စာ....(မှန်ပါ့) ဇရာပိ... (ဒုက္ခသစ္စာ)မရဏမ္ပိ....(ဒုက္ခသစ္စာပါဘုရား)ဒါဘယ်သူဟောတာတုံး (ဘုရားကဟောတာပါ) သူ့ထက် မြင်တဲ့လူများရှိသေးသလား ( မရှိပါဘုရား )မရှိဘူး၊ ဖြစ်ခြင်းအလိုရှိတဲ့ပုဂ္ဂိုလ် ဒီဒုက္ခသစ္စာရမယ်...(မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဖြစ်ခြင်းအလိုရှိတဲ့ပုဂ္ဂိုလ်...(ဒုက္ခသစ္စာ ရပါမယ်ဘုရား) ဒုက္ခသစ္စာရမယ်ဆိုတော့ တော်တော်ဉာဏ်ကောင်းပြီး တော်တော်ခါးတောင်းကြိုက် မဖြုတ်ဘဲနဲ့ ကိုင်း... အမှန်တွေ့ပြီ၊ ဖြစ်ခြင်းတော့ဖြင့်ကြောက်မှာဘဲ ဆိုတဲ့ဉစ္စာ အခုက-ကတည်းကအားတင်းထားမှ - (မှန်ပါ့) ခင်ဗျားတို့ ပတ်ဝန်းကျင်က လှည့်လိုက်လို့ရှိယင် လည်သွားမယ်....(မှန်ပါ လည်သွားမှာပါဘုရား) မလည်ပေဘူးလား....(လည်မှာပါဘုရား)။

ကိုယ်ကိုယ်တိုင် ဒီတရားထူး အခုပြောတဲ့လူမိုက်နဲ့ လူသိမ်မာထူးတဲ့တရား မနာရခင် ခုနင်က ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဖြစ်ခြင်းအလိုရှိယင် ဒုက္ခအလိုရှိတာဘဲဆိုတဲ့ စကားများ မကြားရခင်တုန်းက ငါတော်တော် မိုက်ခဲ့သေးပါကလားဆိုတာ ပေါ်

လာတယ်....(မှန်ပါ့)မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ၁-နံပါတ်က လာပုံအတူတူဘဲဆိုတာ တချက် မှတ်လိုက်....(မှန်ပါ့) သွားပုံမတူဘူးဆိုတာ တချက်မှတ်လိုက်.... (မှန်ပါ့ဘုရား)။

လာပုံ...( တူတူပါဘဲဘုရား ) သွားပုံ....( မတူပါဘုရား ) သွားပုံတော့ မတူဘူး လူမိုက်နဲ့ လူလိမ်မာဟာ....(မှန်ပါ့)ရှင်းပြီ နော်... (ရှင်းပါပြီဘုရား)။

ကောင်းပြီ နို့မတူတာတော့ ရှိပါပြီဘုရားတဲ့ ရဟန်းတွေက မတူအောင် လုပ်နည်းကလေး အမိန့်ရှိတော်မူပါတဲ့ .... (မှန်ပါ့) ဒါ တတိယဘဲ....(မှန်ပါ့) မတူအောင် လုပ်နည်းကလေး အမိန့် ရှိတော်မူပါတဲ့။

တရားနာတယ်ဆိုတာ ဒီပုံ္ဂိုလ်ကိုမှတ်ရမှာ .... (မှန်ပါ့ဘုရား) ခင်ဗျားတို့ တောက်လျှောက်ကြီး ဘုန်းကြီးဟောတာတွေ ရှည် လိုက်တာလုပ်မနေနဲ့.... ( မှန်ပါ့ ) သုံးလုံးတည်းဟောမယ် ဒီနေ့ သုံးလုံးဘဲပြောမယ်.... ( မှန်ပါ့ ) လာပုံမှာ တချက် တူဘယ် သွားပုံမှာ တချက်မတူဘူး (မှန်ပါ့)သဘောကျပလား....(ကျပါ ပြီဘုရား)။

ကောင်းပြီ၊ မတူပုံဘယ်လိုကြောင့်တုံးဆိုတဲ့ တတိယအချက် လိုလာဘယ်....( မှန်ပါ လိုပါတယ်ဘုရား ) မတူပုံကတော့ ဒါ- လူလိမ်မာကွတဲ့၊ သူသည် မဂ္ဂဗြဟ္မစရိယဆိုတဲ့ မဂ္ဂင်ငါးပါး အကျင့်နဲ့ ခန္ဓာကြိုးစားတယ်....(မှန်ပါ့) သူကတော့ မဂ္ဂင်ငါး

ပါ၊နဲ့ ရထားတဲ့ခန္ဓာ မကြိုးစားဘူးကွတဲ့....(မှန်ပါ)ဒါထူးခြား
တယ်....(မှန်ပါ ထူးခြားပါတယ်ဘုရား)။

ဘယ်နှစ်ချက်ရှိသွားပြီတုံး- (သုံးချက်ရှိသွားပါပြီ) ဒီသုံးချက်
ကလေးများကိုလဲ အိမ်ကျတော့ မေ့မနေနဲ့ဦးနော်....(မှန်ပါ)
များများဟောလို့ တရားတွေက များလိုက်တာလို့ မေးယင်
တော့ ဘုန်းကြီးက ပြောဘ် .... ငါကိုက များများဟောမိလို့
ကိုးလို့....(မှန်ပါဘုရား)။

အခုဟာက လာပုံမှာတူတယ်၊ သွားပုံမှာ....(မတူပါဘုရား)
ကျင့်ပုံမှာ....( မတူပါဘုရား ) သူက မဂ္ဂပြဟ္မစရိယ အကျင့်ကို
ကျင့်တယ်၊ မဂ္ဂပြဟ္မစရိယအကျင့်ဆိုတာ မဂ္ဂင်ငါးပါးအလုပ်ကို
လုပ်တယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာအလုပ်- လုပ်သတုံး.... (မဂ္ဂပြဟ္မစရိယအကျင့်ကို ကျင့်ပါ
တယ်ဘုရား) မဂ္ဂပြဟ္မစရိယဆိုတာ မဂ္ဂင်ငါးပါး ဝိပဿနာမဂ်နဲ့
ခုနင်က ရ,ထားတဲ့ ခန္ဓာကိုကြိုးစားတယ်....( မှန်ပါ ) လူမိုက်
ကတော့ မိစ္ဆာမဂ်နဲ့ မိစ္ဆာမဂ္ဂင်ငါးပါးနဲ့ ခန္ဓာကိုယ်သာယာ
တယ်....( မှန်ပါ ) ဒါကြောင့် သူကခန္ဓာရတယ်....( မှန်ပါ )
လူမိုက်က မိစ္ဆာမဂ္ဂင်ငါးပါး၊ လူလိမ္မာက သမ္မာမဂ္ဂင်ငါးပါး-
(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မိစ္ဆာမဂ္ဂင်ငါးပါးနဲ့ ခန္ဓာကြီးကို ကျွေးလိုက်,မွေးလိုက်,သုတ်
သင်လိုက်, ခန္ဓာကြီးပွားရေး ကြိုးစားနေတဲ့ပုဂ္ဂိုလ်က ဒါရမယ်
ကွတဲ့....( မှန်ပါ ) သမ္မာမဂ္ဂင်ငါးပါးနဲ့ ရ, ထားတဲ့ ခန္ဓာကို
ဝိပဿနာအလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်က ဒါ မရနိုင်ဘူး .... (မရပါ
ဘုရား)။

ဒါတွေကျတော့ ဘုရားက ပါရမီတွေ ဘာတွေဟောမနေ တော့ဘူး....(မှန်ပါ့) ဟောမနေတော့ဘူး၊ ပါရမီတွေ ဘာတွေ လိုမနေတော့ဘူး၊ ကျင့်မှု-မကျင့်မှုမှာမူတည်တယ်.... ( မှန်ပါ့ ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပဒပရမတွေဘာတွေ ခင်ဗျားတို့ဟာ ခင်ဗျားတို့ရွေးမနေနဲ့၊ နဂိုရ်ကဖျင်းရတဲ့အထဲ ဖျင်းတာတွေနဲ့ ရောမနေနဲ့....( မှန်ပါ့ ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါတွေ ဘုန်းကြီးတို့ နားလည်ပြီး သွားတော့၊ဘုရားက ဒါ မဂ္ဂပြဟ္မစရိယကျင့်တဲ့ ပုဂ္ဂိုလ်နဲ့ မကျင့်တဲ့ ပုဂ္ဂိုလ် ထူးတယ်လို့ ဟောထား ကတည်းက သေချာနေပြီ ..., (မှန်ပါ့ဘုရား)။

ကျင့်တဲ့ပုဂ္ဂိုလ်မှာ ခန္ဓာငါးပါးမရဘူး.... (မှန်ပါ့) မဂ္ဂပြဟ္မ စရိယအကျင့် ကျင့်တဲ့ပုဂ္ဂိုလ် ခန္ဓာငါးပါးမရဘူး....( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ)မကျင့်တဲ့ပုဂ္ဂိုလ်မှာ (ရပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်နှစ်ချက်ဟောသတုံး ဦးမြ·(သုံးချက်ပါဘုရား) နာရီဝက်ရှိသွားပြီ....(မှန်ပါ့) နာရီဝက်ရှိသွားပြီ ဘယ်နှစ်ချက် ဟောသတုံး....(သုံးချက်ဟောပါတယ်) လာပုံမှာတူတာတချက် (မှန်ပါ့) သွားပုံမှာထူးပုံကော... (တချက်ဟောပါတယ်ဘုရား) ပစ္စုပ္ပန်မှာ မဂ္ဂပြဟ္မစရိယကျင့်ပုံနဲ့ မကျင့်ပုံထူးခြားတယ်(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ကျင့်နည်းပြောရုံဘဲရှိတယ်....( မှန်ပါ့ )ဒီလူက မိဘရိုးရာအတိုင်း နေတဲ့ပုဂ္ဂိုလ်၊ ဒါကထူးခြားပြီး အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်...(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မိဘာရိုးရာအတိုင်း နေတဲ့ပုဂ္ဂိုလ်က ဒီခန္ဓာပြန်ရတယ်.... (ရပါတယ်ဘုရား) သဘောကျပလား....(မှန်ပါ) မိဘာရိုးရာဆိုတာက တခြားမဟုတ်ပါဘူး၊ ရောင်းလိုက်-ဝယ်လိုက်-စားလိုက်သောက်လိုက်၊ ပိုတာကလေး လှူလိုက်တန်းလိုက် နောက်ဘဝကောင်းစားရေးတဲ့၊ ဒီလိုနေတဲ့ပုဂ္ဂိုလ်....(မှန်ပါဘုရား)။

အသက် ရှည်ချင်လို့ သီလ ဆောက်တည်တဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးလား... ( မှန်ပါ ) ဘဝကောင်းစားရေး ကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ မိဘာရိုးရာမှတ်ပါ...(မှန်ပါ)။

ဘဝကောင်းစားရေးကို.... (ကြိုးစားတဲ့ပုဂ္ဂိုလ်ဟာ မိဘာရိုးရာပါဘုရား ) ဘဝပြတ်ရေးကို ကြိုးစားတဲ့ပုဂ္ဂိုလ်မှ သာသနာတွင်းလဲဖြစ်တယ်....( မှန်ပါဘုရား ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘဝပြတ်ရေး ကြိုးစားတဲ့ ပုဂ္ဂိုလ်မှ.... (သာသနာတွင်းသား ဖြစ်ပါတယ်ဘုရား) သာသနာတွင်းသား ဖြစ်တယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့ အပြင်ကဘဲနေမလား-အတွင်းသားဖြစ်အောင်ဘဲ ကြိုးစားရမလားဆိုတာ ခင်ဗျားတို့ဘဲ ဆုံးဖြတ်ချက်ချတာပေါ့၊ ဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ.... (အတွင်းသားဖြစ်အောင် ကြိုးစားပါမယ်ဘုရား) ဟုတ်ပါ့မလား။

ခါးဘောင်းကြိုက်မဖြုတ်မှ ရမှာ... (မှန်ပါ) မဟုတ်ဘူးလား...(မှန်ပါ)ခါးတောင်းကြိုက်ဖြုတ်လို့ရှိယင်တော့-(မရပါဘုရား)။

ဒါက အခုပြောတာက အင်မတန်အရေးကြီးတဲ့ အချက်ပါ (ကြီးပါတယ်ဘုရား) ခါးတောင်းကြိုက်ဖြုတ်လိုက်လို့ ဘုရား ဟောတာကို ဒါလဲတမျိုးဘဲလို့ဆိုယင် သွားတော့မယ်....(မှန်ပါ ဘုရား)။

ဒါ....ခါးတောင်းကြိုက်ဖြုတ်ပြီး.... (မှန်ပါ) ဒါလဲတမျိုးဘဲ ဘုရားကတော့ အကောင်းဆုံးဟောတာဘဲ(မှန်ပါ)ဒါ တဏှာက စ,လာပြီ....(မှန်ပါ)။

ဘုရားကတော့ အကောင်းဆုံးဟောတာဘဲ၊ ဒီအသံလာယင် ကို ခင်ဗျားတို့ ခါးတောင်းကြိုက်တဝက်ဖြုတ်ပြီ .... (မှန်ပါ) မဖြုတ်သေးဘူးလား....(ဖြုတ်ပါပြီဘုရား)။

ဖြုတ်မယ်ကြည့်၊ အကုန်ဖြုတ်ပစ်လိမ့်မယ်.... (မှန်ပါဘုရား) အတော်ကြောက်စရာကောင်းတဲ့ တဏှာဗျ....(မှန်ပါ) မျက်လုံး ပိတ်ညာတာ.... ( မှန်ပါ ) မျက်လုံးပိတ်တာက အဝိဇ္ဇာ.... ညာတာက တဏှာ....(မှန်ပါ)။

အဲ.... ဒီနှစ်ခုမိယင် ခင်ဗျားတို့ ဒေါင်ချာစိုင်းရုံဘဲရှိတယ်.... ( မှန်ပါဘုရား ) ဒီ့ပြင် ဘာရှိသေးသတုံး.... ( ဘာမှမရှိပါ ဘုရား)။

အံမာလေး.... အခုလို ဒေါင်ချာစိုင်းလို့ အမောမပြေသေး ဘူးကွ....(မှန်ပါ)နောက်ထပ် မင်း ဒေါင်ချာစိုင်းအောင်လုပ်ဦး မလားဆိုတဲ့ဥစ္စာ အခု အတင်းမေးမှကိုက်မှာ....(မှန်ပါ) မမေး ယင်.... (မကိုက်ပါဘုရား) ဒါ·စစ်တိုက်တာ.... (မှန်ပါ) ကိလေ သာ ရန်သူကိုစစ်တိုက်တာ၊ နားလည်တယ်မဟုတ်လား (မှန်ပါ

ဘုရား)ဘာ စစ်တိုက်တာတုံး (ကိလေသာရန်သူကို စစ်တိုက်တာပါဘုရား)။

ကိလေသာရန်သူကိုစစ်တိုက်တာ၊ကိလေသာရန်သူကိုအောင်ပွဲယူမှ နိဗ္ဗာန်ရောက်တာကိုး .... (မှန်ပါ) ကိလေသာရန်သူကိုအောင်ပွဲမယူယင်....(မရပါဘုရား) မရနိုင်ဘူးဆိုတာ တထစ်ချမှတ်ထားပါ....(မှန်ပါ)။

ကိလေသာရန်သူ အုပ်ချုပ်ရေးလက်အောက်မှာ နေတဲ့လူအကောင်းဘယ်တော့မှ မဖြစ်နိုင်ဘူး....(မှန်ပါ) ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

မင်းတို့ကလဲ ထင်တော့ထင်မှာပေါ့၊ တကာကြီးတွေကလဲ ထင်ချင်ထင်မှာပေါ့၊ နတ်ပြည်,ဗြဟ္မာ့ပြည်ဟာ ဒါ-ကိလေသာနယ်....(မှန်ပါ) နတ်ပြည်, ဗြဟ္မာ့ပြည်ဟာ ဘယ်သူ့နယ်တုံး....(ကိလေသာနယ်ပါဘုရား)။

မယုံယင် ခင်ဗျားတို့စဉ်းစားကြည့်ပါ၊ အာသဝေါတရားမေးကြည့်၊ ဘယ်ကျအောင် မင်းလိုက်နိုင်သတုံး မေးကြည့်....(မှန်ပါ) ကျုပ်သတ္တိမခေပါဘူးလို့ သူကပြောလိမ့်မယ်၊မင်ရှေ့ကျအောင် ကျုပ်လိုက်နိုင်တယ်....(မှန်ပါ) နည်းတဲ့သတ္တိလား....(မနည်းပါဘုရား) အို.... ခင်ဗျားတို့မေးလို့ရှိယင် သုံးဆဲ့တဘုံကျုပ်ဟာချည့်ဘဲ.... (မှန်ပါ) သဘောပေါ်ပလား.... (ပါ-ပါပြီဘုရား)။

အဲဒီ စကား နားထောင်လို့ ရှိယင် သုံးဆဲ့တဘုံထဲမှာ ခင်ဗျားတို့ ဘယ်လွှရုံသွားပြီး ခင်ဗျားတို့ သစ်တုံးဖြစ်ချင်

သတိုး မေးလိမ့်မယ်.... (မှန်ပါ) ဘယ်လူ့ရုံသွားသွား သစ်တုံး ဖြစ်ယင်တော့ အဖြတ်ခံရမှာဘဲ....(မှန်ပါ) ဇရာမရဏာတွေနဲ့တွေ့ မှာဘဲ.... (တွေ့ပါတယ်ဘုရား) မတွေ့ဘူးလား.... (တွေ့ပါတယ် ဘုရား) ကဲ.... ဘယ်လူ့ကြိုက်သတုံး.... (ဘယ်လူ့ရုံမှ မကြိုက်ပါ ဘုရား)။

သုံးဆဲ့တဘုံဟာ ဘုံကြီးတွေက လူ့ရုံကြီးတွေ၊ဇရာမရဏာက ဖြတ်စက်တွေ....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ) ခင်ဗျားတို့ ခန္ဓာကိုယ်က သစ်တုံးတွေ.... ( မှန်ပါ ) ခန္ဓာကိုယ်သစ်တုံးမှာ ဇရာကဆွဲတင် မရဏာကဖြတ်....(မှန်ပါ)။

ဇရာဝန်ချီစက်က ဆွဲတင်ပြီး မရဏာလွှသွားကြီးက ဖြတ်ချ လိုက်တာဘဲ...(မှန်ပါ) ဘယ်ရုံမှာ ခင်ဗျားတို့ ဘာသွားမှမခံ နိုင်ဘူး....(မှန်ပါ) ပျဉ်းကတိုး မှာပါတယ် မရဘူး၊ သွားမှာဘဲ (မှန်ပါ သွားမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သုံးဆဲ့တဘုံ ဘယ်လူ့ရုံမှမဖြစ်ချင် ကြနဲ့....(မှန်ပါ) ဘယ်လူ့ရုံထဲမှာ ဘယ်သစ်တုံးဖြစ်ရပါလို၍လို့ သွားမသုပ်နဲ့....(မှန်ပါ) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)ဒါ-ပိတ်ဒဟာတာဘဲ.... (မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဗြဟ္မစရိယအလုပ် ကျင့်ယင်တော့ဖြင့် ဒီလူ့ရုံထဲကော။ သွားစရာရှိသေးသလား .... ( မရှိပါဘုရား ) ဘယ်သူက မြှောက်မြှောက် မယုံနဲ့ တဏှာကတော့ မြှောက် လိမ့်မယ်၊ ဒိဋ္ဌိကကော....(မြှောက်မှာပါဘုရား)။

ဒိဋ္ဌိကလဲ ပြောက်မယ်၊ မင်းပြုထားတဲ့ ကုသိုလ်တွေနည်းတာ တွေမဟုတ်ဘူး၊ မင်း-ခံစားသွားပါဦးလား.... (မှန်ပါ့)ဒိဋ္ဌိကလဲ မင်းလုပ်ထားတယ်....(မှန်ပါ့)။

တဏှာကလဲ မင်းဥစ္စာတွေက ဟိုမှာ ဘုံပေါက်နေတယ်၊ အင်း... သူကလဲ ပြောလိမ့်မယ်.... (ပြောပါတယ်ဘုရား) အဲဒီ လွှရုံသွားပါဦးမယ်...။

မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား) ဒီလိုနက်နက် နဲနဲ နှိုက်နှိုက် ချွတ်ချွတ် ပြောမည့်, ဆုံးမ,မည့်လူ မရှိလို့ရှိယင် ခင်ဗျားတို့ သေသေချာချာ ဂျောက်ကျတယ် .... (ကျပါတယ် ဘုရား)။

ခင်ဗျားတို့ကလဲ ထူထူနဲ့ အဝိဇ္ဇာကလဲ မျက်လုံးပိတ်တတ် တာနဲ့ တဏှာကလဲ အလှည့်မတော့ ဗိုလ်စွဲနေတာနဲ့.... (မှန်ပါ့) ခင်ဗျားတို့ကလဲ ယောင်ချင်-ချင်နဲ့....(မှန်ပါ့)။

မပါးသေးဘူးဗျ ခင်ဗျားတို့... (မပါးသေးပါဘုရား)မပါး သေးဘူး၊ မပါးသေးတာကလဲ တခြားမဟုတ်ဘူး၊ တနေ့က ပြောခဲ့တဲ့ နီဝရဏတွေက ဉာဏ်ပေါ်မှာ မဟာရဇက္ခပုဂ္ဂိုလ်တွေ ဖြစ်နေတော့ * ကိလေသာမြူက တခါတည်း အုပ်နေတယ်.... (မှန်ပါ့)အုပ်နေလို့ ပါးစရာကောရှိသေးရဲ့လား(မရှိပါဘုရား) အဲဒါလုပ်နေတာ၊ ဒါကို ဘုန်းကြီးက နေ့တိုင်း ထိုးလှန်နေရတာ (မှန်ပါ့)။

---

* မဟာရဇက္ခ= မျက်လုံးမှာ ကိလေသာမြူတွေ များစွာဖုံး ကွယ်နေသောသူ၊

ဒီအဘိုးကြီးတွေတော့ ခက်ပါသေးရဲ့၊ ခက်ပါသေးရဲ့ဆိုပြီး ဒါကလေး လှန်ပေးလိုက်၊ နည်းနည်းကလေး မျက်လုံးကလေး ကြည်လာအောင်....(မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) နို့မဟုတ် ခလေးကလေး မွေးစလို စိန်လဲမသိ၊ မြလဲမသိဟုတ် လား....(မှန်ပါ့) အမေလဲ မသိဘူး၊ အဖေလဲမသိဘူး၊ ခလေး မွေးစ မျက်လုံးပြာတယ်....(မှန်ပါ့)။

ခင်ဗျားတို့လဲ ပြာနေတာဘဲ....(မှန်ပါ့)ဘာမှမသိဘူး၊ဟိုဟာ တလေးဖြင့်လဲ လှတယ်၊ လှယင် ကြိုက်မှာဘဲ.... (မှန်ပါ့ဘုရား) ဒါကလေး အရုပ်ဆိုးတယ် မကြိုက်ဘူး၊ ဒါဘဲ ခင်ဗျားတို့တတ် တယ်၊ သစ္စာနားမလည်ဘူး.... ( နားမလည်ပါဘုရား ) ပဋိစ္စ သမုပ္ပါဒ် တခုလုံးလဲ... (နားမလည်ပါဘုရား)။

အဲဒီတော့ ခလေး မွေးစပေါက်ဖြစ်နေတယ်....(မှန်ပါ့)ရိပ်မိ ပလား.... (ရိပ်မိပါပြီဘုရား) ဘာမှနားမလည်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) အံမာလေး ထူလိုက်တဲ့ လူတွေမှ မပြောပါနဲ့တော့....(မှန်ပါ့)။

ဒါဖြင့် မဂ္ဂပြဟ္မစရိယအကျင့် မကျင့်လို့ရှိယင် ဒီခန္ဓာရမယ်- (မှန်ပါ့)မဂ္ဂပြဟ္မစရိယအကျင့် ကျင့်ယင်....(မရပါဘုရား)ဒါဖြင့် သတ္တုချလိုက်ပါတဲ့ မဂ္ဂပြဟ္မစရိယအကျင့်ဟာ လိုရင်းအကျင့်ဘဲ (မှန်ပါ့) မဂ္ဂပြဟ္မစရိယ အကျင့်ဟာ.... ( လိုရင်း အကျင့်ပါ ဘုရား) လိုရင်းဘဲ....။

မဂ္ဂပြဟ္မစရိယအကျင့်ကိုကန့်ကွက်တာဟာ ဒိဋ္ဌိကလဲကန့်ကွက် တယ်၊ တဏှာကလဲ ကန့်ကွက်တယ်....(မှန်ပါ့)ငါကလဲကန့်ကွက်

တယ်, ငါ့ဥစ္စာကလဲ ကန့်ကွက်တယ်၊ ငါက ဒီဌ္ဌိ, ငါ့ဥစ္စာက တဏှာ...(မှန်ပါ) ဒီ-နှစ်ခုက ကန့်ကွက်တယ်....(မှန်ပါ)။

မဂ္ဂပြဟ္မစရိယအကျင့်ကို ကျင့်တာတော့ ငါ-ကျင့်နိုင်ပါတယ် တော်တော်ကြာကျတော့ ငါက ကန့်လန့်ဖြစ်နေဦးမှာ (မှန်ပါ) ငါကလဲ ကန့်ကွက်တယ်...(မှန်ပါ)။

ဒီပစ္စည်းတွေကြားထဲမှာ ဒါတွေ့လူဒါန်းပြီးနိဗ္ဗာန်သွားကော မဖြစ်ဘူးလားတဲ့၊ တဏှာကလဲ လှည့်ပစ်လိုက်တယ်.... ( မှန်ပါ ဘုရား ) ကဲ... ဘယ်ယောက် ကြောက်စရာကောင်းသတုံး.... (ကောင်းပါတယ်ဘုရား) ဒါတွေ လှူဒါန်းသွားပြီး သကာလ နိဗ္ဗာန်မရောက်ဘူးလားတဲ့၊ သူက ဒီလိုလှည့်ပစ်လိုက်တာ (မှန်ပါ ဘုရား)။

သူက ကိလေသာ ဖြတ်ပါဆိုတော့ မပါဘူး.... ( မှန်ပါ ) ဒါတွေလှူဒါန်းပြီး နိဗ္ဗာန်သွားယင် မဖြစ်ဘူးလားတဲ့... (မှန်ပါ ဘုရား)။

ဘုရားလက်ထက်ကတည်းက ဒီလိုဟာတွေက အများကြီး ပေါ်တယ်....(မှန်ပါ) သာသနာဘောင်မှာ မမွေ့မလျော်လို့ ရှိယင် လူထွက်ပါတော့မယ်၊ လူထွက်ပြီး ဒါန,သီလတွေလုပ်ပြီး သကာလ သွားပါတော့မယ် ဆိုတဲ့ဥစ္စာတွေ ဘုရားကိုယ်တိုင် မနည်းကန့်ကွက်ယူရတယ်.... (မှန်ပါ) မကန့်ကွက်ရဘူးလား.... ( ကန့်ကွက်ရပါတယ်ဘုရား ) ရှင်းပလား .... ( ရှင်းပါပြီ ဘုရား)။

အဲ.... ခင်ဗျားတို့လဲ အလုပ်ကလေးကလဲ လုပ်မည့်ကြံ၊ ဗြဟ္မစရိယကလဲ ဖြစ်မည်ကြံ၊ ခေါင်းကကိုက်, လည်ကနာ, ရင်ကကြပ်နဲ့၊ ဟင်... လှူဒါန်းပေးကမ်းပြီး ဖြေးဖြေးယူပါတော့မယ်၊ အင်း....တကျာက ဒီလိုလှည့်ပစ်လိုက်တာကိုးဗျ.... (မှန်ပါ ဘုရား)။

အသက်အရွယ်ကလဲကြီးတော့ မေ့တတ်ရောတတ်နဲ့ ဒီဘဝ ဒါဘဲ ထင်ပါရဲ့လို့ ဦးလှကြီးကလဲ ယောင်ချာချာ လုပ်နေဦးမယ်၊ ဒီဥစ္စာကို လုပ်ရမယ်....(မှန်ပါ) နားလည်ပလား-(မှန်ပါ) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ရမယ်.... ( မှန်ပါ ) သဘောပါကြပလား....( ပါ-ပါပြီဘုရား ) ဘာအကျင့်တုံး.... (မဂ္ဂဗြဟ္မစရိယအကျင့်-ကျင့်ရပါမယ်ဘုရား)။

မဂ္ဂ,က=ခရီး၊ ဗြဟ္မစရိယ,က=မြတ်တာ၊ ခရီးတကာ့ ခရီးထဲမှာ အမြတ်ဆုံးခရီး...(မှန်ပါ) အပါယ်သွားတဲ့ ခရီးလမ်းဟာ မိစ္ဆာမဂ္ဂင်ကလဲ ရှိသေးတာကိုး....(မှန်ပါ)နတ်ရွာသုဂတိသွားတဲ့ ခရီးလမ်းကလဲ ရှိသေးတယ်...(မှန်ပါ) ဗြဟ္မာပြည်သွားတဲ့ ခရီးလမ်းကလဲ ရှိသေးတယ်....(ရှိပါတယ်ဘုရား) ခရီးတွေ အများကြီးရှိတဲ့အနက်က မဂ္ဂါနံ အဋ္ဌင်္ဂိကော သေဋ္ဌောကိုး...(မှန်ပါ) မဂ္ဂင်မှ အမြတ်ဆုံးလမ်းဟော့....ကျန်တဲ့ခရီးတွေ အလကား ခရီးတွေ....(မှန်လှပါ) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်ရမလဲ.... (မဂ္ဂဗြဟ္မစရိယအကျင့်· ကျင့်ရပါမယ်ဘုရား) သေသေချာချာကျင့်မှ ရမယ်နော်....(မှန်ပါ့ဘုရား) မကျင့်ယင်....(မရပါဘုရား)။

ကဲ....နက်ဖြန်မှကျင့် နာရီစေ့နေပြီ။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
အရှုခံတရားရော- အရှုဉာဏ်တရားရော
နှစ်ဘက်စလုံး သက္ကာယပြုတ်ရမည်

# နေ့အလုပ်ပေးတရားတော်

( ၁၆ - ၉ - ၆၁ )

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါဝေနေယျတို့အား သနားလို့ တောင်းပန်လို့ ဟောတာလဲရှိတယ်.... (မှန်ပါ) မတောင်းပန်ဘဲနဲ့ ဟောတာလဲရှိတယ်၊ အကြောင်းတိုက်ဆိုင်လို့ ဟောတာလဲရှိတယ်.... (မှန်ပါ) တရားသုံးမျိုးလို့ မှတ်ထားရမယ်နော်....(မှန်လှပါဘုရား)။

ဘာကို အကြောင်းပြုပြီး ဟောတော်မူပါဆိုလို့ ညီတော် အာနန္ဒာတောင်းပန်လို့ ဟောရတာလဲ ရှိတာဘဲ....(မှန်ပါဘုရား) အကြောင်းကိစ္စပေါ်လာတာနဲ့ ဟောရတဲ့ကိစ္စကလဲ ရှိသေးတယ်- (မှန်လှပါ) အကြောင်းကိစ္စမရှိဘဲနဲ့ သက်သက် ကရုဏာ ရှေ့ရှုပြီး ဟောတာလဲ ရှိတယ်....(မှန်ပါ)။

ဒါ...ပင့်တာ မပင့်တာ လိုရင်းမဟုတ်ဘူး၊ အခုဟာကတော့ (မှန်ပါ) အကြောင်းကိစ္စ တိုက်ဆိုင်လာလို့ရှိယင်လဲ ဖြေ....

ဒီပုဂ္ဂိုလ်ဟာ ဒီအကြောင်းဟောမှာဘဲ၊ သူ့ဆွေတော်မျိုးတော်တွေ ရန်ဖြစ်တဲ့အခါကျလို့ရှိယင်ဘဲ အကြောင်းကတိုက်ဆိုင်လာတာနဲ့ ဒီဝတ္ထုဟောမှာဘဲဆိုပြီးသကာလ ကုဏာလဇာတ်တို့များဟောတဲ့အခါကျတော့ အကြောင်းတိုက်ဆိုင်လို့ ဟောတာလို့ မှတ်ထားရမယ်...(မှန်ပါ)။

တခါတလေကျတော့လဲ ကျွတ်စေချင်လို့ဘဲ မဟာကရုဏာက ကြီးကျယ်တာနဲ့ဘဲ ထ ဟောတာ ဒီလိုလဲ ရှိတာဘဲ·(မှန်ပါ) တောင်းပန်လို့ဟောတာလဲ ရှိတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် တရားသည် သုံးမျိုးရှိတာပေါ့...(မှန်ပါ) တောင်းပန်လို့ ဟောတာကတမျိုး, အကြောင်းတိုက်ဆိုင်လို့ ဟောတာတမျိုး, ကရုဏာလွန်ကဲ၍.... (ဟောတာတမျိုးပါဘုရား) ဘယ့်နှယ်မျိုးရှိသလဲ....(သုံးမျိုးပါဘုရား)။

အဲဒီသုံးမျိုးထောက်လို့ရှိယင် သူ့မဟာကရုဏာတော်ဟာ ပေါ်လာတယ်...(မှန်ပါ)။

ဩော်....အကြောင်းတိုက်ဆိုင်သဲ လွန်ကျွံကုန်မှာ စိုးတာနဲ့ ဟောရှာတာဘဲ....(မှန်ပါ) ဒါလဲ ကရုဏာတော်ဘဲ....(မှန်ပါ) တောင်းပန်လို့ ဟောပြန်တော့လဲ ဒီ-ခတောင်းပန်လို့ဟောပြန်တဲ့ နေရာဘဲ ကျွတ်တမ်းဝင်ကြရတာလဲ ရှိတာဘဲ၊ ဒါလဲအချည်းနှီး မဖြစ်ဘူးဆိုယင် ဟောလိုက်တာဘဲ....(မှန်ပါ)။

ဘယ်သူမှလဲ မတောင်းပန်ပါဘူး...၊ သူ့ကရုဏာနဲ့ သူဘဲ၊ ဒီဟာ ဟောလိုက်ရလို့ရှိယင်ဖြင့် ဘယ်သူတောင်းပန်မှ စောင့်နေဘို့လဲ အချိန်မလိုပါဘူးဆိုပြီး ဟောတဲ့နေရာလဲ ရှိတယ်— (မှန်ပါ)။

ကောင်းပြီ.... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ယခု ဗာလနဲ့ ပဏ္ဍိတကို ခွဲခြမ်းဝေဘန်ပြီး ငါ ဟောမယ် တဲ့၊ နိဒါန ဝဂ္ဂသံယုတ်မှာ ဟောတယ်....(မှန်ပါ) ဘယ်သူ တောင်းပန်လို့ တုံး- ဘယ်သူမှ မတောင်းပန်ဘူး... (မှန်ပါ)။

ဘယ်သူ့ အကြောင်းပြုလို့တုံး-ဘယ်သူမှလဲ အကြောင်းမပြု ဘူး၊ ဒါပေမဲ့ သက်သက် လူလိမ်မာနဲ့လူမိုက် ထူးခြားတာ သိပါစေဆိုတာတကြောင်း၊ ကျင့်ခြင်း၏ ခရီးပေါက်ပုံကို ပြလို တာက တကြောင်း ဒီအကြောင်းတွေကြောင့်သာ ဟောတယ် လို့ ခင်ဗျားတို့က မှတ်ရမယ်နော်....(မှန်ပါ)။

လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးကွ-ဆိုတော့ ရဟန်းတွေကာ အနီးမှာရှိတာနဲ့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ....လို့ ဘုရားက မေးတော့ ရဟန်းတွေက အရှင်ဘုရားကဿပဘုရား သာသနာကွယ်ကတည်းက တရားဟူသ၍ အကုန်ကွယ်ခဲ့ပါတယ်၊ အဲဒီတော့ လူမိုက်နဲ့လူလိမ်မာ ဘာထူးသလဲ- မထူးဘူး ဆိုတဲ့ ဉစ္စာ တပည့်တော်များမှာ အရှင်ဘုရား စပြီးပြောယင်တော့ သိရမှာပါဘုရား၊ စ,ပြီး မပြောယင်တော့ ဘယ်နည်းနဲ့မှ သိဘို့ ရာ အကြောင်းမရှိဘူးဆိုတဲ့ဉစ္စာ လျှောက်တော့တာဘဲ....(မှန်ပါ ဘုရား)။

ဒီမှာလဲ အခု တရားနာနေတဲ့ တကာတကာမတွေ စိတ်ထဲမှာ ဘယ်လိုမှတ်ရမတုံးဆိုတော့ လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံး ဆိုတော့ ခင်ဗျားတို့က ဆဲတတ်,ဆိုတတ် မတရားသဖြင့် လုပ်တဲ့ ပုဂ္ဂိုလ် လူမိုက်ပေါ့ဘုရား၊ လူ့နိုင်, တမ်းနိုင်, ပေးနိုင်တဲ့ပုဂ္ဂိုလ်-

လှူမှု့ ပေးမှု့ ကမ်းမှုကို ဝါသနာပါတဲ့ပုဂ္ဂိုလ် လူလိမ်မာပေါ့ ဘုရား· ဒါဘဲ လျှောက်မယ်၊ ဒီလောက်လျှောက်လို့လဲ ဘုရားက အလိုကျမယ်မဟုတ်ဘူး....(မှန်ပါ့) ကျပါ့မလား....(မကျပါ ဘုရား)။

မကျဘူး....တဲ့၊သူအလိုရှိတာက ဒါမဟုတ်ပါဘူး၊ ခင်ဗျားတို့ သိသလောက်ကို သူအလိုရှိတဲ့ အချက်အလက်ထဲ မပါ-ပါဘူး.... (မှန်ပါ့) သူအလိုရှိတဲ့အချက်အလက်က နောက်ခန္ဓာရမှု- မရမှု ဒါ... အရေးအကြီးဆုံးအချက်.... (မှန်ပါ့) နောက်ခန္ဓာမရယင် သူ့စိတ်ထဲမှာ မည်သူမဆို သဘောကျတယ်၊ နောက်ခန္ဓာရမယ် ဆိုယင် မည်သူမဆို သနားတယ်....(မှန်ပါ့ဘုရား) ဒါ....အဓိက အချက်လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

နောက်ခန္ဓာရမှုရှိယင် မည်သူမဆို သူ·သနားတယ်-(မှန်ပါ့) နောက်ခန္ဓာရမှု မရှိဘူးဆိုလို့ရှိယင် မည်သူမဆို သူသည် ဝမ်းမြောက်ပြီးသကာလ နေတော့တာဘဲ....(မှန်ပါ့)။

ဒါ....အခု ခင်ဗျားတို့ တရားနာနေတဲ့ပုဂ္ဂိုလ်တွေ ဩော်.... ဒီနှစ်ချက်ဟာ အဓိကအချက်ပါလား· ဘုရား အကြိုက်ဆုံး· ဘုရားအချီးမွမ်းဆုံး ဒီနှစ်ခုပါလား....သို့ မှတ်ထား လိုက်ပါ.... (မှန်ပါ့)။

နောက်ခန္ဓာရမှုကို ဘုရား အစက်ဆုပ်ဆုံး....(မှန်လှပါဘုရား) သဘောကျပြီနော်.... (ကျပါပြီဘုရား) နောက်ခန္ဓာ ချုပ်ငြိမ်း ရုပ်သိမ်းသွားတယ်လို့ရှိယင် ဘုရားက အကြိုက်ဆုံးဘဲ.... (မှန်လှပါဘုရား) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

ကောင်းပြီ အဲဒီ့အကြောင်းကို သိစေချင်လို့ ဗာလပဏ္ဍိတ သုတ်ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟော တော်မူတယ်။

အဲဒီတော့ အကြောင်းယုတ္တိလဲ သူပြတယ်၊ အကြောင်းယုတ္တိ ဘာပြသတုံးလို့ မေးတဲ့အခါကျတော့ လွန်ခဲ့တဲ့ ဘဝများစွာက အဝိဇ္ဇာ, လွန်ခဲ့တဲ့ ဘဝများစွာက ပြုတဲ့ ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ၊ အနေဉ္ဇာဘိသင်္ခါရ ထည့်ချင်ထည့် ကိစ္စ မရှိဘူး၊ ခင်ဗျားတို့နဲ့မဆိုင်လို့ မထည့်လိုက်တာ — (မှန်ပါ့ ဘုရား)။

သင်္ခါရပစ္စယာ ဝိညာဏံ ဆိုပြီးသကာလ ဝိညာဏ်ဆိုတော့ စိတ်ဝိညာဏ်ကလေး တခုဖြစ်တယ်လို့ တကာတကာမတွေက မယူပါနဲ့၊ ဝိညာဏ်ရယ်, နာမ်ရုပ်ရယ်, သဠာယတနရယ်, ဖဿရယ်, ဝေဒနာရယ်တွဲဖြစ်တယ်....(မှန်ပါ့) ဒါဖြင့် ခန္ဓာငါး ပါးဖြစ်တယ်ဆိုကြပါစို့....(မှန်ပါ့) စဆိုမှာ ဒီငါးခုက တန်း ထွက်နေတယ်၊ ဖြစ်စဉ်မှာတော့ ပေါင်းနေတယ်— ( မှန်ပါ့ ) ရှင်းပလား—(ရှင်းပါပြီဘုရား)။

သုတ္တန်ချင်းချင်းဟောခတော့ ဒါ အတန်းလုပ်ဟောရမယ်.... ( မှန်ပါ့ ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တန်းဟောရမယ်—( မှန်ပါ့ ) နို့တန်းဟောတာသည် ဘာဖြစ် လို့တုံး- တန်းဟောတာသည် သုတ္တန်ကွ၊ တန်းဟောမှသိမည့် ပုဂ္ဂိုလ် တန်းဟောရတယ်၊ အဘိဓမ္မာနည်းနဲ့ဖြင့် ဖြစ်စဉ်ကတော့ ငါးခု တပြိုင်နက်ပေါ်လာတာ၊ သဘောကျပလား .... (မှန်ပါ့ ဘုရား)။

ဒီက သင်္ခါရဆိုတဲ့ ကံကပြုလိုက်ပြီဆိုမှဖြင့် ခန္ဓာငါးပါးဟာ ဘွားကနဲပေါ်လာတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) အဲဒါ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာ ဝေဒနာတဲ့ပေါ်တယ်....( မှန်ပါ ) ခန္ဓာဘယ်နှစ်ပါးရှိသတုံး.... (ငါးပါးပါဘုရား)။

အဲဒီတော့ ဒီငါးပါးပေါ်ပြီး ဒီအထဲမှာ လူမိုက်မှာလဲ သုခဝေဒနာ, ဒုက္ခဝေဒနာ မပါဘူးလား....(ပါ-ပါတယ်ဘုရား) ဖဿပစ္စယာ သုခဝေဒနာ ဒုက္ခဝေဒနာ၊ လူမိုက်များလဲ ဒီဘဝမှာ ချမ်းသာတာလဲ သူခံစားတာဘဲ၊ ဆင်းရဲတာကော.... (ခံစားပါ တယ်ဘုရား) အလယ်အလတ်စားကော (ခံစားပါတယ်ဘုရား)။

အဲဒါကို ဘုန်းကြီးပြောချင်တာက အို .... စာက ဝေဒနာ သုံးပါးပေါ်သတဲ့၊ ဒါ မလိုချင်ဘူး.... ( မှန်ပါ )ဒါ ဘယ့်နှယ် ကြောင့် မလိုချင်သတုံးလို့ မေးဘို့လိုပါတယ်၊ ခင်ဗျားတို့က စာမှာ ဝေဒနာသုံးပါး ပြထားတယ်လို့ ဆိုလို့ ရှိယင် ဘုန်းကြီး တို့က မကြိုက်ဘူး၊ စာမှာဝေဒနာသုံးပါးပေါ်သတဲ့၊ ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဝေဒနာသုံးပါးရှိသတဲ့- မလိုချင်ဘူး။

ဘာဖြစ်လို့ မလိုချင်သတုံး မေးတဲ့အခါကျတော့ ဥာတ ပရိညာဖြစ်နေလို့ မလိုချင်ဘူး၊ ဥာတပရိညာဆိုတော့ သိမှု ကလေးသက်သက်ဘဲ....(မှန်ပါ) တီရဏပရိညာဆိုတာ ပွားမှုကို ဟောတယ်...(မှန်ပါဘုရား)။

ဥာတပရိညာဆိုတာ(သိမှုကိုဟောပါတယ်) တီရဏပရိညာက ( ပွားမှုကိုဟောပါတယ်ဘုရား ) ပွားမှုကိုဟောတယ် ဆိုတော့

ခင်ဗျားတို့က မှတ်ထား၊ သူတို့သုံးခုက တပြိုင်နက်တည်းလည်း မပေါ်နိုင်ဘူး....(မှန်ပါ) ဖဿပစ္စယာ သုခဝေဒနာ ဖဿပစ္စယာ ဒုက္ခဝေဒနာ၊ ဖဿပစ္စယာ ဥပေက္ခာဝေဒနာ....(မှန်ပါ)ဟိုထဲမှာ သဠာယတနက ပါနေတာကို၊ သဠာယတနပစ္စယာ ဖဿော ပါနေတယ်....(မှန်ပါ) တပြိုင်နက်ပေါ်ပါ့မလား ... (မပေါ်ပါဘုရား)။

မပေါ်တော့ ခင်ဗျားတို့က ပေါ်တဲ့အချိန်ကို ပြောဘ် ... ဖဿပစ္စယာ သုခဝေဒနာဘဲ၊ ဒါ ခင်ဗျားတို့မှာသိဘို့အရေးကြီးတယ်...(မှန်ပါ) သူစာတမ်းရေးထားတာ မသိချင်နေ(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖဿပစ္စယာ ဒုက္ခဝေဒနာ ပေါ်တဲ့အချိန်မှာ ခင်ဗျားတို့ သိလိုက်ရမယ်(မှန်ပါ)ဖဿပစ္စယာ ဥပေက္ခာဝေဒနာ ဘာလုပ်ရမလဲ....(ပေါ်တဲ့အချိန် သိလိုက်ရပါမယ်ဘုရား) ပေါ်တဲ့ အချိန် သိရမယ်၊ အဲဒါမှ တီရဏပရိညာ....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ကဲ .... ပေါ်တဲ့အချိန် မသိလိုက်လို့ စာထဲမှာ ခင်ဗျားတို့ ရှိတယ်လို့ ထင်နေသေးလို့ရှိယင်ဖြင့် ပေါင်ဒွိလလိုဖြစ်မှာဘဲ.... (မှန်ပါ) နိဗ္ဗာန်မရောက်တော့ဘူး.... (မှန်ပါ) ရောက်ပါ့မလား (မရောက်ပါဘုရား)။

ဒါဖြင့် ဘယ်အချိန်သိရမတုံး... (ပေါ်တဲ့အချိန်သိရပါမယ် ဘုရား)ဒါ အလုပ်ပေးပြီ၊ နားလည်ပသလား.... (မှန်ပါ) ပေါ်တဲ့ အချိန်မှာ သုခကလေး ပေါ်လာလဲ သိရမယ်၊ ဒုက္ခကလေး

ပေါ်လာလဲ....(သိရပါမယ်) ဥပေက္ခာပေါ်လာလဲ.... (သိရပါမယ်ဘုရား)။

ဒါပေါ်တဲ့ အချိန်သိမှ ဖဿပစ္စယာ သုခဝေဒနာ, ဖဿပစ္စယာ ဒုက္ခဝေဒနာ, ဖဿပစ္စယာ ဥပေက္ခာဝေဒနာကို ပေါ်တဲ့အချိန်သိမှ တီရဏပရိညာဖြစ်ပါတယ်(မှန်ပါ့) တီရဏပရိညာဖြစ်မှ ပဟာနပရိညာဆိုတာ လာနိုင်မယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်အချိန်သိရမတုံး.... (ပေါ်တဲ့အချိန်သိရပါမယ်ဘုရား)ဒါ အလုပ်သမားတွေမှာ သတိထားပါ၊ ဖဿပစ္စယာဝေဒနာဆိုတာ ယားတယ် ယံတယ်၊ အင်း ... ဒုက္ခဝေဒနာပေါ်တယ်ဆိုယင် ချက်ခြင်းဒီဥစ္စာ ဒုက္ခဝေဒနာကို သိလဲသိပါ၊ ကြည့်လဲကြည့်ပါ...(မှန်ပါ့ဘုရား)။

ကြည့်ပေးလိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့က ကြည့်ပေးတဲ့စိတ်လာလို့ရှိယင် သူပျက်ပြီလို့ မှတ်ပါ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဘယ့်ကြောင့် ကြည့်လိုက်တဲ့အချိန် ပျက်ပြီလို့ ခင်ဗျားတို့ကို ဟောရသတုံးလို့ မေးတဲ့အခါ ဝေဒနာနှစ်ခု မပြိုင်လို့ မှတ်ရမယ်.. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြည့်တာလဲ ဝေဒနာနဲ့တကွ သမ္ပယုတ္တဓမ္မတွေကြည့်တာကိုးဖြစ်တာကလဲ ဝေဒနာနဲ့တကွ သမ္ပယုတ္တဓမ္မတွေ ဖြစ်နေတာ· အကြည့်ခံ ဝေဒနာဖြစ်နေတုန်းကြည့်တဲ့ ဉာဏ်ဦးစီးတဲ့ဝေဒနာမဖြစ်ဘူး...( မှန်ပါ့ ) အဲဒီတော့ ဝေဒနာမပြိုင်ကောင်းဘူး.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝေဒနာမပြိုင်ကောင်းဘူး၊ဒီမှာကြည့် ဥာဏ်ထဲမှာပါတာက သောမနဿဝေဒနာ အကြည့်ခံတာက ဒုက္ခဝေဒနာဖြစ်နေတော့ ဝေဒနာပြိုင်ကောင်းပါ့မလား ..(မပြိုင်ကောင်းပါဘုရား) မပြိုင်ကောင်းတော့ တဝေဒနာချုပ်ပြီးမှ ကြည့်တဲ့ဝေဒနာဖြစ်ရမယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကြည့်တဲ့ဝေဒနာက အနိစ္စနော်...( မှန်ပါ့ဘုရား ) အကြည့်ခံတဲ့ ဝေဒနာကအနိစ္စ....(မှန်ပါ့) ကြည့်တဲ့ ဝေဒနာက သင်္ခါရ၊ သင်္ခါရကနေပြီး အနိစ္စကိုသွားကြည့်တယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သင်္ခါရဆိုတာ ပေါ်တဲ့တရား၊ ပေါ်တဲ့တရားက ပျောက်တဲ့ တရားကို ကြည့်တယ်...(မှန်ပါ့)။

ဒါကိုမှတ်ကြပါ....(မှန်ပါ့) ဘာတဲ့တုံး...(ပေါ်တဲ့တရားက အနိစ္စတရားကို ကြည့်ပါတယ်ဘုရား) ဒါဖြင့် အနိစ္စ တရားကို သင်္ခါရနဲ့ကြည့် ..(မှန်ပါ့) သဘောပါရဲ့လား... (ပါ-ပါတယ် ဘုရား)။

အနိစ္စကို....(သင်္ခါရနဲ့ ကြည့်ရပါမယ်ဘုရား) ဒီက သင်္ခါရ မရှိလို့ရှိယင် ကြည့်မဖြစ်တော့ဘူး.... (မှန်ပါ့) သဘောပါရဲ့ လား...(မှန်ပါ့)။

အနိစ္စကို သင်္ခါရနဲ့ကြည့်ပါ၊ ဒီဝေဒနာက ကိုယ်ပေါ်မှာ ပေါ်နေတယ်- သုခ,ဒုက္ခ ပေါ်နေတယ်၊ ဝမ်းထဲကနေပြီးသကာ လ အသစ်ပေါ်လာတဲ့သင်္ခါရနဲ့ ကြည့်ရမယ်.... (မှန်ပါ့) ချုပ် ပျောက်တဲ့အနိစ္စကို အသစ်ပေါ်လာတဲ့ သင်္ခါရနဲ့ကြည့်ပေးပါ.... (မှန်ပါ့) ရှင်းသလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ဒီ-သင်္ခါရ ချုပ်သွားယင်လဲ မရတော့ဘူး.... (မှန်ပါ့) ရပါ့မလား...( မရပါဘုရား ) ခင်ဗျားတို့က တခါ သင်္ခါရချုပ်သွားလို့ရှိယင် ခင်ဗျားတို့မှာလဲ ဝမ်းထဲမှာ အနိစ္စ ဖြစ်နေတော့ အနိစ္စ အနိစ္စချင်းတော့ မရှုနိုင်ဘူး.... ( မှန်ပါ့ ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ချုပ်သွားတာက အနိစ္စ၊ ပေါ်လာတာက... ( သင်္ခါရပါ ဘုရား) အဲဒီ သင်္ခါရနဲ့ကြည့်ပေး.... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီက ပေါ်တာက ပေါ်ပြီးတော့ ကြည့်မယ်လို့လုပ်တော့ သူပျောက်တယ်- (မှန်ပါ့)ပျောက်သွားတာနဲ့ ဒီကပေါ်လာတဲ့ မှန်နဲ့ သွားတွေ့တယ်.... (မှန်ပါ့) ရှင်းပလား.... ( ရှင်းပါပြီ ဘုရား)။

ပျောက်သွားတာနဲ့....(ပေါ်လာတာနဲ့ တွေ့ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ မှာ ဘာဖြစ်မတုံးတဲ့၊ ဒီနည်းကို မပြောလို့ရှိယင် ခင်ဗျားတို့ ဝိပဿနာသမားတွေမှာ ဘာဖြစ်မတုံးလို့ မေးလို့ရှိယင် လိုလာ တယ်....(မှန်ပါ့)မလိုဘူးလား... (လိုပါတယ်ဘုရား)။

လိုတာကို ဦးမာဒင်တို့ ဦးလှတို့က သေသေချာချာမှတ်ရမယ် ရှုတဲ့တရားက အမြဲတမ်းရှိနေတာဘဲ၊ ဒို့က သူ့ဘက်မလှည့်လို့၊ အနိစ္စဘက်ကို မလှည့်လို့၊ ဖြစ်ပျက်ဘက်ကို မလှည့်လို့ ရှုတဲ့ တရားက ဝမ်းထဲမှာ မြဲတယ်ရှိနေတယ်လို့ ခင်ဗျားတို့ထင်မှာစိုး တယ်.... ( မှန်ပါ့ ) နို့မဟုတ်ယင် ခင်ဗျားတို့က အတွင်းမှာ

သဿတသွားဖြစ်မယ်... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အတွင်းမှာ ဘာဖြစ်မလဲ... ( သဿတသွားဖြစ်နေပါမယ်ဘုရား) အဲဒါကြောင့် ဟိုက အနိစ္စကို ဒီက သင်္ခါရနဲ့ကြည့်... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပျောက်ပျောက်သွားတဲ့ အနိစ္စကို ( သင်္ခါရနဲ့ ရှုရပါမယ်ဘုရား) ပေါ်တဲ့ သင်္ခါရနဲ့ကြည့်...(မှန်ပါ) မဂ်သင်္ခါရပေါ့ဗျာ- (မှန်ပါ) ဝိပဿနာသင်္ခါရ, အခုသင်္ခါရနဲ့ကြည့်၊ ဝိပဿနာ-မဂ်သင်္ခါရပေါ့....(မှန်ပါ)။

ဦးလှကြီး တသက်မှ တခါကြားရတာ ခင်ဗျား ရိုးတိုးယားတား မလုပ်နဲ့ဒီဥစ္စာ(မှန်ပါ) ရိုးတိုးယားတားလုပ်ယင် သဿတဒိဋ္ဌိ ချက်ခြင်းဝင်သွားမယ်... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရိုးတိုးယားတားနဲ့ သူများက ရှုခိုင်းတာကလေး ကိုယ်က ရှုနေတယ်လို့ ခင်ဗျားတို့က ဒီလိုဆိုလို့ရှိယင် ငါးပါးမှောက်တယ်....(မှန်ပါ)။

ဘာဖြစ်လို့ ငါးပါးမှောက်သတုံးဆိုလို့ရှိယင် ခင်ဗျားတို့က ရှုတဲ့စိတ်ကလေးက စိုက်ကြည့်နေတာဘဲတဲ့၊ အို.... သဿတဖြစ်နေပြီ....(မှန်ပါ)။

ရှုတဲ့စိတ်ကလေးက သူလဲ အနိစ္စဘဲ၊ သူလဲ သင်္ခါရအနိစ္စ.... (မှန်ပါ) အရှုခံတဲ့တရားကလဲ ဖြစ်ပေါ်တာ သင်္ခါရ၊ ပျက်တာ အနိစ္စ ...(မှန်ပါ)ဖြစ်ပေါ်တာ....(သင်္ခါရပါဘုရား)ပျက်တာက- (အနိစ္စပါဘုရား)။

အဲဒီတော့ သူပျက်ဘာနဲ့ ဒီက သင်္ခါရပေါ်တာနဲ့မှ သွားကိုက်တယ်..(မှန်ပါ) နို့မဟုတ်ယင် ကိုက်ပါ့လား.... (မကိုက်ပါဘုရား) အဲဒါ သေသေချာချာမှတ်ရတယ်၊ ဒါမှ သဿတလွတ်မယ်....(မှန်ပါ)။

အာရမ္မဏိက ဘက်ကလဲ သဿတမရှိအောင် အယင်လုပ်ရမယ်၊ ဒိဋ္ဌမကွာတဲ့ ဝိပဿနာဟာ လိုရင်းအကျိုးမရတဲ့ ဝိပဿနာလို့မှတ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမကွာတဲ့ ဝိပဿနာဟာ·(အကျိုးသိပ်မများတဲ့ ဝိပဿနာပါဘုရား) အကျိုးမများတဲ့ ဝိပဿနာဆိုယင် မဂ်ဖိုလ်မဆိုက်ဘူး ...(မှန်ပါ) တဖက်ဖက်ငြိနေယင် မကိုက်တော့ဘူး....(မှန်ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကွာတဲ့ မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိမကွာမှာတခုအတွက် ငါ.... အရေးအကြီးဆုံး စိုးရိမ်တယ်....(မှန်ပါ)အရေးအကြီးဆုံး စိုးရိမ်တယ်....(မှန်ပါ)။

ခင်ဗျားတို့က နဂိုရ်က မှတ်နေတာက ဝိပဿနာသမားပင်ဆိုငြားသော်လဲ ခင်ဗျားတို့ကိုကလဲ ဘယ်လိုဖြစ်နေသတုံးမေးတဲ့အခါကျတော့ ကျုပ်ကလဲ ရှုနေတာဘဲ၊ တွေ့ကိုမတွေ့လို့တဲ့....၊ ရှုနေတဲ့ တရားကလေးက မြဲနေသလိုဖြစ်နေတယ်.... ( မှန်ပါဘုရား)။

တွေ့ကိုမတွေ့လို့တဲ့၊ ဒီလို နဂိုရ်ကမထင်ဘူးလား၊ဒီလိုဆိုယင် ဒီအဘဲက သဿတဖြစ်နေတယ်.... (မှန်ပါ)သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒီနေ့ ပိုမိုရှင်းပေးလိုက်ပါတယ်.... (မှန်ပါ့) အနိစ္စကို သင်္ခါရနဲ့ ရှုပါ... (မှန်ပါ့)ဘာတုံး....(အနိစ္စကိုသင်္ခါရနဲ့ ရှုရပါမယ်ဘုရား) သဘောပါပလား.... (ပါ·ပါပြီဘုရား)။

ဟိုနောက်က တကာမကြီးတွေလဲ သေသေချာချာမှတ်ကြ၊ ဒီစကားမျိုးက အင်မတန်မှ ခဲယဉ်းတဲ့ စကားမျိုး ... (ခဲယဉ်းပါတယ်ဘုရား) မှန်တာလဲလွန်နေပြီ....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့အာရုံမှာ အနိစ္စ,အာရမ္မဏိကမှ သဿတသွားဖြစ်နေတတ်တယ်....(မှန်ပါ့)။

အာရုံမှာ....(အနိစ္စပါဘုရား) အာရမ္မဏိကမှာ.... (သဿတသွားဖြစ်နေပါတယ်ဘုရား) ဒီလူဟာ သွားရော တခါတည်း၊ အာပေါက်အောင်အားထုတ် မရဘူး.... (မှန်ပါ့) ရပါ့မလား.... (မရပါဘုရား)။

ဒါကြောင့် သင်္ခါရေ သင်္ခါရ ဝိပဿန္တိ၊ အဋ္ဌကထာဆရာက....(မှန်ပါ့) သင်္ခါရတရားကို သင်္ခါရတရားက ရှုနေတာကွ၊ မင်းတို့ ဒီ့ပြင်ဟာ မှတ်မနေနဲ့....(မှန်ပါ့)။

ဒါ မသိယင်ဖြင့် ကျုပ်ဟာ အမြဲရှုနေတယ် ပြောတာ.... (ဒီအတိုင်းယူပါတယ်ဘုရား) ဒီအတိုင်းယူမှာဘဲ၊ ကျုပ်ဟာအမြဲရှုနေတယ်ဆိုလို့ရှိယင် အထင်က အမြဲထင်နေလို့ရှိယင် သဿတဒိဋ္ဌိမကွာဘဲနဲ့ ရှုနေတာ....(မှန်ပါ့) သဿတဒိဋ္ဌိမကွာဘဲနဲ့ ရှုနေလို့ရှိယင် သာတိဖြစ်မယ်... (မှန်ပါ့)။

သာတိရဟန်းက တခါတည်း တခြားသော ရှုပ်နာမ်တွေသာ သေတယ်၊ စိတ်ဝိညာဏ်ကလေးက မသေဘူးတဲ့.... (မှန်ပါ့)

ဒါကြောင့် ဇနက္ကတို့ကနေပြီးသကာလ ဝေဿန္တရာဖြစ်လာတယ်၊ ဝိညာဏ်မသေဘဲနဲ့ ဖြစ်လာတယ်တဲ့.... (မှန်ပါ) ဗီဝိညာဏ်က လေးက မသေဘူးတဲ့ ကျန်တာတွေက သေတယ်တဲ့.... (မှန်ပါ ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ရှုတဲ့စိတ်ကလေးက မသေဘူး၊ အရှုခံ ကသာ သေတယ်ဖြစ်နေတယ်....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ဘာက သေသလဲ(ရှုတဲ့စိတ်က မသေဘဲနဲ့ အရှုခံတဲ့တရားက သေပါတယ်ဘုရား ) ဒါက ဘာဖြစ်နေသတုံး အဲဒီတော့— (သဿတဖြစ်နေပါတယ်ဘုရား) ဘယ်ဟာက သဿတဖြစ်သတုံး၊ အပြင်က သဿတလား၊ အတွင်းက သဿတလား (အတွင်းက သဿတပါဘုရား) ကြောက်စရာကြီးပါလား.... (မှန်ပါ)မဟုတ် ဘူးလား... (မှန်ပါ)ဘာဖြစ်နေသတုံး.... (သဿတဒိဋ္ဌိဖြစ်နေပါ တယ်ဘုရား)။

အတွင်းက ဖြစ်နေတာ၊ အပြင်ကမဖြစ်ဘူးတဲ့၊ အတွင်းက ဖြစ်နေတာ....(မှန်ပါ)။

ဒါကြောင့် သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ၊ သဘောကျပ လား....(မှန်ပါ)ဟောဒီက သင်္ခါရတရားကို ဒီကသင်္ခါရတရားနဲ့ ကြည့်တယ်၊ ဒီလိုမှတည့်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဥပမာ မျက်လုံးထဲပေါ်လာတဲ့ ဖဿပစ္စယာ ဝေဒနာကလေး သင်္ခါရတရား မနေဘူးလား.... (မှန်ပါ) အဲဒီတရားကို မနော

သင်္ခါရကနေပြီး ကြည့်ပေး....(မှန်ပါ့) သင်္ခါရကို သင်္ခါရချင်း ရှုတယ်ဆိုမှ နှစ်ဘက်ဒိဋ္ဌိကုန်တယ်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

သင်္ခါရ· သင်္ခါရချင်းရှုတယ်ဆိုမှ (နှစ်ဘက်ဒိဋ္ဌိကုန်ပါတယ် ဘုရား) နှစ်ဘက်ဒိဋ္ဌိကုန်တယ်တဲ့၊ နို့မဟုတ်လို့ရှိယင် တော် တော်ခဲယဉ်းသွားတယ်....(မှန်ပါ့) တော်တော်မကဘူး မဂ်ဖိုလ် တားလိုက်တာဘဲ....(မှန်ပါ့) သဘောပေါ်ပလား.... ( ပါပါပြီ ဘုရား)။

ဘာဖြစ်သတုံး.... (မဂ်ဖိုလ်တားပါတယ်ဘုရား) ဟိုဘက်က ဒိဋ္ဌိရှိလို့လဲ တားမှာဘဲ...၊ ဒီဘက်က ဒိဋ္ဌိရှိလဲ.... ( တားမှာပါ ဘုရား)။

ဒါကြောင့် "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ပဌာန်းကလဲ ဒီအတိုင်းလာတယ်.... (မှန်ပါ့)နောက် ကျတော့ အဋ္ဌကထာဆရာက "သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ" တို·သင်္ခါရကို ဒီသင်္ခါရနဲ့ ရှုပေးကွ....(မှန်ပါ့)ဒီတော့မှ ခင်ဗျား တို့ နှစ်ဘက်ဒိဋ္ဌိစင်မယ်....(မှန်ပါ့) ပေါ်ကြရဲ့လား....(ပေါ်ပါ တယ်ဘုရား)။

ဘယ်လိုပေါ်သတုံး.... (သင်္ခါရကို သင်္ခါရနဲ့ ရှုပေးရပါမယ် ဘုရား) အေး... သင်္ခါရကို သင်္ခါရနဲ့ရှု ဆိုပေမဲ့လဲ ဒီမှာ စကား ကျန်နေတယ်....( မှန်ပါ့ ) ဒီသင်္ခါရက ဥပမာ အရှုသင်္ခါရကို ရှုဉာဏ်သင်္ခါရက ရှုရမယ်....(မှန်ပါ့) ရှုဉာဏ်သင်္ခါရက ရှုတော့ မယ်ဆိုတော့ သူက သင်္ခါရမဟုတ်ဘူး၊ အနိစ္စအဖြစ်သို့ရောက်ပြီး

အရှုခံတာ....(မှန်ပါ့ဘုရား) ဒီကတော့ သင်္ခါရဖြစ်တုန်းရှုတာ – (မှန်ပါ့ဘုရား) သူက အနိစ္စအဖြစ်နဲ့ အရှုခံတယ်.... (မှန်ပါ့ဘုရား)။

ဒီ-သင်္ခါရတရားက-(အနိစ္စဖြစ်သွားပြီး အရှုခံပါတယ်ဘုရား) အနိစ္စဖြစ်ပြီး အရှုခံဖြစ်တယ်၊ ဒီက ရှုဉာဏ်ကတော့ သင်္ခါရ မြင်တုန်းသာ ရှုဉာဏ်ရတယ်၊ အနိစ္စဖြစ်သွားယင် သူ မရှုနိုင်တော့ဘူး.... ( မှန်ပါ့ဘုရား ) သဘောပါလား....(ပါ-ပါပြီဘုရား)။

တော်တော်အရေးကြီးတယ်....(ကြီးပါတယ်ဘုရား) အလွန် အရေးကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ ဒီအတိုင်းသာ ဆရာက ရှုဟဲ့....ရှုဟဲ့....ဆိုလို့သာ ရှုနေမယ်၊ ဒီလိုလဲ ရှင်းပေးမည့်ဆရာနဲ့ မတွေ့ဘူးဆိုယင် တဘက် ဘက်ကတော့ မောင်ချစ်စိန် ဒိဋ္ဌိခံမယ်....(မှန်ပါ့ဘုရား) မခံပေ ဘူးလား....(ခံပါတယ်ဘုရား)။

တဘက်ဘက်က ဒိဋ္ဌိခံနေလို့ရှိယင်ဖြင့် တခါတည်း သောတာပတ္တိမဂ်ပေါ်ဘို့အရေးဟာ မရှိတော့ဘူး.... (မှန်ပါ့) ရှိသေး ရဲ့လား....(မရှိပါဘုရား)။

သောတာပတ္တိမဂ်က သူက ဒိဋ္ဌိသတ်ဘို့ ပေါ်လာတာ.... (မှန်ပါ့) ဒိဋ္ဌိမရှိမှ ပေါ်နိုင်တာကိုးဗျ....(မှန်ပါ့) အခု သူတည်း ဟူသော မိစ္ဆာဒိဋ္ဌိရှိနေယင် သောတာပတ္တိ မဂ်တည်း ဟူသော သမ္မာဒိဋ္ဌိက မလာနိုင်ဘူး.... ( မလာနိုင်ပါဘုရား ) လာနိုင်ပါ့ မလား.... ( မလာနိုင်ပါဘုရား ) ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

သင်္ခါရကနေပြီး ကြည့်ပေး....(မှန်ပါ) သင်္ခါရကို သင်္ခါရချင်း ရှုတယ်ဆိုမှ နှစ်ဘက်ဒိဋ္ဌိကုန်တယ်.... (မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

သင်္ခါရ- သင်္ခါရချင်းရှုတယ်ဆိုမှ (နှစ်ဘက်ဒိဋ္ဌိကုန်ပါတယ်ဘုရား) နှစ်ဘက်ဒိဋ္ဌိကုန်တယ်တဲ့၊ နို့မဟုတ်လို့ရှိယင် တော်တော်ခဲယဉ်းသွားတယ်....(မှန်ပါ) တော်တော်မကဘူး မင်္ဂဖိုလ်တားလိုက်တာဘဲ....(မှန်ပါ) သဘောပေါ်ပလား.... ( ပါပါပြီဘုရား)။

ဘာဖြစ်သတုံး.... (မင်္ဂဖိုလ်တားပါတယ်ဘုရား) ဟိုဘက်က ဒိဋ္ဌိရှိလို့လဲ တားမှာဘဲ...၊ ဒီဘက်က ဒိဋ္ဌိရှိလဲ.... ( တားမှာပါဘုရား)။

ဒါကြောင့် "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ပဌာန်းကလဲ ဒီအတိုင်းလာတယ်.... (မှန်ပါ)နောက်ကျတော့ အဋ္ဌကထာဆရာက "သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ" တို-သင်္ခါရကို ဒီသင်္ခါရနဲ့ ရှုပေးကွ....(မှန်ပါ)ဒီတော့မှ ခင်ဗျားတို့ နှစ်ဘက်ဒိဋ္ဌိစင်မယ်....(မှန်ပါ) ပေါ်ကြရဲ့လား....(ပေါ်ပါတယ်ဘုရား)။

ဘယ်လိုပေါ်သတုံး.... (သင်္ခါရကို သင်္ခါရနဲ့ ရှုပေးရပါမယ်ဘုရား) အေး... သင်္ခါရကို သင်္ခါရနဲ့ရှု ဆိုပေမဲ့လဲ ဒီမှာစကားကျန်နေတယ်....( မှန်ပါ ) ဒီသင်္ခါရက ဥပမာ အရှုသင်္ခါရကို ရှုဉာဏ်သင်္ခါရက ရှုရမယ်....(မှန်ပါ) ရှုဉာဏ်သင်္ခါရက ရှုတော့မယ်ဆိုတော့ သူက သင်္ခါရမဟုတ်ဘူး၊ အနိစ္စအဖြစ်သို့ရောက်ပြီး

ဟောတော်မူတာ၊ ဟိုနေရာမှာ ဘုရား တမျိုးဟောတယ်လို့ သွားမယူလိုက်ပါနဲ့၊ သူ့အကြောင်းနဲ့ သူ့အကျိုး ဆက်လိုက်တဲ့အခါကျလို့ ရှိယင် အခုကြည့် ခင်ဗျားတို့မှာ အတွင်းက သဿတဒိဋ္ဌိ အပြင်ဘက်ကတော့ အနိစ္စ၊ အတွင်းက နိစ္စဖြစ်နေတယ်....(မှန်ပါ)။

အပြင်ဘက်က....(အပြင်ဘက်က အနိစ္စပါဘုရား)အတွင်းက (အတွင်းက နိစ္စဖြစ်နေပါတယ်ဘုရား) ရနိုင်စရာများ မြင်သေးသလား....(မမြင်ပါဘုရား)။

မမြင်တော့ဘူး....တဲ့ အပြင်ဘက်က အနိစ္စ၊ အတွင်းက နိစ္စဒိဋ္ဌိ...(မှန်ပါဘုရား) နိစ္စဒိဋ္ဌိ၊သဿတဒိဋ္ဌိ ခံနေတယ်... (မှန်ပါဘုရား)။

ဦးလှကြီး သေခါနီးမှ ဒီရောက်လာလို့ တော်၊ တော်သေးတယ် ခင်ဗျား ဟင်....(မှန်ပါ)။

ဒါကလဲ ရှာမှလဲ ရာဘယ်....(မှန်ပါ) နို့မဟုတ် အပေါ်ယံနဲ့ဘဲ သွားလိမ့်မယ်...(မှန်ပါ)။

အဲဒါ.... ခင်ဗျားတို့က ဦးမာဒင်တို့ လူစုက တောင်ဖြတ်၊ မြောက်ဖြတ် ဖြတ်ယူလိုက်တာဘဲ.... (မှန်ပါဘုရား) မဟုတ်ဘူး၊ မြတ်စွာဘုရားဟောတော်မူတာကို ကျမ်းဂန်မစုံယင် မရဘူးနော် (မှန်ပါ) ကဲ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် လူမိုက်မှာလဲ ဝေဒနာသုံးပါး ခံစားတာဘဲ နော်.... (မှန်ပါ) လူလိမ္မာမှာလဲတဲ့ အဝိဇ္ဇာ၊ သခ်ါရကြောင့် ဒီမှာ ခန္ဓာငါးပါးပေါ်ပြီးသကာလ သူလဲ သုခ၊ ဒုက္ခ၊ ဥပေက္ခာဆိုတဲ့

ဝေဒနာ ခံစားတယ်....( မှန်ပါ့ ) သူလဲ ဝေဒနာပေါ်တာဘဲ၊ ထူးသေးသလား....(မထူးပါဘုရား)။

အထက် ပဋိစ္စသမုပ္ပါဒ်က လူလိမ်မာ၊ အောက် ပဋိစ္စသမုပ္ပါဒ်က...(လူမိုက်ပါဘုရား) သူတို့ ဒီနေရာကျအောင် မထူးဘူး....(မှန်ပါ့) ထူးသေးရဲ့လား....(မထူးပါဘုရား) မထူးဘူး၊ သူလဲ ဖဿ,ပစ္စယာ,သုခဝေဒနာ,ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ပေါ်ချင်ရာပေါ်တာဘဲ... (မှန်ပါ့)သူ့မှာလဲ ဖဿ ပစ္စယာ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ပေါ်ချင်ရာပေါ်တာဘဲ....(မှန်ပါ့) သူ့မှာလဲ ဖဿ ပစ္စယာ သုခဝေဒနာ ဒုက္ခ ဝေဒနာ ဥပေက္ခာဝေဒနာ ပေါ်ချင်တာ ပေါ်လိမ့်မယ်.... (မှန်ပါ့) အာရုံတိုက်ဆိုင်ယင် မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒီထိအောင် မထူးပါဘူး....တဲ့၊ လူမိုက် အတန်းနဲ့ လူလိမ်မာ အတန်း- ၁-၂-၃-၄-၅-၆၊ လူလိမ်မာလဲ ၆-ဘဲ၊ လူမိုက်ကော.... (၆-ပါဘဲဘုရား)။

အဲဒီတော့ လူလိမ်မာနဲ့ လူမိုက်ဟာ ဒီလိုလာတယ်ကွ....တဲ့၊ မင်းတို့ ဘာထူးသတုံးလို့ ရဟန်းတွေ မေးလိုက်တယ်- (မှန်ပါ့) မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား) ၆-ချင်းအတူတူဘဲ၊ မတူဘူးလား မင်းတို့....(တူပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်မှာ သူလဲ ၆-ခုမြောက် အတူတူဘဲ၊ ဒီဘက်က ၆-ခုမြောက်ဘဲ၊ အတူတူဘဲ ဝေဒနာ သုံးပါးချည့်ဘဲ.... (မှန်ပါ့ဘုရား)။

ဘာထူးသတုံးကွ....လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးတော့ ကဿပဘုရားရှင် သာသနာကွယ်ကတည်းက တရား

ကွယ်လာပါတယ်ဘုရား၊ ဒါကို အရှင်ဘုရား ပြောမှ ဆိုမှသိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ် ဆိုတာ မလျှောက်ကြဘူးလား ရဟန်းတွေကလေ... (မှန်ပါ့ဘုရား)။

ကဿပဘုရား သာသနာမရှိကတည်းက တရားကွယ်တယ်.... (မှန်ပါ့) ကဿပမြတ်စွာဘုရားက အသက်ရှည်သကိုးဗျ၊ အသက်ရှည်တော့ ဘုရားပရိနိဗ္ဗာန်စံပြီး တရားပြတ်တယ် ... ( မှန်ပါ့ ) ကျုပ်တို့ မြတ်စွာဘုရားကတော့ အသက်တမ်း တိုတော်မူတဲ့ ဘုရားမို့ သာသနာထားခဲ့တာကိုး....(မှန်ပါ့ဘုရား)။

သက်တိုဘုရားမို့ ကျုပ်တို့ ခင်ဗျားတို့ ပြောဟောခွင့် အခုရနေတာ... (မှန်ပါ့)သက်ရှည်ဘုရားလက်ထက်ဆိုယင် ခင်ဗျားတို့ အခုပြောတာတွေ မနာတတ်ဘူး၊ ကျုပ်လဲ မဟောတတ်ဘူး.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါကောင်းကောင်းရှင်းပလား- လူမိုက်မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးလာသတုံး....( ခြောက်မျိုးပါ )ဝေဒနာကတော့ ပေါင်းပြလိုက်လို့သာ၊ စင်စစ်တော့ လေးနဲ့ ပြီးပါတယ်နော်၊ သို့သော် ခင်ဗျားတို့ ထင်ရှားအောင်လို့ သုခ,ဒုက္ခ, ဥပေက္ခာ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါတွေဟာ ဘယ့်နှယ်ကြောင့်တုံးလို့ ဘုရားကို ခင်ဗျားတို့က မေးလို့ရှိယင် ရှုဘို့ရာ အကွက်ဖေါ်ပေးတာ .... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာတုံး ဝေဒနာဟာ လူမိုက်မှာလဲသုံးမျိုး,လူသိမ်မှာလဲ သုံးမျိုး ဘာဖြစ်လို့တူနေသလဲ ဆိုတဲ့ဥစ္စာ၊ ဟော့... တူချင်တူ

ပေစေကွ၊ တူတာကတော့ လူမိုက်နဲ့ လူလိမ်မာ ဒီနေရာတော့ အတူရှိသေးတာဘဲ....(မှန်ပါ) သဘောပါပြီနော် .... (ပါ-ပါပြီ ဘုရား)။

နောက်ဆုံးပိတ် ဖြေလိုက်တော့ နိဂုံးချုပ်ကို ဘုရားကဖြေလိုက်တယ်၊အလည်မှာအလုပ်စခမ်း မပါဘဲနဲ့ ဖြေချလိုက်တာက ဘယ်လိုဖြေလိုက်သတုံး- လူမိုက်က နောက်ခန္ဓာရတယ်ကွာတဲ့၊ ဇာတိ,ဇရာ,မရဏ ရတယ်....( မှန်ပါ ) လူမိုက်မှာ ဒါရတယ်၊ လူလိမ်မာမှာ ဒါမပါဘူးကွ...(မှန်ပါ) ပေါ်ပလား.... (ပေါ် ပါပြီဘုရား)။

လူမိုက်ကဘာတုံး(နောက်ခန္ဓာရပါတယ်ဘုရား)လူလိမ်မာက (နောက်ခန္ဓာမရပါဘုရား) အဲ.... လူလိမ်မာက ၆- ချင်းတူပြား သော်လဲ ဟိုဘက် ၃-ကိစ္စကျတော့ လူလိမ်မာမှာမရှိဘူး(မှန်ပါ) လူမိုက်မှာတော့ ၃-ကိစ္စလာတယ် .... ( မှန်ပါ )ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

လူမိုက်မှာတော့....( ၃-ကိစ္စလာပါတယ် ) ၃- ကိစ္စဆိုတာ အကြိမ်ပေါင်းခတော့ မရေတွက်နိုင်ဘူး....( မှန်ပါ )ရေတွက်နိုင် ရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် လူလိမ်မာမှာတော့ဖြင့် တကာတကာမတို့ အကြိမ်ပေါင်းမပြောပါနဲ့တော့ တကြိမ်တောင် မလာတော့ဘူး (မှန်ပါဘုရား)။

ဒါဖြင့် တိုတိုပြောကြစို့ဆိုလို့ရှိယင် တဘဝ-တဘဝပေါင်း နှစ်ဘာမနေဘူးလား....(မှန်ပါ) တဘဝဟော လူမိုက်ကသုံးဘဝ

ဖြစ်တယ်၊ ဟုတ်လား....( မှန်ပါ ) လူလိမ်မာက နှစ်ဘဝနဲ့ပြတ်တယ်....(ပြတ်ပါတယ်ဘုရား)။

လူလိမ်မာက....(နှစ်ဘဝနဲ့ ပြတ်ပါတယ်ဘုရား) အတိတ်ဘဝပြီးတော့ ပစ္စုပ္ပန်ဘဝရောက်လာတယ်....(မှန်ပါ) အဲဒီ ပစ္စုပ္ပန်ဘဝပြီးယင် အနာဂတ်ဘဝ မဆက်ဘူး....(မှန်ပါ) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

လူလိမ်မာက ...(နှစ်ဘဝပါဘုရား) ကြည့်လေ ပိုကြည့်ပြော၊ ဗီအတိုင်းပြောယင် မှားကုန်လိမ့်မယ်....(မှန်ပါဘုရား)။

လူလိမ်မာက ဘာတုံး .... ( နှစ်ဘဝပါဘုရား ) နှစ်ဘဝနဲ့ပြတ်တယ်....(မှန်ပါ) လူမိုက်ကတော့....(၃ ဘဝပါဘုရား)။

၃-ဆိုတဲ့ဥစ္စာဟာ ဘုန်းကြီးရှင်းပြပါမယ်၊ ၃-ဆိုတာ အစရှာမတွေ့ဘူး၊ ၃- ပွင့်ဆိုင် ဘယ်ကအစတုံး မေးယင် ခင်ဗျားတို့ဘယ်နှယ်ဖြေပါ့မလဲ ...( ရှာမတွေ့ပါဘုရား ) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

၃-ဆိုတာ သူကအစလား သူကအစလားလို့ ဆိုယင် ခင်ဗျားတို့ ဘယ်လိုမှမဖြေနိုင်တော့ဘူး၊ ဖြေနိုင်သေးရဲ့လား .... (မဖြေနိုင်ပါဘုရား)အဲ....၃-ဆိုတာ အစမရှိဘူးတဲ့ ကြက်ဥလိုနေတာ၊ လှည့်သွားတာဘဲ....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ၃-ကြိုက်သလား၊ ၂- ကြိုက်သလား....(၂-ကြိုက်ပါတယ်ဘုရား) ဦးလှကြီးကော....( ၂- ကြိုက်ပါတယ်ဘုရား )။

၂-ကြိုက်လို့ရှိယင်ဖြင့် ကျုပ်တို့ ကိုင်း.... ၂-ကြိုက်တဲ့ပုဂ္ဂိုလ်ဘာလုပ်ရမှာတုံးမေးတော့ တကာတကာမတို့ လူမိုက်က ၃- ဘဝဆက်တယ်၊ ၃-ကိုလည်တယ်နော်....(မှန်ပါ) လူလိမ်မာ ၂- မို့

တကာတကာမတို့ တချောင်းဆွဲယင် တချောင်းပြုတ်တာဘဲ.... (မှန်ပါဘုရား)။

တချောင်းဆွဲယင်....( တချောင်းပြုတ်ပါတယ်ဘုရား ) ၂-ခု ထောင်ထားတာကိုးဗျ....(မှန်ပါ) တချောင်းဆွဲယင် တချောင်း ပြုတ်မှာပေါ့....(မှန်ပါ) ၃-ထောင်ထားလို့ ရှိယင်ဖြင့် ၁-ချောင်း ဆွဲ၊ ၂-ချောင်းကျန်မှာဘဲ...(မှန်ပါ) ထိပ်တိုက်ပြီး ကျန်နေရစ် မှာဘဲ....(မှန်ပါ) မကျန်ပေဘူးလား....( ကျန်ပါတယ်ဘုရား ) ဒါကြောင့် ၃-ကလည်တယ်၊ ၂-ကပြုတ်တယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့ဘဝပေါင်းအကြိမ်ကြိမ်ဆုတောင်းသမားမှာဖြင့် ၃-လည်း က,မထင်ပါဘူးဟင်(မကပါဘုရား)ကင်းခြေများဖြစ်နေ တယ်တချောင်းကျိုးအရေးမကြီးဘူးကွအသွားမပျက်ဘူး(မှန်ပါ ဘုရား)။

ဒီမှာလဲ သံသရာ့ခရီးသည် သွားမယ်ကွ၊ ဒီအဓိပ္ပါယ်ဘဲရနေ တယ်....(မှန်ပါ)ဒီ့ပြင်ဘာရသေးသတုံး....(မရပါဘုရား) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် မနေ့က ကတိထားခဲ့တာ လူလိမ်မာက မဂ္ဂ ပြဟ္မစရိယအကျင့် ကျင့်တယ်.... ( မှန်ပါ ) သူ့-မဂ္ဂင်ငါးပါး နောက်က လိုက်တယ်ပြောတာ....(မှန်ပါ)။

လူမိုက်ကတော့ကွာတဲ့ ဝေဒနာနောက်ထဲ တဏှာ,ဉပါဒါန်, တွဲ,လိုက်တယ်....(မှန်ပါ) ဆက်ပေးလိုက်တော့ တဏှာ,ဉပါဒါန် ကံ,ဆိုပြီး ဇာတိဇရာမရဏဆက်တယ်....(မှန်ပါ)။

ဟိုကတော့ မဂ်လိုက်နေတယ်၊ တဏှာ ဉပါဒါန် ကံ မလိုက် ဘူး....(မှန်ပါ) ဒါကြောင့် ၃-မဖြစ်ဘူး၊ ၂-နဲ့ပြတ်တယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

၃-မဖြစ်ဘူး.... (၂-နဲ့ပြတ်ပါတယ်ဘုရား) ဘာ့ကြောင့်တုံး ဆိုတော့ မဂ္ဂပြဟ္မစရိယအကျင့်နေ၁်.... (မှန်ပါ) မဂ္ဂ·က နိဗ္ဗာန် ရောက်ကြောင်း ခရီးအမှန်၊ ပြဟ္မစရိယက အကျင့်— (မှန်ပါ) မဂ္ဂ·က နိဗ္ဗာန်ရောက်ကြောင်း ခရီးအမှန် ပြဟ္မစရိယက အကျင့်- (မှန်ပါ)။

ဒါဖြင့် မဂ္ဂပြဟ္မစရိယအကျင့် မကျင့်တဲ့ပုဂ္ဂိုလ်ဟာ ၃-ချောင်း ထောက် ဖြစ်မယ်— (မှန်ပါ) ဝဋ်သုံးပါးလာမယ်ပြောတာ....၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်.... (မှန်ပါ) ထိုဝိပါကဝဋ်ထဲ မှာ ကိလေသဝဋ်၊ ကမ္မဝဋ်— (မှန်ပါ) လည်မသွားဘူးလား.... ( သွားပါတယ်ဘုရား ) သဘောကျပလား .... ( ကျပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာလုပ်ရမတုံး ၂-ဘဝနဲ့ ပြတ်ချင်ကြ ယင်.... (မဂ္ဂပြဟ္မစရိယအကျင့် ကျင့်ရပါမယ်ဘုရား) ၂-ဘဝ ဆိုပေမဲ့လဲ ဟို·တဘဝကတော့ ခင်ဗျားတို့ ကိစ္စပြီးခဲ့ပါပြီ—၊ ခင်ဗျားတို့ အခြေးဆပ်လို့လဲ မရတော့ပါဘူး....(မှန်ပါ)ရသေး ရဲ့လား....(မရပါဘုရား)။

ဒီ·ပစ္စုပ္ပန်ဘဝမှာ ဝေဒနာသုံးပါးရှိလိမ့်မယ်ကွာတဲ့- (မှန်ပါ) မရှိပေဘူးလား-(ရှိပါတယ်ဘုရား)ပစ္စုပ္ပန်ဘဝမှာ ဝေဒနာသုံးပါး ရှိလိမ့်မယ် သုခ, ဒုက္ခ,ဥပေက္ခာ....(မှန်ပါ)။

အဲဒီလို မင်းတို့သည်ကားလို့ဆိုယင် သင်္ခါရတရားကို သင်္ခါရ တရားနဲ့ရှုပါ....(မှန်ပါ) အနိစ္စတရားကို သင်္ခါရနဲ့ရှုပါ ဒီလိုလဲ ရတာဘဲ၊ သင်္ခါရတရားကို သင်္ခါရချင်းရှုယင်လဲ.... ( ရပါတယ် ဘုရား ) ရတာဘဲဆိုတာ သဘောပေါက်လား.... ( သဘောပေါက်ပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမတုံး၊ လူမိုက် ဖြုတ်ကြစို့နော်.... (မှန်ပါ) လူမိုက်စွမ်းရည် သတ္တိကတော့ဖြင့် ဆည်မရ, ကယ်မရဆိုတာတော့ ခင်ဗျားတို့ ရှင်းနေပါပြီ(မှန်ပါ ဘုရား) မရှင်းသေးဘူးလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် ဆည်မရ, ကယ်မရဘဲ၊ ဒါကလေး သိရတာနဲ့ ခင်ဗျားတို့ အခု အများကြီးသေပျော်ပါပြီ....(မှန်ပါ)ဒါကလေး ယူလိုက်မဟဲ့ ဆိုလို့ရှိယင်ဘဲ မဂ္ဂပြဟ္မစရိယအကျင့်ကလေး ငါ လုပ်မဟဲ့ဆိုကတည်းက ကိုယ့်သံသရာ ကိုယ်ဖြတ်မှရမယ်(မှန်ပါ) သူများဖြတ်လို့ မရဘူး...(မှန်ပါ)။

ကိုယ့်သံသရာကို...(ကိုယ်ဖြတ်မှ ရပါမယ်ဘုရား)ကိုယ်ဆိုတာ မဂ္ဂင်....(မှန်ပါ)။

ကိုယ်ဆိုတာ.... (မဂ္ဂင်ပါဘုရား) အဲဒါကြောင့် ဘုရားက "အတ္တာဟိ အတ္တနော နာထော" (မှန်ပါ)အတ္တာဟိအတ္တာဝေ= မိမိကိုယ်သည်သာလျှင်၊ အတ္တနော=မိမိ၏၊ နာထော=ကိုးကွယ် ရာတည်း၊ မိမိကိုယ်ကို မိမိ အားကိုးရမယ်တဲ့....(မှန်ပါ)။

မိမိကိုယ်ဆိုတော့ အတ္တဒိဋ္ဌိ ဖြစ်နေမှာ စိုးသောကြောင့် အဌင်္ဂိကော မဂ္ဂေါလို့ တခါလာရပြန်တယ်.... (မှန်ပါ) မဂ္ဂင် ကွတဲ့၊ မိမိကိုယ်ဆိုပေမဲ့ ဒါကြီးသွားမယူနဲ့ဦး... (မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဘာအားကိုးရမှာလဲ.... (မဂ္ဂင် အားကိုးရပါမယ်ဘုရား)မဂ္ဂင် အားကိုးရမယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ခင်ဗျားတို့၏ခန္ဓာက ကျန်ခန္ဓာ လေးပါးဆို လိုက်ပါတော့နော်....(မှန်ပါ)ကျန်ခန္ဓာလေးပါးထဲ တခါတလေ ကျူတော့လဲ သုခကလေးကလဲ ဒီအပေါ်-ပေါ်တယ်...(မှန်ပါ)

ပေါ်တဲ့သုခကို ခင်ဗျားတို့ ဗီကနေပြီးသကာလ မဂ်သခ်ါရနဲ့ ပေါ်တဲ့အနိစ္စကို ရှုပေး....(မှန်ပါ့)။

ပေါ်တဲ့အနိစ္စကို... ( မဂ်သခ်ါရနဲ့ ရှုပေးရပါမယ်ဘုရား ) မဂ်သခ်ါရနဲ့ ဘယ်သူ့ကို ရှုရမလဲ... ( ပေါ်တဲ့အနိစ္စကိုရှုရပါမယ်ဘုရား)။

အဲ... ပေါ်တဲ့အနိစ္စကိုရှုပေး၊ မပေါ်တာကို သွားမရှုနဲ့ ပညတ်သွားဖြစ်နေမယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

တခါတလေကျတော့ ဒီကိုယ်နပေါ်မှာဘဲ ဒီကာယပေါ်မှာဘဲ ဒုက္ခကလေး ပေါ်လာတယ်၊ ဗီမဂ်သခ်ါရနဲ့ဘဲရှု... (မှန်ပါ့) သဘောကျပသလား....(ကျပါပြီဘုရား)။

တခါတလေကျတော့ ဥပေက္ခာပေါ်တယ်၊ ကျုန်ခန္ဓာလေး ပါးပေါ်မယ်၊ ဘာလုပ်ရမလဲ(မဂ်နဲ့ရှုရပါမယ်ဘုရား)မဂ်သခ်ါရနဲ့ ရှုပေး... (မှန်ပါ့)။

ဒါကြောင့် ခန္ဓာဉာဏ်နဲ့ တည့်ထားတယ်... (မှန်ပါ့)ခန္ဓာဉာဏ်နဲ့ တည့်ထားတော့ သူတို့က ဗီခန္ဓာပေါ်မှာပါ၊ ဘယ်မှ ရွေ့မပေါ်ဘူး....(မှန်ပါ့ဘုရား) ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဆုံးမထားတာကို လေးလေးစားစား နားထောင်ရမယ်...(မှန်ပါ့) ခန္ဓာနဲ့ဉာဏ်နဲ့ တည့်ထားရမယ်.... (မှန်ပါ့) ခန္ဓာနဲ့ဉာဏ်နဲ့တည့်ထားတော့ ဘာဖြစ်မတုံး၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်ထားတဲ့အခါကျလို့ရှိယင်ဖြင့် ဘယ်မှမလှည့်နဲ့ ခန္ဓာက ထစ်ဆိုလို့ရှိယင်ဖြင့် ဉာဏ်ကလဲ ထစ်ဆိုသည်နဲ့ တပြိုင်

နက်တည်းသူ့ဘက်ကိုလှည့်ဖြစ်အောင်လှည့်မယ် (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

လောကီဥပမာ ပြောကြပါစို့ဆိုတော့ ခင်ဗျားတို့ အိမ်မှခ်ဝက ကြွက်ကလေးဝင်လာတယ် နော်... (မှန်ပါ့) ကြွက်ဝင်လာတာကို ခင်ဗျားတို့ ကြွက်မဝင်ခင်က မြင်သလား·ကြွက်ဝင်မှမြင်သလားမေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ကြွက်ဝင်မှဘဲမြင်ပါတယ်ဘုရား)။

ကြွက်ဝင်သလို ဒီမှာလဲ အတူတူဘဲတဲ့ သူပေါ်မှမြင်တယ်.... (မှန်ပါ့) ကြွက်မဝင်ခင်က ခင်ဗျားတို့စိတ်ဟာ ကြွက်ဆိမှာမရှိဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ကြွက်မဝင်ခင်က ခင်ဗျားစိတ်ဟာ ကြွက်ကြည့်မယ်လို့ ရှိကိုမရှိဘူး (မှန်ပါ့) ရှိရဲ့လား.... (မရှိပါဘုရား) ကြွက်ဝင်လာတော့မှ ဟာ.... ဒါကြည့်မှဘဲ၊ ကြည့်မှဘဲဆိုတော့ ကြွက်မြင်တဲ့စိတ်ကလေးပေါ်လာတယ်.. (မှန်ပါ့)ဒါဖြင့် ဒီသင်္ခါရဟာအသစ်ဘဲ....(မှန်ပါ့)။

ရှုတဲ့သင်္ခါရက....(အသစ်ပါဘုရား)ခံတဲ့သင်္ခါရက .. (အသစ်ပါဘုရား) အသစ်-အသစ်ချင်းကြည့်တယ်.... (မှန်ပါ့) သဘောပါပလား ...(ပါ-ပါပြီဘုရား)။

ဘာတဲ့တုံး.... ( အသစ်-အသစ်ချင်းကြည့်ပါတယ်ဘုရား ) အသစ်-အသစ်ချင်းကြည့်ပါ....(မှန်ပါ့)ရှင်းပြီ (ရှင်းပါပြီဘုရား) ဘယ်လို လုပ်ကြမယ် .... ( အသစ်- အသစ်ချင်း ကြည့်ရမှာပါဘုရား)။

အသစ်-အသစ်ချင်းကြည့်ရမယ်ဆိုတော့ဒီနေ့နာရတဲ့တရားမှာဘာဖြစ်သွားသတုံးလို့ မေးဘို့လိုတော့တယ်၊ ဩော်.... တပည့်

တော်တို့ အရှုခံဘက်ကလဲ သဿတပြုတ်ပေပြီဘုရား၊ သဿတ, သက္ကာယပြုတ်ပြီ....(မှန်ပါ)ရှုဉာဏ်ဘက်ကလဲ သဿတသက္ကာယ (ပြုတ်ပါပြီဘုရား) ဒီမနေ့အတွက် ဒါ...အထူးတသည်မှတ်ပါ.... (မှန်ပါဘုရား)။

အရှုခံတဲ့ဘက်ကလဲ.... ( သဿတ,သက္ကာယ ပြုတ်ပါတယ် ဘုရား) ရှုဉာဏ်ဘက်ကကော.... (သဿတ,သက္ကာယပြုတ်ပါ တယ်ဘုရား) အဲဒီလိုပြုတ်ပြီးရှုယင် ခင်ဗျားတို့ မကြာတော့ဘူး ရတော့မယ်...(မှန်ပါဘုရား) ဉာဏ်က ရှင်းထားပြီ.... (မှန်ပါ ဘုရား)။

ဩော်.... အရှုခံတရားကလဲ သင်္ခါရ အနိစ္စလမ်းဆုံးတာဘဲ၊ ရှုဉာဏ်တရားကလဲ သင်္ခါရအဖြစ်နဲ့ နေတုန်းသာရှုနိုင်တာ၊အနိစ္စ ဖြစ်တော့ကို မရှုနိုင်တော့ဘူး....(မှန်ပါ)။

ပြန်ပြောလိုက်ပါဦးမယ်၊ ဒီစကား နှစ်လုံးဟာ သိပ်အရေး ကြီးနေလို့၊ အရှုခံတရားက သင်္ခါရဖြစ်နေတုန်းကို ခင်ဗျားတို့ သင်္ခါရက မပေါ်နိုင်ဘူး...(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) မိမိခန္ဓာကိုယ်သာ စိုက်ထားမယ်ဆိုလို့ရှိယင်ဖြင့် နှစ်ခုပိုင်ပြီး မပေါ်ကောင်းဘဲကိုး....(မှန်ပါ)"ဧကစိတ္တသမာယုတ္တာ၊ လဟု သော ဝတ္တတေ ခဏော" တခုတည်းသာပေါ်ရမယ်...(မှန်ပါ ဘုရား)။

ဒါဖြင့် အရှုခံသင်္ခါရ ပေါ်နေတုန်း ရှုဉာဏ်သင်္ခါရပေါ်ပါ့ မလား....(မပေါ်ပါဘုရား)ဒါဖြင့်အရှုခံအနိစ္စအချိန်မှာ ရှုဉာဏ် သင်္ခါရပေါ်တယ်...(မှန်ပါ) သဘောပါပလား ( ပါပါပြီ ဘုရား) ဒါဖြင့် ဟိုကအနိစ္စ ဒီကသင်္ခါရဆိုယင် သွားကိုက်တယ် (မှန်ပါဘုရား)။

အရှုခံက...(အနိစ္စပါဘုရား) ရှုဉာဏ်က...(သင်္ခါရပါဘုရား) အဲ....ဟိုအနိစ္စကို ဒီသင်္ခါရနဲ့ရှုပေး... (မှန်ပါ) သေသေချာချာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီ၊ ဒီကြားမှာ ဘဝင်ကော့ ဘာတွေခြားတာ ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှ မဆိုင်ဘူး ကျုပ်တို့နဲ့- ဘဝင် ဘယ်လောက်ခြားနေနေ ပုထုဇန်ဘဲ ဘဝင်အရေအတွက် မရှိ ခြားမှာဘဲ...(မှန်ပါ) ဒါ...ကျုပ်တို့နဲ့ မဆိုင်ဘူး...(မှန်ပါ)။

ကံက ဆက်ပေးနေတာ၊ ဒါ-ကိလေသာမဆိုဘူး၊ ဒီကြားထဲမှာ ဒီ့ပြင်ဟာ ဝင်လာယင်တော့ ကိလေသာခြားတယ်-(မှန်ပါဘုရား) ဘဝင်ခြားတာတော့ ဘာမှ ကိစ္စမရှိဘူး၊ သဘောပါပလား...(ပါ-ပါပြီဘုရား)။

ဘဝင်ခြားတာတော့....(ဘာမှ ကိစ္စမရှိပါဘုရား) ဘာမှ ကိစ္စမရှိဘူး၊ အပြစ်မရှိဘူး... (မှန်ပါ) ကိလေသာခြားယင်တော့.... (အပြစ်ရှိပါတယ်ဘုရား)။

ကိလေသာခြားယင် ခုနစ်ရက်လောက်နဲ့ရမှာကို ဆဲ့လေးရက်ဖြစ်သွားမယ်.... (မှန်ပါ) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာသင်္ခါရပေါ်မှာ ဝေဒနာသုံးခု လှည့်လည်ပြီးသကာလ ပေါ်တိုင်း,ပေါ်တိုင်း သင်္ခါရမဂ်နဲ့ ရှု-ရှုပေးပါဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်ပါ...(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝေဒနာခန္ဓာပေါ်မှာ ဘယ်နှစ်မျိုးပေါ်မလဲ- (သုံးမျိုးပေါ်ပါမယ်ဘုရား ) အဲဒီ့ သုံးမျိုး အနိစ္စနဲ့ မဂ်သင်္ခါရနဲ့သွား,သွား ကိုက်ပေစေ....(မှန်ပါ)။

သုံးမျိုး အနိစ္စနဲ့....(မဂ်သခါ်ရသွားကိုက်ပါ) သွားကိုက်လို့ ရှိယင် ဒီဘက်က တဏှာ့ဥပါဒါန်ကံ လာဦးမလား... (မလာပါဘုရား) မလာယင် ဇာတိ ဇရာ မရဏ...(မလာပါဘုရား) ပြတ်တယ်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
မဂ္ဂပြဟ္မစရိယအကျင့်သည် သာသနာတွင်းတရား

# နေ့အလုပ်ပေးတရားတော်

( ၁၇ - ၉ - ၆၁ )

လူမိုက်နဲ့လူလိမ္မာကို ထူးထူးခြားခြား သိစေချင်တယ်၊ ထူးထူး ခြားခြားသိစေချင်တော့ကို လူမိုက်နဲ့ လူလိမ္မာ ထူးထူး ခြားခြား သိစရာအရေးကို သံဃာတွေ စည်းဝေးပြီးသကာလ ရဟန်းတို့....လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးကွာ....တဲ့မေးတယ်၊ မေးပင် မေးငြားသော်လဲ ကဿပဘုရားလက်ထက်ကတည်းကိုက သာသနာက ဘုရားလဲ ပရိနိဗ္ဗာန်စံ သာသနာကွယ်ဖြစ်နေတော့ တခါတည်း တရားတွေက အကုန်ပျောက်နေတယ်.... (မှန်ပါ့ ဘုရား)။

ပျောက်ကုန်တော့ ရဟန်းကလဲ အဆက်က သာမညဘဲ ရှိကြတယ်၊ ဘုရား ပရိနိဗ္ဗာန်စံလို့ သာသနာ လုံးဝ ဆုတ်ယုတ် သွားတော့ အကုန် အကျင့်တွေ ဖေါက်ပြန်ပြီးတော့ ဒါ့ကြောင့် တချို့ရဟန်းတွေတောင်ကလပ်ပေါ်တက်ပြီးတော့ ကဲ-သာသနာ တော်ဖြင့်ဘုရားကလဲ ပရိနိဗ္ဗာန်စံပြီ၊သာသနာတော်မှာလဲ ရဟန်း

တော်တွေ ဖေါက်ပြန်ပြီဆိုပြီးတော့ တောင်ကလပ်ပေါ်တက်ပြီး အားထုတ်ကြတယ်၊ ရဟန်းတွေ အကျင့်ဖေါက်ပြန်တာနဲ့ ရဟန်းတော်အချို့ အသေခံပြီး အားထုတ်ကြတယ်၊ တဿပမြတ်စွာဘုရားက သာသနာမထားရစ်ခဲ့ဘူး၊အဲဒီကတည်းက သာသနာက ကွယ်ပြီးလာတော့ ဂေါတမဘုရား လက်ထက်မှာ ဘုရားလဲ ပွင့်လာရော လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံး...လို့ ဘုရားက သံဃာတွေစည်းဝေးပြီး မေးလိုက်တဲ့အခါမှာ တပါးမှ မဖြေနိုင်ဘူး....(မှန်ပါ့) ဘာဖြစ်လို့ မဖြေနိုင်တာတုံးမေးတော့ တရားအစဉ်အဆက် ဆောင်လာတာ မရှိလို့...(မှန်ပါ့)။

အသက်တမ်းကလဲ ရှည်တဲ့ဘုရား နှစ်သောင်းတန်းမှာပွင့်တဲ့ ဘုရားဖြစ်ပြီးသကာလနေတော့ သာသနာ မထားတော့ဘူး... (မှန်ပါ့)။

ဒါနဲ့ ရဟန်းတွေ စည်းဝေးပြီး ဘုရားက လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ...လို့ မေးလိုက်တဲ့အခါမှာ တပါးမှ မဖြေနိုင်ဘူး....(မှန်ပါ့)။

ကဲ....မဖြေနိုင်ပုံ ရိပ်မိကြပြီ၊ ပါရမီမရှိလို့.... ( မှန်ပါ့ ) ပါရမီမရှိလို့ဆိုတာ သိတော့ ဘုန်းကြီးတို့ တကာတကာမတွေလဲ သာသနာက တည်းတည်းကျန်တော့တယ်.... (မှန်ပါ့ဘုရား) တည်းတည်းကျန်လို့ ဖေါက်ပြန်ပျက်စီးနေတာတွေလဲ ဦးမာဒင်တို့ သိတဲ့အတိုင်းပါဘဲ... (မှန်လှပါ့ဘုရား) အကောင်းနဲ့ အဆိုးဆိုလို့ရှိယင် အကောင်းက အနည်းဘဲရှိတယ်၊ အဆိုးက များနေတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီသာသနာကလေးမှာ နောက်ပိုင်းလဲ ကျနေတော့ အခုဟာ အကောင်းဆုံးအချိန်ဆိုတာကို ကိုယ့်ဟာကိုယ်

ဆုံးဖြတ်ချက်ချပြီး ဒီအရောင်ကွယ်ယင် ပျောက်တော့မယ်...၊ မေးလာတဲ့ပုဂ္ဂိုလ်တွေဟာ အပါယ်သွားဘို့မေးတာတာ များတယ်လို့ မှတ်ရမယ်...(မှန်လှပါ) အခု ဒီအရောင်ကလေး ကွယ်သွားယင်ပေါ့လေ...(မှန်ပါ့)။

အဲဒီတော့ ကိုယ်လဲ မှီလိုက်ရုံရှိတာဘဲဆိုပြီး အားလုံး တကာ တကာမတွေစာ မှီတာကလေး လက်မလွှတ်စေနဲ့... ( မှန်လှပါဘုရား)။

မှီတာကလေးကို လက်မလွှတ်စေနဲ့ဆိုတာ ဘုန်းကြီးများက တခါ ကဿပဘုရား သာသနာမသားတာ ထောက်ခဲ့လို့ အခု ဘုရားလက်ထက်မှာ လာမေးတော့ တပါးမှ မဖြေနိုင်တာ ထောက်ကြည့်တော့ သာသနာဟာ ပြတ်ထွက် သွား တယ်.... (မှန်ပါ့)။

အဲဒီတော့ ဒီဘုရားကတော့ သက်တန်းတိုတဲ့ခေတ်မှာ ပွင့်တော်မူတဲ့ မြတ်စွာဘုရားမို့ သာသနာထားခဲ့တယ်.... (မှန်ပါ့) ထားတာဟာ ထားချင်လို့ထားတာမဟုတ်ပါဘူး-တဲ့ အားလုံး ပေါင်း ငါနဲ့ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေက ငါချွတ်လို့ ကုန်ပြီဆိုတော့ ဘုရားနဲ့ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်က ပဉ္စဝဂ္ဂီအစ သုဘဒ်ရဟန်းအဆုံး....(မှန်ပါဘုရား) ကျန်တာတွေနဲ့ သာဝကတွေက သူ့ဆရာနဲ့ သူ့တပည့် သူတို့ ချွတ်ရစ်လိမ့်မယ် ဆိုပြီးတော့ သာသနာထားခဲ့တယ်... (မှန်ပါ့)။

သူ့ဆရာနဲ့ သူ့တပည့် ကျွတ်ရစ်လိမ့်မယ်ဆိုပြီး သာသနာထားခဲ့တော့ကို ဒို့တော့ ဒို့ဆရာနဲ့ ဒို့တပည့်နဲ့ဘဲ ကျွတ်တန်းဝင်ဘို့ ထားခဲ့တဲ့အတိုင်း ဒို့အတွက်လဲ အခုတွေ့တာ ဒါဘဲ

ဆုံးဖြတ်ချက်ချပြီးတော့ကို တရားမှန်, တရားထူးကို ကြိုးစားယူကြ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အားလုံး တကာတကာမတွေ ဒီအတိုင်း မှတ်ထားရတယ်.... (မှန်ပါဘုရား) ဒီအတိုင်းမှတ်ထားရမယ်၊ အို... တော်တော်ကြာသူ့ဟာသူဖြင့်ဘာမှန်းမသိ,ညာမှန်းမသိနဲ့ ဒါတွေတော့ဦးမာဒင်တို့ လှည့်ကြည့်မနေနဲ့တော့၊ ကြည့်လို့လဲ မဖြစ်တော့ဘူး.... ( မှန်ပါ ) မေးလာတာ ဘာဖြစ်လို့ မေးလာသတုံး- စားတို့သောက်တို့ မေးလာတယ်၊ စားတို့ ရှာတို့မေးလာကယ်၊ အခုတနိုင်ငံလုံး ပြောဆိုနေတဲ့စကားဟာ ဘယ်သူကဘာ, ဘယ်သူကဘာနဲ့ စားတို့ပြောတာဘဲ....(မှန်ပါ) ဒီ့ပြင် ဘာမှ မပါဘူး.... (မှန်ပါ) ဒါဘဲ အရေးတကြီးပြောတော့ဟာဘဲ၊ သံသရာဖြတ်ရေးဆိုတာ ဦးမာဒင်တို့ ရှာမှ ရှားပါတယ်... (ရှားပါတယ်ဘုရား)။

စားတို့ဘဲ ပြောနေတာဘဲ၊ ဘယ်သူ ကြီးပွားတယ်၊ မင်း... ဘယ်လို လုပ်ပါလား၊ ဘယ်လို ခိုးပါလား၊ ဘယ်လိုဝှက်ပါလား ဒါဘဲ နောက်ဆရာတွေရှိမယ်(မှန်ပါ) ဒုက္ခဇာတ်သိမ်းရေး ဆရာဆိုတာကတော့ ကွယ်လာလိမ့်မယ်.... (မှန်ပါ) ကွယ်လိမ့်မယ်, ကွယ်လိမ့်မယ် ဒါ... မကြာတော့ဘူး.... (မှန်ပါ)။

ကဲ... ဒါဖြင့် အခု မေးလို့မရတော့ ရဟန်းတွေက တပည့်တော်များ ကဿပဘုရား လက်ထက်ကတည်းက သာသနာက ကွယ်လာခဲ့လို့ အခု လူမိုက်နဲ့လူသိမ်မာ အထူးကို တပည့်တော်များကို အရှင်ဘုရားက မေးတဲ့အခါမှာ ဖြေဘို့ရာ အကြောင်း တပည့်တော်တို့ ဉာဏ်ထဲမှာ ပေါ်ကိုမလာဘူး....တဲ့၊ ဒါ့ကြောင့် ရှင်အာနန္ဒာကလဲ ပါလာတော့ အရှင်ဘုရား... တဲ့ ဒီဥစ္စာ အရှင်

ဘုရား ဟောမှ ပြောမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အရှင်ဘုရားကသာလျှင် ဆိုပါ့၊ဆုံးမပါဆိုပြီး သကာလ တောင်းပန်တယ်....(မှန်ပါ့ဘုရား)။

အေး....ရှိရှိသေသေနာကြကွာ၊ ကိုင်း ကိုင်း ညွတ်ညွတ်နာကြကွာ ငါသေသေချာချာ ရှင်းပြမယ်ဆိုပြီးသကာလ လူမိုက်နဲ့ လူလိမ္မာထူးပုံကို အကြောင်း အကျိုးဆက်ပြီးသကာလ ပြပါတယ် (မှန်ပါ့ဘုရား)။

လူမိုက်မှာလဲ အဝိဇ္ဇာကြောင့် သင်္ခါရအလုပ်- လုပ်တယ်ကွာ....တဲ့၊ သင်္ခါရအလုပ်-လုပ်လို့ သူလဲ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရတာဘဲကွတဲ့၊ ဒါ ခန္ဓာရပုံတော့ တူတူဘဲတဲ့....(မှန်ပါ့) ထို့အတူဘဲတဲ့ လူမိုက်မှာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဆိုတာ ရတာဘဲတဲ့ ထူးတော့ မထူးပါဘူးကွတဲ့ အတိတ်အကြောင်းမှာ မထူးကြပါဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒါတွင်မကသေးပါဘူးကွတဲ့၊ ပစ္စုပ္ပန်မှာလဲတဲ့ လူလိမ္မာလဲ ဝေဒနာခံစားတာဘဲတဲ့၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ဝေဒနာသုံးမျိုးတော့ ခံစားတာဘဲတဲ့၊ လူမိုက်မှာလဲ သုခဝေဒနာ' ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးပါး ခံစားတာဘဲတဲ့....(မှန်ပါ့ဘုရား)။

ကျုပ်တို့ ဒီခကောင်းတာလဲကျုပ်တို့ကြုံကြတယ်၊ မကောင်းတာလဲ တွေ့ကြုံရတာဘဲ၊ အလတ်စားဖြစ်တာတွေလဲ တွေ့ကြုံရတာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

သို့သော်ကွာတဲ့ ဒီဘက်က လူမိုက်ကတော့ ဝေဒနာနောက်က နေပြီးသကာလ မြတ်သောအကျင့်ကို မကျင့်တဲ့အတွက် သူ့မှာ

တော့ တဏှာ, ဥပါဒါန်,ကံ လိုက်ပြီးသကာလ ဇာတိ, ဇရာ, မရဏတွေနဲ့ သူ့မှာ အခါများစွာတွေ့ရတယ် ... ( မှန်ပါ ) ဒါလူမိုက်မှာ၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

လူမိုက်တန်းကတမျိုး ဝေဒနာသုံးမျိုး နောက်က တဏှာ, ဥပါဒါန်,ကံ လိုက်ပြီးသကာလ ဇာတိ,ဇရာ,မရဏလိုက်တယ်.... (မှန်ပါ)ဇာတိ,ဇရာ, မရဏ,မလိုက်ပါနဲ့ ဆိုလို့မရဘူး....(မှန်ပါ ဘုရား)။

ဟိုလူလိမ္မာတော့ ဝေဒနာသုံးမျိုးလဲ သူခံစားတာဘဲတဲ့၊ ခံစားပြီးသော်လဲ တဏှာ,ဥပါဒါန်, ကံတို့ မလိုက်ဘူး(မှန်ပါ) မလိုက်လို့ ဇာတိ ဇရာ မရဏ....(မရပါဘုရား) မရဘူးဆိုတော့ ဩော်...ပဋိစ္စသမုပ္ပါဒ် တိုတိုပြောကြစို့ဆိုတော့ လူလိမ္မာက နောက်ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်....( မှန်ပါ ) လူမိုက်က နောက် ပဋိစ္စသမုပ္ပါဒ်ဆက်တယ်....(မှန်ပါဘုရား)။

တဏှာ, ဥပါဒါန်,ကံလာတော့ ဇာတိ ဇရာမရဏဆက်တယ် (မှန်ပါ) ဒီကလဲ သူဆက်ဦးမှာဘဲ...(မှန်ပါဘုရား) ဇာတိ ဇရာ မရဏထဲ အဝိဇ္ဇာ သင်္ခါရထဲ သူပြန်လှည့်မှာဘဲ .... ( မှန်ပါ ) ဒီဘက်ပြန်ရောက်မယ်....(မှန်ပါ) မရောက်ပေဘူးလား....(ရောက် ပါတယ်ဘုရား)။

ဒါ ဘာတုံးမေးယင်ဦးမာဃင်က ဘယ့်နှယ်ဖြေမတုံး(မဂ္ဂပြဟ္မ စရိယအကျင့် မကျင့်လို့ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ လူလိမ္မာဖြစ်ချင်လို့ရှိယင်လဲ မဂ္ဂပြဟ္မ စရိယအကျင့်ဟာ သူလိုရင်းအချက်ဘဲ ... (မှန်ပါ) လူမိုက်ဖြစ် ချင်လို့ရှိယင်လဲ မကျင့်ဘဲနေရုံဘဲ....(မှန်ပါ) မကျင့်ဘဲနေတော့

အိုဘေး၊ နာဘေး၊ သေဘေးတွေဟာ ကိုယ့်ပစ္စည်းတွေ ဖြစ်မှာဘဲ (မှန်ပါ့)မဖြစ်ပေဘူးလား— (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ထောက်ပြီးသကာလ ကြည့်တော့မှ ဩော်.... မဂ္ဂပြဟ္မစရိယ အကျင့်ဆိုတာက သာသနာရှိတုန်း အလုပ် .... (မှန်ပါ့ဘုရား)။

မဂ္ဂပြဟ္မစရိယအကျင့်ဆိုတာ.... (သာသနာရှိတုန်းအလုပ်ပါ) သာသနာလဲကွယ်ရော ဒီမဂ္ဂပြဟ္မစရိယ အကျင့်ဆိုတာ သာသနာဆိုတာ အဆုံးအမ၊အဆုံးအမဆိုယင်မဂ္ဂပြဟ္မစရိယကျင့်ရမယ်ကွ၊ အဲဒီ့ အဆုံးအမကလေးလဲ ကွယ်ပါရောတဲ့ မဂ္ဂပြဟ္မစရိယ အကျင့်ကို နည်းပေးမည့်လူလဲမရှိဘူး၊ ကျင့်မည့်လူလဲမရှိဘူး— (မှန်ပါ့)ကဲ....ဘယ်လောက်နစ်နာသတုံး....(မှန်ပါ့)မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် လူ့မိုက်မှာ မဂ္ဂပြဟ္မစရိယအကျင့် ကွယ်နေလို့ရှိယင် အခုပြောတဲ့ ဝိပဿနာမဂ်ဉာဏ်တွေ ကွယ်နေလို့ရှိယင် လူ့မိုက်မှာ အခုလဲ သာသနာမရှိဘူး ဆုံးဖြတ်ချက်ချ— (မှန်ပါ့ဘုရား)။

အခုလဲ...(အခုလဲ သာသနာမရှိပါဘုရား) သူ့အတွက်ဖြင့် အခုလဲ သာသနာမရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ .... ( မှန်ပါ့ ) နောက်က တကာမကြီးတွေ ဒီအတိုင်းမှတ်ထားပါ— (မှန်ပါ့) စားကာ· သောက်ကာ၊ သားရေး သမီးရေး၊ ဝယ်ခြမ်း ရောင်း ဝယ်ကျွေး၊ကလေးတွေ ပညာရဘို့ ကိုယ်ကနေပြီး အိမ်ကနေပြီး၊ အပင်ပန်းခံပြီး ထောက်ပံ့ဘို့တွေကြိုးစား၊ဒါဘာမှမဟုတ်ဘူးလို့ မှတ်ရမယ်....( မှန်ပါ့ ) မဂ္ဂပြဟ္မစရိယအကျင့်နဲ့ ဘာဆိုင်သတုံး၊ ဆိုင်သေးသလား— (မဆိုင်ပါဘုရား)။

သားရေး၊သမီးရေး၊ စီးပွားရေးကိုကြိုးစားနေတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အရေးပါရဲ့လားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ — (မပါ-ပါဘုရား)။

ဒါဖြင့် ကိုယ့်အရေးသည် မဂ္ဂပြဟ္မစရိယအကျင့်ဘဲ(မှန်ပါ့) ရှင်းပြီနော်…(ရှင်းပါပြီ) ကိုယ့်အရေးဟာ ဘာပါလိမ့် — (မဂ္ဂပြဟ္မစရိယအကျင့်ပါဘုရား)။

ဒါဖြင့် ဒါကို ဦးမာဒင်တို့ မကျင့်ရသေး-နောက်က တကာတကာမတွေ မကျင့်ရသေးဆိုယင် ဒို့အရေး ဗလာရှိပါသေးလား….(မှန်ပါ့)သဘောကျပလား…( ကျပါပြီ ) ကိုယ့်ကိုယ်ကယ်တင်တဲ့အရေးကဖြင့် ဗလာဘဲရှိသေးတယ် (မှန်ပါ့ဘုရား)။

ကဲ….ဦးမာဒင်က အချိန်ကြည့်တာပေါ့၊ နောက်က တကာတကာမတွေက အချိန်ကြည့်တာပေါ့၊လောကကြီးထဲမှာဘယ်သူကြီးပွားတယ်, ဘယ်သူ အလတ်စားဖြစ်နေတယ်၊ ဘယ်သူ မင်းဖြစ်နေတယ်၊ ဘယ်သူ အမတ်ကြီးဖြစ်နေတယ်၊ ဗလာသမားချည့်မှတ်ပါ….(မှန်ပါ့) ဆိုထိုက်ပလား…. (ဆိုထိုက်ပါတယ်ဘုရား)။

ဗလာသမားတွေတဲ့ ဗလာသမားဆိုတာ ဘာကြောင့်ဆိုရပါလိမ့်မတုံးဆိုတော့ သာသနာ အဆုံးအမ ကွယ်နေလို့ မဂ္ဂပြဟ္မစရိယအကျင့်ကို မကျင့်ဖြစ်၊ မကျင့်ဖြစ်သည်နဲ့ တပြိုင်နက်တည်း သူ့မှာ သာသနာကွယ်တာဘဲ… (မှန်ပါ့)ဆိုထိုက်ပလား (ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် အဲဒါကို အသာထားလိုက်၊ သူများ မချိန်နဲ့၊ ကိုယ့်ကိုယ်- ကိုယ်ချိန်လိုက်ပါလို့ သတိပေးလိုက်တယ် (မှန်ပါ့ဘုရား)။

ငါသည် ဒီဝေဒနာသုံးပါးကို မဂ္ဂပြဟ္မစရိယအကျင့်နဲ့ မကျင့်သေးဘူး၊ အဲဒီ့အချိန် ငါ့မှာ သာသနာမရှိတဲ့အချိန်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ) ကိုယ့်အတွက် .... (မှန်ပါကိုယ့်အတွက်ပါဘုရား)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုယ့်အတွက်ပါပြီတဲ့၊ ဩော် .... ငါသည် ဒီအချိန်မှာကိုယ့်ခန္ဓာ၏ အဖြစ်အပျက် ဒုက္ခသစ္စာမမြင်သေး၊ ထိုအခါ၌ငါသည် သာသနာပြင်ဘက်နေတဲ့ လူတဦးတယောက်ဘဲ ....(မှန်ပါ) လူမိုက်တန်းလှည့်သွားတယ် .... (မှန်ပါ) အချိန်နဲ့ပိုင်းတာ...(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ အချိန်နဲ့ပိုင်းမှတ်ရမယ်.... ( မှန်ပါ )မဂ္ဂပြဟ္မစရိယအကျင့်ကို မကျင့်သေးယင် .... (သာသနာမရှိပါဘုရား)သာသနာမရှိဘူး သူ့မှာ၊ ရှိပါတယ် သာသနာပအလုပ်ရှိတယ်...( မှန်ပါ ) သာသနာတွင်း အလုပ်ကတော့ မဂ္ဂပြဟ္မစရိယအကျင့်.... (မှန်ပါ) ဒါ လေးလေးစားစား မှတ်ရမယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့လူဒါန်း ပေးကမ်းနေတဲ့ဥစ္စာ သာသနာတွင်းလို့ဒါ ဘုန်းကြီးတို့ အခုဓဒသနာတော်နဲ့ ကြည့်လိုက်တဲ့အခါ မဆိုလိုဘူး....( မှန်ပါ ) သာသနာပမှာ ထမင်းရေချောင်းစီးလှူတာတွေရှိနေတာဘဲ....(မှန်ပါ) ရှိတယ်တဲ့ ဝေလာမပုဏ္ဏားတို့ကြည့်ပါလား- ဟင်...(မှန်ပါဘုရား)။

နို့ ဒါတွေဟာ သာသနာတွင်း အလုပ်လားလို့ တကယ်တမ်း မေးစိစစ်ပြီး ထုတ်လိုက်တဲ့အခါကျတော့ မဟုတ်ဘူး....တဲ့၊ မဂ္ဂပြဟ္မစရိယအကျင့်မှ သာသနာတွင်းအလုပ်...(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာအကျင့်မှတုံး... (မဂ္ဂပြဟ္မစရိယအလုပ်မှ သာသနာတွင်း အလုပ်ပါဘုရား) ဒါဖြင့် ဒို့-မှိုလိုက်ရှုရှိသေးတာဘဲ .... (မှန်ပါ့) ဆိုထိုက်ကြပလား... (ဆိုထိုက်ပါတယ်ဘုရား) မှိုလိုက်ရှုရှိတယ်.... (မှန်ပါ့)။

နို့မဟုတ်လို့ရှိယင်ဖြင့် သာမညသိတဲ့ ဆရာနဲ့၊ သာမည ဟောတဲ့ဆရာနဲ့ဆိုယင် မဂ္ဂပြဟ္မစရိယအကျင့် မပါတာများတယ် ဦးမာဒင်ရ....(မှန်ပါ့)။

ကွာ.... မင်းတို့ လူရယ်လို့ဖြစ်လာယင် လူတန်းစေ့လဲနေရ ပြီ၊ တိုက်နဲ့၊ တာနဲ့၊ ရွှေနဲ့၊ စိန်နဲ့၊ ကားနဲ့ ထိုက်တန်သလောက်လဲ စားဦးစားဖျားတွေ သွားကြတယ်၊ ဒါတော်တာဘဲကွ၊ ဒီလိုမှ မရှိတဲ့ပုဂ္ဂိုလ်တွေက များတယ် အစရှိသည်နဲ့ သာသနာပတရား သာ ဟောနေတာဘဲ....(မှန်ပါ့) သာသနာတွင်းတရားမပါလာ ဘူး...(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ အင်မတန် စီစစ်ပြီးသကာလမှ ဘုရားသခင် ကိုယ်တော်မြတ်ကြီး လူမိုက်နဲ့လူလိမ္မာ ထူးပုံ ဟောတော့မှ လူမိုက်က မဂ္ဂပြဟ္မစရိယ အကျင့်ကို မကျင့်ဘူးကွဆိုတာတလုံးကို ဘုရားက သေသေချာချာဟောတာဘဲ....(မှန်ပါ့)။

အာနန္ဒာ လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးကွ၊ လူမိုက်က မဂ္ဂပြဟ္မစရိယအကျင့်ကို မကျင့်လို့ တဏှာ ဥပါဒါန် ကံ လာ တယ်ကွ....(မှန်ပါ့) တဏှာ၊ ဥပါဒါန်၊ ကံဆိုတာကဘော့ နောင် ဘဝလိုချင်လို့ လုပ်တဲ့တဏှာ၊ နောင်ဘဝစွဲလမ်းတဲ့ ဥပါဒါန်၊ နောင်ဘဝရောက်ကြောင်းကံတွေ လုပ်နေယင်တော့ ဒါဘဲရတာ ဘဲ....(မှန်ပါ့)။

ဇာတိဇရာမရဏာဘဲပြန်ရတယ်.... (မှန်ပါ့ဘုရား) မဟုတ်ဘူး လား....(ဟုတ်ပါတယ်ဘုရား) အဲဒီတော့ မဂ္ဂပြဟ္မစရိယအကျင့်မှ သာသနာတွင်းအကျင့်ဆိုတာ ပေါ်သွားပြီ.... (မှန်ပါ) မပေါ် သေးဘူးလား.... (ပေါ်ပါပြီ) ရှင်းကြပလား.... ( ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဩဝ်.... မဂ္ဂပြဟ္မစရိယအကျင့်ကို မှီတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်မို့ မှီတာဘဲ (မှန်ပါ့)မကျွတ် ထိုက်တဲ့ပုဂ္ဂိုလ်ဖြင့် ဒီတန်းဏာသွားတယ်....(မှန်ပါ့)ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်က ဒီဘက်တန်းကလာတယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်အတွက် ပါရမီရှိလေသလား- မရှိလေဘူးလား ကိုယ့်အတွက် ဘယ်လိုစဥ်းစားရမှာတုံး မစဥ်းစားရဘူးလားလို့ ဒီသုတ်က ထောက်ခံချက်ပေးနေတယ်.... (မှန်ပါ့) ဗာလပဏ္ဍိတ သုတ်တဲ့ ဒီဥစ္စာ....(မှန်ပါ့)။

လူမိုက်နဲ့လူလိမ်မာ ဒီလိုထူးခြားသကွလို့ ဟောထားဘာ လာပုံအတူတူပါဘဲကွ၊ ဒီဘက်ဆက်သွားတဲ့အခါကျတော့ ဟိုက တော့ ဆက်မသွားဘူး.... (မှန်ပါ့) လူမိုက်ကတော့ ဆက်သွား တယ်....(မှန်ပါ့)လူမိုက်ကတော့ အဝိုင်းပြေးပေါ့ဗျာ.... (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(အဝိုင်းပြေးပါဘုရား) အဝိုင်းပြေးလို့ မှတ်စမ်းပါ၊ ဟိုနောက်က တကာတကာမတွေ့နော်.... (မှန်ပါ့) အဝိုင်းပြေးလောက် ကြောက်စရာ ကောင်းတာတော့ဖြင့် မောင် ချစ်စိန် ရှိကို မရှိဘူး....(မှန်ပါ့)ရှိသေးရဲ့လား....(မရှိပါဘုရား) စုဘိနဲ့ပဋိသန္ဓေပေါ် လှည့်ပြေးနေဘာ....(မှန်ပါ့)။

ဘယ်လှည့်ပြေးနေတာတုံး ....(စုတိပဋိသန္ဓေပေါ် ပြေးနေပါတယ်ဘုရား) စုတိနဲ့ ပဋိသန္ဓေပေါ် လှည့်ပြေးနေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

"စုတိ ပဝတ္တိ ပဋိသန္ဓေ ပဝတ္တိ စုတိ" ရှင်းပလား....(ရှင်းပါပြီဘုရား) သူ့-ပဋိသန္ဓေနေလိုက်တာကြည့်၊ တော်တော်ကြာကျတော့ ပဝတ္တိနောက်ကနေ သွားရေး၊သမီးရေးနဲ့ လုပ်လိုက်တယ် (မှန်ပါ့) တော်တော်ကြာကျတော့ သူ့-စုတိပြန်ရောက်တယ်.... (မှန်ပါ့) တော်တော်ကြာ ပဋိသန္ဓေပြန်ရောက်တယ်... (မှန်ပါ့) တော်တော်ကြာ ပဝတ္တိပြန်ရောက်တယ်.... (မှန်ပါ့)တော်တော်ကြာ စုတိ၊ ဒါဘဲလှည့်နေတယ်....(မှန်ပါ့)ပဋိသန္ဓေ ပဝတ္တိ စုတိ ဒါဘဲလှည့်တယ်....(မှန်ပါ့)။

စုတိကနေ ဘယ်သွားမလဲ.... (ပဋိသန္ဓေ သွားပါမယ်ဘုရား) ပဋိသန္ဓေက ဘယ်သွားမလဲ (ပဝတ္တိသွားပါမယ်ဘုရား)ပဝတ္တိက ဘယ်သွားမလဲ....(စုတိသွားပါမယ်ဘုရား)။

ဒါဖြင့် ဒီသုံးခုလုံးကလဲ ပဋိသန္ဓေကလဲ ဒုက္ခသစ္စာ ပဝတ္တိ လုပ်ကိုင်စားသောက်နေတာတွေလဲ.... (ဒုက္ခသစ္စာပါဘုရား)သေသွားတာကလဲ....(ဒုက္ခသစ္စာပါဘုရား) နောက်ခန္ဓာနေပြန်တာ (ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေနေတာ ဒုက္ခသစ္စာ၊ ပဋိသန္ဓေနေပြီးသည်၏အခြားမဲ့၌ သွားရေး၊သမီးရေး၊စီးပွားရေး ကြိုးစားပြန်တော့ကော... (ဒုက္ခသစ္စာပါဘုရား)သူ့မှာ ဒါဘဲလှည့်နေတယ်၊ ပဋိစ္စသမုပ္ပါဒ်အကျဉ်း လှည့်လိုက်တော့ ဒါဘဲရတယ် (မှန်ပါ့)။

ပဋ္ဌိသန္ဓေ ပဝတ္တိ စုတိ ဒါဘဲရှိတယ်.... (မှန်ပါ) ဒြော်.... လူမိုက်မှာ အဝိုင်းပြေးပါလားဆိုတာ ပေါ်ကြပါပြီ....(ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

သူက ဘယ်ပေါ်မှာ လှည့်နေသတုံးဆိုတော့ မီးပုံသုံးပုံပေါ်မှာ လှည့်ပြေးနေတယ်...(မှန်ပါ)ဘယ်မှာခြေချချ မီးပုံ(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ပဋိသန္ဓေနေရတာလဲ မီးပုံပေါ်နေရတာဘဲ၊ ဒုက္ခဆင်းရဲဘဲ... (မှန်ပါ) ပဝတ္တိကျတော့ကော....(မီးပုံပေါ်ပါဘုရား) သေဘော့ကော .... (မီးပုံပေါ်ပါဘုရား) ဒါဖြင့် ဇာတိမီး, ပဝတ္တိမီး, မရဏမီး၊ မီးသုံးပါးပေါ်မှာ လှည့်ပြေးနေတယ်....(မှန်ပါ)။

ဦးမာဒင်က ဘေးကနေရပ်ကြည့်နေတယ်၊ မီးသုံးပါးပေါ်မှာ လှည့်ပြေးနေတဲ့ပုဂ္ဂိုလ်ကို တယ်ကြီးတဲ့ ဝဋ်ပါကလားဟေ့....၊ ဆိုနိုင်-မဆိုနိုင်... (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ... (ကြီးတဲ့ဝဋ်ပါဘုရား) ဒီ့ထက်ကြီးတဲ့ ဝဋ် ရှိသေးရဲ့လား....(မရှိပါဘုရား)မရှိတော့ဘူး၊ဒီ့ထက်ကြီးတဲ့ ဝဋ် မရှိပါဘူး....တဲ့။

ဒါဖြင့် ဒီဥစ္စာ ဝဋ်လို့ခေါ်ပါတယ်၊ မီးသုံးပါးလုံးနေတာဘဲ၊ သူ့အတွက် ဘေးကနေပြီးရပ်ကြည့်ပါတဲ့ နောက်ကတကာ တကာမတွေကရော ဦးမာဒင်တို့လို ပုဂ္ဂိုလ်တွေဆာရောကြည့်လိုက်တဲ့ အခါမှာ ဒီအဖြစ်တော့ မဖြစ်ချင်ဘူးဟေ့၊ လူတိုင်း ညည်းမှာဘဲ....(မှန်ပါ) မညည်းပေဘူးလား....(ညည်းပါတယ်ဘုရား) မီးပုံပေါ်တွင် ရှောက်ပြေးတာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်ပေါ်မှာ ရှောက်ပြေးသတုံး... ( မိုးပုံပေါ်မှာရှောက်ပြေးပါတယ်ဘုရား) ဘယ်တော့သူ ဒီမိုးပုံက လွတ်မှာတုံး မေးတော့လဲ သူ့အတွက်တော့ မြှော်လင့်ချက်မရှိဘူး — (မှန်ပါ) ဘယ်တော့မှ လွတ်လိမ့်မယ်လို့ မြှော်လင့်ချက်မရှိဘူး (မှန်ပါ) ရှိကြရဲ့လား....(မရှိပါဘုရား)။

အဲ...ဘုရားက ဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့ တခါကျတော့ ဒီလို လှည့်ပြေးနေတာမြင်တယ်—(မှန်ပါ)။

အဲဒီတော့ ကရုဏာတော်ရှင်ဖြစ်နေတော့ ဘယ်လိုပြောပြီး ဘယ်လိုများ ကယ်တင်ရပါ့မလဲဆိုတဲ့ဉာဏ်ဟာ မပေါ်ပေဘူးလား.... (ပေါ်ပါတယ်ဘုရား) ဒါကိုမြင်လို့ မဂ္ဂဖြဟ္မစရိယအကျင့်ကို ဟောတော်မူတာ.... (မှန်ပါ) နို့မဟုတ်ယင် မိုးပုံသုံးပုံပေါ် လှည့်ပြေးတော့မယ်—(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါက ခင်ဗျားတို့ကျုပ်တို့ ဘုန်းထူး၊ကံထူး၊ပုဂ္ဂိုလ်ထူးတွေမို့ ကြားရတာကိုးဗျ....(မှန်ပါ) ဟို-မိုးပုံပေါ်ပြေးနေတဲ့ ပုဂ္ဂိုလ်က သူ့မှာ အရူးစိတ်ပေါက်နေတော့ ဒီလိုပြေးရတာကို ကြက်သရေမင်္ဂလာကြီး မှတ်နေတယ်....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါဘုရား)။

သူ့မှာ ဘာမှတ်နေသလဲ— (ကြက်သရေမင်္ဂလာကြီးမှတ်နေပါတယ်ဘုရား) ကြက်သရေ မင်္ဂလာမှတ်နေတာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါက ဉာဏ်မျက်လုံးကလေး တပ်ကြည့်တဲ့ ပုဂ္ဂိုလ်ကျတော့မှ မိုးပုံပေါ်ပြေးနေတဲ့ ပုဂ္ဂိုလ်အတွက် ဘယ်လိုများ လွတ်ရေး၊ ကျွတ်ရေး ရှိပါ့မတုံးလို့ တွေးလိုက်တဲ့အခါကျတော့ သူ့အတွက်

ကဖြင့် သာသနာကွယ်နေတယ်.... (မှန်ပါ့) သဘောကျပလား ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ကျုပ်တို့ သာသနာနဲ့ တွေ့လို့ သာသနာ့အလုပ်· မလုပ်ခဲ့သည်ရှိသော် မီးသုံးပုံပေါ် လှည့်ပြေးရုံမှတပါး တခြားအလုပ်မရှိ....(မရှိပါဘုရား)။

သာသနာနဲ့ တွေ့လျက်သားနဲ့ မဂ္ဂပြဟ္မစရိယ အလုပ်ကို မလုပ်တဲ့ပုဂ္ဂိုလ်မှာဖြင့် မီးသုံးပုံပေါ်မှာ ဘုရားအဆူဆူပွင့်လဲ မီးပုံပေါ်က သူမဆင်းရပါဘူး.... (မှန်ပါ့) ဆင်းရပါ့မလား.... (မဆင်းရပါဘုရား)။

မဆင်းရဘူး....တဲ့၊ အဲဒီတော့ကို ခင်ဗျားတို့ဟာ နောက်ဆုံးပိတ်ဘဝထားပြီးလုပ်မှ....(မှန်ပါ့) ဘာတဲ့တုံး....(နောက်ဆုံးပိတ်ဘဝထားပြီး အလုပ်လုပ်မှပါဘုရား)။

နောက်ဆုံးပိတ်ဘဝထားလုပ်ပါ၊ ရွာထဲမြို့ထဲက မီးပုံပေါ် သွားနေတဲ့လူတွေက ဘာပြောပြော၊ မသိပြောသာ ကိုယ်ကစိတ်ထဲမှာ ထားပြီးသကာလ ကိုယ်သာ မီးပုံပေါ်က လွတ်ဘို့ကို ကိုယ့်ဟာကိုယ်သာရှုန်း.... ( မှန်ပါ့ ) သူများ ဘာပြောပြော ကိုယ့်ဟာကိုယ်ရှုန်းမှ ကိုယ်လွတ်မှာဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ လောကုတ္တရာ အလုပ်ဆိုတာ ထုံးစံနဲ့ဖွဲ့တိုက်ရတယ် အားလုံးတကာတကာမတွေ့ ဆုံးမတယ် .... ( မှန်ပါ့ ) လောကုတ္တရာ အလုပ်ဆိုတာ.... ( ထုံးစံနဲ့ဖွဲ့တိုက်ရ ပါတယ်ဘုရား)။

ထုံးစံနဲ့ ဖွဲ့တိုက်ရတယ်၊ဒီတလုံးဟာ အင်မတန်အရေးကြီးတဲ့ စကားမှတ်ပါ.... (မှန်ပါ့) အရေးကြီးပါတယ်....တဲ့၊ ဘာနဲ့ ဖွဲ့တိုက်ရမလဲ....(ထုံးစံနဲ့ ဖွဲ့တိုက်ရပါမယ်ဘုရား)။

အို...ဟုတ်တယ်၊ ဟိုဟာတွေက တဏှာ ခိုင်းသလို ထုံးစံအတိုင်း သွားနေတာ...(မှန်ပါ့) ကျုပ်တို့က အို...မင်းခိုင်းတာ မလုပ်နိုင်ဘူးဆိုတဲ့အလုပ်ကို ကျုပ်တို့ လုပ်ရမှာ....(မှန်ပါ့) အဲဒီတော့ တဏှာ့ကျွန်တွေနဲ့ ကျုပ်တို့နဲ့ ကန့်လန့်ဖြစ်ရမယ်၊ သဘောပါပလား....(ပါ·ပါပြီဘုရား)။

တဏှာ့ကျွန်တွေနဲ့....(ကန့်လန့်ဖြစ်ရပါမယ်ဘုရား) ကန့်လန့် လုပ်ရမယ်....(မှန်ပါ့)။

အဲဒီတော့ အားလုံးကလဲ တဏှာ့ကျွန်ချည့်ဘဲ.... (မှန်ပါ့) ကျုပ်တို့က တဏှာ့ကျွန်တော့ မခံနိုင်ဘူးကွ၊ မင်းကျွန်က မီးပုံပေါ် အပြေးခိုင်းတာ၊ မီးသုံးပုံပေါ်မှာ လှည့်အားပြေးခိုင်းတာ၊ ဒါ့ကြောင့် မင့်ကျွန်တော့ မလုပ်နိုင်ဘူးကွ...၊ မင့်ကျွန်လုပ်တဲ့ လူတွေနဲ့လဲ ဒို့နဲ့ မတည့်ဘူးကွ...ဆိုတဲ့ စိတ်ကို မွေးရမယ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား) ဒါဖြင့် အားလုံးနဲ့ ဖွဲ့တိုက်ရမယ်... (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဒီ... ဖွဲ့တိုက်လို့ ဘုရားဖြစ်တာ....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာတာ မင်းတို့ ဘယ့်နှယ်ထင်ကြသတုံး... (ဖွဲ့တိုက်လို့ပါဘုရား)။

ဖအေကလဲ စကြဝတေးမင်းဖြစ်စေချင်တယ်၊ ယသော်ဓရာ တို့ကလဲ တောမထွက်စေချင်ဘူး....(မှန်ပါ့) ဘာလုပ်ရသတုံး....

(ဖွဲ့တိုက်လာရပါတယ်ဘုရား) သဘောကျပလား — (ကျပါပြီဘုရား)။

ကောင်းပြီ.. လမ်းကျတော့ မာရ်နတ်က စကြာရတနာကြီး ပေးမယ် ခုနစ်ရက်လည်ယင် ရောက်ပါလိမ့်မယ် ဆိုတော့တောာ ( ဖွဲ့တိုက်ရပါတယ်ဘုရား ) ဖွဲ့တိုက်လို့ သူ·ဒုက္ခလွတ်တာ— (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် — ခင်ဗျားတို့လဲ ဝမ်းထဲက တဏှာကဖြင့် သားနဲ့ ချည်ထားလိုက်, သမီးနဲ့ချည်ထားလိုက်, ပစ္စည်းနဲ့ ချည်ထားလိုက် တဏှာက.... (မှန်ပါ) အဲဒါ ဖွဲ့တိုက်ရမယ်...( မှန်ပါ ) ဖွဲ့တိုက်ယင် ဗြဟ္မစရိယအကျင့်ဖြစ်ပြီ—(မှန်ပါ)။

ဖွဲ့တိုက်ယင်....(ဗြဟ္မစရိယအကျင့်ဖြစ်ပါတယ်ဘုရား)ဖွဲ့မတိုက်နိုင်သေးယင် ငွဲ့လုံးပါလို့ရှိယင် ဒီအတိုင်းသွားမယ်.... (မှန်ပါ) လူမိုက်တန်းသွားတာဘဲ.... ( မှန်ပါ ) ဖွဲ့တိုက်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့် ဒါ... လူစွမ်းကောင်းဘဲလို့ဆိုရမယ်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) ဝန်လေးသလား ခင်ဗျားတို့ ဖွဲ့တိုက်ရမှာ။

ဖွဲ့ဆိုတာက တဏှာ သမားကတော့ဖြင့် သုံးဆဲ့ တဘုံက တဏှာ့ကျွန်ကိုးဗျ— (မှန်ပါ) တဏှာ့ကျွန်တွေနဲ့တော့ သူတို့ ပြောတာလဲ မယုံနဲ့၊ သူတို့ပြောတာကိုလဲ အားမကျနဲ့၊ မဟုတ်ဘူးလား.... (မှန်ပါ) အဲဒါတွေယုံပြီး အားကျနေလို့ရှိယင်ဖြင့် ခုနင်က ဒုက္ခသက်ရှည်သွားမှာဘဲ....(မှန်ပါ) မရှည်ပေဘူးလား (ရှည်ပါတယ်ဘုရား)။

အဲဒါ အားလုံးနဲ့ ဖွဲ့တိုက်ရမယ်ဆိုတဲ့ဉစ္စာမဂ္ဂဗြဟ္မစရိယအကျင့် ဟာ အားလုံးနဲ့ဖွဲ့တိုက်တဲ့အလုပ်— ( မှန်ပါ ) ရှင်းပလား— (ရှင်းပါပြီဘုရား)။

သူက ထမင်းရှာတာလဲ မဟုတ်ဘူး၊ ငွေရှာတာလဲ မဟုတ်ဘူး၊ ဒုက္ခသိမ်းတာ...(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ထမင်းရှာတာမဟုတ်ဘူး၊ ငွေရှာတာမဟုတ်ဘူး၊ သားသမီးရှာတာ မဟုတ်ဘူး...၊ သူက ဒုက္ခသိမ်းတဲ့ အလုပ်-လုပ်တာ.... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ထမင်းရှာယင်လဲ ထမင်းထုပ်နဲ့ တွေ့မယ်....၊ ထမင်းရှာယင် ထမင်းစားရမယ်၊ ထမင်းစားတဲ့အဘွက် ကုဋ္ဌိဆောက်ရမယ်... (မှန်ပါ) မဆောက်ရဘူးလား....(ဆောက်ရမှာပါဘုရား) ဒါ-ထမင်းရှာတဲ့အလုပ်....(မှန်ပါ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ဘဲ ထမင်းရှာလို့ ထမင်းရှာရတဲ့ ဒုက္ခတွေဟာ ဟိုလူက မျက်စောင်းထိုး· ဒီလူက မျက်စောင်းထိုး....၊ သူ့ဆာ ထမင်းမျှားမျှား ရသွားတယ်.... ( မှန်ပါ ) ထမင်းရှာတဲ့ဒုက္ခ သေးတာမဟုတ်ဘူးကွ.... (မသေးပါဘုရား) မျက်စောင်းထိုးထဲမှာ ရှာရတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အိမ်ရှာကော.... (မသေးပါဘုရား) ဒီအတိုင်း မျက်စောင်းထိုးထဲကဘဲ... (မှန်ပါဘုရား) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘာရှာရှာ တဏှာခိုင်းလို့ ရှာတာဟူသ၍ မျက်စောင်းထိုးလဲ မလွတ်ဘူး အပါယ်ကျလဲ မလွတ်ဘူး.... ( မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုမလဲ....(မျက်စောင်းထိုးလဲ မလွတ်ဘူး· အပါယ်ကျလဲ မလွတ်ပါဘုရား) ဘယ်ဟာကောင်းသတုံး.... (မကောင်း

ပါဘုရား) ဘယ်ဟာမှ မကောင်းဘူးဆိုတာ ပေါ်လာတော့ မဂ္ဂပြဟ္မစရိယအကျင့်ကတော့ဖြင့် သူတော်ကောင်းဟူသ၍ကလဲ မျက်စောင်းမထိုးဘူး သာဓုခေါ်တယ်၊ သူယုတ်မာဟူသ၍ကလဲ အနားမကပ်ဘူး....(မှန်ပါ့) အနားကပ်သေးရဲ့လား....(မကပ်ပါ ဘုရား) အနားမကပ်လို့လဲ သူတို့က မျက်စောင်း မထိုးတော့ ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ကိုးစားရာ အားထားရာ အစစ်ဖြင့် မဂ္ဂ ပြဟ္မ စရိယ အကျင့်ဘဲဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါ တယ်ဘုရား)။

မဂ္ဂပြဟ္မစရိယအကျင့်ဟာ အင်မတန်ကောင်းပါတယ်၊ ဟော ဒါက တဏှာ, ဥပါဒါန်, ကံက ကာမသုခလ္လိကာ နုယောဂ အကျင့်-ကာမဂုဏ်ခံစားတဲ့အကျင့်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါ-ဘာခေါ်ကြမယ်- (ကာမဂုဏ်ခံစားတဲ့အကျင့်ပါဘုရား) ဒါဖြင့် ကာမသုခလ္လိကာ နုယောဂ အကျင့်၊ ဓမ္မစကြာမှာ လာတယ်.... ( မှန်ပါ့ဘုရား ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

တို့ဘဝတွေဆုတောင်းတဲ့လူဟာ ကာမသုခလ္လိကာ နုယောဂ အကျင့်.... (မှန်ပါဘုရား) ကာမသုခလ္လိကာ နုယောဂ ဆိုတာ ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ ကျင့်တဲ့-အကျင့်....(မှန်ပါ့)။

အတ္တကိလမထာ နုယောဂကတော့ ဝက်ဝက်ကြေတို့ မှတ် ထားပါ...တဲ့၊ ဘုရားဟောတဲ့ အကျင့်မှတပါး တပါးသော အကျင့်ကို အပင်ပန်းခံကျင့်တာဟူသ၍ အတ္တကိလ မထာနုယော ဂ....(မှန်ပါ့)။

ခုနင်က ပြင်းပြင်းရှု၊ တိုးခုံ့ ဇယ်ခတ်မိုးလုံဆိုတာတွေ အသေခံပြီး ခြိုးခြံကျင့်တာတွေ.... (မှန်ပါ) အဲဒါတွေကတော့ ကိုယ့်ကိုယ် ညှဉ်းဆဲကျင့်တဲ့အကျင့်ဖြစ်သောကြောင့် အတ္တကိလမထာနုယောဂ၊ အဲဒါလဲ မဂ္ဂပြဟ္မစရိယအကျင့် မဟုတ်ဘူးကွတဲ့.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ငါးပါးအာရုံ ကာမဂုဏ်တွေ ဆုတောင်းပြီးတော့ကို ဘဝကောင်းစားရေးလုပ်တာလဲ ကာမသုခလ္လိကာနုယောဂ အကျင့် (မှန်ပါ)ဒါလဲ နိဗ္ဗာန်မရောက်နိုင်ဘူး.... ( မရောက်ပါဘုရား ) ကိုယ့်ကိုယ်ညှဉ်းဆဲကျင့်တဲ့ အကျင့်ဟာလဲ.... (နိဗ္ဗာန်မရောက်နိုင်ပါဘုရား

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ် နတ်တဦးကမေးလျှောက်လို့၊ အရှင်ဘုရား ဘယ်လိုနဲ့ နိဗ္ဗာန်ရောက်လာသာတုံးတဲ့ နတ်တဦးက မေးတယ် .... (မှန်ပါဘုရား)။

ငါဟာ ကူးပြန်တော့လဲ မျောသွားတယ်၊ မကူးပြန်တော့လဲ မြုပ်တယ် ရေထဲမှာ... (မှန်ပါ)ရေထဲမှာ ငါနေတာတဲ့· သံသရာ ရေထဲမှာပေါ့လေ ...(မှန်ပါ)ကူးပြန်တော့လဲ ငါ့မှာမျောတယ်-(မှန်ပါ) မကူးဘဲနေပြန်တော့ ရပ်နေပြန်တော့လဲ မြုပ်တယ်ကွတဲ့....(မှန်ပါ)ဒါကြောင့် မြုပ်ခြင်း, မျောခြင်းနှစ်ခုကို ကျဉ်ပယ်ပြီးသကာလ ငါနိဗ္ဗာန်ရောက်လာတယ်တဲ့...(မှန်ပါ) ဒါကသံယုတ်ပါဠိတော်မှာနော်...(မှန်ပါဘုရား)။

မြုပ်ခြင်း မျောခြင်းကို ငါရှောင်တာနဲ့ ရောက်လာခဲ့တယ်ဆိုတော့ ငါအလယ်လမ်းလိုက်ခဲ့တယ် ပြောတာ ... ( မှန်ပါ ) သတောကျပလား....(ကျပါပြီဘုရား)။

ဘုံဘဝတွေ ဆုတောင်းနေပြန်တော့လဲ မျှောသွားတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) မိစ္ဆာဒိဋ္ဌိအကျင့်တွေကို ကျင့်နေပြန်တော့လဲ မြုပ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)အဲဒါကြောင့် မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ငါ ကြိုးစားတဲ့အတွက် ငါသည် ဘုရားဖြစ်လာဘယ်.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်ဟာ ဘယ်လမ်းတုံးမေးယင် ဖြေတတ်ကြပလား....(အလယ်လမ်းပါဘုရား)-အလယ်လမ်း။

ဘုံဘဝကူးတဲ့ လမ်းလဲမဟုတ်ဘူး ...(မှန်ပါ့) ဘုံဘဝကူးတဲ့ လမ်းဟာ မျှောလမ်း.... (မှန်ပါ့) ကိုယ့်ကိုယ်ညှဉ်းဆဲတဲ့ ဥစ္စာ တတော့ အတ္တကိလမထာနုယောဂ ကတော့ မြုပ်လမ်း ဟုတ် လား....(မှန်ပါ့) အဲဒီတော့ မျှောလမ်း- မြုပ်လမ်း ရှောင်ပြီး သကာလ ငါသည် မကူးဘဲလည်းမနေဘူး၊ ဒီအတိုင်းလဲရပ်မနေ ဘူး၊ အလယ်လမ်းအလုပ်- လုပ်တာနဲ့ ငါဟာ နိဗ္ဗာန်ရောက်ခဲ့ တယ်တဲ့....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မဂ္ဂဗြဟ္မစရိယ အကျင့်ဟာဖြင့် အလယ်လမ်း အလုပ်ပါဘဲ....(မှန်ပါ့)ရှင်းပြီနော် .... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် မဂ္ဂဗြဟ္မစရိယအလုပ် ပြကြစို့တဲ့၊ လူ လိမ်မာမှာလဲ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာ သုံးပါးလာတယ်.... (မှန်ပါ့) သူတို့သုံးခုဟာတဲ့ ဒါသုခထားပါ၊ ဒါဒုက္ခ,ဒါဥပေက္ခာ (မှန်ပါ့)သံသရာကျင်လည်ရတဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးခုတော့ ရှိတာ ဘဲတဲ့၊ ဒီသုံးမျိုးတော့ရှိတာဘဲ(မှန်ပါ့) ဒီခန္ဓာထဲမှ သုခမရှိယင်

ဒုက္ခရှိမယ်၊ သုခနဲ့ ဒုက္ခမရှိယင် ဥပေက္ခာရှိမယ်....(မှန်ပါ) မရှိဘဲ နေပါမလား....(ရှိပါတယ်ဘုရား)။

ကောင်းပြီ၊ သုခမရှိယင် ဒုက္ခရှိမယ်၊ သုခနဲ့ ဒုက္ခကြားမှာ ဘာရှိမလဲ....(ဥပေက္ခာရှိပါတယ်) ကောင်းပြီ ဒါဖြင့် ဒီလိုမှတ်လိုက် ဒါ သုခ....(မှန်ပါ)ဒါ ဒုက္ခ....(မှန်ပါ) ခင်ဗျားတို့ မသိလိုက်ဘူးတဲ့၊ ဥပေက္ခာကြားခိုတာကို....(မှန်ပါ)ကြားခိုတာမသိလိုက်ဘူး....(မသိလိုက်ပါဘုရား) ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

ဥပေက္ခာက ကြားသက်သက်ကြီး .... (မှန်ပါ) အင်မတန်မှ ဥပေက္ခာက အရှုခက်ပါတယ်တဲ့၊ အဲဒီတော့ အရှုသာခက်တယ် သုခဝေဒနာပစ္စယာကို မရှုမိလို့ရှိယင် တဏှာ,ဥပါဒါန်,ကံသွားတော့မှာပေါ့ ....( မှန်ပါ ) ဥပေက္ခာဝေဒနာ မရှုမိလို့ရှိယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာလမ်းသွားတယ်ကွတဲ့....( မှန်ပါ ) ဒုက္ခဝေဒနာမရှုမိလို့ရှိယင် ဒေါသ, သောက အဝိဇ္ဇာ သင်္ခါရဘက်လှည့်တာဘဲတဲ့....(မှန်ပါ) သဘောကျပလား(ကျပါပြီဘုရား)။

သုခမရှုမိလို့ရှိယင်.... (တဏှာ ဥပါဒါန် ကံလှည့်ပါတယ်) အဲ....ပဋိစ္စသမုပ္ပါဒ် အလယ်ကနေပြီး ဖေါက်စ,တယ် ....(မှန်ပါ) ဥပေက္ခာဝေဒနာမရှုမိလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အစက ပြန်ပေါ်တယ်....(မှန်ပါ)ဥပေက္ခာဝေဒနာ ဖြစ်တာပျက်တာကိုမသိလိုက်လို့ရှိယင်လဲ မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ ပဋိစ္စသပ္ပုပ္ပါဒ် အစကနေပြီး စ,တယ်.... (မှန်ပါ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာမရှုမိလို့ရှိယင် ဒေါသ,သောက,ပရိဒေဝ,အဝိဇ္ဇာ သင်္ခါရဆိုပြီးသကာလ အဆုံးကနေပြီး အဝိဇ္ဇာဆီပြန်ပတ်တယ် (မှန်ပါ)မပတ်ဘူးလား....(ပတ်ပါတယ်ဘုရား)။

ဒါတလေး ရှင်းအောင်လုပ်လိုက်ပါတဲ့၊မရှုတဲ့အပြစ်၊ မဂ္ဂပြဟ္မ စရိယအကျင့် မကျင့်လိုက်လို့ ရှိယင် ဤသုံးခုသော ပဋိစ္စ သမုပ္ပါဒ်ဟာ ငါတို့သန္တာန်မှာ တနေ့မှမရပ်ပါလား ဆိုတာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ကဲ .... သုခမရှုမိလို့ရှိယင် ဦးမာဒင်ရေ ဘာလာမတုံး .... (တဏှာ,ဥပါဒါန်လာပါမယ်)ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အလယ်က ဖေါက်တယ်....( မှန်ပါ့ ) အလယ်ကဖေါက်တယ်၊ ကြည့်လေ အဝိဇ္ဇာက မစ,ဘူးလား....(မှန်ပါ့)ဟို....ဇာတိ,ဇရာ, မရဏကလဲ ပြန်ပတ်တာမဟုတ်ဘူး....( မှန်ပါ့ )ဒါဖြင့် အလယ်က စ,တယ်၊ အလယ်ပဋိစ္စသမုပ္ပါဒ်။

သုခဝေဒနာ မရှုမိလို့ရှိယင် အလယ်က ပဋိစ္စသမုပ္ပါဒ်က ဖြစ်တယ်၊ အလယ်ကစတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်တယ်လို့ မှတ် လိုက်ပါ....(မှန်ပါ့ဘုရား)။

ဥပေက္ခာဝေဒနာ ကြားဝင်နေတာ မရှုမိလို့ရှိယင် အစက ဝင်တဲ့ ပဋိစ္စသမုပ္ပါဒ်ပေါ်ပါတယ်၊ အဝိဇ္ဇာသခ်ါရတနေ သွား ရော....(မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာမရှုမိလို့ရှိယင်အဆုံးကပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ် လာမယ်....(မှန်ပါသောက,ပရိဒေဝ,အဝိဇ္ဇာ)သောက,ပရိဒေဝက မသိလို့ဖြစ်တာကိုး၊ မသိတော့ အဝိဇ္ဇာသခ်ါရ လှည့်မလာဘူး လား....(မှန်ပါ့ လှည့်လာပါတယ်) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ကဲ....ပြန်ပြီး တခေါက်ပြောပါဦးတဲ့၊ သုခဝေဒနာ မရှုမိလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ်ဘယ်ကနေ စ,မလဲ .... (တဏှာ ဥပါဒါန် အလယ်ကနေ စ,ပါမယ်ဘုရား)။

ဥပေက္ခာကလေး ကြားခိုတာ ခင်ဗျားတို့က မသိလိုက်ပြန်တော့ ဘယ်ကစမလဲ...(အစကနေ စ,ပါတယ်) အဝိဇ္ဇာပစ္စယာ သင်္ခါ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခကလေးပေါ်တာ ခင်ဗျားတို့က မရှုမိဘူး၊ညည်းသာနေကြမယ် ဆိုလို့ရှိယင် ဘယ်ကစ,မလဲ ... (အဆုံးကနေစ,ပါတယ် သောက- ပရိဒေဝ)အဲ-အဆုံးကနေပြီး အစပြန်ပတ်မယ်(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ဖြတ်ချင်လို့ရှိယင် ဘယ်ပဋိစ္စသမုပ္ပါဒ်မဆို "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ...( မှန်ပါ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်ပဋိစ္စသမုပ္ပါဒ်မဆို.... (ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ ပါဘုရား) နောက်ဆုံးပိတ် အဲဒီချည့်သွားတာဘဲ၊ အလယ်က ဖေါက်စတာလဲ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ... (မှန်ပါ) အစက စ,တာလဲ....(ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ)အဆုံးက ပြန်ပတ်တာကော .... (ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ ပါဘုရား)။

ဒါဖြင့် ဒီသုံးခုအစဖျောက်မှ ကိုက်မယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ဒီသုံးခု ဘာလုပ်ရမလဲ .... (အစဖျောက်မှ ကိုက်မှာပါ)ခင်ဗျားတို့က အစမဖျောက်တာက ဂွကျနေတယ် (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ(အစဖျောက်ရပါမယ် ဘုရား)ဟုတ်ပြီ-ဟုတ်ပြီ တော်သေးတယ်၊ အစ ဖျောက်ရမယ် ဆိုတာ သိသေးတယ်.... (မှန်ပါဘုရား)။

အစဖျောက်ရမယ်ဆိုတာကို သိသေးတယ်ကွ.... (မှန်ပါ) မင်းတို့ ဒီအတိုင်းသာ ဟောမည့်ပြောမည့်သူ မရှိဘူးဆိုယင် အစဖျောက်ရမှန်းတောင် မသိဘဲရှိကြမယ်....(မှန်ပါ)။

အစဖျောက်မှဘဲ၊ အမြတ်တော်ကြီးကျတော့ အစဖျောက်တာကောင်း ထင်ပါရဲ့ ဟင်....၊ အမြတ်တော်ကြီးကျတော့ ဒါဘဲ စိတ်ကူးနေကြတယ်၊ မကူးဘူးလား.... ( ကူးပါတယ်ဘုရား)။

ကွာ.... အလုပ်တွေရော ဘာတွေရော အကုန် စာရင်းတွေ ဘာတွေ လုပ်မနေပါနဲ့တော့ ဘာမှအလုပ်မရှိဘူး ဒီဥစ္စာ ဟိုဆွဲ ဒီဆွဲ ဆွဲသွားတာ အစဖျောက်တာကောင်းတယ်၊ ဘာ့ကြောင့်တုံး ဆက်နေမှာစိုးလို့၊ သေတောင် သုံးနှစ်လာမှာကိုး .... ဟင်.... (မှန်ပါ)။

သေတောင် သုံးနှစ်နို့တစ်နဲ့လာနေတာဘဲ၊ ရပ်ကဲ့လား.... (မရပ်ပါဘုရား)ဒါဖြင့် ဘာလုပ်ကြသလဲ...(အစဖျောက်မှဘော် ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဒါကို အစဖျောက်ရမယ်.... (မှန်ပါ) အံမာလေး.... မနည်းပြောရပါလား၊ မဟုတ်တဲ့ နေရာကျတော့ အစဖျောက် သဘောကျနေကြတယ်.... (မှန်ပါ) တကယ့် ဒုက္ခ ရောက်မည့်နေရာကျတော့ အစမဖျောက်တတ်ဘူး.... ( မှန်ပါ ဘုရား)။

ကဲ....ဒါဖြင့် အစဖျောက်ကြပါစို့....တဲ့၊ အစဖျောက်ကြပါ စို့ဆိုတော့ လွယ်ပါတယ်၊ ဩော်....ဒီမှာ အဝိဇ္ဇာက စ,တယ်၊ သူ့မရှုလို့ရှိယင် တဏှာက စ,တယ်၊ မဟုတ်ဘူးလား (မှန်ပါ)

ဒီတဏှာ အစဖြောက်ရမယ်....(မှန်ပါ) သဘောပါပလား....(ပါပါပြီဘုရား)။

သူ့မရှုလို့ရှိယင် အဝိဇ္ဇာလာမယ်... (မှန်ပါ) သူ့အစကို... (ဖြောက်ရပါမယ်ဘုရား) သူ့မရှုလို့ရှိယင်ဖြင့် ဒုက္ခ ဒေါမနဿ လာမယ်၊ ဘာလုပ်ရမလဲ...(အစဖြောက်ရပါမယ်ဘုရား)။

သူ့ အစဖြောက်ချင်လို့ရှိယင် ခင်ဗျားတို့ ဝေဒနာသုံးပါး လှည့်ရှုလိုက်တော့ တဏှာ အစပျောက်မယ်...(မှန်ပါ)မပျောက် ပေဘူးလား...(ပျောက်ပါတယ်ဘုရား) ဒီက ဒေါသအစတွေ... (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် အစပျောက်တော့ သူတို့ ဒီမှာဆက်နိုင်သေးရဲ့လား (မဆက်နိုင်ပါဘုရား) ဘာ့ကြောင့်တုံးဆိုတော့ အစဖြောက် လိုက်လို့....(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာ အစမပေါ်စေနဲ့... (မှန်ပါ) အဝိဇ္ဇာအစ(မပေါ်စေနဲ့ပါဘုရား)ဒေါသအစ....(မပေါ်စေနဲ့ပါဘုရား)။

ဒါဖြင့် မပေါ်စေနဲ့ ဆိုတော့ မလာဘဲနဲ့ မပေါ်တာ ကောင်းတယ်... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ အစဖြောက်ချင်လို့ရှိယင်ဖြင့် သူလာမှ အစ ကိုတော့ မရဘူး....၊ သူလာယင် ဆက်လိမ့်မယ်...(မှန်ပါ)ဒါဖြင့် မစအောင် လုပ်မှဘဲ....(မှန်ပါ) မစအောင် လုပ်မှဘဲဆိုတော့ သူ့ကိုဖြစ်စေတဲ့အကြောင်း ဝေဒနာကိုရှုပေး....(မှန်ပါ)သဘော ပါပလား....(မှန်ပါဘုရား)တဏှာ အစ ပျောက်တယ်....(မှန်ပါ ဘုရား)။

ဒီထဲ ဥပေက္ခာဝေဒနာရှုလိုက်လို့ ရှိယင် အဝိဇ္ဇာ အစ ပျောက် တယ်.... ( ပျောက်ပါတယ်ဘုရား ) ဒုက္ခကို ရှုလိုက်ယင်လဲ.... (ဒေါသ အစ ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် သံသရာမှာ ရန်သူသုံးယောက် ခင်ဗျားတို့ ဝေဒနာ သုံးယောက်က လုပ်တဲ့ရန်သူ.... (မှန်ပါ) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဝေဒနာသုံးမျိုးကြောင့် ရန်သူ သုံးမျိုးပေါ်တယ်၊ ဒါဖြင့် ဝေဒနာရှုလိုက်လို့ ရှိယင် အစ ပျောက်-မပျောက်.... (ပျောက်ပါ တယ်ဘုရား)။

ဒါ့ကြောင့် ဘုရားက ဝေဒနာနုပဿနာဟာ အတော်ကောင်း တယ်ဟေ့....တဲ့—( မှန်ပါ ဘုရား ) ပေါ်ပလား—(ပေါ်ပါပြီ ဘုရား)။

ဝေဒနာနုပဿနာ— (အတော်ကောင်းပါတယ်ဘုရား) ဘာ ဖြစ်လို့ တုံး— ( အစ ပျောက်လို့ ) ဘယ်အစတုံး မေးတော့မှ ပဋိစ္စသမုပ္ပါဒ် အစဟူသ၍....(မှန်ပါဘုရား) လောဘကစ မှာလဲ သူ-ပျောက်တယ်၊ မောဟက စ မှာလဲ.... ( ပျောက်ပါတယ် ဘုရား)။

ကဲ....တဏှာက စ မှာလဲ ပျောက်တယ်၊ ဒေါသက စ မှာလဲ ပျောက်တယ်၊ အဝိဇ္ဇာက စ မှာကော— ( ပျောက်ပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ ရန်သူသုံးယောက်ကို ကျုပ်တို့ သေတဲ့ ပုဂ္ဂိုလ်သည် ကျုပ်တို့၏ ဒုက္ခကန္ဒသာတွေ မရှိတော့ဘူး၊ ဒီဘက် လာမည့် ဒုက္ခကန္ဒသာတွေ ဘယ့်နှယ်တုံး....(မရှိပါဘုရား) ဘယ်

နှယ်ကြောင့်တုံး ဆိုလို့ရှိယင် သူတို့ အစ ဖျောက်လိုက်လို့.... (မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူတို့ အစ ဖျောက်ချင်တော့ အစဆိုတာဟော.... ဘယ်လိုဘဲ စာရင်းစစ်စစ် မပေါ်မှ....(မှန်ပါ) လုံးဝမပေါ်မှ ဆိုတော့ ဝေဒနာရှုလိုက်ယင် သူတို့ အစပျောက်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးကို ခင်ဗျားတို့ပေါ်ရာကို လိုက်ပါ (မှန်ပါ)ဒါ ဘာလုပ်တာတုံးလို့ မေးလို့ရှိယင် အစဖျောက် တာ....(မှန်ပါ) ဘယ်သူ၏ အစဖျောက်တာတုံးလို့ မေးတော့မှ ဒုက္ခကန္ဒသာ၏ အစဖျောက်တာ .... ( မှန်ပါ )ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....( ဒုက္ခကန္ဒသာ၏ အစဖျောက်တာပါဘုရား ) ဒါဖြင့် ဒုက္ခအစုကြီး၏ အစဖျောက်တယ်ဆိုတော့ ကျုပ်တို့ သည် အစကိုဖျောက်နိုင်တဲ့ပုဂ္ဂိုလ်မို့ ဒုက္ခတွေ့စရာ မြင်သေးရဲ့ လား....(မမြင်ပါဘုရား)ဒါဖြင့် ဒုက္ခဆုံးတာ နိဗ္ဗာန်.... (မှန်ပါ ဘုရား)။

အစဖျောက်လို့ရတာ၊ အစမဖျောက်ယင်....(မရပါဘုရား) မှတ်မိပလား.... (မှတ်မိပါပြီ)ကဲ....ဒါဖြင့် ဒါလုပ်....( မှန်ပါ ) နေရာကျပြီ....(ကျပါပြီဘုရား)။

ကဲ....ဤတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

# ဤတွင် အမှတ်စဉ် (၂၅) ပြီးဆုံးပါပြီ